ကျားကူးဆရာတော်

# ပဋိပတ္တိရတနာ

# ကျားကူးဓမ္မဒေသနာ

ဣန္ဒြာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

၁၀၄၈၂

ရန်ကုန်မြို့

ကျားကူးဆရာတော် ဦးစက္ကိန္ဒ

စီရင်တော်မူအပ်သော

ယုဂနဒ္ဓသမထဝိပဿနာရှုပွားပုံ

## ပဋိပတ္တိရတနာ

# ကျားကူးဓမ္မဒေသနာ

ဣစ္ဆာသယပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၄၀၀၀)
ကင်းလွတ်ခွင့် အမှတ် (၁၂၂၅)
**ထုတ်ဝေသူ ဦးစတ္တိန္ဒ**
ကျောက်ကူးဓမ္မဗိမာန်
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

---

**ပုံနှိပ်သူ–ဦးသန်းမောင်**
ပုံနှိပ်သူ မှတ်ပုံတင် အမှတ် (၀၇၉၄)
**ဇမ္ဗူသာသယ ပိဋကတ် စာပုံနှိပ်တိုက်**
၁၁၃၊ ၂၄–လမ်း၊ ရန်ကုန်မြို့။

၁၃၃၁–ခု၊ ဝါဆိုလ။ ၁၉၇၀–ခု၊ ဇူလိုင်လ။

**( ဓမ္မဒါန )**

ပဥ္စမ အကြိမ် အုပ်ရေ ၂၀၀၀။

၀၀၄၈၂

အခြေခံအကြောင်းအရာ

# မှတ်သားဘွယ်ရာနိဒါန်း

အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ။

ဘိက္ခဝေ၊ တရားကိုခင်မင်ကြတဲ့ သူတော်စင်အပေါင်းတို့။ ဘိက္ခဝေ၊ အပျော်အပါးမလိုက်စားကြဘဲ တယောက်သွား တယောက်နေ ရန်သူကိလေသာ သေစေလို၍ ယောဂီဝတ်ကလေးတွေကို ဇာခြွေရရဝတ် ဆင်မြန်းကြ၍ တရားဖြင့် မွေ့လျော်စွာ နေလေ့ရှိသော သူတော်စင် ယောဂီတို့။ တုမ့ေ၊ သတိအာရုံ သမာဓိအာရုံ ပညာအာရုံ တို့ကို ပြည့်စုံရန် လိုလား သင်ယောဂီ အများတို့သည်။ အပ္ပမာဒေန၊ ဘုရားသာသနာ အခွင့်အခါကြုံခိုက် အာရုံ လိုက်ခါ မေ့လျော့စွာမနေလိုက်ကြပါဘဲနှင့်။ သမ္ပာဒေထ၊ ကုသိုလ်အာရုံအဖုံဖုံ၌ သူတော်ကောင်းတရားကို တိုးပွား ပြည့်စုံကြစေကုန်လော။

သဗ္ဗညုရှင်တော်ဘုရား၏ အထက်ပါ အဆုံးအမတော် စကားကြီးကို ကြီးမားသော သတိတရားဖြင့် အောက်မေ့ ဆင်ခြင်ကြ၍ လူမှုကိစ္စလုပ်ငန်းအဝဝတို့ဖြင့်သာ အဘိုးတန် အချိန် ကာလတွေကို မဖြုန်းတီးကြကုန်မူ၍ ကြုံကြိုက်ခဲ လှစွာသော သာသနာတော်တွင်း၌ နာကြားဘို့ရန် အလွန် ခဲယဉ်း ကျင့်ကြံအားထုတ်ဘို့ရန် အလွန်ခဲယဉ်း ရဘို့ရန် အလွန်ခဲယဉ်းသော အပူမီးအေးကြောင်းသူတော်ကောင်း တရားတော်မြတ်တို့ကို ရှာဖွေအားထုတ်သင့်ပေ ကုန်သည်။

ဇူဿာသယ ၄၉၃-၈

## (ခ) မှတ်သားဘွယ်ရာနိဒါန်း

ဗုဒ္ဓမြတ်စွာသည် အင်္ဂုတ္တိုရ် ပါဠိတော်၌ ရခဲပုံမျိုးစုံ အဖုံဖုံဟု ဆိုအပ်သော ဒုလ္လဘတရားတော် ဆယ်ပါးကို နေရာဌာန အားလျော်စွာ ဟောကြားတော် မူပေသည်၊ ပဋိပတ်အလုပ်စခန်းနှင့်သက်ဆိုင်သော ဒုလ္လဘတရားတော်များကိုလည်း ဟောကြားတော်မူခဲ့ပေသည်။

၁။ ဘုရား ပွင့်တော်မူရာ ကာလနှင့် ကြုံကြိုက်ရန် ခဲယဉ်းခြင်း။

၂။ အမှန်တရားကို ဟောကြားပြတတ်သူ ခဲယဉ်းခြင်း။

၃။ အမှန်တရားကို လိုက်နာ၍ အမှန်တရားကို သိသူ ခဲယဉ်းခြင်း။

၄။ အမှန်တရားကို ကျင့်ကြံအားထုတ်သူ ခဲယဉ်းခြင်း။

၅။ သူတပါးကျေးဇူးတရားကိုသိသူ ခဲယဉ်းခြင်း။

ဤသို့အားဖြင့် ရခဲမှု ဒုလ္လဘဖြစ်ပုံကို ဟောကြားတော်မူခဲ့ပေသည်။

ထိုဒုလ္လဘတရားများစွာတို့တွင် သမထဝိပဿနာတရားကိုကျင့်ကြံ ပွားများ အားထုတ်နိုင်သူတို့၏ အဖြစ်သည် အခဲယဉ်းဆုံး ဖြစ်၏ဟု- ပဋိပတ္တိပူရကော ဒုလ္လဘော လောကသ္မိံ-ဟု အင်္ဂုတ္တိုရ်ဋီကာဆရာကြီးများက ကောက်ချက်ချ၍ ဖွင့်ကြပေကုန်သည်။

လောကသ္မိံ၊ သုံးဆဲ့တဘုံလောက၌။ ပဋိပတ္တိပူရကော၊ ပဋိပတ်အလုပ်စခန်းကို ပွားများ ဖြည့်ကျင့်သော ပုဂ္ဂိုလ်သည်။ ဒုလ္လဘော၊ ရနိုင်ခဲသော အရာဌာနတို့တွင် ရဘို့ရန် မလွယ်သော ပဋိပတ်အလုပ်ရှင် ပုဂ္ဂိုလ်မျိုးဖြစ်၏၊ ရနိုင်ခဲသော ပဋိပတ်အလုပ်စခန်းတွေကို ပွားများ အားထုတ်

နိုင်သူများသာ သူတော်ကောင်းတရားတို့ကြောင့် ချမ်းသာမျိုးစုံနှင့် တွေ့ကြုံနိုင်ပေကုန်သည်။

ဆက်၍ပြပါဦးအံ့–မိမိတို့၏ဂန္ဓာန်၌ သူတော်ကောင်းတရားတည်ရှိကုန်သော သူတော်သူမြတ်တို့သည်သာလျှင် ယခုဘ၀ ပစ္စုပ္ပန်ကာလ၌လည်း သူတကာတို့ထက် လွန်ကဲစွာ စိုးရိမ်ကြောင့်ကြ ပူပန်မှု ကင်းငြိမ်း၍ လောကဓံ အာရုံနှင့် တွေ့ထိကြုံလည်း အသင့်အတင့် နှလုံးသွင်းတတ်ပြီးလျှင် သည်းခံနိုင်သော အရည်အချင်း ပြည့်၀လာနိုင်ပေကုန်သည်။

ထိုမှတပါး လူနတ်ချမ်းသာ မဂ်ဖိုလ် ချမ်းသာကို တကယ်ပင် ပေးစွမ်း နိုင်သော သူတော်ကောင်း တရားများစွာတို့တွင် အသိဉာဏ် အမြော်အမြင် ရှိကြကုန်သော ရဟန်းရှင်လူတို့သည် ဗုဒ္ဓ၏ အဆုံးအမ စကားထဲ၌ အနှစ်အသား ပြည့်၀စုံလင်လှတဲ့ အပါယ်ဆင်းရဲနှင့် သံုးဆဲ့တဘုံဆင်းရဲတို့ကို မုချကေန် လွတ်စေနိုင်သော သမထ၀ိပဿနာတရား မဂ်ဖိုလ်တရားတို့ကိုသာ မမေ့သော သတိတရားဖြင့် ပွားများ အားထုတ်လိုသော စိတ်တို့သည် တာ၀တိံသာနတ်ပြည်၀ယ်အာသာ၀တီနွယ်နီနတ်ပန်းပွင့်,နတ်ပန်းသီးကို စောင့်မြော် နေကြကုန်သော နတ်တွေအလား အမြတ်တနိုးအားဖြင့် အားထားမှီခို ပွားများလိုကုန်၏၊ ပွားများကြကုန်၏၊ ပွားများ အားထုတ်နိုင်ရန် နည်းလမ်းမှန်သိဆရာကိုမြော်လင့်ကြကုန်၏။

ပွားများ အားထုတ် နိုင်ရန် နည်းလမ်းအသွယ်သွယ် ညွန်ကြားဘွယ် မျိုးစုံကိုလည်း ဗုဒ္ဓမြတ်စွာသည် သမထ

ပုဗ္ဗင်္ဂမ ဝိပဿနာနည်း၊ ဝိပဿနာ ပုဗ္ဗင်္ဂမ သမထနည်း၊ သမထဝိပဿနာ ယုဂနဒ္ဓနည်း၊ ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတမာနသ နည်းဟု-ပါဠိတော်လာ အရိယာသုံး ကမ္မဋ္ဌာန်း နည်းကို ဟောကြားတော်မူခဲ့ရာတွင် ဇာနေ္ဒြငါးပါး အယုတ်အလွန် မဖြစ်ရန်ကို ရည်ရွယ်၍ ဟောကြား ထားသော သမထ ဝိပဿနာ ယုဂနဒ္ဓနည်းစနစ်ကို အထူးအားဖြင့် ဤကျမ်း စာ၌ ဖော်ပြပေအံ့။

တရားထူး တရားမြတ်ကို ပြည့်စုံ ရရှိလို ကန်သော ယောဂီပုဂ္ဂိုလ်တို့သည် သမာဓိပညာ အစုံယူ၍ ပွားများ အားထုတ်ကြပါလျှင် ကြွင်းကျန်ကန်သော ဇာနေ္ဒြတရားတို့ သည်လည်း လက္ခဏာ ဟာရ နည်းအားဖြင့် ညီမျှခြင်း ရှိပြီး၍ ဇာနေ္ဒြငါးဖြာ ညီမျှပါလျှင် အရိယာ ဖြစ်နိုင်၏ ဟူသော အရိယာ ဖြစ်မြောက်ရေး စည်းကမ်း စနစ်အရ ပွားများအားထုတ်ချိန်ကပင် ဇာနေ္ဒြညီမျှအောင် အားထုတ် လာမှုကြောင့် အခြားကန်သော နည်းစနစ်တို့ထက် လျင် မြန်စွာ တရားထူး တရားမြတ်ကို အမှန်ပင် ပေါက်မြောက် အောင်မြင်နိုင်သော နည်းလမ်းကောင်းတခုဘဲဟု သဘော ထားပြီး၍ ဗုဒ္ဓမြတ်စွာ ဟောကြား ထားသော နိကာယ် ငါးရပ်ထဲမှ အကောင်းဆုံး ရွေးချယ် ထုတ်နုတ် ပြီးလျှင် ယုဂနဒ္ဓတရား ပွားများပုံ နည်းလမ်း တခုကို ယောဂီ သူတော်စင်တို့၏ ဘုန်းကံပါရမီအားလျော်စွာ ဝမ်းမြောက် စရာ ပေါ်ပေါက်လာပေကြောင်း။

ထို့ကြောင့် အပါယ်လွတ်ကင်းရေး ဘဝ လွတ်ကင်း ရေး ချမ်းသာစစ်မှန်ကို ကောန်သိုလားသူဖြစ်က အကောင်း

တကာတို့တွင် အကောင်း တကာတို့ထက် အကောင်း တကာတို့၌ အကောင်းထိပ်ဗိုတ် ကောင်းဟိတ် မင်္ဂလာ ကောင်းကြောင်း ဖြာမှုကြောင့် စ,လယ်,ဆုံး ကောင်းသုံး ချက်ညီ ယုဂနဒ္ဓဘာဝနာ လမ်းစဉ်ကို လက်ဝယ်ရရှိထား သော ပြည်တန် ပတ္တမြား ရတနာကြီး အလား အလွန် နှစ်ခြိုက်သော အာသာဆန္ဒအားဖြင့် မနေမနား ဒလစပ် အားဖြင့် ပွားများ နိုင်ပါလျှင် မိမိတို့၏ ရည်မှန်းချက် အတိုင်း ကောင်းစွာပေါက်မြောက် အောင်မြင် နိုင်၍ ချမ်းသာထူးကို ရနိုင်ပါကြောင်း။

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |


ဥယျောဇဉ် ၁

(က) ယုဂနဒ္ဓနည်းဖြင့် တရားရှုပွားပုံအကျဉ်းချုပ် ၁

ဈာနိယာပုထ်ကိုသည်းခံ၍ တရားရှုပွားပုံ ၃

ပုဗ္ဗကိစ္စပရိကံပြုပုံ ၉

ရတနာသုံးပါး ရှိခိုးခန်း ၉

တောင်းပန်ဝန်ချခန်း ၁၀

ကမ္မဋ္ဌာန်းတရားတောင်းပုံ ၁၂

ခန္ဓာကိုယ်ကို ဘုရားအား လှူဒါန်းပုံ ၁၂

မေတ္တာဘာဝနာပွားပုံ ၁၃

မရဏာနုဿတိနှင့် အသုဘပွားပုံ ၁၄

ပုဗ္ဗကိစ္စပရိကံပြုရာ၌ ရှင်းလင်းဖွင့်ပြချက် ၂၀

ပစ္စုပ္ပန်ကျကျ ဝိပဿနာရှုရပုံ ၃၃

ယုဂနဒ္ဓနည်း တရားရှုရန် ၃၆

သတိ၏အကျိုးငါးပါး ၃၉

ခန္ဓာငါးပါးကိုတင်ရှုပုံ ၄၂

အာနာပါနဿမာဓိတန်ခိုး ၅၀

(ခ) နေယျပုဂ္ဂိုလ်လမ်းစဉ် ၅၅

အခြေခံ အလုပ်ပေးတရားတော် ၅၅

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| သမာဓိ၏တန်ခိုး ထက်မြက်ပုံ | ၆၆ |
| သမာဓိပြည့်စုံလျှင် မဂ်ဝင်နိုင်ပုံ | ၇၃ |
| ဥပစာရသမာဓိ၏ အမှတ်အသားများ | ၇၅ |
| ယုဂနဒ္ဓရှုပွားပုံအဖွင့် | ၈၄ |
| (ဂ) သစ္စာလေးပါးတရားတော် | ၉၃ |
| ယောဂီအမျိုးမျိုး | ၉၅ |
| စိတ်တရားဆန်းကြယ်ပုံ | ၉၇ |
| ဒါယိကာမကြီးတောင်းပန်ပုံ | ၁၀၁ |
| အသုဘ ဘာဝနာပွားပုံ | ၁၀၂ |
| အနာဂါမ် အရိယာ၏ အသိဉာဏ်ဖြင့် ကြည့်ရှုပုံ | ၁၀၅ |
| ရဟန်းတော်ထွက်ပြေးခန်း | ၁၀၈ |
| သိက္ခာသုံးပါး သာသနာသုံးပါး ခွဲပုံ | ၁၁၇ |
| သစ္စာလေးပါးအပိုင်းခန်း | ၁၁၇ |
| သုတဝါပုဒ် ရှင်းလင်းချက် | ၁၂၁ |
| (ဃ) မဂ်ဝင် ဖိုလ်ရ ဝီရိယလေးပါးတရားတော်ကြီး | ၁၃၀ |
| ကမ္မဋ္ဌာန်းဆရာအတွက် သိမှတ်ဖွယ်ရာ | ၁၃၁ |
| ကမ္မဋ္ဌာန်းထိုင်သူအတွက် သိမှတ်ဖွယ်ရာ | ၁၃၈ |
| တပည့်၏ မဂ်ဖိုလ်ရနိုင်သောအင်္ဂါများ | ၁၃၈ |
| ကမ္မဋ္ဌာန်းဆရာနှင့် တပည့်၏ ပြုဖွယ်ကိစ္စ | ၁၄၀ |
| သတိပဋ္ဌာန်တရားလေးပါး ဖွင့်ဆိုချက် | ၁၄၂ |
| အာတာပီဝီရိယ ဖွင့်ဆိုခြင်း | ၁၄၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဘုရားရှင်၏ ပုဂ္ဂိုလ်လေးမျိုး တရားတော် | ၁၄၉ |
| မင်္ဂလာမရနိုင်သော အကြောင်းများ | ၁၅၄ |
| (င) ဗောဇ္ဈင်အခြေခံပိုင်းတရားတော် | ၁၆၄ |
| ဗောဇ္ဈင်ခုနစ်ပါး ပွားရခြင်းအကျိုး | ၁၆၉ |
| ဇူရန္တြခြောက်ပါး၌ သုစရိုက်ဖြစ်ပုံ | ၁၇၁ |
| ဒွါရခြောက်ပါး၌ သုစရိုက်ဖြစ်ပုံ | ၁၇၃ |
| ပုဏ္ဏားအမေး၊ ဗုဒ္ဓအဖြေ | ၁၀၃ |
| (စ) ဓမ္မာနုပဿနာတရားတော် | ၁၉၅ |
| အာရုံဖြစ်ပေါ်လာပုံ | ၂၀၀ |
| ပဋိစ္စသမုပ္ပါဒ်ဖြတ်ပုံ | ၂၀၂ |
| သံသရာစက်ဖျက်ဆီးပုံ | ၂၀၃ |
| ဝေဒနာနောက်တဏှာပေါ်မလာအောင် မည်သို့လုပ်မည်နည်း | ၂၀၃ |
| ဖြစ်ရိုးဖြစ်စဉ်သဘာဝဒေသနာတော် | ၂၀၅ |
| မျက်စိပေါက်၌သံသရာစက်မလည်အောင် ပြုပုံ | ၂၀၀ |
| ဒါန,သီလ,သမထပုံစံ | ၂၀၉ |
| (ဆ) ခန္ဓာငါးပါးတရားတော်ကြီး | ၂၁၆ |
| ကျွတ်ထိုက်သောပုဂ္ဂိုလ်သုံးယောက် | ၂၂၁ |
| မင်္ဂဖိုလ်လမ်းစဉ် | ၂၂၅ |
| အဆိုးတရားများ | ၂၃၁ |
| ဆရာကင်းသောအချိန်အခါ | ၂၃၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|

ရာဟုလောဝါဒသုတ်တော်ကြီး ၂၄၀
ရာဟုလာအားဝိပဿနာတရားပေးပုံ ၂၄၂
ခန္ဓာငါးပါး၌ဝိပဿနာရှုပုံ ၂၄၉
ဒိဋ္ဌိဖြစ်ပုံဖွင့်ပြချက် ၂၆၀
သမ္မာဒိဋ္ဌိအယူပြဆိုခြင်း ၂၇၀

(၈) ဥပုသ်နေ့တရားတော်ကြီး ၂၇၃
ကုသိုလ်ဖြစ်မေတ္တာပွားသနည်း ၂၈၅
ချမ်းသာရအောင်မေတ္တာပွားသနည်း ၂၈၇
ရှေးဦးစွာမေတ္တာမပွားရပုဂ္ဂိုလ်များ ၂၈၉
ဆရာကမ္မဋ္ဌာန်းပေးမှားတတ်ပုံ ၂၉၂
မေတ္တာဘာဝနာအကျိုး(၁၁)ပါး ၂၉၉
မေတ္တာပွားပုံဟန်မကျကတဏှာရာဂဖြစ်တတ်ပုံ ၃၀၄
ဥပုသ်သီလအကျိုးပြ ၃၁၇
မြင့်မြတ်မှန်ကန်သောရည်ရွယ်ချက် ၃၂၇

(၉) ဥပုသ်သီလတရားတော်ကြီး ၃၃၂
ဗုဒ္ဓ၏ယဉ်ကျေးအောင်ဆုံးမပုံ ၃၃၇
တရားတော်၏ဂုဏ်ကိုဆင်ခြင်ပွားများ
နေပုံစသည် ၃၃၉
ရှစ်ပါးသီလဆောက်တည်ရခြင်း၏ လောကီ
ကောင်းကျိုးစသည် ၃၄၀
သောတာပတ္တိမဂ်ရခြင်း၏အကျိုး ၃၅၉

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (ည) မဂ်ပေါက်ဖိုလ်ဝင်ဆွမ်းဒါနတရား | ၃၆၁ |
| တန်ခိုးတော်ဖြင့်ဆွမ်းစားကြွခြင်း | ၃၆၉ |
| ဝိသာခါလျှောက်ထားသောဆုရှစ်မျိုး | ၃၇၂ |
| ဝိသာခါဖြစ်ပေါ်လာသောတရားဘာဝနာ | ၃၇၆ |
| မဂ်ဉာဏ်ပေါ်ပုံ | ၃၇၇ |
| (ဋ) သာသနာ့ဒါနတရားတော် | ၃၈၀ |
| သင်္ဂါရုပပတ္တိသုတ်တော်ကြီး | ၃၉၆ |
| ဒါနကြောင့်လောကီသိဒ္ဓိပေါက်ပုံ | ၃၉၇ |
| ဒါနကြောင့်လောကုတ္တရာသိဒ္ဓိပေါက်ပုံ | ၄၀၁ |
| နိဂုံး | ၄၀၃ |

ပဋိပတ္တိရတနာ

# ကျားကူး ဓမ္မဒေသနာ

---

နမာမိ ဓမ္မစက္ကိန္ဒသ သဗ္ဗညုသ အနုတ္တရသ

ဥယျော ဇဉ်

**အသင်ယောဂီ....**

အမြတ်သုံးသွယ်၊ ပုလဲနှယ်သို့၊ ကျင့်ဘွယ် မျိုးစုံ၊ အဖုံဖုံနှင့်၊ ပန်းဝတ်ရုံပမာ၊ ဓမ္မရသာကို၊ ခွင့်ခါ ကြုံခိုက်၊ စားသုံးလိုက်လော့....။

ယုဂနဒ္ဓနည်းဖြင့် တရားရှုပွားပုံ အကျဉ်းချုပ်

လောကကြီးအတွင်း၌ သတ္တဝါတို့သည် ဆင်းရဲမျိုးစုံကို ကြောက်လန့်ကြကုန်၍ ချမ်းသာအဖုံဖုံကိုတော့ နှစ်သက် လိုလားကြ ပေကုန်သည်။ ချမ်းသာ အမျိုးမျိုးကို ပေးနိုင် သော ပုဂ္ဂိုလ်တို့ကိုလည်း မိတ်ဆွေကောင်းအသိအမှတ်ဖြင့်

အားထား မှီခိုကြကုန်၏။ ကိုးကွယ် ပူဇော်ကြ ကုန်၏။ ကိုးကွယ် အားထား လိုသော ပုဂ္ဂိုလ်တို့က များပြား၍ ကိုးကွယ်အားထားလောက်သော အပူဇော်ခံ ပုဂ္ဂိုလ်ကား အမှန်ပင် နည်းပါးလှပေကုန်၏။

မရလျှင်မနေသဘောဖြင့် နည်းလမ်းမှန် ညွှန်ပြနိုင်သော မိတ်ဆွေကောင်း၊ ဆရာကောင်းကို တွေ့အောင် ရှာဖွေကြပြီးလျှင် ချမ်းသာစစ်ကိုပေးနိုင်သော တရားလမ်းစဉ်မှန်ကို မိတ်ကောင်း၊ ဆွေကောင်း၊ ဆရာကောင်းထံ နည်းခံယူကြ၍ ရဘို့ရန် အလွန်ခက်ခဲသော သာသနာတွင်း တရားပါလားဟု သဘော ထားပြီးနောက် ကိုယ်စိတ်ပင်ပန်းတယ်လို့ သဘောမထားဘဲ ကိလေသာရန်သူ သေအောင်ဇွဲလုံ့လ ဝီရိယ တရားဖြင့် မနေမနား နွေညဥ့် မပြတ် ဝင်ဆင်းရဲကင်းငြိမ်းလိုက ကြိုးစားအားထုတ်ရမည်။

ဆင်းရဲဒုက္ခ အကြိမ်ကြိမ်တွေ့ကြုံဘူးလျှင် ချမ်းသာ သုခကိုလည်း အကြိမ်ကြိမ်ပင် တွေ့ကြုံ ခံစားရ ခြင်းသည် လောကကြီး၏ ဖြစ်မြဲဓမ္မတာသဘောတရား ဖြစ်ပေသည်။ "မှန်ကင်းတလှည့် ထင်းတလှည့်နှင့် သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ"ဟု ရှေးပုံစကား စွဲမှတ်သား၍ လောက ဓမ္မတာ ဖြစ်ပေါ် လာသော ဆင်းရဲ ဝေဒနာကို "သည်းခံက နိဗ္ဗာန်ရ"ဟူသော ဗုဒ္ဓရှင်တော်မြတ်၏စကားတော်အတိုင်း ဥရိယာပုထ်ကိုမဖျက်ဲ အဓိဋ္ဌာန်ပါရမီ ထူထောင်၍ ခိုင်မြဲသောဝီရိယ, ခိုင်မြဲသောသတိ, ခိုင်မြဲသော သမာဓိဖြင့် ကြိုးစားအားထုတ်ရပေမည်။ ကြိုးစားအားထုတ် လိုသော စိတ်ဆန္ဒရှိသည် အတိုင်း ကြိုးစား အားထုတ် ဖြစ်တယ်။

ကြိုးစားသည့်အတိုင်းလည်း အကျိုးအမြတ် ဖြစ်ပေါ်တယ် ဆိုတာ အတိတ်ဘဝ များကပင် ကြိုးစားမှု အလေ့အထ ပါလာသူ၊ ပါရမီရှိသူဟု ခေါ်ရ ပေတယ်။ တရားကို မကြိုးစားလိုသူ၊ စိတ်မဝင်စားဆိုသူက အလေ့အလာ မရှိ၍ ပါရမီနည်းပါးသူဖြစ်၍ ဤဘဝမှာ သူတပါး၏ ပယောဂဖြင့် ပါရမီသစ် ထူထောင်ရပေလိမ့်မည်။

## ဣရိယာပုထ်ကိုသည်းခံ၍ တရားရှုပွားပုံ

ဣရိယာပုထ်ကိုမဖျက်ဘဲ သည်းခံနေမှုကြောင့် အသက်သေမှုမရှိနိုင်။ သမာဓိ တရား ဝိပဿနာ တရားသာ တိုးပွား၍လာနိုင်ပေကုန်သည်။ ဣရိယာပုထ်ကို ပြုပြင်လိုက်ပါက သမာဓိတရား ပျက်ပြားနိုင်ပေကုန်သည်။ အချို့သော ယောဂီတို့သည် သည်းမခံမှုကြောင့် ဣရိယာပုထ်ကို ပြုပြင်လိုက်သောအခါ အလွန်အဘိုးတန်သော ရတနာတွေကို စွန့်လွှတ်လိုက် သကဲ့သို့ ဤဘဝ ဤသာသနာ၌ ရသင့်ရထိုက်ကုန်သော သူတော်ကောင်း ဥစ္စာ ရတနာတွေမှ ဆုံးရှုံးနစ်နာကြပေကုန်၏။ မဆုံးရှုံး မနစ်နာကြရအောင် သမာဓိပညာတရားတို့မှ မဆုတ်ယုတ်စေသင့်ပေကုန်။

ဆုတ်ယုတ် ပျက်ပြားပါက ဒုလ္လဘတရား ပျက်ပြား၍ ဘုရားရှင် သာသနာနှင့် တွေ့ရကျိုး မနပ်ကြပေကုန်ဘဲ ကယ်မသူ ကင်းမဲ့သော ရေနစ်သူပမာ သံသရာ ဆင်းရဲ၌ ရှည်မြင့်စွာ မြုပ်မျောနိုင်ပေကုန်၏။

တရားထိုင်သော ယောဂီ ပုဂ္ဂိုလ်သည် ဣရိယာပုထ်လေးပါးတို့တွင် အကြောင်းတရားတို့ကြောင့် တခုခုသော

ရုပ်တရားသည် ဖောက်ပြား၍ ဇရာရီယာပုတ် တခုသည် လွန်ကဲလာပြီဆိုလျှင် ယောဂီသည် စိတ်ညစ်ညူး၍ ဒုက္ခမိ၊ ဒေါမနဿ မီး တို့ သည် ဖောက် ပြန်မှု အားလျော်စွာ တဟုန်းဟုန်းတောက်လောင်၍ လာပေကုန်၏။

တရားထိုင်စဉ်အတွင်း ဤဒုက္ခမီး၊ ဒေါမနဿမီးလောင်သည့်အတွက် ပါဠိတော် အဋ္ဌကထာတို့၌ ယောဂီတဦး သေဆုံးသွားသည်ဟု ဟောဆိုချက် ဖွင့်ဆိုချက် မရှိပေကုန်။

ဆက်၍ပြဦးအံ့၊ ရာဂမီး၊ ဒေါသမီ၊ မောဟမီး၊ သောကမီး ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး တို့သည် ဒွါရခြောက်ပါး အာရုံခြောက်ပါးတို့၌ အမြဲမပြတ်ဒလစပ် လောင်ကျွမ်း နေကုန်၏–ဟူ၍ ဝိနည်း ဝိဋကတ် အာဒိတ္တ ပရိယာယသုတ်၌ ဗုဒ္ဓဘုရား ဟောကြားတော်မူ၏။

အဋ္ဌကထာကြီးတို့၌ ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ သုံးမျိုးလောင်ကျွမ်းပုံကို အသီးသီးဖွင့်ဆိုကြကုန်၏။

အခါတပါးသီဟိုဠ်ကျွန်း၌ လှပစွာရေးခြယ်ထားသော ပန်းချီဆေးရေးရုပ်ကို ရပ်မော်၍ကြည့်ရှုစဉ် အတွင်း နှလုံးသားမှ ဖြစ်ပေါ်လာသော ရာဂမီးတောက်သည် တဟုန်းဟုန်းထလောင်မှုကြောင့် ဘိက္ခုနီမကလေး၏ သေဆုံးရပုံမျိုးသည် ရာဂမီးကြောင့် သေပုံမျိုးဖြစ်၏။

မနောပဒေါသိက နတ်များ၏ တဦး ကောင်းစားတာ တဦး မနာလိုခြင်းဟူသော ဇုသာမစ္ဆေရ ဒေါမနဿမီး တဟုန်းဟုန်းထလောင်မှုကြောင့် နတ်စုတိ စိတ်ကျရခြင်းမျိုးသည် ဒေါသမီးကြောင့် သေရခြင်းမျိုးဖြစ်၏။

ဝိဋ္ဋာပဒေါသိကနတ်များ၏ နတ်ဥယျာဉ်, နတ်ဗိမာန်တွင်းတို့၌ အချင်းချင်း ပျော်မြူးခြင်းများ၍ မေ့လျော့မှုလွန်ကဲပြီးတော့ သေဆုံးရပုံမျိုးသည် မောဟမီး လောင်ကျွမ်း၍ သေသည်မည်၏။

လူ့ပြည် လောက၌လည်း လူအများသည် အပျော်လွန်၍ ရက်ကြီး အခါကြီးများ၌ မောဟမီးလောင်၍ သေဆုံးကြရကုန်၏။ အထက်ပါလောဘမီး, ဒေါသမီး နှစ်ပါး လောင်ကျွမ်းပုံ ကိုလည်း သိရှိပါလေ၊ မြော်မြင် သိရှိပါလေ။

ဤအဆိုပါရာဂမီး,ဒေါသမီး, မောဟမီး သုံးပါးတို့သာ လောင်ကျွမ်းမှု အကြီးစားကြီးများ ဖြစ်၍ သတ္တဝါ တို့၏ အသက်ကို သတ်ဖြတ်နိုင်စွမ်း ရှိပေကုန်သည်။ တရားထိုင်မှုကြောင့် ဖြစ်ပေါ်လာသော မခံသာမှုဟူသော မီးအငယ်စားများသည် သတ္တဝါတို့၏ အသက်ကို သေစေနိုင်သည် မဟုတ်ပေကုန်။

ထို့ကြောင့် မခံသာမှုဒုက္ခ၊ ဒုက္ခကိုသည်းခံ၍ တရားရှုမှတ်သူသည် တဆင့်တက်၍ သင်္ခါရဒုက္ခကို မြင်တွေ့ပြီးလျှင် ပျင်းရိငြီးငွေ့သော အသိဉာဏ် အဆက်ဆက် ဖြစ်ပေါ်ပြီးနောက် သင်္ခါရဒုက္ခကိုခြေကန်၍ အမြစ်ပြတ်ဉာဏ်ဝင်ရောက်ပြီးလျှင် အေးငြိမ်းရာကို စံမြန်းနိုင်ပေကုန်သည်။ ဒုက္ခကြမ်းကြီးကိုသည်းမခံဘဲ အလိုလိုက်၍ ခဏခဏ ပြင်ရပါက မကောင်းမှု ကင်းဝေးအောင် တရား အားထုတ်ပါလျက် မကောင်းဆိုးဝါးတွဲ တဏှာဒိဋ္ဌိ တရားတွေသာ တိုးဝင် နေပုံကို ကြီးမားသော သတိတရားဖြင့် ဆင်ခြင်

အောက်မေ့၍ ရှောင်ရှားခွါနိုင်ရန် ဇာရိယာပုထ်ကို မဖျက်ဘဲသာ အောင့်အည်း၍ သည်းခံအားထုတ် နေရမည်။

ထို့ကြောင့် ဇာရိယာပုထ်ကို မဖျက်ဘဲ သည်းခံ၍အားထုတ်နိုင်သော ရဲရင့်သောအာဇာနည် ဇွဲသတ္တိရှိရမည်။ ထိုအခါတွင်ရုပ်တရားတို့သည် ယောဂီတို့၌ လွန်ကဲသည့် အားလျော်စွာ ဖောက်ပြန်ကြကုန်၍ နာမ်တရား တို့သည် တွေ့ထိ၍၊ ခံစား၍၊ သိ၍ အသီးသီး ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်ကြကုန်၏။ ဤရုပ်နာမ် တရားတို့သည် အချင်းချင်း ခွဲခွါ၍မရဘဲ အချင်းချင်းမှီတွယ်၍ ကျေးဇူးပြုကြကုန်သည်။ ထို့ကြောင့် ပဋ္ဌာန်းပါဠိတော်ကြီး၌ ရှင်တော်ဘုရားသည် ရူပိနောမဓမ္မာ အရူပိနံ ဓမ္မာနံ သဟဇာတ ပစ္စယေန ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော၊ အရူပိနောမဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော-ဟု ဟောကြားတော်မူပေသည်။

ဤသို့အားဖြင့် ရုပ်နာမ်တရားတို့၏ ဖြစ်ပေါ်ပုံ၊ ကျေးဇူးပြုပုံကို ရှေးဦးစွာ မှတ်သား ကုန်ရာသည်။ ရုပ်နာမ်တို့၏ အကြောင်းအကျိုးဆက်ခါ ဖြစ်ပျက် နေကုန်သော တရားအပေါင်းထဲတွင် အရှုခံအာရုံထိုက်ကုန်သော တရားတို့ကို သုတ္တန်နည်းအားဖြင့် ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာကို အစဉ်အတိုင်း ဖြစ်ပေါ်နိုင်သော အသိဉာဏ် အာရုံအလိုက် အနုပဿနာ လေးမျိုးကို ဟောကြားထားတော်မူခဲ့သောကြောင့်-

တရားအားထုတ်စ ယောဂီ၌ ကာယာနုပဿနာ ရုပ်ကမ္မဋ္ဌာန်းကို ရှေးဦးစွာ အားထုတ်ပြီး၍ ဥပစာရ သမာဓိ

ရင့်သန်လာသော အခါမျိုး၌ ဝေဒနာ နုပဿနာ စိတ္တာ နုပဿနာ ဓမ္မာ နုပဿနာ တရားတို့ကို အစဉ် အတိုင်း ပွားများသော ယောဂီတို့အား ဤဘဝ ဤသာသနာ၌ ပုဗ္ဗပယောဂ ပြည့်စုံလုံလောက်ပါလျှင် မဂ်ဝင်နိုင်မှုကြောင့် တရားအားထုတ်ရတာ ဆင်းရဲလိုက်ထာဟု သဘောမထား မူ၍ ဇာရိယာပုထ်ကိုမဖျက်ဘဲ သည်းခံပြီးတော့ နိဗ္ဗာန်ကို ရည်သန်၍ ထက်သန်စွာ ကြိုးစားအားထုတ်ကြပါ ကုန်။

ဤသို့အားဖြင့် ရုပ်အာရုံ၌ သမာဓိပညာ ဖြစ်အောင် ရှုပွားပြီးသောနောက်ကာလ၌ နာမ်အာရုံ၌ သမာဓိပညာ ဖြစ်အောင် ရှုပွား အားထုတ် ခြင်းသည် ယောဂီ တို့၏ ဘာဝနာ လုပ်ငန်းစဉ်၌ ဓာတု နာနတ္တ ဖဿနာနတ္တ ဝေဒနာနာနတ္တအားဖြင့် ရုပ်နာမ်အစဉ် အသိဉာဏ်ဝင်ပုံကို ဟောကြားထားသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်စာမျက်နှာ ဂ၃-နံပါတ်လာ စကားရပ်နှင့် တပြေးတည်း ညီညွတ်၍ အကျယ် စကားကို ပါဠိတော်ကို ကြည့်ရှု၍ နက်နဲသော အသိဉာဏ်ဖြင့် တွေးခေါ် သိရှိနားလည်ပါလေ။

ဆက်၍ ဖွင့်ပြပါဦးအံ့-လောကီ ကိစ္စ၌လည်း အရိပ်လို လျှင်နေပူကစောင့် ဆိုသောစကားအတိုင်း ကြီးပွား ချမ်း သာလိုလားသောသူသည် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ခံ၍ ကြိုးစားပါလျှင် ဝီရိယဓာတ်အား အသိဉာဏ်ပညာ ဗဟု သုတအားတို့၏ ကျေးဇူးထောက်ပံ့ ပေးမှုကြောင့် စည်းစိမ် ဥစ္စာချမ်းသာကို ရရှိခံစားရကြကုန်သကဲ့သို့ အပါယ်လွတ် ကင်းသော ချမ်းသာ၊ သုံးဆဲ့တဘုံတွင်း ချမ်းသာ၊ သုံးဆဲ့

တဘုံ လွတ်ချမ်းသာမျိုးစုံကို တွေ့ထိ ခံစား လိုကုန်သော သူတော်မြတ် ယောဂီတို့သည်လည်း ရှေးဦးစွာ ဒုက္ခကြမ်းကြီးကို ကျော်လွန်သွားအောင် ခိုင်ခံ့သောစိတ်၊ ထက်သန်သောစိတ် အဓိပတိ အဆင့်ဆင့် တပ်သော စိတ်ဖြင့် အဖန်ဖန်ကြိုးစားကြပါကုန်။

အခါ တပါး သင်္ဘောခရီးသည် အများ တို့သည် သင်္ဘောအပေါ် ထပ်နေပူထဲ၌ ထိုင်၍တမျိုး၊ မတ်တတ်ရပ်၍တဖုံ နေထိုင်ကြပေကုန်သည်။ မကြာမီ သင်္ဘောထွက်၍ ဟိုဘက်-ဒီဘက် လှည့်လိုက်သောအခါ နေပူ၌ နေကုန်သူတို့သည် နေပူပျောက်ကင်း၍ သင်္ဘောအရိပ်ဝယ် ချမ်းချမ်းသာသာနေရ ထိုင်ရသည်တို့ကို မျက်မြင်ကိုယ်တွေ့ သိရှိရပါလျှင် ဤနှင့်အလားတူပင် သုံးဆဲ့တဘုံ တွင်း၌ ချမ်းသာလိုသူများနှင့် မဂ်ဖိုလ်ချမ်းသာကို တကယ် လိုချင်သူများသည် ကိုယ်စိတ် ဆင်းရဲခံ၍ အဓိပတိ ပစ္စည်းတပ်အောင် တကယ်အားထုတ်နိုင်၍ တကယ်အားထုတ်ပါလျှင် တကယ်ပင်ချမ်းသာမျိုးစုံကိုရမည်ဟု သဘောပေါက်သိရှိနားလည်ခဲ့ပေသည်။

ထို့ကြောင့် ဘုရားအားထုတ်လိုသူ တရား အားထုတ်နေသူ ယောဂီပုဂ္ဂိုလ်တို့သည်လည်း လိုချင်ဒါရနိုင် ဖြစ်နိုင်သော ဗုဒ္ဓသာသနာတွင်း၌ လူလာဖြစ်ရတာ အရတော် လေစွဟု သဘောထား၍ ဘာဆုကိုပင် တောင်းတောင်း ဘာကိုရည်ရွယ် ရည်ရွယ် နိဗ္ဗာန်ရည်သန်သော သာသနာ ကုသိုလ်မျိုးစေ့ကို ရယူနိုင်သောအခါကာလမျိုးမှာ မလွတ်တန်းယူနိုင်ကြသူဖြစ်ရန် အထူးပင် တိုက်တွန်းပါသည်။

## (က) ပုဗ္ဗဘာဂ ပဋိပဒါလမ်းစဉ်
## ပုဗ္ဗကိစ္စပရိကမ်ပြုပုံ

ဘာဝနာလုပ်ငန်းကို အဟုတ်တကယ် ကြိုးစား အားထုတ်တော့မည်ဆိုလျှင် ဘာဝနာလုပ်ငန်းမှန်ကို နတ်လူတို့အား သွန်သင်ပြသ ဆုံးမတော်မူသော ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် ဘုရားအား ယုံကြည်သော သဒ္ဓါ တရားဖြင့် အောက်မေ့အမှတ်ရကာ ကိုးကွယ် အားထားထိုက် သော ကြောင့် ယောဂီပုဂ္ဂိုလ်တို့၏ လက်ချောင်းကလေး များကို နဖူးထိပ်၌ ညီညီတင်၍ ရှိခိုးရမည်။ ကျေးဇူး ဂုဏ်ကို အောက်မေ့ရမည်။ နှုတ်ဖြင့်ရွတ်ဆိုရမည်။

### (က-၁) ရတနာ သုံးပါးရှိခိုးခန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ-ဟူသော အများနားလည်၍ အနက် အဓိပ္ပါယ် သိလွယ်သော ဘုရားရှိခိုးကိုရင်း-

ဗုဒ္ဓံသရဏံဂစ္ဆာမိ ဓမ္မံသရဏံ ဂစ္ဆာမိ သံဃံ သရဏံ ဂစ္ဆာမိ-ဟူသော ဗုဒ္ဓဘာသာဝင်ဖြစ်ရန် ရွတ်ဆိုကြသော သရဏဂုံပါဠိကိုရင်း-

အနက်သဘောသိစေ၍ ယောဂီပုဂ္ဂိုလ်တို့က သုံးခေါက် ရွတ်ဆိုပါ။ အနက်အဓိပ္ပါယ် သိနိုင်ရန် ပြောပြ မှုသည် တရားပြဆရာ၏ တာဝန်ဖြစ်သည်။

သမ္မာသမ္ဗုဒ္ဓဿ၊ သိစရာတရားတွေကိုအကြွင်း အကျန် မရှိ ဟုတ်သည့်အတိုင်း မှန်မှန်ကန်ကန် သိတော်မူသော။

အရဟံတော၊ ကိလေသာ ရန်သူ ဟူသမျှကို မြူမျှမကျန် အောင် တွန်းလှန် ပယ်ဖျက်ပြီးသော။ တဿဘဂဝတော၊ တုမဲ့ကင်းကွာ ဘုန်းသမ္ဘာနှင့် ပြည့်စုံသော ထိုရှင်တော် မြတ်ဘုရားအား။

နမော၊ ရှိခိုးအားထားထိုက်သော ကျေးဇူးတော် ဂုဏ် တော်တွေကို အောက်မေ့၍ ရှိခိုးပါ၏ ဘုရား-ရှိခိုး ပါ၏ ဘုရား-ရှိခိုးပါ၏ ဘုရား-မှီခိုပါ၏ဘုရား-အားထား ပါ၏ ဘုရား-ကိုးကွယ် ပါ၏ ဘုရား-ကိုးကွယ် ပါ၏ ဘုရား-ကိုးကွယ်ပါ၏ဘုရား။

ဗုဒ္ဓံ၊ သဗ္ဗညုသိမြင် ဘုရားရှင်ကို။ ဓမ္မံ၊ အပူဇောတ်သိမ်း၍ ချုပ်ငြိမ်းကြောင်း ဖြစ်သော ဝိပဿနာတရား မဂ်ဖိုလ် တရားတော်ကို။ သံဃံ၊ အပူကင်းကွာ အရိယာ သံဃာ တော်ကို။ သရဏံ၊ တသက်ပတ်လုံး တသံသရာ ပတ်လုံး အမြတ်ဆုံးထား၍။ ဂစ္ဆာမိ၊ အသိဉာဏ်ရှေ့သွား မြတ်သော သဒ္ဓါတရားဖြင့် အာထား မှီခိုပါ၏ဘုရား-အားထား မှီခို ပါ၏ဘုရား-အားထားမှီခိုပါ၏ဘုရား။

## (က-၂) ကောင်းပန်ဝန်ချခန်း

တရားအားထုတ် လိုကုန်သော ယောဂီတို့၏ လိုချင် နေသော အပါယ် ကင်းဝေးရေး၊ ဘေးအန္တရာယ် ကင်း ငြိမ်းရေး၊ တရားထူးတရားမြတ်ကို မရနိုင်အောင် အနှောင့် အရှက် ပေးနိုင် သော တချိန်က ပြစ်မှား ကျူးလွန်ဘူးသော အပြစ်ဒေါသ အန္တရာယ်တွေရှိ၍နေတတ် ပေကုန်သည်။ အဆိုပါဘေးအန္တရာယ်မျိုးစုံမှ ကင်းဝေးကုန်ခန်းရန် ယခု

အချိန်၌ လေးနက်စွာ အသိတရားရှေ့ထား၍ တောင်းပန်ထိုက်သောပုဂ္ဂိုလ်တို့အား တောင်းပန်ဝန်ချခြင်း အမှုသည် ပညာရှိ သူတော်ကောင်း အခေါ်အဝေါ် ခံနေကြကုန်သော ပုဂ္ဂိုလ်တို့၏ လုပ်ထုံးတရပ် ဖြစ်ပေ သောကြောင့် တရားအားမထုတ်ခင် တောင်းပန်ဝန်ချ ကန်တော့ခြင်းကို အမှန် ပြုသင့် ပေသည်။ ထို့ကြောင့် ပညာရှိ သူတော်ကောင်းပီသလိုပါလျှင် အပြစ်ရှိလျှင် အပြစ်အားလျော်စွာ ဤဆိုလတံ့သော စကားအတိုင်း တောင်းပန်ဝန်ချပါ။

တပည့်တော် တပည့်တော်မသည် ဘဝ များစွာ သံသရာမှစ၍ ယခုဘဝ ယခု အချိန် တိုင်အောင် မပြစ်မှားထိုက်ကုန်သော မိဘ, ဆရာ, ရတနာသုံးပါး တို့ကို ပြစ်မှားမိသော အပြစ်ဒေါသ တစုံတရာ ရှိခဲ့သော် ကင်းပျောက်ကွယ်ပရန် လေးလေးစားစား ရိုသေစွာ တောင်ပန်ဝန်ချပါ၏-ကန်တော့ပါ၏။

ဤသို့ဆို၍ အပြစ်ဘေးမှကင်းဝေးရန် တောင်းပန် ဝန်ချပါလျှင် ဈာန်မဂ်ဖိုလ် တို့၏ အန္တရာယ် မဖြစ်နိုင်ပါချေ။ အချို့သူများ၏ ဩကာသလက်ာရွတ်ဆို၍ တောင်းပန်ဝန်ချခြင်းမျိုးသည်လည်း သင့်လျော်သော လုပ်နည်း လုပ်ဟန်ဖြစ်သောကြောင့် ဩကာသ လင်္ကာဖြင့်လည်း ဝန်ချ ကန်တော့ခြင်းအမှုကို ပြုလုပ်ဆောင်ရွက် နိုင်ပါသည်။

ပုထုဇဉ်အဖြစ်ဆိုတာ ဝါသနာဆိုး၊ အကျင့် ဆိုးများ၏ အနည်းအများရှိကြ၍ သံသရာတခွင်က မိုက်မျိုးစေ့အနယ်ထိုင်မှုကြောင့် ရိုင်းချင်တိုင်းရိုင်း၊ မိုက်ချင်တိုင်းမိုက်နေကြသူတို့သည် ယဉ်ကျေးအောင် ဆုံးမနေသော ဗုဒ္ဓသာသနာ

ထင်ရှားရှိခိုက်မှာ အမိုက်လက်စတုံးရန် ရည်ရွယ်၍ မိုက်ပြစ်တွေမှ ကင်းဝေးရန် အခါအခွင့်သင့်တိုင်း တောင်းပန်ဝန်ချကန်တော့ကြပါ။ အမြစ်ပြုတ်အောင် သမထဝိပဿနာ ဘာရားတော်ကြီးကို ကြိုးစားအားထုတ်ကြပါကုန်။

## (က-၃) ကမ္မဋ္ဌာန်းတရားတောင်းပုံ
## ဇိနော မယှံ ဇယံ ဒေတု။

ဇိနော၊ ရန်အမျိုးမျိုးကို ဉာဏ်တန်ခိုး ကံတန်ခိုးဖြင့် အကြွင်းမဲ့ အောင်မြင်ပြီးဖြစ်သော ရှင်တော်မြတ် ဘုရားသည်။ မယှံ၊ ဆင်းရဲ မွဲတေအောင် ပြုလုပ်နေသော ကိလေသာရန်သူတွေကို အောင်မြင်လိုသောတပည့်တော် တပည့်တော်မတို့အား။ ဇယံ၊ ရန်သူအောင်လက်နက် ဖြစ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို။ ဒေတု၊ တပည့်တော်များအား ကရုဏာ ရှေ့ထားကာ ပေးသနားတော်မူပါဘုရား။

ဤသို့အားဖြင့် ဘုရားရှင်ထံမှာ သုံးကြိမ်ဆို၍ ကမ္မဋ္ဌာန်းတရားတောင်းရမည်။

## (က-၄) ခန္ဓာကိုယ်ကို ဘုရားအား လှူဒါန်းပုံ

မိမိ၏ခန္ဓာကိုယ်ကို ကျေးဇူးအများဆုံးဖြစ်သော ဘုရားရှင်နှင့် သဗ္ဗညု ဘုရားရှင်၏ကိုယ်စား တရားပြ ဆရာအား လှူဒါန်းထားပါက ခန္ဓာကိုယ် ညှာတာခြင်း၊ စွဲလမ်းခြင်းတို့မှ သက်သာမှု ရနိုင်ခြင်း အကျိုးရှိ၍ လှူဒါန်း ရပေဦးမည်။

အရှင်ဘုရား–တပည့်တော် တပည့်တော်မတို့၏ ခန္ဓာ ငါးပါး ရုပ်နာမ်နှစ်ပါးတို့ကို လူနတ် အများတို့၏ အား ထားမှီခိုရာ ဘုရားရှင်အားရင်း၊ တရားပြ ဆရာအားရင်း ဝဲ့ညာမှ ဝဲ့ကွက်မှုကင်းရန် လှူဒါန်းပါ၏။

ဤသို့အားဖြင့် လှူဒါန်းသင့်သော ပုဂ္ဂိုလ်ကို လှူဒါန်း ထားမှုကြောင့် ငါ့ခန္ဓာကိုယ်၊ သူ့ခန္ဓာကိုယ်ဟု အမှတ် မထားတော့ဘဲ တဏှာ, မာန, ဒိဋ္ဌိကင်းကွာ၍ လွတ်လွတ် ကျွတ်ကျွတ် စွန့်လွှတ်ပြီးလျှင် လူမသေသော် ကိလေသာ သေပေလိမ့်မည်၊ ကိလေသာ သေရမည်ဟု ကိလေသာ ရန်သူတွေကျဆုံးရန်အတွက် ပစ္စုပ္ပန်တရား အာရုံတခုသာ ဂရုစိုက်စရာလိုတော့၍ လောကဓံတရားအာရုံမျိုးစုံကို ခြေစုံ ကန်၍ ကျင့်ကြံအားထုတ်ရာ၏။

## (က–၅) မေတ္တာဘာဝနာပွားပုံ

မူလ ကမ္မဋ္ဌာန်းခေါ်တဲ့ ပင်တိုင် ကမ္မဋ္ဌာန်းကို အား မထုတ်မီ လျင်မြန်စွာ စိတ်တည်ငြိမ်သက်၍ နတ်များ၏ ကူညီ စောင့်ရှောက်မှုကြောင့် ကြောက်လန့်ဘွယ် အာရုံ မျိုးစုံမှကင်းဝေးရန် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းအပါအဝင်ဖြစ်တဲ့ မေတ္တာတရားကို ပွားများရပေဦးမည်။

ဤကျောင်းတိုက်အတွင်း ဤတရားဌာနအတွင်း၌ ရှိကြ ကုန်သော သတ္တဝါတို့သည်–

ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ပူပန်မှုခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းကြပါစေ။
အများသတ္တဝါ သူသူ ငါငါသည်-
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ပူပန်မှုခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းကြပါစေ။

ဤသို့ စသောအားဖြင့် မေတ္တာ ဘာဝနာကို အကျယ်ချဲ့၍ အရှေ့အရပ်၊ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အရှေ့မြောင့်ထောင့်အရပ်၊ အရှေ့ တောင်ထောင့်အရပ်၊ အနောက်တောင်ထောင့်အရပ်၊ အနောက်မြောက်ထောင့်အရပ်၊ အထက်အရပ်၊ အောက်အရပ် ရှိကြ ကုန်သော သတ္တဝါတို့သည် စသည်ဆို၍ အထက်ပါ အကျဉ်းညွှန်းပြချက်အတိုင်း ပြည့်စုံစွာ မေတ္တာဘာဝနာ ပွားပါက စိတ်ငြိမ်သက်ချမ်းသာ၍ သမာဓိဝင် ပညာမြင် အကျိုးကို မကြာခင် ရရှိပါလိမ့်မည်။

မေတ္တာ ဘာဝနာ ပွားပုံနှင့် မေတ္တာဘာဝနာပွားနည်း အကျယ်ကို သိရှိပါက ဉပုသ်နေ့ တရားတော်ကြီးကို ကြည့်ရှုလေ့လာကြပါ။

## (က-၆) မရဏာနုဿတိနှင့် အသုဘပွားပုံ

လောဘ, ဒေါသ, မာန်မာနတို့၏ အတွင်း အစွဲတွေမှ ထကြွလာပါလျှင် စိတ်ငြိမ်သက်မှု ပျက်ပြား၍ တရား ထိုင်

ခြင်းပျက်ကွက်နိုင်၍ တဏှာ, ရာဂ,မာန်မာနတရားဆိုးတို့ကို ပယ်နှိမ် ချိုးရန် လက်နက်ကောင်း သဘွယ် ဖြစ်သော အကောင်းဆုံးဖြစ်တဲ့ သမာဓိအာရုံကို ဆက်လက်၍ ပွားရပေဦးမည်။

၁။ အများသတ္တဝါ သူသူငါသည် နေ့ရှိသမျှ အိုနေကြသလို၊ နာနေကြသလို သေနေကြသလို အများ သတ္တဝါ လူတကာသည် နေ့စဉ် ရက်စဉ် နှစ်စဉ် အိုကြသလို၊ နာကြသလို၊ သေကြသလို၊ ငါ၏ ခြေဖျားကနေ ဉကျွောင်းတိုင်အောင်သော ရုပ်နာမ်အစုအဝေးတို့သည်လည်း တနေ့တချိန်မှာ အိုရမှာပါလား၊ နာရမှာပါလား၊ သေရမှာပါလား-ဟု အချိန်ရသလောက်ပွားရာ၏။

၂။ သစ်ပင်, တော, တောင်, ကျောင်း, အိမ်, ဇရပ် အစရှိသည် တို့သည် ပျက်စီးတတ်သော အကြောင်း ရှိ၍ ပျက်စီးနေကြသလို သူသူငါငါ ရုပ်နာမ် အစုအဝေးသည် လည်းအမှန်မုချ ပျက်စီးဆုံးရှုံးရမှာပါလား-ဟု အောက်မေ့ဆင်ခြင်၍ ငါသည် အိုခြင်း၊ နာခြင်း၊ သေခြင်း တရားတို့မှ မလွတ်မြောက် သေး၍ အမြဲ မရှိခြင်း အနိစ္စ တရားပါတကား။

ဖြစ်ခြင်း၊ ပျက်ခြင်း၊ နှိပ်စက်မှု ရှိ၍ ဒုက္ခ တရားပါတကား။

အလိုအတိုင်းမဖြစ်နိုင်ကြ၍ အနတ္တတရားပါ တကား။

ဤခန္ဓာကိုယ်ကြီးသည် အတွင်းပုပ်၊ အပြင်ပုပ်သဘော ရှိ၍ စက်ဆုပ်ရွံရှာဘွယ်ရာ အသုဘပါတကား။

မသေခင်လည်းပုပ်၊ သေပြီး နောက်လည်း ပုပ်တတ်၍ အပုတ်ရုံဘွယ် မတင့်တယ်သော အသုဘပါတကား။

ဤခန္ဓာကိုယ် ရုပ်နာမ်ကြီးသည် ဖြူဖွေးသောအရိုးစုသာ ဖြစ်၍ မတင့်တယ်သော အသုဘပါတကား။

ပိုးလောက် အတိ ပြည့်နေသည် ဖြစ်၍ ရွံရှာဘွယ် အသုဘပါတကား။

အဖြူ, အနီ စသည် ရောလျက် များသော အားဖြင့် ညိုသော အဆင်းရှိမှုကြောင့် စက်ဆုပ်ရုံဘွယ် အသုဘပါ တကား။

အလယ်၌နှစ်ပိုင်းပြတ်၍ ကြောက်လန့်ရုံဘွယ် အသုဘ ပါတကား။

သေပြီးနောက် ဖူးဖူးရောင်ထ၍ ကြောက်ရွံ့ စက်ဆုပ် ဘွယ်ပါတကား။

အပုပ်ရည်တို့ဖြင့် ရွံဘွယ်၊ စက်ဆုပ်ဘွယ်ပါ တကား။

အများသူငါ ဤခန္ဓာ သေမှာမုချပါ တကား။

သေပြီးအခါ ပုပ်ရိလာ မြေပြာအဆုံးသတ်ရပါတကား ဟု နေ့စဉ် နာရီဝက်ဖြစ်စေ၊ တနာရီဖြစ်စေ၊ တဏှာ ရာဂ နိုင်ရန် အမြင်မှန်သမာဓိတရားကို အကြိမ်ကြိမ် အထပ်ထပ် ရှုပွားရမည်။

ရှေးဆရာတော်ကြီးတို့သည် ဤဆိုလတ္တံ့သော အတိုင်း သေခြင်းတရားများကို ပွားများဆင်ခြင်ကြကုန်၏။

၁။ ငါတို့၌ ရရှိနေကုန်သော အသုံးအဆောင် ပစ္စည်း ဥစ္စာတို့သည် ဆွေးမြေ့ခြင်း အဆုံးရှိသကဲ့သို့ ငါ၏ ကိုယ်ခန္ဓာသည် သေခြင်းအဆုံး ရှိပါလား။

၂။ အဝတ်တန်းဆာများသည် ဆွေးမြေ့ခြင်း အဆုံးရှိ ရှိသကဲ့သို့ငါ၏ ကိုယ်ခန္ဓာသည် သေခြင်းတရားလျှင် အဆုံးရှိပါလား။

၃။ စားဘွယ် သောက်ဘွယ် များသည် မစင်ဖြစ်ခြင်း လျှင် အဆုံးရှိသကဲ့သို့ ငါ၏ ကိုယ်ခန္ဓာသည် သေ ခြင်းတရားလျှင် အဆုံးရှိပါလား။

၄။ သောက်အပ်သောရေသည် ကျင်ငယ် ဖြစ်ခြင်းလျှင် အဆုံးရှိသကဲ့သို့ ငါ၏ ကိုယ်ခန္ဓာသည် သေခြင်း တရားလျှင် အဆုံးရှိပါလား။

၅။ အိုးသည် ကွဲပျက်ခြင်းလျှင် အဆုံးရှိသကဲ့သို့ ငါ၏ ရုပ်နာမ် ကိုယ်ခန္ဓာသည် သေခြင်းလျှင် အဆုံးသတ် ရှိပါလား။

၆။ ဆန်သည် ထမင်းဖြစ်ခြင်းလျှင် အဆုံးရှိ သကဲ့သို့ ငါ၏ရုပ်နာမ်အစုသည် သေခြင်းလျှင် အဆုံးသတ် ရှိပါလား။

၇။ ချည်သည် အဝတ် ဖြစ်ခြင်းလျှင် အဆုံးရှိသကဲ့သို့ ငါ၏ရုပ်နာမ် နှစ်ပါး ခန္ဓာငါးပါးသည် သေခြင်း လျှင်အဆုံးရှိပါလား။

ဤဆိုအပ်ခဲ့ပြီးသည်ကို နည်းမှီ၍ တဏှာဖြစ်ရာ အာရုံ တိုင်း၌ တဏှာခေါင်းပါးရန် ဉာဏ်ချဲ့ထွင်၍ မြော်မြင်ကာ ပွားများနိုင်ပါလျှင် လူအတိုးတန်ဖြစ်၍ ကလျာဏဂိုဏ်းဝင် သူတော်စင်ဖြစ်ပေသည်။

အထက်ပါ သေခြင်းတရား ရှုပွားနေသူကို ရည်ရွယ်၍ ပစ္စည်း, တန်းဆာ, စားရာဘောဇဉ် ရေသောက်လျှင်မှု

လူ, တိရစ္ဆာန် ကွဲပြားဟန် ထူးဟန် ဘယ်သို့နည်း-ဟု မေး ခွန်းပုစ္ဆာ ပြုလုပ်ကြပေကုန်သည်။

## အစိပ္ပါယ် အကျဉ်းချုပ်မှာ

တိရစ္ဆာန် တို့သည် စားဝတ် နေရေးတို့၌ သေခြင်း စသော မြင့်မြတ်သောတရား ဘာဝနာ အနေ အားဖြင့် နှလုံးသွင်း မပွားများ တတ်ကုန်၊ အသိဉာဏ်မှန် ရှိသော လူများသည် တရားနည်းလမ်းမှန်အတိုင်း အကျိုးရှိအောင် ဆင်ခြင် ပွားများ နိုင်ခြင်းသည် လူနှင့် တိရစ္ဆာန် တို့၏ ထူးခြားချက်ဖြစ်၏။

ဤ ဆိုခဲ့ပြီးသည့် အတိုင်း ရုပ်နာမ်အသစ် ဖြစ်ရခြင်း၌ ကြောက်မက်ဘွယ် ထင်အောင် သေခြင်းတရား၊ သေပြီး နောက် ရှုံရှာစက်ဆုပ်ဘွယ်တရား-ဟု ပွားများနေသော ယောဂီသည် မျိုးစေ့ရှိလျှင် သစ်ပင် ပေါက်တတ် သလို ကံမျိုးစေ့ကြောင့် အိုရ၊ နာရ၊ သေရသော အကျိုးတရား ပေါ်နေပါသလားဟု အကြောင်းမှန် အကျိုး မှန်ကို ဆင် ခြင်အောက်မေ့၍ ကံမျိုးစေ့ ပြတ်စဲနိုင်သော အလုပ်စခန်း များကို ဆရာကောင်းထံနည်းယူခံ၍ ရှာကြံ ဆည်းပူးလာ ပေလိမ့်မည်။

အိုမှု၊ နာမှု၊ သေမှုတို့၏ တည်ရာဖြစ်သော ဤ ရုပ်နာမ် အဖြစ်လောကကြီးသည် နိဗ္ဗာန်မရခင် အဆုံးမသတ်နိုင်ဘဲ အမြဲဒလစပ်ပင် အကြောင်းအကျိုး ဆက်ခါ ဆက်ခါ ဖြစ် ပျက်နေပုံ၊ အိုနေပုံ၊ သေနေပုံတွေကို ဉာဏ်ဖြင့် သိရှိစေ လို၍-

မြတ်ယုတ်ဘဝ၊ ဇာတိရက၊ အိုကြွ,သေကြွ၊ မနေ
ရဘူး၊ ဒုက္ခမြစ္စာ၊မွေတာဖြင့်၊ဇရာမရဏ၊ဆုံး၌ာနဟု၊
ဘဝစက်ဝိုင်း၊ ဤဆစ်ပိုင်းကား၊ ဖြစ်တိုင်းရောက်နေ
ခရီးတည်း-။

ဟု မာန်လည်ဆရာတော်ဘုရားကြီးက ရုပ်နာမ်သံသရာကြီး
ဖြစ်ပုံကို လင်္ကာ စပ်တော်မူပေတယ်။ ဤသို့ အားဖြင့်
ရုပ်နာမ်၏ အိုတတ်ပုံ၊ နာတတ်ပုံ၊ သေတတ်ပုံ သဘော
အမှန်တွေကို သိရှိ နားလည်သော ယောဂီသည် အာရုံ
ခြောက်ပါးတို့၌ ခင်မင်တွယ်တာမှုနည်းပါး၍ အထူးသဖြင့်
သေရမှာကိုပင် မကြောက်တော့ဘဲ ကမ္မဋ္ဌာန်း အာရုံ၊
တရားအာရုံတို့၌သာ ကောင်းမြတ်သော သတိဖြင့် စွဲမြဲစွာ
နေထိုင်လေ့ရှိတတ်ကြောင်းကို—

မရဏသတိ ဘာဝနာယ ဇီဝိတနိကန္တိံ ပဟာယ
အပ္ပမတ္တော ဝိဟရတိ။

ဟု-ခဂ္ဂဝိသာဏသုတ်အဖွင့်၌ သေခြင်းတရား ပွားများသူ၏
ကောင်းကျိုးရှိပုံကို အဋ္ဌကထာဆရာ ဖွင့်ဆိုထားသည်။

မရဏသတိဘာဝနာယ၊ သေခြင်းကို အောက်မေ့ ပွား
များသူအား။ ဇီဝိတနိကန္တိံပဟာယ၊ အသက်၌တွယ်တာ
မက်မောခြင်း တဏှာရာဂကိုပယ်၍။ အပ္ပမတ္တော၊ မမေ့
မလျော့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေနိုင်၏။

အမိပ္ပါယ်မှာ တရားအာရုံ၌ မမေ့မလျော့သော သတိ
ရှိခြင်းသည် ကောင်းမြတ်သော အကြောင်းဖြစ်၍ အပါယ်
မကျနိုင်၍ သေရန်ကိုမလန့်ကြောက်ဘဲ ကောင်းကျိုး ဖြစ်

လာရခြင်းသည် မရဏာသတိဘာဝနာ၏စွမ်းရည် သတ္တိထူး ဖြစ်၏။ ။ပုဗ္ဗကိစ္စ ပရိကံပြုပုံ ပြီး၏။

## ပုဗ္ဗကိစ္စ ပရိကံပြုကြရာ၌ ရှင်းလင်းဖွင့်ပြချက်

အထက်ပါတရားများကို အကျဉ်းချုပ်၍ ပြရသော်–

၁။ နမောတဿ ဘဂဝတော–စသော စကားရပ်ဖြင့် ဘုရားဂုဏ်ကျေးဇူးကို အောက်မေ့ ဆင်ခြင်သည်ကိုပြသော ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားသည်မည်၏။ ဗုဒ္ဓါ နုဿတိဘာဝနာကို ပွားများသဖြင့် သဒ္ဓါတရားကို တိုးပွား စေ၍ ဘာဝနာအမှု၌ စိတ်ခိုင်မာခြင်း အကျိုးရှိ၏။

၂။ မေတ္တာပို့သ ခြင်းဖြင့် ဒေါသတရား နည်းပါး၍ သမာဓိတရား ရလွယ်မှုကြောင့် ဘာဝနာညဏ်ကို အထူး သဖြင့် ထက်သန်စေခြင်းသည် နတ်လူအများ ချစ်ခင်မှု များ၍လူသူလေးပါး ကင်းမဲ့သော တောတောင် အရပ် ဒေသများ၌ တရားထိုင်နေကြသူ ယောဂီတို့နှင့် အထူးပင် သင့်လျော်၏။

၃။ သေခြင်းတရား၊ အသုဘတရားတို့ကို ရှုပွားဆင်ခြင် သဖြင့် တဏှာမာန ဖြစ်ပွားမှုနည်းပါး၍ အဇ္ဈတ္တိကလေသာ အန္တရာယ်မှ ကင်းဝေးနိုင်မှုကြောင့် အထူးသဖြင့် အာရုံ ငါးပါးထူပြောသော နေရာအရပ်၌ အာရုံ လိုက်စားကုန် သော ကာမဂုဏ်သမားများနှင့် သင့်လျော် သောကြောင့် မြို့နေလူတန်းစားတို့ သည်အမြဲမပြတ်ပွားသင့်သော တဏှာ ရာဂမာနကိုနိုင်သော လက်နက်ဖြစ်၏။

အထက်ပါ ကမ္မဋ္ဌာန်းတရား သုံးပါးတို့သည် **အလုံးစုံ** စရိုက်ရှိသော ပုဂ္ဂိုလ်အားလုံးတို့သည် အလိုရှိအပ် ပွား များအပ်သောကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟု အဋ္ဌကထာ ဆရာကြီးများဖွင့်ဆိုကြကုန်၏။ ဤကမ္မဋ္ဌာန်းတရား သုံးပါး တို့ကို ယခုခေတ် အချို့သော တရားရိပ်သာများ၌ ပရိကမ္မ ဘာဝနာအနေဖြင့် ပရိကံ ပြုကြသော အခါ၌ အချိန်တို အားဖြင့် အနည်းငယ်မျှစီသာ ပွားများကြကုန်၏။ ဤ-ကမ္မဋ္ဌာန်းတရား သုံးပါးတို့သည် အများ ယူဆကြ သလို ခဏမျှအချိန်၌ ပွားများသောယာယီ ကမ္မဋ္ဌာန်းမျိုး မဟုတ် ပေကုန်။ ခိုင်ခံ့သော သမာဓိအရှိန်အဝါကို ပြည့်စုံစေလိုပါ လျှင် သမထယာနိကပုဂ္ဂိုလ်ဆိုက အပ္ပနာသမာဓိရအောင် ပွားများနိုင်၏။ ဝိပဿနာယာနိက ပုဂ္ဂိုလ်ဆိုက ဥပစာရ သမာဓိတိုင်အောင် ပွားများနိုင်၏။ သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်မျိုးဖြစ်၍ အခိုက်အတန့် ပွားများမှု လောက်သာ အသုံးချကြဟန်တူသည်။ သို့သော်လည်း ရှိသင့်ရှိထိုက်သော သမာဓိမရှိပါလျှင် မဂ်မဝင်နိုင်ပုံကို သတိပြုကြ ပါကုန်။ ဝိပဿနာသမာဓိ ဆိုတာလည်း ဒလစပ် ထူထောင် နိုင်မှ ရပေသည်။

စာပေနယ်၌ ပါရိဟာရိယ ကမ္မဋ္ဌာန်း ဘာဝနာ၏ ရှေ့အဘို့၌ရင်း၊ မဂ်ညဏ်၏ရှေ့အဘို့၌ရင်း ပြုဘွယ်တရားကို ပြုခြင်း၊ ပွားများရန် တရားကို ပွားများခြင်းကို ပရိကမ္မ ဘာဝနာဟူ၍ရင်း၊ပုဗ္ဗဘာဂမဂ်ဟူ၍ရင်း၊ပုဗ္ဗဘာဂ ပဋိပဒါ ဟူ၍ရင်း အရာဌာနအလိုက်ဖွင့်ဆိုကုန်၏။ ယခုအခါ တရား

ဌာနများ၌ အလုံးစုံကို သိမ်းကျုံး၍ပရိကံ ပြုတယ်ဟု ခေါ်ဝေါ်ပြောဆိုကြကုန်၏။

ဆက်၍ ပြပါဦးအံ့– ပရိကံပြုတယ်၊ ပရိကံ ပေးတယ် ဆိုတာ ပြည့်စုံသော အဓိပ္ပါယ်အတိုင်း ဖော်ပြ ရသော် ကာလသုံးပါး၌ ပြုဘွယ်အလုံးစုံကို ပြုလုပ်ခြင်း ဟူသမျှကို မှချအားဖြင့် ပရိကံပြုတယ်၊ ပရိကံပေးတယ်–ဟု တိုက်ရိုက်အနေ ခေါ်ဝေါ်အပ်ပေ၏။

ယခုတရားအားထုတ်ကြသော အခါကာလမျိုး၌ တရားအားမထုတ်မီ ရှေ့အဘို့ရာ အချိန်လောက်၌ ပြုဘွယ်မျိုးကိုသာ ပြုကြခြင်းကို ကေဒေသျုပစာ အားဖြင့် ပရိကံပြုတယ်ဟု ခေါ်ရပေသည်။ မဂ်ဇောမကျမီ ရှေ့အဘို့ရာ အချိန်ကာလ၌ ပြုသင့်သမျှပြုခြင်းသည် ပရိကံပြုခြင်းဖြစ်၍ သံယုတ် ဋီကာဆရာသည် ပရိကံဆိုတာနှင့် ပုဗ္ဗဘာဂဆိုတာ အတူတဲဟု ဖွင့်ဆိုခြင်း ဖြစ်၏။ အကြောင်း အဆင့်ဆင့် အကျိုး အသွယ်သွယ်ကို ထောက်ဆပါက ပရိကံပြုခြင်း၊ ပရိကံပေးခြင်းသည် ကျယ်ဝန်းများပြား၏။ ဥပမာ–လောကီကိစ္စတခုဝယ် လယ်ထွန်သည်ဆိုက လယ်မထွန်မီရှေ့အဘို့၌ လယ်ထွန်နိုင်ရန် ထွန်တုံး, ထွန်တံစသော ရှာမှီးမှု ဟူသမျှ သည် ပရိကံမည်၏။

မဂ်ပညာ ဖိုလ်ပညာတို့ကို ထောက်ဆပါက ရှေးအဘို့ရာ၌ ရှုပွားနေသော လောကီမဂ္ဂင် ဝိပဿနာ ဉာဏ်ဆယ်တန်တို့သည် ပုဗ္ဗဘာဂပရိကံပြုသည် မည်ကုန်၏။ တရားထိုင်တော့မည် ဆိုလျှင် တရား အားမထုတ်မီ ရေချိုးခြင်းစသော လူမှုရေးကိစ္စ၊ အိမ်မှုရေးကိစ္စ၊ ကျောင်းမှုရေးကိစ္စ၊

ဘုရားမှူရေးကိစ္စတို့နှင့်တကွ မေတ္တာပို့ခြင်း၊ အမိဋ္ဌာန်ခြင်း၊ အမိဋ္ဌာန်ပါရမီ ထူထောင်ခြင်း အဆုံးရှိကြကုန်သော ပြုမှု အလုံးစုံတို့၏ ပရိကံပြုခြင်း၊ ပရိကံပေးခြင်းဟု ခေါ်ဝေါ် ရ၏။ ဝိနည်း ဒေသနာတော် အလိုအားဖြင့် ပုဗ္ဗကရဏ ပုဗ္ဗကိစ္စတို့ကိုပြုခြင်းဟု ခေါ်ဝေါ်ပေသည်။

ထို့ကြောင့် နေတ္တိဋ္ဌကထာသစ်၌ ကတပုဗ္ဗကိစ္စဿ ပထဝီ ကသိဏာဒိသု သဗ္ဗပထမံ ပထဝီတိ အာဒိနာ ပဝတ္တမနသိ ကာရော-ဟု ဒေသနာဟာရ ဝိဘာဂဝဏ္ဏနာ၌ ဖွင့်ဆို အပ်ပြီ၊ အမိပ္ပါယ်မှာ ပြုအပ် ပြီးသော ပုဗ္ဗကိစ္စ ရှိသော ယောဂီပုဂ္ဂိုလ်အား ပထဝီကသိုဏ်းအစရှိသော အားထုတ် အပ်သော တရားအာရုံတို့၌ ပထဝီ အစရှိသဖြင့် ဖြစ်သော နှလုံးသွင်းခြင်းကို ပြုအပ်၏။

ထို့ကြောင့် ပရိကံပြုခြင်း၊ ပရိကံပေးခြင်းဟု ခေါ်မှဲ့ အစား ပုဗ္ဗကရဏပြုခြင်း၊ ပုဗ္ဗကိစ္စ ပြုခြင်းဟု ခေါ်လျှင် ဋီကာနှင့်ညီညွတ်၏။ ပါဠိတော်နှင့်လည်းညီညွတ်၏။

အတိတ်ကုသိုလ်ကံ ဖြစ်စေ၊ ပစ္စုပ္ပန်ကုသိုလ်ကံ ဖြစ်စေ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဖြစ်စေနိုင်သော မဂ်မျိုးစေ့၊ ဖိုလ်မျိုး စေ့ တိဟိတ်ကုသိုလ်မျိုးသာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ ဖြစ်၏။ အပူဇော်ခံ အာရုံ မြင့်မြတ်ခြင်း ဝိဝဋ္ဋနိဿိတ ကုသိုလ်စေတနာ ကျရောက်ခြင်းသည် ပုဗ္ဗေစကတပုညတာ မင်္ဂလာအောင်မြင်ကြောင်းဖြစ်၏။

ထို့ကြောင့် အဋ္ဌကထာ၌-

သော တေနေဝ ကုသလမူလေန ဝိပဿနံ ဥပ္ပါ ဒေတွာ အာသဝက္ခယံ ပါပုဏာတိ-ဟု ဖွင့်၏။

သော၊ထို တိဟိတ်ကုသိုလ်ကံရှင်သည်။တေနေဝကုသလ မူလေန၊ ထိုဖြည့်ဆည်းခဲ့ ဘူးသော တိဟိတ်ကံကြောင့်သာ လျှင်။ ဝိပဿနံ၊ ဝိပဿနာဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ ၍။ အာသဝက္ခယံ၊ အာသဝေါတရားကုန်ခြင်းသို့။ ပါပု ဏာတိ၊ ရောက်၏။

အကျဉ်းချုပ် အားဖြင့် ပစ္စုပ္ပန် ဘဝ၌လည်း အမှုကိစ္စ တခုခုပြုကြရာ၌ ကောင်းတာဟူသမျှကို ကြိုတင်၍ ပြုလုပ် ပြောဆိုကြိုစည်စိတ်ကူးမှု အားလုံးတို့သည် ပုဗ္ဗေစ ကတ ပုညတာမင်္ဂလာမည်၏။ ခရီးသွားလိုသူသည် ခရီးမသွားခင် ဘေးရန်အန္တရာယ်မှ ကင်းဝေးရန်ကို ရည်ရွယ်၍ အလှူ အတန်းပြုလုပ်ခြင်း၊ ဆွမ်းကျွေးခြင်း၊ အမျှအတန်း ပေးဝေ ခြင်း၊ မိဘ-ဆရာ, ရတနာသုံးပါး တို့ကို ရိုရိုသေသေ ကန်တော့ခြင်း၊ မေတ္တာပို့သခြင်း အစရှိသည် တို့သည် ပစ္စုပ္ပန်၌ ပုဗ္ဗေစ ကတပုညတာမင်္ဂလာကို ပြုသည်မည်၏။

တရား ယောဂီ ပုဂ္ဂိုလ်တို့၏ တရား မထိုင်ခင် ပုဗ္ဗ စေတနာဇော ကျရောက်အောင် ပြုလုပ်ပြောဆို စိတ်ကူး နေထိုင်ခြင်း များသည် ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ မည်၏။ ဥပမာ-ငါတော့ တရားအားထုတ် တော့မည်၊ တရား အားမထုတ်ခင် တရားအားထုတ်နိုင်ရန် ကြောင့် ကြမှု မဖြစ်ရအောင် ရည်ရွယ်၍ ကုသိုလ်ပြုခြင်း မျိုးသည် ပုဗ္ဗေစကတပုညတာမင်္ဂလာဖြစ်၏။

မေတ္တာပို့ခြင်း၊ သေခြင်း တရားကို အောက်မေ့ခြင်း၊ အသုဘ ဘာဝနာဆင်ခြင် ပွားများခြင်းသည် ပုဗ္ဗေစ ကတ ပုညတာလည်းမည်၏။ ပုဗ္ဗဘာဂမဂ္ဂင်ကို ထူထောင်သည်

လည်းမည်၏။ ပရိကံပြု သည်လည်းမည်၏။ ပဋိကံပြုခြင်း၊ ပရိကံပြုခြင်းသည် အတူပင်-ဟု မှတ်ပါ။ (ဝိနည်းမဟာဝါ ပါဠိတော်)။

အကျဉ်းချုပ်ဆောင်ပုဒ်

၁။ ကာလသုံးသွယ် ပြုဘွယ်ကိစ္စ ပြုသမျှကို မုချ အလို ပရိကံဆို၏။

၂။ ရှေ့အဘို့ရာ ပြုဘွယ်ကိစ္စ ပြုသမျှသာ တင်စားတဖန် ခေါ်ဝေါ်ပြန် ပရိကံမည်တော့၏။

၃။ အတိတ်ပစ္စုပ္ပန် နှစ်တန်နှစ်ဝ ရှေးကကြိုတင် ပြုပြင်သမျှ ကောင်းသမျှတွေ ကောင်းအနေဖြင့် ပြုလေသမျှ ပုဗ္ဗေစ မင်္ဂလာ ပြုသည်သာတည်း။

သုတ္တန်ဒေသနာတော် အလို အားဖြင့် ပုဗ္ဗေစကတ ပုညတာ မင်္ဂလာကို ပြုသည်မည်၏။ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာကို သုတ္တနိပါတ်အဋ္ဌကထာ ဒုတိယအုပ် စူဠဝဂ်၌ ရှေးဘဝဟောင်းများက ပြုလုပ် ဆောင်ရွက်ခဲ့ ဘူးသော အပြု အမူ အရာ စေတနာကံကိုသာ ဖွင့်ဆို၏။ ပစ္စုပ္ပန်ကံ စေတနာအတွက် ဖွင့်ဆိုချက် မပါကုန်။ ပစ္စုပ္ပန် ဘဝ၌ ကောင်းသော ကြိုတင်ဆောင်ရွက်ခြင်း ဟူသမျှသည်လည်း ပုဗ္ဗေစ ကတပုညတာ မင်္ဂလာပြုသည်မည်၏။ (အာစရိယ ဝါဒ)။

## မင်္ဂလာ အဆုံး အဖြတ်

သုတ္တန်နိပါတ်အဋ္ဌကထာ၌ အတီတဇာတိယံ-ဟု ဖွင့်ခြင်းသည် အတိတ်ဘဝဟောင်းများက တိဟိတ် မျိုးစေ့ကံ

ထူထောင်ဘူးသော ပုဂ္ဂိုလ်မျိုးသာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာရှိသူဟု မှတ်ယူသင့်သည်။ ထိုအယူအဆမျိုး မယူပါလျှင် ပဋ္ဌာနသစ္စသံခေပ အဋ္ဌကထာအဖွင့်နှင့် ဆန့်ကျင်မည်။ ပဋ္ဌာနသစ္စသံခေပ အဋ္ဌကထာ၌ တိဟိတ်ပုဂ္ဂိုလ်မျိုးသာ-

ပတိရူပဒေသဝါသစက်။

ပုဗ္ဗေစ ကတပုညတာစက်။

သပ္ပုရိသူပနိဿယစက်။

အတ္တသမ္မာပဏိဓိစက်။

တိဟိတ်ကုသိုလ်ကံ ပြုစုထူထောင်ခဲ့၍ အထက်ပါစက်လေးပါး ပြည့်စုံရရှိနိုင်ပုံကို ပဋ္ဌာနသစ္စသံခေပ အဋ္ဌကထာ ပဌမအုပ် ဆဋ္ဌမူ စာမျက်နှာ ၂၇၂-၌ အဖွင့်ရှိ၍ သုတ္တနိပါတ် အဋ္ဌကထာ၌ အတိတ် ဘဝ များက တိဟိတ်ကုသိုလ်ကံမျိုးသာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာဟု ယူရန် ဖွင့်ဆို၏။

ဤယခု ပရိကံပြုသောအခိုက်၌ ဖြစ်ပေါ်သောစေတနာ သည်လည်း တိဟိတ် ကုသိုလ်ကံမြောက်အောင် ပြုသူသာ ပစ္စုပ္ပန်ဘဝ၌ ပုဗ္ဗေစ ကတပုညတာမင်္ဂလာပြုသည်မည်၏။ (ခဲယဉ်း၏)။

သို့ဖြစ်၍ သုတ္တနိပါတ် အဋ္ဌကထာဝယ်-

ပုဗ္ဗေ ကတပုညတာနာမ အတီတ ဇာတိယံ ဗုဒ္ဓ ပစ္စေကဗုဒ္ဓခီဏာသဝေ အာရဗ္ဘ ဥပစိတ ကုသလတာ၊ သာပိမင်္ဂလံ-

ဟူသော အဖွင့်၌ အတီတဇာတိယံ ပစ္စုပ္ပန္နဇာတိယံဝါ ဟု ဝိကပ္ပနတ္ထဝါကျ ထည့်စွက်၍ အနက်ယူပါက ပြည့်စုံ

လုံလောက်သော အနက်အဓိပ္ပါယ်ရှိ၍ သင့်လျော်သော ဖွင့်ဆိုခြင်းသာ ဖြစ်ပေသည်။

အထက်ပါဖွင့်ပြခဲ့ပြီးသည့်အတိုင်း သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ခေါ်တဲ့ ဗုဒ္ဓါနုဿတိဘာဝနာ၊ မေတ္တာဘာဝနာ မရဏာနုဿတိဘာဝနာများကို ရှုပွား ဆင်ခြင်ပြီးသော နောက်ကာလ၌ ပါရိဟာရိယ ကမ္မဋ္ဌာန်းကို ပွားများရန် အချိန်ရောက်လာပေပြီ။

ယောဂီမေး။ ။အဘယ့်ကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ခေါ်ပါသနည်း။

ဖြေ။ ။ ရပ်နာမ်သင်္ခါရရှိသော သတ္တဝါမျိုးစုံနှင့် ဆက်ဆံ၍ စရိုက်မျိုးစုံရှိသော ပုဂ္ဂိုလ်အများစု ပွားရှုအပ်သော ဘာဝနာမျိုးဖြစ်၍ မေတ္တာ ဘာဝနာ မရဏာနုဿတိတို့သည် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းခေါ်၏။

ယောဂီမေး။ ။အဘယ့်ကြောင့် ပါရိဟာရိယကမ္မဋ္ဌာန်း ခေါ်ပါသနည်း။

ဖြေ။ ။အမြဲဆောင်အပ် အမြဲပွားများ အပ်သော ကမ္မဋ္ဌာန်းဖြစ်၍ ပါရိဟာရိယ ကမ္မဋ္ဌာန်းခေါ်၏။

ထို ပါရိဟာရိယ ကမ္မဋ္ဌာန်းကိုပင် မူလ ကမ္မဋ္ဌာန်းလို့လည်း အဋ္ဌကထာဆရာများဖွင့်ဆိုကြ၏။

ထို့ကြောင့် သဒါပရိဟာရိတဗ္ဗတော ရက္ခိတဗ္ဗတော ဘာဝေတဗ္ဗတောစ ပါရိဟာရိယန္တိ ဝုစ္စတိ၊ မူလကမ္မဋ္ဌာနန္တိ ပိတဒေဝ-ဟု အဋ္ဌကထာ ဖွင့်ဆိုသည်။

သဒါ၊ အခါခပ်သိမ်း အမြဲမပြတ်။ ပရိဟာရိတဗ္ဗတောစ၊ ဆောင်အပ် သောကြောင့်ရင်း။ ရက္ခိ တဗ္ဗတောစ၊ စောင့်

ရှောက် အပ်သောကြောင့်ရင်း။ ဘာဝေတဗ္ဗတောစ၊ ပွား များအပ် သောကြောင့်ရင်း။ ပါရိဟာရိယန္တိ၊ ပါရိဟာ ရိယကမ္မဋ္ဌာန်းဟူ၍။ ဝုစ္စတိ၊ သကတ်အားဖြင့် ခေါ်ဆို အပ်၏။ တဒေဝ၊ ထိုစရိုက် အားလျော်စွာ ရှုပွားရသော ပါရိဟာရိယ ကမ္မဋ္ဌာန်းကို သာလျှင်။ မူလကမ္မဋ္ဌာနန္တိပိ၊ မူလကမ္မဋ္ဌာန်းတရားဟူ၍လည်း။ ဝုစ္စတိ၊ ခေါ်ဝေါ်အပ်၏။

ယောဂီမေး။ ။ပါရိဟာရိယ ကမ္မဋ္ဌာန်းတရား ဟူသည် အဘယ်နည်း။

ဖြေ။ ။ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ အနုဿတိ ဆယ်ပါး၊ ခေတ်ကြီးလေးပါးတို့ ဖြစ်ကုန်၏။

ယောဂီမေး။ ။သဗ္ဗတ္ထက ကမ္မဋ္ဌာန်းနှင့် ပါရိဟာရိယ ကမ္မဋ္ဌာန်းနှစ်မျိုးတို့တွင် အဘယ် ကမ္မဋ္ဌာန်းတရားကို ရှေး ဦးစွာရှုပွား၍ အဘယ် ကမ္မဋ္ဌာန်းတရားကို နောက်မှ ရှုရ မည်နည်း။

ဖြေ။ ။သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကိုရှုပွားပြီးမှ ပါရိဟာရိယ ကမ္မဋ္ဌာန်းကိုနောက်မှ ရှုပွားရ၏။

ထို့ကြောင့် အဋ္ဌကထာကြီးတို့၌-

> တတ္ထ ယံပဌမံ သဗ္ဗတ္ထက ကမ္မဋ္ဌာနံ မနသိကရိတွာ
> ပစ္ဆာ ပါရိဟာရိယ ကမ္မဋ္ဌာနံ မနသိကရောတိ။

ဟု-ဖွင့်ဆို၏။

တတ္ထ၊ ထိုနှစ်မျိုးကုန်သော ကမ္မဋ္ဌာန်းတရား တို့တွင်။ ပဌမံ၊ ရှေးဦးစွာ။ သဗ္ဗတ္ထက ကမ္မဋ္ဌာနံ၊ မေတ္တာ ဘာဝနာ နှင့် မရဏာနုဿတိ-ဟူသော ကမ္မဋ္ဌာန်းတရား နှစ်ပါးကို။ မနသိကရိတွာ၊ နှလုံးသွင်းပြီး၍။ ပစ္ဆာ၊ နောက်ကာလ၌။

ပါရိဟာရိယကမ္မဋ္ဌာန်း၊ စရိုက်အားလျော်စွာ ပွားရသော အသုဘဆယ်ပါး,ကသိုဏ်းဆယ်ပါး, အနုဿတိဆယ်ပါး, ဓာတ်ကြီးလေးပါး ကမ္မဋ္ဌာန်းတရားကို။ မနသိကရောတိ၊ ကြိုက်နှစ်သက်သော ကမ္မဋ္ဌာန်း တရားကို နှလုံးသွင်း ပွားများရ၏။

ယောဂီအမေး။ ။အဘယ် အကျိုးငှာ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းတရားကို ရှေးဦးစွာပွားရပါသနည်း။

ဖြေ။ ။နီဝရဏ တရား ငြိမ်သက်သော ယောဂီသာ သမာဓိရ၍ ဝိပဿနာ ပညာဖြစ်နိုင်သောကြောင့် နီဝရဏ ငြိမ်သက်၍ သမာဓိရရန် သဗ္ဗတ္ထကကမ္မဋ္ဌာန်းကို ရှေးဦးစွာ ပွားရ၏။

ယောဂီမေး။ ။ဤလိုပင်ဘုရားသဗ္ဗညုဟော၏ဟု မှတ်ရအံ့လော။

ဖြေ။ ။ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ-ဟု နိကာယ်ငါးရပ်၊ ဝိဋကတ်သုံးသွယ်၌ နီဝရဏ ငြိမ်သူသာ ဝိပဿနာဉာဏ် အမြင်ရနိုင်ကြောင်းကို ပဟာနင် အနေအားဖြင့် အကြိမ်ကြိမ် အထပ်ထပ် ဟောကြားတော် မူခဲ့လေပြီ။

ယောဂီအမေး။ ။ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်များ ဖြစ်ပေါ်လာနိုင်ရန် သမာဓိတရား အမျိုးမျိုး ရှိနေ ရာတွင် အဘယ်သမာဓိ ပြည့်စုံရရှိရပါသနည်း။

ဖြေ။ ။ဝိပဿနာဉာဏ် ဖြစ်နိုင်ရန် အတွက် ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ ဆိုသော သတိပဋ္ဌာန်

ပါဠိတော်အရေပ်ရပ်၌လာသော ဘုရားရှင်စကားနှင့် အညီ နိဝရဏငြိမ်းပျောက်နိုင်သော ကိလေသာ ရန်သူတို့ကို ညှိမ် ဝပ်ငုပ်လျှိုး မြုံနေအောင် ပြုစွမ်းနိုင်သော အပ္ပနာသမာဓိ သို့မဟုတ် ဥပစာရ သမာဓိပြည့်စုံမှုရှိရမည်၊ ခဏိကသမာဓိ ဆိုပါက ဥပစာရသမာဓိနှင့် ညီမျှသော ခဏိကသမာဓိမျိုး ဖြစ်ရမည်။

ယောဂီအမေး။ ။သမာဓိ ရှိသူအား ဝိပဿနာ ပညာ ဖြစ်တယ်ဆိုလျှင် သမာဓိ ဖြစ်နိုင်ကြောင်းတရား အဘယ် နည်း။

၁။ စိတ်ချမ်းသာခြင်း။
၂။ ကိုယ်ချမ်းသာခြင်း။
၃။ စားသောက်ဘွယ် ပြည့်စုံ၍ ချမ်းသာခြင်း။
၄။ နေရာထိုင်ခင်းပြည့်စုံ၍ ချမ်းသာခြင်း။
၅။ သဘောတူ အပေါင်း အသင်းရှိ၍ ချမ်းသာခြင်း။

အထက်ပါ အကြောင်း ငါးပါးသည် သမာဓိ ဖြစ် ကြောင်းတရားဟု ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ (၂၀၇)၌ ဖွင့်ဆို၏။

ယောဂီအမေး။ ။သမာဓိ တရား၏ အနှောင့် အရှက် ဘေးရန်ကား အဘယ်နည်း။

၁။ အတိတ်စိတ်ကျနေခြင်း။
၂။ အနာဂတ်စိတ်ကျနေခြင်း။
၃။ ဆုတ်နစ်သောစိတ် ဖြစ်ပေါ်နေခြင်း။
၄။ တက်ကြွသောစိတ် ဖြစ်ပေါ်နေခြင်း။

၅။ သမာဓိပညာတရားတို့ကို အလွန်လိုချင်သောစိတ် ဖြစ်နေခြင်း။

၆။ တရားအာရုံ၌ မဝင်စားသောစိတ် ဖြစ်နေခြင်း။

ဤ ခြောက်ပါးသော တရားသည် သမာဓိ ပျက်စီးကြောင်းတရားများ ဖြစ်ပေကုန်၏။

ချဲ့၍ပြပါဦးအံ့-

၁။ ထွက်လေ ဝင်လေနောက်သို့အစဉ်လိုက်၍ အတိတ်စိတ်ကျရောက်နေသော ယောဂီသည် လေတိုးထိရာ နှာသီးဖျားအထက် နှုတ်ခမ်းဖျား၌ စိတ်မနေတော့ဘဲ ဟိုရောက်ဒီရောက် ပျံ့လွင့်နေခြင်းသည် သမာဓိတရား၏ ဘေးရန်ပေါ်နေသူမည်၏။

၂။ နှာသီးဖျား၊ အထက်နှုတ်ခမ်းဖျားများသို့ မရောက်လာသေးသောလေကို မြှော်လင့်တောင့်တသော စိတ်မျိုးသည် တုန်လှုပ်သည်ဖြစ်၍ သမာဓိတရား၏ဘေးရန်ဖြစ်၏။

၃။ စိတ်မထက်သန်ဘဲ တွန့်ဆုတ်နေခြင်းသည် ကြာမြင့်သော် ပျင်းရိလာ၍ သမာဓိတရား၏ ဘေးရန်ဖြစ်၏။

၄။ တရားကို အားထုတ်လွန်း၍ တက်ကြွ နေသော စိတ်ဓာတ်သည် ခုန်တက် ပျံ့လွင့်မှု ဥဒ္ဓစ္စကြောင့် သမာဓိဘေးရန်ဖြစ်၏။

မှတ်ချက်။ ။တရားအာရုံ ပေါ်၌ စိတ် မဝင် စား ဘဲ အေးစက်စက် ဖြစ်နေ၍ တရားအားထုတ်လို့လည်း မဖြစ်၊ အပြင်းအထန်အားထုတ်ပြန်လည်း ဥဒ္ဓစ္စဖြစ်

မှုကြောင့် စိတ်ကို မတ္တမ ပဋိပဒါ ကျကျ အလယ်
အလတ်တန်းစား အားထုတ် ပွားများ နေသူသာ
သမာဓိဝင် ပညာမြင်ဖြစ်နိုင်၏။ (သတိပြုပါ)။

၅။ ဤရက်အတွင်း, ဤလအတွင်း, ဤနှစ်အတွင်း၌ပင် မရမနေ သမာဓိ တရားကို ရအောင် အားထုတ်မည်။ ဝိပဿနာဉာဏ်ရအောင် ကြိုးစားမည်။ တရားထူး ရရှိစေရမည်ဟု ကြိမ်းဝါး၍ အလွန်လိုချင်သောစိတ်ဖြင့် ကြိုးစားပါက မိမိလိုချင်တဲ့တရားမရဘဲ တဏှာ လောဘသာ ဖြစ်ပေါ်ရရှိနေခြင်းသည် သမာဓိတရား၏ ဘေးရန်ဖြစ်ပေ၏။

ဥပမာပုံစံကိုထုတ်ပြရသော် ရှင်အာနန္ဒာကဲ့သို့ နိဝရဏတရားဝင်နေသည်ဟူလို။

၆။ စိတ်ပျက်၍ တရားအာရုံ၌ မညွတ်ကိုင်းသောစိတ်မျိုးသည် ဒေါသစိတ်ဖြစ်၍ သမာဓိဘေးရန်ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသော စိတ်ဓာတ်ခြောက်မျိုးသည် တည်ကြည်မှုသမာဓိကို ပျက်ပြား ဆုတ်ယုတ်စေနိုင်၍ တရားထိုင်စဉ် အနှောင့်အရှက် ဘေးအန္တရာယ် ပြုနိုင်သော စိတ်မျိုး မဖြစ်ရအောင် ကြီးမားသောသတိဖြင့် တရားယောဂီတို့၏ စိတ်ဓာတ်ကို စစ်ဆေး၍ပြုပြင်ပေးရသည်။ ပြုပြင်ပေးကြ၍ ဝိပဿနာ အားထုတ်ပါ။

ဆောင်ပုဒ်။ ။တိတ်, နာ, တွန့်, ကြိုး၊ ညွတ်စိတ်မျိုးနှင့်၊
တမျိုးရှောင်ခွါ၊ ခြောက်ဖြာစိတ်တရား၊ ဖြစ်ပေါ်
ငြားက၊ ပျက်ပြား ဘာဝနာ။

## ပစ္စုပ္ပန်ကျကျ ဝိပဿနာရှုရပုံ

ဤ ဆိုအပ်ခဲ့ ပြီးသော သမာဓိ တရား၏ ဘေး အန္တရာယ်ခြောက်မျိုးတွင် အတိတ်စိတ်နှင့် အနာဂတ်စိတ် များသည် အထူးအားဖြင့် တရားအာရုံကို ပျက်ပြား ဆုတ် နစ်စေတတ်၍ ဘုရားရှင်သည် ဥပရိပဏ္ဏာသ ပါဠိတော် ဘဒ္ဒေကရတ္တသုတ္တန်၌ ပစ္စုပ္ပန်တရားအာရုံ ပစ္စုပ္ပန် ကာလ အခိုက် ပစ္စုပ္ပန်ကျကျသာ တရားရှုရန်အတွက် နည်းပေး လမ်းပြလို၍–

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထတတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံဝိဒွါ မနုဗြူဟယေ။

ဟု ဟောကြားတော်မူလေပြီ။

ယော ဝိဒွါ၊ အကြင် ပညာရှိသည်။ ပစ္စုပ္ပန္နံ၊ ဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌ ဖြစ်သော။ ဓမ္မံ၊ တရားအာရုံကို။ တတ္ထ– တတ္ထ၊ ထိုထိုခဏ ထိုထို တရားအာရုံတို့၌။ ဝိပဿတိ၊ ဝိပဿနာ ရှုပွား၏။ သော ဝိဒွါ၊ ထိုပညာရှိသည်။ အသံ ဟီရံ၊ တဏှာဒိဋ္ဌိ တို့သည် မဆွဲငင်အပ်သော။ အသံကုပ္ပံ၊ ပျက်စီးချုပ်ပျောက်ခြင်း မရှိသေးသော။ တံ၊ ထိုဝိပဿနာ ဉာဏ်ကို။ အနုဗြူဟယေ၊ ကြိမ်ဖန်များစွာ ပွားများရာ၏။

ဆောင်ပုဒ်။ ။ပစ္စုပ္ပန်ခိုက်၊ ရှုပွားစိုက်၊ ရှောင်လိုက်တိတ် နာဂတ်။

ဖြစ်ပြီးသောအတိတ် အာရုံစုကို မအောက်မေ့ရ။ ဖြစ် လတ္တံ့သော အနာဂတ် အာရုံကိုလည်း မမြော်မှန်း၍ ဖြစ် ပေါ်ဆဲ ပစ္စုပ္ပန်အာရုံကိုသာ စိတ်ကျရောက်ခါ ရှုပွားနေ

ပါလျှင် အဘိဓမ္မာနည်း သမ္မပ္ပဓာန် လုံ့လ ဝီရိယလေးပါးနှင့် ညီညွတ်၍ တရား အားထုတ်ခိုက်မှာ အတိတ်စိတ်၊ အနာဂတ်စိတ်မှ ကင်းကွာမှုကြောင့် ဉပါဒါန် လွတ်နေသောအခါ ဝိပဿနာတရား အာရုံပေါ်၌ သမာဓိဝင်၍နေပေသည်။ သမာဓိဝင်နိုင်အောင် တရားအားထုတ်စဉ် အမျိုးမျိုး ပြောင်းလွဲ နေသော စိတ်ရိုင်းကို အထိုက်အလျောက် ပြုပြင် ပေးရ၏။ ပြုပြင်နိုင်အောင် ခိုင်မာသောစိတ်၊ ထက်သန်သောစိတ် ရှိရပေ၏။

မပြုပြင်ပါက သမာဓိ၏ ညစ်ညူးကြောင်း ဘေးရန်အန္တရာယ်တွေ တဖွားဖွားပေါ်နေ၍ သမာဓိတရား ပျက်ပြားပေလိမ့်မည်။

ထိုကြောင့်–

အတီတာနုဓာဝနံ စိတ္တံ အနာဂတ ပဋိကာင်္ခနံ လီနံ အတိပဂ္ဂဟိတံ အဘိနတံ အပနတ္တံ စိတ္တံ နသမာဓိယတိ၊ ဆဠေတေ ဉပက္ကိလေသာ အာနာပါနဿတိ သမာဓိဿ ယေဟိ ဉပက္ကို လိဋ္ဌသက်ပ္ပော အဓိစိတ္တံ နပ္ပဇာ နာတိ။

ဟု ပဋိသမ္ဘိဒါမဂ် အာနာပါနဿတိ ကထာ ၁၆၅-၌ ရှင်သာရိပုတ္တရာမထေရ်မြတ် ဟောကြားတော်မူသည်။

အတီတာနုဓာဝနံ၊ အတိတ်အာရုံသို့ အစဉ်လိုက်သောစိတ်သည်ရင်း။ အနာဂတပဋိကာင်္ခနံ၊ အနာဂတ် အာရုံသို့ မျှော်လင့်တောင့်တသော။ စိတ္တံ၊ စိတ်သည်ရင်း။ လီနံ၊ တွန့်ဆုတ်သော။ စိတ္တံ၊ စိတ်သည်ရင်း။ အတိပဂ္ဂဟိတံ၊ အလွန်

ချီးမြှောက် အပ်သော။ စိတ္တံ၊ စိတ်သည်ငှင်း။ အဘိနတံ၊ အာရုံသို့ အလွန် ညွတ်ကိုင်းသော။ စိတ္တံ၊ စိတ်သည်ငှင်း။ အပနတံ၊ ဖဲခွါသော။ စိတ္တံ၊ စိတ်သည်ငှင်း။ နသမာဓိယတိ၊ မတည်ကြည်။ တေဆ၊ ဤဘေးရန်အန္တရာယ် စိတ်ခြောက်မျိုးတို့သည်။ အာနာပါနဿတိ သမာဓိဿ၊ ထွက်လေဝင်လေကို အောက်မေ့အမှတ်ရသော သတိနှင့် ယှဉ်သော သမာဓိ၏။ ဥပက္ကိလေသာ၊ ညစ်ညူး ကြောင်းဥပက္ကိလေသ ဘေးရန်တို့ပင်တည်း။ ယေဟိ၊ အကြင်ဥပက္ကိလေသ ဘေးရန်တို့ဖြင့်။ ဥပက္ကိလိဋ္ဌသက်ပွေ ါ၊ ညစ်ညူးသောအကြံအစည်ရှိသော ပုဂ္ဂိုလ်သည်။ အဓိစိတ္တံ၊ လွန်ကဲထူးမြတ်သော စိတ်ဟု ဆိုအပ်သော သမာဓိ တရားကို။ နပ္ပဇာနာတိ၊ မျက်မှောက် ကိုယ်တွေ့ အားဖြင့် မသိနိုင်မရနိုင်။

သမာဓိ၏ အနှောင့်အယှက် အန္တရာယ် အမျိုးမျိုး ဖြစ်သောစိတ်ဖြစ်ပုံ အကျယ်သိလိုပါက ပဋိသမ္ဘိဒါမဂ် ပါဠိတော် အာနာပါနကထာ၌ ကြည့်ရှုနိုင်ပါသည်။

စိတ်ပြုပြင် ပြောင်းလွဲနည်းကို သိရှိနားလည် လိုပါက ယုဂနဒ္ဓကထာကို ကြည့်ရှုကြ၍ အားထုတ်ပါလျှင် သမာဓိ ပညာညီမျှရုံသာမက ဣန္ဒြေငါးပါးညီမျှ၍ မဂ်ဉာဏ် ရနိုင်ပါသည်။ ဣန္ဒြေမညီမျှပုံနှင့် ဣန္ဒြေညီမျှအောင် မပြုလုပ်နိုင်သော တရားပြဆရာဆိုက ယောဂီ တပည့် တို့အား မဂ်ဖိုလ်ချမ်းသာကို ရောက်အောင် ပို့နိုင်သည်ဟု အထင်ရောက်နေ သော်လည်း မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာကို ရအောင်၊ ရောက်အောင်မပို့ဆောင်စွမ်းနိုင်ချေကုန်။

## (ခ) သမထဝိပဿနာ ယုဂနဒ္ဓနည်း တရားရှုရန်

ဤသို့အားဖြင့် သမာဓိ တရား၏ ဘေးရန် အနှောင့် အရှက်တရားများကို ပရိကမ္မဘာဝနာ တရားဖြင့် အထိုက် အလျောက် ပယ်ရှားနိုင်သောယောဂီပုဂ္ဂိုလ်သည် ပါရိဟာ ရိယကမ္မဋ္ဌာန်းတရား များစွာရှိရာတွင် တရားအားထုတ်စ ဖြစ်သော ယောဂီပုဂ္ဂိုလ် ဖြစ်ပါက ရုပ်ပိုင်း ဆိုင်ရာ ကမ္မ ဋ္ဌာန်းကို ရှေးဦးစွာ ရှုပွားသင့်၏။ ရှုပွားရမည်၊ ရှုပွား ပါလေ။

အကြောင်းသော် ဝတ္ထုအာရုံ ထင်ရှားမှ နာမ်အာရုံ ထင်ရှားနိုင်သောကြောင့် ဝတ္ထုအာရုံဖြစ်တဲ့ ရုပ်ကမ္မဋ္ဌာန်း တရားကို ရှေးဦးစွာ ပွားများကြ ပါလျှင် ပါဠိတော်နှင့် ညီညွတ်မှန်ကန်၏။

### (ခ-၁) လုပ်ငန်းစဉ်

အာနာပါန သမာဓိကို ရှေးဦးစွာ အခြေခံရှုပွား ရခြင်း။

ကာယာနုပဿနာ အတွင်းဝင် ဖြစ်တဲ့ ပေါ်ခိုက် ရုပ်ကို ရှုရခြင်း။

အာနာပါနထွက်လေဝင်လေကို အမြဲသတိကပ် ရှုမှတ် နေသောယောဂီသည် သမာဓိတရား၏ အထိုက်အလျောက် အားကောင်းလာပြီ ဖြစ်၍ ဝင်လေ ထွက်လေ တရားတို့၏ အစ၊ အလယ်၊ အဆုံး ထင်ရှားလာသော အချိန်အခါ၊ ထင် ရှားနေသောအချိန်အခါမျိုး၌ ခံစားခြင်းသဘော ဟူသော ဝေဒနာနာမ်ကို ရှုပွားရန်သင့်၏။ တွေ့ထိခြင်း၊ ခံစားခြင်း၊

မှတ်ခြင်း၊ ကြံစည်ခြင်းစသော နာမ်တရားတို့ကို ရှုပွားနိုင်သောအချိန်အခါမျိုးဖြစ်သည်။
(ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်)။ ။

## (ခ-၂) လုပ်ငန်းစဉ်

ထို့ကြောင့် သမာဓိတရား အလတ်တန်းစား အခြေအနေသို့ ရောက်ရှိသောယောဂီပုဂ္ဂိုလ်သည်-

ကာယာနုပဿနာ တဆဲ့လေးပါးတွင် တပါး အဝင်အပါဖြစ်သော အာနာပါန သမာဓိကို ပရိကမ္မဘာဝနာ ပရိကမ္မသမာဓိအနေဖြင့် ရှေးဦးစွာရှုပွားရခြင်း။

တရား ရှုပွားနေသော ယောဂီပုဂ္ဂိုလ်၌ ဖြစ်ပေါ်လာသော ခတ်ဖောက်ပြန်မှု ကာယာနုပဿနာ ဘာဝနာကို ရှုပွားနေခိုက်မှာ ပြင်းထန်လွန်းသော မခံသာမှု ဝေဒနာ အားကြီးလာပါလျှင် စိတ်သက်သာမှု ချမ်းသာသုခ ဖြစ်အောင် အာနာပါန သမာဓိအာရုံသို့ လွှဲပြောင်း ရှုပွားရသည်။

ဤသို့အားဖြင့် ဖောက်ပြန်မှုခတ်ဝေဒနာ မချုပ်သေးသမျှ အချိန်ကာလ အတွင်း၌ သမာဓိအာရုံ ပညာအာရုံတို့ကိုညီမျှအောင်ပြု၍ ရှုပွားကုန်ရာ၏။

၎င်း၍ပြပါဦးအံ့-အာနာပါန ထွက်လေ ဝင်လေသမာဓိအာရုံ၌ ခတ်ဖောက်ပြန်မှုနှင့် ခံစားနေပုံဝေဒနာ အာရုံနှစ်ပါးတို့ကို အစုံအစုံအညီအမျှပြု၍ ယောဂီ၏ သမာဓိအခြေခံ ပြည့်စုံရရှိသလောက် ဉာဏ်သက်ရောက်၍ ဖောက်ပြန်ပုံသဘော ခံစားပုံသဘောတို့ကို ကွဲပြားစွာရှုပွားနိုင်ပါလိမ့်မည်။

ဖောက်ပြန်တဲ့ခေတ်အာရုံကိုစွဲမှီ၍ ပြင်းထန်သော မခံသာမှုဝေဒနာကို သည်းခံရှုနိုင်ရ၏။ မခံသာမှု ဒုက္ခ ဒုက္ခဝေဒနာကြမ်းကြီး ငြိမ်းခအေးသွားရန် အာနာပါန ထွက်လေဝင်လေ သမာဓိအာရုံကို ဝေဒနာပညာ အာရုံနှင့်ကိုက်ညီအောင် အခြေအနေအလိုက် အလျော့ အတင်း ရှုရှိက်တတ်ဘို့ရန် အထူးပင်လိုပေ၏။ လေကို ရှုရှိက်တတ်ပါလျှင် မခံသာမှု ဝေဒနာကြမ်းကြီးသည် ချုပ်ငြိမ်း ကွယ်ပျောက်၍ ခေတ္တ ခဏလောက် ချမ်းသာခြင်းသို့ ရောက်ပေ၏။ တိဟိတ်မဟုတ်ပါက ဤတွင်ရပ်တန့်နေတတ်၏။

ဤသို့အားဖြင့် အကြိမ်ကြိမ် အဖန်ဖန် တလှဲ့ တပြန်စီ သမာဓိအာရုံ၊ ပညာအာရုံများကို အစုံအစုံပြု၍ ရှုပွားဖန်များလာသော ယောဂီ သူမြတ်တို့အား ရင့်သန် ခိုင်မာလာသော အချိန်အခါ၌ သမာဓိဝင် ပညာမြင် ယောဂီအကြီးစား အဆင့်သို့ ကူးပြောင်း ရောက်လာနိုင်ပေကုန်သည်။ ဤအခြေအနေသို့ ရောက်လာရန်သည် အတိတ်ဘဝကလေ့လာ အားထုတ်ခဲ့ဘူးသော ပုဗ္ဗယောဂ ပြည့်စုံသော တိဟိတ်ပုဂ္ဂိုလ်တို့၏ အရာဌာနဖြစ်၏။

ဤသမာဓိပညာအစုံ ရှုပုံနည်းလမ်း များသည် စတုက အင်္ဂုတ္တိုရ်ပါဠိတော်နှင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော် အဋ္ဌကထာ တို့၌ ကျယ်ဝန်းပြည့်စုံစွာ ယုဂနဒ္ဓ ကထာအနေ အားဖြင့်အခန်းကြီးတခန်းဖွင့်လှစ်၍ ဟောကြားတော်မူပေသည်။

ထင်ရှားအောင် ဖွင့်ပြပါဦးအံ့–အာနာပါန ထွက်လေ ဝင်လေအာရုံသည် အားထုတ်ခါစ ယောဂီ၌ ထွက်လေသိ

ဝင်လေသိဟု အမြဲမပြတ် ဒလစပ်ရှုနေပါက အာရုံ၌သမာဓိ ခိုင်ခံ့လာ၍ သတိထင်မှုသည်လည်း အလွန် အားကောင်း လာတော့၏။

### အားကောင်းလာသော သတိ၏ အကျိုးငါးပါး

သတိနှင့် သမာဓိသည် အပြန်အလှန် အချင်းချင်း အညီ အညွှ ပစ္စည်းတပ်မှုကြောင့် ရှုပွားနေသော တရားအာရုံ၌ ကျေနပ် နှစ်သိမ့်၍ နေမှုကြောင့်–

၁။ ချမ်းသာစွာအိပ်ရခြင်း။
၂။ ချမ်းသာစွာနိုးလာခြင်း။
၃။ မကောင်းသော အိပ်မက်မှ ကင်းဝေးခြင်း။
၄။ နတ်များစောင့်ရှောက်ခြင်း။
၅။ သုက်လွှတ်မှု မရှိခြင်း။

အထက်ပါ ကောင်းကျိုး ငါးပါး ထင်ရှား လာ၏။ (ဝိနည်းမဟာဝါပါဠိတော်)သတိ အားကောင်းလာသော တရားယောဂီသည် ရှေ့သို့ဆက်လက်၍ ရှုပွား အားထုတ် ပါလျှင် တရားထူးရဘို့ရန်အတွက် များစွာ မြော်လင့်စရာ ရှိပေသည်။ သတိအားကောင်းလျှင် သမာဓိ ပညာလည်း အားကောင်းလာပေတော့၏။ ယောဂီ ပုဂ္ဂိုလ်တို့၌ သတိ အားကောင်းတယ်၊ မကောင်းဘူး ဆိုတာ မိမိဘာသာ သိနိုင်၍ စစ်ဆေးကြည့်ကြပါ။

### သတိရှိသူ အကျိုး ငါးပါး

ဆောင်ပုဒ်။ ။ချမ်းသာ အိပ်နိုး၊ မကောင်း ဆိုးမက်၊
ကင်းလျက်ရှောင်ခွါ၊ ဒေဝါနတ်များ၊ စောင့်ရှောက်

ပြြားနှင့်၊ ညစ်ကြေးသန့်စင်၊ ဤငါးအင်၊ ထင်လျှင်
သတိ ကောင်းကျိုးတည်း။

သတိ, သမာဓိနှစ်မျိုးစုံ အားကောင်းလာသော အခါ အသိစိတ်တမျိုး ပြောင်းလွဲ၍ ထွက်လေဝင်လေ အပေါ်၌ ပရမတ်အာရုံ ပညာအာရုံဖြစ်သော တွန်းကန် သဘော ထိသဘော ထိတာကိုသိတဲ့ သဘောတရားများကို ကြိမ်ဖန် များစွာ ရှုပွားလာနိုင်၏။ ရှုပွားနိုင်ကြောင်းမှာ ဥပစာရ သမာဓိ၏ စွမ်းရည်သတ္တိ တန်ခိုးကြောင့်ပင်တည်း။ အချိန် ကြာမြင့်စွာ ပရမတ်အာရုံ ရုပ်နာမ် သဘောတို့ကို ရှုပွား နိုင်သောအခါ အတွေ့အကြုံရှိသော ကမ္မဋ္ဌာန်းဆရာ ဖြစ် ပါက ယောဂီ သိမြင်နေသော ရုပ်နာမ် သဘာဝ အာရုံ အပေါ်၌ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် တရားများကို-

ရူမေဒွေဓမ္မာ သမ္မာဒိဋ္ဌိယာ သံဝတ္တန္တိ၊ ကတမေဒွေ ပရတော ဃောသောစ ယောနိသော မနသိ ကာရောတိ။

ဟူသော- ပါဠိတော်နှင့်အညီ သွန်သင်ပြသ၍ ယောနိ သောမနသိကာရခေါ်တဲ့ လက္ခဏာရေး သုံးပါးကို ရှုပွား နိုင်ရန် ဖြစ်ပေါ်နေသော ရုပ်နာမ်အာရုံ၌တင်၍ပေးရမည်။ တင်၍ရှုပါလေ။အလိုအလျောက် ထင်တယ်ဆိုတာ မှားမှန် နှစ်ပါးဖြစ်နိုင်သည်။ အမှန်ချည်း ဖြစ်လာခြင်းသာ ဉာဏ် မြင်ဖြစ်နိုင်၍ ဤဘဝ ဤသာသနာ၌ ပေါက်ရောက်လိုသော ယောဂီသည် ရုပ်နာမ် အာရုံပေါ်၌ အသိ ဉာဏ်ဖြင့်

ဆွဲဆောင်တင်ယူ၍ တရားရှုကြပါကုန်။ တင်၍ ရှုခြင်းသည် စာပေကျမ်းဂန်နှင့် ညီညွတ်၏။

ရုပ်နာမ်၏ဖြစ်ပျက် ဥဒယဗ္ဗယဉာဏ်ကိုတင်၍ မပေးရသဲ သမာဓိအရှိန်အဝါကြောင့် အလုပ်သဘောအရ ထင်လာ ရုံမျှသာ ယူဆပါက ဘုရားရှင်၏ သဗ္ဗညုတ ဉာဏ်နှင့် ဆက်သွယ်သော ပရမတ်အာရုံတရားတော်နှင့် သဗ္ဗညုတ ဉာဏ်ကိုပင် မထေလေးစား ပြုရာရောက်၏၊ (သတိပြုပါ) အခြား ဘာသာဝင်တို့နှင့် ဘာသာမဲ့ ပုဂ္ဂိုလ်တို့၌လည်း သမာဓိအလုပ်ကို ပွားများက ပရမတ် အာရုံတွေကို သိနိုင်၏ ဟူသောအပြစ်ဒေါသရောက်၏။

ဥပစာရ သမာဓိတရား ရှိသူတို့၌သာတင်၍ ရှုနိုင်၏၊ အထက်ပါ ထင်သောသတိနှင့် ဥပစာရ သမာဓိတရား တို့သည် ပုဗ္ဗပယောဂ ပြည့်စုံသော တိဟိတ်ပုဂ္ဂိုလ်တို့သာ ရနိုင်ကြကုန်၏။

သို့ဖြစ်၍ ခန္ဓာ, အာယတန, ဓာတ်တရားများကို ကွဲပြား သိရှိလိုသော ယောဂီ သူတော်စင်သည် ဆရာ့ထံမှာ လက္ခဏာရေးသုံးပါးနှင့်တကွ ခန္ဓာစသော တရားများကို သဘောတရား အနေအားဖြင့် သင်ယူ မှတ်သားပြီး၍ တရားထိုင်နေစဉ် ရုပ်နာမ်သဘော၌ လက္ခဏာရေးသုံးပါး ခန္ဓာစသောဘရားတို့ကို တင်၍ရှုပွားပါလျှင်—

"တိလက္ခဏံ အာရောပေတွာ"ဟု ဖွင့်ဆိုသော အဋ္ဌ ကထာစကားနှင့် ညီညွတ်ပေ၏၊ သိရှိ နားလည်သော ကမ္မဋ္ဌာန်းဆရာသည် ယောဂီပုဂ္ဂိုလ်၌ ပြည့်စုံ ရရှိနေသော သမာဓိ, ပညာတို့အားလျော်စွာ ရုပ်နာမ် သဘောတရား

တို့၌ လက္ခဏာရေးသုံးပါးတင်ရှုစေခြင်းစသောအမှုကိစ္စကို ပြုလုပ် စေရ ပေသည်၊ သမာဓိအာရုံပေါ်၌ ဘိန်းမှိန်း သကဲ့သို့ မှိန်း၍ချမ်းသာကိုချည်းသာ ခံစား၍မနေစေရာ ဆရာ၏တာဝန်ဖြစ်သည်။

ယောဂီ ပုဂ္ဂိုလ်ကလည်း ဆရာ၏ နည်းလမ်း ညွှန်ပြမှု အတိုင်း လိုက်နာရှုပွားပါလျှင် စိတ်ထင်ရုပ်နာမ်ဖြစ်ပျက်မှ ကင်းလွတ်၍ တကယ်မြင် တကယ်သိသော အဘိုးတန် ဝိပဿနာ ပညာစခန်းသို့တက်လှမ်းဆိုက်ရောက်၍ ရုပ်နာမ် အပုဓာတ်သိမ်းရာကို မြင်တွေ့ပေလိမ့်မည်။

## ခန္ဓာငါးပါးကိုတင်ရှုပုံ

အာနာပါန အားထုတ်နေသော ယောဂီသည် လေ ဓာတ်၏ အစ, အလယ်, အဆုံးကို သိရှိနားလည်သော အချိန်အခါ၌ ရုပ်တွင်မက နာမ်တရားကိုပင်ရှုစွမ်းနိုင်သော အခြေအနေရှိ၍ လက္ခဏာရေးသုံးပါးဖြစ်ပျက်အာရုံများကို ပိုင်းခြားရှုပြီးသော နောက်ကာလ၌ ခန္ဓာ, အာယတန, ဓာတ်တရားတို့ကို အဆင့်ဆင့်တက်၍ ရှုနိုင်သောယောဂီ၏ အရှုခံအာရုံဖြစ်သော ခန္ဓာကိုယ်ထဲက ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုအပေါ်၌ တင်းမှု တောင့်မှု ညောင်းမှုစသော ဖောက်ပြန်ခြင်း ရုပ်သဘောရှိပါက ခံစားခြင်းသဘော ရှိသော နာမ်ဝေဒနာစသောတရားတို့သည်လည်း သဘာဝ အတိုင်း ဖြစ်ပေါ်၍ ပျက်ကြ၏၊ ထို့ကြောင့် ဓာတ်ကြီး လေးပါး၌ ဖောက်ပြန်ခြင်း ရုပ်သဘောသည် ရူပက္ခန္ဓာ မည်၏၊ ရေမြုပ်ပမာ ဖောက်ပြန်၍နေတဲ့ရုပ်ကြီးကိုခံစားတဲ့

နာမ်ဝေဒနာသဘောသည် ဝေဒနာက္ခန္ဓာမည်၏၊ ဖောက်ပြန်မှုကို ခံစားနေရာ၌ ကိုက်တယ်, ထုံတယ်, ကျင်တယ်, ညောင်းညာတယ် စသည်ဖြင့် အမှတ်ပြုမှု သဘောသည် သညာက္ခန္ဓာမည်၏၊ ခံစားမှု အမှတ်ပြုမှုကို ပြုပြင်ပေးနေကုန်သော တွေ့ထိခြင်းစသော သဘောတရား အစုအဝေးကြီးများသည် သင်္ခါရက္ခန္ဓာမည်၏၊ ဖောက်ပြန်နေသော ရုပ်နာမ်ကို သိသိနေသော မနောဝိညာဏ် စိတ်သည် ဝိညာဏက္ခန္ဓာမည်၏။

ဤသို့အားဖြင့် ခန္ဓာငါးပါးကို ညာဏ်ဖြင့် သိရှိလာပြီးသော နောက်ကာလ၌ ခန္ဓာအနေ ရှုပွား နေခြင်းမှ တနည်းတဖုံ လွဲပြောင်း၍ ဆင့်ကဲဆင့်ကဲအားဖြင့် အနိစ္စကနေ၍ဒုက္ခ ဒုက္ခကနေ၍အနတ္တ အနတ္တကနေ၍ အသုဘအာရုံတိုင်အောင် သမာဓိခေတ်ခံအတိုင်း သဘာဝ ညာဏ်မြင်အသိစိတ် ကုဋေပေါင်း များစွာဖြင့် အကြိမ်ကြိမ်အထပ်ထပ်ဝိပဿနာရှုအပ်၏။

## မဂ်ညာဏ်ဝင်ပုံ

ဤသို့အားဖြင့် အသိစိတ်အမျိုးမျိုး ပြောင်းလွဲ၍ဖြစ်ပျက်မျိုးစုံကိုရှုနေခိုက်မှာ ဝိပဿနာသမာဓိ အရှိန်ကောင်းလာမှုကြောင့် ခေတ်ကြီးလေးပါး ခန္ဓာငါးပါး၌ အကြောင်းသမုဒယသစ္စာထိုက်သော ငါနာတယ်, ငါညောင်းတယ် စသော မိစ္ဆာအမှတ်သညာ ပေါ်လာ၏၊ မိစ္ဆာသညာကြောင့်သာ အမှတ်မှားမှု အခိုင်အမာဖြစ်၍ ငါသူတပါး ယောကျ်ား မိန်းမ ခြိပ်သဏ္ဌာန် မှတ်ထင်ပြီးလျှင် အသစ်

အသစ်ဖြစ်သော အကျိုးခန္ဓာတွေ တဖြစ်ထဲ ဖြစ်နေပါလားဟု အကျိုးခန္ဓာငါးပါးကို အဟုတ်အမှန်သိမြင်၏။

ဖောက်ပြန်သော မိစ္ဆာသည် ဒိဋ္ဌိ လိမ်နေမှုန်းကို ရုပ်နာမ်သိဉာဏ်ကြောင့်အဟုတ်အမှန်သိရှိလာပြီဆိုလျှင်နောင်လိမ်ခွင့် ဖြစ်ခွင့်မရတော့၍ အကျိုးဥပါဒါနက္ခန္ဓာ ချုပ်ခြင်းဟူသော နိရောဓဆိုက်၍ ရှုမှတ်နေခြင်း ဟူသော မဂ္ဂင်တရားနှင့်တကွ လေးအင်္ဂါသော သစ္စာကို အဟုတ်သိ အမှန်သိသိတော့၍ ရုပ်နာမ်၌ အသိဉာဏ်စိတ်တွေက တဖွားဖွားအားဖြင့် အမျိုးမျိုး ဖြစ်ပေါ်ပျက်ကြ ပြီးလျှင် ခတ်ကြီးလေးပါး ခံစားခြင်းနာမ့်တရားတို့၌ စွဲကပ်နေသော သမ္မာဒိဋ္ဌိအမြင်ဉာဏ်ဟူသော အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာတို့ကို ဉာဏ်ဖြင့်စွန့်လွှတ်နိုင်သော ယောဂီ သူမြတ်အား သောတာပတ္တိ မဂ်ဉာဏ် တိုင်အောင် ကောင်းကျိုးဆောင်နိုင်ပေ၏။

ဤသို့အားဖြင့် ခန္ဓာကနေ၍ လက္ခဏာရေး သုံးပါးကိုတင်၍ရှုပုံ ဖွင့်ဆိုချက်ပြီး၏။ အာယတန ဓာတ်သစ္စာကနေ၍ တင်၍ရှုပွားပုံများကို မြော်မြင်၍သိပါလေ။ ဥပစာရသမာဓိ အခြေခံရှိသော တိဟိတ်ပုဂ္ဂိုလ်တို့၌ လျင်မြန်စွာဝိပဿနာဉာဏ် မဂ်ဉာဏ်ပေါ်ပေါက် လာနိုင်သော စာပေသုံးနည်း လမ်းစနစ်မှန်ဖြစ်၏။

ဆက်၍ ပြပါဦးအံ့-ရုပ်နာမ်ဓမ္မ သင်္ခါရ အာရုံပေါ်၌ ခန္ဓာဖွဲ့ခြင်း၊ အာယတနဖွဲ့ခြင်း၊ ဓာတ်ဖွဲ့ခြင်း၊ သစ္စာပိုင်းခြား ရှုပွားခြင်းတို့ကို အသီးအသီး ပြုလုပ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတို့ကို တင်၍ ရှုခြင်းကို ဗုဒ္ဓမြတ်စွာ

လိုလားတော် မူခြင်းကြောင့် ကာလေန ဓမ္မ သာဝနံ ကာလေန ဓမ္မသာကစ္ဆာ ကာလေန သမ္မသနာ ကာလေန ဝိပဿနာဟု အစဉ်အတိုင်း မဂ်ဉာဏ်ဝင်နိုင်ပုံကို အင်္ဂုတ္တိုရ် ပါဠိတော်၌ ဟောကြားတော်မူပေ၏။

ဗုဒ္ဓမတညူအဋ္ဌကထာဆရာကြီးများကလည်း အထက်ပါ ပါဠိတော်လာ စကားအား လျော်စွာ ဥဂ္ဂဟပရိပုစ္ဆာ သဝန ဓာရဏ သမ္မသနဟု ဝိပဿနာကိုတင်၍ ရှုနိုင်ရန် အတွက် အချက်ငါးချက်ကို အစဉ်အတိုင်း ဖွင့်ပြကြကုန်၏။

ထိုဟောပြချက် ဖွင့်ဆိုချက်များကို ထောက်ဆ၍ ရုပ် နာမ်နှင့်စပ်သော ပရမတ်တရားတို့ကို ကြားနာခြင်း၊ ဆွေး နွေးခြင်း၊ သို့မဟုတ် သင်ယူခြင်း၊ မေးမြန်းခြင်း၊ ဆောင် ခြင်း၊ ရုပ်နာမ်ကို လက္ခဏာရေးတင်၍ သုံးသပ်ခြင်း၊ ရှုပွားခြင်းတို့ကို ယောဂီပုဂ္ဂိုလ်က ကြားဘူးနားဝ သင် ကြားမှုမရှိခဲ့သော် တရားပြပုဂ္ဂိုလ်သည် ယောဂီတို့၌ ဆရာ လုပ်နေသည့်အတိုင်း ဆရာ၏အင်္ဂါနှင့် ညီညွတ်ရန် ခန္ဓာ, အာယတန, ဓာတ်သစ္စာ လက္ခဏာရေး သုံးပါးတို့ကို မိမိ ကိုယ်တိုင်က သိရှိ နားလည်ပြီး၍ နားလည် ထားသည် အတိုင်း အဓိပ္ပါယ်သဘောပေါက်အောင် ဘာသာစကား အားလျော်စွာ လမ်းမှန်ညွှန်ပြ၍ နေ့စဉ် နေ့တိုင်း ဆုံးမ ဩဝါဒ ပေးသောအားဖြင့် ဥဂ္ဂဟ သဝနဟု ဆိုအပ်သော သင်ယူစေခြင်း၊ ကြားနာစေခြင်းတို့ကို ပြုလုပ်၍ ရုပ်နာမ်၌ လက္ခဏာရေးတင်ကာ သုံးသပ်ခြင်း၊ ရှုပွားခြင်း ပြုလာ ပါလျှင် အသိဉာဏ်မြင် လျင်မြန်၏။

ဤသို့သင်ကြား၍ နာကြား၍ ဆွေးနွေး တိုင်ပင်၍ ရုပ်နာမ်ကို သုံးသပ်ဆင်ခြင် ရှုပွား အားထုတ် နေသော ယောဂီ ပုဂ္ဂိုလ်သည်သာ ပါဠိတော် အဋ္ဌကထာ တို့နှင့် ညီညွတ်သော အားထုတ် ပွားများသည် မည်၏။ တရားနာလိုက်၊ တရားအားထုတ်လိုက် ပြုလုပ် နေခြင်းမျိုးသည်လည်း သင်ယူနာကြား၍ တရား အားထုတ်သည် မည်၏။ လမ်းမှန်စာပေကိုကြည့်၍ အားထုတ်ခြင်းသည်လည်း သင်ယူနာကြား၍ အားထုတ်သည်မည်၏။

ဤဆိုအပ်ခဲ့ပြီးသော အပါယ်ဘေးမှ ကင်းဝေးနိုင်သော မဂ်ဉာဏ်၏ ယောဂီသန္တာန်မှာ ထိုက်တန်သောအချိန်၌ ဖြစ်လာခြင်းသည် အခြေခံဖြစ်တဲ့ အာဇီဝဋ္ဌက သီလနှင့် နီဝရဏငြိမ်သက်နိုင်သော သမာဓိတရား၏ခိုင်မာမှုကြောင့် ဝိပဿနာဉာဏ် အဆင့်ဆင့်တက်၍ မဂ်ဝင် နိဗ္ဗာန်မြင် အကျိုးထူးတရားဖြစ်ရခြင်း၏ အကြောင်းသည် ယောဂီ၏ အာတာပီ လုံ့လဝီရိယကြောင့်ဖြစ်၏၊ ယောဂီ၏ အားထုတ်မှု လုံ့လဝီရိယအမျိုးမျိုးကိုအစွဲပြု၍ ယောဂီပုဂ္ဂိုလ်သည်လည်း အမျိုးမျိုးရှိနိုင်ပေကုန်သည်။

ယောဂီမေး။ ။အဘယ်ပုဂ္ဂိုလ်အမျိုးအစားကို ယောဂီခေါ်သနည်း။

ဖြေ။ ။သမ္မပ္ပဓာန် လုံ့လဝီရိယနှင့် ညီညွတ်စွာ အသွေးအသားတိုးပွားမှုကို မငဲ့ကွက်ဘဲ သမာဓိပညာ တိုးပွားမှုကိုသာငဲ့ကွက်၍ကြိုးစားနေသော လောကတော်လှန်ရေး သမားသူရဲကောင်းကြီးများကို ယောဂီပုဂ္ဂိုလ်ဟုခေါ်၏။

ယောဂီမေး။ ။ယောဂီကြီး တို့၏ ရပ်နာမ် အစဉ်၌ ပြည့်စုံထားရန်အကြောင်းမှန်တရားကားအဘယ်နည်း။

ဖြေ။ ။ယောဂီကြီးတို့၏ ပြည့်စုံထားရန် အကြောင်းများသည် အတွင်းအကြောင်းတရား အပြင်အကြောင်းတရားဟုနှစ်မျိုးရှိ၏။

ယောဂီမေး။ ။အတွင်း အကြောင်း တရား မှန်သည် အဘယ်နည်း။

ဖြေ။ ။အားထုတ်စအခါ ဉာဏ်မှန်ဖြစ်မလာသေးသော ယောဂီအငယ်စားမျိုး၌ သီလ, ဝီရိယ, သတိ, တရားသုံးပါး ပြည့်စုံထားရ၏၊ ယောဂီအလတ်စား၌ သီလ, ဝီရိယ, သမာဓိ ပြည့်စုံရ၏၊ ယောဂီအကြီးစား၌ သီလ, ဝီရိယ, သမာဓိ, ပညာ အစဉ်အတိုင်း ဖြစ်ပေါ် ရရှိသွားရ၏။ (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ)။

ယောဂီမေး။ ။အပြင် အကြောင်း တရား မှန်သည် အဘယ်နည်း။

ဖြေ။ ။ဝတ်စရာ နေစရာ စားဘွယ် သောက်ဘွယ်နှင့် တကွ သဘောတူအပေါင်းအသင်းဆရာကောင်းဆရာမြတ် တွေ့ရှိပြည့်စုံ၍ ဆုံးမစကား လိုက်နာခြင်းသည် ယောဂီ ပုဂ္ဂိုလ်တို့၌ အပြင်အကြောင်းတရားပြည့်စုံလုံလောက်သည် မည်၏၊ ဤအပြင်အကြောင်းတရားတွေကိုမှီ၍ အတွင်း အကြောင်း တရားတွေ ဖြစ်ပွားကြ ကုန်၏၊ အတွင်း အကြောင်းတရားတို့တွင်လည်း သမာဓိပညာရရှိရန်သည် လိုရင်းဖြစ်၏၊ သမာဓိပညာတို့၏ အခြေခံသည် သဒ္ဓါ

ဝီရိယ သတိဖြစ်၏၊ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဤတရားငါးပါးညီမျှလျှင်မင်္ဂရနိုင်၏။

ယောဂီမေး။ ။သာသနာတော်၌ ဝိပဿနာ တရားတော်မြတ်ကို ဘယ်ပုဂ္ဂိုလ် မျိုးသည် အားထုတ်ကြပါသနည်း။

ဖြေ။ ။ကလျာဏပုထုဇဉ်နှင့် သေက္ခအရိယာ အသေက္ခအရိယာ သုံးယောက်ကုန်သော ပုဂ္ဂိုလ်တို့သည် သမထဝိပဿနာတရားတို့ကို လိုလိုချင်ချင် အားထုတ်ကြကုန်၏၊ မိုက်သော ပုထုဇဉ်တို့သာ မလိုချင်ကြကုန်၊ အကြောင်းမှာ အကောင်းအဆိုးနားလည်သောကြောင့်တည်း။

ယောဂီမေး။ ။ကလျာဏ ပုထုဇဉ်သည် အဘယ် ရည်ရွယ်ချက်ဖြင့် အားထုတ်ပါသနည်း။

ဖြေ။ ပုထုဇဉ်သည် ယုတ်ညံ့သောဘဝ နိမ့်ကျသော ဘဝတို့၌ ဖြစ်ရမှာကြောက်၍ အပါယ်လွတ်ရန်နှင့် သုံးဆဲ့တဘုံ လွတ်ရန်အတွက် ဝိပဿနာ တရားတော်မြတ်ကို အားထုတ်၏။

ယောဂီမေး။ ။သေက္ခအရိယာ ပုဂ္ဂိုလ်သည် အဘယ် ရည်ရွယ်ချက်မျိုးဖြင့် ဝိပဿနာတရားအားထုတ်ပါသနည်း။

ဖြေ။ ။တရားတော်တို့၏ ကောင်းမှန်းကိုသိ၍ တရားတော်၌သာ မွေ့လျော်ပြီးလျှင် အထက် မင်္ဂဖိုလ် များကို တဆင့်တဆင့်ရရန်အတွက် အားထုတ်ကြကုန်၏။

ယောဂီမေး။ ။ရဟန္တာ ပုဂ္ဂိုလ်သည် အဘယ်ရည်ရွယ်ချက်ဖြင့် ဝိပဿနာ တရားတော်မြတ်ကို အားထုတ်ပါသနည်း။

ဖြေ။ ။ခန္ဓာဝန်ကြီးကို ထမ်းဆောင်နေရစဉ် ငြီးငွေ့လှ၍ တခါတရံ ယာယီ ပစ္စုပ္ပန် ချမ်းသာဖြင့် နေလို၍ ဝိပဿနာတရားကို ရှုပွားကြကုန်၏။

ယောဂီမေး။ ။ဝိပဿနာ ဉာဏ်သည် ဘယ်နှစ်မျိုးရှိပါသနည်း။

ဖြေ။ ။ဝိပဿနာဉာဏ် အမျိုးအစားကို အခြားသော ကျမ်းဂန်တို့၌ အမျိုးမျိုး အစားစား ဖွင့်ကြသော်လည်း ဤနေရာ၌ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ လာသည့်အတိုင်း ပြရသော် အငယ်စား ဝိပဿနာဉာဏ် (မုဒု)အလတ်စား ဝိပဿနာဉာဏ်(မဇ္ဈ)အကြီးစားဝိပဿနာဉာဏ်(တိက္ခ)ဟု သုံးမျိုးသုံးစားရှိပေကုန်သည်။

ယောဂီမေး။ ။အဘယ်ဉာဏ်သည်အငယ်စားဝိပဿနာဉာဏ်ဖြစ်ပါသနည်း။

ဖြေ။ ။သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်တို့သည် မုဒုခေါ်သော အငယ်စား ဝိပဿနာဉာဏ်တို့ မည်ကုန်၏။

ယောဂီမေး။ ။အဘယ် ဉာဏ်သည် အလတ်စား ဝိပဿနာဉာဏ်ဖြစ်ပါသနည်း။

ဖြေ။ ။ဘင်ဉာဏ်က စ၍ သင်္ခါ ရုပေက္ခာဉာဏ် တိုင်အောင် မဇ္ဈိမခေါ်သော ဝိပဿနာ ဉာဏ်သည် အလတ်စားမည်ကုန်၏။

ယောဂီမေး။ ။အဘယ်ဉာဏ်သည်အကြီးစားဝိပဿနာဉာဏ်ဖြစ်ပါသနည်း။

အနုလောမ ဉာဏ်သည် တိက္ခ ခေါ်သော ဝိပဿနာဉာဏ်အကြီးစားမည်ကုန်၏။

ဇ္ဇဌကထာ ၄၉၃-၄

အထက်ပါဝိပဿနာဉာဏ်တွေ ဖြစ်ပွားလာရန်အတွက် တရားထိုင် ပါလျှင် အထက် တန်းစား ယောဂီ အဆင့် အတန်းရောက်နေပါက သီလ သမာဓိ ပညာတရားတို့သည် တပြိုင်နက်ပါဝင်နေကြပေကုန်၏။

## အာနာပါန အဋ္ဌကထာနည်း သမာဓိတန်ခိုး

ထို့ကြောင့် (၁)နံပါတ်အခြေခံ သီလကလည်း ဖြူစင်၍ ဇာနေ့ခြောက်ပါး လုံခြုံနေပါလျှင် (၂) နံပါတ် သမာဓိကို ပြည့်စုံရရှိအောင် ကြိုးစားသော ယောဂီအား (၃) နံပါတ် ဝိပဿနာပညာ မဂ်ပညာများ ဖြစ်ပေါ်နိုင် ကြောင်းကို ကောင်းစွာယုံကြည်ကြ၍ အာနာပါန သမာဓိ တရားကို ကြိုးစားအားထုတ်ရာ၏။ လူသတ္တဝါတို့၏မှီရာသည် မဟာ ပထဝီမြေကြီးဖြစ်သကဲ့သို့ ဝိပဿနာပညာ မဂ်ပညာတို့၏ မှီရာသည် သမာဓိ တရားဖြစ်၏။ သမာဓိ တရားသည် ဣန္ဒြိယသံဝရသီလကို မှီတွယ်၍ ဖြစ်၏။ တရား သုံးပါး တို့သည် အညမညသဘောဖြင့် အချင်းချင်း အပြန် အလှန် ကျေးဇူးပြုကြကုန်၏။

ထို့ကြောင့် သမာဓိ တရား၏ ကျေးဇူး ပြုပုံကို သိရှိ နားလည်ထားသော ယောဂီပုဂ္ဂိုလ်သည် သာသနာတွင်း သမာဓိတရား၏ မဂ်ဉာဏ်အကျိုးသွား ရရှိအောင် ဣရိယာ ပုထ်လေးပါးတွင် မိမိနှစ်သက်သော ဣရိယာပုထ် တပါး ပါးဖြင့် နေတတ်သလို နေပြီး၍ လေနောက် မလိုက်ဘဲ နှာသီးဖျား၌ စိတ်ကိုထားပြီးလျှင် အာနပါနဝင်လေ ထွက် လေကို ထွက်သိ ဝင်သိဟု ရှုပွားမှု အချိန်မှစ၍ ယောဂီ

သူတော်စင်တို့၏ လုံ့လဝီရိယအားလျော်စွာ ရင့်သန်သော သမာဓိပညာဖြစ်ကြကုန်၍ မဂ်ဉာဏ်တိုင်အောင် ကောင်း ကျိုးဆောင်နိုင်ပုံကို သိစေလိုသော အဋ္ဌကထာ ဆရာသည် အောက်ပါအာနာပါန သမာဓိတရား၏ အကျိုးသွားကို ဖွင့်ဆိုထားပေသည်။

ဇရိယာပုထ်လေးပါးတွင် သမာဓိဖြစ်နိုင်ရန် အတွက် ထိုင်သော ဇရိယာပုထ်သည် လုံ့လ ဝီရိယနှင့် ပြည့်စုံ၍ သမာဓိပညာအားအထူးသဖြင့် ကျေးဇူးများ၏။ စင်္ကြံသွား ဇရိယာပုထ်သည်လည်း သမာဓိပညာ ကျန်းမာရေးအား ကျေးဇူးများ၍ ဘုရားရှင်သည် ထိုင်သော ဇရိယာပုထ်နှင့် စင်္ကြံသွားခြင်း ဇရိယာပုထ်၏ ကျေးဇူးများပုံကို ပါဠိတော် အရပ်ရပ်တို့၌ ဟောတော်မူ၏။

> ဧတ္ထ ပန အာနာပါန ပရိဂ္ဂါဟိကာ သတိ လော ကိယာ ဟောတိ၊ လောကိယာ အာနာပါနသတိ လောကိယသတိပဋ္ဌာနံ ပရိပူရေန္တိ၊ လောကိယာ သတိပဋ္ဌာနာ လောကုတ္တရ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ၊ လောကုတ္တရဗောဇ္ဈင်္ဂါ ဝိဇ္ဇာဝိမုတ္တိဖလနိဗ္ဗာနံ ပရိ ပူရေန္တိ။

(ဥပရိပဏ္ဏာသအဋ္ဌကထာ အာနာပါနသုတ်အဖွင့်)

ပန၊ ဆက်၍ဆိုပါဦးအံ့။ ဧတ္ထ၊ ဤအာနာပါနကို ဟော ကြားတော်မူရာ၌။ အာနာပါန ပရိဂ္ဂါဟိကာ၊ ထွက်လေ ဝင်လေကိုသိမ်းယူတတ်သော။ သတိ၊ အောက်မေ့မှု သတိ သည်။ လောကိယာ၊ ဖြစ်ခြင်း ပျက်ခြင်းရှိသော လောကီ တရားသည်။ ဟောတိ၊ ဖြစ်၏။ လောကိယာ၊ ဖြစ်ပျက်

ရှိသော။ အာနာပါနတတိ၊ ထွက်လေဝင်လေကို အမှတ်ရမှုသတိသည်။ လောကိယ သတိပဋ္ဌာန်၊ ဖြစ်ပျက်ခြင်းရှိသော လောကီသတိပဋ္ဌာန်လေးပါးကို။ ပရိပူရေန္တိ၊ ပြည့်စေနိုင်ကုန်၏။ လောကိယာသတိပဋ္ဌာနာ၊ လောကီ သတိပဋ္ဌာန်လေးပါးတို့သည်။ လောကုတ္တရဗောဇ္ဈင်္ဂေ၊ ဖြစ်ပျက်လွတ်မြောက်ရာ ခုနစ်ပါးကုန်သော ဗောဇ္ဈင်တရားတို့ကို။ ပရိပူရေန္တိ၊ ပြည့်စေနိုင်ကုန်၏။ လောကုတ္တရ ဗောဇ္ဈင်္ဂါ၊ လောက လွန်မြောက်ရာ ဗောဇ္ဈင်တရား တို့သည်။ ဝိဇ္ဇာဝိမုတ္တိ ဖလနိဗ္ဗာန်၊ အသိပညာ မဂ်တရားနှင့် ကိလေသာလွတ်ရာ ဖိုလ်တရား ရုပ်နာမ် ချုပ်ငြိမ်းရာ နိဗ္ဗာန် တရားတော်မြတ်ကို။ ပရိပူရေန္တိ၊ ပြည့်စုံစေကုန်၏။

## ပါဠိတော်နည်း

### အာနာပါနသမာဓိကိုအားထုတ်ပွားများရခြင်းအကျိုး

၁။ သံယောဇနပဟာနာယ–
သံယောဇဉ် ပယ်နိုင်ခြင်းအကျိုး။
၂။ အနုသယ သမုဃ္ဃါတာယ–
အနုသယကိုခွါနိုင်ခြင်းအကျိုး။
၃။ အဒ္ဓါနပရိညာယ–
သေချိန်ကာလကိုပိုင်းခြားသိနိုင်ခြင်းအကျိုး။
၄။ အာသဝါနံခယာယ-
အာသဝေါလေးပါးကုန်ခြင်းအကျိုး။

မဟာဝဂ္ဂသံယုတ်ပါဠိတော်။

ဆောင်ပုဒ်။ ။အာနာပါန မြတ်မမွေရာဇာ တရားမင်း ဘာဝနာကိုမြဲစွာမပြတ် အထပ်ထပ်အနေ ပွားများ လေက သံယောဇဉ်တရား ပယ်ရှားနိုင်ရာ ခုနစ်ဖြာ နုသယ မြစ်ကမကျန်တွန်းလှန်ပယ်ခွါ သေရာကာလ သေချိန်ကြပြန် ဟုတ်မှန်ပိုင်းခြား သိနိုင်ငြား၍ လေးပါးအာသဝ ကုန်ခန်းရပုံ ပွားထုံ တန်ခိုး လောကီမျိုးနှင့် လောကုတ္တရာမျိုးစုံ ကောင်းကျိုး ဖုံသည်။ ။စွမ်းဟုန် အာနာပါနတန်ခိုးတည်း။

ဤဆိုအပ်ခဲ့ ပြီးသည့်အတိုင်း အာနာပါန ဆိုသော အရိယာဖြစ်ကြောင်းကမ္မဋ္ဌာန်မင်းရာဇာကို ကြိုးစားမယုတ် အားထုတ် ပွားများပါလျှင် လောကီအကျိုး မျိုးစုံနှင့် လောကုတ္တရာ ကောင်းကျိုးအဖုံဖုံကို ဧကန်မုချရရှိပေါက် ရောက်နိုင်သည်၏အဖြစ်ကို သိရှိနားလည်ကြပြီး၍ ထက် သန်သော သဒ္ဓါတရားရှေ့ထား၍ အဓိပတိ လေးပါးကို ဆင့်ကဲဆင့်ကဲဖြစ်ပွားလာအောင် ကြိုးစားနိုင်ကြကုန်သော သူတော်ကောင်းဖြစ်ကြစေကုန်သော်။

ပရိက်ပြုပုံအဖွင့်နှင့် သမာဓိပညာအစုံယူ၍ ရှုပွားသော ယုဂနဒ္ဓတရားပွားများပုံအကျဉ်းချုပ်လမ်းစဉ်ကို ၁၃၃၁ခု ပြာသို လပြည့်ကျော် ၁၃-ရက်နေ့ကစ၍ ရေးသားရာ တပို့တွဲလဆန်း ၁-ရက်နေ့ ညနေ ၃-နာရီအချိန် ဘေးရန် ကင်းကွာပြီးဆုံးပါ၍တွက်ဆချိန်ခါလေးရက်ကြာပေသည်။ ယုဂနဒ္ဓ ရှုပွားပုံအကျယ်ကို အလုပ်ပေး တရားတော်ကြီး၌ ပြည့်စုံစွာ ဖော်ပြထားပါ၍ ရှေ့ဆက်လက်၍ ရှုစားပါရန် တိုက်တွန်းပါသည်။

## ပတ္ထနာသိသ

ကြားခါ,မြင်ခါ,ထိုးထွင်းခါဖြင့် ခြောက်ဖြာအဘိညာဉ် လေးအင်ပဋိသမ္ဘိဒါ ခြံရံပါ၍ လေးဖြာပန်းခိုင် လှမ်းကိုင်ဆွတ်ယူ လွယ်ကူသိညာဏ် လွန်လျင်မြန်သည် ကျမ်းဂန်ပြုရ ကောင်းကျိုးသော်။

## နိဂမကထာ

ဧတ္တာဝတာစ သကရာဇေ ကောဓိကေ တိသတ သဟဿေ သမ္ပတ္တေ မာဃမာသဿ ဇုဏှပက္ခဒိဝသေ ရေစကြိုတိဝှယေ နဂရေ သလ္လာဝတီနဒိယံဝါ ဥပတိဋ္ဌေ (သမီပဋ္ဌေစေတံဘုမ္မဝစနံ) ရေစကြိုနဂရဿစေဝ သလ္လာဝတိယာနာမ နဒိယာစ သမီပေ ဘူမိဘာဂေ တိဋ္ဌမာနေ ကြောမကြား ဂါမေတိဝုတ္တံဟောတိ၊ တသ္မိံဂါမေဇာတေန ပဝတ္တိယံပန နာနာကုလ သမာကိဏ္ဏေ ရန်ကုန်နဂရေ ဂမနာဂမနသမ္ပန္နေ မနောရမ္မေ ပဒေသေ ပရိယတ္တိသာသန ဥဇ္ဇလိတေ ကျွားကူးဝိဟာရေ ကျွားကူးမဟာဓမ္မဝိမာနေ ဝသန္တေန အာယသ္မတာ စက္ကိန္ဒာစရိယေန ထေရေန သမထဝိပဿနာယံ ယုဂနဒ္ဓကထာ သုဋ္ဌုကတာ။ တဉ္စပန မဂ္ဂဖလသံဝတ္တနိကံ နိဗ္ဗာနသမ္ပာပကံ သန္တာသဇ္ဇနာ ဉာဏစက္ခုနာ ဇာနေယျုံ ပဋိပဇ္ဇေယျုံ အမတရသံ အနုဘဝေယျုန္တိ။

# (ခ) နေယျပုဂ္ဂိုလ်လမ်းစဉ်

## ယုဂနဒ္ဓနည်းတရားရှုရန်
## အခြေခံအလုပ်ပေးတရားတော်

စတ္တာရောမေ ဘိက္ခဝေ ကာလာ သမ္မာဘာဝိယမာနာ သမ္မာအနုပရိဝတ္တိယမာနာ အနုပုဗ္ဗေန အာသဝါနံ ခယံ ပါပေန္တိ။ ကတမေ စတ္တာရော၊ ကာလေန ဓမ္မဿဝနံ ကာလေန ဓမ္မသာကစ္ဆာ ကာလေနသမ္မသနာ ကာလေန ဝိပဿနာ၊ ဣမေခေါ ဘိက္ခဝေ စတ္တာရောကာလာ သမ္မာ ဘာဝိယမာနာ သမ္မာအနုပရိဝတ္တိယမာနာ အနုပုဗ္ဗေန အာသဝါနံ ခယံပါပေန္တိ။(အင်္ဂုတ္တိုရ်)

ဘိက္ခဝေ၊ တရားလိုလားယောဂီအများတို့။ စတ္တာရော၊ လေးမျိုး လေးစား လေးပါး ကုန်သော။ ဣမေကာလာ၊ အခါကာလနှင့် တကွဖြစ်ကုန်သော ဤသမထ ဝိပဿနာ တရားတို့ကို။ သမ္မာ၊ ကောင်းစွာ။ ဘာဝိယမာနာ၊ပွားများအပ်ကုန်သည်ရှိသော်။ သမ္မာ၊ ကောင်းစွာ။ အနုပရိဝတ္တိယ မာနာ၊ အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ် လေ့လာအပ်ကုန်သည်ရှိသော်။ အနုပုဗ္ဗေန၊ အစဉ်အတိုင်း။အာသဝါနံ၊ အာသဝလေးပါးတို့၏။ ဝါ၊ အာသဝ လေးပါးတို့ကို။ ခယံ၊ ကုန်ခြင်းသို့။ ဝါ၊ ကုန်ကြောင်းဖြစ်သော ငြိမ်းရာ နိဗ္ဗာန်သို့။ ပါပေန္တိ၊ ရောက်စေနိုင်ကုန်၏။ စတ္တာရော၊ လေးပါးကုန်သော ကာလတို့ဟူသည်။ ဝါ၊ လေးပါး ကုန်သော ကာလနှင့်တကွဖြစ်ကုန်သော ကုသိုလ်တရားတို့

ဟူသည်။ (ဋီကာနက်)။ ကတမေ၊ အဘယ်သည်တို့နည်း။ ကာလေန၊ ကာလနှင့် တကွဖြစ်သော ကုသိုလ်တရား၌။ ဓမ္မဿဝနံ၊ ကုသိုလ်တရား ကြားနာခြင်းငင်း။ ကာလေန၊ ကာလနှင့် တကွဖြစ်သော ကုသိုလ်ဖြစ်စေသော တရား မြတ်၌။ ဓမ္မသာကစ္ဆာ၊ ကုသိုလ်တရားကို ဆွေးနွေးခြင်း ငင်း။ ကာလေန၊ ကာလနှင့် တကွဖြစ်သော ကုသိုလ် တရား၌။ သမ္မသနာ၊ ကုသိုလ်တရား၌ သုံးသပ် ဆင်ခြင်ခြင်း ငင်း။ ကာလေန၊ ကာလနှင့် တကွဖြစ်သော ကုသိုလ် တရား၌။ ဝိပဿနာ၊ အနိစ္စ ဒုက္ခ အနတ္တဟု ပိုင်းခြား၍ ရှုခြင်းငင်း။ ဣတိ၊ ဤလေးပါး ကုန်သော တရားတို့ပင် တည်း။ ဘိက္ခဝေ၊ တရားခင်မင် သူတော်စင် ယောဂီ အပေါင်းတို့။ ခေါ၊ စင်စစ်မုချအမှန်အားဖြင့်။ စတ္တာရော၊ လေးမျိုးလေးစားဖြစ်ကုန်သော။ ဣမေကာလာ၊ ဤကာလ နှင့်စပ်ခါ ဖြစ်နေသော ကုသိုလ်ကောင်းမှု တရားအစုစု တို့ကို။ သမ္မာ၊ ကောင်းစွာ။ ဘာဝိယမာနာ၊ ပွားအပ် ကုန်သည်ရှိသော်။ သမ္မာ၊ ကောင်းစွာ။ အနုပရိဝတ္တိယ မာနာ၊ အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် လေ့လာအပ် ကုန်သည်ရှိသော်။ အနုပုဗ္ဗေန၊ အစဉ်အတိုင်း။ အာသဝါနံ၊ အာသဝေါ လေးတန်တို့၏။ ခယံ၊ ကုန်ဆိတ် ကွယ်ရာ နိဗ္ဗာန်သို့။ ပါပေန္တိ၊ မုချမသွေရောက်နိုင်ပေကုန်၏။

## အစိပ္ပါယ်အချုပ်မှာ

ကောင်းမြတ်သောတရားတွေကို ကြားနာ ဆွေးနွေးမှု အခြေခံပြုလုပ်ပြီး၍ ရုပ်နာမ် သဘာဝတရားများကို အမှန်

သိ၊ အမှန်မြင်နိုင်အောင် သုံးသပ်ခြင်းနှင့် ဖြစ်ပျက် ရှုဆင်ခြင်ခြင်းဟူသော ဉာဏ်လုပ်ငန်းတို့ကို ပွားများခြင်း ပြုအစ်ကုန်သော် လေ့လာမှုပြုနေခဲ့သော် မဂ်ဉာဏ်သို့ ရောက်နိုင်ပေတယ်။ မဂ်ဉာဏ်ရနိုင် ရောက်နိုင်သည့်မှာ ရှင်တော်ဘုရားဟောကြားထားသော လုပ်ငန်းစဉ်လေးမျိုးကို မချိုးဖောက်ဘဲနှင့် အစဉ်အတိုင်း ပြုလုပ်ဆောင်ရွက် အားထုတ်နိုင်သူသာ မဂ်ဝင်ဖိုလ်ရ အရိယာ သူတော်စင် ဖြစ်နိုင်ကြောင်းကို အနုပုဗ္ဗေန-ဟူသော စကားရပ်ဖြင့် သိသာထင်ရှားပေ၏။ လုပ်ငန်းစဉ်ကျော်၍ ကြားနာခြင်းတရားကိုဆွေးနွေး တိုင်ပင်ခြင်း အမှုကို မပြုလုပ်ဘဲ မိမိထင်ရာ တရားတွေကို အားထုတ် ပွားများနေပါက ကလျာဏမိတ္တ ချို့တဲ့သည့်အတွက် ကောင်းကျိုးအဘက်ဘက်မှ ပျက်ကွက်နိုင်တယ်။ ကောင်းတာ ဟူသမျှတွေကို မခံစားရဘူးလို့ မှတ်ရမယ်။

ကြားနာခြင်းဆိုသော ဓမ္မဿဝနအင်္ဂါရပ်သည် ဆရာကောင်း ကလျာဏ မိတ္တနှင့် ကင်းကွာ၍ ဖြစ်နိုင်သော အကြောင်း အရာမဟုတ်ချေ။ ထို့ကြောင့် ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့၏ ဖြစ်လာရန် အကြောင်းတရားတို့ကို ဟောကြားရာ နိကာယ်ပါဠိတော်ကြီးများ၌ ပရတော ဃောသ ပစ္စည်းလို့ ဟောတော်မူပေသည်။ ကိစ္စမျိုးစုံ၌ ပရတော ဃောသ ပစ္စည်းအထောက်အပံ့ များစွာလိုပေသည်။ ထို့ကြောင့် ဓမ္မဿဝနံဖြင့် ဆရာကောင်း ရှိရမည်ကို ညွှန်းပြဟောဆိုခြင်းကိစ္စ ပြည့်စုံ၍ နေပေတော့၏။ ဆရာကောင်းလည်းရှိရမည်။ တရားလည်းနာကြားရမည်။ တရားတော်

ကိုလည်း ဆွေးနွေးမေးမြန်းပြီးသည့်နောက်ကာလ ရောက်မှ တရားကို အားထုတ်ရန် လုပ်ငန်းစဉ်ကို ဘုရားရှင် ကိုယ်တော်တိုင် ချမှတ်ထားခြင်းဖြစ်ပေတယ်။

ဆောင်ပုဒ်။ ။ကြား, ဆွေး, သုံး, ရှု၊ စဉ်ကာပြု၊ ပွားမှုဘာဝနာ။ နိဗ္ဗာန်တရား၊ ဟောညွှန်ကြား၊ ဘုရားစောသတ္တာ။ နေယျလမ်းစဉ်၊ ဤလေးအင်၊ ရောက်လျှင်နိဗ္ဗုတာ။ တရားခင်မင်၊ သူတော်စင်၊ မငြင်ပွားရန်သာ။

နေယျပုဂ္ဂိုလ်များ လိုက်နာရန် အတွက် ရှင်တော်မြတ်ဘုရားသည် စည်းကမ်းလေးမျိုး ချမှတ် ထားသည့် အားလျော်စွာ တသွေမတိမ်း လိုက်နာအားထုတ်သော ယောဂီပုဂ္ဂိုလ်များသည်-

၁။ သမာဓိအစ ဝိပဿနာ အလယ် မဂ်ဖိုလ် အဆုံးရှိသော လမ်းစဉ်တမျိုး။
၂။ ဝိပဿနာအစ သမာဓိ အလယ် မဂ်ဖိုလ် အဆုံးရှိသော လမ်းစဉ်တမျိုး။
၃။ သမထဝိပဿနာနှစ်ပါးတို့ကို အစုံရှုပွား၍ မဂ်ဖိုလ်အဆုံးထားသော လမ်းစဉ်တမျိုး။
၄။ ဘာဝနာ အစွမ်းကြောင့် ဖြစ်ပေါ် လာသော ဥပက္ကိလေသ နိဝရဏဘေးရန်ကို ဖြစ်ပျက်ရှု၍ မဂ်ဖိုလ်အဆုံးရှိသော လမ်းစဉ်တမျိုး။

အထက်ပါလမ်းစဉ်လေးမျိုးတို့တွင် တမျိုးမျိုး၌ သိကျွမ်းနားလည်သော ဆရာတဦးဦးထံ နည်းနိသျှခံယူ၍ မိမိစိတ်

ဝင်စားသောလမ်းစဉ်ကို ပွားများအားထုတ်ပါက မဂ်ဝင်နိုင်ပေသည်။

ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်ကြီးနှင့်ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီးများ၌ အောက်ပါကမ္မဋ္ဌာန်း ဘာဝနာတရားနည်းလေးပါးကို ဟောကြားထားပေသည်။

ဣဓ အာဝုသော ဘိက္ခု သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတိ၊ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတိ၊ သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ၊ တဿ တေ မဂ္ဂေ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တေ မဂ္ဂေ အာသေဝတိ၊ ဘာဝေတိ၊ ဗဟုလီကရောတိ၊ တဿ တေ မဂ္ဂေ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သညောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ၊ ပုနစပရံ အာဝုသော ဘိက္ခုနော ဓမ္မုဒ္ဓစ္စ ဝိဂ္ဂဟိတံ မာနသံ ဟောတိ၊ သော အာဝုသော သမယော ယံတံစိတ္တံ အဇ္ဈတ္တမေဝ သန္တိဋ္ဌတိ သန္နိသီဒတိ၊ ဧကောဒိ ဟောတိ၊ သမာဓိယတိ၊ တဿ မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ၊ ဘာဝေတိ ဗဟုလီကရောတိ၊ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သညောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ၊ ယော ဟိ ကောစိ အာဝုသော ဘိက္ခုဝါ ဘိက္ခုနီဝါ မမ သန္တိကေ အရဟတ္တပတ္တံ ဗျာကရောတိ၊ သဗ္ဗော သော ဣမေဟိ စတူဟိ မဂ္ဂေဟိ ဧတေသံဝါ အညတရေနာတိ။

အာဝုသော၊ ငါ့ရှင်။ ဧဝံ၊ ဤသိက္ခာသုံးပါး ဟော ကြားရာ ဘုရားရှင်သာသနာတော်၌။ ဘိက္ခု၊ ကိလေသာ အစိုင်အခဲကို ဖြိုခွဲဖျက်ဆီးလိုသော ယောဂီသည်။ သမထ ပုဗ္ဗင်္ဂမံ၊ သမထလျှင်ရှေ့သွားရှိသော။ ဝိပဿနံ၊ နာမ်ရုပ်၌ အသိအမြင်မှန် ဝိပဿနာဉာဏ်ကို။ ဘာဝေတိ၊ ပွားစေ၏။ ဝိပဿနာပုဗ္ဗင်္ဂမံ၊ ဝိပဿနာဉာဏ်လျှင် ရှေ့သွားရှိသော။ သမထံ၊ ကိလေသာ အပူငြိမ်းအေးကြောင်း သမထကို။ ဘာဝေတိ၊ ကြိမ်ဖန်များစွာပွားစေ၏။

သမထဝိပဿနံ၊ သမထနှင့် ဝိပဿနာကို။ ယုဂနဒ္ဓံ၊ အစုံတွဲအစ်သည့်ကိုပြု၍။ ဘာဝေတိ၊ နှစ်ဖြာနှစ်ထွေတိုးပွား စေ၏။ တေမဂ္ဂေ၊ သမာဓိရှေ့သွားရှိသောမဂ်, ဝိပဿနာ ဉာဏ်ရှေ့သွားရှိသောမဂ်, သမာဓိပညာနှစ်ပါးစုံ ရှေ့သွား ပြု၍ပွားများသော လောကီ မဂ်တို့ကို။ ဘာဝယတော၊ ပွားစေသော။ တဿ၊ ထိုတရားလိုလား အမျိုးသား အမျိုး သမီးအား။ မဂ္ဂေါ၊ လောကုတ္တရာမဂ်သည်။ သဥ္ဇာယတိ၊ ကောင်းစွာဖြစ်ပေါ်လာ၏။ သော၊ ထိုတရားလိုလားသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ တေမဂ္ဂေ၊ ထိုလောကီမဂ်တရားတို့ကို။အာသေဝတိ၊မှီဝဲ၏။ဘာဝေတိ၊ ပွားစေ၏။ ဗဟုလီ ကရောတိ၊ အကြိမ်များစွာ ပြု၏။ တေမဂ္ဂေ၊ ထိုလောကီမဂ်တို့ကို။အာသေဝတော၊မှီဝဲသော။ ဘာဝယတော၊ ပွားများသော။ ဗဟုလီကရောတော၊ အကြိမ်များစွာပြုသော။ တဿ၊ ထိုတရားလိုလား အမျိုး ကောင်းသား အမျိုးကောင်းသမီးအား၊ သံယောဇနာနိ၊ သံယောဇဉ်တို့ကို။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ အနုသယာ၊

အနုသယတရားတို့သည်။ ဇျန္တိ၊ ကင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အာဝုသော၊ ငါ့ရှင်။ ပုနစပရံ တဖန်လည်း။ ဘိက္ခု နော၊ တရားလိုလား ယောဂီအများအား။မဠ္ဌုဒ္ဓစ္စဝိဂ္ဂဟိတံ၊ အရောင်အလင်းစသော ဥပက္ကိလေသတရားတို့ကို မင်္ဂဖိုလ် နိဗ္ဗာန်တရားဟု ထင်မှတ် နှလုံး သွင်းသော ဥဒ္ဒစ္စ စေတသိက် တရားသည် ဖောက်ပြန်စွာ ယူအပ်သော။ မာနသံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။

အာဝုသော၊ ငါ့ရှင်။ယံယသ္မိံသမယေ၊ အကြင်အခါ၌။ တံစိတ္တံ၊ ထိုစိတ်သည်။ အဇ္ဈတ္တမေဝ၊ ဂေါစရဇ္ဈတ္တ မည်သော ဝိပဿနာ၏ အာရုံ၌သာလျှင်။ သန္တိဋ္ဌတိ၊ ကောင်းစွာတည်၏။ သန္နိသီဒတိ၊ ကောင်းစွာ ငြိမ်ဝပ် နေ၏။ ဧကောဒိ၊ တခုတည်းသောအာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ သမာဓိယတိ၊ တည်ကြည်၏။

သောသမယော၊ ထိုစိတ်တည်ကြည်သော အခါသည်။ ဟောတိ၊ ရှိသေး၏။ တသ္မိံသမယေ၊ ထိုစိတ်တည်ကြည် သောအခါ၌။ တဿ၊ ထိုယောဂီအား။ မဂ္ဂေါ၊ ပဋိပဒါ မဂ်သည်။ သဉ္ဇာယတိ၊ ဖြစ်ပေါ်လာ၏။ သော၊ ထိုတရား လိုလား အမျိုးကောင်းသား အမျိုးကောင်း သမီးသည်။ တံမဂ္ဂံ၊ ထိုဖြစ်ပေါ် ရရှိလာသောမဂ်ကို။ အာသေဝတိ၊ မှီဝဲ၏။ ဘာဝေတိ၊ ပွားစေ၏။ ဗဟုလီကရောတိ၊ အကြိမ် များစွာပြု၏။ တံမဂ္ဂံ၊ ထိုမဂ်ကို။ အာသေဝတော၊မှီဝဲသော။ ဘာဝယတော၊ ပွားစေသော။ ဗဟုလီကရောတော၊ အကြိမ်များစွာပြုသော။ တဿ၊ ထိုရဟန်းအား။ သံယော

ဇနာနိ၊ သံယောဇဉ်တို့ကို။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ အနုသယာ၊ အနုသယ တရားတို့သည်။ ဗျန္တီဟောန္တိ၊ ကင်းကုန်၏။

အာဝုသော၊ ငါ့ရှင်တို့။ ယောဟိကောစိ၊ အမှတ်မရှိသော။ ဘိက္ခု၀ါ၊ ရဟန်းယောကျ်ား သည်၎င်း။ ဘိက္ခုနီဝါ၊ ရဟန်းမသည်၎င်း။ မမ၊ ငါ၏။ သန္တိကေ၊ အထံ၌။ အရဟတ္တပတ္တံ၊ အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို။ ဗျာကရောတိ၊ ပြောကြား၏။ သောသဗ္ဗော၊ ထိုအလုံးစုံသည်။ ဣမေဟိစတူဟိ မဂ္ဂေဟိဝါ၊ ဤလေးပါးသော ပဋိပဒါမဂ်တို့ဖြင့်၎င်း။ ဧတေသံ၊ ဤလေးပါးသောပဋိပဒါမဂ်တို့တွင်။ အညတရေန၀ါ၊ တပါးပါးသောမဂ်ဖြင့်၎င်း။ ဗျာကရောတိ၊ ပြောကြား၏။

မှတ်ချက်။ လိုရာတွင်ကွက်၍ ယူထားသော ပါဠိနှင့် အနက်ဖြစ်ပေသည်၊ အပြည့်အစုံ အလိုရှိပါလျှင် အင်္ဂုတ္တိုရ်နှင့် ပဋိသမ္ဘိဒါမဂ်၌ ယူကြပါကုန်။

ပါဠိတော်ကြီးများ၌ တရားအားထုတ်နည်း လေးမျိုးလေးစား ရှိသော်လည်း အဋ္ဌကထာကြီးများ၌ သမထယာနိက ဝိပဿနာယာနိကဟု သဘောတူရာထည့်သွင်း၍ နှစ်မျိုး နှစ်စားသာ ဖွင့်ဆိုခြင်း ရှိကြပေကုန်သည်။ အထူးအားဖြင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော် ယုဂနဒ္ဓကထာ အနန္တရိက သမာဓိဉာဏနိဒ္ဒေသ သမာဓိ ဘာဝနာမယဉာဏနိဒ္ဒေသ ဘာဝေတဗ္ဗနိဒ္ဒေသတို့၌ ကျယ်ဝန်းစွာ ဟောကြားသားသည့်အတိုင်း အဋ္ဌကထာဆရာကလည်း ကျယ်ဝန်းစွာပင် ဖွင့်ဆိုပါပေ၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိ အဋ္ဌကထာစကားရပ်များကိုသက်ဆိုင်သလောက် ထုတ်ဆောင်ပြပေဦးအံ့။

တရားအားထုတ်ကြတယ်ဆိုဒါ ဆင်းရဲခပ်သိမ်း ပူပန်မှုခပ်သိမ်းငြိမ်းအေးရာကိုရောက်နိုင်ရန် ရည်ရွယ်၍ သမာဓိ ပညာနှစ်ပါးကိုကြိုးစားကြခြင်းဖြစ်ပေတယ်၊ သမာဓိတရားသက်သက်ဖြင့်လည်း ဆင်းရဲကုန်ခန်းနိုင်သည် မဟုတ်ကုန်။ ဝိပဿနာ သက်သက်ဖြင့်လည်း ဆင်းရဲ ကုန်ခန်းနိုင်သည် မဟုတ်ကုန်၊ သမာဓိ ပညာစုံတွဲ၍ အားထုတ်မှသာလျှင် အားထုတ်သူသာလျှင် အကြောင်းကိစ္စလေသာ ကုန်ခန်း၍ ရုပ်နာမ် ငြိမ်းချမ်းခြင်း အကျိုးထူး တရားကို ခံစားနိုင်ပေတယ်။

ထို့ကြောင့် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ မဂ်ရတယ်၊ ဖိုလ်ရတယ်ဆိုတာ သမာဓိပညာနှစ်ပါးတို့၏ စွမ်းရည်သတ္တိကြောင့်သာ ရရှိပေတယ်။ အကြောင်းတခုတည်းဖြင့် မရနိုင်ချေ။ ကျီးနှင့် ကြောင်း ပေါင်းဆုံ လုပ်ကိုင်မှ သာလျှင် သွားလာမှုအကျိုး ရရှိသကဲ့သို့ ပြည့်စုံ လုံလောက်သော သမာဓိပညာ ရရှိသူများသာလျှင် မဂ်ချမ်းသာ ဖိုလ်ချမ်းသာကို ရရှိခံစားနိုင်ကြပေကုန်တယ်။ ပြည့်စုံသော သမာဓိ ပြည့်စုံသော ဝိပဿနာပညာကိုရအောင် ဆည်းပူးရမယ်။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကြီး၌-

မဂ္ဂေါ်ပိ သမထဝိပဿနာနံ အာနိသံသတ္တာ ဝိသေသောတိဝုတ္တော။

ဟု ဖွင့်ဆိုပေတယ်။

ဟိ၊ စကားဆက်၌ ဖွင့်ပြပါဦးအံ့။ မဂ္ဂေ ါ၊ လောကုတ္တရာမဂ္ဂင်တရားထူး တရားမြတ်ကို။ သမထဝိပဿနာနံ၊ သမထနှင့် ဝိပဿနာတို့၏။ အာနိသံသတ္တာ၊ အကျိုးဆက် အာနိသင်၏ အဖြစ်ကြောင့်။ ဝိသေသောတိ၊ ဝိပဿနာဉာဏ်အကျိုးသက်သက် သမာဓိအကျိုးတရား သက်သက်တို့ထက်ထူးထွေ၏-ဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။

ရှင်းလင်းချက်။ ။သမထ ဝိပဿနာနံ ဟူသော ပုဒ်၌ အဓိပ္ပါယ် ရှင်းလင်း ဖွင့်ဆိုရသော် သမထဆိုတာနှင့် သမာဓိဆိုတာ၊ ဝိပဿနာဆိုတာနှင့်ပညာဆိုတာ အတူတူပင်ဖြစ်ကြောင်းကို-

သမထောစ ဝိပဿနာစာတိ ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ သမေတိ ဝိနာသေတီတိ သမထော၊ သမာဓိဿေတံနာမံ၊ အနိစ္စတာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ၊ ပညာယေတံနာမံ။

ဟု ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာ ဖွင့်ဆိုပေတယ်။

အဓိပ္ပါယ်အချုပ်မှာ။ ။နီဝရဏတရားတွေကို ငြိမ်းစေတတ်သောကြောင့် သမထသည်ပင် သမာဓိမည်၏။ ရုပ်နာမ်တရားတို့ကို ဖြစ်ပျက်ရှုတတ်သောကြောင့် ဝိပဿနာသည်ပင် ပညာမည်၏။

တရားအားထုတ်သောယောဂီ၌ အစဉ်အတိုင်းဖြစ်ပေါ်လာသောသမာဓိတရားများမှာ ခဏိကသမာဓိ ဝိပဿနာသမာဓိ ဥပစာရသမာဓိ အပ္ပနာသမာဓိဟု ဖြစ်ပေါ်နိုင်

သော သမာဓိလေးမျိုး လေးစားရှိပေတယ်။ ထိုလေးမျိုးတို့တွင် အပ္ပနာသမာဓိကို ယခုခေတ် ပုဂ္ဂိုလ် များသည် တိဟိတ်ပုဂ္ဂိုလ်ပင် ဖြစ်ငြားသော်လည်း အကြောင်း ပါရမီ မလုံလောက်ကြ၍ အားမထုတ်ကြပေကုန်။ ဥပစာရသမာဓိ တိုင်အောင် အားထုတ်ကြရ ပေကုန်တယ်။

ယခုအခါများ၌လည်း ဥပစာရသမာဓိမရရှိက မဂ်ဖိုလ် မရနိုင်ပေကုန်။ မဂ်ဖိုလ်ရနိုင်သည်ဆိုက ခိုင်မာသောကျမ်းဂန်ကို ထုတ်ပြရပေမည်။

ခဏိက သမာဓိနှင့် မဂ်ဝင်၏ဟု အဋ္ဌကထာ၌ ဖွင့်ဆိုသော်လည်း ဘယ်အခြေ အနေရှိတဲ့ ခဏိက သမာဓိမျိုးဆိုတာကို ကွဲကွဲပြားပြား နားလည်ဘို့ရန် အမှန်ပင် လိုပေတယ်။ သမထအရ သမာဓိအရဆိုတာ အနည်းဆုံးအားဖြင့် ဥပစာရသမာဓိ ဥပစာရသမထကို ကောက်ယူ ရတယ်။ ဥပစာရသမာဓိ ပြည့်စုံလာတယ်ဆိုလျှင်ပင် ထူးထွေ ခြားနားသော အသိအမြင်တွေကို ရရှိနေမှုကြောင့် စိတ်ဘဝင်မြင့်၍ မဂ်ရတယ်၊ ဖိုလ်ရတယ်ဟု ဆုံးဖြတ် တတ်တယ်၊ ယူဆ ပြောဆိုတတ်တယ်။

သတိပြုပါ-ဤအချိန်၌ သညာသိ၊ ဝိညာဏ်သိကသမာဓိ အရှိန်အဝါကြောင့် တန်ခိုးကြီးနေပေတယ်။ ဤသာသနာတော်တွင်း သမာဓိမျိုးသည် သရဏဂုံ အခြေခံ အသိဉာဏ် ခြယ်လှယ်ထားမှုကြောင့် ကောင်းကျိုးအတန်တန်ကို အမှန်ပင်ပို့ဆောင်နိုင်သော သမာဓိဖြစ်၍ သာသနာပ သမာဓိ တရားမျိုးနှင့် မတူပေကုန်။ ဤအမိပ္ပါယ်မျိုးကို ရည်ရွယ်၍

ပဋ္ဌာနသမ္ဗန္ဓဒီပနီ ပါဠိတော် ဇူဒ္ဓိဝိဓကထာ တန်ခိုး ဆယ်မျိုးကို ဟောကြားထားရာ၌—

သမာဓိတော ပုဗ္ဗေဝါ ပစ္ဆာဝါ တံခဏေဝါ
သမထာ နုဘာဝနိဗ္ဗတ္တော ဝိသေသော သမာဓိ
ဝိပ္ဖါရာ ဣဒ္ဓိ-

ဟု အဋ္ဌကထာဆရာဖွင့်သည်။

**သမာဓိတော**၊ ဥပစာရ အပ္ပနာ သမာဓိတရားတို့မှ။ ပုဗ္ဗေဝါ၊ ရှေးဖြစ်သောကာလ၌၎င်း။ ပစ္ဆာဝါ၊ နောက်ဖြစ်သောကာလ၌၎င်း။ တံခဏေဝါ၊ ထိုဖြစ်ဆဲ ခဏ၌၎င်း။ သမထာနုဘာဝနိဗ္ဗတ္တော၊ သမာဓိအာနုဘော်ကြောင့် ဖြစ်သော။ ဝိသေသော၊ ထူးထွေ ခြားနားချက်သည်။ သမာဓိဝိပ္ဖါရာ၊ သမာဓိ ပြန့်နှံ့မှုကြောင့် ဖြစ်သော။ ဣဒ္ဓိ၊ တန်ခိုးမည်၏။

တန်ခိုးဆယ်မျိုး၏ အကျယ်အဓိပ္ပါယ်ကို အဋ္ဌကထာ၌ ရှုကြည့်လေ့လာပါ။ ဤသို့သော ဥပစာရ သမာဓိတရား၏ စွမ်းပကားသတ္တိထူးကို မသိရှိ နားမလည်မှုကြောင့် မဂ်ဖိုလ် ကိစ္စနှင့်တကွ အဘိညာဏ်ကိစ္စများ၌ ရောင်ဝါးဝါး ဖြစ်၍ နေကြပေသည်။ မှားယွင်း တတ်သော အရာ ဖြစ်၍ သတိပြုကြပါ။

## သမာဓိ၏ တန်ခိုးထက်မြက်ပုံ

အာရုံတခုပေါ်၌ တည်ကြည်ငြိမ်သက်မှု အစွမ်း ထက်မြက်နေသော ဥပစာရသမာဓိ အပ္ပနာသမာဓိ တရားတို့သည် စိတ်ကိုတန်ခိုးကြီးစေတတ်၍ စိတ်ညွတ်ကိုင်း တောင့်

တတိုင်းပင် ကောင်းကျိုးကိစ္စကို လွယ်ကူခဏ ပြီးမြောက်စေနိုင်ကြကုန်၏။ တိဟိတ်ပုဂ္ဂိုလ်တို့၌ ရနိုင် ဖြစ်နိုင်သော စွမ်းအင်သတ္တိမျိုးဖြစ်၍ လောကီသိဒ္ဓိ လောကုတ္တရာ သိဒ္ဓိ အမျိုးမျိုး တို့ကို မိမိတို့၏ ကြိုးစားမှု အတိုင်း ကြိုးစားသလောက်ပင် ကောင်းကျိုးထင်၍ တိုးပွားဖြစ်ထွန်းလာနိုင်ပေကုန်သည်။ အထက်တန်း ကျသော သမာဓိ တရားတို့ကို ရှေးဘဝဟောင်းများက သမာဓိ တရားကို အမြတ်တနိုးထား၍ ထူထောင်ဖြည့်ဆည်းပြီး လာခဲ့ဘူးသော ပုည ရှင်ယောဂီမျိုးတို့၌ မကြာခဏ ပြည့်စုံရရှိ ပေါက်ရောက်ဖြစ်ပေါ် လာနိုင်ကြ ပေကုန်သည်။ ဤဘဝ ရောက်ခါမှ သမာဓိပါရမီ အသစ် ထူထောင် နေရသူများ၌ လောကီ ကိစ္စ လောကုတ္တရာ ကိစ္စများကို ပေါက်ရောက် ဖြစ်ထွန်းဘို့ရန် ခက်ခက်ခဲခဲကြိုးစားရပေလိမ့်မည်။

သမာဓိပါရမီ လုံလောက် နေသူများ၌ ဖြစ်ပေါ် ရရှိသော အသိတရား အမြင်တရားတို့ကို သမာဓိပါရမီ နည်းပါးသူများ အဘို့အရာ၌ မယုံကြည်နိုင်ဘဲ ငေးမှိုင် တွေဝေသော အသိပညာမဲ့မှုကြောင့် သူတထူးတို့ ကဲ့ရဲ့ပြစ်မှားမှု ဖြစ်ပေါ်နိုင်ပေကုန်သည်။ (သတိပြုပါ)။

သမာဓိတရား၏ ထူးထွေပုံကို ယခုမျက်မှောက် အတွေ့အကြုံတခုကို အမြင်ရှင်းအောင် တင်ပြပေဦးအံ့။

ယောဂီတဦးသည် အာနာပါနကို အထူးဝီရိယ ငွဲလုံ့လဖြင့် အားထုတ်၍ စိတ်ငြိမ်သက် တည်ကြည်၍ အထိုက်အလျောက် တန်ခိုး ထက်မြက် လာသောအခါ ဖြစ်ပေါ်

လာသော သမာဓိတရားၡ် အရှိန်အဝါကြောင့် အာရုံတို့၌ စိတ်ညွတ်ကိုင်းသလိုပင် ထင်ရှား၍ ဆန်းပြားသော အကျိုးတရားများ ဖြစ်ပေါ်လာကြပေကုန်သည်။ အကျိုးတရားတို့တွင် ယခုမျက်မှောက် အကျိုး၊ နောင်သံသရာ အကျိုး၊ ဘဝလွတ်ကင်းနိုင်သောအကျိုးဟု သုံးမျိုးသုံးစား ရှိရာတွင် ကာမာဝစရ ဥပစာရ သမာဓိတရားသည် အပ္ပနာ သမာဓိနှင့်ယှဉ်သော အဘိညာဉ်မဟုတ်သော်လည်း အဘိညာဉ်နယ်နိမိတ်သို့ ဝင်ရောက်နေမှုကြောင့် အဘိညာဉ် အလားတန်ခိုးထွား၍ နေပြီးလျှင် အချို့ ယောဂီတို့၌ ရှေးဖြစ်နောက်ဖြစ် အသိအမြင် ထူးများ ရရှိနေကြ၍ အဘိညာဉ်ရနေသူများဟုပင် ခေါ်ဝေါ်ထိုက် ပေ၏။

အဘိညာဉ်ဆိုတာ ဤအနက်သဘောကို ရည်ရွယ် မှန်းထား၍ အဋ္ဌသာလိနီ အဋ္ဌကထာ၌ အဋ္ဌကထာဆရာသည်–

ဥပစာရ သမာဓိတောပဋ္ဌာယ ယာဝအပ္ပနာ တာဝ အဘိညာတိဝုစ္စတိ–ဟု

အဘိညာဉ်နယ်နိမိတ်ကို ခွဲခြားသတ်မှတ်ဖွင့်ဆိုခဲ့ပေ၏။

ဥပစာရသမာဓိတော၊ ဥပစာရဈာန်သမာဓိမှ။ ပဋ္ဌာယ၊ စ၍။ယာဝ၊အကြင်မျှလောက်။ အပ္ပနာ၊အပ္ပနာဈာန်သမာဓိတရားသည်။ အတ္ထိ။ ရှိ၏။ တာဝ၊ ထို ဥပစာရ ကာမာဝစရ သမာဓိမှ စ၍ ဈာန်အဘိညာဉ် တိုင်အောင်။ အဘိညာတိ၊ အသိဉာဏ် ယှဉ်ထူးထွေသော အဘိညာဉ်ဟူ၍။ ဝုစ္စတိ၊ ယုံမှား ကင်းပြတ်ခေါ်ဆို အပ်၏။

ဤဖွင့်ဆိုသော အဋ္ဌကထာ စကားကို ထောက်ဆ၍ အဘိညာဏ်ဆိုဒါ မြေရှိုးမိုးသံးပျံ့ခြင်းစသော အမြင့်ဆုံး

အပြုအမူမျိုးသာမဟုတ်၊ ပဋိဘာဂနိမိတ်နှင့် ပြည့်စုံသော ဥပစာရ သမာဓိရသည်ဆိုလျှင် အဘိညာဏ်နှင့် ပြည့်စုံသူ အဘိညာဏ်ရသူဟုမှတ်သားရာ၏။

ထို့ကြောင့် ဥပစာရသမာဓိရှိသည်ဆိုလျှင်ဘဲ သမာဓိ အားနည်းသူတို့ထက် အမြင်အကြား အတွေးအခေါ်ကိစ္စ များ၌ ထူးထွေဆန်းပြားသော အသိတရားရှိ၍ ဥပစာရ သမာဓိ၏ ရှေ့နောက် ဝဲယာ ဖြစ်ဆဲအခါများ၌ သမာဓိ တန်ခိုးကြောင့် စိတ်ညွှတ်ကိုင်းသလိုပင် အသိအမြင်ရှိပုံကို လောက အတွေ့အကြုံ အားဖြင့် ဆက်လက်၍ ဟောပြ ပေဦးအံ့။

အခါတပါး အာနာပါန သမာဓိကို ထူထောင်၍ ပဋိဘာဂနိမိတ်နှင့်ပြည့်စုံနေသော ယောဂီတယောက်သည် မိမိအိမ်တွင်း တနေရာ၌နေ၍ ကောင်းကင်တက်နေသော မီးအိမ်ပျံကြီးကို ကြည့်ရှုနေစဉ် ယခုမြင်နေရသော မီးအိမ် ပျံကြီးသည် ငါတို့အိမ်နှစ်ခုအကြား၌ ကျရောက်လာပါစေ ဟု မိဋ္ဌာန်၍လက်ညှိုးဖြင့် မီးအိမ်ပျံကြီးကိုထိုး၍ ဆွဲယူရာ မိမိ၏ ရည်မှန်းချက်ဖြစ်သော အိမ်နှစ်အိမ် အကြားမှာ ကြရောက်လာခြင်းသည် ပြည့်စုံရရှိထားသော ဥပစာရ သမာဓိတရား၏စွမ်းရည်သတ္တိပင်တည်း။

အထက်ပါ ယောဂီထံ၌ပင် မိတ်ဆွေဖြစ်သော အမျိုး သမီး မကြည်သည် တနေ့သောအခါ အိမ်သို့ အလည် ရောက်လာ၍ ရှေးကလည်း အမြင်အကြား ရရှိနေသည်ဟု ကြားဘူးနား၀ ရှိထားသည့်အတိုင်း ခင်မင် ရင်းနှီးသော အားဖြင့်–

အရပ်သူအမေး။ ။ကျမ ဘယ်ဘဝမှ လာပါသလဲဟု ရိုရိုသေသေ စိတ်ဝင်စားစွာဖြင့် အဖြေ ပေးချင်အောင် မေးမြန်းပေသည်၊ အထက်ပါမေးခွန်းမျိုး၏ အဖြေစကား ဆိုဒါ အိမ်ကြိုအိမ်ကြား နေသူတို့ မဖြေကြားနိုင်သော ကိစ္စမျိုးဖြစ်၍ ဆိတ်ဆိတ်ငြိမ်ငြိမ် နေထိုင်ကြသော အဘိ ညာဏ်နှင့် ပြည့်စုံသူတို့သာ ဖြေဆိုသင့် ဖြေဆိုထိုက်သော် လည်း ဥပစာရ သမာဓိ အဆင့်အတန်းလောက် ရှိသူက ဖြေဆိုထားသည်ကို ကြားနာရ၍ သဒ္ဓါတရားနည်းသူများ၌ မယုံကြည်ဘွယ်နှင့် ကဲ့ရဲ့ပြစ်တင်ဘွယ် ဖြစ်နိုင်ပေကုန်သည်၊ သဒ္ဓါတရားရှိသူများ၌ ကြည်ညိုနှစ်သက်ဘွယ် အားရဘွယ် အတုယူဘွယ်တွေဖြစ်ပေါ်၍လာနိုင်ပေကုန်သည်။

ယောဂီအဖြေ။ ။နောက်တရက် လာဒါပေါ့ဟု မှာ ကြားပြောဆိုပြီးလျှင် တရားအားထုတ်ချိန်ညနေ၌ အာနာ ပါန သမာဓိဘာဝနာကို ထူထောင်၍ တရားထိုင်နေသော အခါမိမိရရှိထားသောအကြည်လုံးပဋိဘာဂနိမိတ်ကို စူးစူး စိုက်စိုက်ကြည့်ရှုပြီးလျှင် မကြည်၏ဖြစ်ရာဘဝသည် ထင်ရှား ပါစေဟု အဓိဋ္ဌာန်ပြု၍ တရားအားထုတ် နေသောအခါ အဆင့်အတန်းမှီ သမာဓိ ဖြစ်သောအခါ၌ ရှေးဦးစွာ ဆင်လေးကောင်း ပေါ်လာပေသည်၊ ဆင်လေးကောင် အနက် အဘယ်ဆင်သည် မကြည်ဖြစ်ဘူးတယ် ဆိုဒါကို မသိ၍ မကြည်ဖြစ်ဘူးသော ဆင်သာ ကျန်ရစ် ပါစေဟု နောက်ထပ်တဖန်အဓိဋ္ဌာန်ပြန်သောအခါနောက်ကနေသော ဆင်သုံးကောင် ပျောက်ကွယ်၍ ရှေ့ဆုံးက မားမားရပ် နေသော ဆင်မကြီးတကောင်သာ ကျန်နေသည်ကိုတွေ့မြင်

သိရှိသောအခါ မကြည်သည့် ဆင်ဘဝမှ လာကြောင်းကို ကွဲကွဲပြားပြားသိရှိရပေတော့၏။

ဤသို့စသောအားဖြင့်သမာဓိတရား၏ထူးထွေဆန်းပြား လောကီ လောကုတ္တရာအကျိုး များပြားနိုင်ပုံ အဖုံဖုံကို ကိုယ်တိုင် တွေ့ဘူး ကြုံဘူးကြလိုပါက သမာဓိ ဘာဝနာ ဝိပဿနာဘာဝနာများကို နေ့မအားညမပြတ် ဒလစပ်ပင် ကြိုးစား အားထုတ်နိုင်သူဖြစ်ကြရမယ်၊ အားထုတ်ကြိုးစား နိုင်သူဖြစ်ကြပါစေကုန်သော်။

ဤအသိအမြင်မျိုးသည် ပကတိ မျက်စိဖြင့်မြင်၍ သိရှိ နိုင်သော အဘိညာဏ် အသိအမြင်မျိုး မဟုတ်၍ မှန်သော် လည်းရှိ မမှန်သော်လည်းရှိဟု နှစ်မျိုးနှစ်စား ဖြစ်နိုင်ပေ ကုန်သည်၊ အဘယ့်ကြောင့် ဆိုသော် မျက်စိနှင့် မြင်သိ မဟုတ်ဘဲ မနောထင်သိ ဖြစ်သောကြောင့်ပင်တည်း။

ဤဥပစာရ သမာဓိပိုင်ရှင်သည် ပြင်ပအလင်းရောင်ကို လိုအပ်သလို သုံးစွဲနိုင်သော သမာဓိသတ္တိထူး ထက်ထက် မြက်မြက်မရှိ ခဏမကြာ လျော့ပါးတတ်သော သဘောမျိုး ရှိပေ၏၊ သို့ဖြစ်၍ ဝိရိယစက်နှိုးကာ အမြဲမပြတ်ကြိုးစား နိုင်မှ သမာဓိတရားဆုတ်ယုတ်မသွားဘဲ တန်ခိုးထွားနေနိုင် ပေလိမ့်မည်၊ သမာဓိတရားသည် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်မှစ၍ သဗ္ဗညုတဉာဏ်တိုင်အောင်–

သုံးဆဲ့သုံး သင်ပုန်းမျှမပါ၊ သူမပါဖွဲ့ဂါထာမှန်ဘူး။
သုံးပုံ သူသာစောင့်တယ်၊ ကြီးခေါင့်အမှူး။

ဆိုသော ပဟေဠိအမေးစကားကဲ့သို့ သမာဓိမပါလျှင် မပြီးနိုင်သောကိစ္စဖြစ်၍ ကောင်းမှုမျိုးစုံ၌ သမာဓိတရားက တွင်ကျယ်စွာ ပဋ္ဌာန်းနည်း အဖြာဖြာဖြင့် ကျေးဇူးပြု ဆက်သွယ်ခနေပုံများကို အသိဉာဏ်ဖြန့်၍ တွေးခေါ်ယူဆ နိုင်သူဖြစ်ကုန်ရာ၏၊ သမာဓိတရား ကျေးဇူးပြုမှုကြောင့် ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ် တရားထူးများဖြစ်ပေါ် လာရ၍ ယောဂီတဦး၌ အနည်းဆုံး ဥပစာရ သမာဓိနှင့် ပြည့်စုံရ၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကြီးမှာ- မဂ်၏ ရှေ့အဘို့ရာ၌ ပြည့်စုံလုံလောက်ထားရန် သမာဓိတရားကို ဖွင့်ဆိုရာ၌-

တဿ သမာဓိဿ ဝသေနာတိ ဥပစာရ သမာဓိ နာပိ သမာဟိတစိတ္တဿ ယထာ ဘူတာဝ ဗော ဓတော ဝုဋ္ဌာပကာရဿ သမာဓိဿဝသေန။

ဟု ဖွင့်ဆိုပေတယ်။

တဿ သမာဓိဿ ဝသေနာတိ၊ တဿ သမာဓိဿ ဝသေန ဟူသည်ကား။ ဥပစာရ သမာဓိနာပိ၊ ဥပစာရ သမာဓိဖြင့်လည်း။ သမာဟိတစိတ္တဿ၊ တည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်၏။ ယထာဘူတာဝဗောဓတော၊ ဟုတ် တိုင်းမှန်စွာ သိနိုင်ခြင်းကြောင့်။ ဝုဋ္ဌာပကာရဿ၊ ဆိုအပ် ပြီးသော အထူးအပြား ရှိသော။ သမာဓိဿ၊ ဥပစာရ သမာဓိ၏။ ဝသေန၊ အထူးကြောင့်။ ဉာဏံ၊ မဂ်ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

## သုက္ခဝိပဿက အရိယာ၌ ဥပစာရသမာဓိ ပြည့်စုံလျှင် မဂ်ဝင်နိုင်ပုံ

ဗုဒ္ဓသာသနာ၌ အရိယာ အဆင့် အတန်းတို့သည်-

၁။ ပဋိသမ္ဘိဒါပတ္တ ဆဠာဘိည အရိယာ။

၂။ ပဋိသမ္ဘိဒါ ပတ္တ အရိယာ။

၃။ ဆဠာဘိည အရိယာ။

၄။ သုက္ခဝိပဿက အရိယာဟု လေမျိုး လေးစားရှိပေတယ်။

ယခုခေတ်အခါမှာ လေးနံပါတ် အဆင့် အတန်းသာ ရရှိပြည့်စုံနိုင်ပေတယ်။ လေးနံပါတ် သုက္ခဝိပဿက ပုဂ္ဂိုလ်သည်မဂ်ကိုအလိုရှိက ဥပစာရ သမာဓိပြည့်စုံအောင် ရှာမှီးရ၏။ကြိုးစားရ၏။ ဥပစာရသမာဓိကိုမှီ၍သာ မဂ်ရနိုင်ပေတယ်။ ထို့ကြောင့် အာနန္ဒာရိက သမာဓိညာဏ နိဒ္ဒေသ အဖွင့်၌-

> သုက္ခဝိပဿကဿ ဥပစာရဇ္ဈာနသမ္ပယုတ္တာ တဿ တဿ ကိလေသဿ ဝိပက္ခဘူတာ သတ္တမဂ္ဂါ စေတ္တ သမ္ပယုတ္တာဝေ။

ဟု ဖွင့်ဆိုထား၏။

သုက္ခဝိပဿကဿ၊ ဈာန်ခန်းခြောက်သော အရိယာ ပုဂ္ဂိုလ်၏။ ဥပစာရဇ္ဈာနသမ္ပယုတ္တာ၊ ဥပစာရဈာန်နှင့် ယှဉ်ကုန်သော။ တဿတဿကိလေသဿ၊ ထိုထိုကိလေသာ၏။ ဝိပက္ခဘူတာ၊ ဖောက်ပြန်သော အတို့ဖြစ်၍ ဖြစ်ကုန်သော။ သတ္တမဂ္ဂါ၊ နိက္ခမ္မ အဗျာပါဒစသော တရားတို့

သည်။ ကေစိတ္တသမ္ဘူယုတ္တာဧဝ၊ တခုသောစိတ်နှင့်ယှဉ်ကုန်သည်သာလျှင်တည်း။

ထိုဥပစာရသမာဓိသည်လည်းအားထုတ်ခါစ ဖြစ်သော မုဒုဥပစာရသမာဓိ၊ ထို့နောက် အာရုံ၌ ခိုင်မြဲစွာဖြစ်လာသောမဇ္ဈဥပစာရသမာဓိ၊ မဂ်ဖိုလ်အနီးအပါး၌ လွန်ကဲစွာဖြစ်လာသော အဓိမတ္တဥပစာရ သမာဓိဟု အနုံ့စား၊ အလတ်စား၊ အကြီးစားအားဖြင့် အဆင့်အတန်း သုံးမျိုးပွား၍သွားပေသည်။ ။(ပဋ္ဌာနသင်္ဂြိုဟ်မဂ် အဋ္ဌကထာ)။

အထက်ပါ ဥပစာရ သမာဓိ သုံးမျိုးတွင် အကြီးဆုံးဖြစ်တဲ့ အဓိမတ္တဥပစာရ သမာဓိတိုင်အောင် ကြိုးစားအားထုတ်ရ၏။ ဤအဓိမတ္တဥပစာရ သမာဓိသည် ကိလေသာအစိုင်အခဲကို ဖောက်ခွဲနိုင်သော စွမ်းရည်သတ္တိရှိ၍ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ နိဗ္ဗေဓ ဘာဂိယ သမာဓိမျိုး ဖြစ်ပေသည်။ ထို့ကြောင့် ဇုန္ဒိယ သမောဓာနအဖွင့် ပဋ္ဌာနသင်္ဂြိုဟ်ဒါမဂ်အဋ္ဌကထာ၌ ပုထုဇဉ် သမာဓိ၊ သေက္ခသမာဓိ၊ အသေက္ခသမာဓိ-ဟုယောဂီ အဆင့်အတန်း သမာဓိသုံးမျိုး စဉ်၍ဖွင့်ဆိုထားရာတွင်-

> တတ္ထ ပုထုဇ္ဇနောသမာဓိံ ဘာဝေန္တောတိ နိဗ္ဗေဓ
> ဘာဂိယံ သမာဓိံ ဘာဝေန္တော၊ သေက္ခသဝိတရာ
> ဂဿ စပ နလောကုတ္တရောပိ သမာဓိလဗ္ဘတိ။

ဟု ပုထုဇဉ်၌ နိဗ္ဗေဓဘာဂိယ ဥပစာရ သမာဓိမျိုးကို အလိုရှိအပ်၏၊ သမာဓိ အားနည်းနေပါက ကိလေသာ အစိုင်အခဲကို မဖြိုခွဲနိုင်ပေကုန်။ မဂ်ဉာဏ်က နိဗ္ဗာန်ကို

အာရုံပြုနိုင်တယ်ဆိုတာ စိတ်စင်ကြယ်အောင် ပြုလုပ်ပေးနိုင်သော သမာဓိမပြည့်စုံဘဲနှင့် နိဗ္ဗာန်ကိုအာရုံ မပြုနိုင်ပေကုန်။ မဂ်ဉာဏ်လည်း ဖြစ်မလာနိုင်ပေကုန်။ စိတ်စင်ကြယ်မှုသည် ဥပစာရ သမာဓိနှင့် အပ္ပနာ သမာဓိ တို့တွင် တမျိုးမျိုးနှင့် ပြည့်စုံရ၏။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိရသူသာ စိတ်စင်ကြယ်သည်။

ဝိပဿနာဉာဏ် အစစ်အမှန် မဂ်အစစ်အမှန်ကို ဧကန်လိုလားသော ယောဂီ သူတော်စင်သည် တောင်ယောင်ယောင် မြောက်ယောင်ယောင် မဖြစ်ကြစေဘဲ အထက်ပါ သမာဓိတရားကို မိမိ၏ စိတ်အစဉ်၌ ရအောင် ကြိုးစားရမည်၊ ကြိုးစားပါလေ။

**ဥပစာရသမာဓိ၏ အမှတ်အသားများ**

သမာဓိတရား ဆိုသည်မှာ-

၁။ ကိုယ်ချမ်းသာ စိတ်ချမ်းသာခြင်း။

၂။ အစာအာဟာရပြည့်စုံ၍ ချမ်းသာခြင်း ။

၃။ နေရာထိုင်ခင်းပြည့်စုံ၍ ချမ်းသာခြင်း။

၄။ သဘောတူ ပုဂ္ဂိုလ်အပေါင်းအသင်းရှိ၍ ချမ်းသာခြင်း။

ဤအကြောင်းလေးဝ ပြည့်စုံလျှင် သမာဓိ ဝင်နိုင်၏။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်-၂၁၇)

ဥပစာရသမာဓိရရှိတယ်ဆိုဒါ-

၁။ လိုချင်မှုလောဘနည်းပါးခြင်း။

၂။ စိတ်ကြမ်းဒေါသနည်းပါးခြင်း။

၃။ အရောင်အလင်းရရှိလာခြင်း။
၄။ အိပ်မှုနည်းပါးလာခြင်း။
၅။ လုံးဝမအိပ်ဘဲနေနိုင်ခြင်း။
၆။ ပြန့်လွင့်မှုနည်းပါး၍ စိတ်တည်ကြည်ခြင်း။
၇။ ယုံမှားမှု ကင်း၍ ရုပ်နာမ်ကို ပိုင်းခြား သိမြင်နိုင်ခြင်း။
၈။ ဉာဏ် အလင်းရောင် ထွန်းလင်း တောက်ပြောင်လာ၍ အမိုက်ခေတ် အမှောင်ခေတ် နည်းပါးလာခြင်း။
၉။ မိမိအားထုတ်နေသော တရားအာရုံ၌ နှစ်သက်မြတ်နိုးလာခြင်း။

အထက်ပါ ကောင်းကျိုးဆောင် အကြောင်း အရာများသည် သမာဓိရရှိလာပြီဟုသိနိုင်၍ ဘဝလွတ်မြောက်မှုလိုလားသော ယောဂီများသည် ရှေ့ဆက်လက်၍ ရုပ်နာမ်ဖြစ်ပျက် ရှုပွားပါက မဂ်ဝင်နိုင်တော့၏၊ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်သုတမယဉာဏနိဒ္ဒေသ၌—

> နေက္ခမ္မံ အဘိညေယျံ၊ အဗျာပါဒေါ အဘိ-ညေယျော၊ အာလောကသညာ အဘိညေယျာ၊ အဝိက္ခေပေါ အဘိညေယျော၊ ဓမ္မဝဝတ္ထာနံ အဘိညေယျံ၊ ဉာဏံ အဘိညေယျံ၊ ပါမောဇ္ဇံ အဘိညေယျံ။

နေက္ခမ္မံ၊ ကာမမှထွက်မြောက်ခြင်းကို။ အဗျာပါဒေါ၊ ဗျာပါဒဒေါသမရှိခြင်းကို။ အာလောကသညာ၊ အရောင်အလင်းဟူသော အမှတ်သညာကို။ အဝိက္ခေပေါ၊ မပြန့်

လွှင့်ခြင်းကို။ ဓမ္မဝဝတ္ထာနံ၊ ရုပ်နာမ်ဓမ္မပိုင်းခြားနိုင်ခြင်းကို။ ဉာဏံ၊ ဉာဏ်ကို။ ပါမောဇ္ဇံ၊ နှစ်သက်ဝမ်းမြောက်ခြင်းကို။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့်သိအပ်၏။

ဉပစာရသမာဓိကြောင့် အထက်ပါ အကျိုးခုနစ်ပါး သက်ရောက်နိုင်ပုံကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၏အဖွင့် ဖြစ်သော အဋ္ဌကထာ၌- နေက္ခမ္မာဒိနိ သတ္တဝိသဇ္ဇနာနိ ဉပစာရဇ္ဈာနဝသေန နိဒ္ဒိဋ္ဌာနိ စသည်ဖြင့်ဖွင့်ဆိုတော်မူ၏။ ဤအဖွင့်နှင့် အလားတူ ဓမ္မဝဝတ္ထာနပုဒ်ကို ဖွင့်သော မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ၌ ဉပစာရ သမာဓိဖြစ်ပုံကို အဋ္ဌကထာဆရာ ဖွင့်ဆိုထားသည်။ (အလိုရှိက ကြည့်ရှုပါလေ)။

ထို့ကြောင့် အထက်ပါ အကြောင်းတရားအကျိုးတရားတွေကို ထောက်ဆ၍ အနည်းဆုံး ဉပစာရ သမာဓိကို မရမနေ ကြိုးစားအပ်ပေ၏၊ အပ္ပနာသမာဓိတိုင်အောင် ကြိုးစားနိုင်ပါက အတိုင်းထက်အလွန် ကောင်းမွန်ပေ၏၊ အားထုတ်သူနည်းပါး၍ အပ္ပနာသမာဓိရသူ နည်းပါး၏၊ သမထအစ ဝိပဿနာအလယ် မဂ်ဖိုလ်အဆုံးထား၍ ရှုပွား ရာ၌ရင်း၊ ဝိပဿနာအစ မဂ်ဖိုလ်အဆုံးထား၍ ရှုပွားသော သုဒ္ဓဝိပဿနာယာနိက ရှုပွားရာ၌ရင်း၊ ခဏိကဝိပဿနာ သမာဓိတရားများသည် တဆင့်တဆင့်ကြီးမား ရင့်သန် လာ၍ ဈာန်အနီးအပါးဖြစ်သော ဉပစာရသမာဓိ အခြေ အနေဆိုက်ရောက်သော ယောဂီများ၌ မဂ်ရနိုင်၍ သီလ သမ္ပဒါ သမာဓိသမ္ပဒါ ပညာသမ္ပဒါ သုံးမျိုးတို့တွင် သမာဓိသမ္ပဒါပြည့်စုံလုံလောက်သော ပုဂ္ဂိုလ်ဟုဆိုရမည်၊

ဥပစာရသမာဓိမျှမရသေးပါက သမာဓိသမ္ဗောဓိပြည့်စုံပြီဟု မဆိုနိုင်၊ သမာဓိသမ္ဗောဓိမရှိက သိက္ခာသုံးပါး မပြည့်စုံပုံကို မှတ်သားရမည်၊ ထို့ကြောင့် ဝိပဿနာသမာဓိ ခဏိက သမာဓိဖြင့် ရုပ်နာမ်ဖြစ်ပျက်ရှုပွားရန် ဖွင့်ဆိုသော ယုဂနဒ္ဓ ကထာ(၁၈၈)ဝိပဿနာ ပုဗ္ဗင်္ဂမဝါရ၌-

တသ္မာ တတ္ထဇာတာနံ ဓမ္မာနံ ဝေါသဂ္ဂါရမ္မဏတာယ နိဗ္ဗာနပတိဋ္ဌာဘာဝေန ဟေတုဘူတေန ဥပ္ပါဒိတော ယောစိတ္တဿ ဧကဂ္ဂတာသင်္ခါတော ဥပစာရပ္ပနာဘေဒေါ အဝိက္ခေပေါ၊ သောသမာဓိ တိ၊ ဝိပဿနာတော ပစ္ဆာဥပ္ပါဒိတော နိဗ္ဗေဓ ဘာဂိယော သမာဓိနိဒ္ဒိဋ္ဌော ဟောတိ၊တသ္မာယော ပဝ ဣတိပဌမံ ဝိပဿနာ ပစ္ဆာသမထော တိဝုတ္တံ ဟုဖွင့်ဆိုပေသည်။

တသ္မာ၊ ထို့ကြောင့်။ တတ္ထ၊ ထိုဝိပဿနာ ဖြစ်ပျက် အာရုံ၌။ ဇာတာနံ၊ဖြစ်ကုန်သော။ ဓမ္မာနံ၊ စိတ်စေတသိက် တရားတို့၏။ ဝေါသဂ္ဂါရမ္မဏတာယ၊ ကိလေသာကို စွန့်လွှတ်ရာ နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်။ ဟေတုဘူတေန၊ အကြောင်းဖြစ်၍ဖြစ်သော။ နိဗ္ဗာနပတိဋ္ဌာ ဘာဝေန၊ နိဗ္ဗာန်လျှင် တည်ရာရှိသည်၏ အဖြစ်ကြောင့်။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော။ စိတ္တဿ၊ ဝိပဿနာ စိတ်၏။ ဧကဂ္ဂတာသင်္ခါတော၊ ဧကဂ္ဂတာဟုဆိုအပ်သော။ ဥပစာရပ္ပနာဘေဒေါ၊ ဥပစာရသမာဓိ အပ္ပနာသမာဓိ အပြားရှိသော။ ယောအဝိက္ခေပေါ၊ အကြင် မပြန့်လွင့် ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုမပြန့်လွင့်သော သမာဓိ

နှစ်မျိုးတွင် တမျိုးမျိုးသည်။ သမာဓိ၊ သမာဓိမည်၏။ ဇာတိ၊ ဤသို့။ နိဗ္ဗတ္တေ၊ ညွှန်ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဝိပဿနာတော၊ ဝိပဿနာ ရှုပွားပြီးသည့်မှ။ ပစ္ဆာ၊ နောက်၌။ ဥပ္ပါဒိတော၊ ဖြစ်စေ အပ်သော။ နိဗ္ဗေဓ ဘာဂိယော၊ ကိလေသာ အစိုင်အခဲကို ဖောက်ခွဲနိုင်သော မဂ်ဉာဏ်၏ အဘို့၌ဖြစ်သော။ သမာဓိ၊ ဥပစာရသမာဓိ အပ္ပနာသမာဓိနှစ်မျိုးတွင် တမျိုးမျိုးကို။ နိဗ္ဗတ္တေ၊ ညွှန်ပြ အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ အပြီးအဆုံး နိဂုံးချုပ် စကားကို ပြဆိုပါအံ့။ တသ္မာယေဝ၊ ထိုပြဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့်သာလျှင်။ ဇာတိပဌမံဝိပဿနာ ပစ္ဆာ သမထောတိ၊ ဇာတိပဌမံဝိပဿနာပစ္ဆာသမထော ဟူ၍။ ထေရေန၊ ရှင်သာရိပုတ္တရာမထေရ်သည်။ ဝုတ္တံ၊ ဆိုအပ်ပြီ။

ဆိုလိုရင်းမှာ ရှေးဦးစွာ ဥပစာရသမာဓိ အပ္ပနာ သမာဓိနှစ်ပါးတွင် ရနိုင်သော သမာဓိတခုခုကိုရအောင် သမာဓိ ဘာဝနာ ပွားများ ပြီးသော နောက်ကာလ၌ ပုဗ္ဗဘာဂမဂ် ပဋိပဒါမဂ် လောကီမဂ်ဟု ဆိုအပ်သော ဝိပဿနာကို၊ပြည့်စုံအောင်ပွားပြီး၍ လောကုတ္တရာမဂ်ကြီး ရနိုင်ခြင်းကို သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတိဟု ဆိုအပ် ပေသည်၊ ရပ်နာမ်ဖြစ်ပျက် ဝိပဿနာကို ရှေးဦးစွာပွား၍ နောက်မှ ဥပစာရသမာဓိ အပ္ပနာ သမာကို ရအောင် ပွားများယူခြင်းတနည်း– ဝိပဿနာအာရုံနှင့်တွဲ၍ ဥပစာရ သမာဓိပြည့်စုံလာအောင် ဝိပဿနာရှုပွားခြင်းကို ဝိပဿနံ ပုဗ္ဗင်္ဂမံ သမထံဘာဝေတိဟု ဆိုအပ်ပေသည်။

ဆက်၍ ပြပါဦးအံ့ - အကြောင်းတရား မျိုးစုံကြောင့် ဖြစ်ပေါ် လာသော အာရုံ ခြောက်ပါး ဟူသမျှ တို့ကို ဝိပဿနာရှုခြင်းငှာထိုက်၏ဟု ရှေးဦးစွာ အကျဉ်းချုပ်မှတ် သားရာ၏၊ ဤနေရာ၌ဝါဒကွဲရှိသည်၊မဇ္ဈိမနိကာယ် အနုပဒ သုတ်အဖွင့် ဥပရိပဏ္ဏာသဋီကာ၌ သရိရဋ္ဌက ဥပါဒိန္န ရုပ်တစိတ်ကိုသာ ဝိပဿနာ ရှုပွားလိုရ၏၊ အနုပါဒိန္န ခေါ်သော ဗဟိဒ္ဓရုပ်များကို ဘုရားမှလွဲ၍ မည်သည့် ပုဂ္ဂိုလ်မျှ မရှုပွားနိုင်ဟု ကျယ်ဝန်းစွာဖွင့်ဆို၏၊ ဘယ်ခေတ် လွန်၍ ဘယ်ခေတ်ယုတ်နေမှုကြောင့်အနုပါဒိန္နခေါ်သော သစ်ပင် တောတောင်များ၌ အစိမ်းရောင်ရှိတယ်၊ အဝါ ရောင်ရှိတယ်၊ အဖြူရောင်ရှိတယ်၊ အခေါက်ထူ ရတယ်၊ အခေါက်ပါးရတယ်၊ လုံးသောသဏ္ဌာန်ရှိတယ်၊ရှည်သော သဏ္ဌာန်ရှိတယ်၊ ခါးတယ် စပ်တယ်စသော အကြောင်း အကျိုးဆက်သွယ် ဖြစ်ပျက် နေပုံများကို ဘုရားရှင်တို့၏ ဝိပဿနာ ဉာဏ်ဖြင့်သာ သိနိုင်၏တဲ့၊ ပစ္စေကဗုဒ္ဓါ အဂ္ဂ သာဝကကြီးများသည်ပင် ခေတ် တစိတ် တပိုင်းသာသိရှိ ကြ၍ အနုပါဒိန္န ခေတ်သဘောကို မသိနိုင်ကြောင်းကို အရှင်ဓမ္မပါလ ဋီကာဆရာဖွင့်ဆိုထားတယ်၊ အလုံးစုံသော ဘုံသုံးပါး၌ ရှိသောတရားဟူသမျှကို ဝိပဿနာရှုကောင်း ၏ဟု အယူအဆတမျိုးဖွင့်ဆိုပုံကို အောက်ပါအဋ္ဌကထာ စကားဖြင့် သိသာထင်ရှားပေအံ့။

အပိစ ယာနိယာနိ ယေနယေန သမုဋ္ဌဟန္တိ၊ တာနိ တာနိ တေနတေန ဝေဒိတဗ္ဗာနိ၊ ဣတရထာ ဟိ သကသန္တာန ပရိယာပန္နာပိ ရူပါဒယော ဓမ္မာ

သမ္ဘေန သင်ကျော့ယျုံ၊ ယသ္မာ အနိန္ဒြိယဗဒ္ဓရူပါဒ ယောဝိ ဝိပဿန္နူပဂါ၊ တသ္မာ တေသံ ကမ္မ သန္တူတပဒေန သင်ဟော ဝေဒိတဗ္ဗော၊ တေဝိ ဟိ သဗ္ဗသတ္တသာဓာရဏ ကမ္မပစ္စယ ဥတုသမုဋ္ဌာနာ၊ အညေ ပန အနိန္ဒြိယ ဗဒ္ဓါရူပါဒယော ဝိပဿန္နူပ ဂါတိ ဝဒန္တိ၊တံ ပန သဗ္ဗေ သင်္ခါရာ အနိစ္စာတိ!ယဒါ ပညာယပဿတိ အထနိဗ္ဗိန္ဒတိ ဒုက္ခေ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာတိ အာဒိကာယ ပါဠိယာ ဝိရုဇ္ဈတိ၊ ဝုတ္တဉ္စ ဝိသုဒ္ဓိမဂ္ဂေ ဣမေကေစ္စော အာဒိတော ဝ အဇ္ဈတ္တသင်္ခါရေ အဘိနိဝိသိတ္တွာ ဝိပဿတိ၊ ယသ္မာ ပန န သုဒ္ဓအဇ္ဈတ္တ ဒဿနမတ္တေနေဝ မဂ္ဂဝုဋ္ဌာနံ ဟောတိ၊ ဗဟိဒ္ဓါပိ ဒဋ္ဌဗ္ဗမေဝ၊ တသ္မာ ပရဿ ခန္ဓေပိ အနုပါဒိန္န သင်္ခါရေပိ အနိစ္စံ ဒုက္ခမနတ္တာတိ ဝိပဿတီတိ တသ္မာ ပရေသံ စက္ခာဒိဝဝတ္ထာနမ္ပိ အနိန္ဒြိယ ဗဒ္ဓရူပါဒိဝဝတ္ထာနမ္ပိ ဉာတဗ္ဗမေဝ၊ တသ္မာ တေဘူမကသင်္ခါရာ အဝိပဿန္နူပဂါ နာမ နတ္ထိ။

(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ပထမအုပ် ဂေါစရနာနတ္တ အဖွင့်)။

အဝိစ၊ နည်းတမျိုးကို ဖွင့်ဆိုပြဦးအံ့။ ယေနယေန၊ အကြင်အကြင် အကြောင်းကြောင့်။ ယာနိယာနိ၊ အကြင် အကြင်အကျိုးတို့သည်။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။ တေန-တေန၊ ထိုထို အကြောင်းကြောင့်။ တာနိတာနိ၊ ထိုထို

အကျိုး အာရုံတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ဟိ၊ အပြစ်စကား ဆက်၍ပြပါဦးအံ့။ ဇာတရထာ၊ အကြောင်းမျိုးစုံကြောင့် အမျိုးစုံတို့ ကံကြောင့် ဖြစ်သော ရုပ်များဟု သိမှတ်အပ်သည်မှ တပါးသော အခြင်းအရာ အားဖြင့်။ အဓေယ္ယ၊ အနက်အဓိပ္ပါယ် အယူအဆတမျိုးကို။ ဂဟေတွာနေ၊ ယူခဲ့သော်။ သကသန္တာနပရိယာပန္နာ၊ မိမိ၏ သန္တာန်၌ အကျုံးဝင်ကုန်သော။ ရူပါဒယော၊ ရူပါရုံ အစရှိကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓမ္မာ၊ တရားတို့ကို။ နသက်ကျောယျုံ၊ သိမ်းကြိုး၍ မယူကုန် နိုင်ရာ။ ယသ္မာ၊ အကြင်ကြောင့်။ အနိန္ဒြိယဗဒ္ဓရူပါဒယောပိ၊ အနိန္ဒြိယဗဒ္ဓ ရုပ်စသော တရားများတို့ သည်လည်း။ ဝိပဿနူပဂါ၊ ဝိပဿနာဉာဏ်အာရုံသို့ ကပ်ရောက်နိုင်ကြကုန်၏။ တသ္မာ၊ ထိုသို့ ကပ်ရောက်နိုင်သောကြောင့်။ တေသံ၊ ထို အနိန္ဒြိယ ဗဒ္ဓရုပ်တရားတို့ကို။ ကမ္မသမုဋ္ဌာနတာပဒေန၊ ကမ္မသမုဋ္ဌာန တပုဒ်ဖြင့်။ သင်္ဂဟော၊ ရေတွက်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိသစ္စံ၊ မှန်၏။ တေပိ၊ ထိုအနိန္ဒြိယဗဒ္ဓရုပ်တရားတို့ သည်လည်း။ သဗ္ဗသတ္တသာဓာရဏ ကမ္မပစ္စယ ဥတုသမုဋ္ဌာနာ၊ အလုံးစုံသောသတ္တဝါအများနှင့် ဆက်ဆံကုန်သောကံလျှင် အကြောင်းရင်း ရှိကုန်သော ဥတုကြောင့် ဖြစ်ကုန်သော ရုပ်တို့ မည်ကုန်၏။ ပန၊ ဝါဒအထူး ပြဆိုဦးအံ့။ အညေ၊ တပါးကုန်သော ဆရာတို့သည်။ အနိန္ဒြိယ ဗဒ္ဓရူပါဒယော၊ အနိန္ဒြိယ ဗဒ္ဓရုပ် စသည် တို့သည်။ အဝိပဿနူပဂါ၊ ဝိပဿနာဉာဏ်၏အာရုံသို့ မကပ်ရောက်နိုင်ကြကုန်။ ဇာတိ၊ ဤသို့။ ဝဒန္တိ၊ ဖွင့်ဆိုကြကုန်၏။ ပန၊ ထိုသို့ပင် ဖွင့်ဆိုပါ

သော်လည်း။ တံဝစနံ၊ ထိုဖွင့်ဆိုသောစကားသည်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတိ၊ ရှု၏။ အထ၊ ထိုသို့ဝိပဿနာရှုသောအခါ၌။ ဒုက္ခေ၊ သင်္ခါရ ဒုက္ခ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့လာ၏။ ဧသော၊ ဤသို့ အားဖြင့် သင်္ခါရကို ငြီးငွေ့လာခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ စင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ အကြောင်းဖြစ်သော ဝိပဿနာ မဂ်ညာဏ်ပင်တည်း။ ဣတိ အာဒိကာယ၊ ဤသို့အစရှိသော။ ပါဠိယာ၊ ပါဠိတော်နှင့်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။ စ၊ ဆန့်ကျင်ပုံတမျိုးကို ထုတ်ဆောင်ပြပေဦးအံ့။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌။ ဣဓ၊ ဤသာသနာ၌။ ကေစ္စော၊ အချို့သောယောဂီသည်။ အာဒိတော၀၊ အစ၌သာလျှင်။ အဇ္ဈတ္တသင်္ခါရေ၊ ရူပကာယ ရုပ်နာမ် ဖြစ်ပျက်တို့ကို။ အဘိနိဝိသိတွာ၊ နှလုံးသွင်းပြီး၍။ ဝိပဿတိ၊ ဝိပဿနာ ရှု၏။ ပန၊ ဆက်၍ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ သုဒ္ဓအဇ္ဈတ္တဒဿနမတ္တေနေ၀၊ သက်သက်သော အဇ္ဈတ္တတရား ဖြစ်ပျက်ကိုရှုခါမျှဖြင့်သာလျှင်။ မဂ္ဂဝုဋ္ဌာနံ၊ မဂ်၏ ထခြင်းသည်။ ဝါ၊ မဂ်ဖြစ်လာခြင်းသည်။ နဟောတိ၊ မဖြစ်နိုင်။ ဗဟိဒ္ဓါပိ၊ အပသင်္ခါရ တရားတို့ ကိုလည်း။ ဒဋ္ဌဗ္ဗမေ၀၊ ညာဏ်ဖြင့် ရှုအပ်သည်သာလျှင်တည်း။ တသ္မာ၊ ထိုကြောင့်။ ပရဿ၊ သူတပါး၏။ ခန္ဓေပိ၊ ခန္ဓာငါးပါး တို့ကိုရင်း။ အနုပါဒိန္နသင်္ခါရေပိ၊ အနုပါဒိန္နသင်္ခါရ တရားတို့ကိုရင်း။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အစိုးမရကုန်။ ဣတိ၊

ဤသို့။ ဝိပဿတိ၊ ဝိပဿနာရှု၏။ ဧတိ၊ ဤသို့အားဖြင့်။ အာစရိယေန၊ အရှင်မဟာဗုဒ္ဓဃောသဆရာသည်။ ဝုတ္တံ၊ ဆိုအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ပရေသံ၊ သူတပါးတို့၏။ စက္ခာဒိဝတ္ထုနမ္ပိ၊ စက္ခုပသာဒစသောရုပ်ကို ဉာဏ်ဖြင့် ပိုင်းခြားခြင်း ကိုရင်း။ အနိယန္ဒြိ ဗဒ္ဓရူပါဒိဝတ္ထုနမ္ပိ၊ အနိန္ဒြိယဗဒ္ဓရုပ် အစရှိသည်ကို ပိုင်းခြားခြင်းကိုရင်း။ ဇာနန္တိ တဗ္ဗမေဝ၊ အလိုရှိအပ်သည်သာ လျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ တေဘူမကသင်္ခါရာ၊ ဘုံသုံးပါး၌ ရှိကြကုန်သော သင်္ခါရတို့သည်။ အဝိပဿနူပဂါနာမ၊ ဝိပဿနာ ဉာဏ်၏ မကပ်ရောက်နိုင်ခြင်းတို့ မည်သည်။ နတ္ထိ၊ မရှိနိုင်ပေကုန်။

ယုဂနဒ္ဓရှုပွားပုံအဖွင့်

ယုဂနဒ္ဓဆိုသည်မှာ လှည်း၌ တပ်ထား ကုန်သော နွားနှစ်ကောင်တို့သည် အချင်းချင်းအားဖြင့် မယုတ် မလွန်ကြကုန်မူ၍ ဝန်ကိုထမ်းဆောင်ကြကုန်သကဲ့သို့ သမာဓိ ပညာနှစ်ပါးတို့တွင် သမာဓိကိုလည်း မလွန်စေ၊ မများစေမူ၍ ပညာကိုလည်း မလွန်စေ၊ မများစေမူ၍ အညီအမျှ ပြုကာ ပွားများသော နည်းမျိုးသည် ယုဂနဒ္ဓနည်းမျိုး မည်၏။ ဈေးရောင်းသော ချိန်ခွင်လျှာတန်းကဲ့သို့ပင်တည်း။

သမထဝိပဿနာ နှစ်ပါးတို့သည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်း ကိစ္စတူအားဖြင့် ဆောင်ရွက် နိုင်ခြင်းသည် ယုဂနဒ္ဓဖြစ်၏ဟူလို။

ထို့ကြောင့် ယုဂနဒ္ဓသ သမထဝိပဿနာ ဒွယဿ ကေရသဘာဝေန အနတိဝတ္တနဋ္ဌော။

ယုဂနဒ္ဓသည်၊ အစုံ ဖွဲ့အပ်သော။ သမထ ဝိပဿနာ ဒွယသည်၊ သမထဝိပဿနာနှစ်ပါး၏။ ကေရသဘာဝေန၊ တူသောကိစ္စ၏ အဖြစ်အားဖြင့်။ အနတိဝတ္တနဋ္ဌေန၊ မလွန်ခြင်းအနက်သဘောရှိ၏။

ဝိမုတ္တိရသေန ကေရသတာယ သမထဝိပဿနာနံ ကေရသတာယဝါ ကေရသဋ္ဌော။

ဝင့်ဆင်းရဲမှ လွတ်ခြင်းကိစ္စ အားဖြင့်ဧဝ်း သမထ ဝိပဿနာနှစ်ပါးတို့၏ ကိစ္စတူအားဖြင့်ဧဝ်း တူသောကိစ္စ အနက်သဘောရှိ၏။ ဤသို့စသောအားဖြင့် တဆဲ့ခြောက်ပါးကုန်သော အခြင်းအရာတို့ဖြင့် သမထ ဝိပဿနာကို အစုံပြု၍ ယုဂနဒ္ဓပွားများပုံကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ အကျယ်လာ၏။

အဋ္ဌကထာကြီးများ၌ မဂ်ဖြစ်ပေါ်သောအခါ သမာဓိ ပညာမညီမျှလျှင် မဂ်မဝင်နိုင် မဂ်မဖြစ်ပေါ်နိုင်၍ မဂ်ခဏ ယုဂနဒ္ဓ ဖြစ်ပုံကို များသောအားဖြင့် ဖွင့်ဆိုမှုရှိ၍ မဂ်၏ ရှေးကာလများ၌ တရားအားထုတ်ကြကုန်သူ ယောဂီပုဂ္ဂိုလ်တို့အတွက် ဘယ်လိုသမာဓိပညာ နှစ်မျိုးကို ဖြစ်နေအောင် အားထုတ်ရပုံ မျိုးကို အမြွက်မျှလောက်သာ ဖွင့်ပြကြပေကုန်သည်။ သမာဓိအာရုံ၊ ဝိပဿနာအာရုံများကို တလဲစီ အသိစိတ်ရောက်၍ မရှုပွားနိုင်သောကြောင့် မဖွင့်ဆိုခြင်းကား မဟုတ်ကုန်။ အမှန်စင်စစ် ဥပစာရသမာဓိမျိုး ရရှိနေသူဆိုက သမာဓိ အာရုံတလှဲ့ ဝိပဿနာအာရုံ တလှဲ့ အပြောင်းအလွဲအားဖြင့် ရှုပွားသွားပါလျှင် လွယ်ကူစွာပင် မဂ်ဝင်နိုင်စရာ အကြောင်းရှိ၏။ အားထုတ်ခါစ ၌ပင်

လေ့ကျင့်ရှုပွားလာပါက မဂ်ဝင်နိုင်သောကိစ္စ၌ အထူးပင် အချိန်ကာလ မကြန့်ကြာဘဲ လွယ်ကူမှု အကျိုးထူး ရရှိပေ လိမ့်မည်။ အားထုတ်နေသော ယောဂီ၌ သမာဓိ ပြည့်စုံ ရန်သာ လိုရင်းဖြစ်၏။ သမာဓိရှိပါက သမာဓိပညာ ညီမှုကိုသိရ၍ သမာဓိမရှိက သမာဓိပညာညီမျှမှု လွန်ယုတ် မှုကို သိနိုင်မည်မဟုတ်ချေ၊ ယခုအခါ သမာဓိကို ပြည့် စုံအောင် မထူထောင်နိုင်မှုကြောင့် ယုဂနဒ္ဓနည်းသည် ကွယ်ပျောက်သလောက်ဖြစ်၍ နေပေသည်၊ လောကုတ္တရာ မဂ်ခဏ၌ရှိသော ကေန္တိကယုဂနဒ္ဓကိုသာသိရှိနားလည်ကြ ပေ၏၊ အနည်းဆုံး အားဖြင့် ပြည့်စုံ လုံလောက်သော ဥပစာရသမာဓိကိုရအောင် ထူထောင်ကြပါကုန်။

အနေကန္တိက ပုဗ္ဗဘာဂယုဂနဒ္ဓကို အားထုတ်ရမှန်းပင် မသိရှိကြကုန်၊ အသုံးများရာလိုက်၍ အဋ္ဌကထာကြီးများ ၌လည်း သမထယာနိက ဝိပဿနာယာနိက နှစ်နည်းသာ ဖွင့်ပေကုန်၏၊ ယုဂနဒ္ဓ နည်းဖွင့်ဆိုသော နေရာ၌လည်း အလွန်အဆင့်အတန်းမြင့်သော သမာပတ်အာရုံဝိပဿနာ အာရုံတလှည့်စီရှုပွားနေပုံကိုသာဖွင့်ထား၏၊ အနေကန္တိက ယုဂနဒ္ဓရှုပွားပုံတွေ ကွင်းကျန် နေသည်ဟု ယူဆရမည်။ (အထူးသတိပြုပါ)။

ဥပရိပဏ္ဏာသပါဠိတော် သဠာယတနိက သုတ်အဖွင့်၌ ကေကန္တိကယုဂနဒ္ဓဖြစ်ပုံ နာနက္ခဏိကယုဂနဒ္ဓဖြစ်ပုံလာ၏၊ ဆိုလိုရင်းမှာ မဂ်စိတ်ခဏ၌ သမာဓိပညာနှစ်ပါးတို့သည် မညီမျှလျှင် မဂ်ဇောမကျနိုင်၍ ဧကန်မုချယုဂနဒ္ဓဖြစ်ရမည်၊ မဂ်ဇောမှ ရှေးအဘို့ရာဖြစ်သော ဝိပဿနာ ပွားခိုက်၌

သမာဓိပညာနှစ်ပါးကို တအာရုံစီတလှည့်စီထား၍ ရှုပွား နေပါက ညီမျှသောအခါညီမျှ၍ မညီမျှသော အခါလည်း ရှိနိုင်ပေကုန်သည်၊ တခါတရံ သမာဓိကလွန်၍ တခါတရံ ဝိပဿနာ ပညာက နည်းပါး နေပေသည်၊ တခါတရံ ဝိပဿနာပညာကလွန်များ၍ သမာဓိတရားက ယုတ်နည်း နေတတ်မှုကြောင့် နာနာခဏိက ယုဂနဒ္ဓမျိုး ဖြစ်ပေကုန် သည်။ အားထုတ်ဖန်များ၍ အသားကျ အရှိန်ကောင်း ပြီးလျှင်ထိုက်တန်သော သမာဓိအားလည်း ရလာပြီဆိုက အားထုတ်ခါစ၌ သမာဓိပညာညီမညီကိုမသိနိုင်ဘဲ မှန်းဆ အားထုတ်မှုမျိုးကို ကျော်လွန်၍ တကယ်ညီမျှမှု ရှိတယ် မရှိဘူးဆိုတာ မိမိဘာသာ အရှိန်ရလာသော အခါ၌ နားလည်လာပေနိုင်တော့၏။

ဤသဘော တရားကို ရည်ရွယ်၍ အားထုတ်ခါစ ယောဂီ၌လွန်မှု ယုတ်မှု ရှိနိုင်ပေကုန်သည်၊ တခါတရံ သမာဓိဖြစ်မှုခဏများ၍ ဝိပဿနာပညာဖြစ်မှုခဏနည်းပါး ပေကုန်သည်၊ တခါတရံ ဝိပဿနာပညာဖြစ်မှုခဏများ၍ သမာဓိဖြစ်မှု ခဏနည်းပါးသော အချိန်အခါများလည်း ရှိပေကုန်သည်၊အဘယ့်ကြောင့်ဆိုသော်ရုပ်နာမ်သဘာဝကို ကိုယ်တွေ့ နားမလည်သေးသောကြောင့်ပင်တည်း။ အထူး အားဖြင့် နာမ်သဘောကို မသိသေးသော အခါဖြစ်၍ သမာဓိပညာ မရင့်ကျက်သေးသောအခါဖြစ်သည်။

ဍမသ္မိံ ခဏေ သမာပတ္တိံ အညသ္မိံ ဝိပဿနာတိ ဍဒံ တေသံ တတ္ထတတ္ထ ကိစ္စတော အဓိကဘာဝံ သန္ဓာယဝုတ္တံ နအညထာ။ (ဥပရိပဏ္ဏာသဋီကာ)။

ပါဠိအနက် ယောဇနာ။ ဣမသ္မိံခဏေ သမာပတ္တိံ အညသ္မိံ ဝိပဿနာတိ ဣဒံ၊ ဣမသ္မိံခဏေ သမာပတ္တိံ အညသ္မိံဝိပဿနာဟူသော အဋ္ဌကထာစကားကို။ တေသံ၊ ထိုသမာဓိပညာတို့၏။ တတ္ထတတ္ထ၊ ထိုထိုသော သမာဓိအာရုံဝိပဿနာအာရုံ၌။ ကိစ္စတော၊ တည်ကြည်ခြင်းကိစ္စ သိခြင်းကိစ္စအားဖြင့်။ အဓိကဘာဝံ၊ တခါတရံ လွန်ကဲသည်၏အဖြစ်ကို။ သန္ဓာယ၊ ရည်ရွယ်၍။ အာစရိယေန၊ အရှင်မဟာ ဗုဒ္ဓဃောသ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ဖွင့်ဆိုအပ်၏။ အညထာ၊ တပါးသော အကြောင်း အခြင်းအရာအားဖြင့်။ နဝုတ္တံ၊ ဖွင့်ဆိုအပ်သည်မဟုတ်။

ဤနေရာ၌ ဣမသ္မိံခဏေသမာပတ္တိံ အညသ္မိံဝိပဿနာ ဟူသော အဋ္ဌကထာစကားကို ဥက္ကဋ္ဌနည်း ဖွင့်သည်ဟု မှတ်ယူရမည်၊ ဈာနသမာဓိမဟုတ်ဘဲ အားထုတ်လို့ဖြစ်နိုင်ပေ၏၊ ဥပရိပဏ္ဏာသ အဋ္ဌကထာ စကားရပ်ကို သိသာထင်ရှားအောင် လိုရင်းကျကျနောက်ထပ်တဖန် ရှင်းလင်းစွာဖွင့်ပြသော ဋီကာဆရာ၏ သိစေလိုသောအဓိပ္ပါယ်မှာ သမာဓိပြဋ္ဌာန်းသော စိတ်ခဏ အသိဉာဏ်ပြဋ္ဌာန်းသော စိတ်ခဏဟူကုန်သော ခဏနှစ်ပါးတို့တွင် ဝိပဿနာတရားရှုပွားနေခိုက်ဖြစ်သော ယောဂီ၌ ဝိပဿနာဉာဏ်မှန် မိမိသန္တာန်မှာဖြစ်ပေါ်လိုသော ယောဂီသည် အခြေခံသမာဓိတရားနှင့် ကင်းကွာ၍ဖြစ်မလာနိုင်ချေ၊ ရေနှင့်ရေခွက်ပမာ အချင်းချင်း မှီတွဲနေကြပေကုန်၏၊ ထို့ကြောင့် ရှိသင့်ရှိထိုက်သော သမာဓိရှိ၍ ဖြစ်သင့်ဖြစ်ထိုက်သောဝိပဿနာဉာဏ်ဖြစ်ရအောင် ဝိပဿနာအားထုတ်ခိုက် အချိန်၌ပင်

သမာဓိပညာတို့ကို တလှည့်တပြန်စီ အားထုတ်လာပါက သမာဓိသတ်သတ် ဝိပဿနာပညာသတ်သတ် အားထုတ်မှုတို့ထက် အချိန်စောစွာ သမာဓိ ပညာညီမျှ၍ မဂ်ဝင် နိဗ္ဗာန်မြင် အကျိုးထူးတရားခံစားနိုင်ပေကုန်သည်၊ခံစားကြပါစေကုန်သတည်း။ သမာဓိ အာရုံတလှည့် ဝိပဿနာ အာရုံတလှည့် အပြန်အလှန်ရှုပွားကုန်သောအခါ သမာဓိ ပြဋ္ဌာန်းသော စိတ်ခဏနှင့် ဉာဏ်ပညာ ပဋ္ဌာန်းသော စိတ်ခဏတို့သည် ရှုပွားခိုက်ဟူသော ပုဗ္ဗဘာဂလောကီ မဂ်ဇောခဏ၌ တည်ကြည်မှု သမာဓိကိစ္စနှင့် သိမှုပညာကိစ္စတို့သည် ညီမျှမှုမဖြစ်နိုင်ချေ၊ လောကုတ္တရာ မဂ်ဇောခဏ၌သာ ညီမျှမှုဖြစ်နိုင်ပုံကို သိစေခြင်းဖြစ်ပေ၏၊ သမာဓိ ပညာစသော နာမ်တို့၏ ညီမျှဒါ မညီမျှဒါ ကိုတော့ တော်တော်ခရီးပေါက်ရောက်နေသော ယောဂီအကြီးစားတို့၏ ဝီရိယ သမာဓိ သတိပညာတို့၏ တောင့်တင်း အားကောင်းမှုအပေါ်မှာ ကောင်းစွာတည်ပေသည်၊အားထုတ်ခါစ၌ ဝီရိယသမာဓိအရှိန်အဝါ နည်းပါးခိုက်မှာ သမာဓိ ပညာတို့၏ သဘောတရားကို ကိုယ်တွေ့ နားမလည် နိုင်သောအခါမျိုးလည်းရှိပေကုန်သည်။

ဤသို့အားဖြင့် သမာဓိပညာနှစ်စုံထား၍ အားထုတ်လို့ ဖြစ်နိုင်ပုံကို အရိပ်အမြွက်အားဖြင့် သိစေလို၍ အဋ္ဌကထာကြီးများ၌ တသ္မာပုဗ္ဗဘာဂေ အနေကန္တံ ကံ ယုဂနဒ္ဓဘာဝံ ဟူ၍၎င်း, ကေဝလာဏိကယုဂနဒ္ဓံ နာနက္ခဏိက ယုဂနဒ္ဓံ ဟူ၍ ၎င်း ဖွင့်ဆိုကြခြင်းဖြစ်ပေ၏။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကြီး၌ ဆိုလျှင် သမထ ဝိပဿနာနှစ်ပါးတို့သည် မဂ်၏ရှေ့အဘို့ကာလကပင် အစုံ ဖြစ်ပေါ်နေပါမှ မဂ်ကို ဖြစ်စေနိုင် သောကြောင့် တရား အားထုတ်ခါစကပင် သမထဝိပဿနာကို အစုံပြု၍ အား ထုတ်ရမည်။ သမထ ဝိပဿနာအစုံ အားထုတ် လာခြင်း သည် ဖြူးဖြောင့်သောအရိယာမဂ်သို့သွားရာ လမ်းကောင်း လမ်းဖြောင့်ကြီးနှင့်တူ၍ အရိယာမဂ် မဖြစ်ပေါ်မီ ရှေးဦး ကာလကပင် အစုံကြီးတင် ဖြစ်ပေါ်နေနှင့်ရန် တရားများ ဖြစ်၍ အစုံဖြစ်ပေါ်မှု အလေ့အကျင့် လုပ်၍ တရားအား ထုတ်တိုင်း ကြိုးစားအားထုတ်ပေးရမည်။

အထက်ပါအဓိပ္ပါယ်သဘောကိုရည်ရွယ်၍ ပဋိသမ္ဘိဒါ မဂ် ပါဠိတော်၌လာသည်မှာ–

> သမာဒဟိတွာ ယထာစေဝိပဿတိ ဝိပဿမာနော
> တထာစေသမာဒဟေ ဝိပဿနာစ သမထော တဒါ
> အဟု သမာနဘာဂါ ယုဂနဒ္ဓါ ဝတ္တရေ။

သမာဒဟိတွာ၊ ခဏိကသမာဓိ ဥပစာရသမာဓိ အပ္ပနာ သမာဓိတို့တွင် တပါးပါးသော သမာဓိတရားဖြင့် စိတ်ကို ကောင်းစွာထား၍။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ဝိပဿတိစေ၊ ဝိပဿနာလည်း ရှု၏။ ဝိပဿမာနော၊ ဝိပဿနာပွားသောသူသည်။ တထာ၊ ထိုအခြင်းအရာအား ဖြင့်။ သမာဒဟေစေ၊ စိတ်ကို ကောင်းမွန်စွာလည်း ထား ရာ၏။ တဒါ၊ ထိုစိတ်တည်ကြည်သောအခါ၌။ ဝိပဿနာစ၊

ဝိပဿနာညာဏ်သည်ဝင်း။ သမထောဝ၊ သမာဓိသည်ဝင်း။ အဟု၊ ဖြစ်၏။ တာ၊ ထိုသမထ ဝိပဿနာနှစ်ပါးတို့သည်။ သမာနဘာဂါ၊ တူသောအဘို့အစုရှိကုန်သည်။ ယုဂနဒ္ဓါ၊ နွားနှစ်ကောင် တပ်ဆင်ထားသကဲ့သို့ အချင်းချင်း မလွန်သော အနက်သဘောကြောင့် တူမျှသော ဝန်ရှိကုန်သည် တူမျှသော ခွန်အားဗလရှိကုန်သည်။ ဝတ္တရေ၊ ဖြစ်ကုန်၏။

ဆိုလိုရင်းအဓိပ္ပါယ်မှာ ဝိပဿနာညာဏ်သဘောသည် ကြမ်းထမ်းသော သဘောရှိ၍ သာယာခြင်းကင်း၏၊ သမထ တရားသည် သိမ်မွေ့နူးညံ့၍ သာယာ နှစ်သက်ဘွယ်ရှိ၏။ ထိုကြောင့် ကြမ်းထမ်းသော စိတ်ဓာတ်ကို သမထ အာရုံ ကပ်ရောက် စေခြင်းဖြင့် ဝိပဿနာ တရား ယောဂီသည် စိတ်ကိုတည်ငြိမ်စေရာ၏၊ တည်ငြိမ်အောင် အားထုတ်ခြင်း ကိစ္စပြုလုပ်ပေးရမည်။ (အဋ္ဌကထာ)

တသ္မာသမာဓိံအဝိဿဇ္ဇေတွာ သမာဓိံစ ညာဏဉ္စ
ယုဂနဒ္ဓံကတွာ ယာဝအရိယမဂ္ဂေါ တာဝဉဿုက္ကာ
ပေတဗ္ဗံ၊ ။(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)။

တသ္မာ၊ ထို့ကြောင့်။ သမာဓိံ၊ သမာဓိကို။ အဝိဿဇ္ဇေတွာ၊ မစွန့်လွှတ်မူ၍။ သမာဓိံစ၊ သမာဓိကို ၎င်း။ ညာဏဉ္စ၊ ညာဏ်ကို၎င်း။ ယုဂနဒ္ဓံ၊ အစုံဖွဲ့ခြင်းကို။ ကတွာ၊ ပြု၍။ ယာဝ၊ အကြင်မျှလောက်။ အရိယမဂ္ဂေါ၊ အရိယာ မဂ်သည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုအရိယာမဂ်တိုင်အောင်။ ဉဿုက္ကာပေတဗ္ဗံ၊ အားထုတ်အပ်၏။

ထို့ကြောင့် သမထယာနိက၊ ဝိပဿနာယာနိက အားထုတ်ကြကုန်သော ယောဂီ သူတော်စင်တို့သည် ပညတ်အာရုံ၌ဖြစ်စေ၊ ရုပ်နာမ်ဖြစ်ပျက် ပရမတ်အာရုံ၌ ဖြစ်စေ၊ အနည်းဆုံး ဥပစာရသမာဓိကို ပြည့်စုံ ရရှိလာသည်အထိ အရှိန်ပြင်းစွာ ဒလစပ် အားထုတ်လာရာ၏။ ကိလေသာ မဝင်အောင် ဒလစပ် အားထုတ် လာသော အခါ အနည်းဆုံး ဥပစာရသမာဓိ ရရှိနေသူ များသည် သမာဓိ ပညာ ညီမျှတာကို သိရှိနားလည်ရုံတွင် မကဘဲ ဣန္ဒြေ ငါးမျိုးစုံ ညီမျှပုံကိုပါ သိရှိနားလည်နိုင် တော့၏။

**ဆောင်ပုဒ်။** ။သမာဓိတရားရှိသူများ၌၊ ငါးဝဍဣန္ဒြေ၊ ညီမျှပေ၊ ဖြစ်လေညာဏ်သမာဓိ၊ (ဝိနည်းမဟာဝါဂဏ္ဌိ)။

မညီမျှငြား ဈာန်မဂ်တရား၊ ဖြစ်ပွား မလာဘိ။
သမာဓိတရားရှိသူအား၊ ကျိုးကားတိုင်းမသိ။

နာမ်ဓာတ်တရား၊ သိမြင်ငြား၊ စွမ်းအားသမာဓိ။
စ,လယ်,ဆုံး,တွင်၊ လေ့သိမြင်၊ နာမ်ထင် ရှုနိုင်၏။
ကျမ်းပဋ္ဌာန်သင်္ဂြိုဟ်ဒါ၊ နည်းလမ်းလာ၊ မှတ်ပါညာဏ်ကာဝိ။

ယုဂနဒ္ဓကထာ တရားရှုပွားပုံ အကျဉ်းချုပ် ပြီး၏။

# (ဂ) သစ္စာလေးပါး တရားတော်

ဘုရားရှင်သာသနာတွင်းမှာ ဘုရားရှင်၏ တပည့်များ ဖြစ်ကြကုန်သော ရဟန်းရှင်လူ များစွာသော သူတို့သည် အပါယ် ကင်းလွတ်ခြင်း ဝဋ်ဆင်းရဲ ကင်းလွတ် ခြင်းငှာ များစွာပင် ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုစုကာနေကြပေ ကုန်သည်၊ ဝဋ်ဆင်းရဲကို ဖြစ်စေနိုင်သော အကြောင်း အရာ များသည်ကားဆိုလျှင် ကိလေသာ အကုသိုလ်တို့ပင် ဖြစ် ပေကုန်သည်၊ ကိလေသာတို့ဆိုတာ-

၁။ ဝီတိက္ကမကိလေသာ-

၂။ ပရိယုဋ္ဌာန ကိလေသာ-

၃။ အနုသယ ကိလေသာ-

ဟု-သုံးမျိုးသုံးစားရှိရာတွင် ဝီတိက္ကမကိလေသာ ဆိုဒါ ကိုယ်နှုတ်နှစ်ပါး လွန်ကျူး၍ ကာယကံ ဝစီကံမြောက် ဖြစ်ပေါ် လာသော ကိလေသာမျိုးဖြစ်၍ ကာယဒွါရ ဝစီဒွါရ၌ဖြစ်သော ကိလေသာစုပင်တည်း။ ဤဝီတိက္ကမ ကိလေသာမျိုးကို သီလဖြင့် ပယ်သတ်နိုင်၍ ထိုထိုသီလ စေတနာဖြင့် ထိုထိုကိလေသာ အကြောင်းတရား များကို ပယ်သတ်ခြင်းသည် တေနတေန အင်္ဂေန တဿတဿ အင်္ဂဿပဟာနံ တဒင်္ဂပဟာနံ ဟူသည်နှင့်အညီ တဒင်္ဂ ပဟာန်အားဖြင့် ဝီတိက္ကမကိလေသာကိုပယ်၏ဟုမှတ်လေ။

ဤပယ်မှုမျိုးသည် အခိုက်အတန့် ပယ်မှုမျိုးသာတည်း။ လျှပ်စီး ပစ်သည်နှင့်တူ၏ဟု အဋ္ဌကထာ၌ ဥပမာပြ၏ ပရိယုဋ္ဌာနကိလေသာဆိုဒါ စိတ်ထဲ၌ ဖြစ်ပေါ်၍စိတ်ကို ထိုးကျင့်နှိပ်စက်၍ မနောဒွါရ၌ဖြစ်သော ကိလေသာမျိုးပင်တည်း၊ မနောဒွါရ၌ဖြစ်သော ပရိယုဋ္ဌာန ကိလေသာမျိုးကို သမာဓိအားဟူသော ဝိက္ခမ္ဘနပဟာန်မျိုးဖြင့်ပယ်နိုင်ပေသည်၊ ဤပယ်မှုမျိုးသည် ကိလေသာကို တန့်ရပ်ရုံ ငြိမ်ဝပ်ရုံ မြုံနေရုံမျှလောက်သာ ပြုစွမ်းနိုင်၏၊ ရေမှော်ကို အိုးဖြင့် ခွါသည်နှင့် တူ၏ဟု အဋ္ဌကထာဆရာ ဥပမာ ပြပေ၏။

အနုသယ ကိလေသာမျိုးဆိုဒါ ဒွါရတို့၌ ထင်ရှား ဖြစ်ပေါ်နေသော ကိလေသာမျိုးမဟုတ်ပေ၊ သတ္တဝါတို့၏ စိတ်အစဉ်မှာ မှိုမျိုးစေ့သဘွယ် ကိန်းဝပ် တွယ်နေသော သဘောမျိုးပင် အခွင့်အခါ ကြုံကြိုက် လာပါက ပေါ် ပေါက်၍လာပေတော့သည်။

ဤအနုသယ ကိလေသာကို ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ပယ်စွမ်းနိုင်ပေသည်၊ ဝိပဿနာဉာဏ်သည် ပယ်သော်လည်း အကြောင်း မညီညွတ်၍ နိဗ္ဗာန်အာရုံ အကူအညီမရမှုကြောင့်အကြွင်းမဲ့မပယ်နိုင်၊ မဂ်ကိလေသာ သည်သာ အကြွင်းမဲ့ ပယ်သတ်နိုင်၍ သမုစ္ဆေဒပဟာန် အားဖြင့် အနုသယကိလေသာတွေကို ပယ်ဖြတ်သည်ဟု မှတ်ရမည်။

ဤအနုသယ ကိလေသာတွေကိုပင် အပူအရှိန် အငွေ့ အသက်မကျန်ကြွင်းရအောင် နောက်တဖန် ငြိမ်းအေးစေ

ပြန်သော ဖိုလ်ညာဏ်ဖြင့် ပဋိပဿဒ္ဓိ ပဟာန်နှင့် တကွ ကိလေသာအပူကိုနောက်ထပ်တဖန်ထွက်မြောက်ငြိမ်းအေး စေပြန်သည်၊ နိဿရဏပဟာန်ဖြင့် အကြွင်းမဲ့ ပယ်ဖြတ် ခုတ်ထွင်သုတ်သင် ရှင်းလင်းပေကုန်၏၊ သာသနာတော် တွင်း၌ အနုသယကိလေသာကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်နိုင်အောင်ကြိုးစားအားထုတ်ခြင်းသည် လိုရင်း အလုပ် ကြီးဖြစ်ပေ၏၊ သို့သော်လည်း သီလ သမာဓိ ဟူသော အချင်းချင်း မှီတွယ်ရာ အခြေခံ အကြောင်းရပ် များနှင့် ကင်းကွာ၍ မဖြစ်နိုင်ပါချေ၊ သို့ပါ၍ ယနေ့မှာ ဆိုလျှင် မဂ်ဖိုလ်ပညာ၏ အခြေခံ သုတပညာနှင့် နိဗ္ဗိကပညာကို ဟောရမည်ဖြစ်ပေတယ်။

## ယောဂီအမျိုးမျိုး

၁။ ပိဋကတ်စာပေကို ကျယ်ဝန်းစွာ နားလည်ပြီး၍ အားထုတ်ပွားများသောယောဂီတမျိုး။

၂။ ပိဋကတ်စာပေဗဟုသုတ အထိုက်အလျောက်ရှိ၍ သမထ ဝိပဿနာ အားထုတ် ပွားများသော ယောဂီတမျိုး။

၃။ ပိဋကတ်စာပေ ဗဟုသုတကို မိမိတို့၏ အားထုတ် လိုသော ကမ္မဋ္ဌာန်း အာရုံဆိုင်ရာ အကျဉ်းမျှ လောက်သော ဗဟုသုတဖြင့် အားထုတ်နေသော ယောဂီတမျိုး။

၄။ ပိဋကတ်စာပေဗဟုသုတ အလျင်းမရှိဘဲ တရား အားထုတ်နေသောယောဂီတမျိုး။

ဟု-လေးမျိုး လေးစား ရှိနေရာတွင် အနည်းဆုံးမှာ မိမိတို့သည် အားထုတ်ပွားများအပ်သော ကမ္မဋ္ဌာန်းအာရုံ ဗဟုသုတတော့ရှိရမည်ဖြစ်၍ တရားနာခြင်း ဆွေးနွေးခြင်း မေးမြန်းခြင်းဟူသော ပရိယတ္တိအခြေခံ ရှိထားရမည်ဖြစ် ပေသည်၊ ဘုရားလက်ထက်တော်က ရဟန်းတော် တပါး သည် ရှင်တော်ဘုရားထံ ချဉ်းကပ်၍ အောက်ပါစကားကို ရှိသေစွာလျှောက်ထားပေသည်။

(၁) ရဟန်းအမေး။ ။အရှင်ဘုရား အဘယ် တရား သည် လောကကို ဆောင်အပ်ပါသနည်း၊ အဘယ်တရား သည် သတ္တဝါများကို ဆောင်နေပါသနည်း၊ အဘယ် တရားသည် လောကကိုဆွဲငင်ပါသနည်း၊ အဘယ် တရား သည် သတ္တဝါ အပေါင်းကို ဆွဲငင်ပါသနည်း၊ အဘယ် တရား၏ အလိုသို့ သတ္တဝါများ လိုက်နေရပါ သနည်း၊ အဘယ်တရား၏ အလိုသို့ လောကသည်လိုက်၍ နေထိုင်ရ ပါသနည်းဟု လျှောက်ထားလေ၏။

အိုရဟန်း ကောင်းပေစွ ကောင်းပေစွ အိုရဟန်းသင်၏ သုံးသပ် ဆင်ခြင်အပ်သော ပညာသည် ကောင်းသည် သာတည်း၊ သင့်အားထင်ရှားသောပြဿနာသည်ကောင်း သည်သာတည်း၊ မေးအပ်သော ပုစ္ဆာသည်ကောင်းသည် သာတည်း။

(၁) ဗုဒ္ဓ၏အဖြေ။ ။အိုရဟန်းသင်သည်အရှင်ဘုရား အဘယ်တရားသည် လောကကို ဆောင်အပ်ပါသနည်း၊ အဘယ်တရားသည် လောကကို ဆွဲငင်ပါသနည်း၊ လော ကသည် အဘယ်တရား၏ အလိုအတိုင်း ဖြစ်ပါသနည်းဟု

လျှောက်ထားသည် မဟုတ် ပါလော့ မေးမြန်းသည် မဟုတ်ပါလောဟု မိန့်တော်မူ၏၊ ထိုအခါ ရှင်တော်မြတ်ဘုရားက....

စိတ္တေန နီယတေလောကော၊
စိတ္တေန ပရိကဿတိ၊
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ။

စိတ္တေန၊ အာရုံငါးပါးလိုက်စားပျော်မြူးနေသော စိတ်ရှိင်း, စိတ်မိုက် စိတ်သေးစိတ်လွင့်သည်။လောကော၊ လူနတ်ပြဟ္မာ သတ္တဝါတွေကို။ နီယတေ၊ ဆောင်အပ်၏။ စိတ္တေန၊ စိတ်သည်။ ပရိကဿတိ၊ ဆွဲငင်အပ်၏။ စိတ္တဿ၊ မယဉ်ကျေးသေးသော စိတ်ဆိုး စိတ်ကြမ်း၏။ ဝသံ၊ အလိုနိုင်ငံသို့။ အန္ဝဂူ၊ အစဉ်တစိုက် ကောက်ကောက်လိုက်၍ နေရကုန်၏-ဟု ဟောကြားတော်မူပေသည်။

## စိတ်တရား ဆန်းကျယ်ပုံကို ပြဆိုချက်

အဓိပ္ပါယ်မှာ အို-ရဟန်း လောက၌ သတ္တဝါများသည် စိတ်၏လွှမ်းမိုး ခြယ်လှယ်ခြင်းကို ခံကြရကုန်၏။ သမထဝိပဿနာဖြင့်နိုင်နင်းစွာ စိတ်ကို မဆုံးမနိုင်သေး ပါလျှင် သတ္တဝါတွေကို စိတ်ကသာနိုင်၍ နေပေတော့သည်။ စိတ်သည် ရူပသဒ္ဒစသည့်အာရုံ ကာမဂုဏ်တရားများ အပေါ်၌ သူ့သဘာဝအတိုင်းပင် ပျော်မြူးချင်တိုင်း ပျော်မြူးနေကြပေတော့သည်။ စိတ်က လူရှင် ရဟန်းများကို သွားစေချင်လျှင် သွားရတယ်၊ လာစေလိုက လာရတယ်၊ လုပ်စေချင်လျှင် လုပ်ကိုင်ရတယ်။ ဤသို့ စသောအားဖြင့် စိတ်ကို

မနိုင်နှင်းမှုကြောင့် အပါယ်လေးပါးကိုလည်း ကျရတယ်။ ဆင်းရဲချိုးစုံ အဖုံဖုံကိုလည်း တွေ့ကြုံခံစားရတယ်။ တခါတရံ ချမ်းသာသုခဟု ထင်ရသော လူ နတ် ဘဝများ သို့လည်း ရောက်ကြရပြန်၍ ချမ်းသာအတန်တန်၊ ဆင်းရဲအတန်တန် မမြဲမှုဖြင့်သာ တွေ့ကြုံ ခံစားနေရပေကုန်၏။ ထို့ကြောင့် ရှင်တော်မြတ်ဘုရားက အောက်ပါ စိတ်တရားကို ရဟန်းတော်တပါးအား ဟောကြားတော်မူပေတယ်။

ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံဒန္တံ သုခါဝဟံ။

ဒုန္နိဂ္ဂဟဿ၊ ဟိုရောက် ဒီရောက် ကတောက် ကတက် ရောက်တတ်ရာရာ သွားလာတတ်၍ နှိပ်ကွပ် ဆုံးမဘို့ရန် ခဲယဉ်းသော။ လဟုနော၊ လက်ပစ်တတွက် လျှပ်တပြက် ခန့် အချိန်အခါ၌ပင် ကုဋေတသိန်းမက ကျရောက် နိုင်၍ ပုံပမာနှိုင်းစရာရန်ပင် ခဲယဉ်းစွာဖြစ်ခြင်း ချုပ်ခြင်း လျင်မြန် ခြင်းရှိသော။ ယတ္ထကာမ နိပါတိနော၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ ဖောဋ္ဌဗ္ဗဟု ငါးဝအာရုံ ကာမဂုဏ်၌ အကြင်အကြင် အလို ရှိတိုင်းကျရောက်တတ် ကျရောက်လေ့ ရှိ၍ ကျရောက်နေ သော။ စိတ္တဿ၊ စိတ်ရိုင်း စိတ်မိုက် စိတ်လေ စိတ်လွင့်ကို။ ဒမထော၊ သမထဝိပဿနာမဂ်ပညာတို့ဖြင့် ကြိမ်ဖန်များ စွာဆုံးမနိုင်ခြင်းသည်။ သာဓု၊ အကောင်း . တကာတို့တွင် အကောင်း တကာ တို့ထက် အကောင်း တကာ တို့၌ အကောင်းထိပ်ပိတ် ကောင်းဟိတ်ဖြာဖြာ ကောင်းကြောင်း သာ၍ အကောင်းဆုံးမဂ်လာ ဖြစ်တော့သည်သာ တည်း။ ဒန္တံ၊ တရားကောင်း တရားမြတ်တို့ဖြင့် ဆုံးမပြီးဖြစ်၍ ယဉ်

ကျေးနေသော။ စိတ္တံ၊ ရှေ့စိတ်နှင့်မတူ တမူထူးခြား ဖြစ်စင်သောစိတ်တရားသည်။ သုခါဝဟံ၊ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ကေန်မုချ ကောင်းကောင်းကြီး ဆောင်ရွက်နိုင်တော့သည်သာတည်း။

ဤတရားဒေသနာတော်ကို ရှင်တော်ဘုရား ဟောကြားတော်မူတဲ့အခါ များစွာသော တရားနာပရိသတ်အပေါင်းတို့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါက်၍ အရိယာ စခန်းသို့တက်လှမ်း ဆိုက်ရောက်ကြပေ ကုန်သည်။ ဤ ဒေသနာတော်မြတ်ကို မာတိကာရွာ၌ တရားအားထုတ်ရန် ဘုရားရှင်စေလွှတ်လိုက်သော ရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူခြင်းဖြစ်ပေသည်။

ထင်ရှားအောင် ပြဆိုပါဦးအံ့၊ ဝါဆိုဦး အခါကာလ၌ ဘုရားရှင်ထံမှ ဆင်းရဲ ခပ်သိမ်း လွတ်ကင်းရန် ကမ္မဋ္ဌာန်းတရားယူပြီးလျှင် ခြောက်ကျိပ်သော ရဟန်းတို့၏ ခရီးသွားလာစဉ် သာဝတ္ထိပြည်နယ် တခုသော တောင်ခြေရင်း၌ မာတိကာ ရွာသို့ ဆိုက်ရောက် လာပေတယ်၊ ထိုအခါ မာတိကာရွာ၌ သဒ္ဓါတရား ပြည့်ဝ၍ ရတနာ သုံးပါးကို ယုံကြည်ဆည်းကပ်တတ်သော မာတိကာ ဒါယိကာမကြီးသည် ကြွရောက်လာကုန်သော ရဟန်း သံဃာတော် တို့ကို အိမ်သို့ပင့်ဘိတ်၍ ဆွမ်းခဲဘွယ်ဘောဇဉ် ဆက်ကပ်ပြီးလျှင် အရှင်မြတ်များ ဘယ်အရပ်သို့ ကြွပါမည်နည်း ဘုရား–ဟု စိတ်ပါလက်ပါ ရိုသေစွာလျှောက်ထားတယ်။

ဤသို့လျှောက်လေလျှင် ဘုန်းကြီးတို့မှာ ရည်ရွယ်ချက်မရှိပါ၊ သင့်လျော်သော အရပ်ဌာနမှာ နေထိုင်ရန်ဟုပြော

ကြွားသောအခါ အရှင်ဘုရားများသည် ဤရွာ၌ သီတင်းသုံးပါက သင့်လျော်ပါကြောင်း လျှောက်ထားသောအခါ ဤဒါယိကာမကြီးကိုမှီ၍ တရားရဘို့ရန် အကြောင်းရှိ၏ဟု အောက်မေ့ကြပြီးလျှင် ဆိတ်ဆိတ်ဝန်ခံကြ ပေကုန်တယ်၊ ထိုအခါ ဒါယိကာမကြီးသည် ကျောင်းပေါင်း ခြောက်ဆယ်ကို အလျင်အမြန် ဆောက်လုပ်၍ ရဟန်းတော်များကို သီတင်းသုံးရန် လျှောက်ထားပန်ကြားပေ၏၊ တနေ့သော အခါဒါယိကာမကြီးသည် ရဟန်းတော်များ ကျောင်းသို့ ဖူးမျှော်ရန် သွားသောအခါ ရဟန်းတော်များကို မတွေ့မြင်ရသည့်အတွက် ကျောင်းတွင်း၌ ထားသော အထိမ်းအမှတ် ကျောက်စည် ခေါင်းလောင်းကို ထိုးသောအခါ ရဟန်းတော် များသည် မိမိတို့၏ နေထိုင်ရာ ကျောင်း အသီးသီးမှထွက်၍ လာကြပေကုန်သည်၊ ဤရဟန်းတော်တို့၏ ကြွလာပုံကို ကြည့်၍ အချင်းချင်း မသင့်မြတ်ဟန် တူပေ၏ဟု အောက်မေ့၍ အောက်ပါစကားကို လျှောက်ထားသည်မှာ အသီးအသီးတပါးစီ တနေရာစီကြွလာပုံကို ထောက်၍ မသင့်မြတ်ဟန် ရှိပါသည်ဘုရားဟု လျှောက်ထားသောအခါ ဒါယိကာမကြီး- ရဟန်းတော်တို့ဆိုဒါ ရဟန်းတရားကို နှလုံးသွင်းပွားများရသည် ရဟန်းတရား အားထုတ်တယ်ဆိုဒါ နှစ်ပါး သုံးပါး ရောနှောနေပါက သမာဓိဆုတ်ယုတ် ပျက်ပြားစေနိုင်တယ်၊ သို့ဖြစ်၍စကား နည်းပါးရအောင် ဆိတ်ငြိမ်ရာနေရာ အသီးသီးသို့ကပ်ရောက်ကြပြီးလျှင် မရောနှောသောနေထိုင်ခြင်းဖြင့် ရဟန်းတရားကိုအားထုတ်၍နေခြင်းဖြစ်ပေသည်။

## ဒါယိယာမကြီးတောင်းပန်ပုံ

အရှင်မြတ်တို့ဘုရား ရဟန်းတရားဆိုဒါ အရှင်ကောင်း အရှင်မြတ်တို့သာ အားထုတ်ကောင်း ပါသလော ဤသို့ မေးမြန်း လျှောက်ထားသောအခါ ဒါယိကာမကြီးတရား ဆိုဒါ ဘုံဆိုင်ပစ္စည်းတဲ့ သဘာဝ အလျောက် ရှိနေဒါ သည်ပင်တရားဖြစ်ပေသည်၊ သဗ္ဗညုဘုရားစသော သူတော် ကောင်းပညာရှိများသည် တရားကို သိနိုင်သော လုံ့လ ဝိရိယရှင် ဘုန်းကံကြီးမား အသိပညာပြည့်စုံသူ များဖြစ်၍ ချမ်းသာကို ပေးနိုင်တဲ့တရား၊ ဆင်းရဲကို ပယ်ဖြတ် နိုင်တဲ့ တရားစသည်ဖြင့် ပိုင်းခြားဝေဘန်၍ ထုတ်ဖော် ဟောပြ ခြင်းမျှသာ ဖြစ်ပေသည်၊ ထုတ်ဖော် ဟောပြထားသော အသိပညာရှင်များ၏ တရားတော်ကိုမည်သူမဆို ဇွဲလုံ့လ ရှိသူ ဆည်းပူးထားသော အလေ့အလာရှိသူ သတိပညာ ရှိသူများမှာဆိုလျှင် တရား၏အရသာပေါ်လွင်လာအောင် အားထုတ် ကြိုးစားနိုင်သူချည်း ဖြစ်ပေသည်၊ ဤသို့ပြော ကြားလိုက်သောအခါ လွန်စွာပင် ဝမ်းမြောက်သည်ဖြစ်၍ တပည့်တော်မအားလည်း တရားချီးမြှင့်တော်မူပါဘုရားဟု လျှောက်ထားသောအခါ ရဟန်းတော်များက အောက်ပါ အသုဘဘာဝနာတရားကို ဟောကြား မြွက်ဆိုပေတယ်၊ ဒါယိကာမကြီးတရားကို ရှိသေစွာ နားထောင် ပေတော့ မိမိ၏ကိုယ်ခန္ဓာကြီး၌မက်မောတွယ်တာမှုမဖြစ်လေအောင် ဆံပင်, အမွေး, ခြေသဲ, လက်သဲ, သွား, အရေစသော သုံးဆဲ့နှစ်ကောဋ္ဌာသများကို နှုတ်ဖြင့်လည်း ရွတ်ဘတ် သရဇ္ဈာယ်ရတယ်၊ ခန္ဓာကိုယ် အတ္တဘောကြီး၌ မခိုင်မြဲတဲ့

သဘော အလိုအတိုင်းမဖြစ်နိုင်တဲ့ သဘော တရားကိုပွား များ၍နေရပေတယ်။

## အသုဘဘာဝနာပွားပုံ

ဤဆံပင်သည် အဆင်းအားဖြင့်၎င်း သဏ္ဌာန်အားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း၊ တည်ရာအရပ်အားဖြင့်၎င်း မတင့်တယ်ပေကုန် မစင်မကြယ် ရွံဘွယ်ဖြစ်ပေကုန်၏၊ ဤအမွေးအမှင်သည် အဆင်း အားဖြင့်၎င်း၊ အနံ့ အားဖြင့်၎င်း၊ သဏ္ဌာန်အားဖြင့်၎င်း၊ တည်ရာအရပ်အားဖြင့်၎င်း မတင့်တယ်ပေကုန် မစင်မကြယ် ရွံဘွယ်ဖြစ်ပေ၏၊ ဤခြေသည်း၊ လက်သည်းများသည် အဆင်းအားဖြင့်၎င်း၊ သဏ္ဌာန်အားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း၊ တည်ရာ အရပ် အားဖြင့်၎င်း မတင့်တယ်ပေကုန် မစင်မကြယ် ရွံဘွယ် တို့သာဖြစ်ပေကုန်၏၊ ဤသုံးဆဲ့ နှစ်ချောင်းသော သွားများသည် အဆင်း အားဖြင့်၎င်း၊ သဏ္ဌာန် အားဖြင့်၎င်း အနံ့အားဖြင့်၎င်း၊ တည်ရာ အရပ်အားဖြင့်၎င်း၊ မတင့်တယ်ပေကုန်မစင်ကြယ် ရွံဘွယ်တို့သာဖြစ်ပေကုန်၏၊ ဤအရေအသား အသွေး အကြောများသည် အဆင်းအားဖြင့်၎င်း၊ သဏ္ဌာန်အားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း၊ တည်ရာအရပ်အားဖြင့်၎င်း မတင့်တယ်ပေကုန် မစင်မကြယ် ရွံဘွယ်တို့သာဖြစ်ပေကုန်၏၊ ဤသို့အားဖြင့် ကြွင်းကျန်ကုန်သော ကောဋ္ဌာသ နှစ်ဆဲ့ခုနစ်ခုတို့ကိုလည်းအထက်ပါ နည်းလမ်းအတိုင်းပင် နေ့ရှည်လများ ရွတ်ဘတ်မှုဖြင့်၎င်း စိတ်ဖြင့်၎င်း ပွားများနေရမည်၊ ထို့ကြောင့် မာန်လည်ဆရာတော်ဘုရားကြီးက အောက်ပါ လင်္ကာများကို သီကုံးတော်မူပေ၏။

ဆံပင်,အမွေး၊ နှပ်,တံထွေး၊ ညစ်ကြေးအဖြာဖြာ။
သုံးဆဲ့နှစ်ဖြာ ကောဋ္ဌာသာ၊ ပွားခါနေ့တိုင်းသာ။
မသေလည်းပုပ်၊သေလည်းပုပ်၊ အဟုတ်ရှုံစရာ။
အတွင်း လည်းပုပ်၊ အပြင်လည်းပုပ်၊ စက်ဆုပ်
ရှုံဘွယ်သာ။

ဟု-မှတ်သားရန် လင်္ကာဆောင်ပုဒ်များစွာပင် ရေးသားတော်မူပေသည်၊ ဤသို့ အသုဘ ဘာဝနာတွေကိုကြိုးစား၍ ပွားများထားရသဖြင့် နှစ်သက်ဘွယ်ရာ လိုချင် တွယ်တာဘွယ်ရာတို့ဖြင့် ရင်ဆိုင်လာသောအခါ အသုဘ ပွားများထားသော အလေ့အကျက် ဘာဝနာ တန်ခိုးကြောင့် အလွန်ဆိုးဝါးတဲ့ တဏှာရာဂဆိုသော လောဘတရားသည် ကြီးထွား မလာနိုင်ဘဲ အားသေးအားပျော့၍ တပ်လန်နောက်ဆုတ်၍ ပြေးရပေတော့သည်၊ ထို့ကြောင့်ရှင်တော်ဘုရား၏ သုတ္တန်ပိဋကတ် ပါဠိတော်ကြီးများစွာတို့၌—

အသုဘဘာဝနာ ရာဂဿ ပဟာနာယ ဘာဝေတဗ္ဗာ။
မေတ္တာဘာဝနာ ဒေါသဿ ပဟာနာယ ဘာဝေတဗ္ဗာ။
အာနာပါနဿတိ ဝိတက္ကု ပစ္ဆေဒါယ ဘာဝေတဗ္ဗာ။
အနိစ္စသညာ အသ္မိမာန သမုဂ္ဃါတာယ ဘာဝေတဗ္ဗာ။

ဟု ဟောတော်မူပေသည်။

အသုဘဘာဝနာ၊ အသုဘ ပွားများခြင်းကို။ ရာဂဿ၊ အာရုံငါးပါး ကာမဂုဏ် တရားကို တပ်မက် မောခြင်း ဟူသောရာဂကို။ ပဟာနာယ၊ မက်မော တွယ်တာ မဖြစ် ပေါ်လာအောင် ပယ်ရှားခြင်းငှာ။ ဘာဝေတဗ္ဗာ၊ အကြိမ် ကြိမ်အထပ်ထပ် ပွားအပ်၏။ မေတ္တာဘာဝနာ၊ သတ္တဝါ အများကို မိမိအလား ချစ်ခင်ကောင်းမွန်သော စိတ်ထား ပွားများနေခြင်းကို။ ဒေါသဿ၊ ကြမ်းထမ်း လေငြား ဒေါသခေါ်တဲ့တရားကို။ ပဟာနာယ၊ တတ်နိုင်သလောက် အချိန်ကြားစွာ ပယ်ရှားနိုင်ခြင်းငှာ။ ဘာဝေတဗ္ဗာ၊ တခါ တလေမျှမက မြဲစွာနိစ္စ ပွားများ အပ်လှတော့ သည်သာ တည်း။ အနိစ္စသညာ၊ သင်္ခါရတို့၏ မမြဲပါလား ဟူသော အမှတ်သညာကို။ အသ္မိမာနသမုဂ္ဃါတာယ၊ မည်သူနှင့် ရင်ဆိုင်ရင်ဆိုင် ငါသာလျှင် အထက်ကဟု စိတ်နေ မြင့် မောက် ငါတယောက်သာ အထင်ရောက် နေသော မာန် မာနတရားဆိုးကို ပယ်ချိုး ဖျက်ဆီးနိုင် ခြင်းငှာ။ ဘာဝေ တဗ္ဗာ၊ ထိထိ မိမိ ကျိုးရှိဖန်ခါ အကြိမ်ကြိမ်သာ ပွားများ အပ်ရာ၏။

ဒါယိကာမကြီး ဤဟောပြခဲ့တဲ့ ဘုရားရှင်၏ စကား တော်ကို ရိုသေစွာ မှတ်သား၍ မိမိ၏ ခန္ဓာကိုယ်ကြီးနှင့် တကွမိမိနှင့်စပ်သော ပစ္စည်းဥစ္စာမျိုးစုံ သဝိညာဏက အဝိ ညာဏကအဖုံဖုံကို တွယ်တာ မက်မော နေသော တဏှာ ဥပါဒါန်တရားဆိုးတွေကို အကြွင်းမဲ့ ပယ်သတ် နိုင်သော အသုဘ ဘာဝနာတရားနက်လက်ကြီးကို အမြဲမပြတ် ကိုင် စွဲပေတော့ဟု အသုဘ ကမ္မဋ္ဌာန်း တရားကို ဟောကြားရ

ပေတယ်။ ဒါယိကာမကြီးသည်လည်း ရှိရှိသေသေပင် မှတ်သား၍ လေးလေးနက်နက်ပင် အသုဘကမ္မဋ္ဌာန်းဘာဝနာကိုပွားများ အားထုတ်မှုကြောင့် အချိန်ကာလ မကြာမြင့်မီပင် ဆရာရဟန်းတော်များထက် ရှေးဦးစွာစော၍ အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါ လေးဖြာတို့ဖြင့်ခြံရံ၍ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ၊ ပရစိတ္တဝိဇာနန၊ ပုဗ္ဗေနိဝါသ၊ ယထာကမ္မုပဂ၊ အနာဂတံသဆိုတဲ့ အဘိညာဉ်ခြောက်ပါး ခြံရံသော အားဖြင့်မြင့်မားသောအနာဂါမ် အရိယာအဖြစ်သို့ ရောက်ရှိ၍လာပေတယ်။

အနာဂါမ် အရိယာ၏ အသိဉာဏ်ဖြင့် ကြည့်ရှုပုံ

အနာဂါမ် အရိယာ ဖြစ်သော ဒါယိကာမကြီးသည် ရဟန်းတော် များ၏ အခြေ အနေကို ပရစိတ္တဝိဇာနန အဘိညာဏ်ဖြင့် တပ်အပ်သေချာသိရှိရန် ဆင်ခြင်လိုက်ပါလျှင် ဩော်-ရဟန်းတော်များသည် လောဘ၊ ဒေါသ၊ မောဟစသောကိလေသာအပြည့်နှင့် ပုထုဇဉ်တွေသာ ဖြစ်နေပါလား၊ ဈာန်ဝိပဿနာမျှပင် မဆိုက်ရောက် သေးပါလားဟု ကောင်းကောင်းကြီး သိရှိပြီးလျှင် တဆင့်တက်၍ ကြည့်ရှု ပြန်သောအခါ သားတော် ရဟန်း များသည် ကိလေသာ ကုန်ခန်းတဲ့ အရိယာပုဂ္ဂိုလ်မြတ်ကြီးများ အဖြစ်သို့ ရောက်နိုင်၊ မရောက်နိုင်ကိုဆင်ခြင်ပြန်လျှင် ရောက်နိုင်သောအကြောင်းတရားရှိကြောင်းကို သိရှိနိုင်သတဲ့။

ယခုအခါ ဘာများ လိုနေပါလိမ့်မည်လဲဟု နောက်ထပ်တဖန် ဆင်ခြင်ပြန်သော် ပုဂ္ဂလသပ္ပါယ ပြည့်စုံနေခြင်း

ကိုလည်းသိရပေတယ်။ အာဝါသသပ္ပါယခေါ်တဲ့ နေထိုင်စရာကို ဆင်ခြင်ကြည့်ရှုပြန်လည်း အာဝါသသပ္ပါယပြည့်စုံနေသည်ကိုတွေ့ရပေတယ်။အသုံးအဆောင်ပစ္စည်းပရိက္ခရာကိုကြည့်ရှု လျှင်လည်း ပစ္စည်းပရိက္ခရာပြည့်စုံ နေတာကိုတွေ့ရပေတယ်။ ဆွမ်းခဲဘွယ် ဘောဇဉ်ကိုကြည့်ရှုတဲ့အခါ အစာအာဟာရမပြည့်မစုံချို့တဲ့နေတာကိုတွေ့တော့နက်ဖြန်ကစပြီးတော့ ပြည့်စုံရမည်ဟုသဘောထားပြီးတော့ အမျိုးမျိုးကုန်သော စားဘွယ် သောက်ဘွယ်တို့ကို အိမ်၌ စီမံ၍ထားပေတော့၏။ ရဟန်းတော်များ ဆွမ်းခံကြွလာသောအခါ အရှင်ဘုရားများကိုအပြီးအပိုင် လှူဒါန်းပါ၏ဘုရား၊ အရှင်ဘုရားများလိုတာကို မိမိတို့၏အသုံးအဆောင်အတိုင်းလိုသလိုပင် သုံးဆောင်ဘုန်းပေးတော်မူကြပါ-ဟုလျှောက်ထားပေ၏။ ဤအချိန် ကာလကစ၍ ရဟန်း တော်များမှာ ဆွမ်းဟူသောပူပန်မှုမရှိတော့၍ စိတ်တည်ငြိမ်းပြီးလျှင်ဘာဝနာတရားများသည် ဒီရေအလားကဲ့သို့ တနေ့တခြားတိုးပွားလာပြီး၍ မဂ်ဝင် နိဗ္ဗာန်မြင်-ဟူသော ကိလေသာအာသဝေါ ကင်းကွာ ရဟန္တာ အဆင့် အတန်းသို့ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရောက်ရှိ၍ လာပေကုန် တော့သည်။

## ထူးခြားချက်

ဒါယိကာမကြီး ကိုးကွယ်တဲ့ ရဟန်းတော်များဆိုလျှင် ရဟန္တာ ဖြစ်ကြသော်လည်း ပဋိသမ္ဘိဒါဉာဏ်သာ ပါ၍ အဘိညာဏ်မပါမှုကြောင့် ဒါယိကာမကြီး၏ အခြေအနေမှန်ကိုမသိရှိနိုင်ကြဘူး။ဒါယိကာမကြီးကတော့အဘိညာဏ်

ရနေ မှုကြောင့် ရဟန်းတော်တို့၏ လိုဒါကို သိရှိနေပေ သည်။ သို့ဖြစ်၍ ရဟန်းတော်များ ဘုန်းပေး ချင်တာ ဟူ သမျှကို ဘာတခုမျှ မကျန်ကြွင်းစေရဘဲ အကုန်ပင် စီမံ၍ နေ့စဉ်လှူဒါန်းနေနိုင်ပေတယ်။ သီတင်းဝါလကျွတ်တဲ့အခါ ရဟန်းတော် များသည် ပဝါရဏာ ပြုပြီး၍ ဒါယိကာမ ကြီးကို ကျေနပ်အောင် ပြောဆို ပြီးတော့ သာဝတ္ထိပြည် ဘုရားရှင်ထံ ကြွသွားကြကုန်တယ်၊ ထိုအခါ ရှင်တော်မြတ် ဘုရားက ကျန်းမာ ခန့်ကျန်းပါကုန်၏ လော။ ပုဂ္ဂလ ဘ်ပွါယ၊ အာဝါသသပ္ပါယ၊ ဘောဇနသပ္ပါယ မျှတကြပါ ကုန်၏လောဟု မေးမြန်းတော်မူ၏။ ထိုအခါ ရဟန်းတော် များက အားလုံးပင် ပြည့်စုံပါ၏ဘုရား၊ အထူး အားဖြင့် မာတိကာရွာ၌ မာတိကာဆိုတဲ့ ဒါယိကာမ ကြီးသည် သူတပါးတို့၏စိတ်ကို သိနိုင်၍ တပည့်တော်တို့၏ အလိုဆန္ဒ ရှိတိုင်းပင် ဆွမ်းဟင်းလျာကို လိုလေသေးမရှိစီမံ၍ လှူဒါန်း နေမှုကြောင့် ဆွမ်းခဲဘွယ်ဘောဇဉ်များ ပြည့်စုံကြောင်းကို ချီးမွမ်းစကား လျှောက်ထား၍ ဤမာတိကာ ဒါယိကာမ ကြီးသည် တပည့်တော်များ၏မှီခိုရာ ဖြစ်နေပါ၏ ဘုရား-ဟု လျှောက်ထားကြလေ ကုန်တော့၏။ ထိုအခါ အနီး အနားမှာ မထင်မရှားရဟန်းတော် တပါးက ကြားသိရ၍ အရှင်ဘုရား-တပည့်တော်အား ကမ္မဋ္ဌာန်းပေးတော်မူပါ၊ တပည့်တော်သည် မာတိကာရွာသို့ သွား၍ တရားအား ထုတ်လိုပါကြောင်း လျှောက်ထားသော အခါ ဘုရား ရှင်သည် ကမ္မဋ္ဌာန်းနည်းပေးလမ်းပြစေလွှတ်တော်မူလိုက် တယ်။ ရဟန်းတော်လည်း မာတိကာရွာသို့ ရောက်သည်

ဆိုလျှင် ခရီးပန်းသည်ဖြစ်၍ နားနား နေနေပင် ဆင်ခြင်စဉ်းစားမိသည်မှာ ဩြော်-မာတိကာ ဒါယိကာမကြီးသည် သူတပါး၏ စိတ်အကြံကိုသိရှိသည်ဟု ကြားသိရ ပေသည်။ ယခုအခါ ကျောင်းကို ရှင်းလင်း သုတ်သင်ရန် အလုပ်သမားတယောက် စေလွှတ်မည့်ဆိုပါက ကောင်းမှာဘဲဟု စိတ်ကူးလိုက်လျှင် မကြာမီပင် ဒါယိကာမကြီးကလဲ ဆင်ခြင်စဉ်းစားတဲ့အခိုက်နှင့် ဆုံစည်းမိတော့ အလုပ်သမားကို အစစ အရာရာမှာကြား၍ စေလွှတ်လိုက်ပေတယ်။ ညနေချိန်ရောက်လျှင် ဖျော်ရည် ယမကာနှင့်တကွ သောက်ရေများလာရောက်ပို့လာလျှင် ကောင်းမှာဘဲဟု တောင့်တပြန်လည်း ဖျော်ရည် ယမကာ သောက်ရေများကို လာရောက်ပို့သပေတယ်၊ နက်ဖြန်ခါ ဆွမ်းပျော့ပျော့နှင့် သင့်လျော်သောဟင်းလျာများကိုပို့သပါက ကောင်းမှာဘဲဟု ကြံစည်လိုက်တယ်ဆိုဘဲ၊ နက်ဖြန်ကျတော့ ရဟန်းတော်၏စိတ်ဆန္ဒအတိုင်းပင် လာရောက်ပို့သပေတယ်။

## ရဟန်းတော်ထွက်ပြေးခန်း

ဩြော်-မာတိကာ ဒါယိကာမကြီးသည် ကျောင်းသို့ဆွမ်းဟင်းလျာများယူဆောင်ပြီးလျှင် ကိုယ်တိုင်လာရောက်ပါက ကောင်းမှာဘဲဟု စိတ်ကူး တမ်းတလိုက်သော အခါ ဩြော်-ငါ့သား ရဟန်းသည် ဒါယိကာမကြီးကို တွေ့လိုမြင်လိုပေ၏ဟု သဘောထားပြီးလျှင် နောက်တနေ့ရောက်သောအခါ ဆွမ်းဟင်းလျာများကိုယူဆောင်၍ ကျောင်းသို့ ကိုယ်တိုင်လာရောက် ပေတယ်၊ ထိုအခါ ရဟန်းတော်က

မာတိကာ ဒါယိကာမကြီးဆိုဒါ ဒါယိကာမကြီးလားဟု တိုက်ရိုက်ပင် မေးမြန်းသောအခါ မာတိကာ ဒါယိကာ မကြီးဆိုဒါ တပည့်တော်မ ဖြစ်ပါကြောင်း ရဟန်းတော် အားလျှောက်ထား၏၊ ထိုအခါရဟန်းတော်က မာတိကာ ဒါယိကာမကြီး သူတပါး၏ စိတ်အကြံကို သိနိုင်တယ် ဆိုတာ ဟုတ်ပါသလားဟု မေးမြန်းလျှင် ဤလောက၌ သူတပါး၏ စိတ်အကြံကို သိနိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ အများကြီး ရှိပါတယ်ဘုရားဟု တိုက်ရိုက် မပြောကြားဘဲ သွယ်ဝိုက်၍ပြောကြားပေတယ်။

ဒါယိကာမကြီး သူတပါးကို မေးမြန်းတာ မဟုတ် ပါ တကာမကြီး ကိုသာ မေးမြန်းခြင်း ဖြစ်ပါတယ်ဟု ရှောင်ကွင်းလို့ မရနိုင် လောက်အောင်ပင် မေးမြန်းပေ တော့သည်။

သားမောင်ပဉ္စင်း အဘယ့်ကြောင့် မေးပါ သနည်းဟု လျှောက်ထားသောအခါ ဒါယိကာမကြီး ဦးပဉ္စင်းတို့၏ စိတ်ဆန္ဒအတိုင်းပြုပေးနိုင်ခြင်းကို တွေ့မြင်သိရှိရ၍ မေးမြန်း ခြင်းဖြစ်ကြောင်းကို ပြောကြားသောအခါ အရှင်ဘုရား သူတပါးစိတ်ကို သိနိုင်သူများသည် ဤသို့သာ ပြုလုပ်နိုင် ပါသည်ဟု လျှောက်ဆိုလျှင် ဩော်-ငါ့မှာအလွန်ဝန်လေး လှပါလားဟု အောက်မေ့ခြင်းဆင်၍ ပုထုဇဉ်ပုဂ္ဂိုလ်ဆိုဒါ ကောင်းဒါလည်း ကြံစည်မိပေ၏၊ မကောင်း ဒါလည်း ကြံစည်မိပေ၏၊ သင့်လျော်ဒါလည်းကြံစည်မိပေ၏၊ မသင့် လျော်ဒါလည်းကြံစည်မိပေ၏၊ ငါတော့ ဤဒါယိကာမကြီး အနီးအနားမှာ နေခြင်းငှာမသင့်လျော်ပေ ဤသို့အားဖြင့်

ထွေထွေရာရာကိုစိတ်ကူးပြီးတော့ ဒါယိကာမကြီး ဦးပဥ္စင်း ဘုရားရှင်ထံ ပြန်တော့မည်ဟု ပြောကြားလေလျှင် အရှင်ဘုရား တရက် နှစ်ရက်လောက်တော့ စမ်း၍ နေကြည့်ပါဦးဟု လျှောက်ထားလေ၏၊ ရဟန်းတော် သည်လည်း တားမရဆီးမရနိုင်ဘဲ ဘုရားရှင်ထံသို့ ပြန်ကြွသွားလေ၏။

ရဟန်း အဘယ့်ကြောင့် ပြန်လာပါသနည်းဟု မေးမြန်းသောအခါ တပည့်တော်သည် မနေဝံ့ပါဘုရား၊မာတိကာ ဒါယိကာမကြီးသည် သူတပါး စိတ်အကြံကို သိနိုင်၍ လျော်ဒါကို ကြံစည်မိက ကောင်းပါ၏ဘုရား မလျော်ဒါ ကြံစည် စိတ်ကူးမိပါက ခိုးထုပ် ခိုးရာပါ ပစ္စည်းနှင့်တကွ မိသောသူခိုးကဲ့သို့ ရှက်စရာလန့်စရာပါဘုရားဟု လျှောက်ထားသောအခါ ရဟန်း ဤနေရာ ဤဌာနသည် သင်နှင့်သင့်လျော်သောနေရာဖြစ်ပေ၏၊ သင်သည်တခုတည်းသောတရားကို စောင့်ရှောက်နိုင်သည် မဟုတ်ပါလား၊ အရှင်ဘုရား အဘယ်တရားပါနည်းဘုရား။

သင်၏စိတ်ကို စောင့်ရှောက် ထိန်းသိမ်းရမယ် စိတ်ဆိုဒါစောင့်ရှောက်နိုင်ခဲ၏ စိတ်ကိုနှိမ်နင်းရမည် စိတ်ဆိုဒါ နှိမ်နှင်းနိုင်ခဲတယ်၊ စိတ်ဆိုဒါအမြဲမပြတ် ပြေးလွှားနေ၍ နွားရိုင်း မျောက်ရိုင်းများနှင့် တူပေတယ်၊ ဤသို့အားဖြင့် စိတ်၏ အလိုနိုင်ငံသို့ လူ နတ် ဗြဟ္မာ သတ္တဝါ တို့သည် အမြဲမပြတ် လိုက်နေရပုံကို ရဟန်းတော်အား ပြောကြားတော်မူပေ၏၊စိတ်သည် သတ္တဝါတွေကို ဆွဲဆောင်ယူငင်၍ အမြဲပင် သတ္တဝါတွေကို အပါယ် ဝဋ်ဆင်းရဲ အတွင်းသို့

ကြိမ်ဖန်များစွာ ကျရောက်စေခဲ့ ပေတယ်၊ ထို့ကြောင့် စိတ်ကို အလွန်ကြီးမားသော- ကျောက်တောင်ကြီးများဖြင့် ကြိတ်သော်လည်း မကြေနိုင်ပေ၊ သမထဝိပဿနာဟူသော ဖိလုံးခွဲလုံးကြီးများဖြင့် ကြိတ်ခြေ ဖျက်ဆီးနိုင်မှ စိတ်ကို ကြေသွားနိုင်ပေတယ်လို့ ကောင်းစွာ မှတ်သားရာ၏။ ။ ဓမ္မပဒ အဋ္ဌကထာစိတ္တဝဂ်–၁၀၇။

ပဌမအမေး၏အဖြေဤတွင်ပြီးဆုံး၏။

ထိုအခါ ရဟန်းတော်သည် အရှင်ဘုရား ကောင်းပါပေ၏ဟုလျှောက်ပြီးလျှင် ဘုရားရှင်၏ဟောကြားအပ်သော တရားတော်ကို လွန်စွာနှစ်သက်ကြည်နူး ဝမ်းမြောက်လှ၍ နောက်ထပ်တဖန် လျှောက်ထားပြန်သည်မှာ–

၂။ ရဟန်း၏အမေး။ ။အရှင်ဘုရား များသော အကြားအမြင် ရှိသူ တရားကို ဆောင်သူဟု ခေါ်ဝေါ် ပြောဆိုကြပေ၏၊ အဘယ်မျှလောက် အတိုင်း အရှည် အားဖြင့် များသော အကြားအမြင်ရှိသူ တရားကိုဆောင် နိုင်သူဖြစ်နိုင်ပါသနည်းဟု လျှောက်ထားလေ၏။

၂။ ဗုဒ္ဓ၏အဖြေ။ ။အိုရဟန်းကောင်းပေစွ ကောင်းပေစွ အိုရဟန်းသင်၏ သုံးသပ် ဆင်ခြင်အပ်သော ပညာသည် ကောင်းသည် သာတည်း။ အိုရဟန်း သင့်အား ထင်သော ပြဿနာသည် ကောင်းလှပေ၏၊ အမေးပုစ္ဆာ ပြဿနာသည် သတ္တဝါ အများအတွက် အကျိုးများလှပေ၏၊ အိုရဟန်းသင်သည် များသော အကြားအမြင်ရှိသူ တရားကို ဆောင်သူဟု ဆိုအပ်၏၊ အရှင်ဘုရား အဘယ်

မျှလောက် အတိုင်းအရှည်အားဖြင့် များသော အကြား အမြင်ရှိသူ တရားကိုဆောင်သူ ဖြစ်ပါသနည်းဟု မေးမြန်း လျှောက်ထားသည် မဟုတ်ပါလောဟု မိန့်တော်မူ၏၊ အရှင်ဘုရားမှန်ပါ၏ဟု လျှောက်ထားလေ၏၊ အိုရဟန်း ငါဘုရားသည် များစွာသော တရားကို ဟောတော်မူ ထားသည်သာလျှင်တည်း။ သုတ်ကိုဂုဏ်း၊ ဂေယျကိုဂုဏ်း၊ ဝေယျာကရဏ်းကိုဂုဏ်း၊ ဂါထာကိုဂုဏ်း၊ ဥဒါန်းကိုဂုဏ်း၊ ဣတိဝုတ်ကိုဂုဏ်း၊ ဇာတ်ကိုဂုဏ်း၊ အဗ္ဘုတဓမ္မကိုဂုဏ်း၊ဝေဒလ္လ ကိုဂုဏ်း ဟောတော်မူအပ်၏၊ ပိဋကတ်သုံးသွယ်၊ နိကာယ် ငါးရပ်အားဖြင့် အကျယ်ဟောကြားတော်မူ၏၊ အိုရဟန်း အကျဉ်းအားဖြင့်ဆိုသော် လေးပါဒရှိသည်လည်းဖြစ်သော ဂါထာ၏အနက်ကိုသိ၍ ပါဠိကိုသိ၍ လောကုတ္တရာတရား ကိုးပါးအား လျော်သော အကျင့်ကို ကျင့်သည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် များသော အကြားအမြင်ရှိ၏ တရားကို ဆောင်၏ဟု ဆိုခြင်းငှာသင့်၏ဟုမိန့်တော်မူသည်။

ဒုတိယအမေး၏အဖြေပြီး၏။

၃။ ရဟန်းအမေး။ ။ရဟန်းသည်ပထမအမေး၊ ဒုတိယ အမေးများ၏ အဖြေ အသီးသီးကို ကြားနာရ၍ လွန်စွာ နှစ်သက် ဝမ်းမြောက်သည့် အတွက်ကြောင့် အရှင်မြတ် ဘုရား-ကောင်းပါပေ၏ဟု လျှောက်ထား ပြီးလျှင် ဘုရား ရှင်ကို အောက်ပါပုစ္ဆာ ပြဿနာကိုဆက်လက်၍ လျှောက် တော်မူသည်။

## သစ္စာလေးပါး တရားတော်ကြီး

ရဟန်းတော်၏ ပါဠိအမေး။ ။သုတဝါ နိဗ္ဗေဓိက ပညောတိ ဘန္တေ ဝုစ္စတိ၊ကိတ္တာဝတာနုခေါ ဘန္တေ သုတဝါ နိဗ္ဗေဓိကပညော ဟောတိ။

ဗုဒ္ဓ၏ပါဠိအဖြေ။ ။ဣဓ ဘိက္ခု၊ဘိက္ခုနော ဣဒံ ဒုက္ခန္တိ သုတံ ဟောတိ၊ အယံ ဒုက္ခသမုဒယောတိ သုတံ ဟောတိ၊ အယံ ဒုက္ခနိရောဓောတိ သုတံ ဟောတိ၊ အယံ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါတိ သုတံ ဟောတိ၊ ပညာယ စဿ အတ္ထံ အတိဝိဇ္ဈ ပဿတိ။

ရဟန်း၏အမေး၌ ပါဠိမြန်မာပြန်။ ။ဘန္တေ၊ ဘုန်းတော်နေဝင်း ထိန်ထိန်လင်းတော် မူသော ရှင်တော်မြတ်ဘုရား။ သုတဝါနိဗ္ဗေဓိပညောတိ၊ အခြေခံပရိယတ္တိအကြားအမြင်သုတ ရှိသည်ဖြစ်၍ အလွန်ကြီးမားသော ကျောက်တောင်ကြီးအလား အနမတဂ္ဂ သံသရာကစ၍ တည်လာမှုကြောင့် ဖြိုဖျက်ဘို့ရန်မလွယ် ခိုင်ခံ့စွာ အမြစ်တွယ်နေသော ကိလေသာ အစိုင်အခဲကြီးကို ဖြိုခွဲ ဖျက်ဆီးနိုင်သော ပညာဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ ဘန္တေ၊ လူနတ်ဗြဟ္မာတို့၏ အားထားရာအရှင်ဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှအတိုင်းအရှည်ဖြင့်။ သုတဝါနိဗ္ဗေဓိကပညော၊ ပရိယတ္တိအကြားအမြင် သုတရှိ၍ ကိလေသာ တောင်ကြီးကို ဖြိုခွဲဖျက်ဆီးနိုင်သော ပညာမျိုးသည်။ ဟောတိနုခေါ၊ ဖြစ်နိုင်ပါသနည်းဘုရား။

ဠင္ဂုတ္တရ ၄၆၃-၈

## သုတ္တ ၀ါ အသိပညာပိုင်း

ဗုဒ္ဓ၏အမြော်၌ ပါဠိမြန်မာပြန်။ ။ဘိက္ခု၊ တရားခင်မင်သူတော်စင်။ ဣမ၊ သီလ သမာဓိ ပညာဟူသော ငါ့ဘုရား၏ဆုံးမထားသော သာသနာတော်၌။ ဘိက္ခုနော၊ တရားလိုလားသော ယောဂီအများအား။ ဣဒံ၊ ဤ ရုပ်နာမ်ဓမ္မသင်္ခါရဟူသော ၀ဋ်ဆင်းရဲတရားသည်။ ဒုက္ခန္တိ၊ ဆင်းရဲအမှန်ဟူ၍။ သုတံ၊ ကြားဘူး နား၀ ရှိသည်။ ဧဟာတိ၊ ဖြစ်၏။ ဒ္ဓယံ၊ ဤအာရုံငါးပါးကို မက်မောခင်တွယ်တတ်သောတဏှာလောဘ တရားသည်။ သမုဒယောတိ၊ ဆင်းရဲဖြစ်ကြောင်း တရားဟူ၍။ သုတံ၊ ကြားဘူးနား၀ ရှိသည်။ ဟောတိ၊ ဖြစ်ပေ၏။ အယံ၊ ဤကိလေသာ တဏှာချုပ်ငြိမ်းရာနိဗ္ဗာန်သည်။ ဒုက္ခနိရောဓောတိ၊ ဒုက္ခချုပ်ရာနိရောဓသစ္စာဟူ၍။ သုတံ၊ ကြားဘူးနား၀ ရှိသည်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤသမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီ၀, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူသော မဂ္ဂင်ရှစ်ပါးသည်။ ၀ါ၊ ကောင်းမြတ်သောအမြင်ဉာဏ် ကောင်းမြတ်သော အကြံ အစည်ကောင်းစွာ ပြုလုပ်ခြင်း ကောင်းစွာပြောဆိုခြင်း ကောင်းသော အသက်မွေးခြင်း ကောင်းမွန်စွာ အားထုတ်ခြင်း ကောင်းမြတ်သောသတိ ကောင်းမြတ်သောတည်ကြည်ငြိမ်သက်ခြင်း ဟူသောမဂ္ဂင် ရှစ်ပါးသည်။ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါတိ၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ဟူ၍။ သုတံ ရှေးကကြားဘူးသည်။ ဟောတိ၊ ဖြစ်ပေ၏။

## နိဗ္ဗေဓိက ပညာပိုင်း

ပညာယစ၊ လောကီမဂ်ပညာ လောကုတ္တရာ မဂ်ပညာ ဖြင့်လည်း။ အသ၊ ထိုဒုက္ခ, သမုဒယ, မဂ္ဂ,နိရောဓဟူသော သစ္စာလေးပါး၏။ အတ္တံ၊ အသီးသီးသော အနက်သဘော ကို။အတိဝိဇ္ဈ၊ ထွင်းဖောက်၍။ ပဿတိ၊ ရှုမြင်နိုင်၏။

## အဓိပ္ပါယ်ရှင်းလင်းချက်

တရား အားထုတ် လိုသော ရဟန်းရှင်လူ ယောဂီ သူတော်စင်သည် ရှေးဦးစွာ သစ္စာလေးပါး တရားကို သိထားရမည်၊ သစ္စာဗဟုသုတကြွားဘူးနား၀ရှိပြီး နောက် ကာလ၌ တရားအားထုတ် ပွားများပါက ရုပ်နာမ်သိမြင် မဂ်ဝင်နိုင်ပေ၏၊ သစ္စာလေးပါး ရှိသည့်အနက် ဒုက္ခ သမုဒယ သစ္စာနှစ်ပါးသည် ဝဋ္ဋသစ္စာမျိုးဖြစ်၍ အရှုခံ အာရုံ ဖြစ်ပေသည်၊ နိရောဓ မဂ္ဂ ဟူသော ဝိဝဋ္ဋသစ္စာ နှစ်ပါးတွင် မဂ္ဂဟူသော ဝိဝဋ္ဋသစ္စာသည် ရှုပွားတတ်သော အလုပ်သမားသစ္စာမည်၏။ အလုပ်ရုံ စက်ရုံနှင့် တူသော ဒုက္ခ သမုဒယ အာရုံများကို သမ္မာသတိ သမ္မာဝါယာမ သမ္မာသမာဓိ သမ္မာသင်္ကပ္ပ သမ္မာဒိဋ္ဌိ ဟူသော အလုပ် သမားငါးဦးသော မိမိတို့၏ ကိစ္စအားလျော်စွာ ဦးစီးခေါင်း ဆောင်၍ ရှုပွားကြပေကုန်သည် အားထုတ်ခါစ ယောဂီ တယောက်သည်၊ အစဦးစွာ ဝိပဿနာယာနိက ဖြစ်သည့် အတိုင်း ပထဝီဓာတ်၏ မာမှုသဘောမျှကို စူးစိုက်ခါရှုပွား ပါလျှင် သမာဓိဓာတ်အား နည်းပါးနေသောအခါ ဝီရိယနှင့် သတိကလိုအပ်သလို အကူအညီ ပေးရပေသည်။

ဥပမာ အားဖြင့် မာလကာဥယျာဉ်မှ မာလကာသီးကို မိမိလက်လှမ်းမမှီ၍ အနီးရှိသူငယ်ချင်းတယောက်ကို ကုန်း စေ၍ အပေါ်သို့ တက်ပြီးလျှင် မတ်တတ်ရပ်သောအခါ ကိုယ်တုန်လှုပ်သည်ဖြစ်၍ သူငယ်ချင်း တယောက် အနီး အပါး ရပ်ထားစေပြီးလျှင် ပခုံးကိုကိုင်၍ဖြစ်စေ ဦးခေါင်း ကိုကိုင်၍ဖြစ်စေ လက်ဖြင့် လှမ်းယူခါ မာလကာသီးကို ဆွတ်ခူးသကဲ့သို့ သမာဓိတရားသည် ပထဝီဓာတ်အာရုံသို့ မသက် ဝင်နိုင်ဘဲ ရှိနေခဲ့သော် ထက်ထက် သန်သန် ကြိုးစားသော ဝီရိယဓာတ်အား ကူညီ၍ ပထဝီဓာတ် အာရုံကို အမှတ်ရသော သတိ အထောက်အပံ့ဖြင့် ပထဝီ ဓာတ်သဘာဝကို မိအောင်ပွားများ အားထုတ်ရပေသည်၊ မာလကာသီးနှင့် ပထဝီဓာတ်အာရုံနှင့်တူ၏၊ ဆွတ်ခူးသော ကလေးသူငယ်နှင့် ဧကဂ္ဂတာ သမာဓိနှင့်တူ၏၊ ခါးကုန်း ပေးသော ကလေးသူငယ်နှင့် ဝီရိယနှင့်တူ၏၊ မတ်တတ် ရပ်ပေးသော ကလေးသူငယ်နှင့် သတိနှင့်တူပေ၏။ ဤသို့ အားဖြင့် သတိ ဝီရိယ သမာဓိ ၃ပုံးဦးတို့သည် ပထဝီဓာတ် အာရုံကို ညီညီညွတ်ညွတ် ရှုပွားနေသောအခါ ဉာတ ပရိညာဏ် ပေါက်၍ တီရဏ ပရိညာဏ်သို့ ဆိုက်ရောက် လာသောအခါ သမ္မာဒိဋ္ဌိမဂ္ဂင်သည် ဦးစီးခေါင်းဆောင် ပြု၍ ပထဝီဓာတ်၏ ဖြစ်ပျက်အာရုံကို ရှုပွားပါလျှင် သမ္မာ သင်္ကပ္ပ မဂ္ဂင်သည် ထောက်ပံ့ကူညီရပေတယ်၊ သမ္မာသင်္ကပ္ပ ဆိုသော ဝိတက်နှင့်ကင်း၍ သမ္မာဒိဋ္ဌိခေါ်သော ဝိပဿနာ ဉာဏ်သည် ပထဝီဓာတ်အာရုံ၏ ဖြစ်ပျက်ကို အားရစွာ မရှုပွားနိုင်ပါချေ။

ဥပမာ အားဖြင့် ရွှေပန်းတိမ်သည်သည် ရွှေလက်ကောက် ရွှေလက်စွပ် ရွှေခဲစသည်ကို ပြကတေ့မျက်စေ့ဖြင့် ကြည့်ရှုရုံလောက်ဆိုပါက ရွှေ၏သဘာဝကို အကုန်အစင် မသိနိုင်သေးပါချေ၊ လက်လေးဖြင့် ကိုင်တွယ်၍ ထက်အောက်ပြန်လှန် အမျိုးမျိုး ကြည့်ရှုနိုင်လျှင်သာ ရွှေ၏ သဘာဝအမှန်ကို တပ်အပ်သေချာ သိနိုင်ရာ သကဲ့သို့ ထို့အတူပင် သမ္မာဒိဋ္ဌိခေါ်သောအမှန်သိ ဝိပဿနာသည် ပထဝီဓာတ်အာရုံတခု၏ သဘောသဘာဝ ဖြစ်ပျက်တွေကို မိမိသဘောအတိုင်း မရှုပွားနိုင် သမ္မာသင်္ကပ္ပ ခေါ်တဲ့ ဝိတက် ကူညီမှုရရှိလာလျှင်သာ ပထဝီဓာတ်၌ ဝိပဿနာ အလုပ်စခန်း အဟုတ်တန်း ကြိုးစား အားထုတ်နိုင်ပေတော့၏။

## သိက္ခာသုံးပါးသာသနာသုံးပါးခွဲပုံ

မဂ္ဂင်ရှစ်ပါးတွင် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါးကို ပညာက္ခန္ဓာဟူသော အဓိပညာသိက္ခာ အဓိပညာသာသနာ ခေါ်၏၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဟူသော မဂ္ဂင်သုံးပါးကို သီလက္ခန္ဓာဟူသော အဓိသီလ သိက္ခာ အဓိသီလ သာသနာခေါ်၏။ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဟူသော မဂ္ဂင်သုံးပါးကို သမာဓိက္ခန္ဓာ ဟူသော အဓိစိတ္တသိက္ခာ အဓိစိတ္တသာသနာခေါ်၏။

## မဂ္ဂသစ္စာအပိုင်းအခဏ်း

မဂ္ဂင်ရှစ်ပါးသည် ဒေသနက္ကမ အားဖြင့် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ

သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဟု ရှိသော်လည်း ပဋိပတ္တိက္ကမကျင့်စဉ်၌ သမ္မာသတိ သမ္မာဝါယာမ သမ္မာသမာဓိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဟု အစဉ်အတိုင်း သဘာဝ တရားများသည် တခုစီ တခုစီ ပြဋ္ဌာန်း၍ ပေါ်ပေါက်လာပေကုန်တော့သည်။ သီလမဂ္ဂင် သီလသာသနာသုံးပါးသည်ကား ဆိုလျှင် သမာဓိ ပညာ မဂ္ဂင်တို့၏ ဖြစ်ပေါ်တိုင်းပင် သက်ဝင် ပြည့်စုံနေပေတော့၏၊ သမာဓိ ပညာ ဖြစ်ပါလျှင် ဣန္ဒြိယသံဝရသီလ ဝိရတီသီလလည်း ပြည့်စုံလာတော့၏။

ဤမဂ္ဂင်ရှစ်ပါးသည် လောကဆင်းရဲ အပါယ်ဆင်းရဲ သုံးဆဲ့တဘုံဆင်းရဲမှ အဟုတ်အမှန် လွတ်မြောက်နိုင်သော အဘိုးတန်တရား ရှစ်ပါးဖြစ်၍ ဘုရားရှင် အားလုံးတို့၏ သာသနာတော်တိုင်း သာသနာတော်တိုင်းမှာ အလွန်အရေးကြီး၍ ဓမ္မယောဉ်ဟုလည်း ခေါ်ဆိုကြပေကုန်သည်၊ ဤမဂ္ဂင်ရှစ်ပါး ယာဉ်ရထားကို မြဲမြဲမြန်မြန် ခိုင်ခံ့စွာ စီးနိုင်သူများသာလျှင် အမတရွှေဘုံဟူသော အေးငြိမ်းရာကို အမှန်ပင် ရောက်နိုင်မှုကြောင့် ပညာရှိ သူတော်ကောင်းအားလုံး အနှစ်သက်ဆုံးတရားဖြစ်ပေ၏။ ဤမဂ္ဂင်ရှစ်ပါးနှင့်ကင်း၍ သာသနာလည်းမကြီးပွားနိုင်ပေ၊ ဆင်းရဲမျိုးစုံဘေးမျိုးစုံမှလည်း မထွက်မြောက်နိုင်ပေ၊သာသနာမှာ အချက်အချာ တရားဖြစ်၍ ဆင်းရဲမှ လွတ်မြောက်လိုသော ယောဂီတိုင်း ယောဂီတိုင်း နှစ်နှစ်ခြိုက်ခြိုက်လိုလားပွားများရာ၏၊ ဤမဂ္ဂင်တရားကို ပွားများက သစ္စာဉာဏ်ပေါက်၍

သံသရာဝဋ်ဆင်းရဲ အပါယ်ဝဋ်ဆင်းရဲမှ လုံးဝကင်းလွတ် သွားနိုင်ပေတယ်။

## ဒုက္ခသစ္စာအပိုင်း အခန်း

ဒုက္ခသစ္စာဟူသော အရှုခံအာရုံသည်ကား ဆိုလျှင် စိတ် စေတသိက် ရုပ်အားဖြင့် များပြားလှပေ ကုန်၏။ ထို များပြားသော အရှုခံ အာရုံ ဒုက္ခအဖုံဖုံဆိုတာ သတ္တဝါ တိုင်းမှာ အကြောင်းအကျိုး တိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း ဖြစ်ပေါ်လေ့ရှိသော ရုပ်နာမ်သဘာဝ တရားများ ဖြစ်ပေ သည်။ စိတ်ဆိုလျှင် အာရုံကို သိသော သဘော အားဖြင့် တပါး၊ စေတသိက်ဆိုလျှင် အတွေ့ သဘော ခံစားမှု သဘော အမှတ်သဘော စေ့စော်ပေးမှု သဘော တည် ကြည်မှု ကောင္ဂတာသဘော စောင့်ရှောက်မှု ဇီဝိ တိန္ဒြေ သဘော နှလုံးသွင်းမှုသဘော ကြံစည်မှုသဘော သုံးသပ် ဆင်ခြင်မှုသဘော ဆုံးဖြတ်ခြင်းသဘော ကြိုးစားမှု ငွဲလုံ့လ သဘော နှစ်သက်မှုသဘော အလိုရှိကာမျှသဘော မသိ မိုက်မှားမှု သဘော မရှက်မှုသဘော မလန့်မှုသဘော ပျံ့လွင့်မှု သဘော တပ်မက်မှု သဘော အမြင်မှားမှု သဘော ထောင်လွှားမှု သဘော ပြစ်မှားမှု သဘော ငြူစူမှုသဘော ဝန်တိုမှုသဘော နောင်တဖန် ပူပန်တတ် သောသဘော နှလုံးဒွိဟ သံသယကို ဖြစ်စေနိုင်တဲ့သဘော ယုံကြည်မှုသဘော အောက်မေ့မှုသဘော မကောင်းတာကို ကြောက်ခြင်း သဘော လန့်တတ်တဲ့သဘော မလိုချင်မှု သဘော မပြစ်မှားတတ်တဲ့သဘော အာရုံသို့လျစ်လျူရှုတဲ့

သဘော ကိုယ်ငြိမ်းချမ်းသဘော စိတ်ငြိမ်းချမ်းခြင်းသဘော ကိုယ်ပေါ့ခြင်းသဘော စိတ်ပေါ့ခြင်းသဘော ကိုယ်နူးညံ့ခြင်းသဘော စိတ်နူးညံ့ခြင်း သဘော ကိုယ်ခန့်ကျန်းခြင်း သဘောစိတ်ခံ့ကျန်းခြင်းသဘောကို လေ့လာခြင်းသဘော စိတ်လေ့လာခြင်းသဘော ကိုယ်ဖြောင့်မတ်ခြင်း သဘော စိတ်ဖြောင့်မတ်ခြင်း သဘော ကောင်းစွာ ပြုလုပ်ခြင်း သဘော ကောင်းစွာဆိုခြင်းသဘော ကောင်းစွာအသက်မွေးခြင်းသဘော သတ္တဝါအများကို သနားခြင်းသဘော သတ္တဝါကို ဝမ်းမြောက်ခြင်းသဘော အသိမှန် အမြင်မှန် သဘောအားဖြင့် နာမ်သဘောတရား တို့သည် ငါးဆဲ့သုံးမျိုးရှိပေကုန်သည်။ ဖောက်ပြန်မှု ရုပ်သဘောတရားမျိုးဆိုဒါ မြေဓာတ်ဟူသော မာမှုသဘော ရေဓာတ်ဟူသော ယိုစီးမှု ဖွဲ့စီးမှု သဘော မီးဓာတ် ဟူသော ရင့်ကျက်မှု သဘော လေဓာတ်ဟူသော ထောက်ကန် လှုပ်ရှားမှု သဘော ဤဓာတ်ကြီး လေးပါးတို့သည် လောကကြီး၌ ကြီးမားစွာဖြစ်ခြင်းရှိ၍ မဟာဘူတဟုခေါ်ဆိုရ၏။ မျက်စိ၌ အကြည်သဘော နား၌ အကြည်သဘော နှာခေါင်း အကြည်သဘော လျှာ အကြည်သဘော ကိုယ်အကြည် သဘော အကြည်ဓာတ် သဘာဝငါးမျိုးပင်၊ အဆင်း သဘော အသံသဘော အနံ့သဘော အရသာသဘော အတွေ့သဘောဟူသော အာရုံရုပ်စု ငါးမျိုးရှိ၏။ မိန်းမ အဖြစ် ယောကျ်ားအဖြစ် ဟူသော ဘာဝရုပ် သဘော နှစ်မျိုးရှိ၏။ နှလုံးသဘောရုပ်တမျိုးစောင့်ရှောက်မှုသဘော ရုပ်တမျိုး ခန္ဓာကိုယ်ကို ထောက်ပံ့မှုဟူသော အာဟာရရုပ်

တမျိုး အကြားအပေါက် ဟူသော အာကာသရုပ်တမျိုး ကိုယ်ဖြင့် သိစေခြင်း နှုတ်ဖြင့်သိစေခြင်းဟူသော ဝိညတ်ရုပ် နှစ်မျိုး ပေါ့ပါးရုပ် နူးညံ့ရုပ် ခိုင်ခံ့ရုပ်ဟူသော ဝိကာရ ရုပ်သုံးမျိုး၊ ဖြစ်ဆဲရုပ် ဖြစ်စဉ်ရုပ် အိုရုပ် သေရုပ်ဟူသော လက္ခဏာရုပ် လေးပါးအားဖြင့် ဖောက်ပြန်မှု ရုပ်သဘော သည် နှစ်ဆဲ့ရှစ်မျိုး ရှိပေ၏။

ဤသို့အားဖြင့် အရှုခံအာရုံ ဒုက္ခသစ္စာ အဖုံဖုံတို့သည် များလှကုန်သော်လည်း မိမိတို့၏ ပွားများလတ့်သဘာဝ အာရုံတခုကောင်းကို လေ့ကျက် မှတ်သား နာယူထား ပါလျှင် တရားအားထုတ်ရာ၌ လုံလောက်သော သုတဝါ ပုဂ္ဂိုလ်ဖြစ်ပေ၏ဟု မှတ်သားရမယ်။

## သုတဝါပုဒ်ရှင်းလင်းချက်

ဗုဒ္ဓရှင်တော်ဘုရား၏ ဆုံးမဩဝါဒ သာသနာတော်၌ ဒိဋ္ဌိဟိတ်အန္ဓပုထုဇဉ်၊ တိဟိတ်အန္ဓပုထုဇဉ်၊ ဒိဋ္ဌိဟိတ်ကလျာဏ ပုထုဇဉ်၊ တိဟိတ်ကလျာဏပုထုဇဉ်၊ သုတဝါကလျာဏ ပုထုဇဉ်ဟု တရားအားထုတ်သော ပုထုဇဉ်ပုဂ္ဂိုလ်သည်ပင် ငါးမျိုးငါးစား ရှိပေသည်၊ ဒိဋ္ဌိဟိတ်အန္ဓပုထုဇဉ် တိဟိတ် အန္ဓပုထုဇဉ်ဆိုဒါ ရုပ်နာမ်သဘောသိရန် အတွက် ကျင့်ကြံ အားထုတ်မှုမရှိသေးခြင်း သရဏဂုံပင်မတည်နိုင်သေးသော ပုဂ္ဂိုလ် အညံ့စားမျိုးကို ဆိုပေသည်၊ တိဟိတ် ကလျာဏ ပုထုဇဉ်ဆိုဒါ ဆင်းရဲမှလွတ်ကင်းရန် ရည်မှန်း၍ သရဏဂုံ သီလသမာဓိ ပညာ ရှိနေသူကိုဆိုသည်၊ ဒိဋ္ဌိဟိတ်ကလျာဏ ပုထုဇဉ်ဆိုဒါ ဆင်းရဲမှလွတ်ကင်း၍ သရဏဂုံ သီလတည်ရှိ

သူကိုဆိုသည် သမာဓိ ပညာ မရနိုင်၊ သုတဝါကလျာဏ ပုထုဇဉ်ဆိုဒါ သုတံ အဿ အတ္ထိတိ သုတဝါဟုဝိဂြိုဟ်ဆို၍ အဿ၊ ထိုပုထုဇဉ်အား။ သုတံ၊ သုတမယဉာဏ်နှင့်တကွ သိက္ခာသုံးပါး ဖြည့်ကျင့်နေခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုသို့အကြားအမြင် ပရိယတ်သုတရှိ၍ သီလ သိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာတို့ကို ဖြည့်ကျင့် တတ်သော သတ္တိကြောင့်။ သော၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်သည်။ သုတဝါ၊ သုတဝါပုဂ္ဂိုလ်မည်၏။ သုတဝါ ပုဂ္ဂိုလ်ဆိုဒါ သင်ကြားထားသော ပရိယတ္တိ အကြားအမြင် ရှိထားသည့် အတိုင်း တရားအားထုတ် နေသည်ဖြစ်၍ သိက္ခာသုံးပါး ဖြည့်ကျင့်နေဆဲ ပုဂ္ဂိုလ်မျိုးကို သုတဝါပုဂ္ဂိုလ်ဟု ခေါ်ဆိုရ ပေတယ်။ တရားအားထုတ်လိုသော ယောဂီ များသည် သင်ကြားမှု အခြေခံ ပရိယတ္တိပညာ ဘယ်လောက်ပြည့်စုံ ထားလျှင် တရားအားထုတ်လို့ ရနိုင်တယ်ဆိုဒါ ကွဲကွဲ ပြားပြားသိထားရန် အထူးပင် လိုပေသည်၊ ဤပါဠိတော် ကြီး၌ဆိုလျှင် သစ္စာလေးပါး သိထား၍ တရားအားထုတ် ပါလျှင် မဂ်ဉာဏ် ပေါက်နိုင်ပုံကို ဟောကြား တော်မူ ပေတယ်။

တနည်းအားဖြင့် ပြဆိုရသော် မဇ္ဈိမ နိကာယ မူလ ပဏ္ဏာသပါဠိတော် စူဠတဏှာသင်္ခယသုတ်တော်၌ရှင်တော် ဘုရားဟောကြားထားသည်မှာ—

ဣဓ ဒေဝါနမိန္ဒ ဘိက္ခုနော သုတံ ဟောတိ၊ သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယာတိ၊ သော သဗ္ဗံ ဓမ္မံ

အဘိဇာနာတိ၊ သဗ္ဗံ ဓမ္မံ အဘိညာယ သဗ္ဗံ ဓမ္မံ ပရိဇာနာတိ၊

ဟုဟောကြားတော်မူပေတယ်။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ ဣဓ၊ ဤ ငါဘုရား၏ သာသနာတော်၌။ ဘိက္ခုနော၊ ရဟန်းအား။ သဗ္ဗေဓမ္မာ နာလံအဘိနိဝေသာယာတိ၊ သဗ္ဗေဓမ္မာနာလံ အဘိနိဝေ သာယဟူ၍။ သုတံ၊ ကြားဘူးသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုကြားဘူးသော ယောဂီသည်။ သဗ္ဗံဓမ္မံ၊ အလုံးစုံ သောတရားကို။ အဘိဇာနာတိ၊ အနိစ္စဒုက္ခ အနတ္တ ဟူ၍ သိဘူးသော ဉာတပရိညာဏ်ဖြင့် သိနိုင်၏။ သဗ္ဗံဓမ္မံ၊ အလုံးစုံ သောတရားကို။ အဘိညာယ၊ ထူးသော ဉာဏ်ဖြင့်ဉာတ ပရိညာဏ်ပေါက်အောင်သိမြင်ပြီး၍၊ သဗ္ဗံဓမ္မံ၊ အလုံးစုံသော တရားကို။ ပရိဇာနာတိ၊ တီရဏပရိညာဏ် ပေါက်အောင် သိမြင်နိုင်ပေ၏။

ဤပါဠိတော်ကြီး အလိုအတိုင်း ဆိုပါက အနိစ္စ ဒုက္ခ အနတ္တဟူသော လက္ခဏာရေးသုံးပါးကိုသိရှိနားလည်ထား ပါက ပရိယတ္တိအခြေခံ ပြည့်စုံလုံလောက်ပြီဖြစ်၍ တရား အားထုတ်ပါကမဂ်ဉာဏ်ဖိုလ်ဉာဏ်အထိဆိုက်ရောက်နိုင်ပေ တယ်။ သစ္စာလေးပါး နာကြား ထားလျှင်လည်းလက္ခဏာ ရေး သုံးပါးကို နာကြားသည်နှင့် အတူတူ ပင်တည်း။ အဘယ့်ကြောင့်ဆိုသော် သစ္စာလေးပါးသိဆိုဒါ သရုပ်သိ သဘောသိ အကြောင်းအကျိုး သိဖြစ်၍ မမြဲမှု ဆင်းရဲမှု အစိုးမရမှု သဘောများလည်း အလိုအလျောက် နားလည် နိုင်ပေတယ်၊ ထို့ကြောင့် သစ္စာလေးပါး လက္ခဏာရေး

သုံးပါးကို အကျဉ်းချုပ်သိရှိနားလည်ထားပါက မဂ်တရား ဝင်နိုင်ပေတော့သည်။ အကျယ်မသိခဲ့သော် (ဝါ)စာပေ ကျမ်းဂန်မတတ်သော် တရားအားထုတ်လို့ဖြစ်ပါ့မလားဟု စဉ်းစားစရာ ရှိပေသည်၊ နှစ်ရှည်လများစွာ သင်ကြား ပေးမည့် ဆရာတို့ထံ၌ စာအုပ် ပေစာများကို ကိုင်ယူ၍ မသင်ကြားဘူးလျှင် တရားဘာဝနာ ပွားများလို့ မဖြစ်ဟု ယူဆသောပုဂ္ဂိုလ်များလည်းရှိပေသည်။

ပုဂ္ဂိုလ်လေးမျိုးကို ရှင်တော်ဘုရားသည် "ဝဇ္ဇာဟက" သုတ်၌ အထင်အရှား ဟောကြားထားပုံကို သတိသမ္ပဇဉ် ညာဏ်ယှဉ်၍ နာယူကြရမယ်။

လောက၌ထစ်ချုံးသည်ဖြစ်၍ မရွာသောမိုဃ်း တိမ်၊ ရွာသည်ဖြစ်၍ မထစ်ချုံးသော မိုဃ်း တိမ်၊ မရွာ လည်းမရွာ မထစ်လည်းမထစ်ချုံးသော မိုဃ်းတိမ်၊ ရွာလည်းရွာ ထစ်ချုံးလည်းထစ်ချုံးသောမိုဃ်းတိမ် ဟုလေးမျိုးလေးစားရှိရာတွင်–

၁။ ဘုရားစာပေကျမ်းဂန်ကို ကျယ်ဝန်းစွာ တတ်၍ မကျင့်ကြံ အားမထုတ်သည့် အတွက် သစ္စာ လေးပါး မသိသော ပုဂ္ဂိုလ်မျိုးသည် ထစ်ချုံးသည်ဖြစ်၍ မရွာသော မိုဃ်းနှင့်တူကုန်၏။

၂။ ဤသာသနာတော်၌ ယောဂီပုဂ္ဂိုလ်သည် စာပေ ကျမ်းဂန်ကိုကျယ်ဝန်းစွာ မတတ်သော်လည်း မိမိတို့သည် အားထုတ်အပ် လတ့်ဖြစ်သော ကမ္မဋ္ဌာန်းအလုပ် ဆိုင်ရာ အကြားအမြင် ဗဟုသုတကို သင်၍ဖြစ်စေ နာ၍ဖြစ်စေ

မေးမြန်း၍ဖြစ်စေ ဘတ်၍ဖြစ်စေ သိရှိနားလည်ပြီးနောက် သမထ ဝိပဿနာရှုပွား၍ သစ္စာသိမြင် မဂ်ဉာဏ်ဝင်၏၊ ဤပုဂ္ဂိုလ်မျိုးသည် မထစ်ချုံးသည်ဖြစ်၍ ရွာသော မိုဃ်းတိမ်နှင့်တူ၏။

၃။ သာသနာတော်၌ယောဂီပုဂ္ဂိုလ်သည် စာပေလည်း မတတ်ကျွမ်း သမထ ဝိပဿနာကိုလည်း အားမထုတ် မပွားများ ပေကုန်၊ ဤပုဂ္ဂိုလ် မျိုးသည် မထစ်လည်း မထစ်ချုံး ရွာလည်းမရွာသော မိုဃ်းတိမ်နှင့်တူကုန်၏။

၄။ ဤသာသနာတော်၌ ယောဂီပုဂ္ဂိုလ်သည် ဘုရား ဟောစာပေကျမ်းဂန်ကိုလည်း တတ်ကျွမ်း၏ တရား အား ထုတ်၍ သစ္စာသိမြင်၏၊ ဤပုဂ္ဂိုလ်မျိုးသည် ရွာလည်းရွာ ထစ်လည်းထစ်ချုံးသော မိုဃ်းတိမ်နှင့်တူကုန်၏။

အထက်ပါ စတုအင်္ဂုတ္တိုရ် ဝဠာဟကသုတ္တန် ပါဠိတော် ကြီးကို ထောက်ဆ၍ ပိဋကတ် စာပေကျမ်းဂန်ကို မသင် ကြားဘူးသော်လည်း မိမိတို့နှင့် နည်းစပ်ရာ နည်းမှန် လမ်းမှန် ညွှန်ပြတတ်သော ကလျာဏမိတ္တ ဆရာတဦးဦး၏ ဟောပြဆုံးမမှုကို တသွေမတိမ်းလိုက်နာ၍ သိဟိုဠ်ကျွန်း၌ ရဟန်းတော် သုံးပါးအလား ညွှန်ကြားသော စကား အတိုင်း သမထဝိပဿနာ ကျင့်ကြံအားထုတ်ပါကအတိတ် ကံနှင့် ယခုဘဝ ယောနိသောမနသိကာရ သံဝေဂဉာဏ် ဖြစ်သည်အားလျော်စွာ ဈာန်မဂ်ဖိုလ် အလုပ်စခန်းကြီး များကို ရရှိနိုင်ကြောင်းကို မြဲမြံစွာ ယုံကြည်၍ ထက် သန်သော သဒ္ဓါတရားဖြင့် ပြည့်စုံစွာ အားထုတ် နိုင်သည်၊

အားထုတ်ကြကုန်ရာ၏၊ ကျယ်ဝန်းစွာ မသင်သော်လည်း မင်္ဂဖိုလ်ဆိုက်ရောက်နိုင်၏။(သတိပြု)။

ဤပါဠိတော်ကြီး၌ ယောဂီတို့အတွက် မှတ်သားဘွယ်ရာမှာ သရဏဂုံ သုံးပါး ငါးပါးသီလ ရှစ်ပါးသီလစသော ရှင်တော်ဘုရား၏ ဆုံးမစကားများကို ရှေးဦးစွာ ကြားဘူးနားဝ ပရိယတ္တိပညာ ရှိထားပြီး၍ ဆင်းရဲမှလွတ်ကင်းရန် ရည်ရွယ်ပြီးလျှင် သရဏဂုံ ခံယူဆောက်တည်ခြင်း ငါးပါး သီလ ရှစ်ပါး သီလတော်မြတ်များကို စောင့်ထိန်းခြင်းများသည် ပါဠိတော်မှာ လာရှိသည့်အတိုင်း ဓမ္မာနုဓမ္မ ပဋိပန္နဖြစ်၍ ဗဟုသုတဓမ္မဓရ ပုဂ္ဂိုလ်ဖြစ်နိုင်ပေတော့သည်၊ မင်္ဂဖိုလ်၏ အခြေခံဖြစ်တဲ့ အသိတရား ပရိယတ္တိပညာ ပြည့်စုံလုံလောက်သူကို သုတဝါပုဂ္ဂိုလ်ဟု အကျဉ်းချုပ် မှတ်ရမည်။ သို့ဖြစ်၍ သုတဥ္စ ပဋ္ဌိပတ္တိစ သုတံဟု ဝိရူပေက ဒေသ တဒ္ဓိတ်ဝိဂြိုဟ် ကျင်းဆိုရမည်။

၁။ သုတဝါပုဂ္ဂိုလ်ဆိုဒါ သံဝေဂဉာဏ် အခြေခံဖြင့် ဆင်းရဲခပ်သိမ်းမှ ကင်းလွတ်ငြိမ်းလို၍ အကျယ်ဖြစ်စေ အကျဉ်းဖြစ်စေ နာမှုရှေးဦးစွာ ပြုရမည် (ဝါ)အကျဉ်းနည်းဖြစ်စေ အကျယ်နည်းဖြစ်စေ ဆရာကောင်းထံ နည်းနာနိဿယ ခံယူမှုရှိရမည်။

၂။ နည်းခံယူရုံမျှ မဟုတ်ဘဲ ဆရာ၏ ညွှန်ကြားပြသ ဆုံးမသည့်အတိုင်း ဂါရဝမင်္ဂလာ သောဝစ္စဿတာမင်္ဂလာနှင့် ပြည့်စုံစွာ သီလ သမာဓိ ပညာ အလုပ်စခန်းကြီးများကို လက်တွေ့လုပ်ကိုင်၍ နေ့ညမပြတ် မိမိ၏ပြုလုပ်ဘွယ် ဇွဲလုံ့လ မဆုတ်စေဘဲ ကြိုးစားအားထုတ် ကျင့်ကြံနေသူဖြစ်ရမည်။

ဤကဲ့သို့သုတပညာ အကျင့်ပဋိပတ် နှစ်ရပ်စွယ်စုံ ပြည့်စုံတည်ရှိ သူများသာ သုတဝါ ပုဂ္ဂိုလ်ဟု ခေါ်ရသည်၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်နှင့် ပြည့်စုံသူကို နိဗ္ဗေဓိက ပညာရှိသူဟု ဆိုရသည်၊ နိဗ္ဗိန္ဒတိတိ နိဗ္ဗေဓိကော။

ယော၊ အကြင်ယောဂီပုဂ္ဂိုလ်သည်။ နိဗ္ဗိဇ္ဈတိ၊ ကိလေသာ အစိုင်အခဲကို ဖြိုခွဲ ဖျက်ဆီးတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော၊ ထိုတရားကို အဟုတ်အမှန် လိုချင်နေသောယောဂီသည်။ နိဗ္ဗေဓိကော၊ နိဗ္ဗေဓိက ပုဂ္ဂိုလ်မည်၏။ ။ရုပ်နာမ်အစိုင်အခဲ ကိလေသာ အစိုင်အခဲကို ဖြိုခွဲဖောက်ထွင်းသောပညာမျိုးကို နိဗ္ဗေဓိကပညာဆိုတော့ ဖြိုခွဲရာ ဝတ္ထုအာရုံ ပစ္စည်းကိုလည်းရှေးဦးစွာသိရလိမ့်မည်၊ ဖြိုခွဲနိုင်တဲ့ တရားကိုလည်း ရှေးဦးစွာ သိရလိမ့်မည်၊ ဤသို့အားဖြင့် ရှေးဦးစွာ ပြင်ဆင်မှု ရှိထားလျှင် ဖြိုခွဲမှုကိစ္စအောင်မြင်ပေမည်။

ဥပမာ-ကျောက်ဆောင် တခုကို မြစ်တွင်းမှာ ခွဲမည်ဆိုက ကျောက်ဆောင် တည်ရှိရာ ကိုလည်း သိရမည်၊ ကျောက်ဆောင် ခွဲနိုင်လောက်သော လက်နက်လည်းရှိရသည်၊ ဤလက်နက်ကို လှေသင်္ဘောတို့ဖြင့် ဆောင်ယူ၍ ကျောက်ဆောင် ဖြိုခွဲပါက ကြေမွပျက်စီး၍ ဟိုမှာဘက် ကမ်းသို့ ချမ်းချမ်းသာသာ လူအများသွားလာနိုင်သကဲ့သို့ မှတ်ရမည်။

ကျောက်ဆောင်ကြီးနှင့် ဒုက္ခ သမုဒယ သစ္စာနှစ်ပါးနှင့် တူ၏၊ ကျောက်ဆောင်ခွဲရန် လက်နက်နှင့် မဂ္ဂသစ္စာနှင့် တူ၏၊ လက်နက်ကို သယ်ဆောင်သွားသော သင်္ဘော

လှေ့နှင့် သီလမဂ္ဂင် သမာဓိ မဂ္ဂင်တို့နှင့်တူ၏။ ကျောက်ဆောင်ကြီး၏ ကြေမွပျက်စီးခြင်းနှင့် ရပ်နာမ်ငြိမ်းအေးခြင်း နိရောဓသစ္စာနှင့် တူ၏။ ကျောက်ဆောင်ကြီး ကြေမွပျက်စီးမှုကြောင့် ဟိုဘက်ကမ်း ဒီဘက်ကမ်းပေါက်သွား၍ လူခပ်သိမ်း ချမ်းသာစွာသွားနိုင်ခြင်းနှင့် ဝိပဿနာတရားပွားများကြမှုကြောင့် နိဗ္ဗာန်ဟူသောဟိုမှာဘက်ကမ်းကူး၍ ချမ်းသာအထူးသို့ ရောက်ခြင်းနှင့်တူ၏၊ ထို့ကြောင့် သစ္စာလေးပါးကို အမှန်အတိုင်း သိမြင်လိုသော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် သိစရာ အာရုံ ဖြစ်တဲ့ ဒုက္ခသစ္စာသရုပ်သဘောကို အထိုက်အလျောက် ကြိုတင်၍ သိရန် သစ္စာလေးပါး ဆိုင်ရာကြည့်ရှုရမည်၊ မှတ်သားရမည် သင်ယူရမည် မေးမြန်းဆွေးနွေးရမည်၊ ရှိသေစွာ နာကြားရမည်၊ ဤမျှလောက်လိုရင်းသိက ကမ္မဋ္ဌာန်းတရားပွားများလို့ရပြီဟု သေချာစွာမှတ်ရမည်၊ သင်ရိုးသင်စဉ် အတိုင်း စာတတ်မှုဆိုဒါ မဂ်ဖိုလ်ကိစ္စနှင့်မဆိုင် သာသနာ ရှည်မြင့်စွာ တည်တံ့ရန်နှင့် သက်ဆိုင်၏ဟုမှတ်ပါလေ။

သိကြောင်းလက်နက်သဘွယ် မဂ္ဂသစ္စာကိုလည်း နာယူမှတ်သား သင်ကြားဘတ်ရှု ကြံစည်မှုကိစ္စတို့ကို ကြိုးစားအားထုတ်ပြီးနောက် သမထဝိပဿနာ လုပ်ငန်းကိုကြိုးစားအားထုတ်လျှင် နိဗ္ဗေဓိကပညာနှင့် ပြည့်စုံနိုင်ပုံကို သိစေလို၍ ရှင်တော်ဘုရားသည်-

ဍုမ ဘိက္ခု ဘိက္ခုနော ဍုဒံ ဒုက္ခန္တိ သုတံ ဟောတိ၊
ပညာယ စဿ အတ္ထံ အတိဝိဇ္ဈ ပဿတိ။

ဟုဟောတော်မူခြင်းဖြစ်ပေသည်။

ဘိက္ခု၊ သာသနာ့ဝန်ထမ်း အိုရဟန်း။ ဣမ၊ ဤသီလ သမာဓိ ပညာဟု ဆိုအပ်သော သာသနာတော်၌။ ဝါ၊ ဗောဓိပက္ခိယ ရတနာတို့၏ တည်ရှိရာအဆုံးအမသာသနာ၌။ ဘိက္ခုနေ၁၊ တရားခင်မင်တတ်သောသူတော်စင်ယောဂီပုဂ္ဂိုလ်အား။ ဣဒံ၊ ဤရုပ်နာမ်ဓမ္မ သခ်ါရသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာ အမှန်ပင်တည်း။ ဣတိ၊ ဤသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ သုတံ၊ သောတဒွါရကရိုက်ကျခါ ရှိသေစွာ နားထောင်ဘူးသည်။ ဟောတိ၊ မုချမသွေဖြစ်ပေ၏။အသာ၊ ထိုကြားဘူး နားဝရှိထားသော ရုပ်နာမ်ဒုက္ခ၏။ အတ္ထံ၊ ဖြစ်ပျက် နေသော အနက် သဘောမှန်ကို။ ပညာယ၊ ဝိပဿနာပညာမဂ်ပညာဖြင့်။ အတိဝိဇ္ဈ၊ ဖောက်ထွင်း၍။ ပဿတိ၊ ရှုနိုင်မြင်နိုင်၏။

ဤသို့အားဖြင့် ရှင်တော်ဘုရား ဟောကြားအပ်သော သစ္စာလေးပါး တရားတော် မြတ်ကြီးကို ရိုရိုသေသေ ကြားနာရမှုကြောင့် ဘေးဒုက္ခအန္တရာယ် အသွယ်သွယ်မှ ကင်းဝေးချုပ်ငြိမ်းနိုင်သော နိဗ္ဗာန်ကို မျက်မှောက်ပြုလွယ် နိုင်သူဖြစ်ကြပါစေကုန်သတည်း။

၁၃၃၁–ခု တော်သလင်းလဆန်း (၈)ရက်နေ့
ဟောကြားအပ်သောတရားတော်။

— —

ဘာဝနာအခြေခံ

# (ဃ) မင်္ဂလဝင်းဖိုလ်ရဗိရိယလေးပါး တရားတော်ကြီး

(၁၃၃၁-ခုတော်သလင်းလပြည့်ကျော် ၈-ရက် ဟောသည်)။

နမော ဗုဒ္ဓဿ သုဒေသကဿ သမ္ဗုဒ္ဓဿ။
နမော ဓမ္မဿ သုခါဝဟဿ နိယျာနိကဿ။
နမော သံဃဿ ဒက္ခိဏေယျဿ သုပ္ပဋိပန္နဿ။

ယနေ့ တရားအားထုတ်မှု တရားအားထုတ် ခြင်းနှင့် ဆိုင်ရာ သုတ်တော်ကြီးများ တရားဒေသနာ တော်ကြီး များကို ဟောကြားပြသ ဆုံးမတော်မူမည်ဆိုတော့ တရား အားထုတ်သောပုဂ္ဂိုလ်တို့၏ အမျိုးအစား တရားပြသသော ပုဂ္ဂိုလ်တို့၏ အမျိုးအစား တရားအားထုတ် ရခြင်း၏ ကောင်းကျိုးတရားများနှင့် ဤသာသနာတော် မြတ်ကြီးနှင့် ကြုံကြိုက်ပါလျက် တရားအားမထုတ်ဘဲ မေ့မေ့လျော့လျော့ အာရုံငါးပါး လိုက်စားခါ နေပါလျှင် မြင့်မြတ်သော သုခများကို ရရှိနိုင်ရန်မဆိုထားနှင့် လူဘဝကိုပင် တဖန် ပြန်လာဘို့ရန် ခဲယဉ်းကြောင်းများကို ရှေးဦးစွာ ကြိုတင်၍ သိရှိနားလည်ထားထိုက်ပေတယ်။

ထို့ကြောင့် တရား အားထုတ်ကြကုန်သော ပုဂ္ဂိုလ် အမျိုးမျိုးတို့တွင် ဤဘဝ၌ တရားရနိုင်သောပုဂ္ဂိုလ် နောင် ဘဝ၌ မျိုးစေ့ပါ၍ တရားရလတံ့ ပုဂ္ဂိုလ်တို့နှင့်တကွ မဂ်

မျိုးစေ့ မိုလ်မျိုးစေ့ပါ၍ နောက်ဘဝ၌ တရားရလတံ့ပုဂ္ဂိုလ် တရားပြနိုင်သော ပုဂ္ဂိုလ်များကို သိရှိမှတ်သားရမည်။

**ကမ္မဋ္ဌာန်းဆရာအတွက်သိမှတ်ဘွယ်ရာဖွင့်ပြချက်**

တရားပြနိုင်သောပုဂ္ဂိုလ်အမျိုးမျိုးဆိုဒါ–

၁။ သဗ္ဗညုဘုရား။
၂။ ရဟန္တာပုဂ္ဂိုလ်။
၃။ အနာဂါမ်ပုဂ္ဂိုလ်။
၄။ သကဒါဂါမ်ပုဂ္ဂိုလ်။
၅။ သောတာပန်ပုဂ္ဂိုလ်။
၆။ ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ်။
၇။ ပိဋကတ်နှစ်ပုံဆောင်ပုဂ္ဂိုလ်။
၈။ ပိဋကတ်တပုံဆောင်ပုဂ္ဂိုလ်။
၉။ ပိဋကတ် ဗဟုသုတ အတွေ့အကြုံဖြင့် ပြသော ပုဂ္ဂိုလ်။

အထက်ပါ ၉–ယောက်သော တရားပြပုဂ္ဂိုလ်အပေါင်းတို့တွင် အရိယာတရားပြပုဂ္ဂိုလ်များသည် မိမိတို့၏ အတွေ့အကြုံ တရားဘာဝနာကို ပြသနိုင်ကြပေကုန်၏။

ထို့ကြောင့် ဝိနည်းအဋ္ဌကထာကြီး၌—

အရဟန္တာဒယော ဟိ အတ္တနာ အဓိဂတမဂ္ဂမေဝ အာစိက္ခန္တိ။

ဟုဖွင့်ဆိုတော်မူပေကုန်၏။

ဟိ၊ ဆက်၍ဆိုဦးအံ့။အရဟန္တာဒယော၊ ရဟန္တာအစရှိကုန်သော အရိယာ ပုဂ္ဂိုလ်တို့သည်။ အတ္တနာ၊ မိမိသည်။

ဝါ၊ မိမိကိုယ်တိုင်။ အမိဂဝတမင်္ဂမေဝ၊ ရဘူးရောက်ဘူးသော မင်္ဂကိုသာလျှင်။ အာစိက္ခန္တိ၊ ဟောကြားကြကုန်၏။

ပုထုဇဉ်တရားပြ ပုဂ္ဂိုလ်တို့မှာဆိုလျှင်ပိဋကတ်ဗဟုသုတ အတွေ့အကြုံကိုယူ၍ အရိယာ ပုဂ္ဂိုလ်တို့၏ သိနိုင်မြင်နိုင်သော သစ္စာတရားများကိုသုတမယအားဖြင့် တရားပြသခြင်းဖြစ်၍မိမိတို့၏ မိုခိုအားထားရာဖြစ်တဲ့စာပေကျမ်းဂန်၌ တကယ် တတ်ကျွမ်းဘို့ရန် အမှန်လိုပေသည်။ စာပေကျမ်းဂန်ကို တကယ်မတတ်ကျွမ်းကျင်ဘဲ တတ်ကျွမ်းသယောင်ပြု၍ တရားပြနေပါက ချွတ်ချွတ် ချော်ချော်လမ်းမှား၍ ယောဂီအများ၌ အလွန်တရာမှ နစ်နာနိုင်ပေသည်။ တရားတန့်ရပ်နေခြင်း တရားနောက်ဆုတ် နေခြင်း ဟူသော အချိန်ကာလ ဖြုန်းတီးမှုသာ ဖြစ်နိုင်ပေသည်၊ ထို့ကြောင့် ပိဋကတ် ဗဟုသုတ တရားပြဆိုက တကယ် ပိဋကတ် ဗဟုသုတရှိလျှင်သာ ယောဂီများအပေါ်၌ ဆရာလုပ်ထိုက်ပေသည်။ ဒေသနာနည်းလာ တရားတခုကိုယူ၍ ကမ္မဋ္ဌာန်းတရားပြတော့မည်ဆိုလျှင် မိမိတို့သက်ဆိုင်ရာ ကမ္မဋ္ဌာန်းတရားဒေသနာကို သုတပါး မလှုပ်ချောက်ချားနိုင်အောင် ပါဠိတော် အဋ္ဌကထာ ဋီကာ ယောဇနာ ဂဏ္ဌိ အမျိုးစုံကျွမ်းကျင်မှုရှိရပေမည်၊ မှန်ကန်မှု သဘာဝရှိမရှိကိုလည်းခွဲခြမ်းသိရှိနားလည်နိုင်ရမည်။

မှန်ကန်မှုဆိုသည်မှာ–

၁။ ပုဒ်ပါဌ်၌ ဝါကျမှန်မှုကို နားလည်ရခြင်း။

၂။ အနက်သဘာဝ မှန်ကန်မှုကို နားလည်ရခြင်း။

၃။ အယူအဆ အသုံးအဖြတ် မှန်ကန်ရခြင်း။

အထက်ပါ မှန်ကန်မှုသုံးချက်ကို နားမလည်ပါဘဲနှင့် ဟောပြောပြသနေပါက ဘုရားရှင်၏ သာသနာသုံးရပ်လုံးပင် ကွယ်ပျက်စီးသွားနိုင်ကြောင်းကို ဒုကအင်္ဂုတ္တိုရ်ပါဠိတော်ကြီး၌ ရှင်တော်ဘုရား ကိုယ်တော်တိုင် ဟောကြားထားတော်မူခဲ့ပေတယ်။

ဤသို့စသော အားဖြင့် စာပေကျမ်းဂန်၏ ဆိုလိုရင်းစကားရပ်သဘာဝကို သိရှိနားလည်ပြီးနောက် ယောဂီတို့၏အပေါ်၌ မေတ္တာ ကရုဏာ ရှေ့ထား၍ ငါသိသလို ငါတတ်သလို သိကြပါစေ တတ်ကြပါစေဆိုသော ဖြူစင်သော စိတ်ထားနှင့် ပြည့်စုံသော ဆရာကောင်း ကလျာဏမိတ်ထံ၌ တရားအားထုတ်ရမည်၊ တရားအားထုတ်သင့်သည်၊ တရားအားထုတ်ပါလေ။

ဆရာလုပ်သူကလည်း လာဘ်ပေါများမှုနှင့် ကျော်စောထင်ရှားမှုကို ရည်မှန်း၍ တရားဟောမှု တရား ပြသမှု မပြုလုပ်ကောင်း၊ ဆရာလုပ်သူသည် အနည်းဆုံး ဥပစာရသမာဓိ ရရှိပေါက်ရောက်၍ ဥဒယဗ္ဗယဉာဏ် ထက်သန်ထွားကြိုင်းပြီးလျှင်သာ သူတပါးကို တရားပြသင့်ပေ၏၊ တောင်မရောက် မြောက်မရောက်သမာဓိပညာအနည်းငယ်ရှိရုံမျှဖြင့် တရားမပြသင့်ပေ၊ သမာဓိပညာ ပြည့်စုံသော ဆရာမျိုး၌သာ တပည့်ယောဂီများကလည်း ဆရာဟူသော အသိအမှတ်ဖြင့်တကယ်အားကိုးအားထား ထိုက်ပေတယ်၊ အလွန်အရေးကြီးသော မဂ်ဖိုလ်ကိစ္စကြီးများ၌မရေမရာနှင့် အားကိုးအားထားမှားမိပါက သံသရာရှည်လျား၍ကာရန်မသင့်ပါလျှင် ကပိလရဟန်းတို့လို အပါယ်လေးပါးသို့ပင်

ဆင်း၍သွားနိုင်ပေတယ်၊ ထို့ကြောင့် ရှေးဆရာတော်ကြီးများက ရောင်းကုန်ရှုံးတော့တခေါက်၊ လင်ကုန်ရှုံးတော့တသက်မှောက်၊ ဆရာသမား ကုန်ရှုံးတော့ သံသရာစခန်းပျောက်ဟု မှတ်တမ်းလင်္ကာ ရေးစပ်ကြပေတယ်၊ ဆရာသမား ကိုးကွယ် အားထား မှီခိုမှုဆိုဒါ လွန်စွာသတိထားရ၏။

ရှင်တော်ဘုရား ဟောကြားသော သုတ္တန်ပါဠိ ပါဠိတော် နာဝါသုတ်၌လည်း လှေသမားသည် လှေတက်နှင့်လည်းပြည့်စုံရမည် လှေဆိုင်ရာကျွမ်းကျင်မှုလည်း ရှိရမည်၊ ဤအင်္ဂါ နှစ်ပါး ပြည့်စုံသော လှေသမားသည် လှေပေါ်တွင် ပါလာသူ လှေစီးသမားများကို ကမ်းတဖက်အရောက် ချမ်းသာစွာ ပို့ဆောင်နိုင်ပေတယ်၊ ကျွမ်းကျင်မှုလည်းမရှိလှေတက်သည်းမရှိဆိုပါကရေစုန်မှာလည်း မျောသွားနိုင်ပေသည်၊ လှေမှောက်၍လည်း သွားနိုင်ပေသည်၊ ဆင်းရဲများစွာတွေ့ကြုံရမည်။

ဤအတူပင် ကမ္မဋ္ဌာန်းဆရာသည် အခြေခံအမာခံဖြစ်တဲ့ ဘုရားရှင်၏ စကားတော်ကိုလည်း ကျွမ်းကျင် နားလည်ရမည်၊ ကိုယ်တွေ့ အကျင့်သိက္ခာ သီလ သမာဓိ ဝိပဿနာ တရားများတည်ရှိရမည်၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဆရာသည် တပည့်ယောဂီများကို အေးချမ်းသာယာတဲ့ နိဗ္ဗာန်တဖက်ကမ်းသို့ဘေးမသီ ရန်မခရအောင် ပို့သနိုင်ပေကုန်ရာ၏၊ ဆရာအင်္ဂါချို့တဲ့နေပါက တပည့်ယောဂီတို့မှာ သံသရာ ရေပြင်ကြီး၌ မြုပ်မျောလျက်သာ ဒုက္ခများစွာ တွေ့ကြုံရာ၏။

ဆရာကောင်း၌ရှိသင့်သောအင်္ဂါရပ်များမှာ—
၁။ ကောင်းသောသဒ္ဓါတရားရှိရခြင်း။
၂။ ကောင်းသော သက်ဆိုင်ရာ သီလပြည့်စုံရခြင်း။
၃။ ကောင်းသောအကြားအမြင်ရှိရခြင်း။
၄။ ပေးကမ်းစွန့်ကြဲမှုရှိရခြင်း။
၅။ ကောင်းသော အသိပညာရှိရခြင်း။
၆။ ငွဲလုံ့လ ဝီရိယနှင့်ပြည့်စုံရခြင်း။
၇။ ကောင်းမြတ်သော အာရုံ၌ ထင်သော သတိရှိရခြင်း။
၈။ ကောင်းမြတ်သော အာရုံ၌ တည်ကြည်ခိုင်ခံ့သော ဥပစာရ သမာဓိနှင့်ပြည့်စုံရခြင်း။

ဤအကြောင်းရှစ်ချက်နှင့်ပြည့်စုံသော ဆရာကောင်းကို တွေ့ကြုံအောင် ရှာမှီး၍ သမထ ဝိပဿနာ တရားများကို ကြိုးစား အားထုတ် ပွားများရမည်။ ထို့ကြောင့် ဥဒါန်း အဋ္ဌကထာကြီး၌—

ပိယော ဂရု ဘာဝနီယော၊
ဝတ္တာစ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊
နောစ ဋ္ဌာနေ နိယောဇယေ။

ဟု-ဆရာကောင်း ကလျာဏမိတ္တအင်္ဂါကို ရှင်မြွေပါလ အဋ္ဌကထာဆရာကြီးက ဖွင့်ဆိုပြသခဲ့တယ်။

ပိယော၊ ပြည့်စုံသော သီလစသည်ကြောင့် ယောဂီ အများချစ်ခင်ကြည်ညိုအပ်သည်ရင်း။ ဂရုစ၊ ပြည့်စုံသော

သီလသမာဓိကြောင့် ယောဂီအများ လေးစားအပ်သည့်ဂုဏ်။ ဘာဝနီယောစ၊ ပွားများ ထားအပ်သော မေတ္တာဘာဝနာအမြဲမပြတ် ကိန်းဝပ်နေခြင်းသည်ဂုဏ်။ ဝတ္တာစ၊ သူ့နေရာနှင့်သူ အချက်ကျအောင် ပြောတတ်ဆိုတတ်ခြင်းသည်ဂုဏ်။ ဝစနက္ခမောစ၊ သူတပါး ပြောဆိုလာပါကသည်းခံသင့်သောနေရာ၌ သည်းခံနိုင်ခြင်းသည်ဂုဏ်။ ဂမ္ဘီရံ၊ နက်နဲစွာသော။ ကထံကတ္တာစ၊ ရုပ်နာမ်နှင့် စပ်သော။ ဝါ၊ သမထ ဝိပဿနာ မဂ်ပညာတို့နှင့် စပ်သော အလွန်မြင့်မြတ် အဘိုးတန်သောတရားမှန် တရားမြတ်ဟောပြောပြသခြင်းကို ပြုတတ်သည်ဂုဏ်။ သမ္ဗန္ဓေယျ၊ ပြည့်စုံထားရာ၏။ အဋ္ဌာနေစ၊ အရာမဟုတ် အကြောင်းမဟုတ်ရာ၌လည်း။ နောနိယောဇယေ၊ မတိုက်တွန်းရာ။

အထက်ပါ တရားပြပုဂ္ဂိုလ်၏ အရည်အချင်း ခုနစ်မျိုးတွင် တရားပြပုဂ္ဂိုလ်တို့၌ ဘာဝနီယခေါ်တဲ့ သိက္ခာသုံးရပ်ပြည့်စုံထားရန်နှင့်ဂမ္ဘီရကထံကတ္တာခေါ်တဲ့ သမထဆိုင်ရာဝိပဿနာဆိုင်ရာ မဂ်ဖိုလ်ဆိုင်ရာ နက်နဲသော တရားဓမ္မဟောကြားပြသနိုင်သော ဆရာကောင်းတွေ့ကြုံရန် ယောဂီတို့၏ ကိုယ်ပိုင်ဉာဏ်အားဖြင့် လွယ်လွယ်ကူကူ သိရှိနိုင်ရေးအတွက် ခဲယဉ်းပေလိမ့်မည်၊ အထက်ပါ ကမ္မဋ္ဌာန်းပြဆရာ၏ အင်္ဂါများသည် အရိယာပုထုဇဉ် နှစ်မျိုးလုံးပင်အကုန်အစင် ပြည့်စုံရန် လိုပေသည်။ စာပေကျမ်းဂန်ပြည့်စုံရုံမျှဖြင့်လည်း ကမ္မဋ္ဌာန်းဆရာပြုလုပ်ရန် မဖြစ်နိုင်သေးပေကုန် တရားအားထုတ်သူ ရဟန်းရှင်လူတို့ ပစ္စုပ္ပန်သံသရာ ကျိုးနှစ်ဖြာကို ဆောင်ရွက်နိုင်သော ကိုယ်ကျင့်

သီလသိက္ခာ သမာဓိ ပညာ သိက္ခာများလည်း ရှိသင့်သလောက် ရှိကြရပေမည်။

သီလ သမာဓိ ပညာဂုဏ် အထိုက်အလျောက် ရှိကြကုန်သော ပုဂ္ဂိုလ်မျိုးသာ အများသူငါ၏ကြည်ညိုလေးစားသဒ္ဓါပွား၍ သာသနာတော်အတွက် အထူးပင် အကျိုးများနိုင်ပေကုန်သည်။ ဤကဲ့သို့ ပရိယတ် ပဋိပတ် အရည်အချင်း ပြည့်ဝသော ဆရာများကိုသာ ရှာမှီးဆည်းကပ်ရန် ရည်ရွယ်၍ မာန်လည်ဆရာတော်၏ မာဃဒေဝ လင်္ကာ သစ်ကြီး၌–

ဆရာသမှု၊ မှီဝဲပြုက၊ ဗဟုသုတ၊ ဂုဏပညာဝန်၊
သီလဝန္တ၊ သာမွန်လည်ရွှဲ၊ ဆီးကပ်မြဲလော့။

ဟုလင်္ကာမှာတမ်း စပ်ဆိုထားခဲ့ပေသည်။

အဓိပ္ပါယ်အချုပ်မှာ လောကမွေ ဗဟုသုတများ၍ ကိုယ်ကျင့်သိက္ခာ အဆက်ဆက်က ပြည့်စုံသော ဆရာကောင်း ဆရာမြတ်နှင့် တွေ့ဆုံကြုံကြိုက်ပါက လည်မှာဆွဲထားသော ရွှေလုံးကြီးများကို နဂါးများ အလေးအမြတ်ပြု၍ ထားကြသကဲ့သို့ လေးစားဂရု မှီခိုအားထားခြင်းပြု၍ ကိုးကွယ် အားထားရမယ်ဟု ဆရာတော်ကြီးက သိစေခဲ့ပေတယ်၊ ယောဂီများ၌အရိယာပုဂ္ဂိုလ် တရားပြနှင့်တွေ့ကြုံပါက အတိုင်းထက်အလွန် တံခွန်နှင့်ဘုရား ဆိုသကဲ့သို့ ယောဂီကလည်း ရှိသင့်ရှိထိုက်သော အကြောင်းပြည့်စုံနေပါက အထူးပင် ကျေးဇူးများနိုင်ပေကုန်သည်။

## ကမ္မဋ္ဌာန်းထိုင်သူအတွက် သိမှတ်ဘွယ်ရာ ဖွင့်ပြချက်

အထက်ပါ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယာဆရာဖြစ်စေ ပုထုဇဉ်ဆရာဖြစ်စေ ဆရာကောင်း ဆရာမြတ်နှင့် တွေ့ကြုံသော ယောဂီသူတော်စင် ပုဂ္ဂိုလ်သည် စိတ်ဓာတ်ဖြူစင်စေပြီး၍ မိမိတို့သည် ကြိုက်နှစ်သက်၍ စရိုက်နှင့် ညီညွတ်သော ကမ္မဋ္ဌာန်းအာရုံ တခုခု၌ ခိုင်မြဲသော သမ္ပဇာဉ်လုံ့လဝီရိယဖြင့် နေ့ညမပြတ် ဒလစပ် အားထုတ်နိုင်ပါလျှင် ဤဘဝဤသာသနာတော်၌ နောက်အကြောင်းလုံလောက်ပြီးသား ပုဂ္ဂိုလ်ဆိုက မဂ်ဝင်နိုင်ရာ၏၊ နောက်အကြောင်း မလုံလောက်သေးပါက မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့ကောင်းကောင်းကြီး ဖြစ်နိုင်ပေကုန်သည်။

### တပည့်၏ မဂ်ဖိုလ်ရနိုင်သော အင်္ဂါများ

၁။ တကယ်တတ်ကျွမ်း နားလည်သော ဆရာကောင်းကိုရှာမှီးရခြင်း။

၂။ အတိတ်ကံအကြောင်း ပါရမီပြည့်စုံရခြင်း။

၃။ ဆရာတပည့်နှစ်ဦးလုံးပင် ပြုအပ်သော အမှုကိစ္စမှ မဆုတ်ယုတ်စေရခြင်း။

၄။ ဆရာ၏ ဆုံးမစကားကို တသွေမတိမ်း လိုက်နာရခြင်း။

ဆုံးမစကား နားမထောင်ဘူးဆိုက ထိုဆရာကို အစကပင် ရှောင်ကြဉ်သင့်၏။

၅။ မဂ်ဉာဏ်၏ အန္တရာယ်တို့မှ ကင်းရှင်းရခြင်း။

၆။ အချိန်အခါကောင်းနှင့် ကြုံကြိုက်ရခြင်း။

၇။ အရွယ်ကောင်းနှင့် ပြည့်စုံရခြင်း၊

၈။ ပဋိရူပ အရပ်ဒေသမျိုး ဖြစ်ရခြင်း။

၁။ ချွံရုပြဆိုဦးအံ့...ဆရာကောင်းနှင့် မတွေ့ကြုံပါက အခြားကုန်သော အကြောင်းအရာကောင်းတွေ ပြည့်စုံနေသော်လည်း အဇာတသတ်တို့လိုဖြစ်နေပါက ကလျာဏမိတ္တအင်္ဂါချို့တဲ့သည့်အတွက် ကောင်းကျိုးဖြစ်ထွန်းမှု ပျက်ကွက်နိုင်ပေသည်။

၂။ ဗုဒ္ဓသာသနာ ထင်ရှားရှိ၍ အသိပညာနှင့်ပြည့်စုံသော ဘဝတခု၌ မင်္ဂမျိုးစေ့ ဖိုလ်မျိုးစေ့ ဖြစ်လောက်အောင် ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ ရည်မှန်း၍ လှူဒါန်းခဲ့ဆောက်တည်ခဲ့ ပွားများခဲ့သော ဒါန သီလ ဘာဝနာဟူသော တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်စေတနာထူးကို အတိတ်ဘဝတို့က ဖြည့်ဆည်းလာခဲ့ဘူးသော ဘားနတ်သားတို့လို ကုသိုလ်အဆောက်အအုံ ပြည့်စုံ လုံလောက်သူ ဖြစ်ရခြင်း၊ ရှေးဘုရားတို့သာသနာ၌ ဝိဝဋ္ဋနိဿိတ ကုသိုလ်ကို ပြုခဲ့ဘူးသူဖြစ်ရမည်။

၃။ ကိစ္စတခု၌ ပြုသင့် ပြုထိုက် သည်ကို မပြုပါဘဲ ကိရိယပရိဟာနိဟု ဆိုအပ်သော ပြုလုပ်ဘွယ် လိုနေမည်ဆိုပါက လိုအပ်သောကိစ္စ အောင်မြင်မှုအဆုံးသို့ မရောက်နိုင်ကြောင်းကို သိရှိနားလည်ထားရမည်။

၄။ တရားအားထုတ်မှု ကိစ္စနှင့် စပ်လျဉ်း၍ ဆရာ၏ ပြုဘွယ်ကိစ္စ ယောဂီတပည့်၏ ပြုဘွယ်ကိစ္စဟု နှစ်မျိုးရှိနေရာတွင် ဆရာတပည့်နှစ်ဦးနှစ်ဝပင် ပြုဘွယ်ကိစ္စကို မဆုတ်ယုတ်အောင် ပြုလုပ်နိုင်လျှင်သာ သမာဓိဝင် မဂ်ဉာဏ်

ယှဉ်နိုင်ပေကုန်သည်၊ အကြောင်းတခုခု ချို့တဲ့ပါက မဂ်မဝင်နိုင်ပေရာ။

## ကမ္မဋ္ဌာန်းဆရာ၏ပြုဘွယ်ကိစ္စ

အကြောင်းကို ထင်ရှားအောင်ပြရသော် အခါတပါး ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ဓနဉ္ဇာနိပုဏ္ဏားကြီး၏ အလိုအာသယကို မသိနားမလည်၍ ပြဟ္မာပြည်ရောက်ကြောင်း တရားလောက်သာ ဟောကြားမှုကြောင့် ပြဟ္မာလောက်သာ ကောင်းကျိုးရပေသည်၊ ဓနဉ္ဇာနိပုဏ္ဏားကြီးသည် သောတာပန်အရိယာ ဖြစ်နိုင်လောက်သောလုံလောက်သော အကြောင်းရှိလျက်နှင့် ရှင်သာရိပုတ္တရာကိုယ်တော် မြတ်ကြီး၏ ဟောကွက် လိုနေ မှုကြောင့် သောတာပန် အရိယာအဖြစ်မှ ဆုံးရှုံးနစ်နာရ ပေသည်။ ဆရာ၏ပြုလုပ်ဘွယ်ကို ပြည့်စုံလုံလောက်အောင် မပြုလုပ်မှုကြောင့် ယောဂီ၌ ရသင့်ရထိုက်သော ကောင်းကျိုးတရားမှဆုတ်ယုတ်ခြင်းဖြစ်ရသည်။

## တပည့်၏ပြုဘွယ်ကိစ္စမပြည့်စုံပုံ

အခါတပါး ရှင်တော်မြတ် ဘုရားသည် စမ္ပာမြို့၌ တခုသောရေကန်၏ ကမ်းနား၌ ရဟန်းပေါင်းများစွာနှင့်တကွ သတင်းသုံးနေထိုင်တော်မူတယ်၊ ထိုအခါ ပေဿဆိုသော တကာတယောက်နှင့် ကရန္ဒကဆိုသောပရိဗိုဇ်တယောက်တို့သည် ရှင်တော်မြတ်ဘုရား၏ အနီးအပါး၌ ရှိသေစွာရှိခိုး၍ ထိုင်နေကြပေကုန်သည်။

ကရန္ဒက ပရိဗိုဇ်သည် ဝမ်းမြောက်ဘွယ် စကားနှင့် တသက်ပတ်လုံး မှတ်သားလောက်သော အဘိုးတန်စကား များကို ပြောကြားပြီးလျှင် တခုသော နေရာ၌ ရပ်၍ တိတ်တိတ် ဆိတ်ဆိတ် ရာမြွေရရ နေထိုင်ကြ ကုန်သော ရဟန်းတော် အပေါင်းကို လှည့်လည် ကြည့်ရှုပြီးလျှင် အောက်ပါစကားကို ရှင်တော်ဘုရားအား လျှောက်ထား ပေ၏။

အရှင်ဘုရား အံ့ဘွယ်ရှိပေစွ ဤလောကတွင်း၌ ဤမျှ လောက်တည်ကြည် ငြိမ်သက်လှသော ပရိသတ်မျိုးသည် မရှိနိုင်ပါ တွေ့လည်းမတွေ့ကြုံဘူးပါဘုရား၊ အရှင်ဘုရားနှင့် အလားတူပင် အတိတ် အနာဂတ် ကာလများ၌ ပွင့်တော် မူပြီး ပွင့်တော်မူလတ္တံ့ကုန်သော ဘုရားရှင်တို့၏ ပရိသတ် သည်လည်း ကောင်းစွာ ဆုံးမပြီးသည်ဖြစ်၍ ယဉ်ကျေး ပြီးသောအမူအရာရှိ၍ သွန်သင်ထားအပ်ဆုံးမ ထားအပ်ပြီး သောပရိသတ်ဖြစ်ကုန်ရာ၏ဟု လျှောက်ထားပေသည်။

ကန္ဒရကပရိဗိုဇ် သင်လျှောက်ထားသောစကားအတိုင်း မှန်လှပေ၏၊ လူနတ်ပြဟ္မာတို့၏ ပူဇော်အထူးကို ခံထိုက်၍ အလုံးစုံသော တရားတို့ကို မှန်ကန်စွာ သိမြင်နိုင်သော ဘုရားရှင်တို့သည်လည်း ဤအတိုင်းပင် သွန်သင်တော်မူကြ ပေကုန်၏၊ ဆုံးမတော် မူကြပေကုန်၏၊ ကန္ဒရကပရိဗိုဇ် ဤယခု မြင်တွေ့နေရသော ရဟန်းပရိသတ်၌ ခန္ဓာဝန် ထုပ်ကိုချပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာ သစ္စာသိမြင်၍၊ ဤသုံးဆယ်တဘုံမှလွတ်မြောက် နေသော ရဟန္တာ ပုဂ္ဂိုလ်တို့လည်း ပါဝင်ကြ ကုန်၏။

ကန္တရကပရိဗိုဇ် မြဲသောသမာဓိ မြဲသောပညာပြည့်စုံရန် ကျင့်ဆဲဖြစ်သော ရဟန်းတို့သည်လည်း ထင်ရှား ရှိကြ ပေကုန်၏၊ သေကွ ရဟန်းတို့သည် သတိပဋ္ဌာန်တရား လေးပါး၌ ကောင်းစွာတည်သော စိတ်ရှိကြပေကုန်၏။

## သတိပဋ္ဌာန်တရားလေးပါး ဖွင့်ဆိုချက်

ကန္တရပရိဗိုဇ် သတိပဋ္ဌာန်တရား လေးပါး ဆိုတာ ဤ သာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ ဖြစ်ပျက် လောက၌ အဘိဇ္ဈာ ဒေါမနဿ ဟူသော နီဝရဏ တရားကို ပယ် ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ် တရားရှိသည်ဖြစ်၍ အောက်မေ့မှု သတိရှိသည်ဖြစ်၍ ဖြစ် ပျက်ဟူသော လောက၌ အဘိဇ္ဈာ ဒေါမနဿ ဟူသော နီဝရဏတရားကို ရှေးဦးစွာပယ်ခွါထားပြီး၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

ပြင်းစွာသော အားထုတ်အပ်သော ဇွဲလုံ့လ ရှိသည် ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိသောဉာဏ်ရှိ၍ အမှတ်ရမှု သတိနှင့် ပြည့်စုံပြီးလျှင် ဖြစ်ပျက် ဟူသော လောက၌ အဘိဇ္ဈာ ဒေါမနဿနီဝရဏ တရား နှစ်ပါးကို ပယ်ခွါပြီးလျှင် စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုသည် ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော ဇွဲလုံ့လရှိ၍ ပညာသတိနှင့် ပြည့်စုံပြီးလျှင် ဖြစ်ပျက်မစဲသော ရုပ်နာမ်လောကဌ်လိုချင်မှု အဘိဇ္ဈာ စိတ်မချမ်းသာမှု ဒေါမနဿတို့ကို ပယ်ခွါပြီး၍ သဘောတရားတို့၌ သဘောတရား တို့ကို အကြိမ်ကြိမ် ရှုသည်ဖြစ်၍ နေ၏ဟု ဟောကြားတော်မူပေ၏။

ထိုအခါ ဆင်ထိန်း၏ သားဖြစ်သော ပေဿဆိုသော တကာသည် အလွန် အံ့ဩ ကျေနပ်သော အမှုအရာဖြင့် အောက်ပါ သတိပဋ္ဌာန်အကျိုး စကားကို လျှောက်ထား ပေ၏။

စတ္တာရော သတိပဋ္ဌာနာ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမ နဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာ နဿ သစ္ဆိကိရိယာယ သံဝတ္တန္တိ။

ဟု သတိပဋ္ဌာန်လေးပါး အကျိုးသွားကို လျှောက်ပေသည်။

စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနာ၊ အောက် မေ့မှုထင်အပ် ကုန်သော တရားတို့သည်။ သတ္တာနံ၊ သတိ ပဋ္ဌာန်တရား လိုလားကြကုန်သော သတ္တဝါအပေါင်းတို့၏။ ဝိသုဒ္ဓိယာ၊ ညစ်ညူးကြောင်း ကိလေသာတရား စင်ကြယ် ခြင်းငှာ။ သောက ပရိဒေဝါနံ၊ စိုးရိမ် ကြောင့်ကြခြင်း ငိုကြွေးခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်ခြင်းအကျိုး ငှာ။ ဒုက္ခဒေါမနဿာနံ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတရား ဆိုးတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းရာ အတ္ထ တောင်သို့ ရောက်ခြင်းအကျိုးငှာ။ ဉာယဿ၊ အရိယာမဂ်လေးပါးကို။

အဓိဂမာယ၊ ရနိုင်ခြင်း အကျိုးငှာ။ နိဗ္ဗာနဿ၊ ဆင်းရဲ ခပ်သိမ်းချုပ်ငြိမ်းခြင်းကို။ သစ္ဆိကရဏတ္ထာယ၊ မျက်မှောက် ပြုနိုင်ခြင်းအကျိုးငှာ။ ယောဒ္ဓိ၊ မုချမသွေ ဖြစ်နိုင်ပေကုန်၏။

အရှင်ဘုရား လူဖြစ်ကုန်သော တပည့်တော်တို့သည်ပင် ရံခါရံခါ သတိပဋ္ဌာန်တရား လေးပါးတို့၌ ကောင်းစွာ တည်သော စိတ်ရှိကြကုန်သည် ဖြစ်၍ နေထိုင် ကြပါကုန် အံ့ဟု လျှောက်ထားပေသည်။

**သတိပဋ္ဌာန်းတရား ပွားများရခြင်း၏ ကောင်းကျိုးများ**

သတိပဋ္ဌာန်လေးပါး ပွားများကြကုန်သူတို့၌....

၁။ သတ္တဝါတို့၌ စိတ်ညစ်ခြင်းမှ ကင်းဝေးခြင်း။

၂။ စိုးရိမ်ပူပန်မှု ငိုကြွေးရမှုတို့ကို လွန်မြောက်နိုင်ခြင်း။

၃။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းနှစ်ပါး ချုပ်ငြိမ်းနိုင် ခြင်း။

၄။ မဂ်ဖိုလ်တရား ရနိုင်ခြင်း။

၅။ ငြိမ်းအေးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း။

သတိပဋ္ဌာန်တရား ပွားများသူများသည် အထက်ပါ ကောင်းကျိုးတရားများကို ယခုဘဝ၌ဖြစ်စေ၊ နောင်ဘဝ၌ ဖြစ်စေ သတိဦးဆောင်၍ အာတာပီဆိုသော လုံ့လ ဝီရိယ လေးပါးဖြင့် မနေမနား ကြိုးစားနိုင်ပါက မုချပင် ကောင်း ကျိုးတရား ရရှိနိုင်ပေကုန်သည်။

**အာတာပီ လုံ့လ ဝီရိယလေးပါး ဖွင့်ဆိုခြင်း**

အာတာပီ လုံ့လ ဝီရိယဆိုတာ စိတ်အစဉ်၌ သံသရာ တလျှောက်က စွဲကပ်လာသော ကိလေသာ အညစ်အကြေး

များကို ကင်းကွာအောင် အားထုတ်နိုင်သော ဝီရိယမျိုးကို ဆိုလို၏။

အင်္ဂုတ္တိုရ် ပါဠိတော်၌အာတာပီဝီရိယကို သံဝရပဓာန၊ ပဟာနပဓာန၊ ဘာဝနာပဓာန၊ အနုရက္ခနာ ပဓာန-ဟု လေးမျိုးလေးစားထား၍ ဟောကြားပေတယ်။

ရဟန်းတို့ ဤ သိက္ခာသုံးပါး ဟောကြား ထားရာ သာသနာတော်၌ ယောဂီပုဂ္ဂိုလ်သည် ဒွါရ ခြောက်ပါးတို့ဖြင့် အာရုံခြောက်ပါးတို့ကို တွေ့ဆုံကြုံကြိုက်သည် ရှိသော် ယောကျ်ားနိမိတ်၊ မိန်းမနိမိတ် (ဝါ) ယောကျ်ား သညာန်၊ မိန်းမသညာန်ကို ယူသည်မဖြစ်။ ကိလေသာကို ထင်စွာ ဖော်ပြတတ်သည်ဖြစ်၍ အနုဗျဉ္ဇန ခေါ်သော လက်ခြေ သဏ္ဍာန်၌ ပြုံးရယ်ခြင်းစသည်ကို ယူသည်မဖြစ်ပေ။ ဣန္ဒြေ ခြောက်ပါးကို မစောင့်ရှောက်သည် ဖြစ်၍ မစောင့် ရှောက်ဘဲ နေသော ယောဂီ ပုဂ္ဂိုလ်မျိုးကို အဘိဇ္ဈာ ဒေါမနဿ ဟူကုန်သော တရားဆိုးတို့သည် အဖန်တလဲလဲ နှိပ်စက် လွှမ်းမိုးကုန် ရာ၏။ ဣန္ဒြေ ခြောက်ပါး စောင့် ရှောက်နိုင်ရန် သတိပဋ္ဌာန်တရားကို ကျင့်ကြံ ပွားများရပေ မယ်။ ဣန္ဒြေခြောက်ပါးကို နိုင်အောင် စောင့်ရှောက်ရ မည်။ ဤသို့ ဣန္ဒြေခြောက်ပါးကို စောင့်ရှောက်နိုင်ခြင်းကို သံဝရပဓာနဟူ၍ ခေါ်ဆိုအပ်၏။ သတိပဋ္ဌာန်ကို စွဲမြဲစွာ ပွားများနေပါက ဒွါရတို့၌ ကိလေသာ မဝင်နိုင်တော့ပေ ကုန်။ ရဟန်းတို့ ဝိတက်သုံးပါးပယ်နိုင်အောင် အားထုတ် ကြောင်းဖြစ်သော ဝီရိယဆိုသည်အဘယ်နည်း။ ဤသာသ နာတော်၌ ယောဂီ ရဟန်းမြတ်သည် ဖြစ်ပေါ် လာသော

ဇဏ္ဍာယသ ၄၉၃-၁၀

ငါးပြာ အာရုံ ကာမဂုဏ်နှင့် ပတ်သက်သော ကြံစည်မှု မျိုးစုံကို မသာယာသည်ယ်စွန့်၏၊ ကင်းအောင်ပြု၏။ နောင်တ ဘဖန်မဖြစ်ခြင်းသို့ ရောက်စေ၏။

မှတ်ချက်။ ။အကျဉ်းစကားဖြင့် အကျယ်ကိုမြှော်ခေါ် တတ်ပါစေ။

ဖြစ်ပေါ်လာသောဒေါသနှင့် ပတ်သက်သော ကြံစည်မှု မျိုးစုံကိုပယ်စွန့်၏။ မသာယာမှုမှ ကင်းကွာအောင် ပြု၏။ နောင်တဖန် မဖြစ်ပေါ်ခြင်းသို့ရောက်စေ၏။

ဖြစ်ပေါ်လာသော သူတပါးကို ညှဉ်းဆဲရန် ကြံစည်မှု မျိုးစုံကို ပယ်စွန့်၏၊ မသာယာ ကင်းကွာအောင် ပြု၏။ နောင်တဖန် မဖြစ်ပေါ်စေ။ ဤအားထုတ်ခြင်းကို ဝိတက် သုံးမျိုးကိုပယ်ကြောင်း ဥဒ္ဓလုံ့လ ဝီရိယဟု ဆိုအပ်ပေ၏။

ရဟန်းတို့ ဝိပဿနာ ဘာဝနာကို ပွားများကြောင်း ဝီရိယဟူသည် အဘယ်နည်း။ ဤသာသနာတော်၌ ရဟန်း သည် ဝိဝေကလေးပါးကိုမှီသော ရာဂကင်းရာ ချုပ်ရာကို မှီသော ကိလေသာ စွန့်လွှတ်ရာ နိဗ္ဗာန်ညွှတ်ကိုင်းသော ဗောဇ္ဈင်မဂ္ဂင်တရားကို ပွားများနေ၏။ ဤ အားထုတ်ခြင်း ဝီရိယကို ဝိပဿနာ ပွားများခြင်းကို အားထုတ်ကြောင်း ဝီရိယဟု ဆိုအပ်၏။

သမာဓိအာရုံကို အစဉ်စောင့်ရှောက်ခြင်းကို အားထုတ် ကြောင်းဝီရိယဟူသည် အဘယ်နည်း။

ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ် လာသော ကောင်းမြတ်သော အရိုးစုသာ ဖြစ်၏ ဟူသော အမှတ်

သညာရှိသော ပိုးလောက်အတိပြည့်သည် ဖြစ်၍ စက်ဆုပ်ရွံရှာဘွယ်ဟူသော အမှတ်သညာ ရှိသော အဖြူ, အနီ, စသည်တို့ဖြင့် ရောနှောလျက် များသောအားဖြင့် ညိုသော အဆင်းရှိသည်ဖြစ်၍ ရွံရှာဘွယ်ဟု အမှတ်သညာ ရှိသော အလယ်၌ နှစ်ပိုင်းပြတ်သည်ဖြစ်၍ စက်ဆုပ် ရွံရှာဘွယ်ဟု အမှတ်သညာ ရှိသော သေသည်မှ အထက် ဖြစ်သော နောက်ကာလ၌ လေဖြင့်ပြည့်သော သားရေအိတ် ကဲ့သို့ ဖူးဖူးရောင်သည် ဖြစ်၍ စက်ဆုပ်ဘွယ်ဟု အမှတ် ရှိသော **သ**မာဓိနိမိတ်ကို(ဝါ)သမာဓိ၏ အကြောင်းအာရုံကို (ဝါ) **သ**မာဓိလျင်မြန်စွာရနိုင်ကြောင်း အသုဘဆယ်ပါးအာရုံကို **အ**မြဲမပြတ် အစဉ်စောင့်ရှောက်၏။ ဤအားထုတ် နေခြင်း ဝီရိယကို အသုဘသမာဓိမပျက်အောင် အစဉ်စောင့်ရှောက် ကြောင်း ဝီရိယဟု ခေါ်ဆိုအပ်၏။ ဤဆိုအပ်ခဲ့ပြီး သည့် ကား အာတာပီလုံ့လ ဝီရိယလေးမျိုးဟု မှတ်သားရမည်။

အကျဉ်း မှတ်သားရန်မှာ

သံဝရောစ ပဟာနဉ္စ၊ ဘာဝနာ အနုရက္ခဏာ။
ဧတေပဓာနာ စတ္တာရော၊ ဒေသိတာ ဒိစ္စဗန္ဓုနာ။
ယေဟိ ဘိက္ခုဣဓာတာပီ၊ ခယံ ဒုက္ခဿ ပါပုဏေ။

သံဝရောစ၊ ဣန္ဒြေခြောက်ပါးကိုစောင့်ရှောက်ကြောင်း ဖြစ်သော သမ္မပ္ပဓာန်အာတာပီ လုံ့လဝီရိယဂုဏ်း။ ပဟာနဉ္စ၊ ဝိတက်သုံးပါးကို ပယ်ကြောင်းဖြစ်သော သမ္မပ္ပဓာန် အာတပီ လုံ့လ ဝီရိယဂုဏ်း။ ဘာဝနာစ၊ ဗောဇ္ဈင် မဂ္ဂင် ဘာဝနာတို့ကို အားထုတ်ကြောင်း ဖြစ်သော သမ္မပ္ပဓာန်

အာတာပီ လို့လဝိရိယငင်း။ အနုရက္ခဏာစ၊ အသုဘ သမာဓိနိမိတ် အာရုံကို တည်မြဲအောင်စောင့်ရှောက်ခြင်းကို အားထုတ်ကြောင်းဖြစ်သော သမ္ပဓာန် အာတာပီလို့လ ဝိရိယငင်း။ ဇာတိ၊ ဤသို့။ ယေဟိ၊ အကြင် လေးပါးကုန်သော သမ္ပဓာန် အာတာပီ ဇွဲလို့လ ဝိရိယတို့ဖြင့်။ ဇာဓ၊ ဤသိက္ခာသုံးပါး ထားတော်မူရာ သာသနာ၌။ အာတာပီ၊ ကိလေသာရန်သူကို ပူပန်စေတတ်သော ဇွဲလို့လ ရှိသော။ ဘိက္ခု၊ သံသရာကြီးကို ဘေးဟုရှုတတ်သော ယောဂီသည်။ (ဝါ)၊ အာရုံမျိုးစုံကို မီးပုံကြီးအလား ကြောက်စရာ မှတ်သားနေသော သဟောတ္တပ္ပ သံဝေဂဉာဏ်နှင့် ပြည့်စုံသော ယောဂီသည်။ ဒက္ခသ၊ ဘဝဆင်းရဲ ခပ်သိမ်း၏။ (ဝါ)၊ ဆင်းရဲမျိုးစုံ၏။ ခယံ၊ ကုန်ရာ ချုပ်ရာနိဗ္ဗာန်သို့။ ပါပုဏေ၊ ကောင်းစွာမသွေ ရောက်နိုင်ပေရာ၏။ စတ္တာရော၊ လေးမျိုးလေးစား လေးပါးကုန်သော။ တေပဓာနာ၊ ထိုလို့လ ဝိရိယတို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်းအဆွေ ဖြစ်တော်မူသော ရှင်တော်ဘုရားသည်။ ဒေသိတာ၊ ဟောကြားတော်မူအပ်ကုန်၏။

**အာတာပီ လို့လဝိရိယ လေးမျိုး၏အကျဉ်းချုပ်မှာ**

၁။ သတိပဋ္ဌာန်တရား ပွားများသောအခါ၌ ပယ်ရမည့် တရားများကို ပယ်ပြီး၍ ပြည့်စုံရမည့် တရားများကို ပြည့်စုံစေပြီးလျှင် ပွားများရမည်ဗောဇ္ဈင် မဂ္ဂင်တရားတို့ကို ပွားများပါက သတိပဋ္ဌာန်ကိစ္စ မဂ်ဖိုလ်ကိစ္စ ပေါက်ရောက်အောင် မြင်နိုင်ကြောင်းကို ဆင်ထိန်းသား ပေသနှင့် ကန္ဒရက ပရိဗိုဇ်တို့ကို ဟောကြားတော်မူခြင်းဖြစ်ပေတယ်။

ဤသို့အားဖြင့် သတိပဋ္ဌာန်နှင့် ပတ်သက်သော တရားစကားကို ကြားနာရသောအခါ နှစ်သက် ဝမ်းမြောက်လှသော ဆင်ထိန်း၏သား ပေဿသည် အရှင်ဘုရား အံ့ဘွယ်ရှိပေစွ မဖြစ်စဘူး အဖြစ်ထူးပေစွ၊ လူတို့၏သန္တာန်၌ ဖြစ်သော ကိလေသာ အစွဲအလမ်း လူတို့၏ သန္တာန်၌ ဖြစ်သော ကိလေသာအရှုပ်အထွေး လူတို့၏ သန္တာန်၌ ဖြစ်သော စဉ်းလဲခြင်းသည်ရှိနေသည်ဖြစ်ပါလျက် သတ္တဝါတို့၏ အကျိုးစီးပွား ရှိမရှိကို သိတော်မူနိုင်ပါပေ၏။

အရှင်ဘုရား လူတို့သည် ရှုပ်ထွေလှပါ၏၊ တိရစ္ဆာန်တို့သည် ပေါ်လွင်လှပါ၏၊ တပည့်တော်သည် ဆင်ရိုင်းကို သင်ကြားဆုံးမနိုင်သူဖြစ်ပါ၏၊ဆင်ရိုင်းသည်ကောက်ကျစ်မှုမျိုးစုံကို ထင်ရှားစွာပြသပါ၏၊အရှင်ဘုရားလူတို့သည်ကား ဤသို့မဟုတ်ပါ ကိုယ်ဖြင့်တမျိုးတဖုံပြု၏၊ နှုတ်ဖြင့် တမျိုးတဖုံပြော၏။ စိတ်ထားကား တမျိုးဖြစ်ပါသည်၊ ဤသို့စသောအားဖြင့် လူတို့သည် ရှုပ်ထွေလှပါ၏၊ စိတ်နေစိတ်ထား ဖြောင့်မတ်မှု မရှိကြပါကုန်၊ တိရစ္ဆာန်တို့သည် ပေါ်လွင်လှပါ၏ဟု လျှောက်ထားပေသည်။

## ဘုရားရှင်၏ ပုဂ္ဂိုလ်လေးမျိုးတရားတော်

ပေဿ သင်လျှောက်ထားသည့်အတိုင်းမှန်၏၊ ဤလောကကြီး၌ ပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏။ အချို့သော ပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်၏၊ မိမိကိုယ်ကို ပူပန်ဆင်းရဲအောင် ပြုကျင့်အားထုတ်၏၊ အချို့သောပုဂ္ဂိုလ်သည် သူတပါးကို ပူပန်ဆင်းရဲ

စေတတ်၏၊ သူတပါး ပူပန်ဆင်းရဲအောင် အဖန်တလဲလဲ ပြုကျင့်အားထုတ်၏၊ အချို့သော ပုဂ္ဂိုလ်သည် မိမိသူတပါး နှစ်ဦးသားလုံးကို ပူပန် ဆင်းရဲစေတတ်၏၊ ပူပန်ဆင်းရဲ အောင် အဖန်တလဲလဲ ပြုကျင့်အားထုတ်၏၊ အချို့သော သူသည် မိမိသူတပါးကို မပူပန် မဆင်းရဲစေတတ် ပူပန် ဆင်းရဲအောင် မပြုကျင့် အားမထုတ်ပေကုန်၊ မိမိသူတပါး နှစ်ဦးသားကို မပူပန် မဆင်းရဲစေသော သူသည် မျက် မှောက်သော ကိုယ်၏ အဖြစ်၌ သာလျှင် ကိလေသာ ဆာလောင် မွတ်သိပ်ခြင်းကင်း၍ ငြိမ်းချမ်း အေးမြစွာ ချမ်းသာသုခ ခံစားရပြီးလျှင် စိတ်အေး ကိုအေး နေထိုင်ရ ပေ၏ဟု ဟောကြားတော်မူ၏။

မြတ်စွာဘုရား တပည့်တော်အား သွားခွင့်ပြုပါဘုရား၊ ဘုရားတပည့်တော်သည် ပြုဘွယ်ကိစ္စ များလှ ပါ၏ဟု လျှောက်၏။ ဆင်ထိန်း၏သား ပေဿသည် ဘုရား၏ ဟောကြားအပ်သော တရားစကားကို ဝမ်းမြောက်လှ ပေသည်ဖြစ်၍ နေရာမှထကာ ဘုရားရှင်အား ရှိခိုး အရိ အသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

ဘုရားရှင်သည် ဆင်ထိန်းသား ပေဿ ဖဲခွါသွား၍ မကြာမြင့်မီပင်လျှင် ရဟန်းတို့ကို မိန့်တော်မူသည်မှာ–

ရဟန်းတို့ ဆင်ထိန်း၏သား ပေဿသည် သတိပဋ္ဌာန် တရား၌ ပညာရှိ၏ ဆင်ထိန်းသား ပေဿသည် အကယ်၍ အထက်ပါ ပုဂ္ဂိုလ်လေးယောက်တို့ကို အကျယ်ဝေဖန်၍ ငါဘုရား ဟောပြီးသည့် တိုင်အောင် တခဏမျှ စောင့်

ဆိုင်းကာ ဆက်လက်၍ တရားနာနိုင်ပါလျှင် ဤတထိုင် အချိန်အတွင်း၌ သောတာပန် အရိယာပုဂ္ဂိုလ်ဖြစ်နိုင်ရာ၏၊ ဆင်ထိန်း၏သား ပေဿသည် ပြီးဆုံးသည့် တိုင်အောင် တရားမနာယူသည့်အတွက် ထိုက်သင့်သော အကျိုးသာရှိ၍ လောကုတ္တရာ အကျိုးမှ ဆုတ်ယုတ်ပေ၏။

ဤနေရာ၌ တရားကိုသည်းခံပြီးလျှင် အချိန်ပြည့်အောင် အသိဉာဏ် ဖြစ်ပေါ်အောင် မနာယူ၍ အကျိုးမှ ဆုတ်ယုတ် သလို ယခုကာလ နေယျယောဂီ ပုဂ္ဂိုလ်တို့၌လည်း တလ အားထုတ်ရမည့် ယောဂီဖြစ်ပါက တလ အားထုတ်နိုင် လျှင်သာ အသိဉာဏ် ဖြစ်ပေါ်နိုင်ပေသည်၊ တလအောက် တရက် နှစ်ရက် ယုတ်နေမည် ဆိုပါလျှင် အသိဉာဏ် မရနိုင် ခပကုန်။

အချို့သော ယောဂီမှာ တနှစ်သို့မဟုတ်နှစ်နှစ်သို့မဟုတ် သုံးနှစ်စသည် အားထုတ် နိုင်လျှင်သာ အသိဉာဏ်ထူး ရရှိနိုင်ပေရာ၏၊ အသိဉာဏ်မရင့်သေးသမျှ ဆိုင်းငံ့၍ အစစ အရာရာသည်းခံမှုရှိပြီးလျှင် ဘာဝနာဉာဏ် ရင့်သန်အောင် ကြိုးစားအားထုတ်နိုင်သူဖြစ်ရပေမယ်၊ ပါဠိတော်အရပ်ရပ် ၌လည်း အတိတ်အကြောင်းကံနှင့် ပစ္စုပ္ပန်ဇွဲလုံ့လအပေါ် မူတည်ပြီးလျှင် ကလျာဏမိတ္တကို မှီတွယ်၍ အချို့ပုဂ္ဂိုလ်၌ တညဉ့်သို့မဟုတ်တနေ့သို့မဟုတ် နေ့ရောညဉ့်ပါ တရက် လောက် အချိန်ပြည့် အားထုတ်ပါလျှင် မဂ်ဉာဏ်ဝင်နိုင် ကြောင်းကို မဇ္ဈိမနိကာယ် ဗောဓိရာဇ ကုမာရသုတ်များ၌ နေယျပုဂ္ဂိုလ်များအတွက် နေယျဒေသနာအဖြစ်ဖြင့် ပဓာန် ယင်္ဂအင်္ဂါကို ဟောကြားထားတော်မူပေသည်။

သတိပဋ္ဌာန် ပါဠိတော်မှာဆိုလျှင် အများဆုံးခုနစ်နှစ် အနည်းဆုံး ခုနစ်ရက် ကျင့်ကြံကြိုးကုတ် ဘာဝနာအလုပ် စခန်းကို တကယ်တန်း အားထုတ်ပါလျှင် အသိဉာဏ် ပေါက်ရောက်နိုင်ကြောင်းကို အကြောင်းအကျိုး ပြည့်စုံစွာ ရှင်တော်ဘုရား ဟောကြားတော်မူပေ၏။

၂။ ဤသို့အားဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် တရားမြတ်တို့ကို ဆရာတပည့် နှစ်ဦး နှစ်ဝတို့၌ ပြုဘွယ်ကိစ္စ ပြည့်စုံလျှင် ဤဘဝ၌ မဂ်ဝင်နိုင်၍ ပြုဘွယ်ကိစ္စမလုံလောက်က ကောင်းကျိုးမှ ဆုတ်ယုတ်နိုင်ကြောင်း ပြဆိုရာစကားရပ် ပြီးဆုံးလေပြီ။

၃။ တပည့်ယောဂီက ဆရာ၏ဆုံးမစကားကို တသွေမတိမ်း လိုက်နာ နိုင်သော သောဝစ္စဿတာ ဂုဏ်နှင့် ပြည့်စုံသူ ယောဂီ ဖြစ်ရမည်ဆိုသော စကားရပ်၌ စာပေ ကျမ်းဂန် တတ်ကျွမ်း နားလည်သော ပေါဋ္ဌိလ ရဟန်းကြီးသည် ခုနစ်နှစ်အရွယ် သာမဏေငယ်၏ ပြောကြား စကားကို လိုက်နာနိုင်သကဲ့သို့ရင်း သီဟိုဠ်ကျွန်း၌ ယောဂီ ရဟန်း သုံးပါးတို့ ကဲ့သို့ရင်း ပြောဆို ဆုံးမစကားကို တသွေမတိမ်း လိုက်နာနိုင်သူဖြစ်ရမည်။

ထင်ရှားစေပါဦးအံ့-သီဟိုဠ်ကျွန်း၌ ကမ္မဋ္ဌာန်း တရား အားထုတ်လိုသော ရဟန်းတော် သုံးပါးတို့သည် ကမ္မဋ္ဌာန်းပြဆရာ မထေရ်ကြီး၏ အထံသို့ ကမ္မဋ္ဌာန်းတရားပေး သနားရန် လျှောက်ထား တောင်းပန်သောအခါ မထေရ်ကြီးကပြောကြားသည်မှာ ရဟန်းတော်များသည် ငါတို့၏

ပြောကြားဆုံးမစကားနှင့် ပြုလုပ် ခိုင်းစေသမျှကို လိုက်နာနိုင်ပါမည်လား–ဟု မေးမြန်းသော အခါ သောဝစ္စသာတာဂုဏ် ပြည့်စုံလုံလောက်နေသော ရဟန်းတော် များတွင် တပါးသော ရဟန်းတော်က အရှင်ဘုရား အပြုခိုင်းသမျှ လိုက်နာနိုင်ပါကြောင်း။ အလွန်တရာ နက်လှ စွာသော ချောက်ကြီးထဲသို့ ခုန်ချခိုင်းပါက ခုန်ချ နိုင်ပါ ကြောင်း။ တပါးသော ရဟန်းတော်ကတော့ အရှင်ဘုရား၏ အကျိုးရှိသော ပြုလုပ်ဘွယ်ဆိုက ထွက်လေဝင်လေချုပ်၍ သေစရာအကြောင်းရှိက ယခုပင်သေနိုင်ပါကြောင်း။ တပါးသော ရဟန်းက အရှင်ဘုရားခိုင်းစေသော ကိစ္စဖြစ်က ခြေဖဝါးပြင်ကစ၍ ဥက္ကောင်းတိုင်အောင် ကျောက်ပြင် ပေါ်၌ မိမိကိုယ်ခန္ဓာကို သွေးပစ်နိုင်ပါကြောင်း။

ဤသို့အားဖြင့် အသီးသီး လျှောက်ထားကြ ကုန်သော ယောဂီရဟန်းတို့လို ဆရာပြောကြား ဆုံးမစကားနှင့် ပြုလုပ်ဘွယ်ကိစ္စများကို တသွေမတိမ်းလိုက်နာဆောင်ရွက် ပြုစွမ်းနိုင်သော ယောဂီမျိုး ဖြစ်ရမည်။ ဤသို့အားဖြင့် တပည့်ယောဂီ၏ သောဝစ္စသာတာဂုဏ် ပြည့်စုံရန် အချက် ပြဆိုခြင်းပြီး၏။

၄။ မဂ်ဉာဏ် ရနိုင်အောင် အပြစ်အန္တရာယ် ကင်းရှင်းရမည့်ဆိုရာ၌ ဝိပဿနာဉာဏ် မဂ်ဉာဏ် အကြောင်း မလုံလောက်သူနှင့် လုံလောက်သော်လည်းလိုဇနေသူ အကြောင်းချိတ်ပဲ ပျက်စီးနေသူဟု ပုဂ္ဂိုလ်သုံးမျိုးပင် ရှိပေ ကုန်သည်။ အကြောင်း မလုံလောက်သော ပုဂ္ဂိုလ်ဆိုသည်မှာ ဒွိဟိတ်အန္ဓပုထုဇဉ်နှင့် ဒွိဟိတ်ကလျာဏပုထုဇဉ်နှစ်မျိုးကို ဆိုလို၏။

သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် ရည်မှန်း၍ အနည်းဆုံးလေးပါဒရှိသော စာပေသင်ကြားမှုလည်းမရှိ၊ ကျင့်ကြံ အားထုတ်မှုလည်း မရှိသော ပုဂ္ဂိုလ်ကို ဒွိဟိတ် တိဟိတ်အန္ဓပုထုဇဉ် အသုတဝါ ပုထုဇဉ်ဟု ခေါ်၏။

သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် ရည်မှန်း၍ သင်ကြားမှုရှိပြီးလျှင် အနည်းဆုံး သရဏဂုံခံယူခြင်း ကျင့်ကြံမှုမှစ၍ သမထဝိပဿနာ ကြိုးစားမှု တိုင်အောင် ပဋိပတ္တိ အလုပ်ကိစ္စ ထင်ရှားရှိနေသော်လည်း ဤဘဝမဂ်ဉာဏ် မရ ထိုက်သော ပုဂ္ဂိုလ်မျိုးသည် ဒွိဟိတ်ကလျာဏပုထုဇဉ်ပုဂ္ဂိုလ် မျိုးမည်၏။

မဂ်ဉာဏ်ရထိုက်သောပုဂ္ဂိုလ်ဆိုပါက တိဟိတ်ကလျာဏ ပုထုဇဉ် သုတဝါကလျာဏ ပုထုဇဉ်ဖြစ်၍ အကြောင်းမပြည့် စုံသေး၍ အကြောင်းမလုံလောက်မှု အကြောင်း လိုနေမှု ကြောင့်သာ မဂ်ဉာဏ်မရသေးသည်။ ပဋိသန္ဓေအကြောင်း ကတော့ မဂ်ရထိုက်သောအကြောင်းရှိ၏။

## မဂ်ဉာဏ်မရနိုင်သော အကြောင်းများ

ဤဘဝ၌ အကြောင်း ပျက်စီး၍ မဂ်မထိုက်သောသူ ဆိုသည်မှာ....

၁။ အမိသတ်ဘူးသောကံ။

၂။ အဘသတ်ဘူးသောကံ။

၃။ ရဟန္တာသတ်ဘူးသောကံ။

၄။ ဘုရား သွေးထွက်သံယိုဖြစ်အောင် ပြုဘူးသောကံ။

၅။ ညီညွတ်နေသောသံဃာကိုပြိုကွဲအောင်ပြုသောကံ။

၆။ အရိယာအား ကဲ့ရဲ့စွပ်စွဲသောကံ။
၇။ ဝိနည်းပညတ်ကို ကျူးလွန်သောကံ။
၈။ အဟိတ် ဒွိဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေသူ။
၉။ နိယတ မိစ္ဆာဒိဋ္ဌိ အယူရှိသူ။

ဤ ပြဆိုခဲ့ပြီးသော ပုဂ္ဂိုလ်များသည် ချို့ယွင်းသော အကြောင်းတရားရှိနေသော အချိန်ကာလ များ၌ မဂ်ဉာဏ် မရနိုင်ပါ သေးကုန်။ အချို့ အကြောင်းအရာ များသည် လွယ်ကူစွာပင် ပြုပြင်လို့ရနိုင်ပေကြောင်း၊ အချို့အကြောင်း အရာများသည် ဤဘဝ၌ပြုပြင်လို့မရနိုင်ပေကုန်။ ဤပုဂ္ဂိုလ် အပေါင်းတို့တွင် အဟိတ် ဒွိဟိတ် စိတ်ဖြင့် ပဋိသန္ဓေနေ သူကို ပညာမျက်စိကန်းသော အန္ဓပုထုဇဉ် ပုဂ္ဂိုလ်ဟု ခေါ် ဆိုရပေတယ်။ ဤအန္ဓပုဂ္ဂိုလ်မျိုးသည် ဤဘဝ၌ မဂ်ဉာဏ်ကို မရနိုင်။

ချဲ့၍ပြပါဦးအံ့၊ မဂ်ဉာဏ်မရနိုင်ခြင်းသည် ယောဂီပုဂ္ဂိုလ် များ၏ စိတ်၌ရှိသော အသိပညာတရား၏ တိုးပွား တောက် ပြောင်လာအောင် မပြုစွမ်းနိုင်ဘဲ တိမ်သလ္လာ မှုံအညစ် အကြေးပမာ ကပ်ငြိနေသော မောဟအတိဗ္ဗာဓာတ်ဆိုး၏ လွှမ်းမိုး ကာကွယ်မှုကြောင့် ပစ္စုပ္ပန် ကောင်းကျိုးဆိုးပြစ် သံသရာ ကောင်းကျိုးဆိုပြစ် နိဗ္ဗာန်မဂ်ဖိုလ် ကောင်းကျိုး များကို ခွဲခြားဝေဘန် သိရှိနားလည်မှု မရှိတော့ဘဲ အမြဲ တန်းမိုက်မဲနေသူများကို အန္ဓပုထုဇဉ် ပုဂ္ဂိုလ်ဟု ခေါ်ဆိုရ ပေတယ်၊ အန္ဓပုဂ္ဂိုလ်ဆိုတာ အမြင်ဓာတ် အားလုံး မရှိ၊ အမြင်ဓာတ် ဆိတ်သုဉ်းနေသူကို ခေါ်ရ၍ အန္ဓေတိ ဒိဋ္ဌိ ဝိနာသေတီတိ အန္ဓော-ဟု ဝိဂြိုဟ်ဆိုရ ပေတယ်။ ယော

ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အန္ဓေတိ-ဒိဋ္ဌိ°ဝိနာသေတိ၊ မျက်စိအမြင် ဉာဏ်အမြင်ကို ဖျက်စီးတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောပုဂ္ဂလော၊ ထို ပုဂ္ဂိုလ်သည်။ အန္ဓော၊ အန္ဓပုဂ္ဂိုလ်မည်၏။

အဓိပ္ပါယ်မှာ အန္ဓပုဂ္ဂိုလ်ဆိုတာ အသားမျက်စိကန်းသူ ဉာဏ်မျက်စိ ကန်းသူ နှစ်မျိုးကိုပင် ဟောနိုင် ပေသည်၊ အသား မျက်စိ ကန်းသူသည် တဘဝ တသက်တာမျှ လောကီသာ ဆင်းရဲဒုက္ခရှိ၍ ဉာဏ်ပညာမျက်စိ ကန်းသူမှာ ပစ္စုပ္ပန်သံသရာနှစ်မျိုးစုံပင် ဆင်းရဲအဖုံဖုံကို တွေ့ကြုံ နေရပေတယ်၊ လောကမှာလည်း ဒီလူဟာ လူအန္ဓကြီးပါကွာဟု ပြောဆိုပေ၏၊ ဉာဏ်မျက်စိ ကန်းသူကို ရည်ရွယ်၍ ပြောကြားသော စကားချီး ဖြစ်ပေသည်၊ ကန်းသောပုဂ္ဂိုလ် ဆိုသည်မှာ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိတို့နှင့် သက်ဆိုင်ရာလုပ်ငန်း၌ အသိပညာမရှိသဖြင့် မရသေးသော စည်းစိမ်ကိုလည်း ရရှိလာအောင် မရှာနိုင်ကုန်၊ မိမိလက် ဝယ်ရရှိ ထားပြီးသော စည်းစိမ် ဥစ္စာကိုလည်း တိုးပွား အောင် မပြုစွမ်းနိုင်၊ လောက ပြုဘွယ်ကိစ္စ ၌သာ ပညာ မျက်စိကန်းသည်မဟုတ်၊ နောင်သံသရာရေးအတွက် ဉာဏ် ပညာမျက်စိကန်း၍ ကုသိုလ် အကုသိုလ် ကောင်းမကောင်း အပြစ်ရှိမရှိ အယုတ်အမြတ်တို့ကို မသိ နားမလည်မှုကြောင့် လည်း ပစ္စုပ္ပန် သံသရာ နှစ်မျိုးစုံ၌ ကန်းသော အန္ဓပုထုဇဉ် ပုဂ္ဂိုလ်မည်၏။

၂။ တဘက်မြင်၍ တဘက်သာ ကန်းသော ပုဂ္ဂိုလ် ဆိုသည်မှာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပညာ

မျက်စိဖြင့် မရသေးသော စည်းစိမ်ကို ရအောင် ရှာနိုင်၏၊ ရပြီးသောစည်းစိမ်ဥစ္စာကို တိုးပွားအောင် ပြုလုပ်နိုင်တယ်၊ နောင်သံသရာရေး အတွက် ဘာသာရေး ဆိုင်ရာ ပညာ မျက်စိအားနည်းမှုကြောင့် ကုသိုလ် အကုသိုလ် အကြောင်း ကံများနှင့် ကောင်းကျိုးဆိုးပြစ် အယုတ် အမြတ် အကျိုး တရားတို့ကိုခွဲခြားကာ မသိနိုင်သည့်အတွက် တဘက်အမြင် ရှိသော ပုဂ္ဂိုလ်ဟု ခေါ်ရပေတယ်။

၃။ နှစ်ဘက်အမြင်ရှိသော ပုဂ္ဂိုလ်ဆိုသည်မှာ-ပစ္စုပ္ပန် အကျိုးရှိမရှိကိုလည်း ခွဲခြမ်းဝေဖန်သိပေတယ်၊ သံသရာ အကျိုးရှိ မရှိကိုလည်း ခွဲခြမ်း ဝေဖန်သိနိုင် ပေတယ်၊ ထို့ကြောင့် အသိပညာဖြင့် မရသေးသော စည်းစိမ်ဥစ္စာ ကိုလည်းရအောင်ရှာနိုင်တယ်၊ ရပြီးသောစည်းစိမ်ကိုလည်း တည်မြဲအောင် တိုးတက်အောင် ကြိုးစား အားထုတ် နိုင်တယ်၊ အသိပညာဖြင့် ကုသိုလ် အကုသိုလ်ကိုသိတယ်၊ ကုသိုလ် အကုသိုလ်၏ ကောင်းမကောင်း အကျိုးတရားကို သိရှိထား၍ ရှောင်သင့်စရာရှိကရှောင်နိုင်တယ်၊ ပြုလုပ်စရာ ရှိက ပြုလုပ်တတ်တယ်၊ အကျိုး အပြစ်ကို မှန်ကန်စွာ နားလည်တယ်။

ဤသို့ပညာမျက်စိရှိ၍ **အ**ကျိုးနှစ်ဝကို သိရှိနားလည် မှုကြောင့် နှစ်ဘက်အမြင်ရှိသော ပညာရှိပုဂ္ဂိုလ်ဟု ခေါ်ဆို ရပေတယ်၊ ခေါ်ဆိုထိုက်ပေတယ်၊ ထို့ကြောင့်-

ဒိဋ္ဌေဓမ္မေစ ယောအတ္ထော၊
ယောစတ္ထော သမ္ပရာယိကော။

အတ္ထဒ္ဒသော သမယာ မိရော၊
ပဏ္ဍိတောတိ ပဝုစ္စတိ။
ဟုဘုရားရှင်ဟောတော်မူခြင်းဖြစ်ပေသည်။

ဒိဋ္ဌေဓမ္မေ၊ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌။ ယောအတ္ထောစ၊ အကြင်အကျိုး စီးပွားသည်လည်း။ အတ္ထိ၊ ရှိ၏။ သမ္ပရာယိကော၊ တမလွန်ဘဝ၌ ဖြစ်သော၊ ယောအတ္ထောစ၊ အကြင်အကျိုးစီးပွားသည်လည်း။ အတ္ထိ၊ ရှိ၏။ အတ္ထာဘိသမယာ၊ အကျိုးစီးပွား နှစ်ပါးကို ကွဲကွဲပြားပြား သိရှိနားလည်ခြင်းကြောင့်။ မိရော၊ ပညာရှိကို။ ပဏ္ဍိတောတိ၊ ပညာရှိ ပဏ္ဍိတပုဂ္ဂိုလ်ဟူ၍။ ပဝုစ္စတိ၊ ခေါ်ဝေါ်သမုတ်အပ်၏။

ပညာမျက်စိကန်းသော သူများဆိုလျှင် စည်းစိမ်ဥစ္စာတို့သည်လည်း မျက်မှောက်ဘဝ၌ပင်မတိုးပွားကုန်၊ ကောင်းမှုကုသိုလ်ကိုလည်း မပြုလုပ်ကုန်၍ ပစ္စုပ္ပန် တမလွန် နှစ်တန်ဘဝကို ဆုံးရှုံးသူဟု ဆိုရပေတယ်၊ တဘက်အမြင်ဉာဏ်ရှိသော ပုဂ္ဂိုလ်မျိုးဆိုဒါ တရားနည်းလမ်း မှန်ကန်သည်ဖြစ်စေ မမှန်ကန်သည်ဖြစ်စေ အပြစ်ရှိသည်ဖြစ်စေ အပြစ်မရှိသည်ဖြစ်စေ ပစ္စုပ္ပန်ဥစ္စာရလျှင် ပြီးစတန်းသဘောဖြင့် ခိုးမှုတိုက်မှုဖြင့်ရင်း ကောက်ကျစ်စဉ်းလဲမှုဖြင့်ရင်း၊ မဟုတ်မမှန်လိမ်လည် ပြောဆိုမှုဖြင့်ရင်း ဤသို့စသော မကောင်းမှုမျိုးစုံတို့ဖြင့် စည်းစိမ်ဥစ္စာတို့ကို ရအောင်ရှာမှီးနိုင်ပြီးလျှင် ငါးဝသော ကာမဂုဏ်အပြည့်အဝ ခံစားစံစားရုံသာရှိ၍ နောင်ရေးအတွက် မှီခိုအားထားရာ ကောင်းမှုကုသိုလ် မပါ၍ သေပြီးသောနောက်ကာလ၌ လူညံ့တို့၏ ကျက်စား

သွားလာရာဖြစ်တဲ့ အပါယ်တံခါး ခြေကုန်ပစ်ခါ သွား ရောက်ရပေတော့၏။

နှစ်ဘက်အမြင်ရှိသော ပုဂ္ဂိုလ်ကတော့ ဥစ္စာပစ္စည်းကို တရားသော နည်းလမ်းဖြင့် ရှာကြံပြီးလျှင် ထကြွလုံ့လ ဝီရိယဖြင့် တိုးပွားစေ၍ ပြုအပ်သော ကုသိုလ်ကောင်းမှု အစုစုကြောင့် စိုးရိမ်ပူပန်မှုကင်းရာ နတ်ပြည်သို့ ရောက်ရှိ ခံစားရပေတယ်၊ ကန်းသောသူ တဘက်အမြင် ရှိသူတို့ကို ဝေးစွာရှောင်ကြဉ်၍ နှစ်ဘက်အမြင်ရှိသော ပုဂ္ဂိုလ်များ ကိုသာ မှီဝဲပေါင်းသင်းရာ၏ဟု ရှင်တော်ဘုရား ဟော ကြားတော်မူပေသည်။

လောကအပေါင်းအသင်းမှာလည်း နှစ်ဘက်မြင်ပုဂ္ဂိုလ် မျိုးကို ရွေးချယ်ပေါင်းသင်းရ၏။ ကမ္ဘဋ္ဌာန်းဆရာ ရွေးတဲ့ အခါမှာလည်း နှစ်ဘက်အမြင်ရှိတဲ့ဆရာမျိုးကို ရွေးချယ် မှီခိုအားထားရာ၏၊ တဘက်အမြင်ရှိသော ဆရာမျိုးဖြစ် နေက တနေ့တချိန်မှာ စိတ်ဆင်းရဲမှု အကြိမ်ကြိမ်တွေ့ကြုံ တတ်ပေသည်၊ တရားအားထုတ်သော ပုဂ္ဂိုလ်သည် အချိန် အရွယ်ကောင်းဖြစ်ရမည် ဆိုရာ၌ သိသာထင်ရှားစေပေအံ့၊ ပထမအရွယ်မှာ ပစ္စည်းဥစ္စာ ပြည့်စုံအောင် ရှာကြံ၍ သို့မဟုတ် အခြေခံပညာ ပြည့်စုံအောင် ရှာမှီးစုဆောင်း ပြီးလျှင် ဒုတိယအရွယ်မှာ သတိပညာ ရှေ့သွားကာဖြင့် နောင်သံသရာရေး နိဗ္ဗာန် မဂ် ဖိုလ် အရေးအတွက် သီလ သမာဓိ ပညာတို့ကို ဆည်းပူးအားထုတ်ရ၏။

တတိယအရွယ်မှာဆိုလျှင် အိုမင်းရင့်ရော်နေ၍ သမာဓိ အားကောင်းအောင် မထူနိုင်ပေကုန်၊ ကုသိုလ်ဖြစ်ရုံမျှသာ

ကြိုးစားနိုင်တော့၏၊ တရားအားထုတ်တယ်ဆိုဒါ ကျန်းမာခြင်းရှိ၍ အရွယ်ကောင်းသူ ဥစ္စာ အထိုက်အလိုက် ရှိသူများသာ တရားအားထုတ်နိုင်ပေသည်၊ မဟာဓနသူဌေးသားကို ပုံစံထား၍ ကြည့်ရှုရပေမည်၊ ထို့ကြောင့် ဓမ္မပဒ အဋ္ဌကထာ၌-

တိဏ္ဏံ အညတရံ ယာမံ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

ဟု-အဋ္ဌကထာဆရာ ဖွင့်ပြပေတယ်။

ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်။ တိဏ္ဏံ၊ အရွယ်သုံးပါးတို့တွင်။ အညတရံ၊ တပါးပါးသော။ ယာမံ၊ အရွယ်၌။ ပဋိဇဂ္ဂေယျ၊ သုတ်သင်ရာ၏။

အဓိပ္ပါယ်မှာ- အရွယ်သုံးပါးတို့တွင် တပါးပါးသော အရွယ်၌ သံဝေဂဉာဏ်ဖြစ်ပေါ်ပြီးလျှင် သမထ ဝိပဿနာ တရားများကို ကြိုးစား အားထုတ်ရမည်ဟု ဟောကြားတော်မူခြင်းဖြစ်သည်။ ကျန်းမာရေး ချို့တဲ့နေမည်ဆိုလျှင် ပစ္စည်းဥစ္စာ အလွန်ရှားပါးဆင်းရဲနေမည်ဆိုလျှင် အဘယ်မှာလျှင် တရားအားထုတ်နိုင်တော့အံ့နည်း ကျန်းမာရေး အတွက် ဆေးဝါး ဓာတ်စာ ရှာမှီး စားသောက်မှုဖြင့် အချိန်ကုန်လွန်ရ ပေတော့တယ်၊ ပစ္စည်းဥစ္စာ မပြည့်စုံပြန်လျှင်လည်း အူမတောင့်မှ သီလစောင့်နိုင်ဆိုသလို အူမတောင့်ရန်အတွက် ပစ္စည်းရှာကြံနေထိုင်မှုဖြင့်သာ အချိန်ကုန်လွန်ရ၍ အဘိုးတန်သော သမထ ဝိပဿနာ တရားများကို အဘိုးတန်မှန်းသိသော်လည်း ကြိုးစားအားထုတ်မှု မပြုလုပ်နိုင်ပေကုန်။

ကုသိုလ်ရှားမှီးရမှန်း တရားအားထုတ်ရမှန်းကို အသိ ညဏ်ပါးရှားမှုကြောင့် လုံးဝမသိတတ်တဲ့ အန္ဓပုဂ္ဂိုလ်နှင့် အလားတူဖြစ်၍ နေပေကုန်တော့၏၊ စားဝတ်နေရေးကို ကြိုးစားမှုဖြင့်သာ အချိန်ကုန် နေပေသည်။ ထို့ကြောင့် ပစ္စည်းပေါများလွန်းသော ပုဂ္ဂိုလ်တို့၌လည်း ကာမဂုဏ် အာရုံတွေ ဖိစီးလွှမ်းမိုး၍ လောဘ မာန ထူပြောများပြား နေမှုကြောင့် တရားအားမထုတ်ဖြစ်နိုင်ပေကုန်၊ ပစ္စည်းဥစ္စာ အလယ်အလတ်တန်းစားပုဂ္ဂိုလ်မျိုးတို့သည်သာကြောင့်ကြ ကင်းစွာဖြင့် သမထ ဝိပဿနာ တရားများကို အားထုတ် နိုင်ပေကုန်သည်၊ ထို့ကြောင့် ပစ္စည်းဥစ္စာဆိုဒါ ရှိလွန်း လည်းမကောင်း မရှိလွန်းလည်းမကောင်းပေဟု မှတ်သား ရမည်။

အချိန်အခါ ကောင်းနှင့် ပဋိရူပဒေသဝါသ အရပ် ကောင်းပြည့်စုံရန်ဆိုသည်မှာ ဘုရား၏အဆုံးအမ ထင်ရှား ရှိနေတဲ့ ဗုဒ္ဓုပ္ပါဒ နဝမခေတ်ကောင်းနှင့် ကြုံကြိုက်သူ များသာ အဘိုးတန်မှန်းသိ၍ အဘိုးတန်သော သမထ ဝိပဿနာ တရားများကို လိုလိုလားလား အမှန်ပင်ကြိုးစား အားထုတ်နိုင်ပေတယ်။ ဘုရားရှင်၏ အဆုံးအမ ဆိတ်သုဉ်း နေတဲ့ အခါကာလများမှာဆိုလျှင် နိဗ္ဗာန်ကိုရည်မှန်းသော သမထ ဝိပဿနာ တရားကောင်းများကို မဆိုထားနှင့် ဝဋ္ဋနိဿိတ ဒါနသီလများကိုပင် အချိုးကျစွာ ပြုလုပ်တတ် ဘို့ရန် ခဲယဉ်းပေသည်၊ နည်းလမ်းမှန် စနစ်မှန် ညွှန်ပြ နိုင်သော သူတော်ကောင်းပညာရှိပုဂ္ဂိုလ်တွေ ဆိတ်သုဉ်း နေသော အခါဆိုးကြီးဖြစ်ပေတယ်၊ ထို့ကြောင့်–

မာ ဝေါ ခဏံ ဥပစ္စဂါ၊
ခဏာတီတာ ဟိ သောစန္တိ။
သဒ္ဒေဝ ဝါယမေ ယျာထ၊
ခဏော ဝေါ ပဋိပါဒိတော။

ဟု-သတိပေး ဆုံးမစကား ဟောကြားတော်မူ၏။

ဝေါ၊ သင်တို့သည်။ ခဏံ၊ ဗုဒ္ဓုပ္ပါဒ နဝမခေတ်ကောင်းကြီးကို။ မာဥပစ္စဂါ၊ မချွတ်ချော် မတိမ်းပါးကြစေကုန်လင့်။ ခဏာတီတာဟိ၊ ဘုရားပွင့်ရာ ခေတ်အခါကာလကောင်းကြီးကို ကျော်လွန် သွားခြင်းကြောင့် သာလျှင်။ တုမှာကံ၊ ယောဂီသူတော်စင် ပုဂ္ဂိုလ်အပေါင်းတို့အား။ သောစရေ၊ နောင်တဖန်ပူပန်ရာ၏။ သဒ္ဒေဝ၊ မိမိ၏လောကီ လောကုတ္တရာ အကျိုးစီးပွား တို့ကို။ ဝါယမေယျာထ၊ နေ့ညမပြတ် ကြိုးစားအားထုတ်ရ၏။ ခဏော၊ ဘုရားပွင့်ရာ အချိန်အခါကောင်းကြီးသည်။ ဝေါတုမှာကံ၊ သင်တို့၏။ ပဋိပါဒိတော၊ လိုအပ်သမျှ ကိစ္စအဖုံဖုံကို ပြီးမြောက်ပြည့်စုံစေနိုင်၏။

ပညာရှိ သူတော်ကောင်းတို့၏ ဆုံးမစကားကို နာယူမှတ်သားနိုင်တဲ့ အချိန်အခါမျိုးမှာ ငါတို့မှာ ဆင်းရဲဒုက္ခကင်းလွတ်နိုင်တဲ့ နည်းမှန်စနစ်မှန်တွေကိုရနိုင်ပါမလားဟု အလွန် အားကိုးသော စိတ်ထားဖြင့် သာသနာတွင်းမှာသာ ပြုလုပ်နိုင်တဲ့ ဒါန သီလ ဘာဝနာ အလုပ်များကို နေ့မအား ညမအားကြိုးစားအားထုတ်နိုင်ရာ၏၊ ခေတ်ပျက်ကာလပျက် ခေတ်ဆိုး ကာလဆိုးစသော ဆိုးပေါင်းမျိုးစုံ

တွေ့ကြုံနေရတဲ့အခါမျိုး၌ သံသရာရေး နိဗ္ဗာန်မဂ်ဖိုလ်ရေး တွေကို စိတ်အေးအေးဖြင့် မိမိတို့လိုသလို ကြိုးစားနိုင်ကြမည် မဟုတ်ပေကုန်။

ထို့ကြောင့် ခေတ်ကာလ အမျိုးမျိုးရှိပုံကို အထူးမြှော်ခေါ်ပြီးတော့ အဘိုးတန်သော ကုသိုလ်မျိုးမှန် တွေကို အခါကောင်းကြုံကြိုက်တဲ့အခါမှာ တအားသွန်း၍ ကြိုးစား အားထုတ်ကုန်ရာ၏၊ တအားသွန်၍ သံဝေဂရှေ့သွားခါ ထက်သန်သော ဆွဲလုံ့လဖြင့် ကြိုးစား အားထုတ်နိုင်သော အမျိုးကောင်းသား အမျိုးကောင်းသမီး ဖြစ်ကုန်ရာ၏၊ ဖြစ်ကြပါစေသတည်း။

# (၄) မေတ္တာချင်းအခြေခံမိုင်းတာချေးတော်

ဆရာကောင်း ရှာမှီးခန်း

၁၃၃၁-ခု၊ တော်သလင်း လပြည့်နေ့တွင် ဟောကြား တော်မူသည်။

တိက အင်္ဂုတ္တိုရ် ပါဠိတော်ကြီး၌ ရှင်တော်ဘုရားသည် အန္ဓပုဂ္ဂိုလ် ဧကစက္ခု ပုဂ္ဂိုလ် ဒွိစက္ခုပုဂ္ဂိုလ်ဟု သုံးမျိုး သုံးစား ဟောကြားထားရာတွင် ဒွိစက္ခုပုဂ္ဂိုလ် ဆိုသည်မှာ မရသေးသော စည်းစိမ် ဥစ္စာကိုလည်း ရအောင် ရှာနိုင်တယ်။ ရပြီးသောစည်းစိမ်ဥစ္စာကိုလည်း ကြီးပွား တိုးတက်အောင် ပြုလုပ်ဆောင်ရွက်နိုင်၍ ပစ္စုပ္ပန် စီးပွား ချမ်းသာ ဖြစ်ရန်ကို ဆောင်ရွက်နိုင်သူဟု ခေါ်ဆိုရမည်။ ပစ္စုပ္ပန် စီးပွားချမ်းသာ၏ပြည့်စုံမှုကို မူတည်၍ နောင်သံသရာ ချမ်းသာသုခနှင့် သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက် နိုင်မှုကို ရည်ရွယ်၍ ကုသိုလ်အမျိုးမျိုးကို ဖြည့်ဆည်း ကြိုးစားနိုင်သူသည် သံသရာစီးပွားဥစ္စာကိုလည်းရှာမှီးသူ ဖြစ်ပေတယ်၊ သို့ဖြစ်၍ အကြောင်း နှစ်ဝ ပြည့်စုံသော ပုဂ္ဂိုလ် မျိုးကို ဒွိစက္ခုက ပုဂ္ဂိုလ်မျိုး ဖြစ်သောကြောင့် မိတ်ဆွေ အနေဖြင့် ၎င်း၊ ဆရာသမားအနေဖြင့်၎င်း၊ အခြားကုန်သော အသုံး အဆောင်အနေဖြင့်၎င်း မှီဝဲပေါင်းသင်းထိုက် ကြောင်းကို ရှင်တော်ဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေတယ်။

လောကမှာ မိမိတို့၏ မှီခိုစရာ အနေဖြင့် မှီဝဲ ပေါင်းသင်းတဲ့ နေရာမျိုးမှာ ပစ္စုပ္ပန်အကျိုး သံသရာအကျိုး မိမိ

အကျိုး သူတပါးအကျိုးကို ရွက်ဆောင်နိုင်တဲ့ နှစ်ဘက်မြင် ဒွိစက္ခုက ပုဂ္ဂိုလ်မျိုးကို မရမနေ ရှာကြ၍ ပေါင်းသင်း နေထိုင်ရပေ ကုန်သည်၊ ဤကဲ့သို့ နှစ်ဘက်မြင် ဒွိစက္ခုက အပေါင်းအသင်း ရှိသော ပုဂ္ဂိုလ်မျိုးသည်သာ အမြဲတန်း ကိုယ်စိတ် နှစ်ပါး ချမ်းသာ၍ စိုးရိမ်ပူပန်မှု အားလုံးမှကင်း ဝေး၍ လူ့, နတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို အမှန်မုချပေးနိုင် ပေကုန်သည်၊ ဘာသာရေးကိစ္စများ၌ ဆရာရှာမှီးခြင်းသည် လည်း ဒွိစက္ခုက ပုဂ္ဂိုလ်မျိုးကို ရှာမှီးနိုင်လျှင်သာ မုချကောန် နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ပေကုန်သည်။

ရှင်တော်ဘုရားသည်လည်း ဒွိစက္ခုက ပုဂ္ဂိုလ်မျိုး ကိုသာ မျက်မှောက်ပစ္စုပ္ပန် အကျိုးနှစ်တန်ကို ဆောင်ရွက်နိုင်ခြင်း ကြောင့် ပညာရှိပုဂ္ဂိုလ် အနေအားဖြင့် သတ်မှတ် ဟော ကြားထားခဲ့ပေတယ်၊ အန္ဓပုဂ္ဂိုလ်မျိုး၊ ဧကစက္ခုကပုဂ္ဂိုလ် မျိုးကို ဆရာအဖြစ် အသိအမှတ်ပြု၍ ကိုးကွယ် အားထား နေပါက အကျိုးမများနိုင်ပေကုန်။

လောက၌ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မြိန်ရာ ဟင်းကောင်း ဆိုသကဲ့သို့ နီးစပ်ခင်မင်ရာကိုသာ ပေါင်းသင်း နေထိုင် ကြ၍ နီးစပ်ရာကိုသာ အားကိုး အားထား ဆရာသမား အနေဖြင့် အသိ အမှတ်ပြုမှုက များ၍ အကျိုး များသင့် သလောက် မများကြဘဲ အကျိုးနဲမှုသာ အဖြစ်များကြပေ ကုန်သည်၊ အကြောင်းမှာ ဘာသာရေး ဗဟုသုတ အတွေ့ အကြုံနည်းပါး၍ ကိုယ်ပိုင်ဉာဏ်ဖြင့် မှားမှန် နှစ်ပါးနှင့် အကျိုးများ အကျိုးနည်းကို ဝေဘန်ပိုင်းခြားမှုကို မပြုသော ကြောင့် ဖြစ်ပေ၏။ ပုံပမာကို ပြဆိုရသော် ဝိဓူရ ဇာတ်

တော်၌ တကာလေးဦးတို့သည် အထူးကြည်နူးသော စိတ်ထားဖြင့် ရသေ့လေးဦးတို့အား အားထား မှီခိုသော ဆရာအနေဖြင့် ဆည်းကပ် ကိုးကွယ်ပြီးလျှင် မိမိတို့၏ အိမ်တို့၌ အသီးအသီးပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေး ဆက်ကပ် လှူဒါန်းကြတယ်၊ ဆရာရသေ့တို့ သည်လည်း ဆွမ်းကိစ္စ ပြီးလျှင် နေ့စဉ်ရက်ဆက်ပတ်လုံး ဆိတ်ငြိမ်ရာကိုရှာကြ၍ တဦးသော ရသေ့က တာဝတိံသာနတ်ပြည်ကြွ၍ သီတင်းသုံးနေတော်မူတယ်၊ တဦးသော ရသေ့က နဂါးပြည်ကြွ၍ သီတင်းသုံးနေတော်မူတယ်၊ တဦးသောရသေ့ကတော့ ဂဠုန်ပြည်ကြွ၍ သီတင်းသုံး နေတော်မူတယ်၊ တဦးသော ရသေ့ကတော့ လူ့ပြည်၌ပင် မင်းဉယျာဉ်ဝယ် သီတင်းသုံးနေတော်မူတယ်။

နေ့စဉ်နေ့တိုင်း တကာအသီးသီးတို့၏ အိမ်တို့၌ တအိမ်လျှင်တပါးစီကြွ၍ ဆွမ်းဘုဉ်းပေးပြီးနောက် မိမိတို့သည် တွေ့ကြုံခဲ့ရသော စည်းစိမ်မျိုးစုံတို့၏ တင့်တယ် ကောင်းမွန်ပုံတို့ကို ချီးမွမ်းစကား ဆွမ်းတကာများကို ဟောကြား ပြသကြကုန်၏။

ထိုအခါ ဆရာရသေ့တို့၏ဟောကြားပြသသော စကားများကို အသဲမှာ သံမှို့နှက်သည့် အလား စွဲမြဲမှတ်သား၍ နဂါးစည်းစိမ်တို့၏ ကြီးကျယ် ခမ်းနားပုံကို ကြားရသော ဆွမ်းတကာသည် နဂါးပြည် ရောက်ရန် စိတ်ညွတ်ကိုင်း၍ တောင့်တလှူဒါန်းမှုကြောင့် နဂါးမင်းဖြစ်ရပေတယ်။

ဂဠုန်ပြည်ဝယ် ဂဠုန်တို့၏ ကြီးကျယ် များမြတ်သော စည်းစိမ်ဥစ္စာရှိပုံကိုကြားနာရသောဆွမ်းတကာသည်လည်း

ဂဠုန်ပြည် ဂဠုန်ဖြစ်ရန် ညွတ်ကိုင်း၍ လှူဒါန်း မှုကြောင့် ဂဠုန်းမင်းဖြစ်ရပေတယ်။

နတ်ပြည် နတ်စည်းစိမ်တို့၏ ကြီးကျယ် ခမ်းနားပုံကို ကြားရသော ဆွမ်းတကာသည်လည်း နတ်ပြည် ရောက်ရန် စိတ်ညွတ်ကိုင်း၍ ဝဋ္ဋနိဿိတ ကုသိုလ်ကို ကြိမ်ဖန် များစွာ ပြုလုပ်မှုကြောင့် နတ်ပြည်ဝယ် သိကြားမင်း ဖြစ်ရပေတယ်။

လူ့ပြည် မင်းစည်းစိမ်၏ ကောင်းမွန် တင့်တယ် ပုံကို ကြားရသော ဆွမ်းတကာ သည်လည်း လူမင်း ဖြစ်ရန်ကို ရည်သန်၍ ဝဋ္ဋနိဿိတကုသိုလ်မျိုးစုံကို ကြိမ်ဖန် များစွာ ပြုလုပ်မှုကြောင့် လူမင်းဖြစ်ရပေတယ်။

ဤဟောပြောခဲ့သော ဆရာဥပါဒါန် စည်းစိမ်ဥပါဒါန် အကြိမ်ကြိမ် အဖန်ဖန် စွဲလမ်းမှုကြောင့် ဘဝ အသီးသီး ရောက်ရှိကြရခြင်းသည် ဆရာ၏ ဟောပြော ပြသ ဆုံးမ စကားကြောင့် ဖြစ်ရပေတယ်၊ ဆရာ၏ ဟောပြော ပြသ နည်းလမ်းညွှန်ပြမှုအတိုင်းပင် လူ့နတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိခံစားနိုင်ပုံများကို ဥပရိပဏ္ဏာသ သင်္ခါရုပ ပတ္တိသုတ်၌ ဘုရားရှင်သည် ပြည့်ပြည့်စုံစုံ ဟောကြားထား ပြီးဖြစ်သည်။ ထို့ကြောင့် ဆရာကောင်း တွေ့ရန် နေရာ တိုင်းမှာပင် လွန်စွာပင် အရေးကြီးလှပေ၏။ ဆရာတတ် သလောက် တပည့်များလည်း ပညာတတ်ကြရ၏၊ ဆရာ တရားပြတတ်သလောက် တပည့် များလည်း တရားရ၏။ ဆရာ၏ အဆင့်အတန်းအားလျော်စွာ တပည့်မှာ ပေါက် ရောက် ဖြစ်ထွန်းကြပေတယ်၊ ဆရာမြင့်မြတ်လျှင် တပည့်

လည်း မြင့်မြတ်တော့၏၊ ဆရာညံ့လျှင် တပည့်လည်းညံ့တော့၏၊ တချို့မှာ လူ့နတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာများကို ဘဝပဒေသာအလား တင့်တင့်တယ်တယ် ပြည့်ဖြိုးကြွယ်သော ကောင်းကျိုးကို ခံစား ရတယ်၊ တချို့မှာ ဆရာ၏ အဘက်ဘက်ညံ့မှုကြောင့် အပါယ်ဆင်းရဲ အထိ ကျဆင်းပြီးလျှင် အမြဲတန်းပင် ဒုက္ခအဖုံဖုံဖြင့် စိတ်ညစ်စရာ မျိုးစုံကို ခံစားရပေတယ်။

အချို့မှာ လူပင်ဖြစ်သော်လည်း လူပြိတ္တာလူ့တိရစ္ဆာန် လူ့ငရဲဖြစ်ကြကုန်၍ လူချင်းမတူသူများသာ ဖြစ်ကြရခြင်း သည်ဆရာသမားလျှင် အကြောင်းရင်းခံ ဖြစ်ပေကုန်၏။ ထို့ကြောင့် အဘိဓမ္မာ ဝိဘင်းပါဠိတော်ကြီး၌ ပါပမိတ္တ ကလျာဏမိတ္တ အင်္ဂါရပ်အတိုင်း ဆရာကောင်းမကောင်းကို ရွေးချယ်သတ်မှတ်၍ ဆရာကောင်းကို ရှာကြံမှီဝဲရာ၏။

## ဗောဓိရှင်တရားတော်ကြီး

ဆရာကောင်းနှင့် တွေ့ကြုံခြင်းသည် နေ့အရုဏ်တက်သည်နှင့်တူ၏၊ ဗောဓိရှင် မဂ္ဂင် ပွားများ ရခြင်းသည် နေဝန်းကြီး ထွက်ပေါ်လာသည်နှင့်တူ၏၊ နေအရုဏ်တက်လာခြင်းသည် နေဝန်းကြီး ထွက်ပေါ်နိုင်ခြင်း၏ ရှေ့ပြေး ပုဗ္ဗနိမိတ် အကြောင်းပင်တည်း။

အိုရဟန်းတို့ ကောင်းသော အဆွေခင်ပွန်း ရှိသော ရဟန်းအား ခုနစ်ပါးသော ဗောဓိရှင်တရားတို့ကို ပွားများလတ္တံ့၊ ခုနစ်ပါးသော ဗောဓိရှင်တို့ကို အကြိမ်ကြိမ်များစွာ အလေ့အလာပြုလတ္တံ့၊ အိုရဟန်းတို့ ကောင်းသော အဆွေ

ခင်ပွန်းရှိသော ရဟန်းသည် အဘယ်သို့လျှင်ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို အကြိမ်များစွာအလေ့အလာပြုသနည်းဟူမူ–

အိုရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှု ဝိဝေကကိုမှီသော ရာဂကင်းရာ နိဗ္ဗာန်ကိုမှီသော ရာဂချုပ်ရာ နိဗ္ဗာန်ကိုမှီသော အလုံးစုံသော ကိလေသာတို့ကို စွန့်ရာနိဗ္ဗာန်သို့ ကိုင်းညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွားစေ၏။

ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ပွားစေ၏၊ ဝီရိယ သမ္ဗောဇ္ဈင်ကိုပွားစေ၏၊ ပီတိ သမ္ဗောဇ္ဈင်ကို ပွားစေ၏၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို ပွားစေ၏၊ သမာဓိသမ္ဗောဇ္ဈင်ကို ပွားစေ၏၊ ဥပေက္ခာ သမ္ဗောဇ္ဈင်ကို ပွားစေ၏၊ အိုရဟန်းတို့ ဤသို့လျှင် ကောင်းသော အဆွေ ခင်ပွန်းကောင်း ဆရာရှိသော ရဟန်းသည် ခုနစ်ပါးသော ဗောဇ္ဈင်တို့ကိုပွား၏၊ ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို အကြိမ်များစွာ အလေ့အလာ ပြု၏ဟု ရှင်တော်ဘုရား ဟောကြားပေတယ်။

## ဗောဇ္ဈင်ခုနစ်ပါး ပွားများရခြင်းအကျိုး

တခုတခုသော ဗောဇ္ဈင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အားလည်း ဟုတ်မှန်သော အတိုင်း သိနိုင် မြင်နိုင်၏၊ ဗောဇ္ဈင်ခုနစ်ပါး ပြည့်စုံမည်ဆိုလျှင် အဘယ်မှာဆိုဘွယ်ရာ ရှိနိုင်အံ့နည်း။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဟူသော ဝိဇ္ဇာဝိမုတ္တိ အကျိုး ဒိဋ္ဌဓမ္မအကျိုးများကို ရနိုင်တော့၏၊ အကယ်၍ ဒိဋ္ဌဓမ္မ အကျိုးမရသော် သေခါနီး ကာလ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် အကျိုးရနိုင်ပေ၏၊ သေခါနီးကာလမှာ မရလျှင်

ပြဟ္မာပြည် အဆင့်ဆင့် ဘုံစဉ်စံပြီးလျှင် ပရိနိဗ္ဗာန် ပြုရ တော့၏။

ထို့ကြောင့် မပိတ်ဆို့တတ်ကုန်သော မမြေးရှက်တတ် ကုန်သော စိတ်၏ ညစ်ညူးခြင်းကို မပြုတတ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါးကို ပွားအပ်ကုန်သည်ရှိသော် အကြိမ် များစွာ အလေ့အလာ ပြုအပ်ကုန်သည်ရှိသော် လောကီ လောကုတ္တရာ အကျိုးများစွာကို ပြီးမြောက်စေနိုင်ကုန်၏။ မပိတ်ဆို့ တတ်သော မမြေးရှက် တတ်သော စိတ်၏ ညစ်ညူးခြင်းကို မပြုတတ်သော ပညာဉာဏ်၏ ပွင့်လင်း ခြင်းကို ပြုတတ်သော သတိသမ္ဗောဇ္ဈင်ကို ပွားအပ်သည် ရှိသော် ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ပွားအပ်သည်ရှိသော် ဝီရိယသမ္ဗောဇ္ဈင်ကို ပွားအပ်သည်ရှိသော် ပီတိသမ္ဗောဇ္ဈင် ကို ပွားအပ်သည်ရှိသော် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားအပ် သည်ရှိသော် သမာဓိသမ္ဗောဇ္ဈင်ကို ပွားအပ်သည်ရှိသော် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားအပ် သည်ရှိသော် အကြိမ် များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် လောကီ လောကုတ္တရာ အကျိုးများစွာ ပြီးမြောက် စေနိုင်၏ဟု ဟောကြားတော်မူ၏။ ထို့ကြောင့်–

> ဧဝံ ဘာဝိတောခေါ ကုဏ္ဍလိယ ဣန္ဒြိယ သံဝရော တီဏိ သုစရိတာနိ ပရိပူရေတိ။ ဧဝံ ဘာဝိတာနိ တီဏိသုစရိတာနိ စတ္တာရော သတိပဋ္ဌာနေ ပရိ ပူရေန္တိ။ ဧဝံ ဘာဝိတာ စတ္တာရော သတိပဋ္ဌာနာ သတ္တဗောဇ္ဈင်ေ ပရိပူရေန္တိ။ ဧဝံ ဘာဝိတာ သတ္တ ဗောဇ္ဈင်္ဂါ ဝိဇ္ဇာဝိမုတ္တိယော ပရိပူရေန္တိ။

ဟု–ဗောဇ္ဈင်္ဂသံယုတ် ကုဏ္ဍလိယ ပရိဗ္ဗာဇကသုတ်၌ ရှင်တော်ဘုရား ဟောကြားတော်မူတယ်။

အကျဉ်းချုပ် မြန်မာပြန်ဆိုလိုရင်းမှာ–

ကုဏ္ဍလိယပရိဗိုဇ် ဤသို့အားဖြင့် ပွားများအပ်သော ဣန္ဒြေခြောက်ပါးကို စောင့်ရှောက်ခြင်းဟူသော ဣန္ဒြိယ သံဝရသီလသည် သုစရိုက်သုံးပါးတို့ကို ပြည့်စုံစေနိုင်၏၊ ဤသို့အားဖြင့် ပွားများထားအပ် ကုန်ပြီးသော သုံးပါး ကုန်သော သုစရိုက်တို့သည်သတိပဋ္ဌာန်တရားတို့ကို ပြည့်စုံ စေနိုင်ကုန်၏၊ ဤသို့အားဖြင့် ပွားများထားအပ်ကုန်သော သတိပဋ္ဌာန်တရား လေးပါးတို့သည် ခုနစ်ပါးကုန်သော ဗောဇ္ဈင်တရားတို့ကို ပြည့်စုံစေနိုင်ကုန်၏။ ဤသို့အားဖြင့် ပွားများထားအပ်ကုန်ပြီးသော ဗောဇ္ဈင် ခုနစ်ပါးတို့သည် ဝိဇ္ဇာဝိမုတ္တိခေါ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ပြည့်စုံစေ နိုင်ကုန်၏။

## ဣန္ဒြေခြောက်ပါးကို စောင့်စည်းပါက တဆဲ့ရှစ်ပါးသော သုစရိုက်ဖြစ်ပုံ

ဝိပဿနာ ပွားများနေသော ရဟန်း၌ မျက်စိ၌နှစ်သက် မက်မောဘွယ်ရာ လှပသောအာရုံ တခုခုထင်လာခဲ့သော် ကိုယ်နှုတ်နှစ်ပါးကို မဖြစ်စေဘဲ ထင်လာသော ရူပါရုံ ဖြစ်ပျက်ကို ရှုဆင်ခြင်ပါလျှင် မနောသုစရိုက် ဖြစ်ပေ၏၊ ဝိပဿနာ ဉာဏ်နှင့် တကွဖြစ်သော စိတ်ဖြင့် ကုန်ခြင်း ပျောက်ခြင်း ပျက်ခြင်း သဘောတရားပါလားဟု နှုတ်မြွက် ပြောဆိုသော ယောဂီအား ဝစီသုစရိုက် ဖြစ်ပေ၏။

ယခုမြင်တွေ့နေရသော လှလှပပ ရူပါရုံအဆင်း ဝတ္ထုသည် မသုံးသပ်ကောင်း မသုံးသပ်သင့် မကိုင်တွယ်ကောင်း မကိုင်တွယ်သင့်သော အရာဝတ္ထုမျိုးဖြစ်၏ဟု နှလုံးသွင်း၍ မကိုင်တွယ် မသုံးသပ်ပါလျှင် ကာယသုစရိုက် ဖြစ်ပေ၏။ ဤသို့အားဖြင့်မျက်စေ့ပေါက်တခု၌ပင်လျှင် ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ဟူသော သုစရိုက် သုံးပါး ထင်ရှားဖြစ်ပေါ်လာပေကုန်သည်။ ပါဠိတော်၌ဝိပဿနာ ယောဂီအား မနောသုစရိုက် ဖြစ်ပုံကို ရှင်တော်ဘုရား ဟောကြားတော်မူခဲ့ပေ၏။

ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် နှစ်သက်ဘွယ် အဆင်းရူပါရုံကို မြင်ရ၍ ရှေးရှုမကြံစည် ရှေးရှု မမက်မော မနှစ်သက် တပ်နှစ်သက်ခြင်း ရာဂကိုမဖြစ်စေ၊ တရားဘာဝနာ အားထုတ်နေသော ယောဂီ၏ ဖဿ ဝေဒနာ အစရှိသော စေတသိက် နာမ်တရား အပေါင်း သည်၎င်း ဝိပဿနာ ဝိညာဏ်စိတ်သည်၎င်း ကမ္မဋ္ဌာန်း အာရုံဟု ဆိုအပ်သော ဂေါစရဇ္ဈတ္တ ကာယ၌ ရှေးဦးစွာ သမာဓိဖြစ်ခါမျှ တည်၏၊ မပျံ့လွင့်သောအားဖြင့်တည်၏။

ကောင်းမွန် မြဲမြံစွာ ကမ္မဋ္ဌာန်းအာရုံ၌ သက်ဝင်၍ ခိုင်ခိုင်ခံ့ခံ့ မပျံ့လွင့်ခြင်း ဟူသော သမ္မာသမာဓိ ဖြစ်၍ တည်၏၊ ကမ္မဋ္ဌာန်းကို အားထုတ်သည်၏ အစွမ်းဖြင့် ဆန့်ကျင်ဘက် နီဝရဏတရားမှ လွတ်၏။

မျက်စိ၌ပင်လျှင် မိမိမမြင်ချင်ဒါကိုမြင်၍ မျက်နှာမသာ ရှိသည်မဖြစ် မခက်ထန်သော စိတ်ရှိသည် ဆင်းရဲငြိုငြင် သော စိတ်မရှိသည် မပူပန်သော စိတ်ရှိသည် ဖြစ်၏။

ထိုတရား ရှုပွားနေသောယောဂီ၏ ဖဿ စေတနာစသော နာမ်တရားအပေါင်းသည်၎င်း ဝိပဿနာ စိတ်သည်၎င်း ကမ္မဋ္ဌာန်းအာရုံဟူသော ဂေါစရဇ္ဈတ္တ၌ သမာဓိဖြစ်ခဲ့ တည်၏၊ ကောင်းမွန်မြဲမြံစွာ မပျံ့မလွင့်တည်၏၊ နီဝရဏမှ ကင်းလွတ်သည်ဖြစ်၏။

ဤသို့အားဖြင့် မျက်စိပေါက်တခု၌ပင် မြင်ချင်တဲ့ အာရုံအတွက် လောဘ မမြင်ချင်တဲ့ အာရုံ အတွက် ဒေါသ မြင်ချင်တဲ့အာရုံ မမြင်ချင်တဲ့အာရုံ နှစ်မျိုးစုံကို စွဲ၍ မောဟဆိုတဲ့ ကိလေသာ များကို ဖြစ်ပေါ်မလာ နိုင်အောင် သမာဓိ ပညာ ဝီရိယ သတိ တို့ဖြင့် မျက်စိ ဒွါရကို စောင့်စည်းခြင်းကြောင့် ဟိုကြည့် ဒီကြည့် မျက်စိ မကလက်မှုကြောင့် မျက်စိပေါက်၌ သုစရိုက်တရား သုံးပါး လုံးပင် လုံခြုံ၍ နေပေတော့၏။ ဤဆိုအပ်ခဲ့ ပြီးသည့် အတိုင်းပင် ကြွင်းကျန်ကုန်သော နားပေါက် နှာခေါင်း ပေါက် လျှာပေါက် ကိုယ်ပေါက် စိတ်ပေါက်ဟူကုန်သော ကိလေသာဖြစ်ရာ အပေါက်တို့၌လည်း လုံခြုံအောင် ပိတ်ဆို့ပါက ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် တို့သည် အသီးသီး ဖြစ်၍နေပေကုန်သည်၊ သုစရိတသီလ လုံခြုံနေပေ၏။

ဤသို့အားဖြင့် ဒွါရခြောက်ပါးတို့၌ သုစရိုက်တရား တဆဲ့ရှစ်ပါးဖြစ်ပုံကို ပြဆိုချက်ပြီး၏။

**ဒွါရခြောက်ပါး၌ ဒုစရိုက်တဆဲ့ရှစ်ပါး ဖြစ်ပေါ်ပုံ**

ရဟန်း, ရှင်, လူ–ဟု ဆိုအပ်သော တယောက်ယောက် သောပုဂ္ဂိုလ်သည် မျက်စိဖြင့် နှစ်သက်တွယ်တာစရာ အာရုံ

တခုတွေ့မြင်ရ၍ လောဘဖြစ်ပါလျှင် ကိုယ်နှုတ် နှစ်ပါး မလှုပ်ရှားစေဘဲ မြင်တွေ့ရသော ဇုဋ္ဌာရုံ၌ လောဘ ဖြစ်ရ သောရဟန်းအား မနောဒုစရိုက်ဖြစ်၏၊ လောဘနှင့်တကွ ဖြစ်သောစိတ်ကြောင့် ဤနှစ်သက်ဘွယ်ရာ စိတ်နှလုံးချမ်း မြေ့ဘွယ်ရာအာရုံသည် အံ့ဩဘွယ် ကောင်းပေစွဟု ရွတ် ဆိုပြောကြားသော ရဟန်းအား ဝစီဒုစရိုက် ဖြစ်၏၊ ချော မောလှပသော ရုပါရုံကိုသာလျှင် လောဘ ရှေ့ရှု၍ ကိုင် တွယ်ခြင်း၊ ကိုယ်ဖြင့်ထိပါးခြင်း ရှိခဲ့သော် ကာယ ဒုစရိုက် ဖြစ်၏။

သောတ ဒွါရစသော ကြွင်းကျန် ကုန်သော ဒွါရတို့၌ လည်း ဤအတူပင်၊ မျော်မြင်မှန်းဆ၍ ဉာဏ်ပထျာ ဖြန့်နိုင် ကုန်ရာ၏၊ ဟောပြောသောအခါ မြုပ်ကွက် ဟူသမျှကို ထုတ်ဖော်ဟောကြားတတ်ရာ၏၊ ဤပြဆိုခဲ့ပြီးသည့်အတိုင် ဣန္ဒြေခြောက်ပါးကို သတိ ဝီရိယ ပညာတို့ဖြင့် လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ပါက ပါတိမောက္ခ သံဝရသီလ ပစ္စယ သန္နိဿိတသီလ အာဇီဝ ပါရိသုဒ္ဓိသီလ ဣန္ဒြိယ သံဝရသီလ ဟူသော သီလလေးမျိုးလုံးပင် ပြည့်စုံနေမှု ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုင်အောင်ပင် အကျိုးသက် ရောက်နိုင်၍ အလွန်မြင့်မြတ်သော ဝိပဿနာ ဉာဏ်သီလ, မဂ်သီလဟု ခေါ်ဆိုထိုက်ပေသည်။

ဣန္ဒြိယသံဝရသီလ ပြည့်စုံလုံလောက်နေပါက သမာဓိ ပညာလည်း ပြည့်စုံနေ၍ သီလ သမာဓိ ပညာ ဟူသော သိက္ခာသုံးပါး ခွဲခြား၍ မရနိုင်သော နေရာမျိုးဖြစ်ပေ၏၊ လူယောဂီ တို့၌လည်း ဣန္ဒြိယသံဝရသီလ ပါတိမောက္ခ

သံဝရသီလ ပစ္စယသန္နိဿိတသီလ အာဇီဝပါရိသုဒ္ဓိ သီလ လေးမျိုးလုံးပင် လုံခြုံရပေတယ်၊ ဣန္ဒြိယသံဝရသီလ ဆိုသည်မှာ ဣန္ဒြေခြောက်ပါးကို သတိဝီရိယ တို့ဖြင့် ထိန်းသိမ်းစောင့်ရှောက် ခြင်းပင်တည်း၊ ရဟန်းပါတိမောက္ခ သံဝရ သီလသည် ရဟန်းကျင့်ဝတ် သိက္ခာပုဒ်များ ဖြစ်ပေ၏။

သာမဏေပါတိမောက္ခ သံဝရသီလ ဆိုသည်မှာ လိင်ဒဏ် သေခိယ စုဒ္ဒသ ခန္ဓက ကျင့်ဝတ်များဖြစ်ပေကုန်၏၊ လူပါတိမောက္ခ သံဝရသီလဆိုသည်မှာ ကာယကံ သုံးပါး ဝစီကံလေးပါး စောင့်ရှောက်ခြင်းသည် လူယောဂီ တို့၏ စောင့်ရှောက်အပ်သော ပါတိမောက္ခ သံဝရသီလ မည်၏၊ ထို့ကြောင့် မဟာဝဂ္ဂသံယုတ် အဋ္ဌကထာကြီး၌—

> ကာယသံဝရ ဝစီသံဝရေဟိ ပါတိမောက္ခ သီလံ မနောသံဝရေန တီဏိသီလာနီတိ စတုပါရိသုဒ္ဓိ သီလံ ကထိတံ ဟောတိ။

ဟု ဖွင့်ဆိုပေတယ်။

အဓိပ္ပါယ် အချုပ်မှာ-ကာယကံ ဝစီကံ ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် ပါတိမောက္ခ သံဝရသီလ ဖြစ်ပေ၏၊ စိတ်ကို ထိန်းသိမ်း စောင့်ရှောက် ခြင်းဖြင့် ဣန္ဒြိယသံဝရ သီလ ပစ္စယသန္နိဿိတ သီလ အာဇီဝ ပါရိသုဒ္ဓိသီလ သုံးပါးပင် ပြည့်စုံစွာဖြစ်နေ၏၊ လိုရင်း အချုပ်မှာ တရား အားထုတ်သောယောဂီတို့၌ ဣန္ဒြိယသံဝရသီလ ပြည့်စုံပါ လျှင် စတုပါရိသုဒ္ဓိသီလ ပြည့်စုံသည်ဟု ဗောဇ္ဈင်္ဂ သံယုတ် ဋီကာကြီး ဖွင့်ဆို သောကြောင့် စားဝတ်နေမှု ကိစ္စကြီး

သုံးရပ်၌ ပစ္စဝေက္ခနာ မဆင်ခြင်ဘဲ စားနိုင် သောက်နိုင် ဝတ်ရုံနိုင်တော့၏၊ အကြောင်းမှာ ဝိပဿနာ ဉာဏ်နှင့် ယှဉ်သော သတိ ဝိရိယတို့က ထိန်းသိမ်း စောင့်ရှောက် ထားသောကြောင့်တည်း။

သုစရိုက် တရားတို့ကို ပွားများအားထုတ် နေပါလျှင် လေးပါးသော သတိပဋ္ဌာန် တရားတို့ကို ပြီးပြည့်စုံစေနိုင် ဆိုသည်မှာ ဤသာသနာတော်၌ ယောဂီ ပုဂ္ဂိုလ်သည် ကာယ ဒုစရိုက်ကိုပယ်၍ ကာယ သုစရိုက်ကို ပွားစေ၏၊ ဝစီ ဒုစရိုက်ကိုပယ်၍ဝစီသုစရိုက်ကိုပွားစေ၏၊ မနောဒုစရိုက်ကို ပယ်၍ မနောသုစရိုက်ကို ပွားစေ၏၊ ဤသို့ ပွားအပ်ကုန် သည်ရှိသော် လေးပါးကုန်သော သတိပဋ္ဌာန် တရားတို့ကို ပြီးပြည့်စေကုန်၏။

လေးပါးကုန်သော သတိပဋ္ဌာန်တရားတို့ကို ပွားများ ပါကုန်လျှင် ခုနစ်ပါး ကုန်သော ဗောဇ္ဈင် တရားတို့ကို ပြီးပြည့်စုံနိုင်၏ဟူရာ၌ ဤသာသနာတော်၌ ယောဂီပုဂ္ဂိုလ် သည် ကိလေသာတို့ကိုခွါနိုင်သော လုံ့လဝီရိယနှင့် ပြည့်စုံ သည်ဖြစ်၍ ကောင်းစွာသိတတ်သော ပညာဆင်ခြင်မှုရှိ၍ အောက်မေ့မှုသတိနှင့်ပြည့်စုံစွာ ခန္ဓာကိုယ်၌ ကပ်ငြိတတ် သောလောဘနှင့် စိတ်နှလုံး မသာယာခြင်း ဒေါမနဿ နိဝရဏတရားဆိုးများကို ပယ်ဖျောက်၍ ဆံ, အစရှိသော ကိုယ်ကာယ၌ရင်း၊ ဝေဒနာတို့၌ရင်း၊ စိတ်၌ရင်း၊ ခန္ဓာ အာယတန ဓာတ်တရား တို့၌ရင်း အဖန်တလဲလဲ ရှုသည် ဖြစ်၍နေ၏၊ ဤသို့အားဖြင့် သတိပဋ္ဌာန် တရား များကို

ပွားများ အားထုတ်နေပါက ခုနစ်ပါးကုန်သော ဗောဇ္ဈင် တရားတို့သည် ပြီးပြည့်စုံကုန်နိုင်၏။

## အားထားမှီခို လောက်သောဗောဇ္ဈင်ကို ဖွင့်ပြချက်

ခုနစ်ပါးကုန်သော ဗောဇ္ဈင်တရားများကို ပွားများမည် ဆိုပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရစေနိုင်၏ ဆိုရာ၌ ဤ သာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှု ဝိဝေကကို မှီသော ရာဂကင်းရာ နိဗ္ဗာန်ကိုမှီသော ရာဂချုပ်ရာ နိဗ္ဗာန်ကို မှီသော အလုံးစုံသော ကိလေသာတို့ကို စွန့်ရာနိဗ္ဗာန်သို့ ကိုင်းညွတ်သော ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွားများအားထုတ် ပါလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပြည့်စုံစေနိုင် ပေကုန်သည်၊ ဤဆိုအပ်ခဲ့ပြီးသည့် အတိုင်း ဗောဇ္ဈင်တရား ခုနစ်ပါးကို ကြိုးစားအားထုတ်ကြရမယ်၊ ယောဂီပုဂ္ဂိုလ်များသည် မိမိ တို့၏ အားထုတ်နေကျ ဖြစ်သော ဘာဝနာ အာရုံ၌ စိတ် မသက်ရောက်ဘဲ စိတ်မဝင်စားဘဲ နောက်တွန့်၍ အေးစက် စက် ဆုတ်ကန်ကန်ဖြစ်နေပါလျှင် ဓမ္မဝိစယ သံဗောဇ္ဈင်ဟု ဆိုအပ်သော ဝိပဿနာပညာကိုရင်း၊ ဝီရိယ သံဗောဇ္ဈင်ဟု ဆိုအပ်သော ဇွဲလုံ့လကိုရင်း၊ မိမိတရားအားထုတ်နေသော ဘာဝနာအာရုံ၌ နှစ်သက်မြတ်နိုးခြင်း ပီတိကိုရင်း ပွားများ ပါလျှင် တွန့်တို ဆုတ်နစ်နေ သောစိတ်သည် ကင်းပျောက် သွားစေနိုင်ပေတယ်။

ဉပမာ အားဖြင့် ဆိုသော် အနည်း ငယ်သော မီး၌ မီးတောက် မီးလျှံကြီး တိုးပွားလာစေ လိုပါလျှင် ခြောက်

သွေ့သော လောင်စာကိုသာထည့်ရာ၏။ မီးနှင့် အပေါင်း အဖော်ဖြစ်သော လေဓာတ်ဖြင့်လည်း အားပေးရာ၏၊ ဤသို့ အားဖြင့် သင့်လျော်သော အကြောင်း အထောက်အပံ့ ပေးပါက မီးရှိန်အားကောင်း၍ တိုးပွားလာရာ သကဲ့သို့ တရားအာရုံ၌ စိတ်မဝင်စားမှု ပျောက်ကင်း၍၊ စိတ်တက် ကြွ၍ တရားဘာဝနာ ထက်ထက် သန်သန် အားထုတ်နိုင် ပေသည်၊ ယောဂီ ပုဂ္ဂိုလ်များသည် မိမိတို့၏ အားထုတ် နေကျ တရားဘာဝနာကို စိတ်ဓာတ် တုန်လှုပ် ပျံ့လွင့်နေ ပါလျှင် ကိုယ်ငြိမ်သက်ခြင်း၊ စိတ်ငြိမ်သက်ခြင်းဟု ဆိုအပ် သော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကိုရင်း၊ အာရုံတခု၌ စိတ်တည် ကြည်ခြင်းဟု ဆိုအပ်သော သမာဓိ သမ္ဗောဇ္ဈင်ကိုရင်း ဖြစ် ပေါ်လာသောအာရုံကို လျစ်လျူရှုခြင်းဟူသော ဥပေက္ခာ သမ္ဗောဇ္ဈင်ကိုရင်း ပွားများပါလျှင် စိတ်ပျံ့လွင့် တုန်လှုပ် မှုပျောက်ကင်း၍ ငြိမ်သက် တည်ကြည်ခြင်း အကျိုးရှိပေ တယ်။

ဥပမာအားဖြင့်ဆိုသော် ကြီးမားသောမီးပုံကို ငြိမ်းစေ လိုသည်ဖြစ်ပါက မီးပုံကြီး၌ စိုစွတ်သော အရာဝတ္ထုကို ထည့်၍ ရေဖြင့်ပက်ဖျန်းရာ၏၊ မြေမှုန်ဖြင့်လည်း ဖို့ပါက မီးပုံကြီး ငြိမ်းအေးရသကဲ့သို့ စိတ်တုန်လှုပ် ပျံ့လွင့်ပါက ပဿဒ္ဓိ သမ္ဗောဇ္ဈင်ဟု ဆိုအပ်သော ရေဖြင့် ပက်ဖျန်း၍ သမာဓိသမ္ဗောဇ္ဈင်ဟု ဆိုအပ်သော စိုစွတ်သော ဝတ္ထုဖြင့် ရင်း ဖုံးအုပ်ပါလျှင် တည်ကြည်ငြိမ်သက်၍ ဈာန်ရွေ ရသွား နိုင်ပေတယ်၊ ထိုကြောင့် ခုနစ်ပါးသော ဗောဇ္ဈင် တရား များသည် ယောဂီများ၌ အမှန်ပင် အသိပညာ ပွားနိုင်၍

အလွန် အားထားထိုက်သော တရားဖြစ်ပေ ကုန်သည်။ ဗောဇ္ဈင်တရားသည် ကိလေသာ အစိုင်အခဲကြီးကို ဖြိုခွင်း နိုင်၍—

၁။ ပညာမျက်စိ ပွင့်လင်းအောင် ပြုတတ်ပေတယ်။
၂။ အသိဉာဏ်ပညာ ထက်သန်စေပေတယ်။
၃။ ပညာကို တိုးပွားစေပေတယ်။
၄။ ချမ်းသာခြင်းအတွက် ဖြစ်ပေတယ်။
၅။ နိဗ္ဗာန်အကျိုးငှာ ဖြစ်ပေတယ်။
၆။ ပညာဂုဏ် အားကောင်းပေတယ်။
၇။ စိတ်ဓာတ်ပွင့်လင်းမှု ကောင်းကျိုးရှိတယ်။

ထို့ကြောင့် ဆရာတော်ကြီးများက အောက်ပါ လင်္ကာ စီကုံး၍ အသိပညာ တိုးပွားစေကြပေကုန်၏။

တရားအမှန်၊ သိဘို့ရန်၊ ခုနစ်တန်ဗောဇ္ဈင်ပွား။
တရားအမှန်၊ မသိပြန်၊ ငါးတန်နီဝရဏများ။
ညစ်ကြေးတန်တန်၊ကင်းကွာရန်၊ ခုနစ်တန်ဗောဇ္ဈင်ပွား။
အသိအမြင်မှန်၊ တားဆီးပြန်၊ ငါးတန်နီဝရဏတရား။
ရှေးစိတ်ကအိပ်ချင်၊ နောက်ဝီရိယ သမ္ဗောဇ္ဈင်။
ရှေးစိတ်ကဒေါ်ချင်၊ နောက်စိတ်က ကြိုးစားတင်။
ရှေးစိတ်ကပျင်းလျှင်၊ နောက်စိတ်ကပြုပြင်။
ရှေးစိတ်ကထွက်သွား၊ နောက်စိတ်ကဆွဲတား။
ရှေးစိတ်ကတော်ချင်၊ နောက်စိတ်ကဆင်ခြင်။

ထိုကြောင့် နီဝရဏသည် စိတ်ဓာတ်၏ ဖြူစင် တောက် ပြောင်မှုကို ဖျက်ဆီးပြီးလျှင် သတ္တဝါတို့ကို အကျိုး ဆုတ်

ယုတ်အောင် ပြုလုပ်နိုင်ပေ၍ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿံဟု ပါဠိတော် များစွာ၌ ကာမစ္ဆန္ဒ နီဝရဏနှင့် ဗျာပါဒနီဝရဏ တရားတို့ကို ဖြစ်ခြင်း ပျက်ခြင်း ခန္ဓာ၌ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို တားမြစ် ကန့်ကွက် ဖျက်ဆီးတတ်မှုကြောင့် ရှေးဦးစွာ ကြိုတင် စွန့်ခွါပယ်ဖျောက်ထားရန် ဟောတော်မူပေတယ်၊ နီဝရဏတရားဆိုးကို သမာဓိဖြင့်ကင်းကွာအောင် ပြုလုပ်ထားပြီး၍ တရားရှုပွားပါလျှင် အထူးပင်အသိဉာဏ် လွယ်ကူစွာ ဝင်ရောက်နိုင်ကုန်သည်။ နီဝရဏတရားဆိုသည်မှာ—

၁။ ကာမစ္ဆန္ဒနီဝရဏ ကာမဂုဏ်ကို ခင်တွယ်မက်မောလိုချင်မှုလောဘကြောင့် ဈာန်မဂ်ဖိုလ်၏ အတား အဆီး ဖြစ်နေခြင်း။

၂။ ဗျာပါဒနီဝရဏ အမျက်ဒေါသ ကြီးမားမှုကြောင့် ဈာန်မဂ်ဖိုလ် မရနိုင် ဖြစ်နေခြင်း။

၃။ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ စိတ်ပျံ့လွင့်ခြင်း၊ စိတ်တုန်လှုပ်ခြင်း၊ စိတ်ပူပန်ခြင်းကြောင့် အလွန် ကောင်းမြတ်တဲ့ ဈာန်မဂ်ဖိုလ်ကို မရနိုင်ဖြစ်နေခြင်း။

၄။ ထိနမိဒ္ဓ နီဝရဏ စိတ်ထိုင်းမှိုင်း တွေဝေ အိပ်ချင်မှုတွေများနေ၍ စိတ်နောက်တွန့် နေမှုကြောင့် ကောင်းကျိုး ဈာန်မဂ်ဖိုလ်တွေကို တားဆီးပိတ်ပင်နေခြင်း။

၅။ ဝိစိကိစ္ဆာ နီဝရဏ ကိစ္စတခု အာရုံတခု ကြုံကြိုက်တွေ့ဆုံနေပါက မှားမှန် နှစ်ပါး မခွဲခြားနိုင်၍ သို့လော သို့လော ယုံမှားသံသယကြောင့် ဈာန်မဂ်ဖိုလ်တရားများ၏ အနှောင့်အယှက် အန္တရာယ်ဖြစ်နေခြင်း။

အထက်ပါ နိဝရဏတရား မကွာသေးပါလျှင် စိတ္တဝိသုဒ္ဓိ မဖြစ်နိုင် မှုကြောင့် ဒိဋ္ဌိ ဝိသုဒ္ဓိလည်း မဖြစ်နိုင် တော့၍ ဝိပဿနာဉာဏ် မရနိုင်ကြောင်းကို ကောင်းကောင်းကြီး ယုံကြည် မှတ်သားရမည်။ ထိုကြောင့် မဟာဝဂ္ဂ သံယုတ် အဋ္ဌကထာကြီး၌—

ဝိစိကိစ္ဆာယ မဇ္ဈဝတ္ထာနံ ဝိက္ခမ္ဘနနီဿရဏံ-ဟု ဖွင့်ဆိုထားရာ၌ အဓိပ္ပါယ်မှာ မဇ္ဈဝတ္ထာနဟု ဆိုအပ်သော နာမရူပပရိစ္ဆေဒ ဉာဏ်သည် ဝိစိကိစ္ဆာ ကိလေသာကို ဖယ်ခွါ၍ သုတ်သင်၍ ထွက်မြောက်ကြောင်း ဝိက္ခမ္ဘန နိဿရဏ ပဟာန်ဖြစ်ပုံကို အဋ္ဌကထာကြီး သိစေရာ၌ ဋီကာဆရာကြီးက ထပ်မံရှင်းလင်းသည်မှာ မဇ္ဈဝတ္ထာနံ ဥပစာရပ္ပနာပ္ပတ္တဝသေနဂဟေတဗ္ဗံဟုဖွင့်ဆိုထားပေသည်။

အဓိပ္ပါယ်မှာ မဇ္ဈဝတ္ထာနဟု ဆိုအပ်သော ရုပ်နာမ် ပိုင်းခြား သိနိုင်သော ပညာသည် ဝိက္ခမ္ဘန အားဖြင့် ဝိစိကိစ္ဆာကို ပယ်ခွါရာ၌ ဥပစာရသမာဓိဖြစ်စေ အပ္ပနာ သမာဓိဖြစ်စေ ပြည့်စုံနေလျှင်သာ ဝိက္ခမ္ဘန ပဟာန်ဖြင့် ဝိစိကိစ္ဆာမှ ထွက်မြောက်နိုင်ခြင်း ဖြစ်ပေ၏။

ထို့ကြောင့် ဝိပဿနာဉာဏ်ကို မိမိသန္တာန်၌ ရရှိစေ လိုသည် ဆိုပါလျှင် နိဝရဏကို ခွါနိုင်လောက်သော အနည်းဆုံး ဥပစာရသမာဓိ ရရှိပေါက်ရောက် နေသူ များသာ ဝိပဿနာ ဉာဏ်ကို ရနိုင်ပေတယ်၊ နာမရူပ ပရိစ္ဆေဒ ဉာဏ်ဟူသော အငယ်ဆုံး ဉာဏ်သည်ပင်လျှင် ဥပစာရသမာဓိ ပြည့်စုံမှ ရနိုင်ကြောင်း အထက်၌ ဖွင့်ပြ ထားပေသည်၊ နိဝရဏ ကင်းကွာရန် သမာဓိထူထောင်ရ

ပေလိမ့်မည်၊ ဥပစာရသမာဓိ အပ္ပနာသမာဓိတို့နှင့် ကင်းကွာ၍ သမာဓိလုံလောက်ပြီဟုမဆိုနိုင်ပေ၊ နိဗ္ဗာန မကင်းကွာဘဲနှင့်လည်း ဝိပဿနာဉာဏ်ပင် မရနိုင်ပေ၊ မဂ်ဉာဏ်ဆိုဒါ ပြောဘွယ်ရာမရှိ၊ မရနိုင်တော့သည်သာ၊ သို့ဖြစ်၍ ဗောဇ္ဈင်္ဂသံယုတ် နိဝရဏဝဂ်၌-

ယသ္မိံ ပန သမယေ နိဝရဏာနိ လဒ္ဓပတိဋ္ဌာနိ၊ တတ္ထ မဟဂ္ဂတ ကုသလဿပိ အသမ္ဘဝေါ၊ပဂေဝ လောကုတ္တရ ကုသလဿ။

ဟု-ရှင်မဟာဗုဒ္ဓဃောသ ဋီကာဆရာကြီးက ကွဲကွဲပြားပြား ဖွင့်ပြထားပေ၏။

ယသ္မိံပနသမယေ၊ အကြင်ယောဂီပုဂ္ဂိုလ်သန္တာန်၌။ နိဝရဏာနိ၊ နိဝရဏတရားငါးပါးတို့သည်။ လဒ္ဓပတိဋ္ဌာနိ၊ ရအပ်ကုန်သော တည်ရာရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုယောဂီပုဂ္ဂိုလ်သန္တာန်၌။ မဟဂ္ဂတကုသလဿပိ၊ ဈာန်ကုသိုလ်များ၏လည်း။ အသမ္ဘဝေါ၊ မဖြစ်နိုင်ခြင်းသည်။ ဟောတိ၊ မုချမသွေ ဖြစ်ပေ၏။ လောကုတ္တရကုသလဿ၊မဂ်ကုသိုလ်များ၏။ အသမ္ဘဝေါ၊ မဖြစ်နိုင်ခြင်းသည်။ ပဂေဝ၊ အဘယ်ဆိုဘွယ်ရာ ရှိနိုင်ပါအံ့နည်း။ နဟောတိဧဝ၊ မဖြစ်နိုင်တော့သတည်း။

အဋ္ဌကထာ ဋီကာတို့၌ ပြည့်ပြည့်စုံစုံ ဖွင့်ပြထားသည်ကို ယုံကြည်ပြီးတော့ အဆင့်အတန်းမှီ သမာဓိ ရအောင် ရပြီးသား သမာဓိကို မပျောက်ပျက်အောင်ထက်သန်သော ဝီရိယဖြင့် ကြိုးစားပွားများရ၏၊ ဥပစာရ သမာဓိဖြစ်စေ အပ္ပနာ သမာဓိဖြစ်စေ ကင်းကွာ ပြီးတော့ လောကီ

လောကုတ္တရာ စည်းစိမ်မျိုးစုံ မရနိုင်ပါလားဟု ယုံယုံ ကြည်ကြည် စွဲစွဲမြဲမြဲ မှတ်သားထား၍ အထက်ပါ သမာဓိ နှစ်ပါးတို့၏ ရန်သူကြီးဖြစ်သော နီဝရဏငါးပါး ကင်း ကွာအောင် အထူးပင်သတိထားရပေလိမ့်မည်။

မြူစင်သော စိတ်ဓာတ်ကို နီဝရဏတရား လွှမ်းခြုံ ပိတ်ဆို့နေပါက ကောင်းသော အလုပ်ဟူသမျှ မဖွံ့ဖြိုး နိုင်ပေကုန်၊ အမှားကိုအမှန်ပြုလုပ်ပြောဆိုတတ်၏၊အမှန်ကို အမှား ပြုလုပ်ပြောဆိုတတ်၏၊ဘုရားရှင်လက်ထက်တော်က နီဝရဏတရား ဗောဇ္ဈင်တရားများကိုတဦးသောပုဏ္ဏားအား ဟောကြားထားသည်မှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

(၁) ပုဏ္ဏားအမေးပုစ္ဆာ

အရှင်ဘုရား တခါတရံ ရှေးကသင်ကြားထားသော အတတ်ပညာများသည် ရွတ်ဘတ် သရဇ္ဈာယ် သင်အံ လေ့ကျက် နေသော်လည်း ဉာဏ်၌ မထင်ရှား ပါကုန်၊ ရွတ်ဘတ်သရဇ္ဈာယ်မှု မပြုပါကအဘယ်မှာလျှင်ဆိုဘွယ်ရာ ရှိပါတော့ အံ့နည်းဟု ဤသို့ဖြစ်ရခြင်း၏ အကြောင်း မှန်သည် အဘယ်ပါနည်းဟု လျှောက်ထားပေသည်။

(၂) ပုစ္ဆာပုဏ္ဏားအမေး

အရှင်ဘုရား တခါတရံ သင်ကြားထားသော အတတ် ပညာများသည် မရွတ်ဘတ် မလေ့လာသော်လည်း အသိ ဉာဏ်၌ ထင်ရှားပါကုန်၏၊ ရွတ်ဘတ်သရဇ္ဈာယ် လေ့လာ ပွားများပါက အဘယ်မှာလျှင် ဆိုဘွယ်ရာ ရှိပါအံ့နည်း။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းမှန် တရားသည် အဘယ် ပါနည်းဟု လျှောက်ထားမေးမြန်းလေ၏။

## (၁) အမေး၏ ဗုဒ္ဓအဖြေ
### ကာမစ္ဆန္ဒ နီဝရဏအဖွင့်

အကြင်အခါကာလ၌ ကာမရာဂသည် ထကြွ သောင်းကျန်းသည်ဖြစ်၍ ယှဉ်အပ်သော ကာမရာဂသည် အစဉ်လိုက်အပ်သော စိတ်ဖြင့်နေ၏၊ ဖြစ်ပေါ်လာသော ကာမရာဂ၏ ထွက်မြောက် ကြောင်းကို ဟုတ်မှန်သော အတိုင်းမသိ ထိုအခါ မိမိအကျိုးစီးပွားကိုလည်း ဟုတ်မှန်သောအတိုင်း မသိမမြင် နှစ်ပါးစုံတို့၏ အကျိုးစီးပွားကိုလည်း ဟုတ်မှန်သောအတိုင်း မသိမမြင် ရှေးအခါက သင်ကြားထားကုန်သော အသိပညာတို့သည် ရွတ်ဘတ် သရဇ္ဈာယ် နေကုန်သော်လည်း ဉာဏ်အားမထင်ရှားကုန် မရွတ်ဘတ်ပါလျှင် အဘယ်မှာ ဆိုဘွယ်ရာ ရှိနိုင်တော့ အံ့နည်း။ မေ့ပျောက်ကုန်နိုင်တော့သည်သာတည်း။

ဥပမာအားဖြင့် ထင်ရှားစွာဟောပြရသော် အနီရောင်၊ အပြာရောင်၊ အနက်ရောင် ဆေးမှုန့်တို့ဖြင့် ရောစပ်ထားသော ရေခွက်၌ရှိသောရေကို မျက်စိအမြင်နှင့် ပြည့်စုံသော ယောကျ်ားသည် မိမိ၏မျက်နှာ၌ ဘာတွေရှိတယ်ဆိုတာကို သိနိုင်ရန် ရေပြင်ကို ကြည့်ရှုဆင်ခြင်သည်ရှိသော် ဟုတ်မှန်သောအတိုင်းမသိနိုင် မမြင်နိုင်ပေကုန်၊ ဤဥပမာ အတူသာလျှင် ရာဂထကြွ သောင်းကျန်းသော စိတ်ဖြင့်နေထိုင်သောသူသည် ရာဂ၏ထွက်မြောက်ကြောင်း လမ်းမှန်ကို ဟုတ်သောအတိုင်းမသိမမြင်၊ ရှေးကသင်ကြားထားသော ပညာတို့သည် အောက်မေ့ဆင်ခြင်ရွတ်ဘတ် သရဇ္ဈာယ်မှု ပြုကုန်သော်လည်း အသိဉာဏ်အား ထင်ရှား မလာနိုင်ကုန်၊

မအောက်မေ့ မဆင်ခြင် မတွေးတောပါမူကား အဘယ်မှာ ဆိုဘွယ်ရာ ရှိနိုင်တော့ပါအံ့နည်း။

ဤသို့ အားဖြင့် ကာမစ္ဆန္ဒနီဝရဏ ဖုံးလွှမ်း ပိတ်ဆို့ မြှေးရှက် ကာကွယ်နိုင်ပုံကို အသိဉာဏ် မျှော်ခေါ်၍ အာရုံ ခြောက်ပါးတိုင်းမှာ သိရှိရာ၏။

မှတ်ချက်။ ။ကာမစ္ဆန္ဒနီဝရဏ၏ ထွက်မြောက်ကြောင်း တရားမှန်သည် အသုဘအာရုံ သမာဓိ ဝိက္ခမ္ဘန ပဟာန်နှင့် ဝိပဿနာဉာဏ်ဟူသော တဒင်္ဂပဟာန် များသည် ကာမတရားမှ ကင်းဝေး လွတ်မြောက် ကြောင်းဖြစ်ပေကုန်၏။ ။အဋ္ဌကထာ။

## ဗျာပါဒ နီဝရဏ အဖွင့်

အကြင်အခါ၌ ဖောက်ပြန် ခြင်းသို့ ရောက်နိုင်သော ဗျာပါဒသည် ထကြွသောင်းကျန်းသည်ဖြစ်၍ ယူအပ်သော ဗျာပါဒသည် အစဉ် လိုက်အပ်သော စိတ်ဖြင့်နေ၏၊ ဖြစ် ပေါ်လာသော ဗျာပါဒ၏ ထွက်မြောက်ကြောင်းကို ဟုတ် မှန်သောအတိုင်း မသိ၊ ထိုအခါ မိမိသူတပါး အကျိုး များကို မသိမမြင်တော့ပေ၊ သင်ကြားအပ်သော အသိ ပညာတို့ သည်ပင်း မေ့ပျောက် ကုန်သည် ဖြစ်၍ အသိ ဉာဏ်၌ မထင်ရှားတော့ကုန်။

ဥပမာအားဖြင့်ဆိုရသော် ဆူပွက် အခိုးအလျှံ ထနေ သောရေနွေးပူ၌ မျက်စိ ကောင်းသူသည် မိမိ၏ မျက်နှာ ရိပ်ကိုကြည့်ရှု ဆင်ခြင်သည်ရှိသော် ဟုတ်တိုင်းမှန်စွာ မသိ မမြင်နိုင်ရာ၊ ဤဥပမာအတူသာလျှင် ဗျာပါဒ ထကြွသောင်း

ကျွန်း၍ ဗျာပါဒတိစီးလွှမ်းမိုး ခံနေရသောစိတ်ဖြင့်နေသော သူသည် ဗျာပါဒ၏ထွက်မြောက်ကြောင်း အမှန်တရားကို မသိမမြင်နိုင်ကုန်၊ မိမိသူတပါး၏ အကျိုးစီးပွား ရှိမရှိကို လည်း မသိနားမလည်နိုင်ပေကုန်၊ သင်ကြားထားဘူးသော ပညာတို့သည် ရွတ်ဘတ်သရဇ္ဈာယ်နေသော်လည်း ဉာဏ်၌ မထင်ရှားကုန်။

မှတ်ချက်။ ။ဗျာပါဒ ထွက်မြောက်ကြောင်း။ ဗျာပါဒ ကင်းဝေးကြောင်း တရားများသည် မေတ္တာ သမာဓိ ဝိက္ခမ္ဘနပဟာန်နှင့် အနာဂါမိမဂ်ဉာဏ် သမုစ္ဆေဒပဟာန် များသည် ဗျာပါဒ ကင်းဝေး ကြောင်း သမာဓိလုပ်ငန်း ပညာလုပ်ငန်းများ ဖြစ် ပေကုန်၏။ ။အဋ္ဌကထာ။

### ထိနမိဒ္ဓနီဝရဏအဖွင့်

အကြင်အခါ၌ စိတ်ဓာတ်လေးလံ ထိုင်းမှိုင်းသော ထိန မိဒ္ဓသည် ထကြွ သောင်းကျန်း၍ စိတ်သည် ထိနမိဒ္ဓသို့ အစဉ်အမြဲလိုက်၍နေ၏၊ ထိနမိဒ္ဓ၏ ထွက်မြောက်ကြောင်း ကိုလည်း ဟုတ်မှန်တိုင်းမသိ၊ ထိုအခါမျိုး၌ မိမိသူတပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားမျိုးစုံကို မသိ နားမလည်နိုင် ပေကုန်၊ ကြာမြင့်သော အချိန်အခါက သင်ကြားသော ပညာရပ်များသည် ရွတ်ဘတ်အောက်မေ့ နေသော်လည်း ဉာဏ်အား မပေါ်လွင် မထင်ရှားနိုင်ကုန်၊ ဗျာပါဒ နီဝရဏ ဖုံးဖိထားသောကြောင့်တည်း။

ဥပမာ ထင်ရှားအောင်ပြရသော် ရေညှိ ရေမှော်တို့ဖြင့် ပိတ်ဆို့ ဖုံးကာနေသော ရေခွက်ကို မျက်စိကောင်းသော

လူတယောက်သည် မိမိ၏မျက်နှာရိပ်ကို ကြည့်ရှု ဆင်ခြင်သော် ဟုတ်မှန်တိုင်းမသိနိုင်ရာ။

ဤဥပမာအတူသာလျှင် ထိနမိဒ္ဓ ထကြွ သောင်းကျန်း နှိပ်စက်နေပါက ထိနမိဒ္ဓ၏ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း မသိနိုင်ပေကုန်၊ မိမိသူတပါး အကျိုးတရားများကိုလည်း ဟုတ်မှန်တိုင်း မသိနိုင်ပေကုန်၊ သင်ကြားဘူးသောပညာတို့သည် ဟုတ်မှန်တိုင်း မသိနိုင်ကုန်။

မှတ်ချက်။ ။ဥပစာရ အပ္ပနာသို့ ရောက်နေသော သမထအာရုံ၌ ရှိသော အရောင်အလင်း မှတ်ထင်နိုင်မှုသည် ဤနေရာ၌ ထိနမိဒ္ဓကို ကင်းပျောက်စေနိုင်၏၊ ထိနမိဒ္ဓ၏ ထွက်မြောက်ကြောင်း ဖြစ်၏၊ အဂ်ုတ္တိုရ်၌ ကျယ်ဝန်းစွာလာ၏။

## ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏအဖွင့်

အကြင်အခါ၌ တုန်လှုပ် ပျံ့လွင့်ခြင်းဟူသော ကုက္ကုစ္စသည် ထကြွသောင်းကျန်း၍ စိတ်ကိုလွှမ်းမိုး ဖိစီး နှိပ်စက်နေပါလျှင် ဥဒ္ဓစ္စကုက္ကုစ္စတို့၏ ထွက်မြောက် ကြောင်းကိုလည်း မသိ မိမိသူတပါး အကျိုးစီးပွားများကိုလည်း ဟုတ်မှန်သော အတိုင်း မသိမမြင် ကြာမြင့်စွာက သင်ကြားထားသောပညာများသည် ရှတ်ဘတ် သရဏ္ဍာယ် အောက်မေ့ ဆင်ခြင်နေသော်လည်း အသိဉာဏ် မထင်ပေါ်လာနိုင်ကုန်။

ဥပမာအားဖြင့် ပြဆိုရသော် လေတိုက်ခတ် အပ်သည်ဖြစ်၍ အထူးသဖြင့် တုန်လှုပ်လှိုင်းထ နေသော ရေပြင်၌

မျက်စိ ကောင်းသော ပုဂ္ဂိုလ်သည် မိမိ၏ မျက်နှာရိပ်ကို ကြည့်ရှု ဆင်ခြင်ခဲ့သော် ဟုတ်တိုင်း မှန်စွာ မသိနိုင်ရာ၊ ဤဥပမာ အတူသာလျှင် ဥဒ္ဓစ္စကုက္ကုစ္စ နှိပ်စက်နေသူတို့၌ ကိစ္စအားလုံး၌ ဟုတ်တိုင်းမှန်စွာ မသိနိုင် မမြင်နိုင်ကုန်၊ သင်ကြားထားသော ပညာတို့သည် ဥဒ္ဓစ္စ ကုက္ကုစ္စ တို့၏ အရှိန်အဝါကြောင့် ညဏ်၌မထင်နိုင်ကုန်။

မှတ်ချက်။ ။သမထ အာရုံတခုခုသည် ဥဒ္ဓစ္စ ကုက္ကုစ္စ တို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်နိုင်၏၊ အထူးအားဖြင့် ဥဒ္ဓစ္စကို အရဟတ္တမဂ်ဖြင့် ပယ်၍ ကုက္ကုစ္စကို အနာဂါမိမဂ် သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်နိုင်၏၊ တချို့နေရာ၌ အရဟတ္တမဂ်ဖြင့် ပယ်၏ဟု ဖွင့်ထားသည်။

## ဝိစိကိစ္ဆာ နီဝရဏအဖွင့်

အကြင်အခါ၌ ယုံမှားမှုဝိစိကိစ္ဆာသည် ထကြွသောင်းကျန်းသည်ဖြစ်၍ စိတ်သည် ဝိစိကိစ္ဆာ၏ လွှမ်းမိုး ခြင်းကို ခံနေရပေတယ်။

ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်မှန်သောအတိုင်း မသိ ထိုအခါ၌ သိအပ်ဘွယ်ရာတို့ကို မသိမမြင်နိုင်ပေကုန်၊ ကြာမြင့်စွာ သင်ကြားထားဘူးသော ပညာ များသည်လည်း အသိ ညဏ်၌ ပေါ်လွင်မလာကုန်။

ဥပမာအားဖြင့်ပြဆိုရသော်–မသန့်ရှင်း မကြည်လင်မှု၍ အမှောင်ခန်းတွင်းမှာ ချထားအပ်သော ရေခွက်၌ မျက်စိ

ကောင်းသူသည် မိမိ၏မျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ရာ၊ ဤဥပမာ အတူသာလျှင် ဝိစိကိစ္ဆာ ဖိစီးနှိပ်စက် ခံနေရသော ပုဂ္ဂိုလ် များသည် အကျိုးများစွာ ဆုတ်ယုတ် နစ်နာနိုင်ပေ၏၊ သင်ကြား ဆည်းပူးသမျှ ပညာတို့သည်လည်း မေ့ပျောက် ကုန်စင် ညဏ်၌မထင်ကုန်။

## ဗောဇ္ဈင်ခုနစ်ပါး၏အစွမ်းသတ္တိ

ပညာညဏ်ကို မဝိတ်ဆို့တတ် ကုန်သော စိတ်ကို မမြေးရှက် မတွယ်တာ မကပ်ငြိတတ်ကုန်သော စိတ်၏ ညစ်ညူးခြင်းကို မပြုတတ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါးကို ကြိမ်ဖန်များစွာ ပွားများအပ်ကုန်သည်ရှိသော် ကြိမ်ဖန် များစွာ လေ့လာအပ်ကုန်သည်ရှိသော် စိတ်၌ ပိတ်ဆို့ ကာကွယ် မြေးရှက် တွယ်တာငြိကပ်တတ်၍ စိတ်၏အညစ် အကြေး အနှောင့်အယှက် နီဝရဏတရား သူပုန်ရန်သူ၏ အမှုအရာများကို နေဝန်းကြီးများ လဝန်းကြီးများ ထွက် ပေါ်လာသည်အလား ထွားထွားညက်ကြေ ကင်းပျောက် စေ၍ ငွါးငွါးစွင့်စွင့် တင့်တင့်တယ်တယ်ပင် စိတ်ဓာတ် အစဉ်၌ အသိညဏ်ရောင် ထွန်းလင်းတောက်ပြောင် စေနိုင် ပြီးလျှင် ဗောဇ္ဈင် တရားကို ပွားများ ရခြင်း ဟူသော အကြောင်းကြောင့် စိုးရိမ်ပူပန်မှု ကင်းဝေး၍ စိတ်ဆင်းရဲမှု ကင်းပျောက်ပြီးလျှင် ချမ်းသာခြင်းအထူးသို့ ရောက်ကြရတဲ့ အကြောင်းအရာ များမှာဆိုလျှင် ပါဠိတော် ကြီးများ၌ ထင်ရှားလှသော အကြောင်းအရာတွေသည် အလွန်ပင် ပေါများလှပေကုန်သည်။

သာဝတ္ထိပြည်၌ မင်္ဂမျိုးစေ့ ဖိုလ်မျိုးစေ့ ကုသိုလ်ကံပြည့်စုံလုံလောက်နေသော ကိသာဂေါတမီဆိုသော အမျိုးသမီးတဦး ထင်ရှားရှိပေတယ်၊ ကိသာဂေါတမီ ဆိုသော အမျိုးသမီး၌ ချစ်လှစွာသော သားကလေးတယောက်ရှိပေတယ်၊ သားကလေးကို ယုယုယယဖြင့်လိုလိုလားလားပင်ပြုစုလုပ်ကျွေးနေသော အချိန်၌ မမြော်လင့်ဘဲ ပေါ်ပေါက်လာသော ရောဂါတခုကြောင့် ဘဝတပါးသို့ ကူးပြောင်းသေလွန်သွားရပေတယ်။ ထိုအခါ အမေဖြစ်သော မုဆိုးမကိသာဂေါတမီမှာဆိုလျှင်အလွန်ပူပြင်းတဲ့သောကပရိဒေဝမီးတောက် မီးလျှံကြီး များသည် လောကဓံ တရား၏လေဟုန်က ပင့်မြှောက် ပေးမှုကြောင့် တဟုန်းဟုန်းတောက်လောင်နေမည်မှာ စဉ်းစားတွေးခေါ် ကြည့်ပါကသိသာ ထင်ရှားနိုင်ပေတယ်၊ ဤသောက ပရိဒေဝမီးကိုကုစားနိုင်ရန်မှာ ဗောဇ္ဈင် မဂ္ဂင်တရားများသာ ဖြစ်နိုင်ပေလိမ့်မည်၊ ဗောဇ္ဈင် မဂ္ဂင်များမှတပါး အခြားအားထားရာအကြောင်းတရား မရှိနိုင်ပါချေ။

ကိသာဂေါတမီမှာဆိုလျှင်သားသေကိုချီပိုက်၍သာဝတ္ထိမြို့တွင်းသို့ လှည့်လည်ပြီးတော့ သားသေကို ရှင်အောင်ဆေးကု ပေးကြပါပါဟု လူတွေ့တိုင်း အကူအညီ စကားပြောကြားနေပေတော့၏။ အချို့သူများကလည်း သေသူကိုရှင်အောင် ဘယ်သူတတ်နိုင်မလဲ သေသူကို ဆေးကုရန်ပြောစကားသည် စိတ်မနှံ့သူတို့၏ စကားမျိုးသာ ဖြစ်ရပေမည်၊ အမှန်စင်စစ်အားဖြင့်လည်း လောဘရူး ဒေါသရူးမောဟရူး မာနရူးစသောအားဖြင့် ရပ်ရူး နာမ်ရူးအမျိုးမျိုး

ရှိနေရာတွင်ကိသာဂေါတမီ၏ ဖြစ်ပုံဖြစ်ဟန်သည်သောက ရှူး နာမ်ရှူးသာဖြစ်၍စိတ်ဖောက်ပြန်စိတ်မကောင်းသူ အရူး အနှမ်းဆိုလျှင်လည်း အမှန်ပင် ရူနေသူ ဖြစ်ပေတယ်။ တွေးခေါ်မြော်မြင် အသိပညာရှင် ပုဂ္ဂိုလ်တချို့ကတော့ သေသူကို ရှင်အောင် ပြုနိုင်သူသည် ရှင်တော်ဂေါတမ ဘုရား ဖြစ်ပေတယ်။

ရှင်တော် ဂေါတမထံ သွားပါက မသေရာဆေးကို အမှန်ပင်တိုက်ကျွေးနိုင်သူ ဖြစ်ပေလိမ့်မည်ဟုအကြံကောင်း ဉာဏ်ကောင်း စကားများကို ကူညီတဲ့အနေဖြင့် ကိသာ ဂေါတမီ သောကရူးကို အထူးမေတ္တာထား၍ ပြောကြား လိုက်တယ်၊ ထိုအခါ ကိသာဂေါတမီမှာ ဆိုလျှင် အဘိုး မဖြတ်နိုင်သောရတနာဥစ္စာတွေကိုကောက်ရသည့်အလား အလွန်တရာပင် ဝမ်းမြောက်ကြည့်နူးစွာဖြင့် ခပ်သုတ်သုတ် ခပ်မြန်မြန်ပင် ဇေတဝန်ကျောင်းတော်သို့ သွားသောအခါ ရှင်တော်ဘုရား တရားဟောခိုက်မှာပင် မသေရာဆေးကို ရရာရကြောင်းအတွက် တပည့်တော်မ၏ ချစ်လှစွာသော သားကလေးအတွက် မသေရာဆေးကို ပေးတော်မူပါ ဘုရားဟု လျှောက်ထားပေတယ်။

ထိုအခါ နည်းပရိယာယ်၌ အလိမ်မာဆုံး ဖြစ်သော ရှင်တော်ဘုရားသည် မသေရာဆေးကို ငါပေးနိုင်သူဖြစ် ပေတယ်၊ ချစ်သမီးသားကလေးသည် အသက်ရှင်လိုပါက လူမသေဘူးသောအိမ်က မုံညင်းဆံတဆုပ်ကို ရှာဖွေယူခဲ့ ရမယ်၊ အဲဒီမုံညင်းဆံတဆုပ်ကို အရင်းခံ၍ ဆေးစီမံ ပြုလုပ်တိုက်ကျွေးလိုက်ပါလျှင် ချစ်သမီး၏သားကလေးမှာ

အဘယ်မှာ အသက်မရှင်ဘဲ၊ နေပါမလဲ အသက်ရှင်၍ လာနိုင်ပေတယ်ဟု အလွန်ဝမ်းမြောက်စရာ အနှစ်သက်ဆုံး စကားကို အားရပါးရ ပြောကြားလိုက်ပေတယ်။ ထိုအခါ သားကလေးတော့ အသက်ရှင်တော့မှာဘဲ ဆိုပြီးတော့ သားကလေးကို ရင်ခွင်ပိုက်၍ လူမသေဘူးသောအိမ်ကို မေးမြန်းရှာဖွေ၍ မုံညင်းဆံတဆုပ်ကို တောင်းလေရာ မုံညင်းဆံပင် ရှိသော်လည်း လူမသေဘူးတဲ့အိမ် မရှိဘူးတဲ့။

ထိုအခါ ဘဝသံသရာများစွာက ဖြည့်ဆည်းပူးလာတဲ့ အတိတ်ပါရမီ ကံမျိုးစေ့က တိုက်တွန်း နှိုးဆော်မှုကြောင့် မသေဘူးတဲ့အိမ်ဆိုတာ မရှိပါလား၊ သားရှိလျှင် သားသေရတယ်၊ သမီးရှိလျှင် သမီးသေရတယ်၊ လင်ရှိလျှင် လင်သေရတယ်၊ အမေရှိလျှင် အမေသေရတယ်၊ အဖေရှိလျှင် အဖေသေရတယ်၊ အဘိုးအဖွားရှိလျှင် အဘိုးအဖွားသေရတယ်၊ မြေးရှိလျှင် မြေးသေရတယ်၊ သေမှုသဘောတရား ဆိုဒါ တယောက်ပိုင် မဟုတ်ပါလား၊ တဆွေ တမျိုး လောက်သာ သက်ဆိုင်တဲ့ သဘော မျိုးလည်း မဟုတ်ပါလား၊ တရပ်ကွက်လောက်သာ သက်ဆိုင်တဲ့ သဘော မျိုးလည်းမဟုတ်ပါလား၊ တမြို့ထဲသာ သက်ဆိုင်တဲ့သဘော မျိုးလည်း မဟုတ်ပါလား၊ တနိုင်ငံတည်းသာ သက်ဆိုင်တဲ့ သဘောမျိုးသာ မဟုတ်ပါလား၊ အများနှင့်သက်ဆိုင်တဲ့ အများပိုင် သဘောမျိုးသာ ဖြစ်ပေကြောင်းကို ကောင်း ကောင်းကြီး သဘော ပေါက်၍ အသိမှန် အမြင်မှန် တွေးခေါ်တတ်လာသည်။

ထိုအခါ သာဝတ္ထိပြည် အပြင်သို့ထွက်၍ သားအပေါ်၌ မတွယ်တာ မကပ်ငြိသောစိတ်ဖြင့် သုသာန်သင်းချိုင်း၌ စွန့်ပစ်ထားပြီးလျှင် ကျောင်းတော်သို့ ဝင်ပြီး၍ ဘုရားကို ရပ်လျက်ရှိခိုးနေတယ်။ ချစ်သမီးကိသာဂေါတမီ လူမသေ ဘူးသေးသော အိမ်မှမုံညင်းဆံရပါရဲ့လားဟု မေးမြန်း ပြောဆိုသောအခါ တပည့်တော်မ၏သား အသက်ရှင်မှုကို လည်း မလိုလားတော့ပါဘူးဘုရားဟု လျှောက်ထားသော အခါ အောက်ပါတရားစကားကို ချီသာသောအသံဖြင့် ဟောကြားတော်မူပေတယ်။

> နဂါမဓမ္မော၊ နေဝနိဂမဿ ဓမ္မော၊ နစာပိယံ ဧက ကုလဿ ဓမ္မော၊ သဗ္ဗဿ လောကဿ သဒေဝ ကဿ၊ ဧသော ဓမ္မော ယဒိဒံ အနိစ္စတာ။ ယောစ ဝဿသတံဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။ ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယဒိဒံယာအယံ အနိစ္စတာ၊ အကြင်ဖြစ်ပျက်မမြဲ ဖောက် လွဲမသေ့ သေရခြင်းဆိုတဲ့ အနိစ္စလက္ခဏာ သဘောတရား သည်။ နဂါမဓမ္မော၊ တရွာတည်း၏ သဘောတရားလည်း မဟုတ်ပေ။ နေဝနိဂမဿဓမ္မော၊ နိဂုံးတခု၏ သဘော တရားသည်လည်းမဟုတ်ပေ။ အယံ၊ ဤသေရခြင်း အနိစ္စ သဘောတရားသည်။ နစာပိဧကကုလဿဓမ္မော၊ တဆွေ တမျိုး၏ သေခြင်း သဘောမျိုးလည်းမဟုတ်။ ဧသော ဧသောဝေ၊ ဤသေရခြင်း အနိစ္စသဘော တရားသည်သာ လျှင်။ သဗ္ဗဿ၊ သုံးဆဲ့တဘုံ အလုံးစုံသော။ သဒေဝကဿ၊ နတ်ပြဟ္မာတို့နှင့် တကွဖြစ်သော။လော-ကဿ၊ သတ္တလော

က၏။ ဓမ္မော၊ ဖောက်ပြန်မလွဲ သေရမြဲ ဓမ္မတာပင်တည်း။
။ ။ယော၊ အကြင်သူသည်။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ အပဿံ အပဿန္တော၊ မတွေ့မြင်သည်။ဟောတိ၊ ဖြစ်၏။ သော၊ ထိုဖြစ်ပျက်ကိုမတွေ့မြင်သေးသောသူသည်။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေဝိ၊ အသက်ရှင်နေရသော်လည်း။ နသေယျော၊ မမြတ်သည် သာတည်း။

ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ ပဿတော၊ တွေ့မြင်နေရသောသူ၏။ ဧကာဟံ၊ တနေ့တရက်မျှ။ ဇီဝိတံ၊ အသက်ရှင်ရခြင်းသည်။ သေယျော၊ လောကီ အမြတ်တကာတို့တက် အမြတ်ဆုံး ဖြစ်တော့ သည်သာတည်း။ ဤတရား ဒေသနာကို နာကြားရသော အမျိုးသမီးကိသာဂေါတမီ၏ နှလုံးအိမ်တွင်း၌ ဘဝများစွာသံသရာကကိန်းဝပ်တည်နေလာတဲ့ အပါယ်မျိုးစေ့ ဖြစ်ကြကုန်သော အာရုံခြောက်ပါးအပေါ်၌ အသိမှား အမြင်မှား နေတဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ တရားဆိုးနှစ်ပါးသည် ကင်းပြတ်ချုပ်ငြိမ်းရပ်သိမ်းသွားပေတော့၍ လောကရတနာ မျိုးစုံတို့ထက် အမြင့်မြတ်ဆုံးဖြစ်ပေသော သောတာပတ္တိမဂ်ဉာဏ်ခေါ်တဲ့ မရဘူးသေးသောအသိဉာဏ်ရတနာကိုရရှိသွား၍ အပါယ်ဒုက္ခခပ်သိမ်းမှ အေးငြိမ်းစွာနေရပေပြီ။ ဤပြဆိုအပ်ခဲ့ ပြီးသောအတိုင်း ဗောဇ္ဈင်တရားကို လိုလိုချင်ချင် ထက်ထက်သန်သန်ပွားများပါလျှင် စိုးရိမ်ကြောင့်ကြမှု စိတ်နှလုံးမသာယာမှု စိတ်ဆင်းရဲမှုကင်းဝေး၍ မအိုရာမသေရာ နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်ပါကလားဟု အောက်မေ့ကြည်နူးပြီးလျှင် အထူးအားဖြင့် ဗောဇ္ဈင်တရားကို ပွားများရာ၏။

လူနည်းစုခေါ် တိက္ခပညာပုဂ္ဂိုလ်အကြိုက်

# (၁) မေ္ဃာနုပဿနာတရားတော်

၁၃၃၁-ခု ဝါဆိုလပြည့်ကျော်(၈)ရက်နေ့တွင်
ဟောကြားသည်

၁။ လူများစုကြီးသည် အသုံးချ၍မရသော ကိစ္စနှင့် အချိန်ကို ရေးကြီးခွင့်ကျယ် အနေနှင့်အသုံးပြုနေကြပြီးလျှင် အသုံးချရမည့်ကိစ္စနှင့် အချိန်တွေကိုတော့ အသုံးမချဘဲ ဖြုန်းတီးနေကြသည်။

**ဆောင်ပုဒ်။** ။လူများခပင်း, မှားယွင်းနေပုံ၊
မလိုအပ်လှ, ကိစ္စချိန်ကုန်၊
လိုအပ်ကိစ္စ, ကာလဖုံဖုံ၊
စွန့်ပယ်ဖြုန်း, လုံးလုံးမှောက်မှားကုန်။

ရှင်းလင်းချက်။ ။လူ့လောကသား အားလုံးတို့သည် ဇာတိကာလနှင့် မရဏကာလ နှစ်ကိစ္စတို့ကို အသုံးချ၍လည်းမရ ချလည်း မချနိုင်ပါလျက် မွေးဖွားမှုကိစ္စနှင့် သေလွန်မှုကိစ္စနှစ်ဝတို့ကို ငွေကုန်ခံခြင်း ချွှထွင်ခြင်း အမှတ်အသား အမျိုးမျိုးပြုလုပ်ခြင်းတို့ဖြင့် ဖြုန်းတီးမှုကို အင်တိုက်အားတိုက်ပြုလုပ်ပြီး ပြုလုပ်ဆဲ ပြုလုပ်လတ္တံ့တို့မှာ အတောသတ်မည် မဟုတ်နိုင် တော့ပေဟု ဆိုလိုခြင်း တချက်၊ အထက်ပါ မွေးဖွားချိန်နှင့်သေလွန်ချိန်နှစ်ချိန်မှကြွင်းသော ဘဝတလျှောက်လုံးအတွင်းရှိ အချိန်များနှင့် ပြုလုပ်သင့်

သည့် ကိစ္စများကိုကား မပြုလုပ်ကြဘဲ ဖြုန်းတီးနေကြသည်ကို တွေ့နေရပေသည်၊ အတိုချုပ်ဆိုလိုရင်းမှာ–

၁။ အသုံးချ၍မရသောကိစ္စနှင့်အချိန်ဆိုသည်မှာဇာတိကိစ္စကာလနှင့် မရဏကိစ္စကာလ နှစ်ခုတို့ကို ဆိုလိုသည်။

၂။ အသုံးချ၍ရသောကိစ္စနှင့် အချိန်ဆိုသည်မှာနံပါတ်(၁)လာ ကိစ္စနှင့်ကာလတို့မှ ကြွင်းကျန်သမျှ ကိစ္စကာလဟူသမျှကို ဆိုလိုသည်။

## ကိစ္စနှင့်ကာလကို အသုံးချနည်း

အချိန်အားဖြင့် ပိုင်းရသော် ဇာတိကာလနှင့် မရဏကာလ အတွင်းရှိ ကာလခေါ် အချိန်ဟူသမျှကို မိမိတို့အတွက် အမှိုက်သရိုက် အချိန်မျိုးနှင့် အနှစ်မဲ့ အချိန်မျိုးမဟုတ်ဘဲ ရွှေ၊ငွေရတနာစသော ရတနာဆယ်မျိုး အချိန်နှင့် အတိုးမဖြတ်နိုင်သည့် အနဂ္ဃသာရခေါ် အဆီ အနှစ်အချိန်မျိုးဖြစ်ပြီးရှိလာအောင် အသုံးချတတ်ဘို့နှင့် အသုံးချမိဘို့ လိုပေသည်။ ဤ၌ ချတတ်နှင့် ချမိဆိုသော ဗမာစကားနှစ်ပိုဒ်၏ အဓိပ္ပါယ်ခြားနားပုံ လေးနက်ပုံကို ခွဲခြားသိဘို့လိုပြန်သည်၊ လိုပုံကတော့ အသုံး ချတတ် ပေမည့်သတိနှင့်ပညာတို့ကို အကူအညီမယူမိလျှင် အသုံးမချမိဘဲဖြစ်တတ်သည်၊ ဤအရ ချတတ်စေကာ ကွက်လပ် မရှိ၊ ချမိအောင်က ပို၍အရေးကြီးလှသဖြင့် ကွက်လပ်မရှိ၊ မိနစ်စက္ကန့်တိုင်း ချမိနေပြီးဖြစ်နေအောင် သတိနှင့်သမ္ပဇဉ်ခေါ် ဉာဏ်ပညာသိ တွဲစပ်မိအောင် အထူးလိုလှပေသည်။

## ကွက်လပ်မရှိ အရရှင်းလင်းချက်

တနေ့၌ နှစ်ဆဲ့လေးနာရီ ရှိသည့် အနက် ရှေ့နာရီနှင့် နောက်နာရီအကြား အခြားမရှိအောင် ဒလစပ် အချိန်ကို အသုံးပြုလိုခဲ့မူ မိနစ်မျှဖြင့် မရနိုင်သေးဘဲ တဒက်ဒက်နှင့် ကွက်လပ်မရှိပြနေသည့် စက္ကန့်အချိန်ဟူသမျှကို အလွတ်မရှိစေဘဲဒလစပ်အသုံးပြုနိုင်ပါမှ သာလျှင်ကွက်လပ်မရှိ အသုံးချမိသည်ဟူ၍ ဆိုလိုပါသည်။ ယင်းကွက်လပ်မရှိ ဒလစပ်အချိန့်ကို သုံးနိုင်ရေးမှာ သတိခေါ်ဓမ္မလက်နက်ကို အသိဥ္စိရိယကော်နှင့် အာတာပီခေါ် ဇွဲသန်သန်ဖြင့် ကပ်ထားနိုင်ပါမှသာလျှင် အချိန်ကို ဒလစပ်သုံးနိုင်မည်၊ ဤ၌အချုပ်ဆိုလိုရင်းကား အချိန်ကို အကျိုးအမြတ် ထွက်အောင် ကွက်လပ်မရှိ ဒလစပ်အသုံးပြုလိုသူ ဟူသမျှမှာ သတိ ဓမ္မလက်နက်ကို ခိုင်မြဲစွာယူစွဲပြီး အသုံးချတတ် အောင်နှင့် ချမိအောင် အသုံးပြုပါဟု ဆိုလိုသည်၊ ဒေသနာညွှန်း အတိုင်းဆိုပါက သတိပဋ္ဌာန်ဓမ္မနှင့် သမ္မပဓာန် ဓမ္မတို့ကို တွဲ၍ပေးရသည်။

### အသုံးချတတ်အရ ရှင်းလင်းချက်

အသုံးချတတ် ဆိုသည်မှာ အသုံးချစရာတွေကို ချတတ်သော အတတ်ပညာ တတ်မှုကိုဆိုသဖြင့် ချတတ်လိုသော်-

၁။ သပ္ပုရိသူပနိဿယ။
၂။ သဒ္ဓမ္မဿဝန။
၃။ ယောနိသော မနသိကာရ။
၄။ ဓမ္မာနုဓမ္မပဋိပတ္တိ။

ဤ အင်္ဂါလေးပါး၏ သဘောကို သိနားလည်အောင် သင်ယူထားမှုကို အသုံးချတတ်သည်ဟု ဆိုသည့် အဲဒီဟာကိုပင် ပရိယတ္တိကိစ္စ ပရိယတ္တိအတတ် ဟုလည်းခေါ်သည်၊ အထက်ပါ ချမိအရကိုကား ပဋိပတ္တိ ကိစ္စကို ခေါ်သည်။

## ချမိအရ လုပ်ကွက်ချပြပုံ

ဓမ္မပရိသတ်တို့၏ ရှေးဦးစွာ သိထားရန်မှာ အထက်နားကပြောဆိုခဲ့တဲ့ ဇာတိနှင့် မရဏကို တရားအိမ်မှုတည်၍ ဖော်ပြပါအံ့၊ သတ္တဝါတို့၏ ဘဝတခုလုံး အတွက် ဇာတိအရသည် ထိုဘဝ၏အစ,ဖြစ်၍ မရဏအရသည် ထိုဘဝ၏အဆုံးဖြစ်လေသည်၊ ယင်းဇာတိ အခိုက်နှင့် မရဏ အခိုက်နှစ်ခိုက်တို့မှာ အသုံးချ၍ မရသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ အစိတ်အပိုင်းနှစ်ခုတို့ ဖြစ်ကြသည်၊ ယင်းဇာတိနှင့် မရဏနှစ်ခုကို ဖယ်ထုတ်ပြီးတော့ ကျန်သမျှ ဘဝတခုလုံး၏ အချိန်ဟူသမျှအတွင်း၌–

(က) ရုပ် နာမ် ဓမ္မ နှစ်မျိုးတို့၏ ဖြစ်မှု ပျက်မှု နှစ်ခုတို့သည် ပြင်းထန်လှသော မြစ်ရေ အဟုန်ကြီးသည် စီးဆင်းနေသလို အရပ်အဆိုင်းမရှိ ဒလစပ် ဖြစ်ပျက်နေမှုကြီး ရှိနေရာ၌ ၎င်းဒလစပ် ဖြစ်ပျက်နေမှုကြီးကိုပင် သံသရာစက်ကြီး လည်နေသည်ဟု ခေါ်တော်သည်။

(ခ) ယင်း တသွင်သွင် တဟုန်ထိုးစီးနေသော ရုပ်ဓမ္မ နာမ်ဓမ္မတို့၏ ဖြစ်ပျက်မှုကိစ္စကြီးကို ရပ်တန်းမှာ ရပ်တန့်သွားအောင် ဗုဒ္ဓ၏ သံသရာစက် တားဆီးချက်နှင့် ဖျက်ဆီး

ချက်ခေါ် မဇ္ဈလက်နက်ကြီးကို အချိုး ကျကျ မှန်ကန်စွာ အသုံးပြုနိုင်ခြင်းကို သံသရာစက် ဖြတ်သည်ဟုလည်း ခေါ်သည်၊ ဒေသနာသံနှင့်ပြောရသော် ပဋိပတ် စက်သေနတ်နှင့် သံသရာစက်ချက်တိုင်းချက်ကို တဒက်ဒက်နှင့် အဆက်ပြတ်အောင် ပစ်ခတ်မှုတရပ်နှင့် ထို့ပြင် ယင်းသံသရာစက်ကြီးကို ပျက်စီး ရပ်တန့် သွားအောင် အကျေမြုံပုံးခေါ် ပဋိဝေဓလက်နက်ဆန်းကြီးဖြင့် အနုသယကိလေသာ ရန်သူတို့ပါ လောင်ကျွမ်း ကျေပြုတ် အမြစ်ပါဖြုတ်သော မဇ္ဈဗိုလ်ချုပ်ကြီး ကိစ္စဖြစ်ပေသည်ဟု ဆိုလိုသည်။

(က) သံသရာရှင်းလင်းချက်–အကြမ်းစား သံသရာလည်ပုံမှာ သတ္တဝါတဦး၏ ဘဝတခု၌ ဇာတိအစ ဇရာမျာဝိအလယ် မရဏအဆုံးဟု ဘဝတခုလုံး၏ မံသမျက်စိနှင့်ပင် မြင်နိုင်သော ဘဝတခု၏ အခြေအနေကြီးကို လူတဦး၏ တဘဝ တသံသရာဟု ခေါ်ဆိုကြသည်၊ ဤအတိုင်းပင် နားလည် သူက များနေသည်၊ ဤကား နံပါတ်တစ် အကျဉ်းဆုံး သံသရာလည်မှုတရပ်ဖြစ်သည်။

(ခ) အလတ်စား သံသရာလည်ပုံ- အမိဝမ်းမှ မွေးဖွားထွက်မြောက်လာပြီး၍ မသိမှုအဝိဇ္ဇာ ဖြစ်ပေါ်ကာ ယင်းအဝိဇ္ဇာကြောင့် သင်္ခါရခေါ် ကောင်းမှု မကောင်းမှုတွေ ပြုလုပ်မိ၍ ပဋိသန္ဓေဝိညာဉ်ခေါ် ဘဝတခုမှာ သန္ဓေတည်မိသဖြင့် နာမရူပခေါ် ရုပ်နှင့်နာမ်တို့ ဖြစ်ပေါ် လာကြရာ ၎င်းနာမ်ရုပ် အကြောင်းခံ သဖြင့် သဠာယတန ခေါ် အဇ္ဈတ္တိက ဒွါရခြောက်ပါးတို့သည် တဖြည်းဖြည်းကြီးထွားလာပြီးလျှင် ဗဟိဒ္ဓအာရုံခြောက်ပါးတို့နှင့် တွေ့ထိမိသဖြင့်

ဖဿ ဝေဒနာ တဏှာအသေးစား ထို့နောက် တဏှာ အကြီးစားခေါ် ဥပါဒါန် အဆင့်သို့ ရောက်ပြီးနောက် ယင်းတဏှာသည်ပင် ရင့်ကျက် အားကောင်းသွား ပြန်၍ ဘဝ တခုအဖြစ် ရောက်ရှိ သွားတော့သည်၊ ယင်းဘဝ အဖြစ်မှ ဇာတိ ဇရာ ဗျာဓိ မရဏ စသော အနေမျိုးကို သိမြင်ခြင်းသည် နံပါတ်နှစ် အလတ်စား ပဋိစ္စသမုပ္ပါဒ် သံသရာစက်လည်မှုတရပ်ပင် ဖြစ်ပြန်သည်။

(၈) **အနုစား သံသရာစက် လည်ပုံ**- ရှိရှိသမျှ သက်ရှိ သတ္တဝါတို့မှာ အာရုံတခုဖြစ်ပေါ် နိုင်ဘို့ရန်အတွက် အခံ ဌာနခေါ် အဇ္ဈတ္တိကာယတန အနေဖြင့် စက္ခုသောတ ဃာန ဇိဝှါ ကာယ မနဟု အများဆုံး ခြောက်ဌာနသာ အာရုံဖြစ်ပေါ်ဘို့ရှိကြသည်၊ ခြွင်းချက်ဖြင့် မှတ်သားရန်မှာ ယင်းခြောက်ပါးထဲက မျက်စိဖြစ်စေ၊ နားဖြစ်စေ ချို့ယွင်း နေသူတို့မှာ ချို့ယွင်းသလောက် အာရုံဖြစ်ရေ ဌာနတို့သည် လည်း ခြောက်ခုထဲမှ ကာယကံ ရှင်မှာ ချို့ယွင်းသွား သလောက် အာရုံဖြစ်ပေါ်ရာ ဌာနတို့သည်လည်း ချို့ယွင်း သွားတော့ရာ ရုပ်လုံးဝမရှိသော အရူပပုဂ္ဂိုလ်မျိုးတို့ အဘို ဓမ္မာယတနတမျိုးသာ ရနိုင်ပုံကိုထောက်၍ သက်ရှိသတ္တဝါ ဟူသမျှအတွက် အာရုံဖြစ်ပေါ်ဘို့ရန် အများဆုံး ခြောက် ဌာနမှ လျော့ကျသွားကာ အနည်းဆုံး တဌာနရှိသည်ဟု သီးခြားမှတ်သားကြရန် လိုပေသည်။

### အာရုံဖြစ်ပေါ်လာပုံ

အထက်ပါ အဇ္ဈတ္တိကာယတန ခြောက်ပါးခေါ် မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဤခြောက်ခု တို့ကိုပင် ဒွါရ

ခြောက်ပါးဟူ၍၎င်း၊ အာယတန ခြောက်ပါးဟူ၍၎င်း၊ ပါဠိအားဖြင့် ဆဠာရဟူ၍၎င်း၊ သဠာယတနဟူ၍၎င်း၊ ခေါ်ဆို ထားလေသည်၊ ယင်းဠာရ ခြောက်ပါးခေါ် အာယတနခြောက်ပါးတို့ ရှိနေသမျှ ဠာရတခုခု၌ အာရုံ တခုခုသည် စက္ကန့်မလပ် ဒလစပ်ဝင်နေမြဲဖြစ်ရာ သတ္တဝါ ရှိနေသမျှ အာယတနတို့လည်း ရှိနေတော့ရာ အာယတန ရှိနေသမျှ အာရုံတို့ကလည်း တွေ့ထိနေပြန်တော့သဖြင့် သဠာယတနပစ္စယာ ဖဿောဟူသော ပဋိစ္စပါဠိတော်နှင့် အညီ အာယတနရှိခဲ့လျှင် ဖဿရှိနေသည်ဟု ဟောညွှန် ထားချက်အရ သတ္တဝါတည်ရှိနေသမျှ အာယတန ခြောက် ပါးတို့သည်လည်း တပါတည်း စက္ကန့်တိုင်းမှာ ဒလစပ် ပါရှိနေတော့သည်၊ ယင်းအာယတနခြောက်ပါး၏ဒလစပ် ရှိနေသမျှ ဖဿခြောက်ပါးတို့ကလည်း ဖြုတ်ထား၍မရ ဒလစပ် လိုက်ပါနေတော့သည်၊ ထိုသို့လိုက်ပါ ခဲ့သော် ဖဿ ပစ္စယာ ဝေဒနာဟူသော ပဋိစ္စသမုပ္ပါဒ် ဝိဘင်း ပါဠိတော်အရ ဖဿရှိပါက ဝေဒနာကလည်း ဖြုတ်ထား ရပ်ထား၍ မရဘဲ ဒလစပ်လိုက်ပါနေ ဖြစ်ပေါ်နေပြန် တော့သည်၊ ဤတွင်မကသေး ဝေဒနာသာဖြစ်ပေါ်နေပါ သေးက ဝေဒနာပစ္စယာ တဏှာဟူ၍၎င်း၊ တဏှာပစ္စယာ ဥပါဒါန်ဟူ၍၎င်း၊ ဥပါဒါနပစ္စယာ ဘဝေါ ဟူ၍၎င်း၊ ဘဝပစ္စယာ ဇာတိဟူ၍၎င်း၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝ ။လ။ သမ္ဘဝန္တိဟူ၍ ပဋိစ္စသမုပ္ပါဒ် ဝိဘင်း ပါဠိတော်၌ ဟောကြားတော်မူချက်တို့အရ သဠာယတန ခေါ် အာယတန ခြောက်ပါးတို့သာ ရှိနေခဲ့ ပါလျှင်

ဖဿအစ တဏှာအလယ် ဥပါဒါန်အဆုံးရှိသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တို့သည် စဉ်ဆက်မပြတ် ဒလစပ် နေ့ညမပြတ်အရပ်မရှိဒိုင်နမိုစက်ပမာ လည်ပတ်နေသည်ဟု ဗုဒ္ဓမြတ်ဘုရားက အသေးစိတ်ဟောကြားတော်မူသည်။

## ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ

အထက်ဖော်ပြပါ အစုစုတို့သည်ကား ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ခေါ် သံသရာစက်လည်ပုံကို ဝါ၊ သတ္တဝါတို့၌ ကိလေသာနှင့် ရုပ်နာမ်တို့၏ အပြတ်မရှိ မြစ်ရေအလျဉ် ဒလဟောစီးနေသလို နေ့ညမပြတ် စဉ်ဆက်မလပ် ဒလစပ် ထပ်ပြန်တလဲလဲ ဆုံးစမထင် တသွင်သွင် လည်နေပုံကို လောကတဘက်၌ ညွှန်ပြထားခြင်းဖြစ်၏။

ယခုဖော်ပြလတ္တံ့တို့သည်ကား အထက်ပါ လောကတဘက်၌ ဒလစပ် လည်နေသော သံသရာ စက်ခေါ် ကိလေသာနှင့် ရုပ်နာမ်တို့၏ အချိန်မလပ် နေရာယူနေချက်ကို ဟန့်တားပြီးလျှင် ကိလေသာ၏ နေရာမှာ ဝိဇ္ဇာပညာသွင်းကာ လောက၏အခြားတဘက်မှ ယင်းသံသရာ စက်ခေါ် ကိလေသာ၏ ဒလစပ်လုပ်ငန်းကြီးကို ချေဖျက်ရပ်တန့်စေမှုခေါ် သံသရာစက် ရပ်နည်းကို ဖော်ပြလတ္တံ့ ဖြစ်ပေသည်။

သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာဟု အထက်တွင် ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော်အရ ဒွါရခြောက်ပါးခေါ် သို့မဟုတ် မျက်စိ နား နှာ လျှာ ကိုယ် စိတ် ခေါ် အတွင်းအာယတန

ခြောက်ပါးတို့ ရှိနေသမျှ ဖဿပေါ်လာမှု ဖဿကြောင့် ဝေဒနာပေါ်လာမှု ဝေဒနာကြောင့် တဏှာပေါ်လာမှု တို့သည် စက္ကန့်မလပ် သတ္တဝါအားလုံးမှာ ဖြစ်နေကြပေသည်။ ဤဖြစ်စဉ်အတိုင်း ရပ်ကြည့်နေလျှင် သံသရာစက် အလည်ခံရသည်ဟု ခေါ်သည်။ ၎င်းဖြစ်စဉ်ကို ဖြစ်ခွင့်မရအောင် ဖန်တီးနိုင်လျှင် ဝါ၊ ဖန်တီးနိုင်သူမှာ သံသရာစက်ကို တန့်နားစေနိုင် ဖျက်ဆီးနိုင်သူလို့ ခေါ်ရသည်။

## သံသရာစက်ဖျက်ဆီးပုံ

တရားနာပရိသတ်တို့ သံသရာစက် အလည်ခံလိုကြလျှင် ဝေဒနာက တဏှာသို့ ကူးသွားမြဲ လမ်းစဉ်ကို လက်ခံနေရန်ပင် ဖြစ်သည်။ သံသရာစက်ကို မလည် စေဘဲ ရပ်တန်းကရပ်သွားစေလိုခဲ့လျှင် ဝေဒနာက တဏှာဘက်သို့ အကူးမခံဘဲ တခြြမဦတ္တခေါ် ဥပေက္ခာဘက်သို့ လမ်းလွှဲ ကူးပြောင်းသွားအောင် မမွှခလုတ် ဖြုတ်တတ်ဘို့ လိုလှပေသည်၊ ယင်းသို့ ဝေဒနာပေါ်ပြီးနောက် တဏှာမပေါ် စေဘဲ ဥပေက္ခာကိုသာ ပေါ်လာအောင် မမွှခလုတ် လမ်းပြောင်းဖြုတ် ရွှေ့တတ်ခဲ့မှု ဤအခိုက်၌ သံသရာစက် လည်ခွင့်မရတော့ဘဲ ရပ်တန့်သွားရာဘက်သို့ လမ်းပြောင်း ခုတ်မောင်းသွားတော့သည်။

## ဝေဒနာနောက်တဏှာပေါ်မလာအောင် မည်သို့လုပ်မည်နည်း

ပုံစံတခုဖြင့်ပြရသော် စက္ခာယတနခေါ် မျက်စိပေါက်မှ လှပသော အဆင်းတခုကို မြင်တွေ့ခိုက်တွင် အဆင်းမှု

ကိုသာ မြင်သိမှုဖြစ်နေတို့လိုသည်၊ ဖြစ်လာအောင်လည်း စီမံတတ်ဘို့ လိုပြန်သည်၊ အကယ်၍ အဆင်းမျှတွင် ရပ်မနေဘဲ လှပသောစကားအရ လှပပုံကို မြင်သွားသည် အထိ မြင်မိခဲ့သော် ဝေဒနာ၏နောက် ဥပေက္ခာမဝင်နိုင်ဘဲ တဏှာဝင်ခွင့် ရသွားလေပြီဟု ဆိုလိုသည်။

ထိုသို့မဟုတ် မူလမြင်စဉ်က မြင်မိသော မြင်လိုက်သော အဆင်းမျှအပေါ်၌သာ ဒလစပ်ဆက်၍ အဆင်းမျှအဆင်းမျှ အဆင်းမျှ ဟူ၍သာ မြင်နေအောင် ဝါ၊ မြင်လာအောင် ဖန်တီးတတ် ဝါ၊ ရှုပွားတတ်ပါမူကား လှပမှုဟူသော အနေသို့ ရောက်မသွားသဖြင့် လှပမှုအပေါ်၌သာစွဲငြိတပ် နှစ်သက် တတ်သည့် တဏှာဆိုသော သံသရာ နယ်ချဲ့ လက်နက်ဆိုးကြီးသည် ပေါ်ခွင့်မရနိုင် အသုံးပြုခွင့် မရနိုင် တော့ဘဲ ယင်းတဏှာ၏ နေရာမှာ အဆင်းမျှ အဆင်းမျှ အဆင်းမျှကိုသာ သိခိုက် သိခိုက် သိခိုက် ဖြစ်နေသော ဥပေက္ခာမျှသာ ဖြစ်ပေါ်ခွင့် ရတော့၍ သံသရာစက် လည်မည့်အစား ရပ်တန့်သည့် ဘက်သို့ ပြောင်းလဲသွား တော့သည်။ တနည်းဆိုရသော် အဆင်းအာရုံ အပေါ်၌ ဥပေက္ခာက နေရာယူသွားသဖြင့် တဏှာဖြစ်ခွင့်မရတော့ရာ တဏှာဖြစ်မှ ဥပါဒါန်နှင့် ဘဝတို့က ထွန်နောက်ရေပါ သဘော ဖြစ်တို့ရန် စောင့်မျှော်နေကြသည်။ သံသရာစက် လည်မှုကြီး၏ ဂိုဏ်းတော်သားများ ဖြစ်ကြသော တဏှာ ဥပါဒါန် ဘဝ ဟူသော ရောဂါဆိုးကြီး လက်နက်ဆိုးကြီး အတွင်း သူပုန်ဆိုးကြီး တို့သည် ကပ်တွယ် ဖြစ်ပေါ်မှု မရကြတော့သဖြင့် သံသရာစက်လည်မှုကို ရပ်သိမ်းလိုက်ရ

ပြီးလျှင် သံသရာစက်ရပ်တန့်မှုကိုသာ ဥပေက္ခာအပေါ်သို့ အစိုးရတဖွဲ့၏ အာဏာကို နောက်အစိုးရ၏ အဖွဲ့သစ်တခု လက်သို့ ဝ,ကွက်အပ်လိုက်ရသလို သံသရာစက်ဖြတ်နိုင်သူ ဝိဇ္ဇာဉာဏ်နှင့်တွဲ၍ ပေါ်လာသော ဥပေက္ခာ ဝေဒနာ လက်သို့ ရှောရှောရှုရှုနှင့် ဝ,ကွက်၍ အပ်လိုက်ရပေတော့ သတည်း။

## ဖြစ်ရိုးဖြစ်စဉ် အလိုလို ဖြစ်ပေါ်နေပုံ

### သဘာဝဒေသနာတော်

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါ ဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါ မနဿ ဥပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေ ဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ။

အနက်မြန်မာပြန်။ ။စက္ခုံစ၊ မျက်စိကိုလည်းကောင်း။ ရူပေစ၊ ရူပါရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ အကြောင်း ပစ္စယအနေစွဲ၍။ စက္ခု ဝိညာဏံ၊ မြင်သိစိတ် စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ မျက်စိရူပါရုံ မြင်သိစိတ်သုံးခုတို့၏။ သင်္ဂတိ၊ ပေါင်း ဆုံမိ ခြင်းကြောင့်။ ဖဿော၊ တွေ့ထိခြင်း ဖဿသည်။ ဟောတိ၊ ဖြစ်၏။ပ။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဆိုပါ ပါဠိတော်အရ မျက်စိပေါ်၌ အဆင်းထင်မှု အဆင်းကိုသိမှု ယင်းထင်မှုနှင့် သိမှု စပ်မိ၍ ဖဿဝေဒနာ

တကျော ပေါ်လာခြင်း တို့သည် တမင်လုပ်ယူ နေရသော လုပ်ငန်းမဟုတ်ပေ။ မျက်စိရှိသူ လူတွင်မကာ ခွေး, ဝက်, ကြွက်, ငှက်, နွား, မြင်းစသော တိရစ္ဆာန်တို့၌ပင် ဤပဋ္ဌာန်း ဒေသနာတော်အတိုင်း ကြောင့်ကြမပြုရဘဲ စာပေ တတ် ရန်လည်းမလိုဘဲ လူ, နတ်, တိရစ္ဆာန်ဟူ၍လည်း ခွဲခြားနေ ရန်မလိုတော့ဘဲ သူ့ဖြစ်ရိုး ဖြစ်စဉ် လမ်းစဉ် အတိုင်း မျက်စိ ပေါက်မှ အဆင်းတခုခုကို မြင်မိတိုင်းမှာ တားဆီးမရ ဖြစ် ရိုးဖြစ်စဉ်ဖြစ်ပေါ် နေကြပုံကို ဘုရားရှင်ဟောညွှန်ထားခြင်း မျှဖြစ်သည်။ ဝိပဿနာ ဉာဏ်ပေါ်လာစေရန် အတွက်လည်း မဟုတ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ပေါ်လာပြန်ရန်အတွက်လည်း မဟုတ်ပြန်၍ ပရိယတ္တိ လုပ်ငန်း အတွက် ကျင့်ယူဘို့ရန် ဒေသနာမဟုတ် ပရိယတ်အနေနှင့် သိရှိထားရုံ ဒေသနာ တော်မျှဖြစ်ချေသည်၊ ဆိုလိုရင်းညွှန်းရသော် ၎င်းဒေသနာ တော်သည် ပဋိစ္စသမုပ္ပါဒ် လည်နေပုံကို ဟောညွှန်းသော ဒေသနာမျှဖြစ်သည်ဟု မှတ်ကြကုန်။

**ပဋ္ဌာန်ပတ်နှင့် ပဋိဝေဓဆိုင်ရာ ပဋိစ္စသမုပ္ပါဒ်**
**ဖြတ်တောက်ရေးဒေသနာတော်ကြီး**

ဣဓ ဘိက္ခဝေ ဘိက္ခု—

၁။ စက္ခုံစ ပဋိစ္စ ရူပေစ ပဇာနာတိ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။

၂။ ယထာစ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

၃။ ယထာစ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။

၄။ ယထာစ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ (အနက်ပြန်ပေးပါလေ)။

အဓိပ္ပါယ်ကား ရှေ့ပိုင်း၌ ဖော်ပြထားခဲ့သော စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ အစမူခဲ့သော မျက်စိပေါက်ရှိသူ သတ္တဝါဟူသမျှတို့၌ သံသရာစက် လည်ပုံကိုပြခဲ့ရာ ၎င်းသံသရာစက်ကို ဖြတ်လိုသော ယောဂီသူမွန်သီလဝန် ပညာဝန် ပုဂ္ဂိုလ်စုသည် မျက်စိပေါက် ဆိုင်ရာ၌-

(၁) စက္ခုပသာဒခေါ် မျက်စိ၏ အကြည်ဓာတ်ကို ဉာဏ်၌တွေ့အောင် ရှုပွားရန်တချက်။

(၂) ရူပါရုံခေါ် အဆင်းဓာတ် ကိုလည်း အဆင်းမျှ အနေ ဉာဏ်မှာ သိမြင်လာအောင် ရှုပွားဘို့ရန်တချက်။

(၃) ယင်း အကြည်ဓာတ်နှင့် ရူပါရုံတို့ကို အမှီပြု၍ ဖြစ်ပေါ်တတ်သော သံယောဇဉ် ဆယ်မျိုးမှ ဖြစ်ပေါ်လာသော သံယောဇဉ်ဟူသမျှကို ဉာဏ်ဖြင့်သိရန်တချက်။

(၄) ယင်းမျက်စိပေါက်ကိစ္စ၌ မဖြစ်ပေါ် လာသေးသော သံယောဇဉ်ထဲမှ ဖြစ်ပေါ်လာသော သံယောဇဉ်ဟူသမျှ၏ ဖြစ်ပေါ်လာမှုကို သိရန်တချက်။

(၅) ယင်း မျက်စိပေါက် ကိစ္စကြောင့် ဖြစ်ပေါ်လာသော သံယောဇဉ်စုကို ပယ်သတ် နိုင်လိုက်၏၊ ယင်း ပယ်သတ်နိုင်လိုက်ပုံကိုလည်း သိရှိရန်တချက်။

(၆) မျက်စိ ပေါက်နှင့်စပ်၍ ပယ်ထားလိုက်ပြီးသော သံယောဇဉ်တို့၏ နောင်အခါ အကြွင်းမဲ့ ဖြစ်ပေါ်ခွင့် မရသည်ကိုလည်း သိရှိရန်တချက်။

ပေါင်းခြောက်ချက်တို့ ပြည့်စုံခဲ့လျှင် ပဋိပတ်နှင့် တကွ ပဋိဝေဓပေါ ရရှိပြည့်စုံလာပြီဟု ဆိုလိုသည်။

## မျက်စိပေါက်၌ သံသရာစက်မလည်နိုင်ရန် ကျင့်သုံးပုံအကျဉ်း

ယောဂီ လုပ်လိုသော ပုဂ္ဂိုလ်သည် မျက်စိပေါက်၌ သံသရာစက် လည်ခွင့် မပေးဘဲ သံသရာစက် ပြတ်သည့်ဘက်သို့ ရောက်ရှိ အောင်မြင် လိုခဲ့သော် အထက်ပါ ဒေသနာတော်လာ အရကို ဓမ္မာနုပဿနာ နည်းအရဖြင့် အောက်ပါအတိုင်း ရှုပွားရာ၏။

ရှုပွားပုံမှာ- မျက်လုံး အိမ်ကြီး တခုလုံးထဲမှ အဆင်း ဓာတ်၏ ထင်လာရာ အကြည်ဓာတ် ကလေးကို အသိဉာဏ်ဖြင့် တွေ့မြင်လာအောင် အထပ်ထပ်ရှုပွားပေးရ၏၊ ယင်းသို့ ရှုပွားခဲ့သော် အပြင် အဆင်းရိပ် တို့သည် ထင်လာရာ မှန်ကြည် ရေကြည်တို့ကို တွေ့ရသလို မျက်စိ၏ အကြည်ဓာတ်စုကို မကြာမီဉာဏ်ဝတွင် ထင်၍ ထင်၍ လာတော့သည်၊ ယင်းသို့ထင်မှုကို လက်တွေ့ ပြထားသော စက္ခုံစ ပဇာနာတိ ပုဒ်အရဖြင့် ဉာဏ်သက်မိအောင် လေ့လာရှုပွားရာ၏၊ စက္ခုအစ မနအဆုံးထား၍ ဟောကြား ခြင်းသည် ဒေသနာက္ကမ ဖြစ်သည်၊ လက်တွေ့ ကျင့်သုံးရန် အတွက် ပဋိပတ္တိက္ကမ အနေဖြင့် နံပါတ်စဉ် ယူရသော် ကာယ ဇိဝှါ ဃာန သောတ စက္ခု မန အနေဖြင့် စဉ်၍ ကျင့်သုံး ရာ၏၊ အဆိုပါ ပဋိပတ္တိက္ကမဖြင့် ချပြထားသော ကာယအစ မန အဆုံး ခြောက်ပါးသော အရာဝတ္ထုတို့သည် တခုထက်တခု

တို့၏ တို့၏ သိမ်မွေ့နက်နဲသွားပုံကိုပါ ဉာဏ်၌ ကြိုတင်၍ မှတ်သားထားဘို့ရန် လိုအပ်လှပေ၏။

## လူများစုခေါ် မန္ဒပညာပုဂ္ဂိုလ်ကြိုက် ကာယာနုပဿနာ ဒေသနာတော်

ဓမ္မလုပ်ငန်းအတွက် သိရှိထားရန် အပိုင်းကြီး နှစ်ပိုင်း ရှိပေသည်၊ ၎င်းနှစ်ပိုင်းဆိုသည်မှာ–

၁။ ပညတ်ကို အသုံးပြုရသော ဓမ္မလုပ်ငန်းတပိုင်း။

၂။ ပရမတ်ကို အသုံးပြုရသော ဓမ္မလုပ်ငန်း တပိုင်းဟု ပေါင်း နှစ်ပိုင်းရှိ၏။

ရှင်းလင်းချက်နံပါတ်(၁)အရပညတ်ကိုအသုံးပြုရသော ဓမ္မလုပ်ငန်းပိုင်း ဟူသည် (က) ဒါနလုပ်ငန်း၊ (ခ) သီလ လုပ်ငန်း၊ (ဂ) သမထလုပ်ငန်းဟု ပေါင်းသုံးပိုင်း ရှိသည်။ ၎င်းသုံးပိုင်းကို အသုံးပြုလိုခဲ့သော် ပညတ်အရာဝတ္ထုများ ကိုသာ ဒါနလုပ်ငန်း သီလလုပ်ငန်း သမထ လုပ်ငန်းတို့ အဖြစ်ဖြင့် အသုံးပြုရပေသည်။

## (၁) ဒါနပုံစံ

ဒါနအနေနှင့် ပြုလိုခဲ့သော် အာဟာရနှင့် ဆိုင်ရာကို ဖြစ်စေ အဝတ်တန်ဆာ ဆိုင်ရာကိုဖြစ်စေ အခြား အသုံး အဆောင်ဟူသမျှတို့ကိုဖြစ်စေ အာမိသဒါနဝတ္ထု အနေနှင့် သော်၎င်း ဓမ္မဒါနဝတ္ထု အနေနှင့်သော်၎င်း တည်ထားပြီး လျှင် ယင်းဝတ္ထုဒြပ်တို့ကို ပရမတ်အာရုံမလို၊ ပညတ်အာရုံ ထင်ထင်ကြီး အနေနှင့်ပင် ဒါနလုပ်ငန်းကို ပြုလုပ်မြဲ ဖြစ်ကြ ရပေသည်။

## (၂) သီလပုံစံ

သီလအနေနှင့် ပြုလိုခဲ့သော် ဝိရမိတဗ္ဗဝတ္ထုခေါ် ရှောင်ကြဉ်ရမည့် ကာယကံဆိုင်ရာ သတ်, ခိုး, လွန်ကျူးမှု ခေါ် ကာယဒုစရိုက်သုံးပါးတို့နှင့်ဆိုင်ရာ အရာဝတ္ထု သုံးခုတို့ကို ရှောင်ကြဉ်ရမည့် ကိစ္စတရပ်၊ ထို့နောက် ဝစီကံ ဆိုင်ရာ လိမ်မှု၊ ဂုံးချောမှု၊ ကြမ်းတမ်းစွာပြောဆိုမှု၊ အနှစ်မဲ့ ကပျက်ကချော် ပြောဆိုမှု ဟူသော ဝစီဒုစရိုက်ဆိုင်ရာ ဝတ္ထု ဒြပ်တို့ကို ဆိုလိုသည်။

## (၃) သမထပုံစံ

သမထအနေနှင့် ပြုလိုခဲ့သော် ကသိုဏ်းပညတ် ဆယ်ပါးစသော လေးဆယ်သော သမထကမ္မဋ္ဌာန်းတို့ကို ပဋိဘာဂနိမိတ် ပေါက်မြောက်အောင်မြင်နိုင်သည်အထိ ရှုပွားယူရသော ပညတ်နိမိတ်လုပ်ငန်းများဖြစ်သည်၊ ဤကား–ပညတ်ကိုအသုံးချရသော ဓမ္မလုပ်ငန်းပိုင်း အကျဉ်းချုပ်ဖြစ်သည်။

ပရမတ်ကို အသုံးပြု ရသော ဓမ္မလုပ်ငန်း ဆိုင်ရာ အပိုင်းမှာ လောကုတ္တရာနယ်ရှိ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ်ထွက်၍ နိဗ္ဗာန်ကို ဉာဏ်အားဖြင့် တွေ့မြင်နိုင်ရေး အတွက် လောကီဆိုင်ရာ ပရမတ္ထဓမ္မတို့ကို အရှုခံအာရုံအဖြစ်ထား၍ ပဋိပတ္တိ အကျင့် လုပ်ငန်းကို ရှုပွားလိုခဲ့သူ မှန်သမျှသည် အောက်ပါဓမ္မနှစ်မျိုးမှ မိမိတို့၏ ပါရမီဓာတ်ခံ ဉာဏ် အနုအရင့်သို့လိုက်၍ တမျိုးမျိုးကို စံနစ်တကျ လုပ်ကွက်အဖြစ်သို့မဟုတ် ရှုကွက်အဖြစ် ထားပြီးတော့ ရှုပွား ကျင့်သုံးကြရသည်။

ဓမ္မ နှစ်မျိုးမှာ (၁) ရုပ်ဓမ္မမျိုး၊ (၂) နာမ်ဓမ္မမျိုးဟု မူရင်းနှစ်မျိုးသာရှိသည်၊ ရှုပွားစပုဂ္ဂိုလ်တိုင်းမှာ အထက်ပါ ဓမ္မနှစ်မျိုးထဲက တမျိုးမျိုးကိုသာ ခွဲထုတ်၍ ရှုပွားနိုင်ပေသည်။ သို့ရာတွင် ဉာဏ်ထက်မြက်သော ပါရမီရှင်တို့ အဘို့မှာ ရုပ်ဓမ္မနှင့် နာမ်ဓမ္မနှစ်မျိုးလုံးကိုပင် တလှည့်စီ ရှုကွက် အာရုံအဖြစ်ထားပြီး ရှုပွားနိုင်ပြန်သဖြင့် ရုပ်နာမ်နှစ်မျိုးကို ပူးတွဲရှုပွားမှုဖြစ်လာ၍ မိဿကဓမ္မရှုပွားနည်းဟု ခေါ်ဆိုရသည်။

## မန္ဒပုဂ္ဂိုလ်ခေါ် လူများစုရှုပွားခဏ်း

ဓမ္မအရည်အချင်း အကဲခတ်နည်းမျိုးဖြင့် ထောက်ဆကြည့်လိုက်သော် ဉာဏ်ထက်သူနည်း၍ ဉာဏ်နုံ့သူသာများကြသည်၊ ယင်းဉာဏ်နုံ့သူ ပုဂ္ဂိုလ်စုတို့ကို လူများစုကြီးဟု ခေါ်ဆိုကြပါစို့၊ ဉာဏ်ထက်သူ တသိုက်ကိုကား လူနည်းစုဟု ခေါ်ကြပါစို့၊ အထက်ပါလူများစုကြီးအတွက် အဘက်ဘက်နှင့် လျော်ကန်သော ရုပ်နှင့် နာမ်ဓမ္မ နှစ်မျိုး တို့ကို သိလွယ်ရန် အမည်သရုပ်ထိုး၍ ပြရသော်-

၁။ မူတည် ရုပ်ဓမ္မကြီးလေးခု။

၂။ မူတည် နာမ်ဓမ္မကြီးလေးခု။

ပေါင်းရှစ်ခုသာရှိပေကုန်၏။

၁။ မူတည် ရုပ်ဓမ္မကြီး လေးခု ဆိုသည်မှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောခေါ် ပင်ရင်း မူလဓာတ်ကြီး လေးခုတို့ပင်ဖြစ်သည်။

၂။ မူတည်နာမ်ဓမ္မကြီးလေးခုဆိုသည်မှာဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဆိုသည့် နာမ်

ခန္ဓာကြီးလေးခုတို့ပင် ဖြစ်ကြပေကုန်၏။ အကျဉ်းချုပ်အနေ ညွှန်းရသော်–

ဝိပဿနာတရားမှန်ကို ရှုပွားလိုသော ယောဂီတို့သည် ပညတ် အသိအမြင်များကို ကျော်လွန်၍ ပရမတ္ထ ဖြစ်သော ရုပ်ဓမ္မတို့ကို ဆတ်ဆတ်ပိုင်ပိုင် သိမြင်နိုင်ခွင့် ရခဲ့လေသော် အထက်ပါရုပ်တရားတို့၏ ပင်မမူရင်း ဖြစ်သော ဓာတ်ကြီး လေးပါးတို့မှ မိမိစိတ်ထက်သန်ရာ ဓာတ်ကြီးတပါးပါးကို လက္ခဏာအနေကို ဖမ်းယူပြီးလျှင် ရှုပွားပါလေ၊ နာမ်ဓမ္မ ဆိုင်ရာကို ရှုပွားလိုခဲ့သော် အထက်ပါ မှတ်ည် နာမ်တရား လေးမျိုးတို့မှ ဝေဒနာဓမ္မ စိတ္တဓမ္မ ဓမ္မဓမ္မဟု သုံးမျိုး ပိုင်း ခြားပြီးလျှင် မိမိဉာဏ်နိုင်ရာ နာမ်ဓမ္မ တမျိုးမျိုးကို ရှုပွား ရ၏။

## ဓမ္မရှုပွားနည်းပုံစံ

အထက်ပါမှတ်ည်ထားသော ရုပ်ဓမ္မကြီး လေးမျိုးထဲမှ လူများစုတို့၏အသိ၌ ထင်မြင်လွယ်၊ လိုက်နာ လွယ်ကူရန် လူများစုနှင့် အလျော်ကန်ဆုံးဖြစ်သော ဝါယောရုပ်ဓာတ် ရှုပွားနည်းကို အလွယ်ဆုံးအနေဖြင့် ပုံစံထုတ်၍ပြပါအံ့။

တရားနာပရိသတ်အပေါင်းတို့ လတ်တွေ့ ရှုနည်းတခုကို ညွှန်းပြတော့မည်ညာဘက်ကဒူးပေါ်မှာညာဘက်လက်သီး ကိုဆုပ်၍ ပက်လက်လှန်လိုက်ပါ၊ ၎င်းနောက် လက်ညှိုး တချောင်းကိုသာ ထုတ်လိုက်ပါ၊ ၎င်းလက်ညှိုးကို တဖြည်း ဖြည်းကွေးလိုက်၊ တဖြေးဖြေးဆန့်လိုက်လုပ်လိုက်ပါ၊ ဒီနေ ရာမှာ ဘုရားရှင် ဟောညွှန်ထားသည့် ရှုပွားနည်း နှစ်နည်း

တို့သည် ပူးတွဲပါဝင်နေပါသည်၊ အဆိုပါ နှစ်နည်းတို့ကို အသီးအသီး ကွဲပြား၍ ခြားခြားနားနား သိနိုင်အောင် ရှင်းပြပေးပါအံ့၊ ယခု ကွေးလိုက် ဆန့်လိုက် လုပ်နေသော လက်ညှိုး၏ကိစ္စ၌ ကွေးမှုဆန့်မှုက ရုပ်သွားနည်း တနည်းအား ဖြင့် ယင်းကွေးမှု ဆန့်မှုတို့၏ ဖြစ်ပေါ် လာအောင်အတွင်းမှ တွန်းတွန်းပေးနေသော ကိစ္စတခုဟု နှစ်ကိစ္စ နှစ်မျိုး ရှိနေပုံကို ဦးစွာခွဲခြား၍ သုံးသပ်ပါ။

၁။ ကွေးမှု ဆန့်မှုအရမှာ ပါဠိလို သမိဉ္ဇိတနှင့် ပသာရိတဖြစ်၍ သမိဉ္ဇိတေ သမ္ပဇာနကာရီဟောတိ ပသာရိတေ သမ္ပဇာနကာရီဟောတိ ဟူသော သမ္ပဇညကာယ ရုပ်သွား နည်းအရကို ညွှန်းပြနေချက် ဖြစ်ပါသည်။

၂။ ယင်းကွေးမှု ဆန့်မှုဖြစ်ပေါ်လာအောင် အတွင်းမှ တွန်း၍တွန်း၍ ပေးနေသောကိစ္စသည်ကား ဓာတုမနသိကာရ ကာယာနုပဿနာ၌ လာသော ဓာတ်ကြီးလေးပါးထဲမှ ဝါယောဓာတ်၏ လက္ခဏာကိစ္စကို ရုပ်သွားနေခြင်းဟု ဆိုလိုသည်၊ ၎င်းကိုပါဠိတော်အတိုင်းဆိုသော်-

ဣမမေဝကာယံ ဓာတုသော ပစ္စဝေက္ခတိ ဟူသော သတိပဋ္ဌာန် ပါဠိတော် ဓာတုမနသိကာရ ကာယာနုပဿနာ ဒေသနာပင်ဖြစ်သည်၊ ဤနေရာ၌ ဉာဏ်နုံ့သူနှင့် ဉာဏ်ထက်သူနှစ်မျိုးတို့အနေဖြင့် မိမိကိုယ်ကိုကွဲပြားအောင် သုံးသပ်၍ကြည့်ရန်မှာ လက်ညှိုး၏ ကွေးမှုနှင့် ဆန့်မှုကိစ္စ ဖြစ်သောအပေါ်ရန် လုပ်ငန်းကိုသာ အသိ၌ ထင်မြင်မှု များခဲ့လျှင် သမ္ပဇညကာယ အနေကိုသာ သိနေသဖြင့် ဉာဏ်နုံ့သူ စာရင်းဝင်ဟု မှတ်ယူရာ၏။

ထိုသို့မဟုတ် ယင်းကွေးမှုနှင့် ဆန့်မှုတို့ကို ပေါ်ထွက်လာစေအောင် အတွင်းမှ တွန်း၍တွန်း၍ ပေးနေသည့် ဝါယောဓာတ်၏ လက္ခဏာ သဘော အထိအသိဖြင့် တိုက်ရိုက်ထင်ထင် လာသူတို့မှာ ဉာဏ်ထက်သူများ စာရင်းဝင်ဟု သိသာနိုင်သည်၊ ထိုသို့မဟုတ်ပြန်ဘဲ အားထုတ်ခါစသာ ကွေးမှုဆန့်မှုတွေကို သိရှိလိုက်ပြီးလျှင် တဖြေးဖြေးအားဖြင့် ရှုပွားလာချိန်တွင် ကွေးမှုဆန့်မှုတွေကို ကျော်လွန်ပြီးတော့ အတွင်းမှ တွန်းပေးနေသောကိစ္စတို့ကို အသိဖြင့်မြင်လာသူ ဖြစ်ခဲ့ပြန်လျှင် ဉာဏ်နုံ့သူ မဟုတ်ဘဲ ဉာဏ်အလတ်စားပုဂ္ဂိုလ်မျိုးစာရင်းတွင်ဝင်သွားပြန်လေသည်၊ ဤညွှန်ပြချက်အတိုင်း ကွေးမှုဆန့်မှုတို့ကို မှတ်၍ ကွေးခိုက်၌ ကွေးမှုကိုပြုနေခိုက်၌ တကွေးပြီးတကွေး အနေဖြင့် ကွေးမှုပေါင်းရာပေါင်းများစွာထင်လာအောင်နှင့် ထင်နေအောင် ရှုပွားရပါမည်၊ ထိုပြင်ဆန့်နေမှု အခိုက်၌လည်း ဆန့်မှုတွေသည် တဆန့်ပြီးတဆန့် တဆန့်အားဖြင့် ဆန့်မှုပေါင်း ရာပေါင်းများစွာ ထင်လာအောင်နှင့် ထင်နေအောင် ရှုပွားနိုင်ဘို့လိုပေသည်။

ထိုနောက် ဝါယောဓာတ်၏ လက္ခဏာ အနေအားဖြင့် တနည်းဆိုရသော် လက္ခဏာဝါယောဓာတ် အနေအားဖြင့် ရှုပွားခိုက်တွင် ကွေးမှုတခုအပေါ်၌ပင်အတွင်းမှတွန်းတွန်းပေးမှုတွေ ရာပေါင်းများစွာအသိ၌ ထင်လာအောင်နှင့် ထင်နေအောင် ရှုပွားတတ်ဘို့ လိုပေသည်၊ ထို့ပြင်ဆန့်မှုအခိုက်၌လည်း အတွင်းမှ ဆန့်မှုတွေကို ဖြစ်စေအောင် အတွင်းမှ တွန်းတွန်းပေးနေသော လက္ခဏာဝါယောဓာတ်

ရာပေါင်းများစွာတို့ကို ဒလစပ်အသိဉ် ထင်လာအောင်နှင့် ထင်းနေအောင် ရှုပွားတတ်ဘိုလိုပေသည်။

ဤအတိုင်းသာ ရှုပွားတတ် ရှုပွားနိုင်ခဲ့သော် ထိုရှုပွားနိုင်သောယောဂီမှာဉာဏ်အနုံ့ စားအလတ်စားနှင့် အထက်စားအနေခြားနားသမ္မဇ္ဇ ကွေးမှုဆန့်မှုခေါ် သမ္မဇ္ဇကာယ ရှုနည်းအနေဖြင့်လည်း ဝိပဿနာ ဉာဏ်တို့သည် အဆင့်ဆင့်တိုးတက်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်အထိ ပေါ်ထွက်လာနိုင်တော့သည်၊ ထိုသို့မဟုတ် အတွင်းမှတွန်း၍တွန်း၍ပေးနေသော ဝါယောဓာတ်၏ လက္ခဏာကိစ္စတို့ကို အသိဉာဏ်၌ ဒလစပ် ပေါ်ထွက်နေအောင် ရှုပွားနိုင်ခဲ့ပါမူ ဝိပဿနာ ဉာဏ်တို့သည် အဆင့်ဆင့် ပေါ်ထွက်လာပြီး ပုဂ္ဂိုလ်အလိုက်ဆုတောင်းအလိုက် မဂ်ဉာဏ်ဖိုလ်ဉာဏ်အထိ ပေါက်မြောက်ရောက်နိုင် တော့သည်ဟု အချုပ်အားဖြင့် မှတ်သားထားရာသည်။

# (ဆ) ခန္ဓာငါးပါးဘုရားတော်ကြီး

## တရားတောင်းပန်ခန်း

၁၃၃၁-ခု တော်သလင်းလပြည့်ကျော်(၁၅)ရက်
ဟောကြားသည်

ဥဋ္ဌေဟိ ဝီရ ဝိဇိတသင်္ဂါမ သတ္ထဝါဟ အနဏ
ဝိစရ လောကေ ဒေသေတု ဘဂဝါ ဓမ္မံ အညာ
တာရော ဘဝိဿန္တိ။ (သုတ်မဟာဝါပါဠိတော်)

ဝိဇိတသင်္ဂါမ၊ ဒေဝပုတ္တ ကိလေသနှင့် မစ္စုတဖြာ မာရ်ထုတ်မာတို့ကို နောင်တခါ မပြန်စေဘဲ ကင်းဝေးစွာ အောင်တော်မူပြီးထသော၊ ဝီရ၊ ငွဲထုံ့ထ အတန်တန်တွင် ပြိုင်စံတင်းပျောတ် နှစ်ယောက်မရှိ သမ္ဗဝဓာန် ဝီရိယနှင့် လည်းပြည့်စုံထသော၊ သတ္ထဝါဟ၊ ရှေ့သွားခေါင်းဆောင် လှည်းမှူး ဥသျှောင်နှင့်လည်း တူထသော၊ သတ္ထဝါဟ၊ ဇာတိဇရာ ဗျာဓိမရဏအစရှိသော သံသရာခရီးကြမ်းကြီးမှ နှစ်မြုပ်နေသော သတ္တဝါအပေါင်းတို့ကို ကယ်တင်ထုတ်ဆောင်၍ နိဗ္ဗာန် တည်းဟူသော အငြိမ်း စခန်းတိုင်အောင် ပို့ဆောင်နိုင်မှုကြောင့် ယာဉ်မှူးခေါင်းဆောင်ကြီးသဘွယ် ဖြစ်တော်မူထသော၊ အနဏ၊ ကာမစ္ဆန္ဒ စသည်ငါးသွေ ညစ်ဝေကြွေးမြီး ကင်းဝင်ပြီး ထသော၊ ဘဂဝါ၊ ရှင်တော်မြတ်ဘုရား၊ ထွံ၊ ဘုန်းတော်ကြီးမား ရှင်တော် မြတ်ဘုရားသည်၊ ဥဋ္ဌေဟိ၊ ဆင်းရဲ သတ္တဝါ ငဲ့ကွက်ပါ၍ လျင်စွာခဏ ထကြွတော်မူပါဘုရား၊ ဥဋ္ဌေဟိ၊

ဆင်းရဲတွေတွေ ပင်လယ်ဝေ့ဝယ် မျော၍ခါမြုပ်ခါ ဝေနေယျကို မှန်ရာလမ်းပြ ကယ်တင်ရအောင် ကြွတော်မူပါဘုရား။ လောကေ၊ လူနတ်ဗြဟ္မာသတ္တဝါဟု ခေါ်ဆိုရာ သတ်မှတ် ဘုံသုံးရပ်၌။ ဝိစရ၊ အမှန်တရား ထွန်းလင်းပွားအောင်လှည့်ကြွတော်မူပါဘုရား။ ဝိစရ၊တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးရအောင် လှည့်လည်တော်မူပါဘုရား။ မဃ္ဃ၊ မဂ်ဖိုလ်နိဗ္ဗာန် တရားမှန်နှင့် ရောက်ရန်ရောက်ကြောင်း နည်းကောင်းညွှန်ပြ ဗောဓိပက္ခိယ တရားမဃ္ဃကို။ ဒေသေတု၊ ကရုဏာတရား ရှေ့ငယ် ထား၍ဟောကြားတော်မူပါဘုရား။

အဓိပ္ပါယ်ဖွင့်ဆိုချက်–သဟံပတိ ဗြဟ္မာကြီးသည် သုံးလူထွဋ်ထား ရှင်တော်မြတ်ဘုရား၏ သတ္တဝါတို့၌ တရားမဟော ကြောင့်ကြမဲ့ နေသည်ကို အကြောင်းရင်းခံ၍ တောင်းပန် လျှောက်ထားလိုသောကြောင့် လူ့ပြည်သို့ လျင်စွာဆင်းပြီးလျှင် ရှင်တော်ဘုရား၏ရှေ့မှောက်တော်မှာ အောက်ပါစကားကို ရိုသေစွာ သုံးကြိမ်လျှောက်ထား၏။

မိုးဃ်းကြိုး စက်ကဲ့သို့ ထက်မြက်သော ဉာဏ်ပညာ ရှိတော်မူသော ရှင်တော်မြတ်ဘုရား ထက်ဝန်းကျင်ကို မြင်စွမ်းနိုင်သော ဣန္ဒြိယ ပရောပရိယတ္တိဉာဏ် အာသယာနုသယဉာဏ်ဟူသော ဘုရားဉာဏ်မျက်စိ ရှိတော်မူသော ရှင်တော် မြတ်ဘုရားသည် အလွန်ကြီးမား မြင့်ကျယ်၍ ဝေနေယျ သတ္တဝါတို့၏ မှိုင်းမိုအားထား ကိုးကွယ်ရာဖြစ်လောက်သော သဗ္ဗညုတဉာဏ်တော်သို့ တက်ရောက်ပြီးလျှင် စိုးရိမ် ပူဆွေးရခြင်း ဟူသော ပင်လယ်ပြင်ကြီးကို မကူး

မြောက်နိုင်ကုန်သော ဆင်းရဲခံစားနေရသော လူနတ်ပြဟ္မာတွေကို ကြည့်ရှုတော်မူပါဘုရား။

စိုးရိမ်ပူဆွေး ကင်းဝေးတော်မူပြီးသော ရှင်တော်မြတ်ဘုရားသည် စိုးရိမ်ခြင်းနှင့်တကွ အိုမှု နာမှု သေမှုတွေတွေ နှိပ်စက်ခံနေရပေသော လူအများကို ကြည့်ရှုငဲ့ကွက်တော်မူပါဘုရား၊ ဆင်းရဲတွင်းဝယ် နစ်မြုပ်နေကြ ကုန်သော လူနတ်ပြဟ္မာတွေကို ကယ်တင်ထုတ်ဆောင်နိုင်ရန်အလို့ငှာ ငါးပါးမာရ်အင်ကို အောင်မြင်ပြီးလျှင် ညစ်ကြေးယုတ်မာ ကိလေသာ အစုတ်အချာတွေကို အမြစ်ပါ ပယ်နှုတ်ခွါပြီး ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည် အိုနာသေဘေးတို့၏ အမြဲတည်ရှိရာ ဤလူ့ဘုံ လောကကြီး အတွင်း၌ သွားလာရန် စိတ်ဆန္ဒ မရှိသော်လည်း ငဲ့ကွက်ညှာတာ လှည့်ကြွတော်မူပါရန် ရှိသေစွာ တောင်းပန်လျှောက်ထားလိုက်ပါ၏ဘုရား။

ဤလောကကြီးအတွင်းဝယ် ဆိုးသူတွေသာနေထိုင်သည် မဟုတ်ပါကုန် လူကောင်းတွေလည်း အများကြီး ရှိပါကုန်၏ဘုရား၊ ဤသို့အားဖြင့် တရားဟောရန် တောင်းပန်လျှောက်ထားပေတယ်၊ ထိုအခါ ရှင်တော်မြတ်ဘုရားသည် လူနတ်တို့၏ ဉာဏ်ပညာရင့်သည် မရင့်သည်ကို ဝိုင်းခြားသိမြင်နိုင်သော ဉာဏ်တော်လူနတ်တို့၏ စိတ်နှလုံးသဘောထားကို ကွဲကွဲပြားပြား သိနိုင်သော အသိဉာဏ်နှစ်မျိုးဟူသော ဘုရားမျက်စိဖြင့် သုံးဆဲ့တဘုံ လောကကြီးကို ကြည့်ရှုလိုက်သော် အမျိုးမျိုးသော သတ္တဝါတွေကိုမြင်တွေ့နေရပေတယ်။

ဥပမာအားဖြင့်– မျက်စိ အမြင်သန်သူ လူတယောက်သည် မြင့်မားသောတောင်ထိပ်တခုသို့တက်၍တောင်ခြေ၌ရှိကုန်သော အရာဝတ္ထု၊ ပစ္စည်းမျိုးစုံနှင့်တကွ သွားလာလုပ်ကိုင်နေသော အခြားကုန်သော သူများကို ကြည့်ရှုလိုက်ပါက အမျိုးမျိုးတွေမြင်ရသကဲ့သို့ပင်တည်း။ ရှင်တော်မြတ်ဘုရားသည်လည်း ဘုရားမျက်စိဖြင့်ကြည့်လိုက်တဲ့အခါ လောဘကြီးသူတွေ လောဘနည်းသူတွေ ဒေါသကြီးမားသူတွေ ဒေါသနည်းပါးသူတွေ မောဟကြီးမားသူတွေ မောဟနည်းပါးသူတွေ မာနကြီးမားသူတွေ မာနနည်းပါးသူတွေ သဒ္ဓါစသော ဣန္ဒြေငါးပါး ပြည့်စုံလုံလောက်သူတွေ သဒ္ဓါစသော ဣန္ဒြေငါးပါး မပြည့်စုံမလုံလောက်သူတွေ အသိဉာဏ်ရှိသူတွေ အသိဉာဏ်မရှိသူတွေ သိလွယ်သူတွေ မသိလွယ်သူတွေ တမလွန်လောကကြီးကိုကြောက်လန့်သူတွေ တမလွန် လောကကြီးကို မကြောက်လန့်၍ ပါဏာတိပါတစသော ဒုစရိုက်မှုတို့ကို ကျူးလွန်ပြစ်မှားဝံ့သူတွေ သုဂတိဘဝမှ ဒုဂ္ဂတိဘဝရောက်ရန်ကို ကြောက်သူတွေ သုဂတိဘဝမှ ဒုဂ္ဂတိဘဝသို့ ရောက်မှာကိုမကြောက်သူတွေ ကိလေသာ အကုသိုလ်အပြစ်ကို ကြောက်လန့်သူတွေ ကိလေသာ အကုသိုလ်အပြစ်တို့ကို မကြောက်လန့်သူတွေ တည်ကြည်မှု သမာဓိရှိသော ပုဂ္ဂိုလ်တွေ တည်ကြည်မှုသမာဓိမရှိသောပုဂ္ဂိုလ်တွေကျွတ်ထိုက်သော တကကလျာဏခေါ်တဲ့ ကုသိုလ်ကံရှိသူတွေ ကျွတ်ထိုက်သော ကတကလျာဏခေါ်တဲ့ကံမရှိသူတွေ ဤသို့စသောအားဖြင့် သတ္တဝါအဖုံဖုံကို မျိုးစုံအောင် တွေ့မြင်နေရပေတယ်။

ဤသို့မြင်တွေ့နေရသော ပုဂ္ဂိုလ်တို့တွင် အကတ ကလျာဏခေါ်တဲ့ အတိတ်ဘဝ များစွာက အားကောင်းသော ဒါနသီလ ဘာဝနာစသော ကံမျိုးစုံကို မေ့မေ့လျော့လျော့နေခါ မပြုလုပ်ခဲ့ဘဲ အကြောင်းကုသိုလ်ကံ မလုံလောက်သူများကို ပါဠိလိုအားဖြင့် အဘဗ္ဗပုဂ္ဂိုလ် ခေါ်တယ်၊ မြန်မာလိုတော့ ဤဘဝမှာ မကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ပေါ့။

အဘဗ္ဗပုဂ္ဂိုလ်ဆိုဒါ ဝိနည်း အဘဗ္ဗပုဂ္ဂိုလ် သုတ္တန်အဘဗ္ဗပုဂ္ဂိုလ်ဟု နှစ်မျိုးနှစ်စား ရှိပေကုန်သည်၊ ဝိနည်းအဘဗ္ဗ ပုဂ္ဂိုလ်မျိုးဆိုဒါ ရဟန်း မခံကောင်းတဲ့ ပုဂ္ဂိုလ်တဆဲ့တယောက်ကိုခေါ်ဆိုပေတယ်၊ သုတ္တန်အဘဗ္ဗပုဂ္ဂိုလ်ဆိုဒါကတော့ ဈာန်မဂ်ဖိုလ် မရထိုက်တဲ့ ကံကြီးငါးပါးထိုက်နေသူ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူ အဟိတ် ဒွိဟိတ်ဟူသော လူချင်းမတူသူ ဈာန်မဂ်ဖိုလ်ကို မလိုချင်ခြင်းဟူသော အစ္ဆန္ဒပုဂ္ဂိုလ် ရတနာသုံးပါးကို မကိုးကွယ်မဆည်းကပ်သောအသဒ္ဓပုဂ္ဂိုလ်ဘဝင်ပညာခေါ်တဲ့ငွိသန္ဓေညာဏ်ပညာ ကင်းမဲ့သူဟူသော ဒုပ္ပညပုဂ္ဂိုလ် အထက်ပါဈာန်မဂ်ဖိုလ် မရထိုက်ကုန်သော အကြောင်းချို့တဲ့ ကုန်သူများကိုလည်း တွေ့မြင်သိရှိရပေတယ်။

ကတ ကလျာဏ ခေါ်သော ကျွတ်ထိုက် ကုန်သောဘဗ္ဗပုဂ္ဂိုလ်မျိုးဆိုဒါ ရှေးဘဝများစွာက ဆင်းရဲခပ်သိမ်းလွတ်မြောက်ရန်ကို စိတ်ရည်သန်၍ အကြိမ်ကြိမ်အဖန်ဖန်အသိအမြင်မှန်ရှေ့ထား၍ ကြိုးစားခဲ့တဲ့ ကုသိုလ်ကောင်းမှုဖြည့်ဆည်းခဲ့ ဘူးသော ပါရမီရှင် ပုဂ္ဂိုလ်မျိုးကို ခေါ်ဆိုပေတယ်၊ပါဠိလိုတော့ပုဗ္ဗယောဂ ပြည့်စုံသူလို့ခေါ်တယ်၊

ရှေးဘုရားရှင်တို့၏ သာသနာက ဝိဝဋ္ဋနိဿိတဖြစ်တဲ့ ဒါန
သီလ ဘာဝနာကုသိုလ်ကို ကြိုးစား အားထုတ်ဘူးသူများ
ဖြစ်တယ်။

ပါရမီရှိသော ကတကလျာဏ ဘဗ္ဗပုဂ္ဂိုလ် များ၏
အရေအတွက်မှာဆိုလျှင်—

၁။ ဥဂ္ဃဋိတညူပုဂ္ဂိုလ်။
၂။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်။
၃။ နေယျ ပုဂ္ဂိုလ်။

ဟုသုံးမျိုးသုံးစားရှိပေကုန်သည်။

ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်ဆိုသည်မှာ အတိတ်ကံ ဥပနိဿယ
ပြည့်စုံအားကောင်းလှ၍ တနေရာ တထိုင်ထဲ၌ပင် ရုပ်နာမ်
သဘာဝ၌ အသိဉာဏ်ပွင့်လင်း၍သစ္စာလေးပါးကို ပိုင်းခြား
ဝေဖန်နိုင်မှုကြောင့် ဥဂ္ဃဋိတမတ္တေဇာနာတီတိ ဥဂ္ဃဋိ
တညူ ဆိုသည်အတိုင်း သင်္ခါရ ဖြစ်ပျက်အာရုံကို အသိဉာဏ်
ခွါကာမျှ၌ပင်လျှင် အချိန်ကြန့်ကြာမှုမရှိဘဲနိဗ္ဗာန်အသခ်တ
အာရုံကို လျင်မြန်စွာယူနိုင်သော အသိဉာဏ်စွမ်းရှိသူသည်
ဥဂ္ဃဋိတညူပုဂ္ဂိုလ်မည်၏။

ဝိပဉ္စိတညူ ပုဂ္ဂိုလ်ဆိုသည်မှာ ဝိပဉ္စိတံ ဝိတ္ထာရိတ မေဝ
အတ္ထံ ဇာနာတီတိ ဝိပဉ္စိတညူ ဆိုသည့် အတိုင်း အနက်
အဓိပ္ပါယ် သဘောသဘာဝကို ကျယ်ဝန်းစွာ ဟောပြနိုင်
လျှင်သာ မဂ်ဉာဏ်ဖိုလ်ဉာဏ် ပေါက်ရောက်နိုင်သောပုဂ္ဂိုလ်
မျိုးကိုခေါ်တယ်။

နေယျ ပုဂ္ဂိုလ်ဆိုသည်မှာ ဥဒ္ဒေသာဒီဟိ နေတဗ္ဗောတိ
နေယျောဆိုသည်အတိုင်း သင်ခြင်း၊ ဆွေးနွေးမေးမြန်းခြင်း

လက္ခဏာရေး သုံးပါးတင်၍ သုံးသပ် ဆင်ခြင်ခြင်း ဆရာ ကောင်း သမားကောင်း ရှာမှီး ဆည်းကပ်ရခြင်း အမှုကိစ္စ စုံညီ၍ အချိန်ကြာမြင့်စွာ အားထုတ်ရသော ပုဂ္ဂိုလ်မျိုးကို နေယျပုဂ္ဂိုလ်ဟု ခေါ်ဆိုပေတယ်။

နေယျပုဂ္ဂိုလ်သည်လည်း ဉာဏ်ထက်မြက် လျင်မြန်သော ဥတ္တမ နေယျပုဂ္ဂိုလ်၊ ဉာဏ်အလတ်စားဖြစ်သော မဇ္ဈိမနေယျ ပုဂ္ဂိုလ်၊ ဉာဏ်အနုံ့စားဖြစ်သောမုဒုနေယျပုဂ္ဂိုလ်ဟု သုံးမျိုး သုံးစားရှိပေကုန်သည်၊ အချို့သောယောဂီမှာ တညဥ့်အား ထုတ်ခါမျှဖြစ်စေ သို့မဟုတ် တနေ့ အားထုတ်ခါ ဖြစ်စေ ရက်ပိုင်း လပိုင်းအတွင်း၌ ရုပ်နာမ်သဘော ပေါက်ရောက် သိမြင်၍ နိဗ္ဗာန် သိမြင်နိုင်သော ပုဂ္ဂိုလ်မျိုးသည် ဥတ္တမ နေယျပုဂ္ဂိုလ်မျိုးစား မည်၏။

မဇ္ဈိမနေယျ ပုဂ္ဂိုလ်မျိုးဆိုတာ တနှစ်မှ ခုနှစ်နှစ်အတွင်း အချိန်ခန့်လောက် အားထုတ်နိုင်လျှင်သာ ရုပ်နာမ် သိမြင် နိဗ္ဗာန်ဝင်နိုင်သော ပုဂ္ဂိုလ်မျိုးစားကိုခေါ်ပေ၏၊ မုဒုနေယျ ပုဂ္ဂိုလ်မျိုးဆိုတာ ခုနစ်နှစ်မှ အသက် ရှည်သမျှ အချိန် အတွင်း ကာလမျိုး၌ ရုပ်နာမ်သိမြင် နိဗ္ဗာန်ဝင်စွမ်းနိုင်သော အရည်အချင်းရှိသော ပုဂ္ဂိုလ်မျိုးကို ဆိုလို၏၊ အထက်ပါ နေယျပုဂ္ဂိုလ်တို့၏ မဂ်ရနိုင်သော အကြောင်း အင်္ဂါရပ် များမှာဆိုလျှင်—

၁။ ရှေးဦးစွာ ဆောက်တည်သော သမာဒါန အာဇီဝ ဋ္ဌမက သီလရှိရတယ်၊ ထိုကြောင့် နိဒါနဝဂ္ဂသံယုတ် ပါဠိ တော်၌—

ပုဗ္ဗေ၀ ခေါ ပနဿ ကာယကမ္မံ ၀ဇီကမ္မံ အာဇီဝေါ
ပရိသုဒ္ဓေါ ဟောတိ။

ဟု ဘုရားရှင်ဟောတော်မူ၏။

အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ခေါပန၊ စင်စစ်မုချ အားဖြင့်။ ပုဗ္ဗေ၀၊ ရှေးဦးစွာ၌ သာလျှင်။ ကာယကမ္မံ၊ ကာယကံသုံးပါးသည်။ ပရိသုဒ္ဓံ၊ စင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။ ၀ဇီကမ္မံ၊ ၀စီကံလေးပါးသည်။ ပရိသုဒ္ဓံ၊ စင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။ အာဇီဝေါ၊ အသက်မွေးခြင်းသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့အားဖြင့် ရှင်တော်ဘုရား ဟောကြားတော်မူတိုင်း ကာယကံ သုံးပါး၊ ၀စီကံ လေးပါး ထိန်းသိမ်း စောင့် ရှောက်၍ အသက်မွေး စင်ကြယ်ပါလျှင် သီလ အတွက် လုံလောက်ပေပြီ။ အထက်ပါ အနက် သဘောကို မဇ္ဈိမနိ ကာယ် ဥပရိပဏ္ဏာသပါဠိတော် သဠာယတနသုတ်၌လည်း အလားတူဟောကြားပေ၏။ အင်္ဂုတ္တိုရ်ပါဠိတော်၌လည်း သီလသမ္ပဒါအရ ကာယကံသုံးပါး၊ ၀စီကံလေးပါး ပြည့်စုံ လုံလောက်ပါလျှင် လူသူတော်ကောင်း တယောက်၌ သီလ ပြည့်စုံနေသူဖြစ်၍ သမာဓိပညာဟူသော ပင်လုံး အကိုင်း အခက်များ ကြီးထွားဖွံ့ဖြိုး၍ မဂ်ဖိုလ်ဟု ဆိုအပ်သော အသီး,အပွင့် တို့ဖြင့် ဝေဆာတင့်တယ်၍ သီလကနေပြီးလျှင် မဂ်ဝင်နိုင်ပုံကို ဟောကြားထားပေသည်။

၂။ အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာ ရေးနှင့် တက္ကသိုလ် သစ္စာလေးပါးကို ကြားဘူးနား၀ ရှိထားသူ ဖြစ်ပါ

လျှင် ဝိပဿနာအလုပ်အတွက် အကြားအမြင် ဗဟုသုတ ပြည့်ဝထားသူဟု မှတ်သားရမည်။

၃။ ရုပ်နာမ် သဘာဝနှင့် ရုပ်နာမ်သဘာဝ ဖြစ်မြောက် ကြောင်း အထောက်အပံ့ စကားမျိုးသာ ဆွေးနွေးမေးမြန်း ပြောဆိုရမည်။

၄။ တရားအားထုတ် နေသော ယောဂီ တယောက်၌ သမထယာနိကဖြစ်စေ၊ ဝိပဿနာယာနိကဖြစ်စေ ဥပစာရ သမာဓိပြည့်စုံ ရရှိထားသူဖြစ်ရမည်၊ ဤနေရာ၌ နိကာယ် ငါးရပ် ဗဟုသုတရှိရန် အမှန်လိုသည်။ (သတိပြုပါ)။

၅။ သဏ္ဌာန် ဒြပ် ကင်းကွာ၍ ရုပ်နာမ်သန္တတိ ဖြစ်မှု ပျက်မှု၌ အဟုတ် အမှန်သိနိုင်သော ဥဒယဗ္ဗယဂါမိနီ ဉာဏ်ပညာရှိထားသူ ဖြစ်ရမည်။

## အကျဉ်းချုပ် မှတ်သားရန်

ဆောင်ပုဒ်။ ။သီလ သုတ၊ သာကစ္ဆနှင့်၊ သမထဝိပဿနာ ဤငါးဖြာ၊ မှန်စွာမဂ်ရကြောင်း-ဟု မူလပဏ္ဏာသ ပါဠိတော်၌ လာပေသည်။

တနည်းတဖုံအားဖြင့် မဂ်ရနိုင်သောလမ်းစဉ်ပြရသော်-

၁။ မိတ်ဆွေကောင်း ဖြစ်တဲ့ ဆရာကောင်း ဆရာ မြတ်ကိုရှာကြံ မှီဝဲဆည်းကပ်ရမည်။

၂။ အခြေခံ ကိုယ်ကျင့်သီလနှင့် ယောဂီသီလ ပြည့်စုံ ရမည်။

၃။ ယောဂီစကား ဆယ်မျိုးသာ ပြောကြား ရမည်။ (အထူးသတိပြုပါ)။

၄။ သုတဝါ ပညာပြည့်စုံ ထားရမည်။ (အထူး သတိပြုပါ)။

၅။ အာတာပီ လုံ့လ ဝီရိယလေးပါးရှိရမည်။

အထက်ပါ တရားငါးပါး ယောဂီသန္တာန်၌ ပြည့်စုံဖြစ်ပွားပြီးလျှင် သဗ္ဗတ္ထကကမ္မဋ္ဌာန်းဖြစ်တဲ့ မေတ္တာကိုရှေးဦးစွာ ပွားရမည်၊ အသုဘဘာဝနာကိုဆင်ခြင်ရမည်၊ ပါရိဟာရိယ ကမ္မဋ္ဌာန်းဖြစ်တဲ့အာနာပါန သမာဓိထူထောင်ပြီး၍ရင့်သန်လာတဲ့အခါ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ ဥပါဒါန်အာရုံတရားများ၌ ဖြစ်ပျက် ရှုဆင်ခြင်ပါလျှင် မိမိတို့၏ ပင်္ကိသန္တေပညာအတိုင်း အချို့မှာ အချိန်အခါ ကြန့်ကြာပြီးလျှင် အချို့မှာ အချိန်အခါ ကာလတိုတိုဖြင့် မဂ်ဖိုလ်ကို ဝင်နိုင်ပေတယ်၊ တချို့မှာ နေ့ချင်း ညချင်း မဂ်ဝင်သွားနိုင်ပေတယ်၊ ထိုကြောင့် အထက်ပါလမ်းစဉ် အကျဉ်းချုပ်ကို ဆောင်ပုဒ်ပြုလုပ်၍ မှတ်သားကြရမယ်။

**မဂ်ဖိုလ်လမ်းစဉ် အကျဉ်းချုပ် လင်္ကာ**

မိတ်ကောင်းသီလ၊ ဆယ်ဝကထာ၊ ပညာဝီရိယ။
မဂ္ဂငါးဖြာ၊ အခြေခံပါ၍၊ အသုဘမေတ္တာ၊
အာနာပါန၊ လက္ခဏာသုံးသွယ်၊ ပွားသူဝယ်။
ရောက်ဘွယ် နိဗ္ဗူတာ။

အခြား ကုန်သော ပါဠိတော် အရပ်ရပ်တို့၌ နေယျပုဂ္ဂိုလ် မဂ်ရကြောင်း ဟောကြားသည်မှာ—

၁။ ဆိတ်ငြိမ်ရာအရပ် ပြည့်စုံရခြင်း။

၂။ မမေ့မလျော့ သတိရှိရခြင်း။

၃။ အာတာပီသမ္ပဇာန် လုံ့လရှိရခြင်း။
၄။ နိဗ္ဗာန်လျှင် အာရုံရှိရခြင်း။

## အကျဉ်းမှတ်ရန်

ဆောင်ပုဒ်။ ။သိတ်ငြိမ်သတိ၊ ဝီရိယရှိ၍၊
ညွတ်ဘိနိဗ္ဗာန်၊ အင်္ဂါလေးဝ၊
ပြည့်စုံကြရာ၊ ယောဂီမှာ၊
လျင်စွာခဏ၊ မဂ်ဖိုလ်ရ၏။

အထက်ပါ မဂ်ဖိုလ် ပေါက်ရောက်ကြောင်း တရားများသည် ဝိနည်းပိဋကတ် မဟာဝါပါဠိ၌ ရှင်တော်ဘုရားစကားများဖြစ်ပေကုန်၏၊ ဤဟောကြားထားသော စကားများသည်လည်းနေယျပုဂ္ဂိုလ်သုံးမျိုးအတွက်ရည်ရွယ်၍သာ ဟောဖော်ညွှန်ပြထားသော စကားတော်များ ဖြစ်ပေ၏။ သုတ္တန်ပိဋကတ် ဝိနည်းပိဋကတ်တို့၌အထက်ပါအကြောင်းတရားလေးပါး ဟောကြားတော်မူပေသည်၊ ဗောဓိရာဇကုမာရသုတ် နေယျဒေသနာတော်ကြီးမှာ ဆိုလျှင်-

၁။ သဒ္ဓါတရား ပြည့်စုံရခြင်း။
၂။ ဖြောင့်မတ်မှု ရှိရခြင်း။
၃။ ရောဂါကင်းရှင်းရခြင်း။
၄။ လုံ့လဝီရိယဇွဲရှိရခြင်း။
၅။ ဖြစ်ပျက်ဉာဏ်ရှိရခြင်း။

ဆောင်ပုဒ်လင်္ကာ။ ။သဒ္ဓါဖြောင့်စင်း၊ ကင်းစင်ရောဂါ၊
လွန်စွာအားထုတ်၊ ဖြစ်ချုပ်ကိုမြင်၊
ဤငါးအင်၊ လျင်စွာမဂ်ရကြောင်း။

ဟု–နေယျ ပုဂ္ဂိုလ်၌ အင်္ဂါငါးပါး ပြည့်စုံ ရမည်ကို ရှင်တော်ဘုရား ဟောကြားဆုံးမထားပေတယ်။အဋ္ဌကထာ ဆရာကြီးများ၏ ဖွင့်ဆိုထားချက်မှာဆိုလျှင် ယောဂီတို့၏ ပွားများအားထုတ်လိုသော ကမ္မဋ္ဌာန်းအာရုံ၌–

၁။ သက်ဆိုင်ရာ ပါဠိအနက် သင်ရခြင်း နာရခြင်း။
၂။ ဆွေးနွေးမေးမြန်းရခြင်း။
၃။ ရွတ်ဘတ်သရဇ္ဈာယ်ရခြင်း။
၄။ နှုတ်ဖြင့် စိတ်ဖြင့် ဆောင်ရခြင်း။
၅။ ထိထိမိမိ နှလုံးသွင်း ပွားများရခြင်း။

ဤသို့အားဖြင့် တရားအားထုတ်လိုသော ရဟန်းရှင်လူများ၌ အားမထုတ်မီ အချိန်အခါကပင် ပြည့်စုံထားရန် တရားနှင့် အားထုတ်ဆဲအခါ ပြည့်စုံရန် တရားများဟု အကျဉ်းချုပ် နှစ်မျိုးသာရှိပေသည်၊ တရားအားထုတ်ရန် လာသော ယောဂီသည် သီလသမာဓိရှိ၍ ဖြူစင်ကြယ် နေပါက သီလလုပ်ငန်း သမာဓိလုပ်ငန်းစသော ပုဗ္ဗဘာဂ လုပ်ငန်းစဉ်များကို အကျယ်ဟောပြ၍ သီလကို ဆောက် တည်ခိုင်းစရာ မလိုပါချေ၊ သီလမစင်ကြယ်၍ စိတ်နေ သဘောထားမသန့်ရှင်းသော လူရိုင်းများ၌သာ သမာဓိ ပညာ ဖြစ်ပေါ်လာရန် အောက်ပါအချက်များကို ဟော ကြား ဆုံးမရပေတယ်။

၁။ အာဇီဝဋ္ဌမက သီလပြည့်စုံထားရသည်။
၂။ ဣန္ဒြိယ သံဝရသီလ တည်ရှိရသည်။
၃။ ဘောဇဉ်အတိုင်းအရှည်သိ၍ စားသောက်ရသည်။

၄။ ဇာဂရိယာ နုယောဂဟု ဆိုအပ်သော ညဉ့်မှ ခြောက်ပုံပြု၍တပုံသာအိပ်ရသည်။
၅။ သူတော်ကောင်းတရားခုနစ်ပါးနှင့် ပြည့်စုံရသည်။
၆။ အနည်းဆုံး ဥပစာရသမာဓိ ပြည့်စုံလာအောင် အားထုတ်ရသည်။

ဤပြဆိုပြီး စကားရပ်များသည် နေယျ ပုဂ္ဂိုလ်တို့၏ ပုဗ္ဗဘာဂ လုပ်ငန်းစဉ်ဖြစ်၍ လိုက်နာ ကျင့်သုံးရန်ဖြစ်ပေသည်၊ ကျင့်ကြံအားထုတ် ပွားများတတ်ရန်အတွက် ဆရာကောင်းရှာမှီး၍ ဆရာကောင်းထံ တပည့်ဝတ် ပြည့်စုံစွာ သင်ယူ မှတ်သားခြင်းအမှုကို ရှေးဦးစွာ ပြုလုပ်ရပေသည်။ (မဇ္ဈိမနိကာယ်ခေတု ဝိဘင်္ဂသုတ်အဋ္ဌကထာ)။

ပုဗ္ဗဘာဂပဋိပဒါ လုပ်ငန်းစဉ်အတွက် အကျဉ်းချုပ် မှတ်သားထားရန်မှာ-

သီလဣန္ဒြေ၊ ဘောဇနေဇာဂရိယ၊ သဒ္ဓမ္မခုနစ်ဖြာ၊ ပွားခါသမာဓိ၊ မင်္ဂ၏ရှေ့သွား၊ကျင့်စဉ်တရားသည်၊ ဘာဝနာ လိုက်စား၊ ယောဂီများဌ်၊ မှတ်သား လွယ်လွယ် အကျဉ်းတည်း။

(မဇ္ဈိမနိကာယ်ခေတု ဝိဘင်္ဂသုတ်အဖွင့်)

ထို့ကြောင့် အဋ္ဌကထာဆရာများက-

ကတမော ပုဂ္ဂလော နေယျော ယဿ ပုဂ္ဂလဿ ဥဒ္ဒေသတော ပရိပုစ္ဆတော ယောနိသောမနသိကရောတော ကလျာဏမိတ္တေ သေဝတော ဘဇတော ပယိရုပါသတော အနုပုဗ္ဗေန ဓမ္မာဘိသမယော ဟောတိ။

ဟု-နေယျပုဂ္ဂိုလ်၏အင်္ဂါကိုပြဆိုကြပေတယ်၊နေယျော၊ နေယျဖြစ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကတမော၊ အဘယ်နည်း။ ဥဒ္ဒေသတော၊ ပါဠိအနက်ကို သင်ကြားသော။ ပရိပုစ္ဆတော၊ သံသယရှိရာ မေးမြန်းသော။ ယောနိသော မနသိကရောတော၊ ရုပ်နာမ်မဂ္ဂ၌ အနိစ္စ ဒုက္ခ အနတ္တဟု နှလုံးသွင်း ပွားများဆင်ခြင် အောက်မေ့နေသော။ ကလျာဏမိတ္တေ၊ မိတ်ကောင်း ဆွေကောင်း ဆရာကောင်း ဆရာမြတ်တို့ကို။ သေဝတော၊ မှီဝဲနေသော။ ဘဇတော၊ ဆည်းကပ် နေသော။ ပယိရုပါသတော၊ ကပ်ရောက်မှီခိုနေသော။ ဝါ၊ အကြိမ်ကြိမ်အဖန်ဖန် ဆရာထံသို့မေးမြန်းရန် ဝင်ထွက်သွားလာ မှီခိုကာနေသော။ ယသာပုဂ္ဂလဿ၊ အကြင်ယောဂီပုဂ္ဂိုလ်အား။ အနုပုဗ္ဗေန၊ ပြဆိုထားသော လုပ်ငန်းစဉ်အတိုင်း။ မဂ္ဂါဘိသမယော၊ သစ္စာလေးရပ် တရားမြတ်ကို ထိုးထွင်း၍ သိနိုင်သည်။ ဟောတိ၊ မုချမသွေ ဖြစ်နိုင်ပေ၏။

အရေးအကြီးဆုံးကတော့ ဤအဋ္ဌကထာ စကားရပ်ထဲတွင် ယခုလိုခေတ် အခါကာလကြီး၌ ကလျာဏမိတ္တေ သေဝတော ဘဇတော အရေးအကြီးဆုံး ဖြစ်ပေသည် ကလျာဏမိတ္တ ဆရာကောင်းမရရှိပါက အဘယ်မှာလျှင် ဝိပဿနာဉာဏ် မဂ်ဉာဏ်ကိုရနိုင်ပါမလဲ၊ ယခု ခေတ်မှာ အထူးပင် အရေးကြီးပေသည်၊ဆရာလုပ်သူကလည်း မိမိ၏ အတိုင်းအရှည် ပမာဏကိုမသိ မိမိနီးစပ်ရာ ရဟန်းရှင်လူ ပရိသတ်က အထိုက်အလျောက် အားပေးကူညီထားတော့ မိမိကိုယ်ကို အထင်ကြီးပြီးလျှင် ငါသာလျှင် တရားပြ

တတ်၍ ဆရာကောင်းထင်မှတ်နေကြသော အခါမျိုး ဖြစ်ပေတယ်။

တပည့်ယောဂီများကလည်း မိမိတို့၏ တွေ့ဘူး ကြုံဘူးသလောက် ဆရာများကိုသာ နီးစပ်ခင်မင်ရာ ငါတို့၏ ဆရာဟု စိတ်အထင်ရောက်၍ ဘဝင်မြင့်ရောဂါရူး ထနေကြတဲ့ အချိန်အခါမျိုးဖြစ်၍ ကမ္မဋ္ဌာန်းဆရာအတွက် ဆရာကောင်း ဆရာမှန်တွေ့ကြုံရန်မှာ အရေးကြီးသော ကိစ္စကြီး ဖြစ်ပေတယ်၊ ဆရာကောင်း ဆရာမှန် ခွဲခြား နိုင်ရန်က အရေးကြီးဆုံးဖြစ်ပေတယ်၊ ခွဲခြားပြီးသောနောက်ကာလ၌လည်း အမှား အမှန်ကိုသိရန် အရေးကြီးပြန် ပေတယ်၊ အမှားအမှန်သိပြီး၍ အမှားကိုစွန့်၍ အမှန်ကို လိုက်နာဝံ့သူ လိုက်နာနိုင်သူလည်း အရေးအကြီးဆုံးကိစ္စတို့တွင် အရေးအကြီးဆုံးကြီးဖြစ်ပေ၏။

ဗမာပြည်မှာ ကမ္မဋ္ဌာန်း ဆရာတွေက မှိုလို ပေါက်၍ အလွန်ပေါများနေတဲ့ အချိန်အခါဆိုတော့ ဘယ်ဆရာက ဘယ်လောက် အရည်အချင်းရှိ၍ ကိုးကွယ်အားထား မှီခိုရလျှင်ကောင်းလိမ့်မည်ဟု ဝေဘန်ခွဲခြားခြင်းအမှုကို ပြုနိုင်လိမ့်မည် မဟုတ်ပေကုန်၊ ခွဲခြားဝေဘန်နိုင်စွမ်းလည်း မရှိပေ၍ ကမ္မဋ္ဌာန်း ဆရာများအတွက် အတု အစစ် အမှန်အကန်ကိုချိန်ဆနိုင်ရန်အတွက် ရေရှည်လေ့လာ၍ ဆွေးနွေးတိုင်ပင် မေးမြန်းပြီးလျှင် ကိုးကွယ် အားထားသင့် ပေ၏၊ ဤဆိုအပ်ခဲ့ ပြီးသော စကားရပ်များသည် နေယျပုဂ္ဂိုလ်အတွက် ပုဗ္ဗဘာဂလုပ်ငန်းစဉ်ကို အကျဉ်း အမြွက်မျှ ပြဆိုခြင်းဖြစ်ပေသည်။

ပုဗ္ဗဘာဂ လုပ်ငန်းစဉ်ဆိုတာ တရား အားမထုတ်ခင် ရှေးဦးစွာကြိုတင်၍ ပြည့်စုံထားရန် ကိစ္စရပ်များ ဖြစ်ပေသည်၊ တရားအားထုတ်တဲ့အခါမှာဆိုလျှင် ဣန္ဒြိယ သံဝရ သီလလုံခြုံရတယ်၊ တိရစ္ဆာနကထာခေါ်တဲ့ အလွန်ရိုင်းပြတဲ့ စကားမျိုး သုံးဆယ်ကို ရှောင်ကြဉ်၍ ဝိပဿနာနှင့် စပ်ဆိုင်တဲ့ ယောဂီစကား ဆယ်မျိုးသာ ပြောကြားရတယ်၊ သမာဓိပညာနှစ်မျိုးစုံပင် ပျက်ပြား ဆုတ်ယုတ် စေနိုင်တဲ့ အောက်ပါ သဘောထားများကိုလည်း တရားအားထုတ်နေသော အချိန်ကာလမှာ မဖြစ်ပေါ်စေရဘူး၊ အထူးပင် သတိထား၍ ရှောင်ရှားနိုင်ရမည်။

တရားမတိုးပွားကြောင်း အဆိုးတရားများကို ပြခြင်း

၁။ အမျက်ထွက်လေ့ရှိခြင်း။
၂။ ရန်ငြိုးဖွဲ့တတ်ခြင်း။
၃။ သူတပါးကျေးဇူးကို မသိတတ်ခြင်း။
၄။ သူတပါး အကျိုးမရှိတာကို ပြုမူပြောဆိုခြင်း။
၅။ ငြူစူခြင်း။
၆။ ဝန်တိုတတ်ခြင်း။
၇။ မိမိအပြစ်ကို ဖုံးလွှမ်းကာကွယ်တတ်ခြင်း။
၈။ သူတပါး အပြစ်ကို ရှာတတ်ခြင်း။
၉။ စဉ်းလဲကောက်ကျစ်ခြင်း။
၁၀။ ကဲ့ရဲ့ခြင်းကို မကြောက်ခြင်း။

အထက်ပါ တရားများသည် သမာဓိပညာ မရကြောင်းလည်းဖြစ်၏၊ လောက အတွင်း၌ ဖြစ်ရပြန်လည်း ဆင်းရဲ

မဲ့တကြောင်း တရားဆိုးများဖြစ်၍ သတိဖြင့် ရှောင်ကြဉ် အပ်ပေကုန်၏၊ နေယျ ပုဂ္ဂိုလ်အတွက် လိုက်နာ ပါရန် ရှောင်ကြဉ်ရန် ကျင့်ကြံပွားများရန် လမ်းစဉ် ညွှန်ပြချက် အပြီးအဆုံးသို့ရောက်ပြီ၊ ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ ပုဂ္ဂိုလ်၏ အတွက်ဆိုပါက ယခုခေတ်မှာမလိုလှ၍ အကျယ် မဖော်ပြ တော့ပေ။

၁။ သူတပါးဟောပြောတာ ကြားနာရခြင်း။

၂။ ရပ်နာမ်သင်္ခါရ၌ ဆင်ခြင်သုံးသပ် ရှုပွားရခြင်း။

ဤအင်္ဂါနှစ်ပါးသည် ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ နေယျ ပုဂ္ဂိုလ်သုံးမျိုးတို့နှင့်ပင် သက်ဆိုင်ကုန်၏၊ ထိုကြောင့် သမ္မာ ဒိဋ္ဌိယာ ဥပ္ပါဒါယ ပရတော ဃောသောစ ယောနိသော မနသိကာရောစ ဟုဒုကအင်္ဂုတ္တိုရ် ပါဠိတော်၌ ရှင်တော် ဘုရား ဟောကြားတော်မူပေ၏။

သမ္မာဒိဋ္ဌိယာ၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်ခြင်းငှာ။ ပရတော ဃောသောစ၊ သူတပါး၏ ဆုံးမဩဝါဒ တရားသံကို နာခံမှတ်သားရ ခြင်းသည်၎င်း။ ယောနိသော မနသိကာရောစ၊ ရပ်နာမ်အာရုံ၌ ဖြစ်ပျက် ဆင်ခြင်၍နေခြင်းသည်၎င်း။ ဟောတိ၊ ဖြစ်ရ၏။

ဆရာသမားဆိုတာဆရာမပြ နည်းမကျဆိုသော စကား အတိုင်း နေရာတိုင်းမှာပင် အလိုရှိအပ် ပေတယ်၊ မဂ်ဖိုလ် နှင့်ပတ်သက်သော ဆရာဆိုပါက သောတာပန် အရိယာ မဖြစ်မချင်း ဆရာကောင်း လိုအပ် ပေတယ်၊ ရုပ်နာမ် သဘာဝကို အမှန်သိမြင်၍ မပျောက်ပျက်သော ဖြစ်ပျက်

ရှိနေတဲ့ သောတာပန် အရိယာဆိုလျှင် မိမိ၏ကိုယ်ပိုင် ဖြစ်ပျက်အာရုံကိုပင် ဆက်လက်၍ မနေမနားရှုပွားပါက ဆရာကင်းကွာ နေသော်လည်း အထက်မဂ်ကို ဆိုက်ရောက်နိုင်ပေတယ်။

## ဆရာကင်းသော အချိန်အခါ

ထိုကြောင့် ဥပရိပဏ္ဏာသဋီကာ၌—

> ပရတော ဃောသေန ဝိနာပိ ဥပရိမဂ္ဂါဓိဂမော ဟောတီတိ ပစ္စတ္တံ ပုရိသကာရေနာတိ ဝုတ္တံ ပဌမမဂ္ဂေါ ဝေဟိ သာဝကာနံ ကေန္တတော ဃောသာပေက္ခောတိ။

ဟု အဋ္ဌကထာကျမ်းပြု ရှင်ဓမ္မပါလ မိန့်ဆိုတော် မူ၏။ ဆရာ သမား၏ ဟောကြား ညွှန်ပြမှုနှင့် ကင်း၍လည်း သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်များကို အမှန်မုချရနိုင်ပေကြောင်းကို စိတ်ချယုံကြည်ရာ၏၊ ဤပါဠိတော်၌လည်း ပရတော ဃောသ ပစ္စည်းဖြင့် ယောဂီ တို့အား ကျေးဇူးပြုနိုင် ဆိုသည်မှာ တကယ်ပိဋကတ် ဗဟုသုတရှိ၍ တကယ်ပင်ရပ်နာမ်၌ အသိအမြင် ပေါက်ရောက် နေသူများသာ တတ်စွမ်းနိုင်သောကိစ္စဖြစ်၍ ဆရာကောင်းရရှိရန် အထူးပင်လိုပေသည်။

ဆရာကောင်းမရရှိပါက အပါယ်ငရဲအထိကျရောက်နိုင်ပေတယ်၊ ထို့ကြောင့် ရှင်တော်ဘုရားသည် သီလက္ခန် ပါဠိတော်၌ အဇာတသတ်မင်းသည် အပြစ်ကင်းစင်၍ ပထမအရွယ်မှာ တရားနာရပါလျှင် မဂ်လေး ဆင့်ပေါက်

အရိယာစခန်း၏ အပြီးအဆုံးသို့ရောက်နိုင်ပေတယ်၊ ဒုတိယအရွယ်မှာ တရားနာရပါလျှင် အနာဂါမ်အထိ ပေါက်ရောက်နိုင်ပေတယ်၊ တတိယအရွယ်မှာ တရားနာရ ပါလျှင် သောတာပန်အရိယာ အငယ်စားအထိ ပေါက်ရောက်နိုင်ပေတယ်။

ယခုအခါမှာ အပေါင်း အသင်း မှားယွင်း၍ အပါယ်လေးပါးတိုင်အောင် အရှုံးကြီး ရှုံးရပေသည်ဟု ဟောကြားတော်မူပေသည်၊ ထိုကြောင့်သတိကြီးမားစွာထား၍ နီးစပ်ခင်မင်ရာဟု မမှတ်သားကြကုန်ရာ ဆရာသမား ကိုးကွယ်မှားက တသံသရာလုံး မှောက်နိုင်ပေ၏။ ရှင်တော်မြတ်ဘုရား သည်ကားဆိုလျှင် သဗ္ဗညုတ ဉာဏ်တော် တည်းဟူသောတောင်ထိပ်ပေါ်ကတက်၍ ဘုရားမျက်စိနှစ်လုံးဖြင့် အထက်အောက်ပြန်လှန် သုံးသပ်ဆင်ခြင် ကြည့်လိုက်သည်ရှိသော် အထက်က ပြဆိုထားခဲ့တဲ့ ကျွတ်ထိုက်သော ပုဂ္ဂိုလ်က အပိုင်းတပိုင်း မကျွတ်ထိုက်သော ပုဂ္ဂိုလ်က အပိုင်းတပိုင်းကို ကွဲကွဲပြားပြား သိရှိနားလည်ပြီးနေ၏။

ထိုအခါ ကျွတ်ထိုက်သော ဝေနေယျ ကတကလျာဏ ပုဂ္ဂိုလ်တွေကို နောက်ထပ်တဖန် ရာဂအဖြစ်များသူဒေါသအဖြစ်များသူ မောဟအဖြစ်များသူ သဒ္ဓါတရားအဖြစ်များသူ အသိပညာ အဖြစ်များသူ အကြံအစည်အဖြစ်များသူဟု ခြောက်စုံခြောက်ပုံပြုပြီး၍–

၁။ ရာဂစရိုက် ရာဂအဖြစ် များသူအား အသုဘကမ္မဋ္ဌာန်းတဆဲ့တပါးကို ဟောကြားတော်မူ၏။

၂။ ဒေါသစရိုက်ရှိသူ ဒေါသအဖြစ်များသူ တို့အား မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဟူသော ဗြဟ္မစိုရ် တရားလေးပါးကိုဟောကြား၏။

၃။ မောဟစရိုက်ရှိသူ မသိမိုက်မဲ တွေဝေသူတို့အား မရဏာနုဿတိ ကမ္မဋ္ဌာန်းတရားကိုဟောကြား ပြသတော်မူ၏။

၄။ သဒ္ဓါစရိုက်ရှိသူ ရတနာ သုံးပါး၌ ယုံကြည်မှု ပြင်းထန်လွန်ကဲသူတို့အား ဗုဒ္ဓါနုဿတိစသော အနုဿတိ ခြောက်ပါးကို ပွားများအားထုတ်ရန် ညွှန်ကြားဟောပြ တော်မူ၏။

၅။ ဗုဒ္ဓိစရိုက်ရှိသူ အသိပညာအမြော် အမြင်ပြည့်စုံသူ တို့၌ အသိပညာဆိုင်ရာ ပထဝီအာပေါ တေဇော ဝါယော ဟူသော ဓာတ်တရားကိုဟောကြား ပြသတော်မူ၏။

၆။ ဝိတက်စရိုက်ရှိသူ အကြံအစည်များသူတို့၌ ပထဝီ ကသိုဏ်း အစရှိသော သမထအာရုံ ကသိုဏ်း များနှင့် အာနာပါန ဟူသော သမထဝိပဿနာ အာရုံများကို ဟောကြားညွှန်ပြတော်မူပေ၏။

ရှင်တော် ဘုရားသည် သုံးဆဲ့တဘုံဟူသော ကြာရုံ ကြာတိုက်ကြီးအတွင်း၌ ကျွတ်ထိုက်သူဝေနေယျ ကြာဖူး ကြာငုံတွေကို နေမင်းကြီး သဘွယ် ရှင်တော် ဘုရား၏ အရောင်တော်ဖြင့် ပေါင်းဆုံ တွေ့ထိလိုက်ပါက ငွါးငွါး စွင့်စွင့် တင့်တင့်တယ်တယ် အလွန် ကြည်နူးဘွယ်သော ပွင့်လန်းခြင်းသို့ ရောက်ရှိလာကြပေကုန်တယ်၊ ထို့ကြောင့် အဋ္ဌကထာ ဆရာများက ယနေ့ပွင့်ရန်ရှိသော ကြာငုံ

ကြာဖူးနှင့် ဥဃဋိတညူ ပုဂ္ဂိုလ်နှင့်တူ၏၊ နက်ဖန်ပွင့်ရန် ရှိသောကြာဖူး ကြာငုံနှင့်ဝိပဉ္စိတညူပုဂ္ဂိုလ်တူ၏၊သဘက်ခါ ပွင့်ရန်ရှိသော ကြာဖူး ကြာငုံကြီးများနှင့် နေယျပုဂ္ဂိုလ် တူတယ်ဟု ပိုင်းခြားသတ်မှတ်၍ ဖွင့်ဆိုပေတယ်။

အထက်ပါပုဂ္ဂိုလ် သုံးယောက်တို့သည်ကား ဆိုလျှင် ပဋိသန္ဓေနေစဉ်ကပင်အမေ့ဝမ်းဟုဆိုတဲ့ ဘဝင်ပညာပဋိသန္ဓေ ကပင် ဉာဏ်နှင့် ယှဉ်လာမှုကြောင့် နေရောင်သင့်တော့ ကြာငုံပွင့်ဆိုသလို ဘုရားရှင်တည်းဟူသော နေမင်းကြီးနှင့် တွေ့ဆုံတဲ့အခါ နေရောင်နှင့်တူသော ဒေသနာဉာဏ်ရောင် မဂ္ဂရောင်ခြည်တို့၏ ထွန်းလင်း တောက်ပြောင် လာမှု ကြောင့် တရားတော်ကို နာယူကြကုန်သူနှင့်တရားတော်ကို ကျင့်ကြံပွားများ ကြိုးစား အားထုတ်နေကုန် သူတို့၏ စိတ်နှလုံးအိမ်ထက်၌ ကိန်းဝပ်တည်နေကြကုန်၍ ကြာဖတ် ကြာရွက် ကြာဝတ်ဆံတို့ပမာ ဝီရိယ သတိစသော မဂ္ဂင် အဖြာဖြာခြံရံတည်ရှိနေသော သမ္မာဒိဋ္ဌိအသိဉာဏ် ကြာဖူး ကြာငုံကြီးသည် ဘယ်အခါမျှ မညှိုးနိုင်သော ပွင့်လန်းခြင်း အထူးသို့ ကူးပြောင်းရောက်ရှိလာပေတော့တယ်။

ငြိုးငွေ့ စက်ဆုပ်ဘွယ် ကောင်းတဲ့ ဤလောကကြီး အလယ်မှ ထွက်မြောက် ကျွတ်လွတ်နိုင်တဲ့ တရားတော် ဆိုတော့ အသိပညာရှိသော ပုဂ္ဂိုလ်တိုင်းအတွက် အလွန် မက်မောစရာဖြစ်၍ ကြိုးစားပွားများ သူတိုင်းပင် အပါယ် သံသရာသုံးဆဲ့တဘုံသံသရာမှ အမှန်ပင်ကျွတ်လွတ်နိုင်သော တရားထူး တရားမြတ်ဖြစ်မှုကြောင့် နေ့ညမပြတ် လက်ကိုင် တခုပြုခါ ပွားများသင့်ပေတော့၏၊ ပွားများသင့်သော

အလုပ် စခန်းကြီးများကို ညွှန်ကြား ဟောပြထားသော ပါဠိတော်ကြီး များမှာဆိုလျှင် အလွန်တရားမှ ပေါများ ပေတယ်၊ အချို့ပါဠိတော်ကြီးများမှာဆိုလျှင် ပုဂ္ဂိုလ်ကို အကြောင်းခံ၍ ဓမ္မသဘာဝကိုဟောကြားတော်မူပေသည်။

အချို့ ပါဠိတော်ကြီးများမှာ ဆိုလျှင် ဓမ္မသဘာဝကို အကြောင်းရင်းပြု၍ ပုဂ္ဂိုလ်ကိုဟောကြားထားသော နေရာဌာနများလည်း ရှိပေသည်၊ အချို့ ပါဠိတော်ကြီးများမှာ ဆိုလျှင်ဓမ္မသက်သက် ဖော်ပြရန် ဟောကြား ထားသော နေရာ များလည်း ရှိပေသည်၊ ပုဂ္ဂိုလ်ကို ရည်ညွှန်း၍ ဟောကြားထားသော ပါဠိတော်ကြီး များလည်း ရှိပေ ကုန်သည်၊ ဤသို့အားဖြင့် ဟောကြားမှုမျိုးစုံရှိသော်လည်း-

၁။ ရှင်တော်ဘုရား၏ အလိုဆန္ဒတော် အတိုင်း ဟော ကြားသောနေရာ။
၂။ သူတပါး၏ဆန္ဒကို ဟောကြားသော နေရာ။
၃။ ပုစ္ဆာ ပြဿနာအားလျော်စွာ ဟောကြားသော နေရာ။
၄။ အကြောင်းတိုက်ဆိုင်၍ဟောကြားသော နေရာဟု ဟောပုံ ဟောနည်း လေးမျိုးပင် ရှိပေ ကုန်သည်။

ထင်ရှားစေဦးအံ့ မဟာသတိပဋ္ဌာနသုတ်၊အာကင်္ခေယျ သုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ မဂ္ဂင်္ဂသုတ် စသည်များသည် ဘုရား ရှင်၏ အလိုဆန္ဒအတိုင်း ဟောကြားသော ပါဠိတော်ကြီး များဖြစ်ပေ ကုန်သည်။ စူဠရာဟုလောဝါဒသုတ်၊ မဟာ ရာဟုလောဝါဒသုတ်၊ ဓမ္မစက္ကပဝတ္တနသုတ် စသည်တို့သည်

သူတပါးနှင့် လိုက်လျောအောင် ဟောကြား ထားသော ပါဠိတော်ကြီးများ ဖြစ်ပေကုန်သည်၊ သင်္ဂပဥသုတ်၊ စူဠဝေဒလ္လသုတ်၊ မဟာဝေဒလ္လသုတ်၊ ဒေဝတာသံယုတ် စသည်များသည် ပုစ္ဆာပြဿနာ အားလျော်စွာ ဟော ကြားပေ ကုန်သည်။ ဓမ္မဒါယာဒသုတ်၊ ဒါရုက္ခန္ဓသုတ်၊ အဂ္ဂိက္ခန္ဓူပမသုတ် စသည် များသည် အကြောင်းအား လျော်စွာ ဟောကြားထားသော ပါဠိတော်ကြီးများ ဖြစ်ပေ ကုန်သည်။

ဤပါဠိတော်ကြီး တို့တွင် ဥဃဋိတညူအတွက် ဟော ကြားသော ပါဠိတော်ကြီးများ ဝိပဉ္စိတညူအတွက် ဟော ကြားသောပါဠိတော်ကြီးများ၊ နေယျအတွက် ဟောကြား သောပါဠိတော်ကြီးများဟု သုံးချိုးသုံးစား ရှိပေကုန်သည်။

၁။ ဥဃဋိတညူ ပုဂ္ဂိုလ်အတွက် ရှင်တော် ဘုရား ဟောကြားသော ပါဠိတော်ကြီးများမှာ ဆိုလျှင် ဥပါလိ သုတ်၊ ဘဒ္ဒါလိသုတ် စသည်တို့ပင်တည်း။

၂။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်များအတွက် ဟောကြားသော ပါဠိတော်ကြီးများမှာ ဆိုလျှင် ဧတိဝိပဉ္စိတညူဝသေန ဘ ဂဝါ ဧမံခါတု ဝိဘင်္ဂသုတ္တံ ကထေသိ-ဟု ဖွင့်ဆိုသော အဋ္ဌ ကထာဆရာ၏စကားကို ထောက်ဆ၍ ခါတုဝိဘင်သုတ် ကြီးများ၌ ဝိပဉ္စိတညူဒေသနာတော် ဖြစ်ကြောင်း သိသာ ထင်ရှား၏။

နေယျ ပုဂ္ဂိုလ်အတွက် ဟောကြားသော သုတ်ပါဠိ တော်ကြီးများမှာ ဆိုလျှင် မဟာရာဟုလောဝါဒ သုတ် တော်ကြီး၊ ဗာဟိတိက သုတ်တော်ကြီး၊ အဘယ ရာဇ

ကုမာရသုတ်တော်ကြီး၊ မဟာဒေဝ နိယသုတ်ပါဠိတော်ကြီး၊ ဓောဓိရာဇ ကုမာရသုတ် ပါဠိတော်ကြီးများသည် ယခု ခေတ်မျိုးနှင့် အထူး လိုက်လျောသော နေယျဒေသနာ တော်ကြီးများ ဖြစ်ပေကုန်သည်။

ယခုခေတ်မှာ ဥဃဋိတညူ၊ ဝိပဉ္စိတညူ ပုဂ္ဂိုလ်များက နည်းပါး၍ နေယျ ပုဂ္ဂိုလ်တွေက များပေ၏ဟု ပညာ ရှင်အများ၏ ယူဆမှုရှိသောကြောင့် နေယျပုဂ္ဂိုလ်မျိုးနှင့် သင့်လျော်သော သမထအာရုံ၊ ဝိပဿနာအာရုံ နှစ်မျိုးစုံ ရနိုင်တဲ့ နေယျဒေသနာတော်ဖြစ်တဲ့ မဟာရာဟုလောဝါဒ သုတ်တော်ကြီးကို ဟောပြရမည်၊ ဤ မဟာရာလောဝါဒ သုတ်တော်ကြီးမှာဆိုလျှင် ခန္ဓာငါးပါး ဝိပဿနာ ရှုပွား ပုံနှင့် ဓာတ်ငါးပါး ရှုရန် ဝိပဿနာ အာရုံများ အပြင် လုံလောက်သော သမာဓိအာရုံဖြစ်တဲ့ အာနာပါနအလုပ် စခန်းကြီး ဝိပဿနာ အလုပ် စခန်းကြီးများကို ပွားများ အားထုတ်နိုင်ရန် ရှင်တော်ဘုရား ကိုယ်တိုင် တရားလာပြ နေသည်နှင့် အလားတူပင်ဖြစ်၍ ဝမ်းမြောက်စရာ၊ ကြည်ညို စရာ၊ အားထားမှီခိုစရာကြီး ဖြစ်ပေတယ်။

နေယျ ပုဂ္ဂိုလ် ဆိုတာ အချိန်ကာလ ယူ၍ သမာဓိ ထူထောင်သော အလုပ်စခန်းဝင်နိုင်သူများသာ ဝိပဿနာ ဉာဏ် မဂ်ဉာဏ်ပေါက်ရောက်နိုင်၍ အဘက်ဘက်က ပြည့်စုံ အောင် ရှာမှီးပြီးတော့ တရားဘာဝနာကို အားထုတ်နိုင် လျှင် မကြာခင် သမာဓိပညာ ဖြစ်နိုင်ပေသည်၊ သမာဓိ ဆိုသည်မှာ အနည်းဆုံး ဥပစာရဈာန်၊ ဥပစာရ သမာဓိ ဆောင်ရွက် နိုင်သော ခဏိက သမာဓိမျိုး ပြည့်စုံသော

ဝိပဿနာ ယာနိက ယောဂီများ၌သာ ဝိပဿနာ ဉာဏ်မှန် ရရှိ၍ မဂ်ဝင်အရိယာဖြစ်နိုင်ပေတယ်။

ဥပစာရ သမာဓိနှင့် ညီမျှသော ခဏိက သမာဓိမျိုး မဟုတ်ပါလျှင်ဝိညာဏ်သိ ဖြစ်ပျက်ဝိပဿနာမျိုးသာ ဖြစ်၍ ဝိပဿနာအတု မဂ်တုသာ ရနိုင်ပေလိမ့်မည်၊ ဝိပဿနာတု မဂ်တုကို ဝိပဿနာစစ် မဂ်စစ်ထင်ပါလျှင် ခိုင်လုံသော အာဂမယုတ္တိ သဘာဝယုတ္တိ ထုတ်ပြနိုင်ရမည်၊ အာဂမ ယုတ္တိ မပါလျှင် ယခုခေတ် မျိုး၌ ဘယ်သူမှ ယုံမည် မဟုတ်ချေ။

ခဏိက သမာဓိသည် ဥပစာသမာဓိကို ရွက်ဆောင် နိုင်တယ်၊ ဥပစာရသမာဓိနှင့် ပြည့်စုံရမည် ဆိုတာကတော့ ပါဠိတော် အဋ္ဌကထာ ကျမ်းဂန် ဗဟုသုတကို ကိုယ်တိုင် ကြည့်ရှုဘူးပါက ယုံကြည်နိုင်ဘွယ် အကြောင်း များစွာ ရှိပေတယ်၊ အထူးအားဖြင့် အဋ္ဌကထာဋီကာကျမ်းပြုရှင်မမွ ပါလ၏ ဖွင့်ဆိုထားချက်များ၌ ခိုင်လုံစွာ ပါရှိနေပေသည်၊ ထိုကြောင့် နေယျလုပ်ငန်းစဉ်ဖြစ်တဲ့ သမာဓိပညာ နှစ်မျိုး စုံကိုရရှိနိုင်တဲ့ ဤမဟာ ရာဟုလောဝါဒ သုတ်တော်ကြီး လာတိုင်း လိုက်နာကျင့်ကြံ အားထုတ်နိုင်သူ အမျိုးကောင်း သား၊ အမျိုးကောင်းသမီး ဖြစ်ကြရမယ်။

## မဟာရာဟုလောဝါဒ သုတ်တော်ကြီးကို ဖွင့်ဆိုဟောခြင်း

အခါတပါး ရှင်တော်ဘုရားသည် သာဝတ္ထိ မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူတယ်၊ ဆွမ်းခံကြွပုံမှာလည်း-

၁။ ကိုယ်တော်တပါးတည်း ကြွတော်မူခြင်း။
၂။ ရဟန်းသံဃာနှင့်တကွ ကြွတော်မူခြင်း။
၃။ ပင်ကိုသဘာဝအတိုင်း ကြွတော်မူခြင်း။
၄။ တန်ခိုးဗျာဒိဟာတို့ဖြင့် ကြွတော်မူခြင်း။

ဟု-လေးမျိုး လေးစား ရှိရာတွင် တန်ခိုးဗျာဒိဟာဖြင့် ကြွတော်မူပုံကို မူလပဏ္ဏာသ အဋ္ဌကထာကြီးများ၌ အလွန်ကြည်ညိုဘွယ်ရာ ကောင်းအောင် ဖွင့်ဆို ထားတော်မူကြပေတယ်၊ ဤနေရာ၌ ဟောစရာ ပြောစရာ များနေ၍ ချန်လှပ်ထားပေအံ့။ ရှင်ရာဟုလာ သည်လည်း သပိတ်သက်န်းကိုယူ၍ ဘုရားရှင်၏ နောက်မှ နောက်မှအစဉ်လိုက်လေ၏၊ ပတ္တမြားဂူမှ ထွက်၍ ကျက်စားရာ အရပ်သို့ သွားသော ခြင်္သေ့မင်း၏နောက်သို့ အစဉ် ထွက်လိုက်နေသော ခြင်္သေ့ပေါက်ကလေးနှင့် တူပေတယ်။

ဘုရားရှင်သည်လည်း သာကီဝင်မင်းမျိုး ဖြစ်ပေတယ် ဘုရားရှင်သည် မင်းစည်းစိမ်ကိုပင်စွန့်၍ တောထွက်တော်မူတယ်၊ ရှင်ရာဟုလာသည်လည်း မင်းစည်းစိမ်ကိုပယ်၍ တောထွက်တော်မူတယ်၊ဘုရားရှင်သည်သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်တို့ဖြင့် တန်ဆာဆင်သည်ဖြစ်၍ တင့်တယ်ပေတယ်၊ ရှင်ရာဟုလာသည်လည်း သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်တို့ဖြင့် တန်ဆာဆင်၍ တင့်တယ်ပေတယ်။

ထိုအခါ ရှင်ရာဟုလာသည် ဘုရားရှင်၏နောက်တော်မှ လိုက်၍သာ ခြေဖျားမှ ဆံပင်တိုင်အောင် ဘုရားရှင်ကို ကြည့်ရှုတော်မူတယ်၊ ရှင်ရာဟုလာသည် ဘုရားတည်းဟူသော အသွင်အပြင်ဖြင့် တင့်တယ်ခြင်းကို မြင်ရ၍

ဘုရားရှင်သည် သုံးဆဲ့နှစ်ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့ဖြင့် ဆန်းကြယ် တင့်တယ်သော ကိုယ်တော်လည်းရှိပေ၏။ လျှပ်စစ်နွယ် တို့ဖြင့် ထက်ဝန်းကျင် ခြံရံနေသော ရွှေတောင်ကြီးကဲ့သို့ ရောင်ခြည်ခြောက်သွယ်တို့သည်တင့်တယ်ခြံရံပေတယ်၊တိမ် တိုက်ကြားမှ တခဏထွက်ပေါ်လာသော လပြည့်ဝန်းကြီး ကဲ့သို့ အမျှသုံးဆယ်သော ပါရမီတော်၏ အာနုဘော်သည် စီရင်အပ်သည်ဖြစ်၍ အတ္တဘောကိုယ်ခန္ဓာ၏ ကြက်သရေ မင်္ဂလာမျိုးစုံနှင့် ပြည့်စုံနေပုံတို့ကို တွေးကြံစည်နေပေတယ်။

ထိုနောက်တဖန်မိမိ၏ ရူပကာယ ကိုယ်ခန္ဓာကြီးကို ကြည့်ရှု၍လည်း ဘုရား၏နီးပါးပင် ငါ၏ကိုယ်ခန္ဓာသည် လည်း တင့်တယ်ပေတယ်၊ ဘုရားရှင်သည် လေးကျွန်းလုံး၌ စကြဝတေးမင်းကြီးများ ပြုလုပ်ပါက ငါအားသားကြီး ရာထူးကိုပေးမှာ ဖြစ်ပေလိမ့်မည်၊ ဤသို့ အားဖြင့် မင်း စည်းစိမ်ဖြင့် နေထိုင်ရကြပါက ဇမ္ဗူဒီပါ မြေပြင်သည် အလွန်ပင် တင့်တယ်ပေလိမ့်မည်။ ဤသို့အားဖြင့် တရား လက်လွှတ်ရောက်တတ်ရာရာ ကြံစည်တွေးတော၍ ခန္ဓာ ကိုယ်ကို မှီတွယ်ပြီးလျှင် တဏှာရာဂ ပွား၍သာ နေပေ တော့သည်။

### ရာဟုလာတဏှာဖြစ်၍ ခန္ဓာကိုယ်၌မနှစ်သက်အောင် ဝိပဿနာတရားပေးပုံ

ဘုရားရှင်သည်လည်း ရှေ့တော်မှ သွားလျက်သာလျှင် သတိပညာပြည့်စုံစွာဖြင့်ကြံစည်စဉ်းစားသည်မှာယခုအချိန်

အခါမှာ ရာဟုလာ၏ ကိုယ်ခန္ဓာသည် အရွယ်အားဖြင့် မကြီးလှသေး၍ ပြည့်ဖြိုးသော အသား အရေ အသွေးနှင့် ပြည့်စုံပေတယ်၊ မခွဲနိုင်မခွါရက်နိုင်အောင် နှစ်သက်ခင်မင် တွယ်တာစရာဖြစ်တဲ့ အာရုံငါးပါးတို့၌ စိတ်၏ပြေးသွား ကျက်စားနေသော အချိန်ကာလဖြစ်ပေတယ်၊ ဘာတွေများ ကြံစည်မှုများ၍ နေသနည်းဟု စဉ်းစား ဆင်ခြင်တော် မူပေတယ်။

ထိုသို့စဉ်းစားဆင်ခြင်လိုက်သည်နှင့်တပြိုင်နက်သာလျှင် ကြည်လင်လှသော ရေကန်တွင်း၌ ငါးတွေကို တွေ့မြင်ရ သကဲ့သို့ရင်း သန့်ရှင်းစင်ကြယ်သောမှန်ပြင်၌ မျက်နှာရိပ် ထင်ရှား သကဲ့သို့ရင်း ရာဟုလာ၏ မသင့်လျော်သော စိတ်ဖြစ်ပုံ ဖြစ်ဟန်ကို အထင်းသား တွေ့မြင်၍ နေလေပြီ။ ထိုသို့သိမြင်တွေ့ရှိနေရသော အခါကာလ၌ရာဟုလာသည် ငါဘုရား၏နောက်သို့ လိုက်ပါလျက် ငါသည် တင့်တယ် ပေ၏၊ ငါ၏အဆင်းသည် ကြည်လင်လှပ၏ဟု မိမိ၏ရုပ် ကိုယ်ခန္ဓာကိုမှီ၍ တဏှာလောဘဖြစ်၍ နေပေတယ်၊ ခရီး မဟုတ်ရာ၌ သွားလာလျက် မကျက်စားသင့်သော အာရုံ ပေါ်မှာ ကျက်စား၍နေပေတယ်။

ခရီးလမ်းမှားယောက်ျားကဲ့သို့ မသွားသင့်သောအာရုံ ခြောက်ပါးအရပ်သို့ ရောက်၍နေပေတယ်၊ ရာဟုလာအား ဖြစ်ပေါ်လာသော ဤကိလေသာတရားသည် တိုးပွား၍ လာခဲ့သော် မိမိသူတပါး နှစ်ဦးသားတို့၏ ကောင်းကျိုး တရားများကို ဟုတ်မှန်စွာ မသိမမြင်နိုင်ပေကုန်။ နောင် သံသရာအတွက်မှာလည်း အပါယ်လေးပါး ကျဆင်းနိုင်၍

ကုသိုလ်ကံထောက်မ၍လူ့ဘုံလောကသို့ ရောက်ရပြန်လည်း ဆင်းရဲလှသော လူ့ဒုက္ခကိုခံစားရ၍ အစမထင် သံသရာ ပြင်ကြီးမှာ အချိန်ကြာစွာ နစ်မြုပ် နေပေ လိမ့်မည်၊ ထို့ကြောင့် အဋ္ဌကထာဆရာက ဤသို့မိန့်ဆို၏

လောဘော အတ္ထံ နဇာနာတိ၊
လောဘောဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊
ယံလောဘော သဟတေနရံ။

လောဘော၊ အာရုံငါးပါးကို တွယ်တာ တတ်သော လောဘ တရားသည်။ အတ္ထံ၊ ကောင်းကျိုး ဆိုးကျိုးကို။ နဇာနာတိ၊ အမှန် မသိနိုင်ပေ။ လောဘော၊ မခွဲနိုင် မခွါနိုင်သော လောဘ တဏှာသည်။ ဓမ္မံ၊ နှစ်ဖြာ ဆိုး ကောင်း အကျိုး၏အကြောင်းကို။ နပဿတိ၊ ဟုတ်တိုင်း မှန်စွာ မမြင်ပါချေ။ လောဘော၊ ခင်မင်တွယ်တာလောဘ တဏှာသည်။ နရံ၊ သုံးဆဲ့တဘုံ စုဝေးခြိုနေသော များပြား သောသတ္တဝါတွေကို။ ယံသဟတေ၊ အကြင်အမြဲမပြတ် ဒလစပ်ပင်နှိပ်စက်လေ၏။ တဒါ၊ ထိုလောဘ နှိပ်စက်ရာ အချိန်အခါကာလ၌။အန္ဓတမံ၊ သင့်မသင့်လျော်မလျော်ကို ဖုံးကာလောင်မြိုက် အမိုက်တိုက်သည်။ဟောတိ၊အကြောင်း မလှ၍ မကောင်းကျိုးသဘာဝသာ ဖြစ်ရပေတော့၏။

ဤသို့အားဖြင့် အလွန် ဆိုးဝါးလှတဲ့ တဏှာလောဘ သူပုန်ရန် အပြင်းအထန် နှိပ်စက်မှု ခံစား နေရတဲ့အခါ ရှင်တော်ဘုရား၏ အလိုဆန္ဒဖြစ်ပေါ်လာသည်မှာ အတိုး များစွာ ထိုက်တန်တဲ့ ရတနာတွေများစွာ တင်ထားတဲ့

သင်္ဘောကြီး၌ ကပ်အက်နေသောနေရာတခုမှ ရေဝင်လာသည့်ရှိသော် လျင်မြန်စွာပင် ရေဝင်ပေါက်ကို ပိတ်ဆို့သင့်ပေသည်။

ခဏကလေးပင်လစ်လျူရှုခါမနေထိုက်ပေမပိတ်မဆို့ဘဲထားလိုက်ပါက သင်္ဘောတွင်းမှာပါလာတဲ့ အဘိုးတန်ရတနာများသည် ကုန်ဆုံး၍ ပျက်ပြုန်းခါ မသုံးစွဲရ ဖြစ်နိုင်ပေတယ်၊ ဤအတူပင် ရာဟုလာ၏ ကိုယ်တွင်းသန္တာန်၌ ဖြစ်ပေါ် လာသော ကိလေသာသည် သီလ စသောသူတော်ကောင်း ဥစ္စာရတနာတွေကို အမှန်မုချဖျက်ဆီးပင်နိုင်ပေတယ်၊ ထို့ကြောင့် ရှင်ရာဟုလာ၏ သန္တာန်မှာ ရှိနေတဲ့ အဘိုးတန် ဓမ္မ ရတနာတွေသည် မပြုန်းတီးမပျက်စီးခင် ညစ်ညမ်းယုတ်မာတဲ့ ကိလေသာအစုတ်အပွဲ့တွေကိုကော်ထုတ်ပစ်မှသင့်ပေလိမ့်မည်ဟု သဘောထား၍ ရှင်တော်ဘုရားသည် နောက်တော်သို့ ပြန်ကြည့်တော်မူ၍ အရှင်ရာဟုလာကို မိန့်တော်မူသည်မှာ။

ရာဟုလာအတိတ်အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အတွင်းအဇ္ဈတ္တသန္တာန်၌ ဖြစ်သော အပဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်သော ရုန့်ရင်း ကြမ်းတန်းသည်လည်းဖြစ်သော နူးညံ့သိမ်မွေ့သည်လည်းဖြစ်သောယုတ်သည်လည်းဖြစ်မြတ်သည်လည်းဖြစ်သော ဝေးသည်လည်းဖြစ် နီးသည်လည်း ဖြစ်သောအလုံးစုံသောရုပ်သည် ငါ့ပိုင်ဥစ္စာမဟုတ် အလုံးစုံသောရုပ်သည် ငါမဟုတ် အလုံးစုံသောရုပ်သည် ကိုယ်၏အတ္တမဟုတ် (ဝါ)ငါဟုဆိုအပ်သော ကာရကပ္ပိတ အတ္တမျိုး

မဟုတ်ဟု ရုပ်ကိုဟုတ်မှန်သောအတိုင်း ကောင်းမြတ်သော ဝိပဿနာပညာဖြင့် ရှုရမည်ဟု မိန့်တော်မူပေတယ်။

ရုပ်တရားကို ဝိပဿနာရှုပွားရန် မိန့်တော်မူသောအခါ နည်းအမြွက်ပြဆိုပါက နည်းပေါင်း များစွာကို ထိုးထွင်းသိမြင်နိုင်သော နယ ကောဝိဒဂုဏ်နှင့် ပြည့်စုံသော နေယျပုဂ္ဂိုလ် ရှင်ရာဟုလာသည် နောက်ထပ် တဖန် ထပ်ဆင့်၍ လျှောက်ထားသည်မှာ အရှင်ဘုရား-ရုပ်ကိုသာ ဝိပဿနာ ရှုရပါမည်လား ဘုရားဟု လျှောက်ထားသော အခါ ရာဟုလာ ရုပ်ကိုလည်းဝိပဿနာရှုရမည်၊ ဝေဒနာကိုလည်း ဝိပဿနာ ရှုရမည်၊ သညာကိုလည်း ဝိပဿနာရှုရမည်၊ သင်္ခါရကိုလည်း ဝိပဿနာ ရှုရမည်၊ ဝိညာဏ် ကိုလည်း ဝိပဿနာရှုရမည်။

ဤသို့ အားဖြင့် ခန္ဓာ ငါးတန်ကို တဏှာဒိဋ္ဌိ ရန်မှ ကာကွယ်ဘို့ရန်ဖြစ်ပျက်မမြဲ ဖောက်လွဲဖောက်ပြန် ဆင်းရဲမှု အတန်တန်နှင့် စိုးအုပ်ရန်မဖြစ် အနတ္တ တရားစစ် များကို သီလမြေပေါ်မှာရပ်တည်၍ သမာဓိမှီရာ လက်ကိုင် ပြုပြီးလျှင် ဝိပဿနာပညာ၊ မဂ်ပညာဟု ဆိုအပ်သော အလင်းရောင်ကို မိမိ၏ရူပကာယကိုယ်ခန္ဓာကြီး အတွင်းမှာ တထိန်ထိန် ထွန်းလင်း တောက်ပြောင် နေစေရမယ်၊ သို့မှသာလျှင် အသိဉာဏ်တွယ်၍ ကိလေသာ အန္တရာယ်တွေမှ ကင်းဝေးဆိတ်သုဉ်း သွားနိုင်ပေတယ်၊ ရာဟုလာ-သင်၏ နာမ်အစဉ်၌ အပါယ်လေးတန်ကို ကျစေရန်နှင့် အဘိုးတန် မြင့်မြတ်လှတဲ့ ဈာန်မဂ်ဖိုလ်တရားများ၏ အနှောင့်အရှက် အန္တရာယ် တဏှာမာန ဒိဋ္ဌိတရားဆိုး များကို ပယ်ရှား

နိုင်အောင် အမှန်တရားတွေကိုသာ အမှန်တရား အတိုင်း သိနိုင်ရန်အတွက် ခန္ဓာကိုယ်၌ သာယာမှုမဖြစ်စေဘဲ မသာယာမှုဖြစ်ရမယ်၊ ခန္ဓာကိုယ်ကြီးကို မရေမတွက် နိုင်သော သံသရာ ကာလပတ်လုံး အလိုလိုက်၍ လာရတာကြောင့် ကြာမြင့်လှပြီး၊ အလွန်ရခဲသောလူ့ဘဝ၌ အလွန်ရခဲသော သာသနာတွင်း၌ မကောင်းတဲ့ခေတ်ဆိုး၊ ခေတ်ညံ့တွေကို ကင်းကွာစေရမယ်၊ ထိုကြောင့်-

၁။ ရုပ်အစုအဝေးကြီးသည် ဆေးရုံကြီးနှင့် တူတယ်။

၂။ ခံစားမှုသဘောတရားများသည်ဖျား,နာဥကွောင်း ကိုက်နာစသော အနာရောဂါတွေနှင့်တူတယ်။

၃။ အမှတ်မှားမှု သဘော တရားသည် ရောဂါဖြစ် ကြောင်းဖြစ်တဲ့ လေ သလိပ် သည်းခြေ များနှင့် တူတယ်။

၄။ ပြုပြင်မှု သဘောတရားသည် မလျောက်ပတ်သော ဥတု စားသောက်ဘွယ် နေရာ စသည်နှင့်တူတယ်။

၅။ သိမှုဝိညာဏက္ခန္ဓာသည် ဆေးရုံကြီး၌ တက်ရောက် နေသော လူနာနှင့်တူတယ်။

ချွှ၍ပြဆိုဦးအံ့ သုံးဆဲ့တဘုံတွင်းမှာ တည်ရှိကုန်တဲ့ လူ, နတ်, ဗြဟ္မာတို့၌ဆိုလျှင် အမြဲစွဲကပ်နေတဲ့ လောဘနာတွေ၊ ဒေါသနာတွေ၊ မောဟနာတွေ၊ မာန နာတွေ စသော ကိလေသာ အနာရောဂါတို့သည်ကားဆိုလျှင် အကြောင်း အကျိုး တိုက်ဆိုင်တိုင်းတိုက်ဆိုင်တိုင်း ထကြွသောင်းကျန်း ကုန်၍နေကြတယ်၊ ရူပါရုံ အညှော်မိလျှင်လဲ ထကြွတယ်၊

သဒ္ဒါရုံအညှော်မိလျှင်လဲ ထကြွတယ်၊ ဂန္ဓာရုံ အညှော်မိ လျှင်လဲ ထကြွတယ်၊ ရသာရုံ အညှော်မိ လျှင်လဲ ထကြွ တယ်၊ဖောဋ္ဌဗ္ဗာရုံအညှော်မိလျှင်လဲ ထကြွတယ်၊ဤသို့အား ဖြင့် အာရုံငါးပါးဟူသော မသင့်သော အစာ အာဟာရ၊ မသင့်သောအညှော်၊ မသင့်သော ဓာတ်စာ၊ မသင့်သော နေရာ၊ မသင့်သော အပေါင်း အသင်း တွေ့ကြုံတိုင်း တွေ့ကြုံတိုင်း ဆေးရုံတက်နေသော လူမမာ၌ အလွန် ပြင်း ထန်စွာ ဓာတ်ဝေဒနာတွေ ဖောက်ပြန်လာမှုကြောင့် ယခု ပင် သေရမလောက် ပြင်းပြင်းထန်ထန် ခံစားရ ပေတယ်။

ဆေးရုံ တက်နေသောလူမမာနှင့် စိတ်ဂိလာနနှင့်ကူ၍ အပြင်းအထန် ဖြစ်ပေါ် လာသော အနာ ရောဂါနှင့် ဝေဒနာတရားနှင့် မလျော်ကပ်သော စားသောက်ဘွယ် အိပ်ရာ နေရာ ဆေးဝါး ဓာတ်စာများနှင့် သဒ္ဒါရုဏ္ဍာ တူတယ်၊ နီးကပ်သော ရောဂါ ဖြစ်ကြောင်း ဟူသော ဖောက်ပြန်စွာဖြစ်ခြင်း၊ လေသလိပ်သည်းခြေနှင့် ဥပါဒါန် သညာနှင့်တူတယ်၊ ဤဥပါဒါန်မိစ္ဆာသညာကြောင့် သုံးဆဲ့ တဘုံသတ္တဝါတွေ၌ တဏှာရောဂါ၊ ဒိဋ္ဌိရောဂါ၊ မာန ရောဂါတွေ အလွန်ထကြွ သောင်းကျန်းမှုကို ခံစားရပေ တယ်၊ ဤကိလေသာရောဂါ၊ နာမ်ရောဂါ တွေ၏ ကျက် စားဖြစ်ပေါ် ရာသည့် ရုပ်အစုအဝေးကြီးဖြစ်၍ ဥပါဒါန် ခန္ဓာကြီးသည် နာမ်ဝေဒနာ ရောဂါသယ်တို့၏ တည်ရာ ဖြစ်၍ ဆေးရုံကြီးနှင့်တူပုံ အသိဉာဏ်မြော်မြင်၍ သိနိုင်ကုန် ရာ၏။ ဤသို့အားဖြင့် ခန္ဓာငါးပါးဖြစ်နေပုံကို အကျဉ်းချုပ် သိမှတ်ကြကုန်ရာ၏။

## ခန္ဓာငါးပါး၌ ဝိပဿနာရှုပုံ

ဥပါဒါန်အာရုံဖြစ်တဲ့ ခန္ဓာငါးပါး၌ အပေါင်းတရားရှုပုံ အစိတ် အစိတ်ရှုပုံဟု နှစ်မျိုးနှစ်စား ရှိပေကုန်သည်၊ ဥပါဒါနက္ခန္ဓာ ငါးပါးကို လက်နက် စွဲကိုင် ထားသောခားပြသူပုန်များနှင့် တူ၏ဟု အပေါင်းအားဖြင့် ရှုရတယ်၊ ခားပြ သူပုန်များသည်သူတို့၏ဝင်ရောက်ရာ မြို့ရွာ တို့၌ ကောင်းကျိုး မဖြစ်စေ၊ ဆိုးရွားမှု တွေသာ ဖြစ်နိုင်သလို ဥပါဒါနက္ခန္ဓာငါးပါးအသစ်အသစ်ဖြစ်ပေါ်လာပြီဆိုလျှင် အပါယ်ခန္ဓာ၊ လူခန္ဓာ၊ နတ်ခန္ဓာ ဆင်းရဲဝေဒနာတွေသာ ဖြစ်လာ၍ အိုမှု၊ နာမှု၊ သေမှု၊ ဆောက်ပူမှု၊ ပူဆွေးခြင်း နေ့စဉ်လုပ်ကိုင် ရှာကြံရမှုစသော ဒုက္ခအဖုံဖုံနှင့်သာ နေ့စဉ် တွေ့ကြုံရ ပေတယ်၊ အလွန် ကြောက်မက် ဘွယ်ရာ ရှိတဲ့ ဘီလူးကြီး များနှင့်တူ၍ ဤဥပါဒါန် အာရုံဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ် တရားများသည် မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း ကံ စိတ်,ဥတု, အာဟာရ အကြောင်းလေးဝပေါင်းဆုံပြုပြင်ထားခြင်း၌ သူသတ်ယောက်ျားနှင့် တူပုံကို နေ့စဉ် ရှုပွားရတယ်။

ခန္ဓာငါးပါး ဥပါဒါန်အာရုံ တရားများသည် ဝန်ထုပ်ဝန်ပိုးကြီးနှင့်လည်း တူပေတယ်။ ဤခန္ဓာ ဝန်ထုပ်ကြီးကို သံသရာဝဋ်ဆင်းရဲမှ မကင်းလွတ်သေးသမျှ ကာလပတ်လုံး အမြဲတန်းပင် ဘဝတိုင်း ဘဝတိုင်း ဤရုပ်နာမ်ခန္ဓာကြီးကို ထမ်းဆောင်၍သာ နေရပေတော့၏။ ဤခန္ဓာငါးပါး ရုပ်နာမ်ကြီးကို မထမ်းဆောင်ရအောင် ငါ၏စွဲလမ်း မက်မောစရာမဟုတ်၊ တွယ်တာ ခင်မင်စရာ မဟုတ်၊ ငါမဟုတ်

အကြောင်းအကျိုးတိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ရုပ်နာမ် အစုအဝေးကြီးကိုသာ ငါကောင်၊ သူကောင်၊ ပုဂ္ဂိုလ် ကောင်၊ သတ္တဝါကောင် ထင်မှတ် နေကြပါ လားဟု ဝိပဿနာတင်ရှုရမည်။ ဤသို့ ရှုပွားဖန်များပါလျှင် ခန္ဓာ ငါးပါး ရုပ်နာမ်နှစ်ပါး၌ အသစ် အသစ်ဖြစ်ရမှုကို ငြီးငွေ့ ပြီးလျှင် တပ်နှစ်သက်ခြင်း ကင်းကွာနိုင်ပေတယ်၊ ဤသို့ အားဖြင့် ရှုပွားပါလျှင် အသစ်ရုပ်နာမ် ဖြစ်ပေါ်မှု တန့်ရပ် နောက်ဆုတ်ပြီးလျှင် ရင့်သန်သောဘာဝနာ အဟုန်ကြောင့် ရုပ်နာမ် မဖြစ်ကုန်ရာ ချမ်းသာတုံသို့ မုချအမှန်ရောက်ရှိ နိုင်ပေ ကုန်တယ်။ ထို့ကြောင့် ရှင်တော် ဘုရားသည် ဘာရသုတ္တန်ဒေသနာ၌–

ဘာရာ ဟဝေ ပဥ္စက္ခန္ဓာ၊
ဘာရဟာရောစ ပုဂ္ဂလော။
ဘာရာဒါနံ ဒုက္ခံ လောကေ၊
ဘာရနိက္ခေပနံ သုခံ။

ဟု–ဥပါဒါနက္ခန္ဓာဖြစ်ရခြင်း၌ ဝန်လေးလှပုံကို ဟော ကြားထားခြင်းဖြစ်ပေတယ်။

ပဥ္စက္ခန္ဓာ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်။ ဟဝေ၊ စင်စစ်မုချ ဧကန္တအားဖြင့်။ ဘာရာ၊ ဝန်ထုပ်ဝန်ပိုးကြီးနှင့် တူလှပေကုန်၏။ ပုဂ္ဂလော၊ လူနတ်ဗြဟ္မာ သတ္တဝါဆိုတဲ့ ပုဂ္ဂိုလ်များသည်။ ဘာရဟာရော၊ သတော်ဆိပ်ရထားဆိပ် စသော အရပ်ရပ် ထိုထို၌ တာဝန် ရွက်ဆောင် နေကြ ကုန်သော ပြည်သူ့ အလုပ်သမားများနှင့် တူပေတယ်။ လောကေ၊ ဖြစ်ပျက်မစဲ လောကထဲ၌။ ဘာရာဒါနံ၊ ခန္ဓာ

ငါးပါး ဝန်ထုပ်ဝန်ပိုးကို ထမ်းယူနေရခြင်းသည်။ ဒုက္ခ၊ ရက်, လ, နှစ်တွေတွင်မက ဘဝများစွာ ဆင်းရဲလှပါ၏။ ဘာရနိက္ခိပနံ၊ ခန္ဓာငါးပါး အသစ်မဖြစ်ပွားရာကို စွန့်ပစ်ချရခြင်းသည်။ သုခံ၊ အဆင့်အတန်းအမြင့်ဆုံးဖြစ်တဲ့အထွဋ်အထိပ်နိဗ္ဗာန်ချမ်းသာပင်တည်း။

ဤသို့အားဖြင့်လည်း ခန္ဓာငါးပါး ဥပါဒါန်တရားများ၌ အလွန် ကြီးမားလှသော ဝန်ထုပ် ဝန်ပိုးကြီးနှင့်တူပုံကိုအသိဉာဏ်ဖြင့် ဝိပဿနာရှုပွားရမည်။

## ရူပက္ခန္ဓာဝိပဿနာ

တနည်းအားဖြင့် ဥပါဒါန်အာရုံဖြစ်တဲ့ ခန္ဓာငါးပါးကို ဤဆိုလတ္တံ့အတိုင်း ပွားများကြရမယ်။

ရုပ်အစုအဝေးကြီးဖြစ်တဲ့ ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူပေတယ်။ ရေမြှုပ်တို့၏ သဘောသည် အနှစ်အမာခံမရှိ၍ တခဏမျှသာတည်တန့်ပြီးလျှင် ခဏချင်းပင် ပျက်စီးယိုယွင်းတတ်ကုန်၏ ကြီးမားသော ရေမြှုပ် ဆိုင်ကြီးပင်ဖြစ်သော်လည်း သမုဒ္ဒရာရေပြင်သို့ ရောက်လျှင် စင်စစ်မုချပျက်စီး ယိုယွင်းရ ပေကုန်တယ်။ ထို့နှင့် အလားတူစွာသာလျှင် သုံးဆဲ့တဘုံသားတို့၏ ရုပ်နာမ် တရားများသည်လည်း အမိဝမ်း၌ ပဋိသန္ဓေ နေစဉ် အခါမှ စ၍ တဖြည်းဖြည်း ရင့်ရော်ပြီးလျှင် ပရမတ် သဘော အားဖြင့် အမြဲတန်းပင် အနိစ္စနိုင်ငံသို့ သက်ဆင်း၍ နေရပေတယ်၊ ပညတ်သမုတိ အနေဖြင့်လည်း တဖြည်းဖြည်း ကြီးမားပြီးလျှင် အသက်အဆုံးအပိုင်းအခြားသို့ရောက်၍ မရဏ လက်တွင်းသက်ဆင်းရပေကုန်သည်။

ရေမြုပ်၌ ရေပိုးတို့၏ တည်ရာ မှီရာဖြစ်၍ အပေါက် အပေါက်ဖြစ်ခါ ဆွဲကိုင်ယူပါသော်လည်း အနှစ် အသား မပါနိုင် မခိုင်ခံ့ခြင်းသဘောရှိ၍ ပိုးမျိုးရှစ်ဆယ်တို့၏ မှီခိုရာ နေထိုင်ရာ ကျက်စားရာဖြစ်မှုကြောင့် တိရစ္ဆာန်ဂေဟာကြီး နှင့်တူပေတယ်၊ ပိုးမျိုးရှစ်ဆယ်တို့၏ သားဖွားရာဖြစ်၍ သား ဖွားဂေဟာနှင့်လည်း တူပေတယ်၊ ပိုးမျိုးရှစ်ဆယ် တို့၏ ကျင်ကြီး ကျင်ငယ်စွန့်ရာဖြစ်၍ အိမ်သာကုဋီများ နှင့်လည်း တူပေတယ်၊ ပိုးမျိုးရှစ်ဆယ် တို့၏ သေဆုံးရာ ဖြစ်၍ သုသာန်သင်းချိုင်းနှင့်လည်း တူပေတယ်။

ဤသို့အားဖြင့် ငါ၏ဥပါဒါန်ရုပ်ခန္ဓာကြီးသည် အဆင်း အားဖြင့်ငဲ့၊ အနံ့အားဖြင့်ငဲ့၊ သဏ္ဌာန် အားဖြင့်ငဲ့၊ တည်ရာ အရပ်အားဖြင့်ငဲ့၊ အမှန်မှုချ ရွံဘွယ် စက်ဆုပ် ဘွယ် မတင့်မတယ်သာဖြစ်ရ၍ မြဲတဲ့သဘောတရား ဆိုတာ ဘာမျှမရှိတဲ့ သဘော အဖန်ဖန် နှိပ်စက်နေတဲ့ သဘော တရားများသာရှိ၍ ဆင်းရဲဒုက္ခ မိမိအလိုအတိုင်း မဖြစ်ရတဲ့ အနတ္တတွေပါကလားဟု ရှုပွားဆင်ခြင်ရမည်၊

## ဝေဒနာကမ္မဋ္ဌာ ဝိပဿနာ

ဖောက်ပြန်မှု ရုပ်တရားတို့၌ အသုဘအနေ ရှုပွားရန်ကို ဟောကြားပြီးနောက် ဤဝေဒနာစသော နာမ်ကမ္မဋ္ဌာန်း များကိုလည်း ဆက်လက်ရှုပွားရန် တရားနာကြားကြရမယ်။

ဝေဒနာကမ္မဋ္ဌာကို အကျဉ်းချုပ် အားဖြင့် ရေပွက်နှင့် တူ၏ဟု ရှုမှတ်ရမည်၊ ရေပွက် သဘောသည် ရေပြင် ရေပေါက် ရေစေး တိုက်ခတ်သော လေဓာတ်နှင့် တကွ

အကြောင်း လေးဝကို ပေါင်းဆုံ၍ ဖြစ်ပေါ် လာသော ရေပွက်သည် တခဏမျှသာတည်ခါ ပျက်စီး ယိုယွင်းခြင်း သို့သာရောက်ရပေတယ်၊ ဤအတူပင် ခံစားမှုသဘောအစု ဖြစ်တဲ့ ဝေဒနာက္ခန္ဓာသည်လည်း ဝတ္ထုအာရုံ၊ ကိလေသာ အစေးခါတ်၊ ထိပါးခြင်းဖဿ၊ ဤအကြောင်းလေးဝကိုစွဲမှီ၍လက်ပစ်တတွက်မျှ ကာလ၌ပင် ကုဋေ တသိန်းမက လျင်မြန်စွာ ဖြစ်နိုင်မှုကြောင့် နိစ္စဓုဝအဖြစ်ယူခြင်းငှာ မတတ်ကောင်း။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာ ဖြစ်ရချေတော့၏။

## သညာက္ခန္ဓာ ဝိပဿနာ

သညာက္ခန္ဓာကို တံလှပ်နှင့်တူ၏ဟု အကျဉ်းချုပ် မှတ်သားရမယ်၊ တံလှပ်တို့၏ သဘော သည် ကဆုန် နယုန်ဟု ဆိုအပ်သော မိုဃ်းဦးကျအခါများ၌ ရေနီးစပ်သော မြစ်, ချောင်း, အိုင်, လယ်ကွက်, သဲသောင်ပြင် စသော နေရာတို့မှာ နေရောင်နှင့် ရေခိုး ရေလျှံ နှလုံးသွင်းမှု အကြောင်းခံ၍ ရေအစစ်မဟုတ်တဲ့ ရေရောင်ကို တံလှပ်ဟု ခေါ်ဆိုရတယ်၊ တံလှပ်ကိုရေဟု မှတ်ထင်မှား၍ ရေသောက်ရန် လာသော သူသည် ရေကိုရှာပါ သော်လည်း ရေမရ၍ မသောက်ချိုးရသကဲ့သို့ အမှတ်မှားမှု မိစ္ဆာ သညာသည်လည်း ဝတ္ထုအာရုံ နှလုံးသွင်းခြင်းကို အစွဲပြု၍ ရွှေမဟုတ်တာကို ရွှေဟု မှတ်ထင်သော နားမလည်သူ လူရိုင်း၊ လူတိရစ္ဆာန်တို့ကဲ့သို့ အခိုင်အမာပုဂ္ဂိုလ် သတ္တဝါထင်မှတ်ပြီးလျှင် အနိစ္စကို နိစ္စဟု အခိုင်အမာစိတ်ထဲ ညာက်ထဲ၌ ထင်နေ၏၊ ဒုက္ခကို သုခဟု အခိုင်အမာ အစွဲအမြဲ ထင်တယ်၊

အနတ္တကိုမရှိတဲ့ အတ္တပြ၍ အမှတ်မှား အထင်မှား ရှိ၍နေပေတယ်။

အသုဘကို သုဘဟု အမှတ်မှား အထင်မှား အယူအဆမှားဖြင့် ဆင်ခြင်သုံးသပ်တယ်၊ ဤသို့အားဖြင့် သညာက္ခန္ဓာသည် မှောက်မှောက် မှားမှား ဆင်ခြင် သုံးသပ်တတ်ပါကလားဟု အမှန်တရားကို ရှုပွားရမည်။ ဝိပဿနာတရားပွားများရာ၌ မိစ္ဆာသညာကို ပယ်ခွါနိုင်ရန် အရေးကြီးသောကိစ္စတခု ဖြစ်ပေတယ်၊ ထိုကြောင့် အဋ္ဌ ကထာကြီး၌ သညာဂူပသမံ သုခံဟု ဖွင့်ဆိုကြ ပေတယ်၊ မိစ္ဆာသညာငြိမ်းပျောက်ခြင်းသည် ချမ်းသာကြောင်းအစစ်အမှန်ဖြစ်ပေ၏၊ ထိုကြောင့်မိစ္ဆာသညာ၊ ဒိဋ္ဌိသညာကိုနိုင်အောင်ခွါနိုင်ရန် သမာဓိထူထောင်ခြင်း လုပ်ငန်းကို သာသနာတွင်း ခေတ်ကာလမှာ မနေမနားအားထုတ်ရာ၏။

## သင်္ခါရက္ခန္ဓာ ဝိပဿနာ

ပြုပြင်မှု သင်္ခါရ အစုအဝေးဖြစ်တဲ့ သင်္ခါရက္ခန္ဓာကို ငှက်ပျောပင်နှင့်တူ၏ဟု ရှုမှတ်အပ်၏၊ ငှက်ပျောပင် တို့၏ သဘောတရားသည် မြေဓာတ်ပထဝီ၊ မျိုးစေ့ဓာတ်၊ ဗီဇနိယာမ၊ အာပေါဓာတ်ရေ၊နေရောင်အပူငွေ့ ဤအကြောင်းလေးပါး တွေ့ဆုံပါကကြီးပွားဖြစ်ထွန်းခြင်း သဘောရှိပေတယ်၊ ငှက်ပျောပင်သည် အဖတ် အကာသာရှိ၍ အနှစ်မပါသောကြောင့် အမိုးအကာ စသော အခိုင်အမာ တို့ကို မပြုနိုင်ဘိသကဲ့သို့ ထိုအတူပင် ဝတ္ထု၊အာရုံ နှလုံးသွင်း အစရှိသော အကြောင်းတရားတို့ကိုစွဲ၍ ဖဿစသော တရား

တို့သည် တပေါင်းတည်း တစုတည်းအားဖြင့် တွေ့ထိခြင်း သဘော၊ စေ့ဆော်ခြင်းသဘော၊ ကြံစည်ခြင်း ;သဘော စသောသဘော လက္ခဏာတွေကိုဆောင်၍ ငှက်ပျောဖတ်တို့၏ မခိုင်မြဲခြင်းအလား နိစ္စဓုဝအားဖြင့် မဖြစ်ပေ၊ အနိစ္စ ဒုက္ခ အနတ္တ အသုဘတို့သာ ကေန္တဖြစ်ကြပေကုန်၏။

## ဝိညာဏက္ခန္ဓာ ဝိပဿနာ

ဝိညာဏက္ခန္ဓာကို မျက်လှည့်သည်နှင့် တူ၏ဟု အကျဉ်းချုပ်မှတ်သားကြရမယ်၊ မျက်လှည့်သည်တို့၏ သဘောတရားသည် လှည့်စားရာ ဝတ္ထုပစ္စည်း၊ လှည့်စားကြောင်း အတတ်ပညာ၊ လှည့်စားတတ်သူ၏ ကြိုးစားမှု ဗွဲလုံ့လ ကြည့်ရှုသူတို့၏ နှလုံးသွင်း သဘောထား ဤအကြောင်း တရားများကိုစွဲ၍ပြည်သူအများအားလှည့်ပတ်ဖြားယောင်း နိုင်ပေတယ်၊ မျက်လှည့်သမားသည် ရွှေ,ငွေ,စသည် မဟုတ်ပါဘဲလျက် ကျောက်ခဲစသည်ကို ရွှေ, ငွေ, အစရှိသော အမှတ်ဖြင့် ကြည့်သူတို့အား ထင်မှားစေကုန်၏၊ ထို့အတူပင် စိတ်ဝိညာဉ်သည်လည်း စက္ခုရူပါရုံ နှလုံး သွင်းခြင်း အစရှိသော အကြောင်းကိုစွဲ၍ ဝိညာဏက္ခန္ဓာ ဖြစ်၏။ ထိုဝိညာဏ်သည် လျင်မြန်စွာသော သဘောရှိ၍ တခုတည်းကဲ့သို့ထင်ရ၏၊ ဖြစ်ရာဖြစ်ရာ ကာလ၌သာ ချုပ်ပျောက်ခဲ့၍ တခြားစီတခြားစီသာ ဖြစ်ပေသည်။

ဥပမာ သွားသောအခါ စိတ်ဝိညာဏ်သည် ဖြစ်ပျက်၏၊ လာသောအခါ စိတ် ဝိညာဏ်သည်လည်း ဖြစ်ပျက်၏။ သို့ပေသမူ ပုထုဇဉ်သတ္တဝါများသည် သွားသောအခါစိတ်

သည်ပင် လာသောအခါ စိတ်ဖြစ်၏ဟု ထင်ကုန် မှတ်ကုန်ကြ၏၊ သွားသောအခါ စိတ်ဖြစ်၍ ချုပ်လေ ပြီးပါလျက် လာသောအခါ စိတ်တပါး ဖြစ်လာသည်ဟု မထင်မှတ်ကြကုန်၊ သုတ ဘာဝနာ ဤနှစ်ဖြာ ကုန်သော ပရမတ်ဉာဏ် ကင်းကွာမှုကြောင့်ပင်တည်း။ ဤကဲ့သို့ သွားသော အခါ စိတ်ကတခြား လျောင်းသောအခါ စိတ်က တခြားစီ ဖြစ်လျက် ရှေးရှေးသောစိတ်သည် ချုပ်ပြီးသည်၏ နောက်မှ တဖန်ဖြစ်သော စိတ်တခြားပင် ဖြစ်သော်လည်း ရှေးရှေး သော စိတ်သည်ပင် နောက်ထပ် တဖန် ဖြစ်သကဲ့သို့ ရွှေမဟုတ်သည်ကိုရွှေထင်သကဲ့သို့ထင်မြင်၍ နေကြကုန်၏။ အနိစ္စ ဒုက္ခ အနတ္တကို နိစ္စ သုခအတ္တ ထင်မြင်နေကြ ကုန်၏။ အနိစ္စ ဒုက္ခ အနတ္တဟု အမှန်အမှန်အတိုင်း သိမြင်ကုန်ကြရာ၏။ ထိုကြောင့် ရှင်တော်ဘုရားသည် ခန္ဓာငါးပါးတို့၏ သဘောသွားအမှန်ကို သံယုတ်ပါဠိတော်၌ ဟောကြားထားသည်မှာ အောက်ပါအတိုင်းဖြစ်ပေ၏။

ဖေဏပိဏ္ဍူပမံ ရူပံ၊
ဝေဒနာ ပုဗ္ဗုဠူပမာ၊
မရီစိကူပမာ သညာ။
သင်္ခါရာ ကဒလူပမာ၊
မာယူပမဉ္စ ဝိညာဏံ၊
ဒေသိတာ ဒိစ္စဗန္ဓုနာ။

ရူပံ၊ ရုပ်တရားကို။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်လျှင် ဥပမာရှိ၏ဟူ၍ဖွင်း။ ဝေဒနာ၊ ဝေဒနက္ခန္ဓာကို။ ပုဗ္ဗုဠူပမာ၊ ရေပွက်လျှင်ဥပမာရှိ၏ ဟူ၍ဖွင်း။ သညာ၊ သညာက္ခန္ဓာကို။

မရီစိကူပမာ၊ တံလှပ်လျှင် ဥပမာရှိ၏ ဟူ၍ဃင်း။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာကို။ ကဒလူပမာ၊ ငှက်ပျောပင်လျှင် ဥပမာ ရှိ၏ဟူ၍ဃင်း။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာကို။ မာယူပမာဏံ၊ မျက်လှည့်သမားလျှင် နှိုင်းယှဉ်စရာ ဥပမာရှိ၏ ဟူ၍ဃင်း။ ဇာမေ၊ ဤခန္ဓာငါးပါးတို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အရောင် အလင်း အလား သီလဂုဏ်ရောင် သမာဓိ ဂုဏ် ရောင် ပညာဂုဏ်ရောင်အားဖြင့် သုံးဆဲ့တဘုံခရိုင်မှာ ထွန်း လင်း တောက်ပ နိုင်သော ရှင်တော်မြတ် ဘုရားသည်။ ဒေသိတာ၊ ဟောကြားတော် မူအပ်ကုန်ပြီ။ ဤသို့အားဖြင့် ခန္ဓာငါးပါးကို ဝိပဿနာရှုရန် ရှင်တော် ဘုရား ဟော ကြားထားရာ၌ သိမှတ်လွယ်ရန် လင်္ကာဆောင်ပုဒ်ကို ထုတ် ဆောင်ပြရသော်–

ရေမြှုပ်ပမာ၊ ရုပ်ခန္ဓာ၊ ဝေမှာ ရေပွက်ဟန်။
တံလှပ်ပမာ၊ မှတ်သညာ၊ သင်္ခါငှက်ပျောစံ။
မျက်လှည့်အသွင်၊ စိတ်ဝိညာဉ်၊ ငါးအင် ဖြစ်ပုံခန်။

အထက်ပါရှင်တော်ဘုရား၏ ဆုံးမစကားတော်အတိုင်း ရုပ်နာမ်ခန္ဓာတို့၌ ဖြစ်ပျက်တရား ဝိပဿနာ ရှုပွားနေရ မယ်။

ရာဟုလာ ဤ ဆိုအပ်ခဲ့ပြီးသော ဝိပဿနာ လမ်းစဉ် အတိုင်း နှစ်သက်ဘွယ်ရာထင်တဲ့ ခန္ဓာကိုယ်ကြီးကို တရား ရှုပွားပါလျှင် အဘိုးတန် တရားရတနာများသည် တနေ့ တခြားတိုးပွားလာပြီးတော့ အဘိုးမတန်သော တဏှာမာန ဒိဋ္ဌိဆိုတဲ့ ဝဋ်ဆင်းရဲ နယ်ချဲ့သမားများသည် တဖြည်းဖြည်း ကင်းကွာဆုတ်ယုတ် ကုန်ခန်း ပျက်စီးသွားနိုင် ပေတယ်၊

အဲဒီတဏှာမာန ဒိဋ္ဌိဆိုသော တရားများသည် သတ္တဝါတို့အား ကောင်းကျိုး မပေးဘဲ ဆိုးကျိုးကိုသာ အမှန်မုချ ပေးနိုင်ပေတယ်၊ အပါယ်ကျရတာလည်း ဤတဏှာ မာန ဒိဋ္ဌိပင်၊ ဆင်းရဲရတာလည်း ဤတဏှာ မာနဒိဋ္ဌိပင် ဖြစ်ပေကုန်၏။

ထို့ကြောင့် ဤမဟာရာဟုလောဝါဒ သုတ်တော်ကြီး၌ နေတံ မမ နေသော ဟမသ္မိ နမေသော အတ္တာ-ဟုခန္ဓာငါးပါး၌ တဏှာမာန ဒိဋ္ဌိမဖြစ်ရအောင် အနိစ္စ ဒုက္ခ အနတ္တဟူသောဝိပဿနာဉာဏ်သာဖြစ်ပွားနေရန်ရည်ရွယ် ဟောကြားတော်မူတယ်၊ နေတံမမ ့ဖြင့်တဏှာစွဲကိုပယ်၏။ နေသောဟမသ္မိ ့ဖြင့်မာနစွဲကိုပယ်၏။ နမေသောအတ္တာ, ဖြင့်ဒိဋ္ဌိစွဲကိုပယ်၏။ ဤပါဠိတော်၌ မေပုဒ်နှင့် အတ္တာပုဒ်သည် အနက်မကွဲပြား တသားတည်းနေရာမှာ အဘေဒူပစာရအားဖြင့် ဟောတော်မူသည်။ သီလာပုတ္တ ကဿသရိရံပုဒ်တို့ကဲ့သို့ မှတ်ရမည်။

ငါသည်လည်း ဒိဋ္ဌိငါ, မာနငါ,ဟု နှစ်မျိုး ရှိရာတွင် ခန္ဓာငါးပါးကို အစွဲပြု၍ အားကိုးအားထား စိတ်တက်ကြွလာသောအခါများ၌ မာနငါဖြစ်ပေကုန်၏။ မိမိကိုယ်၌ ဓာတ်ဉာဏ် ပရမတ်ဉာဏ် မပေါက်သည့်အတွက် ကြံစည်တတ် ပြုလုပ်ပြောဆိုတတ်သော သတ္တဝါကောင်ငါကောင် အနေမှတ်ထင်၍ ဖောက်ပြန်သော အယူအဆ ငါမျိုးကို ဒိဋ္ဌိငါဟူမှတ်ရမည်။ ပုထုဇဉ်သတ္တဝါတို့၌ ဒိဋ္ဌိငါ, မာနငါ နှစ်မျိုးပင် နေရာတိုင်း၌ရှိပေကုန်သည်၊ အသိမှန် အမြင်မှန်ရှိသောအရိယာတို့၌ ဒိဋ္ဌိငါမရှိတော့ပြီနိဗ္ဗာန်အာရုံရှိသော

သောတာပတ္တိမဂ်ဖြင့် အကြွင်းမဲ့ချုပ်ငြိမ်း ရုပ်သိမ်းစေပြီး ဖြစ်ပေတယ်၊ မာနငါသည် အရဟတ္တမဂ် ရောက်လျှင် ကုန်ဆုံးနိုင်၏။

အထူးမှတ်ချက်။ ။ဗုဒ္ဓဘာသာဝင် ပုထုဇဉ်သည် ခန္ဓာကိုယ် အတ္တဘောကို စွဲ၍ မိစ္ဆာဒိဋ္ဌိဖြစ်သည်၊အခြားဘာသာဝင် များသည် ကြီးစည် တွေးတောမှုဖြင့် အတ္တဒိဋ္ဌိဖြစ်ပေသည်။

အရိယာပုဂ္ဂိုလ်တို့မှာ ငါ, သူ, ယောကျ်ား စသည်ဖြင့် ပြောဆိုသော်လည်း နှုတ်ဖြင့်သာ ငါ,သူဟု ပြောဆိုကြတယ်၊ စိတ်ထဲကမူ ငါကောင်, သူကောင်ဟု မှတ်ထင်ခြင်း မရှိပေ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ရုပ်နာမ်သဘာဝ နားမလည်နိုင်ကြ၍ တကယ်ပင် ငါ,သူ,ဟု မှတ်ထင်ကြ စွဲလမ်းကြ ခေါ်ဝေါ်ပြောဆိုကြကုန်၏။

ဥပမာအားဖြင့်–လူအများစုဝေးရာဈေးရုံဇာတ်ရုံရုပ်ရှင်ရုံ သဘင်,လှေ, မော်တော်ကား,မီးရထားစသောလူပြွမ်းရာ နေရာတို့၌ လူယောင် ဖန်ဆင်းကာ လူတို့နှင့် တန်းတူ နေထိုင်ကုန်သော ဥစ္စာစောင့်များ ပြိတ္တာများ တို့သည် လူတို့နှင့် အတူနေသော်လည်း သူတို့ကိုယ်ကို လူမဟုတ် ကြောင်း ဟုတ်တိုင်းမှန်စွာ သိကြကုန်၏။ ဤသူများသည် လူဟုတ်ကြကုန်၏ ငါတို့သည် လူမဟုတ်ကြကုန်ဥစ္စာစောင့် ပြိတ္တာမျိုးသာဖြစ်၏ ဤသို့အားဖြင့် ကွဲကွဲပြားပြား သိရှိနားလည် သကဲ့သို့ အရိယာ ပုဂ္ဂိုလ်တို့သည် ပုထုဇဉ် လူအများနှင့် ရောနှော နေထိုင်ရမှုကြောင့် ပုထုဇဉ်တို့၏ ဓလေ့အတိုင်း ငါ,သူဟု ပြောနေရ သော်လည်း ငါသူ

တခြား ရုပ်နာမ်တခြားဟု ကွဲပြားစွာ နားလည်ပြီးတော့ အများနည်းတူ ပြောဆိုကြကုန်၏။ သတ္တဝါတို့၏ အကျိုး စီးပွားကို ဆောင်ရွက်ရန် လှည့်လည်၍ တရားဟောပြော ကြကုန်၏။

ကိုကလည်း ဒိဋ္ဌိကိုယ် ကာယကိုဝ်ဟု နှစ်မျိုး ရှိပေ ကုန်သည် ဒိဋ္ဌိကိုဝ်ကို ဝသတ်နှင့်ရေးရ၏။ ကာယကိုယ် အတ္တဘာဝ ကိုယ်များကို ယသတ်၍ ရေးမှ သာလျှင် မှန်ကန်ပေတယ်၊ သတ္တာယဒိဋ္ဌိအရာမှာ ကိုဝ်နှင့် ငါသည် အတူတူပင်ဖြစ်၏။

## ဒိဋ္ဌိဖြစ်ပုံဖွင့်ပြချက်

၁။ ပုထုဇဉ် ပုဂ္ဂိုလ် တို့သည် တလံ မျှလောက်ကုန် သောခြေဖျားမှ ဥက္ကောင်းတိုင်အောင် ခန္ဓာကိုယ်ကြီးကို ပင် ကိုယ်တွေ့သဘာဝ အသိအမြင်မရှိမှုကြောင့် ငါကောင် ကိုယ်ကောင် မိန်းမကောင် ယောကျ်ားကောင် စသော အားဖြင့် တကယ်မှတ်ထင်စွဲယူကြကုန်၏။

၂။ အချို့ ပုဂ္ဂိုလ်တို့ သည်လည်း ဤကိုယ်ကောင် ရုပ်နာမ် နှစ်ပါး အတွင်း၌ ငါဟူသော ကိုယ်ဟူသော သတ္တဝါ အသီးအခြားရှိသည်ဟု မှတ်ထင်စွဲကြ၍ ဤကိုယ် ရုပ်နာမ်ကြီးမှ အသီးအခြား ငါကောင် ကိုယ်ကောင် သတ္တ ငါကောင်ကလေး ရှိ၏ဟု ယူဆ ပေသည်။ ဤ ငါကောင် ကလေးအား ရုပ်နာမ် ရှိ၏၊ ရုပ်နာမ်သည် ငါကောင်ကလေး၏ ဥစ္စာဖြစ်၏ အနံ့နှင့် ပန်း၊ဆီနှင့် နှမ်း ကဲ့သို့ပင် ငါကောင်နှင့် ရုပ်နာမ်ရောနှောပျံနှံ့၍ တည်၏ဟု စွဲယူပုံ ဒိဋ္ဌိကတမျိုး။

၃။ ငါကောင်ကလေး၌ ရုပ်နာမ် ခန္ဓာငါးပါး တည်နေ၏၊ မီးခိုးသည် မီးအိမ်ပြန်ကို ဆောင်၍ထားဘိ သကဲ့သို့တည်း၊ ဤငါကောင်ကလေးသည် ရုပ်နာမ်ခန္ဓာကို မိမိ၏တန်ခိုးအစွမ်းဖြင့် ရွက်ဆောင်၍ထား၏ဟု ယူမှားသော ဒိဋ္ဌိကတမျိုး။

၄။ ရုပ်နာမ်ခန္ဓာငါးပါး၌ ငါကောင်လေး တည်၏၊ ကိုယ်ဝန်ဆောင်မိခင်သည် သားသမီးငယ်ကို ရွက်ဆောင်၍ထားဘိသကဲ့သို့ပင်တည်း၊ ရုပ်နာမ်ခန္ဓာသည် ငါကောင်ကလေးကို ရွက်ဆောင်ထား၍၊ ရုပ်နာမ်သည် ငါကောင်ကလေး၏ တည်နေရာအိမ်ဟု ယူမှားသော ဒိဋ္ဌိက တမျိုး။

ဤသို့အားဖြင့် သက္ကာယဒိဋ္ဌိ အယူမှားပုံ အကျဉ်းအားဖြင့် လေးမျိုးရှိ၏၊ အကျယ်မြွက်ပွားသော် လေးပါးကို ခန္ဓာငါးပါးနှင့်မြှောက် သက္ကာယဒိဋ္ဌိနှစ်ဆယ်ဖြစ်၏၊ ခေတ်ခြောက်ပါး၊ အာယတန တဆဲ့နှစ်ပါး၊ ဓာတ်တဆဲ့ရှစ်ပါး၊ ရုပ်အဋ္ဌဝီသ နာမ်တေပညာသနှင့်တကွ ရုပ်ကလာပ် ရုပ်မှုန့်ကလေးတွေနှင့် မြှောက်သော် သက္ကာယဒိဋ္ဌိ အသင်္ချေ အနန္တဖြစ်နိုင်၏၊ ဤသက္ကာယ ဒိဋ္ဌိများသည် ပညာ နည်းပါး၍ အကြံကြီးမားသူတို့၌ ဖြစ်တတ်ပေကုန်၏၊ ဤစွဲလမ်းခြင်းမှားပုံမျိုးသည် ပရမတ္ထ အားဖြင့် ထင်ရှား ရှိသော ရုပ်နာမ် အစုအဝေး၌ဖြစ်သော ဒိဋ္ဌိဖြစ်၍-

သံဝိဇ္ဇမာနေ ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိ။

သံဝိဇ္ဇမာနေ၊ ပရမတ္ထ အားဖြင့် ထင်ရှား ရှိသော။ ကာယေ၊ ရုပ်နာမ်ခန္ဓာ အစုအပေါင်း၌။ ပဝတ္တာ၊ ဖြစ်

သော။ ဒိဋ္ဌိ၊ မှားသောမြင်ခြင်းတည်း။ သက္ကာယဒိဋ္ဌိ၊ ပဉ္စ မတ်ရုပ်နာမ်၌ မှားသောမြင်ခြင်း။

ဤသို့အားဖြင့် သက္ကာယဒိဋ္ဌိပုဒ်၏ အနက်ကို သိစေရ မည်၊ ဤသက္ကာယဒိဋ္ဌိ၌ပါသော ငါကောင် ကိုယ်ကောင် အသက်ကောင် လိပ်ပြာကောင် ဇီဝကောင် အတ္တကောင် သုခကောင် နိစ္စကောင်သည် ကျောက်ခဲ သလဲများကဲ့သို့ အသေကောင် မဟုတ်ပေ၊ အရှင်ကောင် ကလေး ဖြစ်၍ အချို့ကျမ်းဂန်များ၌ တကိုယ်လုံး ပျံ့နှံ့တည်နေ၏ဟု ဖွင့် ဆို၏၊ အချို့ကျမ်းဂန် များ၌ တနေရာမှာ အိမ်ကလေးနှင့် တည်တယ်၊ ပုံသဏ္ဌာန်မှာ အလုံးကလေး ရှိ၏၊ မပျက်စီး နိုင်သော သဘောအနေအားဖြင့် ကြံကြံဖန်ဖန်ယူဆ စွဲလမ်း မှုကြောင့် ပရိကပ္ပိတအတ္တဟု အဋ္ဌကထာဋီကာကြီး များက ဖွင့်ဆိုကြကုန်၏။

ငါတို့မြန်မာနိုင်ငံ အချို့သူများ၌ ရုပ်နာမ်ခန္ဓာမှ အသီး အခြား ကိုယ်ကောင် သတ္တဝါကောင်ကလေး ရှိသည်ဟု စွဲမှားသော သက္ကာယဒိဋ္ဌိ ဖြစ်ကြမှုကြောင့် သေခါနီးအခါ ရောက်လျှင် အသက်ကလေး ထွက်သွား လိမ့်မည်ဟူ၍၎င်း၊ လိပ်ပြာ ထွက်သွားလိမ့်မည်ဟူ၍၎င်း၊ လိပ်ပြာလှတယ်ဟူ၍ ၎င်း၊ အရုပ်ဆိုးတယ်ဟူ၍၎င်း ခေါ်ဝေါ် ပြောဆိုကြပေ တယ်။ ဤလိပ်ပြာ အသက်ကောင် ကလေးကို သတ္တဝါ တဦးတယောက် သေဆုံးပါလျှင် ဘဝသံသရာ အမြဲမပြတ် တည်၏ဟူ၍၎င်း၊ အသက်ကောင် ငါကောင် ကလေး ပြတ်၏ဟူ၍၎င်း အယူအဆ အမျိုးမျိုးရှိပေ၏။

သတ္တဝါတယောက်သေက ဘာမျှမဖြစ်တော့ဘူး ယူဆလျှင် ဥစ္ဆေဒ သက္ကာယဒိဋ္ဌိမျိုးပင် ဖြစ်၏၊ ဘုရားလက်ထက်တော်ကလည်း ဥစ္ဆေဒအယူမှား များစွာပင်ရှိ၏၊ ဗမာပြည်၌လည်းရှိပေသည်။

ယတော ကိရ ဘော အယံ အတ္တာ ကာယဿ
ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ နဟောတိ ပရံ မရဏာ။
(ဇာတိဝတ် ပါဠိတော်)။

ဘော၊ တရားနာလာကုန်သော အိုဒါယကာတို့။ အယံ အတ္တာ၊ ဤအတ္တဆိုတဲ့ ဝိညာဏ်ကောင် လိပ်ပြာ ကောင်ကလေးသည်။ ယတောကာယဿဘေဒါ၊ အကြင်ကိုယ်ခန္ဓာပျက်စီးသောအခါ၌။ ဥစ္ဆိဇ္ဇတိ၊ ပြတ်တောက် လေ၏။ ဝိနဿတိ၊ ပျက်စီးလေ၏။ ပရံမရဏာ၊ သေသည်၏နောက်ကာလ၌။ နဟောတိ၊ ဘာတခုမျှမဖြစ်ပြီ။

မသေခင်တဘဝအတွင်း၌ ပြတ်တောက်ပျက်စီးခြင်း မရှိနိုင်မြဲသော အသက်ခဲကလေး ရှိသည်ဟု ယူ၍ သေပြီးကာလရောက်ခါမှ ကိုယ်ကောင်ကလေး ပျက်စီးလေတော့သည်၊ ဘယ်ဘဝကိုမျှမရောက်ပြီ၊ ဘာကောင်မျှ မဖြစ်ပြီဟု ပြတ်တောက်စရာ သတ္တဝါကောင်ရှိ၍ ပြတ်တောက် သည်ဟုယူခြင်းကြောင့် ဥစ္ဆေဒ ဒိဋ္ဌိဖြစ်ရပေတယ်။

ဥစ္ဆေဒ ဒိဋ္ဌိသည် ကေဘဝ ဥစ္ဆေဒဒိဋ္ဌိ နာနာဘဝ ဥစ္ဆေဒဒိဋ္ဌိဟု နှစ်မျိုးပင်ရှိပေ ကုန်သည်။ ကေဘဝ ဥစ္ဆေဒ ဒိဋ္ဌိဆိုတာ လက်ရှိဘဝ သေဆုံးပါလျှင် နောက်ဘဝသစ် မဖြစ်ဟူသော အယူမျိုးပင်တည်း၊ နာနာဘဝ ဥစ္ဆေဒဒိဋ္ဌိ

ဆိုတာ တဘဝထဲနှင့် ရုပ်နာမ်မပြတ်သေးပေ၊ နောင်ဆယ်ဘဝဖြစ်စေ၊ ဘဝနှစ်ဆယ် ဖြစ်စေ နိယာမ ဓမ္မသဘော အတိုင်း ကြာမြင့်မှ ရုပ်နာမ်ပြတ်၏ဟု ယူဆခြင်းပင်တည်း။

(ဥစ္ဆေဒဒိဋ္ဌိ ပြီးဆုံးပြီ)။

---

## သဿတဒိဋ္ဌိ ပြဆိုခြင်း

မပျက်မစီး အမြဲတည်၏ဟု ဖောက်ပြန် ချို့ယွင်းသော မိစ္ဆာအယူကို သဿတဒိဋ္ဌိအယူဟု ခေါ်၏၊ အသက် ကိုယ်ကောင် သတ္တဝါကောင်ကလေးကို တစုံ တယောက်သော သူမျှ ပျက်စီးအောင် မပြုလုပ်နိုင်မှုကြောင့် အမြဲနိစ္စအားဖြင့် ရုပ်နာမ် အတွင်း၌ တည်ပြီးလျှင် ခန္ဓာအိမ် ဟောင်းပါက ပြောင်းရွှေ့ထွက်သွားလျက် တပါးသောအမိ၏ ကိုယ်ထဲ၊ ဗိုက်ထဲသို့ဝင်၍ ခန္ဓာအိမ်သစ်တည်ထောင်ပြီးလျှင် သွားလာ၍နေတတ်ပေ၏ဟု ယူပေသည်၊ အသက်ကောင် ကလေး သည် နိစ္စထာဝရဖြစ်၍ ကျင်လည် တည်ရှိ၍ နေသည်ဟု ယူခြင်းကြောင့် ဤအယူကို သဿတဒိဋ္ဌိ အယူဟု ခေါ်၏။

ယထာ ဂါမတော နိက္ခမ၊ အညံ ဂါမံ ပဝိသတိ။
ဧဝမေဝစ သော ဇီဝေါ၊ အညံ ကာယံ ပဝိသတိ။
ယထာ ဂေဟတော နိက္ခမ္မ၊ အညံ ဂေဟံ ပဝိသတိ။
ဧဝမေဝ စ သော ဇီဝေါ၊ အညံ ဗောန္ဒိံ ပဝိသတိ။

(ပေတဝတ္ထုပါဠိတော်)။

ယထာ၊ ဥပမာကို ပြဆိုရသော်၊ ပုရိသော၊ သတ္တဝါ တဦးတယောက်သည်။ ဂါမတော၊ ရွာတရွာမှ။ နိက္ခမ္မ၊

ထွက်သွား၍။ အညံ့ဂါမံ၊ တပါးသော ရွာသို့။ ပဝိသတိ ယထာ၊ ဝင်လေဘိသကဲ့သို့။ ဧဝမေဝစ၊ ဤအတူပင်လျှင်။ သောဇီဝေါ၊ ငါဟု ကိုဝ်ဟုခေါ်ဆိုအပ်သော ထိုအသက် ကောင်ကလေးသည်။ မရဏကာလေ၊ သေသော အခါ ကာလ၌။ဇာတော၊ ဤခန္ဓာကိုယ်ထဲမှ။ နိက္ခမ္မ၊ ထွက်သွား၍။ အညံ့ကာယံ၊ တပါးသော အမိကိုယ်ထဲသို့။ ပဝိသတိ၊ ဝင်စားလေ၏။

ယထာ၊ ဥပမာတနည်းသော်ကား။ ပုရိသော၊ သတ္တဝါ တယောက်သည်။ ဂေဟတော၊ အိမ်တအိမ်မှ။ နိက္ခမ္မ၊ ထွက်သွား၍။ အညံ့ဂေဟံ၊ တအိမ်သို့။ ပဝိသတိယထာ၊ ဝင်လေဘိသကဲ့သို့။ ဧဝမေဝစ၊ ဤအတူပင်လျှင်။ သောဇီဝေါ၊ ကိုယ်ကောင် အသက်ကောင်သည်။ မရဏကာလေ၊ ခန္ဓာအိမ် ဆွေးမြေ့၍ သေရသောအခါ၌။ ဇာတော၊ ဤ ခန္ဓာအိမ်ဟောင်းထဲမှ။ နိက္ခမ္မ၊ ထွက်သွား၍။ အညံ့ဗောန္ဓိ၊ တပါးသော အမိကိုယ်ထဲ ဗိုက်ထဲသို့။ ပဝိသတိ၊ သင့်လျော် သလို ဝင်စားလေ၏။

ဤအယူသည် ရုပ်နာမ် ခန္ဓာမှတပါး အသက်ကောင်၊ ငါကောင်၊ ကိုယ်ကောင်သည် မပျက်မစီး အမြဲရှိ၏ဟု ယူသောသဿတဒိဋ္ဌိ အယူမျိုးဖြစ်ပေ၏။ တနည်းအားဖြင့် ရုပ်နာမ်နှစ်ပါးရှိရာတွင် ရုပ်ကား အမြဲပျက်စီး တတ်၏ဟု ယူ၍ စိတ်ဝိညာဏ် နာမ်ဟူသော သတ္တဝါ ကောင်သည် မြဲသည် မပျက်မစီး တည်သည်ဟု ယူသောသဿတဒိဋ္ဌိ အယူတမျိုးရှိ၏။ (သီလက္ခန်ပါဠိတော်)။

ဘုရားရှင်၏ ရုပ်နာမ်တရားကို သင်ယူ ဘူးသော ကြား နာဘူးသော ဗုဒ္ဓဘာသာဝင် များပင် ရုပ်နာမ် ကိုပင် ငါကောင်၊ ကိုယ်ကောင် စွဲယူ မှတ်မှားကြ ကုန်လျက် သေကြေ ပျက်စီးတာကိုကြည့်၍ ရုပ်မမြဲတာကို သိကြ၍ နာမ် မမြဲတာကို အမှန် အကန် နားမလည် မှုကြောင့် လူတယောက်သေလျှင် ရုပ်သာ သေသည် နာမ်မသေဟု ယူဆ၍ နာမ်တရားမြဲသည်ဟု မှတ်ထင်စွဲလမ်းမှု ရှိကြကုန် သည်၊ ထိုကြောင့်ပင် လောကလမ်းသဘွယ် ဝိညာဏ်တွယ် မှုဟု ခေါ်ဝေါ်ပြောဆို၍ ဉာဏ်နည်းပါးသောသူများသည် တကယ်ပင် မှတ်ထင် စွဲယူကြကုန်၏၊ ထူးခြား ချက်မှာ အခြား ဘာသာဝင်များ၌ ဝိညာဏ် ကောင်သည် အဘယ် အခါမျှ မပျက်စီးဟု ယူဆသည်။ ဗုဒ္ဓဘာသာဝင် သဿတ ဒိဋ္ဌိမှာ နိဗ္ဗာန်အဆုံးရှိ၏ဟု ကြားဘူး နားဝရှိ၍ ဝိညာဏ် အဆုံးတရားရှိ၏ ဟု တော့ ယုံကြည်ထားပေသည်။ ဤသို့ အားဖြင့် သဿတဒိဋ္ဌိ ယူပုံနှစ်မျိုး ပြားပေသည်။

ခုနစ်ရက်ရှိမှ ဆွမ်းသွတ်ကောင်းတယ်ဆိုတဲ့ အယူဝါဒ များသည်လည်း သဿတဒိဋ္ဌိ အယူအဆပင်ဖြစ်၏၊အဘယ့် ကြောင့် ကမ္ဘာလောကကြီး၌ ဒိဋ္ဌိ အယူအမျိုးမျိုး ရှိနေရ သနည်းဆိုသော် အကြောင်းအမျိုးမျိုးဖြင့် အကျိုးအမျိုးမျိုး ပေါင်းစု၍ အစိုင်အခဲဃနဖြစ်နေ၍ အမှန်ကြည့်ရှု သိမြင်နိုင် သောဘာဝနာမယ အသိဉာဏ် မရှိမှုကြောင့် အထင် မှားမှု အမျိုးမျိုး၊ ကြံစည် တွေးဆမှု အမျိုးမျိုးဖြင့် အယူ ဝါဒ အမျိုးမျိုးဖြစ်ကြရပေကုန်၏။

အယူဝါဒတခုခု စိတ်အစဉ်၌ သက်ဝင်လာပြီ ဆိုပါက အခိုင်အမြဲ ယုံကြည်စွဲလမ်း၍ လွဲမှားနေသော်လည်း ညာဏ် မှန်မသက်ဝင်နိုင်၍ ကုစားဘို့ရန် ပယ်ဖျောက်ဘို့ရန် ခဲယဉ်း၏။ အယူဝါဒမှားမှုသည် အပါယ်လေးပါး၌ အမြဲတမ်း ငုပ်လျှိုးနေရမှုကြောင့် အလွန်ကြောက်စရာ ကောင်းသော အသိမှားမှုမျိုးဖြစ်၍ အသိမှန်ရအောင် ကြိုးစား သင့်၏။ ထိုကြောင့် ရှေးဆရာကြီးများက–

ရာ,ဒေါ,မော,မီး၊ ဝေးနီးရပ်ခွင်၊ သွားချင်းအာသာ၊
ဝါဒါအယူ၊ ဤငါးဆူကို၊ လွယ်ကူ ဖျောက်ဖျက်၊
ပယ်နိုင်ခက်၏-ဟု မှာတမ်းပြုကြပေ ကုန်သည်။

အဓိပ္ပါယ်အချုပ်မှာ လောဘ, ဒေါသ, မောဟနှင့် ရပ်ဝေးသွားလိုသော စိတ်ဆန္ဒ စွဲလမ်းသော အယူဝါဒ ဤငါးပါးတွင် တခုခုသော တရားသည် စိတ်အစဉ်မှာ ဖြစ် ပေါ်လာပါက ပယ်ရှားနိုင်ခဲ၏ဟု ဆိုလိုသည်။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီး၌ ရုပ်နာမ်သဘာဝ အသိ အမှန် အမြင်မှန် မရကြကုန်သေးသော ပုထုဇဉ် ပုဂ္ဂိုလ်တို့ သည် ခင်မင်မှု၊ စွဲလမ်းမှု၊ အသိမှားမှု အခြေခံ၍ မိမိတို့၏ ရုပ်နာမ် ကိုယ်ခန္ဓာကြီးကို ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး အယူပျက်ပြားမှုကြောင့် သူကောင်းအင်္ဂါငါးပါး၊ သူယုတ် မာအင်္ဂါငါးပါး ဟောကြားထားရာတွင် အယူ တိမ်းပါးမှု ကြောင့် သူယုတ်မာတဦးဖြစ်ရပုံကို အနည်းငယ် ဆက်၍ သိစေရပေဦးအံ့။

ကောဓနော ဥပနာဟီစ၊ ပါပမက္ခီစ ယောနရော။
ဝိပန္နဒိဋ္ဌိ မာယာဝီ၊ တံ ဇညာ ဝသလော ဣတိ။

ယောနရော၊ အကြင်လူသည်။ ကောဓနော၁စ၊ အမျက်ထွက်တတ်သည်ဖြင်း။ ဥပနာဟီစ၊ ရန်ငြိုးဖွဲ့တတ်သည်ဖြင်း။ ပါပမက္ခီစ၊ သူတပါး ကျေးဇူးကို ဖျက်ဆီး တတ်သော အကျင့်ယုတ်ရှိသည်ဖြင်း။ ဝါ၊ ယုတ်မာသောကျေးဇူးကန်းခြင်းရှိသည်ဖြင်း။ ဝိပန္နဒိဋ္ဌိစ၊ ပျက်စီးသော အယူ ရှိသည်ဖြင်း။ မာယာဝီစ၊ ကောက်ကျစ် လှည့်ပတ်တတ်သည်ဖြင်း။ ဟောတိ၊ ဖြစ်၏။ တံ၊ အထက်ပါ လူယုတ်အင်္ဂါ ငါးပါးတွင် တပါးအပါအဝင်ရှိသော လူတန်းစား မျိုးကို။ ဝသလောတိ၊ သူယုတ်မာ ဟူ၍။ ဇညာ၊ ညဏ်ဖြင့် ပိုင်းခြား သိရာ၏။

လူသတ္တဝါများသည် အထက်ပါ လူယုတ်မာ အင်္ဂါ ငါးပါးတွင် အကယ်၍ မိမိ၏ စိတ်အစဉ်မှာ တပါးပါးသောလူယုတ်တရား တည်ရှိနေပါက ကြီးမားသော သတိပညာဖြင့် ဖယ်ရှားကြ၍ လူသူတော်ကောင်း ဖြစ်အောင် မိမိစိတ်ကိုပြုပြင်၍ ကြိုးစားကြပါကုန်။

လောကလူများသည် မဖြောင့်မတ်ကြမှုကြောင့်–

၁။ သူတော်ကောင်း မဟုတ်ပါဘဲ သူတော်ကောင်း ဟန်ဆောင်တတ်၏။

၂။ ပစ္စည်းဥစ္စာမရှိပါဘဲ ပစ္စည်းဥစ္စာ ရှိဟန် ဆောင်တတ်၏။

၃။ ပညာ မတတ်ပါဘဲနှင့် ပညာတတ်ဟန် ဆောင်တတ်၏။

၄။ ဘယ်ကိစ္စမဆို နားမလည် ပါဘဲ နားလည်ဟန် ဆောင်တတ်၏။

ဤသို့စသောအားဖြင့် လူများ၌ ကောက်ကျစ် စဉ်းလဲမှု များစွာဖြစ်တတ်၏၊ ဖြစ်မှန်းသိ၍ပယ်ရှားနိုင်သူ ဖြစ်ကြပါစေကုန်။

ဆောင်ပုဒ်။ ။အမျက်, ရန်ငြိုး၊ ယုတ်ဆိုး ခြေဖျက်၊
အယူပျက်နှင့်၊ ကောက်ကျစ် မာယာ၊
ဤငါးဖြာ၊ ရှောင်ခွါလူယုတ်တရားပင်။

အထက်ပါ မရိုးသားမှု စိတ်ထား များသည် မိမိ၏ ကောင်းကျိုးမျိုးစုံအဖုံဖုံကို ဖျက်ဆီးတတ်၍ ရိုးသား ဖြောင့်မတ်သူဖြစ်အောင် သတိပညာဖြင့်ရှောင်ရှား၍ ကြိုးစားကြပါကုန်၊ စိတ်ကိုပြုပြင်၍ ကြိုးစားနိုင်သူ ဖြစ်ကြ ပါစေကုန်သော်။ စိတ်ကိုပြုပြင်နေသူ ပြုပြင်နိုင်သူ များသာ ဘုန်းကံပါရမီရှိသော ပုဂ္ဂိုလ်ဟု မှတ်သားရပေသည်၊ အယူမှားမှုသည်လည်း လူယုတ်မာ၌ပါဝင်၏။

သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူဝါဒမှားမှု နှစ်မျိုး တို့တွင် ငါကောင် ကိုယ်ကောင်ကင်းပြတ်၏၊ ရုပ်နာမ်ကင်းပြတ်၏၊ ဘဝကင်းပြတ်၏ ဟူသော ဥစ္ဆေဒ အယူဝါဒသည် ကံနှင့်ကံအကျိုးကို တားမြစ်ရာရောက်၍ အဆိုးဆုံး ကြောက်စရာ အကောင်းဆုံးဖြစ်၍ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်ရအောင် ရုပ်နာမ်သဘာဝကို နားလည်အောင် ကျိုးစား၍ ဘာဝနာ ထူထောင်မှု လုပ်ငန်းကြီးများကို ပြုသင့်ပေသည်၊ ရုပ်နာမ်သဘာဝကို ကိုယ်ပိုင်ဉာဏ်ဖြင့် မသိမြင် မတွေ့မြင်သေးပါက ဗုဒ္ဓစာပေကျမ်းဂန် တတ်ကျွမ်း နားလည်သော်လည်း ဒိဋ္ဌိအမျိုးမျိုးဖြစ်နိုင်၏ ဖြစ်နေ၏။

## သမ္မာဒိဋ္ဌိအယူ ပြဆိုခြင်း

အဘိုးတန် အမျိုးမှန်ကို လိုလားတောင့်တသော အမျိုးကောင်းသား အမျိုးကောင်းသမီး များသည် ငါကောင် ကိုယ်ကောင်မြဲတယ်၊ ရုပ်နာမ်မြဲတယ် ဟူသော သဿတ ဒိဋ္ဌိကိုရင်း၊ သေလျှင် ငါကောင် ကိုယ်ကောင် ပြတ်တယ်၊ ရုပ်နာမ် ပြတ်တယ်ဟူသော ဥစ္ဆေဒဒိဋ္ဌိ အယူမှားကြီးကို ရင်း၊ ဆရာကောင်း ဆရာမြတ်ကို နည်းနာခံယူ၍ သုတ မယပညာဖြင့်ရင်း၊ ဘာဝနာမယ ပညာဖြင့်ရင်း မိမိတို့၏ သန္တာန်များ၌ စွဲကပ်မလာအောင် ခွါထုတ်ပစ်ရ ပေမည်။

သတ္တဝါတို့၏ ကိုယ်ခန္ဓာ၌ ငါကိုယ်ကောင် အသက်ခဲ မရှိ အမှန်စင်စစ်ရှိတာကတော့ ရုပ်နာမ်ခန္ဓာတွေဟူသော သဘာဝတရားများသာရှိကြပေကုန်သည်။ ဤရုပ်နာမ်ခန္ဓာ များသည်လည်းငါကောင်၊ ကိုယ်ကောင်၊ သတ္တဝါကောင် မဟုတ် အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဥတု အကြောင်း အစုစုကြောင့် အခိုက်အတန့် ပေါင်းစု ဖြစ်ပေါ်နေသော သင်္ခါရ အစုအဝေးမျှဖြစ်ပေသည်။

အကြောင်းဖြစ်သော အဝိဇ္ဇာ,တဏှာ,မာန,ဒိဋ္ဌိ တို့ကို ကင်းကွာအောင် ဆုတ်ယုတ် သွားအောင် နောက်တွန့် သွားအောင် ရပ်တန့်သွားအောင် အမြစ်ပြတ်သွားအောင် ပြုလုပ်ကြပါလျှင် အကျိုးဖြစ်သော ရုပ်နာမ် အစုအဝေး အစိုင်အခဲကြီးသည် ပြိုကွဲပျက်စီးပြီးလျှင် ဝဋ်ဆင်းရဲသံသရာ စက်ရဟတ် ကင်းပြတ်နိုင်ပေတယ်။

အဝိဇ္ဇာ တဏှာ ကံအကြောင်း မကုန်ပါလျှင် အကျိုး ရုပ်နာမ်တို့သည် မကင်းပြတ်နိုင်ဘဲ အမြဲဖြစ်ပေါ် တည်ရှိ နေမည် အမှန်ပင်ဖြစ်ပေကုန်၏။ အကြောင်း တရားတွေ ကင်းအောင် ဘဝသစ်ကို အကျိုးမပေးတဲ့ ဝိပဿနာအလုပ် စခန်းကြီးများကို ထူထောင်နိုင်မှ ရုပ်နာမ် ဇာတ်သိမ်းနိုင် ပါလားဟု သိမြင်ခြင်းမျိုးသာ မှန်ကန်သော ယူဆ သိမြင် မှုမျိုးဖြစ်၍ သမ္မာဒိဋ္ဌိဟူသော ရှင်တော် မြတ်ဘုရား တို့၏ အယူတော်မျိုး ဖြစ်ပေတယ်၊ ရုပ်နာမ် သင်္ခါရသာ ရှိ၏ ဟူသော သမ္မာဒိဋ္ဌိအယူမှန်မျိုးကို သာသနာတွင်း ကာလ၌ ဘုရားရှင် တရားတော်မြတ်ကို နာယူ မှတ်သားကြ သူနှင့် နာယူ မှတ်သားထားသည့် အတိုင်း အားထုတ် ပွားများ သူများသာလျှင် ယုံကြည်နိုင် အမှန်သိမြင်နိုင်ကုန်သည်။

ဘုရားတရားကို မနာကြရသူ အားမထုတ်ကြရ သူများ မှာဆိုလျှင် ရုပ်နာမ်ကိုဝှင်း၊ ရုပ်နာမ် အတွင်း၌ သတ္တဝါ ကောင် ငါကောင် ကိုယ်ကောင် အသက်ကောင် ရှိ၏ ဟူသော မှတ်ထင်စွဲယူမှုသာ များကြပေကုန်သည်။

ရာဟုလာ-မိစ္ဆာဒိဋ္ဌိ အယူရှိနေကြကုန်သော သူများ၌ မှားသောအတွေးအခေါ် မှားသော စိတ်ကူး မှားသော အသိအမြင် အကြောင်းရင်ခံရှိမှုကြောင့် အပြုအမူမှားယွင်း အပြောအဆို မှားယွင်း၍ အပါယ်လေးပါး ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် အကြောင်း တရား မရှိနိုင် ပေကုန်။ ထိုကြောင့် ရာဟုလာ-သင်၏ ရူပကာယ ခန္ဓာကိုယ်ကို အစွဲ ပြုပြီးတော့ တဏှာမာန ဒိဋ္ဌိတိုးပွား မလာနိုင်အောင် အမြဲ မပြတ်သော သတိရှေ့ဆောင်၍ အဘိုးထိုက်သော သမာဓိ

ပညာလုပ်ငန်းကြီးများကို နေ့ညမပြတ် ကြိုးစားအားထုတ်၍ ငြိမ်းချမ်းရာ ဘုံနန်း အမတ ဘုံစခန်းကို လျင်မြန်စွာ ကူးမြောက်နိုင်သူဖြစ်ရမယ်။

တရားဟောပြောမှု အချိန် ကြာမြင့်လာပြီဖြစ်၍ အဆုံး သပ်လိုသောကြောင့် အောက်ပါ ဂါထာကို ရိုသေစွာ နာကြားကြရမယ်။

နိစ္စံ ပါလေတု တေဟုဒ္ဓေါ၊ ဓမ္မော ရမတု မာနသေ။
သံဃော ဒါတု သုခံသဗ္ဗံ၊ ဒေဝါ မာနေန္တု တေသဒါ။

ဟုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား သိမြင် ဘုရား ရှင်သည်။ တေ၊ ထိုတရားနာယူကြ ကုန်သော သူတော်ကောင်း တို့ကို။ နိစ္စံ၊ အမြဲမပြတ်။ ပါလေတု၊ စောင့်ရှောက်တော်မူပါဘုရား။ ဓမ္မော၊ ဝိပဿနာဉာဏ်နှင့် တကွသော မဂ်ဖိုလ်နိဗ္ဗာန် တရား မှန်သည်။ မာနသေ၊ တရားနာယူနေကြကုန်သော သူတော်ကောင်း တို့၏ စိတ် ဓာတ်၌။ ရမတု၊ ကိန်းဝပ်ပျော်ပျော် မွေ့လျော်တော် မူပါ ဘုရား။ သံဃော၊ ကလျာဏပုထုဇဉ်သံဃာအရိယာ သံဃာ တော်သည်။ သဗ္ဗံ၊ အလုံးစုံသော။ သုခံ၊ လောကီ လော ကုတ္တရာ ချမ်းသာမျိုးစုံကို။ ဒါတု၊ ပေးသနားတော် မူပါ ဘုရား။ ဒေဝါ၊ အနီးပတ်ဝန်းကျင်မှာ တည်နေကြ ကုန် သောနတ်အများတို့သည်။ တေ၊ တရားနာယူကြကုန်သော သူတော်ကောင်းတို့နှင့်တကွ သုံးဆဲ့တဘုံတွင်းမှာ ရှိကြကုန် သောသတ္တဝါတို့ကို။ သဒါ၊ အခါခပ်သိမ်း။ မာနေန္တု၊ နှစ်သက်မှု တရား ဆင့်ဆင့်ပွားခါ မြတ်နိုးကြပါစေကုန် သတည်း။

# (၈) ဥပုသ်နေ့တရားတော်ကြီး

(၁၃၃၁-ခု ဝါခေါင်လဆန်း(၈)ရက်နေ့ ကျွဲကူး ဓမ္မဗိမာန်၌ဟောသည်)

ကောင်ကျိုး အမျိုးမျိုး ပြီးမြောက်၍ ချမ်းသာ မျိုးစုံ ကြွက်သရေအဖုံဖုံကို တိုးပွားလာစေနိုင်သော—

**မင်္ဂလာဂါထာတော်ကြီး**

ဥသဘံ ပဝရံ ဝီရံ၊
မဟေသိံ ဝိဇိတာဝိနံ။
သုဝဏ္ဏဝဏ္ဏံ သမ္ဗုဒ္ဓံ၊
ကောဒိသွာ နပသီဒတိ။

(ထေရာပဒါန်ပါဠိတော်)

ဥသဘံ၊ နွားအပေါင်းတို့၏ လမ်းညွှန်ရှေ့သွားနွားမင်း ဥသဘအတူ နတ်လူဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ လမ်းညွှန်ရှေ့သွား ဖြစ်တော်မူထသော။ ပဝရံ၊ အပြားအားဖြင့် တောင့်တအပ်သည်ဖြစ်၍ မြတ်ထသော။ ဝီရံ၊ အရိုးကြေကြေ အရေခြောက်ခြောက် နောက်မတွန့်ဆုတ် အားထုတ် လုံ့လ ဝီရိယ ရှိတော်မူသော။ မဟေသိံ၊ သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး တော်မူလေ့ရှိထသော။ ဝိဇိတာဝိနံ၊ ဒေဝပုတ္တ စသည် များဖြင့် မာရ်ငါးအင်ကို အောင်တော် မူပြီးထသော။ သုဝဏ္ဏဝဏ္ဏံ၊ သိင်္ဂီရွှေစစ် ဇမ္ဗူရာဇ်ကဲ့သို့ ဝါနစ်သန့်စင် ကြည်လင်သောအဆင်းရှိတော်မူထသော၊ သမ္ဗုဒ္ဓံ၊ ဥဇုယျ

ငါးဖြာ လေးသစ္စာကို ဆရာမကူ သယမ္ဘူဖြင့်သိမြင်တော်မူပါသော သဗ္ဗညုဘုရားကို။ ဒိဿ၊ ဖူးမြင်ရသည်ရှိသော်။ ကော၊ ရဟန်းရှင်လူ မည်သူမဆို အဘယ်ပုဂ္ဂိုလ်သည်။ နပသီဒတိ၊ မကြည်ညိုဘဲရှိပါတော့အံ့နည်း။ ပသီဒတိဧဝ၊ စိတ်ကောင်းနှစ်လို ဝမ်းမြောက်ပို၍ ကြည်ညိုမြတ်နိုးနိုင်တော့ သည်သာလျှင်တည်း။

ဤဂါထာဖြင့် ကိုးဆဲ့တကမ္ဘာထက် ဝိပဿီရှင်တော်ဘုရား လက်ထက်တော်အခါ သုဘူတိ မထေရ်မြတ်သည် တကြိမ်တခါရွတ်၍ ချီးမွမ်းပူဇော်ခဲ့ဘူးသော စေတနာထူးကြောင့် ကိုးဆဲ့တကမ္ဘာပတ်လုံး ငရဲဘေး တိရစ္ဆာန်ဘေး ပြိတ္တာဘေး အသုရကာယ်ဘေး အစိမ်းသူရဲဘေး သဘက် ဘီလူးဘေးဆင်းရဲနွမ်းပါးမရှိဆိုးရွားဒုဂ္ဂတိသမား အနံ့စား အညှီစား အောက်တန်းစားဘေးခပ်သိမ်းတို့မှ ကျွတ်လွတ်ထွက်မြောက်ပြီးလျှင် ကမ္ဘာပေါ်တွင် လွန်စွာထင်ရှား ကျော်စောသော ပုဂ္ဂလဝိသေသကြီး ဖြစ်တော်မူပြီးလျှင် အမတအရသာကြီးများကို ရယူခံစားတော်မူရလေသည်။ ထို့ကြောင့် ဘေးဆိုးရန်ဆိုး ဥပဒ်ဆိုး ကပ်ဆိုး ရောဂါဆိုးမှစ၍ မကောင်းဆိုးဝါး အန္တရာယ် များကို ကင်းလွတ်၍ နှစ်သက်ဘွယ်ရာ ချမ်းသာမင်္ဂလာ ကြက်သရေအထွေထွေတို့ကို လိုလားကြကုန်သော ပုဂ္ဂိုလ်တို့သည် အထက်ပါထေရာ ပဒါန် ပါဠိတော်ကြီးကို အမြဲရွတ်ဘတ်သရဇ္ဈာယ်တော်မူကြပါကုန်။

ယနေ့ဟောရမှာက ဥပုသ်နေ့ဆိုတော့ ဥပုသ်သီလဆိုင်ရာ ဥပုသ်နေ့တရားတော်များကို ဟောကြားရပေမည်၊

ကာယကံ ဝစီကံ နှစ်ပါးကို စောင့်ထိန်းနေရာရက်မြတ်ကို ဥပုသ်နေ့ဟု အကျဉ်းချုပ်မှတ်ရတယ်၊ ဥပေါသထဒိဝသေ ပါတော၀–ဆိုသောအဋ္ဌကထာစကားအတိုင်းဥပုသ်စောင့် ရာမှာ သီလသာသနာတော်ကို အလေးအမြတ် ပြုသော အားဖြင့် ဥပုသ်သီလများတို့ ညနေပိုင်းမှာ စောင့်ရှောက် ကောင်းသော်လည်း နံနက်စောစောဘုရားကျောင်းများသို့ သွား၍ ဥပုသ်သီလခံယူပြီးတော့ မြင့်မြင့်မြတ်မြတ် ဥပုသ် စောင့်သုံး၍ နေနိုင်လျှင် အလွန်ပင် အကျိုးများ ဖြစ်နိုင် ပါတယ်။

သီလဆိုတာ သာမညသီလ အဓိသီလဟု နှစ်စားရှိ ရာတွင် အဓိသီလဖြစ်အောင် စောင့်ထိန်းရမယ်၊ သီလ သာမညဆိုဒါ အမှုမဲ့အမှတ်မဲ့ စောင့်ထိန်းခြင်းမျိုးနှင့်အာရုံ ငါးပါးကာမဂုဏ်တရား တိုးပွားရေးအတွက် စောင့်ထိန်း ခြင်းမျိုးသည် သီလသာမည ခေါ်ရပေတယ်၊ သီလ၏ သဘောကတော့ စိတ်၏ တည်ကြည်ခြင်း စိတ်ကိုတည် ငြိမ်အောင် ပြုလုပ်ပေးခြင်း သဘောရှိပေတယ်၊ တနည်း အားဖြင့် လုပ်ငန်းကောင်း ဟူသမျှ၏ တည်ရာလည်းဖြစ် ပေတယ်။

အနည်းငယ်ချဲ့၍ ပြောပြရသော် ကိုယ်အမူအရာ နှုတ် အမူအရာ မကလက်ဘဲ ငြိမ်ငြိမ်သက်သက် ရှိနေမှုကြောင့် စိတ်၏ တည်ကြည်မှု ဖြစ်လာပါလျှင် အခြားကုန်သော နာမ်တရား တို့သည်လည်း မိမိတို့ဆိုင်ရာ ကိစ္စ၌ တန်ခိုး ကြီးမားလာနိုင်ကြ ပေကုန်တော့သည်။ ကိုယ်နှုတ်နှစ်ပါး ကလက်၍ မတည်မငြိမ် ရှိနေပါလျှင် အဘယ်မှာလျှင်

စိတ်ငြိမ်သက်၍ တည်တန့်စွာ သမာဓိကို ဖြစ်နိုင်ပါ့မလဲ ကိုယ်နှုတ်ငြိမ်လို့သာ စိတ်ငြိမ်ခြင်းဖြစ်ပေတယ်။

ကောင်းတာလုပ်သမျှ ကိုယ်နှုတ်နှစ်ပါး အပေါ်မှာ တည်နေ၍ ကိုယ်နှုတ်ထိန်းသိမ်းပြီးမှ ပြုလုပ်ပြောဆိုဖြစ်နိုင်မှုကြောင့် သီလသည် ကောင်းမှုကံဟူသမျှ၏တည်ရာလည်း ဖြစ်ပေ၏၊ ဥပမာအားဖြင့် မဟာပထဝီမြေကြီးနှင့် အလားတူပေသည်၊ မဟာပထဝီမြေကြီးသည် လောကလူသားနှင့် တကွ အသုံးအဆောင်အားလုံးတို့၏ တည်ရာဖြစ်သကဲ့သို့ သီလသည် ကောင်းဒါ ပြုလုပ်ပြောဆိုသမျှ၏ တည်ရာဖြစ်ပေ၏။

အဓိသီလဆိုဒါ အသိဉာဏ်ရှေ့သွား နိဗ္ဗာန်ညွတ်ကိုင်းလိုလားသော စိတ်ထားဖြင့် စောင့်ရှောက် အပ်သော သီလမျိုးကို ဆိုပေသည်၊ တနည်းအားဖြင့် ခန္ဓာကိုယ်ဖြစ်ပျက်ကို အသိကပ်၍ နေခြင်းမျိုးလည်း အဓိသီလဖြစ်၍ နေပေသည်၊ အဲဒီအဓိသီလ စောင့်ထိန်းနိုင်မှု မျိုးသည် အသိဉာဏ်ကင်းမဲ့သူများ စာရိတ္တညံ့ဖျင်းသူများ ဘုန်းကံပါရမီမရှိသူများ ဆရာကောင်းမကြုံဘူးသူများ သာသနာအပအခါများ အပဋိရူပ အရပ်ဒေသ များ၌ နေထိုင်သူများသည် မထိန်းသိမ်းမစောင့်ရှောက်နိုင်ပေကုန်။

သာသနာတော် ထွန်းလင်း၍ သာသနာ အသိဉာဏ်မှန်တွေ တောက်ပြောင်နေသော အချိန်ကောင်းများ၌သာ ဘုရားစသော သူတော်ကောင်းတို့၏ ဆုံးမစကားနာခံရ၍ လိုက်နာနိုင်သော သောဝစ္စသတာဂုဏ် ပြည့်စုံလုံလောက်ပြီးလျှင် ဘုန်းကံရှိပြား အသိဉာဏ် အကင်းပါး သူတို့အား

ကောင်းစွာမသွေ့ အဓိသီလကို စောင့်ရှောက် နိုင်ကြပေကုန်၏၊ ထို့ကြောင့်အဋ္ဌကထာ ဆရာများက—

နိဗ္ဗာနံ ပတ္ထယန္တေန သမာဒိန္နံ ပဉ္စသီလမ္ပိ အဋ္ဌင်္ဂသီလမ္ပိ ဒသသီလမ္ပိ အဓိသီလမေဝ နိဗ္ဗာနာဓိဂမဿ ပစ္စယဘာဝတော။

ဟုဖွင့်ဆိုတော်မူကြပေကုန်သည်။

နိဗ္ဗာနံ၊ အေးငြိမ်းရာမြတ်နိဗ္ဗာန်ကို။ ပတ္ထယန္တေန၊ စိတ်ပါလက်ပါ လိုလိုချင်ချင်တောင့်တသဖြင့်။ သမာဒိန္နံ၊ မကျိုးမပေါက်အောင် ကောင်းစွာ စောင့်ရှောက်သော။ ပဉ္စသီလမ္ပိ၊ ငါးပါးသီလ သည်ပင်း။ အဋ္ဌင်္ဂသီလမ္ပိ၊ ရှစ်ပါးသီလသည်ပင်း။ ဒသသီလမ္ပိ၊ ဆယ်ပါး သီလသည်ပင်း။ နိဗ္ဗာနာဓိဂမဿ၊ နိဗ္ဗာန်ကိုရနိုင် ရောက်နိုင်ခြင်း၏၊ ပစ္စယဘာဝတော၊ အထောက်အပံ့ အကြောင်း၏ အဖြစ်ကြောင့်။ အဓိသီလမေဝ၊ လူသာမန်တို့သည် စောင့်ရှောက် ကြတဲ့ သာမညသီလမျိုးထက် လွန်ကဲမြင့်မြတ်တော့သည်သာလျှင်တည်း။

အဲဒီတော့ နိဗ္ဗာန် ရည်ရွယ်ချက်ဖြင့် စောင့်ရှောက်တဲ့ သီလဟာ အဓိသီလဖြစ်နိုင်တယ်ဆိုတော့ နိဗ္ဗာန်၏သဘောတရားကိုလဲ အထိုက်အလျောက် နားလည် သဘောပေါက်ရပေလိမ့် ဦးမည်၊ ရည်ရွယ်ချက် ဆိုတာ လောက လူမှုရေးရာကိစ္စများ၌လည်း ရည်ရွယ်ချက် ထားပြီးတော့ လုပ်ကိုင်ကြိုးစားကြလျှင်သာ ကြီးပွားချမ်းသာ ဖြစ်ထွန်းလာနိုင်ပေကုန်သည်၊ ရည်ရွယ်ချက်မရှိဘဲ လုပ်ကိုင်ပါက အောင်မြင်မှု ပန်းတိုင်တို့၏ ဆုံးခန်းသို့ မရောက်နိုင်ကြ ပေကုန်၊

အရှုးအကန်းနှင့် အသိဉာဏ် ပါးရှားသူတို့သာ "ငါ့လှေ-ငါထိုး ဲခိုးရောက်ရောက်" ဆိုသလို ရည်ရွယ်ချက် ကင်းကွာ စိတ်ထင်ရာပြုလုပ်မှုမျိုးသာ ဖြစ်ပေကုန်၏။

ဘာသာရေး လုပ်ဆောင်ချက်များ၌လည်း အသိဉာဏ် မှန် ကင်းမဲ့မှုမျိုး မဖြစ်စေဘဲ အသိဉာဏ် မှန်သော ဆောင်ရွက်ကြိုးစားမှုမျိုး ဖြစ်အောင် အထူး သတိထား၍ ပြုလုပ်ဆောင်ရွက်ကုန်ရာသည်၊ ဤနေရာမှာ နိဗ္ဗာန်ကိုရည်မှန်း၍ စောင့်ရှောက်သော ရှစ်ပါးသီလ ဆိုပါက နိဗ္ဗာန်၏ သဘောတရား ကိုလည်း နားလည်ရန် လိုလာပေသည်၊ နိဗ္ဗာန်ဆိုတာ ပြုပြင်မှုအလုံးစုံ ဖြစ်ပျက်အလုံးစုံတို့၏ ကင်းဆိတ် ချုပ်ငြိမ်းမှုမျိုးကို နိဗ္ဗာန်ဟု အကျဉ်းချုပ် မှတ်သားရမယ်။

အဲဒီတော့ နိဗ္ဗာန်ဆိုတာ လောကတရား၊ သင်္ခတတရားတွေကိုထောက်ဆ ပြောဆိုရမည်ဆိုပါလျှင် ရာဂကင်းငြိမ်းမှု နိဗ္ဗာန်၊ ဒေါသကင်းငြိမ်းမှု နိဗ္ဗာန်၊ မောဟ ကင်းငြိမ်းမှု နိဗ္ဗာန်၊ဆင်းရဲ ကုန်ဆုံးရာနိဗ္ဗာန်၊ ဘေးရန်တွေ ကုန်ဆုံးရာ နိဗ္ဗာန်၊ ကြောင့်ကြပူပန်မှု ကင်းရာနိဗ္ဗာန်၊ အိုနာသေရေး ကင်းဝေးသော နိဗ္ဗာန် စသောအားဖြင့် လောကတရား အမည်များ သလောက် နိဗ္ဗာန်လည်း နာမည်များးလှ၏၊ အာရုံ ခြောက်ပါး ကင်းဆိတ်မှုနိဗ္ဗာန် အာရုံခြောက်ပါး ကင်းဆိတ်သော နိဗ္ဗာန်ဟုအကျဉ်းချုပ် မှတ်သားရပေမယ်။

နိဗ္ဗာန်၏သဘောမှန်ကတော့ လောကီ အနေအားဖြင့် မည်မျှပင် များပြားသော နာမည်တွေ ရှိနေသော်လည်း

ငြိမ်းအေးခြင်း သဘော တရား တခုသာ ရှိပေသည်၊ ထိုကြောင့် နိဗ္ဗာနံ သန္တိဝသေန ကေဝိဝံ ဟု သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ အဖွင့်၌ နိဗ္ဗာန်၏ ငြိမ်းအေးခြင်း သဘောလက္ခဏာအနေဖြင့် တပါးသာ ရှိကြောင်းကို မိန့်ဆိုထားခဲ့ပေသည်။ ထိုကြောင့် နိဗ္ဗာန်ဆိုတာ ကိလေသာ အကုသိုလ် ငြိမ်းအေးခြင်းဘဲလို့ ကွဲကွဲပြားပြား မှတ်သား ရမည်။

အဲဒီတော့ နိဗ္ဗာန်ကို အစစ်အမှန် လိုချင်သည် ဆိုက အာရုံ ခြောက်ပါး ကာမဂုဏ် တရားနှင့်တကွ လောက တရားများသည် မီးတဟုန်းဟုန်း တောက်လောင်နေသော ရပ်ကွက်ကြီး၊ မြို့ရွာကြီး၊ နေအိမ်၊ တိုက်ကြီးများလို အသိ ဉာဏ်မှာ ထင်မြင်နေသူများ၌သာ ဟိုမှာဘက်ကမ်းသဘွယ် ဖြစ်သောနိဗ္ဗာန်ကို အမှန် လိုချင်ပေလိမ့်မည်၊ လောက တရားများ၏သဘောမှန်ကို ကေန်သိနေပါလျှင် အဘယ် သူသည် ဤလောကကြီးမှ မထွက်ချင်ဘဲ နေပါမည်နည်း။ အမှန်မုချ ထွက်မြောက်လိုသော စိတ်ဆန္ဒအလွန်ပင် ပြင်း ပြလှပေလိမ့်မည်။ ထို့ကြောင့်-

ဘဝေ ဒုက္ခံ သရိတွာန၊ မစ္စုသန္တိ ဘယာဒိကံ။
တိဘဝေသု ဝိရဇ္ဇေယျာ၊ ဒိတ္တဂေဟောဝသာမိကော။

ဟု မိန့်ဆိုအပ်ပေသည်။

အာဒိတ္တဂေဟော၊ အလျှံ တပြောင်ပြောင် တောက် လောင်၍ မီးတဟုန်းဟုန်းဖြစ်နေသော အိမ်ကြီး၌။ သာမိ ကော၊ အိမ်ပိုင်ရှင်သည်။ သရိတွာန၊ မီးလောင်ပျက်စီးမှုကို

အောက်မေ့တွေးဆ၍၊ ဝိရဇ္ဇေယျဇာဝ၊ နှစ်သက် ကင်းကွာ မတွယ်တာသကဲ့သို့။ ဇဝ်၊ ထိုနှင့်မခြား အလား တူစွာသာ လျှင်။ တိဘဝေသု၊ ကာမရူပ အရူပဟု ဘဝသုံးရပ် ဘုံသုံး ထပ်တို့၌။ မစ္ဆုသန္တိဘယာဒိကံ၊ ပဋိသန္ဓေနေ ရခြင်းအား ဖြင့် ကြောက်ဘွယ် အိုနာ သေရေးအားဖြင့် ကြောက်မက် ဘွယ် အစရှိသော။ ဒုက္ခံ၊ ဆင်းရဲမျိုးစုံ အဖုံဖုံကို။ သရိတွာန၊ အမှန်သိမြင် အောက်မေ့ဆင်ခြင်၍။ ဘဝေ၊ လူနတ်ဖြစ်ရ ခြင်းတို့ကို။ ဝိရဇ္ဇေယျ၊ တွယ်တာခြင်းကင်း နှစ်သက်ခြင်း မရှိရာသာတည်း။

ဤသို့ အားဖြင့် ဘုံသုံးပါး၌ ရှိရှိသမျှ တရားတွေ သည်ကားဆိုလျှင် အမှန်စင်စစ် ကြောက်လန့် စရာတွေ ပါလားဟု အမှန်အတိုင်းသိရှိနေသူများ၌ ကြောက်စရာ တွေမှထွက်မြောက်လိုလှ၍နိဗ္ဗာန်မှန်းဆပြီးတော့ လူ့ဒါန်းမှု အသွယ်သွယ် သီလဆောက်တည်မှု အဖုံဖုံ ဘာဝနာရိပ်ကို ခိုလှုံလိုသော စိတ်ဆန္ဒများသည် တဖွားဖွား ဖြစ်ပေါ်၍ နေပေလိမ့်မည်၊ အာရုံ ခြောက်ပါးတို့၏ ဖြစ်ပျက်မျိုးစုံ အဖုံဖုံကို အထက်ပါအတိုင်း အသိဉာဏ် မသက်ရောက် နိုင်၍ ဖောက်ဖောက်ပြန်ပြန် စိတ်လိုက်မာန်ပါတွေ့ကြုံတိုင်း ခံစားနေသူများမှာဆိုလျှင် နိဗ္ဗာန်ကိုလိုချင်စိတ် ပေါက်နိုင် ပါမည်နည်း၊ မလိုချင်သူသာ ဖြစ်ပေလိမ့်မည် လောက အာရုံတွင်း၌သာ နစ်မျော၍ သံသရာ သမုဒ္ဒရာပြင်ကြီးမှ မထွက်နိုင်သူ မရုန်းနိုင်သူ မရုန်းချင်သူဆိုလျှင် ရှေးအခါက မနဲ့ဆိုသော တကာမကြီးတယောက်၏နိဗ္ဗာန်ကိုဆုတောင်း ပုံမျိုးနှင့်တူပေလိမ့်မည်။

မနဲ့ဆိုသော တကာမကြီး တယောက်သည် နေ့စဉ်နှင့် အမျှ အားရပါးရပင် အသံကျယ်လောင်စွာဖြင့် အိမ်နီး နားချင်း မြင်ပြင်း ကပ်လောက်အောင် နံနက် စောစော အိမ်ရာမှထ၍ ဤဆီမီးလှူဒါန်းရ ဤပန်းလှူရ ဤရေကပ်လှူရ ဤဆွမ်းခဲဘွယ် ကပ်လှူရသော ကောင်းမှုကြောင့် အပါယ် ဆင်းရဲ ကင်းဝေး၍ နိဗ္ဗာန်ကိုသာ ရလိုပါ၏ ဘုရားဟု အများ ကြားလောက်အောင် ဆုတောင်း၍သာ နေပေ တော့၏။

တနေ့သောအခါ၌ အရက်သမားများသည် မနဲ့ဆိုတဲ့ တကာမကြီး၏ ဘုရားရှိခိုးနေချိန် ဘုရား၏နောက်ကွယ် တနေရာမှ ပုန်းလျှိုးနေထိုင်[illegible]၍ မနဲ့၏နိဗ္ဗာန်ကို ရလိုပါ၏ ဆိုသော ဆုတောင်းစကား၏အဆုံး၌ အရက်သမားများက ဘုရားရှင်ကိုယ်တိုင်မေးမြန်းလေဟန်မနဲ့နိဗ္ဗာန်ကိုပြုတကယ် လိုချင်သလားဟု မေးခဲ့သော် လိုချင်ပါကြောင်းလျှောက် ထားသောအခါ ယခုပင်လိုက်ခဲ့ရမည်ဟု ပြောသောအခါ အဲဒီအခါကျတော့ တပည့်တော်မမှာ သမီးနှစ်ယောက် ရှိပါသေးဘုရား သမီးများကို တိုင်ပင်ပါရ စေအုံးဟု လျှောက်ထားသောမိနဲ့ နိဗ္ဗာန်မျိုးလိုသာ များပေလိမ့်မည်။

လောက သဘောတရားနှင့် နိဗ္ဗာန်သဘောတရားကို သိရှိနားလည်၍ နိဗ္ဗာန်ကိုလိုချင်သူကတော့ အာရုံငါးပါး ထုပြောသော ယခုလိုခေတ်ကာလမှာ အလွန်ပင်ရှားပေ လိမ့်မည်၊ နိဗ္ဗာန်ဆိုဒါအသိမှန် အမြင်မှန်ရှိနေကြကုန်သော ပုဂ္ဂိုလ် မြတ်ကြီးတို့၏ အနုမာနဉာဏ် ပစ္စက္ခဉာဏ်တို့ဖြင့်

အာရုံပြုရာ မျက်မှောက်ပြုရာ သိရှိနားလည်ရာ အာရုံထူး အာရုံမြတ်ကြီးဖြစ်ပေသည်။

အသိဉာဏ်ကင်းမဲ့တဲ့ လူမိုက်တို့၏ သက်ဝင်ကျက်စားရာ အာရုံ မဟုတ်ပေကုန်၊ လူမိုက် အဘို့ရာမှာ နိဗ္ဗာန်ဆိုဒါ ချိုကြီးနဲ့လားဟု မေးကောင်း မေးလိမ့်မည် လူမိုက် နား မလည်နိုင်သောအရာဖြစ်၍ မင်္ဂိုလ်နိဗ္ဗာန်အသံကြားပါက ခါးတမာလို အောက်မေ့သူလဲ ရှိပေလိမ့်မည်၊ ထို့ကြောင့် ရှင်မဟာရဋ္ဌသာရ၏ ကဗျာလင်္ကာကြီးများ၌—

သူမိုက်ကုသိုလ်၊ ပြုသည်ဆိုလျှင်၊ ရွယ်ခြုံဖိုလ်မင်္ဂ၊
မပန်နက်တည်း၊မှားဘက်ဝယ်သာ၊ကျင်လည်ရာသို့—

ဤသို့စသောအားဖြင့် ရေးစပ်တော်မူခဲ့ပေသည် အသိ ဉာဏ်ပါးရှား ဘုန်းကံ နည်းပါးသူဆိုဒါ အာရုံငါးပါး အပေါ်၌သာလျှင် မိစ္ဆာဉာဏ် ဦးစီး၍ အထူးပင်ပျော်မြူး၍ မွေ့လျော်စွာသာ နေလေ့ ရှိပြီးလျှင် အဘိုးတန်သော နှစ်၊လ၊ရက် အချိန်တွေကို အဘိုးမတန်သော လုပ်ဆောင် ချက်ဖြင့်သာ ကုန်လွန်စေကြ၍ အလွန်တရာ နှမြောစရာ ကောင်းပေသည်။ ထို့ကြောင့် နိဗ္ဗာန်ဆိုဒါ အသိဉာဏ် ဦးစီးဆောင်ရွက်နိုင်သူများသာ လိုချင်သော အာရုံဖြစ်၍ ဘုန်းကံရှိသူ ပညာရှိသူ မိတ်ကောင်းဆွေကောင်းရှိသူများ ဆိုလျှင် ကောင်းမှုကုသိုလ်လုပ်တိုင်း နိဗ္ဗာန်သို့ ဦးညွတ်၍ အမြတ်တနိုးပြုကြပေကုန်သည်။ အဘိဓမ္မတ္ထ သင်္ဂဟသင်္ဂြိုဟ် ကျမ်းမှာဆိုလျှင်—

နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန
သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာန မာရမ္မဏဘူတံ ဝါန

သင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။

ဟု-နိဗ္ဗာန်၏သဘောကို ဖွင့်ပြခဲ့ပေတယ်။

လောကုတ္တရသင်္ခါတံ၊ ဖြစ်ပြီးပျက်တတ်သောလောကမှ ထွက်မြောက် ခြင်းဟု ဆိုအပ်သော။ စတုမဂ္ဂညာဏေန၊ လေးမဂ် လေးဉာဏ်ဖြင့်။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြု အပ်သော။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ အာရမ္မဏဘူတံ၊ အာရုံပြုရာဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံ၊ သန္တိသဘာဝ အစစ် အမှန်မြတ်နိဗ္ဗာန်ကို။ ဝါနသင်္ခါတာယ၊ ဝါနဟု ခေါ်ဆို အပ်သော။ တဏှာယ၊ သတ္တဝါတွေကို ဝဋ်ဆင်းရဲမှ မလွတ်ကင်းအောင် တုပ်နှောင်ဖွဲ့ချုပ် ထားတတ်သော တဏှာမှ။ နိက္ခန္တတ္တာ၊ ကျွတ်ကျွတ်လွတ်လွတ် ထွက်မြောက် တတ်သောကြောင့်။ နိဗ္ဗာနန္တိ၊နိဗ္ဗာန်တရားတော် မြတ်ကြီး ဟူ၍။ ပဝုစ္စတိ၊ ထူးတွေသတ်မှတ်ခေါ်ဆိုအပ်၏။

ဆက်လက်၍ ဖွင့်ပြပါဦးအံ့ သတ္တဝါတွေကို ပြုလုပ် နေတဲ့ မကောင်းစုတ်ချာ အယုတ်တမာဆိုတဲ့ ကိလေသာ အာသဝေါတွေကို အမြစ်ပါမကျန် မဂ်ဉာဏ်ဖြင့် တွန်းလှန် ဖြိုဖျက်တဲ့နေရာမှာ မိတ်ကောင်း ဆွေကောင်းနှင့် တူတဲ့ နိဗ္ဗာန်ဟူသော အဖော်နှင့်ကင်း၍ အနုသယ အမြစ်ပြတ် အောင် အကြွင်းမဲ့ မဖြတ်နိုင် ပါချေ၊ နိဗ္ဗာန်ဟူသော အလင်းရောင် အကူအညီယူ၍ ရန်သူ ကိလေသာတွေကို မဂ်ဉာဏ်ကသတ်ဖြတ်နိုင်ပေတယ်၊ အဲဒါကြောင့်ကိလေသာ တွေက ရန်သူ သူပုန်တွေနှင့် တူပေကုန်တယ်၊ မဂ်ဉာဏ်က ရန်သူသတ်ဖြတ်ကြောင်း လက်နက်ကြီးများနှင့်တူပေတယ်၊

အမှောင်ခွင်း၍အလင်းကို ကျေးဇူးပြုနိုင်သော နိဗ္ဗာန်တရား တော်ကြီးက နေမင်းကြီးနှင့်တူပါပေတယ်။

ပုံစံပြရသော် သောတာပတ္တိမဂ်ဟု ဆိုအပ်သော သမ္မာ ဒိဋ္ဌိဦးစီးသော မဂ္ဂင်ရှစ်ဖြာသည် ဒိဋ္ဌိဝိစိကိစ္ဆာ ချုပ်ငြိမ်း ခြင်း သဘောကို မျက်မှောက် ထင်ထင် အာရုံ ပြုသော အချိန်မှာ ဒိဋ္ဌိဝိစိကိစ္ဆာချုပ်ငြိမ်းခြင်းဆိုတဲ့ နိဗ္ဗာန် ကလည်း အာရမ္မဏာဓိပတိ သတ္တိထူးကြီးဖြင့်မဂ္ဂင်တရားအား ပြန်လှန် ခါကျေးဇူးတုံ့ပြန်လျှင်ဆိုင်ရာဖြစ်တဲ့ကိလေသာ အနုသယ အာသဝေါ တရားသည် နောင်တဖန် ဖြစ်မလာ တော့ဘဲ အပါယ်ဆင်းရဲ မျိုးစေ့ချုပ်ငြိမ်း၍ အကြွင်းမဲ့ ဇာတ်သိမ်းနိုင် တော့သည် သာလျှင်တည်း။ ဤသို့ အားဖြင့် သံသရာတခွင် ကတခါမျှမရဘူးသေးတဲ့ နိဗ္ဗာန်ဟူသော မိတ်ကောင်းဆွေ ကောင်း အကူအညီကြောင့် မဂ်အသီးသီးတို့၏ အနုသယ ကိလေသာပယ်ဖြတ်မှု ကိစ္စအောင်မြင်ခြင်းအဆုံးသို့ ရောက် ရပေကုန်တော့သည်သာလျှင်တည်း။

ထို့ကြောင့် ဆင်းရဲခပ်သိမ်း ဘေးခပ်သိမ်းတို့၏ ချုပ် ငြိမ်းမှုကို လိုလားကြကုန်သော အမျိုးကောင်းသား အမျိုး ကောင်းသမီးများသည် ဘုရားအစရှိ ကုန်သော ပညာရှိ သူတော်ကောင်းတို့မှာ ဒိဋ္ဌထင်ထင် သိမြင်နေရတဲ့ အေးမြ ချမ်းသာ နိဗ္ဗာန်ရတနာကြီးကို ယုံကြည်မှုသဒ္ဓါတရား ရှေး သွားဖြင့် လိုလိုလားလားပင် အနုမာနဉာဏ် သက်ဝင်ခါ ဤနေ့ယခုပြုရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ရောက်ရပါစေ ချက်မှောက်ပြုနိုင်ရပါစေဟု တောင်းဆုပန်ဖြေ ကုသိုလ်မှု ပြုလုပ်တိုင်း တောင်းတရ ပေ၏၊ တောင်းတသင့် ပေ၏၊

တောင်းတကြရမည်။ ဤယနေ့ မေတ္တာဘာဝနာကို အထွင့် တပ်၍ အမွန်အမြတ် ကျင့်သုံး ဆောက်တည် အပ်သော ရှစ်ပါးသီလသည်လည်းဆင်းရဲကင်းရာနိဗ္ဗာန်ကိုသာ ဆန္ဒာ ဓိပတိ စိတ္တာဓိပတိတပ်၍ ကျင့်သုံး ဆောက်တည်အပ်ပေ သည်၊ မေတ္တာပွားပြီးတော့ ရှောင်ကြဉ်စရာ တို့ကို ရှောင် ကြဉ်နေထိုင်သော ရှစ်ပါးသီလ ဆိုတော့ မေတ္တာပွားပုံ မေတ္တာ၏ အကျိုးသက်ရောက်ပုံကိုသိရှိနားလည်ရန် လိုပေ သည်။

## ကုသိုလ်ဖြစ် မေတ္တာပို့သနည်း

မေတ္တာတရား ပွားလိုသော သူတော်ကောင်း အမျိုး ကောင်းသား အမျိုးကောင်းသမီးများသည် မေတ္တာ သဟ ဂတေန စေတသာ သဗ္ဗပါဏဘူတေသု ကော်ဒိသံ ဖရိတ္ွာ ဝိဟရတိ စသည်ဖြင့် အင်္ဂုတ္တိုရ် ပါဠိတော်၌ သဗ္ဗညုဘုရား ဟောကြားတော်မူသော ပါဠိတော်လာ စကားအတိုင်း။

အရှေ့အရပ်၌ရှိကြကုန်သော သတ္တဝါအပေါင်းတို့သည် ရန်သူအပေါင်းမှ ကင်းငြိမ်းကြပါစေ၊ ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကြောင့်ကြ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်း ကြပါစေ၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းကြပါစေဟု မည်သူ မည်ဝါမခွဲခြားဘဲ အရှေ့အရပ်၌ ရှိကြကုန်သော သတ္တဝါ တို့၏ အပေါ်မှာ ချစ်ခင်ယိုဖိတ် မေတ္တာစိတ်ကို သန့်ရှင်း စင်ကြယ် ဖြစ်စေရာ၏။ ထို့အတူပင် အနောက် အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အထက် အရပ်၊ အောက် အရပ်၊ ထောင့်အရပ်၊ အလုံးစုံကုန်သော အရပ်တို့၌ ရှိကြ

ကုန်သော သတ္တဝါ အပေါင်းတို့ကိုလည်း အရှေ့ အရပ် အတူပို့သအပ်၏။

အထက်ပါ အင်္ဂုတ္တိုရ်ပါဠိတော်နည်း အတိုင်း အရပ် ဆယ်မျက်နှာ၌ ရှိကြကုန်သော သတ္တဝါ အများတို့၌ ဤလောကဝယ် တယောက်တည်းသာ သားသမီး ရှိသော မိခင်သည် မိမိ၏ ချစ်လှစွာသော တဦးတည်းသောသား၊ တဦးတည်းသော သမီးအပေါ်မှာ ဘေးရန် အန္တရာယ်တွေမှာကို ကြောင့်ကြပူပန်၍ ဘေးမသီ ရန်မခ မှု ကိုသာ လိုလား မြတ်နိုးကြသကဲ့သို့ မေတ္တာပို့ ခံရသော သတ္တဝါတို့၏ အပေါ်၌လည်း ဤသူတော့ ငါရန်သူ ဤသူတော့ ငါ့မိတ်ဆွေ ဤသူတော့ ငါ့သားသမီး ဤသူတော့ ငါ့ဆရာ စသောအားဖြင့် မရွေးချယ်ဘဲ မပိုင်းခြားဘဲ ထပ်တူထား ကာ သဘောထား ကြီးကြီးဖြင့် မေတ္တာပို့သ နိုင်ပါလျှင် အတိုင်းထက်အလွန် လောကီ လောကုတ္တရာအကျိုးတရား များကို မျက်မှောက် ပစ္စုပ္ပန် နှစ်တန်အကျိုး လွန်စွာဖွံ့ဖြိုး နိုင်ပါကြောင်း။

ထို့ကြောင့် သုတ္တနိပါတ် မေတ္တာသုတ် ပါဠိတော်၌–

မာတာယထာ နိယံပုတ္တ မာယုသာ ဧကပုတ္တ မနု ရက္ခေ ဧဝမ္ပိ သဗ္ဗဘူတေသု မာနသံ ဘာဝယေ အပရိမာဏံ။

ဟု ဟောကြားတော်မူခဲ့လေပြီ။

မာတာ၊ မိခင်သည်။ နိယံပုတ္တံ၊ မိမိ၏ သားဖြစ်သော။ ဧကပုတ္တံ၊ တယောက် တည်းသော သားသမီးကို။ အာယုသာ၊ အသက်တမျှ (ဝါ) အသက်လောက် ထား၍။

အနုရကွေ့ယျယထာ၊ တသက်ပတ်လုံး ခြေမွေးလက်မွေး မီးမလောင်အောင် အစဉ်တစိုက် အမြဲအားဖြင့် မေတ္တာ အရင်းခံ၍ စောင့်ရှောက်လာသကဲ့သို့။ ဝေမ္ဘိ၊ ထိုနှင့်မခြား အလားတူစွာ သာလျှင်။ သဗ္ဗဘူတေသု၊ လုံးစုံ များစွာ သတ္တဝါတို့၌။ အပရိမာဏံ၊ အတိုင်းအရှည် မရှိသော(ဝါ) ပိုင်းခြား ကန့်သတ်မှုမထားသော။ မာနသံ၊ ချစ်ခင်ယိုဖိတ် မေတ္တာ စိတ်ကို။ ဘာဝယေ၊ အကြိမ်ကြိမ် အထပ်ထပ် ပွားများရာ၏။

မေတ္တာပို့သကြပုံ အကျဉ်းချုပ်မှာ ကုသိုလ်ရရုံ မေတ္တာ ပို့သမှု၊ ဈာန်ရအောင် မေတ္တာပို့သမှုဟု နှစ်မျိုးနှစ်စားရှိရာ တွင် အင်္ဂုတ္တိုရ်ပါဠိတော်လာ မေတ္တာပို့သပုံ နည်းလမ်း သည်ယခုလိုဥပုသ်နေ့ အခါမျိုးမှာကုသိုလ်တရား တိုးပွား၍ စိတ်ထားငြိမ်သက်ရုံ ရည်ရွယ်၍ ဟောကြား ထားသော မေတ္တာ ပို့နည်းမျိုး ဖြစ်ပေသည်။ ဝိပဿနာ၏ အခြေခံ ဖြစ်ရန် မေတ္တာပို့သရာမှာလည်း ဤမျှလောက် မေတ္တာပို့သ ပါလျှင် သမာဓိ အခြေခံ ဖြစ်နိုင်မှုကြောင့် အထက်ပါ အတိုင်း ပို့သပါလျှင် ဝိပဿနာအတွက် ပြည့်စုံလုံလောက် ပေပြီ၊ အကြောင်းမှာ နဝင်္ဂပေါ်သထ ဥပုသ်သီလ အရာမှာ ပုဂ္ဂိုလ်သတ္တဝါ ပိုင်းခြား ရည်ရွယ်ချက် မထားဘဲ တလုံး တခဲတည်း အပေါင်းအားဖြင့် မေတ္တာပို့ရန်သာ ညွှန်ကြား ဟောပြထားသောကြောင့် ဖြစ်ပေသည်။

ဈာန်ရအောင်မေတ္တာပို့သနည်း

အကယ်၍ ဈာန်ကိုယ်လိုလား၍ မေတ္တာပို့သမည် ဆိုပါ လျှင် မေတ္တာတရားကို ရှေးဦးစွာ ပို့ကောင်း ပို့သင့်တဲ့

ပုဂ္ဂိုလ်၊ မပို့ကောင်းမပို့သင့်တဲ့ ပုဂ္ဂိုလ်ဟု နှစ်မျိုးနှစ်စားကို ကွဲပြားအောင် သိရှိထားရပေလိမ့်ဦးမည်။

မေတ္တာ ပွားလိုသော ယောဂီ ပုဂ္ဂိုလ်သည် အမျက်ထွက်ခြင်း ဒေါသ၌အပြစ်ရှိပုံ သူတပါးအပေါ် သည်းခံခြင်း၌ အကျိုးရှိပုံကို ကြိုတင် သိရှိထားပြီး နောက်၌သာ မေတ္တာဘာဝနာကို ပွားများရာသည်။

အကျဉ်းဆောင်ပုဒ်

သည်းမခံလျှင်အပြစ်၊ သည်းခံလျှင်အကျိုး၊ နှစ်မျိုးတရား၊ နားလည်ထားက၊ ပွားများမေတ္တာ၊ အောင်ကြောင်းသာတည်း။

အမျက်ထွက်တတ်သူမှာ အကျိုးရှိမရှိကိုင်း အကြောင်းလျော်မလျော်ကိုင်း ကောင်းမွန်စွာ ခွဲခြမ်းဝေဖန်သိစွမ်းနိုင်သော ဉာဏ်အမြင်ဓာတ် မပေါ်လာ နိုင်ပေကုန်၊ အမျက် ထွက်တတ်သူအားဆိုလျှင် မသိမိုက်မှားမောဟ တရားက လွှမ်းမိုးဖိစီးနေမှုကြောင့် မပြုသင့် မပြောဆိုသင့် မပြစ်မှားသင့်သော ဒုစရိုက်မျိုးစုံကို ကျူးလွန် ပြစ်မှားတတ်၍ အပါယ်ဆင်းရဲတိုင်အောင် ဒုက္ခမျိုးစုံ အဖုံဖုံကို တွေ့ကြုံရမည်အပြင် ဤယခုဘဝ လောလောဆယ်ဆယ် ခဏ၌လည်း မိမိ၏ကိုယ်စိတ်နှစ်ပါးကိုသာလျှင် ဒေါသက ရှေးဦးစွာ လောင်မြိုက် ဖျက်ဆီးခြင်းကို ခံရပြီးမှ ဒေါသ အရှိန်အဝါဒဏ်ချက်က သူတပါးထံသို့ နောက်မှရောက်ရပေသည်။

ယခုလောက မျက်မြင်အားဖြင့် ပြောရလျှင် အမျက်ဒေါသ ဟုန်းဟုန်းထလာပြီ ဆိုပါက ရှေးဦးစွာ မိမိ၏

နှလုံးသားကို လောင်မြှိုက်ပြီး၍ မျက်လုံး အသွေး အသား နီရဲစွာနှင့် တကိုယ်လုံးဆတ်ဆတ်တုန်ခါ ဖြစ်ပေါ် ဖောက်ပြန်လာပုံများသည် ဒေါသ၏ လွှမ်းခြုံနှိပ်စက်ပုံ အမူအရာဆိုးများဖြစ်ပေ၏။ အကြောင်းမတော်၍ဒေါသအလျောက် လောကဥပဒေကို ကျူးလွန်မိပါက အချုပ်နှောင်အိမ်သို့ လွယ်ကူခဏရောက်ကြရသည့်အပြင် မလိုမုန်းထား လူမိုက်များကလည်း အတုံ့အပြန်နှိပ်စက်မှုဒဏ်ကို တဖန်တွေ့ကြုံရတတ်ပြန်သည်။

ထို့ကြောင့် သူတပါး အမူအရာဆိုးများကိုဇင်း မိမိ၏ အမူအရာဆိုးများကိုဇင်း အမြော်အမြင် ကြီးမားစွာဖြင့် ခြင်ဆင်ဘွယ်ရာတရားအဖုံဖုံကို အောက်မေ့ဆင်ခြင်ပြီးလျှင် သည်းညည်းခံက နိဗ္ဗာန်ရဆိုသော စကားအတိုင်း အဇ္ဈတ္တ ဗဟိဒ္ဓအာရုံဆိုးများကို ကြပ်ကြပ်ကြီး သည်းခံနိုင်ကုန်၍ မေတ္တာဘာဝနာကို ပွားများနိုင်ကုန်ရာ၏၊ ဤသို့အားဖြင့် ဒေါသထွက်ရခြင်း၏အပြစ်ကို သိရှိ၍သည်းခံခြင်း၏ အကျိုးတရားကို နားလည်မှတ်သားအပ်၏။

### ရှေးဦးစွာမေတ္တာမပွားရပုဂ္ဂိုလ်များ

မေတ္တာ မပွားမီ ဒေါသ ခန္တီတရား နှစ်ပါး တို့၏ သဘာဝကို အထိုက်အလျောက် ဟောပြပြီး၍ မေတ္တာပွားသင့်သောပုဂ္ဂိုလ် မပွားသင့်သော ပုဂ္ဂိုလ်များကို ပိုင်းခြားသိရဦးမည်။ မေတ္တာမပွားသင့် ပုဂ္ဂိုလ်များဆိုဒါ ဝိသဘာဂဆိုတဲ့ပုဂ္ဂိုလ်၊ သေပြီးသော ပုဂ္ဂိုလ်များသည် လုံးဝပင် မေတ္တာဘာဝနာ မပွားသင့်ပေကုန်၊ ဝိသဘာဂပုဂ္ဂိုလ်ကို

မေတ္တာ ပွားများလိုက် ပါလျှင် ကောင်းကျိုး ဖြစ်ပေါ် မလာဘဲ တဏှာဆိုတဲ့ ဆိုးကျိုးသာ တဖြေးဖြေးတိုးပွား လာမှုကြောင့် မိန်းမသည် ယောက်ျားကို ရည်မှန်း၍ မေတ္တာ မပွားများ ကောင်းပေ၊ ယောက်ျားသည်လည်း မိန်းမကိုရည်မှန်း၍ မေတ္တာမပွားသင့်ပေကုန်။

သေလွန်ကုန်ပြီးသူများကို မေတ္တာရည်မှန်း၍ ဘာဝနာ စီးဖြန်းနေပါကစျာန်သမာဓိကိုမရရှိနိုင်ပေကုန်၊ထို့ကြောင့် သေပြီးသူနှင့် ဝိသဘာဂ အာရုံကို အထူးရှောင်ကြဉ်၍ မေတ္တာဘာဝနာပွားများတတ်ကုန်ရာသည်၊ မချစ်မုန်းထား အပိယဆိုတဲ့ ပုဂ္ဂိုလ်ကို မေတ္တာရှေးဦးစွာပွားများနေပါက စိတ်မဝင်စားဘဲ စိတ်ပင်ပန်းခါ သမာဓိပျက်ပြား ဆုတ် ယုတ်စရာ အကြောင်းရှိပေကုန်သည်၊ အလွန်ချစ်ခင်တဲ့ အတိပိယ ပုဂ္ဂိုလ်အား မေတ္တာ ပွားရခြင်း သည်လည်း အလွန်စိတ်ပင်ပန်း၏တဲ့။

လစ်လျူရှု၍ ဥပေက္ခာ သဘောမျိုး ထားသင့်သော မဇ္ဈတ္တ ပုဂ္ဂိုလ်မျိုးကို ချစ်ခင်ယုယ မေတ္တာပွားများရသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ စိတ်ပင်ပန်းရုံသာ ရှိပေလိမ့်မည်၊ ရန်သူဖြစ်တဲ့ ဝေရီပုဂ္ဂိုလ်မှာဆိုလျှင် အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း၊ စိတ်ပင်ပန်း၍ သမာဓိမရနိုင်တော့သာ တည်း၊ အကျဉ်းချုပ်အားဖြင့် အောက်ပါ ပုဂ္ဂိုလ်မျိုးကို မေတ္တာမပွားသင့်ပေကုန်။

၁။ အပိယပုဂ္ဂိုလ်။

၂။ အတိပိယပုဂ္ဂိုလ်။

၃။ မဇ္ဈတ္တပုဂ္ဂိုလ်။

၄။ ဝေရီပုဂ္ဂိုလ်။
၅။ ဝိသဘာဂပုဂ္ဂိုလ်။
၆။ သေပြီးပုဂ္ဂိုလ်။
ဟု-ခြောက်မျိုးရှိပေကုန်သည်။

**ဆောင်ပုဒ်။** ။အပိယ အတိပိယ၊ မဇ္ဈတ္တဝေရီ၊ တလီ ဝိသဘာဂ၊ သေပြီးကြသူ၊ ခြောက်ယောက်လူ၌၊ မပို့မေတ္တာ၊ ရှောင်ကြဉ်ရာ၏။

ဤသို့အားဖြင့် မေတ္တာဘာဝနာ ပွားများသင့်သော ပုဂ္ဂိုလ်များကို ရှေးဦးစွာ ကြိုတင်သိရှိပြီးနောက် မေတ္တာပို့သင့်သော ပုဂ္ဂိုလ် အစီအစဉ် အတိုင်း မေတ္တာပို့ပါက ပစ္စုပ္ပန် သံသရာအကျိုး များနိုင်ပေကုန်သည်။ မေတ္တာ ဘာဝနာပို့သပုံ အစီအစဉ်ကို သိရှိနားမလည်ပါဘဲ မေတ္တာ ပို့သနေပါက အကျိုး များသင့်သလောက် မများနိုင်ဘဲ အကျိုးဆုတ်ယုတ်နိုင်သော အကြောင်းများပင် ရှိလာနိုင် ပေကုန်သည်။

အခါတပါး သီဟိုဠ်ကျွန်း၌အမျိုးသားတယောက်သည် မေတ္တာဘာဝနာ ပွားများလို၍ ဆရာရဟန်းကို လျှောက် ထားရာ မိမိချစ်ခင်သော ပုဂ္ဂိုလ်ကို ရှေးဦးစွာ မေတ္တာပွား ရမည်ဟု ခွဲခြမ်းဝေဖန် မဟောကြားဘဲ လွယ်လွယ်ပင် ဆရာကဟောပြသမှုကြောင့်အယူချွတ်ချော်ကာ မိမိမယား ကိုမေတ္တာ ပွားလေသော် မေတ္တာဆိုတဲ့ ဖြူစင်သော အဒေါသစေတ် ဖြစ်ပေါ်မလာဘဲ တဏှာဥပါဒါန်ဆိုတဲ့ တရားဆိုးကြီးများသာ ဆင့်ကဲဆင့်ကဲ ပေါ်လာသောအခါ

ဝင့်ဆင်းရဲ ပဋိစ္စသမုပ္ပါဒ် သံသရာလည်ပြီးလျှင် ဤဘဝ ၌ပင် ရှုးမတတ် စိတ်ဖောက်ပြန် လာပေကုန်တော့သည်။ ထို့ကြောင့်-

ကမ္မဋ္ဌာနံ ဝိသံဝါဒေတွာ ကထေန္တော ပန အန
နုလောမိကေ မနောကမ္မေ သမာဒပေတိနာမ။

ဟု-တိကအင်္ဂုတ္တိုရ် အဋ္ဌကထာ၌ ဖွင့်ဆိုပေသည်။

ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်း ဘာဝနာ တရားကို။ ဝိသံဝါ ဒေတွာ၊ ချွတ်ချော်တိမ်းပါး၍။ ကထေန္တော၊ ဟောပြော ပြသပါလျှင်။ ဝါ၊ ပြောဟော ပြသသော ကမ္မဋ္ဌာန်း ဆရာသည်။ အနနုလောမိကေ၊ လောကီ လောကုတ္တရာ အကျိုးအား မလျော်မလျောက်ပတ်ကုန်သော။ မနော ကမ္မေ၊ စိတ်ဖြင့် ကျူးလွန်ပြစ်မှားသော မနောကံတရား တို့ကို။ သမာဒပေတိနာမ၊ ဆောက်တည် စေသည် မည်တော့၏။

## ဆရာကမ္မဋ္ဌာန်းပေးမှားတတ်ပုံ

ဤသို့အားဖြင့် ကမ္မဋ္ဌာန်းဆရာများက ကမ္မဋ္ဌာန်းတရား အပေးမှားပြီးဆိုလျှင် အချို့ယောဂီတို့၌ မဂ်ဉာဏ်ဖိုလ်ဉာဏ် မဆိုထားဘိ လောကီတရားဖြစ်တဲ့ ဝိပဿနာဉာဏ်သည်ပင် လမ်းမှန်ကန်းမှန် တိုးတက်မလာဘဲ တန့်ရပ်၍သာနေပေ ကုန်သည်၊ တချို့ယောဂီတို့ကျတော့တမျိုးတမည်ချွတ်ချော် တိမ်းပါး ချွတ်ယွင်းဖောက်ပြန် သွားနိုင်ပေကုန်သည်၊ ထို့ ကြောင့် ဆရာရှာမှီး ဆည်းကပ်မှုကို သတိသမ္ပဇဉ်ရှေ့ သွားဖြင့် နေရာတိုင်းမှာ ပြုလုပ် တတ်ရန် လွန်စွာပင် အရေးကြီးပေသည်။

ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ပင် ကမ္မဋ္ဌာန်းတရား ပေးရာ၌ လမ်းချော် နေမှုကြောင့် တရားရှုပွားနေသော တပည့်ယောဂီ၏ အသိဉာဏ်တိုးတက်မလာဘဲ ဆုတ်ယုတ် ပျက်ပြား စိတ်နှလုံးကျဆင်း သွားခဲ့ဘူး ပေသည်။ ထို အကြောင်းအရာများကို ထောက်ထားပါက ယခုလိုခေတ် ကာလ၌ တရားအသိဉာဏ်မှန် တိုးပွားလာရန်ဆရာကောင်း တွေ့ရန် အလွန်ပင် ခဲယဉ်း ပေလိမ့်မည်၊ ထို့ကြောင့် ရှေးဆရာကြီးများက သတိပေးထားခဲ့သည်မှာ ရောင်းကုန် ရှုံးတော့တခေါက် လင်ကုန်ရှုံးတော့ တသက်လုံးမှောက် ဆရာသမား ကိုးကွယ်မှားတော့ တသံသရာလုံး ပျောက်၍ ခေအာက်ငရဲသို့ဆိုက်ရောက်ရပေနိုင်ကုန်တော့၏တဲ့။

ဘုရား လက်သက်တော်က ပိဋကတ် စာပေ ကျမ်းဂန် တတ်သိသော ကပိလရဟန်း၏ တပည့်တကာတကာမများ အပေါ်၌ အယူ ချွတ်ချော်၍ မမှန်မကန် ဆုံးမစကား ဟောပြော ပြသသောတရားမြွေ များကြောင့်ယူမှားမိ၍သာ လူတကာ ဒုက္ခရောက်ကြ၍ မိခင်နှင့်တကွသော နှမတော် သာမိနတို့မှာ ကြောက်မက်ဘွယ်ရာငရဲရွာသို့ ဆိုက်ရောက် ရဘူးပေ၏။

ထို့ကြောင့် ဆရာအယူချွတ်ချော်က တကာ, တကာမ များကို ငရဲခေါ်သည်နှင့် တူနိုင်ပေ ကြောင်းကို ကောင်း ကောင်းကြီး သတိပြု၍ ဆရာကောင်း ရွေးချယ် တတ်ရာ သည်၊ ဆရာကောင်းကို မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ရွေးချယ် တတ်သူ ရွေးချယ် နိုင်သူလည်း ရှားပေ လိမ့်မည်၊ ဆရာ ကောင်းမရလည်း မည်သည့်ကိစ္စမျိုးမဆို ထမြောက်အောင်

မြင်ရန် ခဲယဉ်းပေလိမ့်မည်၊ အောင်မြင်သည့် တိုင်အောင် အချိန်ကြန့်ကြာ နှောင့်နှေးပေလိမ့်မည်၊ အချို့ကိစ္စ များ၌ လုံးဝပင် ဆရာနှင့်ကင်း၍ အကျိုးမသက်ရောက်နိုင်ပေကုန်။

ယခုခေတ် ကာလ၌ သတ္တဝါများမှာ တဏှာခေတ်က ယက်သန် အားကြီးနေမှုကြောင့် ဆရာမှန်ကိုတော့ ဆရာ မှား၊ ဆရာမှားကိုတော့ ဆရာမှန် ဖောက်ပြန်စွာ ထင်မှတ် ကြ၍ နီးစပ်ရာသာ ခင်မင်နေတတ် ကြ၏၊ နေကြပေကုန် သည်။ (သတိပြုပါ)၊ ဆရာမပြ နည်းလမ်းမကျ ငါးဝိဖုတ် ပင့်ဆရာမရှိက နည်းလမ်းမကျနိုင် ဆိုသကဲ့သို့ ထိထိရောက် ရောက် မေတ္တာဘာဝနာပွားရာ၌လည်း နည်းလမ်းမှန် ညွှန် ပြသောဆရာ လိုပေသည်။

## မေတ္တာပွားရန် ပုဂ္ဂိုလ်များ

၁။ မိမိကိုယ်ကို ရှေးဦးစွာ ပို့ရခြင်း။
၂။ မိမိချစ်ခင်၍အလေးပြုအပ်သောပုဂ္ဂိုလ်ကိုပို့ရခြင်း။
၃။ မိမိချစ်ခင်သော အဆွေ ခင်ပွန်းကောင်းကို ပို့ရ ခြင်း။
၄။ ရန်သူပုဂ္ဂိုလ်ကိုပို့ရခြင်း။
၅။ လစ်လျူရှုအပ်သော ပုဂ္ဂိုလ်ကို ပို့ရခြင်း။

ဆောင်ပုဒ်။ ။အတ္တ ပိယ၊ သဟာယနှင့်၊ မဇ္ဈတ္တဝေရီ၊ ငါးလီညီမျှ၊ ပို့သ မေတ္တာ၊ စဉ်တိုင်း သာချောင်၊ မေတ္တာဘာဝနာ၊ ပွားသူမှာ၌၊ လောကုတ်လောကီ၊ နှစ်လီအကျိုး၊ လွှန်ဖွံ့ဖြိုး၏။

ငါသည် ကိုယ်ချမ်းသာ စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံပါစေ၊ ငါသည် ဆင်းရဲမှ ကင်း၍ ရန်သူမှ ဝေးပါစေ၊ ငါသည် စိတ်ပင်ပန်းခြင်း၊ အမျက်ထွက်ခြင်းမှ ကင်းပါစေ။

ငါသည် ချမ်းသာခြင်းကို အလိုရှိ၏၊ ဆင်းရဲကိုစက်ဆုပ်သကဲ့သို့ပင် တပါးသောသတ္တဝါတို့သည်လည်းချမ်းသာကို အလိုရှိကြ၏၊ ဆင်းရဲကိုစက်ဆုပ်ကြ၏၊ ဤသို့အားဖြင့် မိမိကိုယ်ကိုသက်သေထား၍ တပါးသူတို့ကိုမေတ္တာပွား၏။

အဘယ်ပုဂ္ဂိုလ်ကို ရှေးဦးစွာ မေတ္တာပွားသင့်သနည်းဆိုသော် အလေးပြု၍ ချစ်ခင်မြတ်နိုး အားထား အပ်သော ဆရာကိုဖြစ်စေ၊ မိဘကိုဖြစ်စေ၊ အလားတူပုဂ္ဂိုလ်ကိုဖြစ်စေ၊ အလေးအမြတ် ပြုအပ်သော သီလ သမာဓိ ဂုဏ်များကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့၍ ဆရာမြတ်သည်၊ သို့မဟုတ် မိဘသခင်, ကျေးဇူးရှင်သည် ကျန်းမာချမ်းသာပါစေ၊ စိုးရိမ်ကြောင့်ကြပူပန်မှု ကင်းငြိမ်းပါစေ၊ ဤသို့အားဖြင့် အဖန်တလဲလဲ ပွားများသည် ရှိသော် စိတ်၌ ထင်မြင်ခြင်းဟူသော ဥဂ္ဂဟနိမိတ် ဖြစ်ပေါ်၍ မကြာမြင့်မီ ဈာန်တရားကိုရစေနိုင်၏။

ချစ်မြတ်နိုးထိုက်သော သီလ သမာဓိ ပညာဂုဏ် များကို အာရုံပြု၍ ဂရုကပိယ ဖြစ်သော ဆရာသမား စသော ပုဂ္ဂိုလ်ကြီးများကို မေတ္တာပွားများပြီးနောက် ဆင်းရဲသော် ချမ်းသာဘက် ဖြစ်တဲ့ ပိယသဟာယ မိတ်ဆွေ များကို လောကဓမ္မ ကျေးဇူးဂုဏ် ထောက်ထား၍ ဒုတိယမြောက် မေတ္တာ ပွားအပ်ကုန်၏၊ လစ်လျူရှု ထားသော မဇ္ဈတ္တ ပုဂ္ဂိုလ်တို့ကို တတိယမြောက် မေတ္တာပွားရပေ၏။

ဆန္ဒကျင်ဘက်ဖြစ်တဲ့ ဝေရီရန်သူ ပုဂ္ဂိုလ်များကို နောက်ဆုံးအနေ စတုတ္ထမြောက် ပွားများသောအခါ မေတ္တာတရားသည် အလုံးစုံသော ပုဂ္ဂိုလ်တို့၏ အပေါ်၌ မေတ္တာစိတ်ပြန့်နှံ့၍ မေတ္တာအပို့ခံရသူများ၌လည်း မေတ္တာစူးဝင်၍ ကောင်းကျိုးတရား သက်ရောက် လာနိုင်ပြီးလျှင် မေတ္တာဘာဝနာ ပွားများသူမှာလည်း စိတ်ထား ဖြူစင် ကြည်လင် သန့်ရှင်းစွာ ကုသိုလ် မင်္ဂလာများ တနေ့တခြား တိုးပွားလာနိုင်ပေကုန်တော့၏၊ အထက်ပါပုဂ္ဂိုလ်များကို မေတ္တာပွားရာတွင် ဝေရီခေါ်တဲ့ ရန်သူ ပုဂ္ဂိုလ်တို့၌ မေတ္တာစိတ်မသက်ရောက်ဘဲ မုန်းစိတ် ဒေါမနဿခေါ်တဲ့ စိတ်နှလုံးမချမ်းမြေ့ခြင်းသာ တဖွားဖွားဖြစ်ပေါ်နေတတ်ပေကုန်၏။

ဤကဲ့သို့ ဒေါသတရား ဒေါမနဿ တရားများ ကြီးမားနေသောအချိန်အခါမျိုးမှာ ထိုရန်သူ၏ဘဝတလျှောက်မှာ မိမိအပေါ် သူတပါး အပေါ်၌ ကောင်းကွက် ကလေးများကို ရွေးချယ်၍ ကောင်းကွက် ဂုဏ်ကလေး များကို ထောက်ဆကြည့်ညို၍ အနည်းငယ်မျှဖြစ်သော ချွတ်ယွင်းချက်ကို ငါက ရန်တုံ့မူနေခြင်းသာ ဖြစ်နေပါလားဟု အမှန်တရားကို အမှန်တရား အတိုင်း သိမြင် လာအောင် ဆင်ခြင်တွေးဆ၍ ရန်သူအပေါင်းမှာ ဝမ်းမြောက်သော စိတ်ထား တဖွားဖွား ဖြစ်ပေါ်လာ ပြီးလျှင် ငါကဲ့သို့ပင် ကျန်းမာချမ်းသာချင်ပေလိမ့်မည်ဟု အောက်မေ့၍ မေတ္တာတရားကို အားရပါးရ ပွားများလိုက်ရမည်။

ဤသို့စသောအားဖြင့် အတိတ် အကြောင်းအရာပစ္စုပ္ပန် အကြောင်းအရာ အနာဂတ် အကြောင်းအရာများကို ဆင်

ခြင်စဉ်းစား၍ မိမိသန္တာန်၌ ဖြစ်ပေါ်နေသော ဒေါမနဿ စိတ်မချမ်းသာမှု၊ မေတ္တာပို့မရနိုင် လောက်အောင် ခံနေမှုများကို အသိတရားဖြင့် ဖယ်ရှားပြီးလျှင် ရန်သူအား မေတ္တာပို့သ နိုင်ရာ၏၊ တနည်းအားဖြင့် ရန်သူ ပုဂ္ဂိုလ် အပေါ်မှာ ခင်မင်စိတ်မပေါ် မုန်းစိတ် မြင်ပြင်း ကပ်စိတ် သာဖြစ်ပေါ်လာနေပါက-

နသော ဘိက္ခဝေ သတ္တော သုလဘရူပေါ ယော နမာတာ ဘူတ ပုဗ္ဗော။

စသော အားဖြင့် ဘုရားရှင် ဟောကြား ထားသော အနမတဂ္ဂသုတ္တန် ဒေသနာတော်ကြီးကို အောက်မေ့ ဆင်ခြင်၍ ဤပုဂ္ဂိုလ်သည် ငါ၏ရန်သူ မဟုတ် ရှေးရှေးဘဝ များစွာတို့က အမိ အဘ စသည် ဖြစ်ဘူး၍ ငါ့အား ကျေးဇူးများလှဘူးလေပြီ၊ ထို့ကြောင့် ဤပုဂ္ဂိုလ်သည် ငါ၏ ရန်သူအစစ် မဟုတ်နိုင်ပေကုန်၊ ရန်သူအစစ်ကို လိုက်လံ ရှာဖွေခဲ့သော် ငါ့စိတ်ထဲမှာ ဖြစ်ပေါ်နေသော ဒေါသ၊ ဒေါမနဿ တရားသာလျှင် ရန်သူ အစစ်အမှန် တရားခံ ဖြစ်နေပေ၏၊ ထိုပုဂ္ဂိုလ်က ငါ့ကို ဆင်းရဲ ဒုက္ခ ရောက် အောင်မပြုလုပ်ပေ၊ ငရဲ ရောက်အောင်လည်း မပြုပါချေ၊ ငါ့သန္တာန်မှာရှိနေသော စိတ်ဆိုး စိတ်ယုတ်မာ သည်သာ လျှင် ငါ့ကို ဒုက္ခဖြစ်စေ၏၊ အပါယ်ကိုလဲ ကျစေ နိုင်၏၊ ရန်သူအစစ်မှာ ဒေါသ သာ ဖြစ်ပေ၏။

ဤသို့အားဖြင့်ရန်သူကိုတွေ့အောင်ရှာပြီးလျှင် ရန်သူကို အသိတရားဖြင့်ဆင်ခြင် ဖယ်ရှားပြီး၍ ရန်သူ မဟုတ်သော ဤပုဂ္ဂိုလ်သည် ငါနှင့်အလားတူ-

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ။
စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ။
ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းပါစေ။

ဟု ရန်သူအပေါ်မှာ အားရ ပါးရ မေတ္တာပွားများနိုင်ပါလျှင် အလုံးစုံသော ပုဂ္ဂိုလ်တို့၌ မေတ္တာစိတ် ညီတူ ညီမျှသော ချစ်ခင်စိတ်ထားရှိနိုင်၍ ပုဂ္ဂိုလ်အာရုံ တယောက်တည်း၌ပင်လျှင် ဈာန်ချမ်းသာတိုင်အောင် ပွားများ နိုင်ကြကုန်တော့၏။

ယခု မေတ္တာပွားများ လာကုန်သော ပိယ သဟာယ မဇ္ဈတ္တ ဝေရီ ပုဂ္ဂိုလ်လေးမျိုးတို့၌ တူညီမျှသော မေတ္တာပွားများနိုင်သော အခါမျိုးတွင် မိမိ၏ တသက်တာမှာ ကြည်ညို မြတ်နိုး လေးစားမှု အများဆုံးရှိသော ပုဂ္ဂိုလ်တယောက်ကို သီးခြား ထုတ်နုတ်၍ ခြေဖျားမှ ဦးကျွောင်းတိုင်အောင်၊ ဦးကျွောင်းမှ ခြေဖျား တိုင်အောင် အပြန်ပြန်အလှန်လှန် နေ့, ရက်, လပေါင်း များစွာ မေတ္တာ ပွားနေပါလျှင် တနေ့ တချိန်မှာ စတုတ္ထဈာန် တိုင်အောင်လောကီ သိဒ္ဓိပေါက်၍ ဗြဟ္မာပြည် တိုင်အောင် အကျိုးအမျိုးမျိုး ပြီးမြောက်လာနိုင်ပေကုန်၏။

ထို့အတူပင် မိမိအားကျေးဇူးများသော ပုဂ္ဂိုလ်တွေ့ကြုံဆုံစည်းဘူးသော ပုဂ္ဂိုလ်တို့တွင် တယောက်ယောက်၌ ပင်လျှင် အထက်ပါအတိုင်း မေတ္တာ ဘာဝနာပွားများ ပါကဈာန်တရားတိုင်အောင် ပေါက်ရောက်ရှိ နိုင်ကြောင်းကိုကောင်းကောင်းကြီး သိမှတ်ရာ၏၊ ဈာန်အင်္ဂါ တို့၏ ဖြစ်

ပျက်မျိုးစုံအဖုံဖုံကို ဈာန်သမာဓိ အခြေခံဖြင့် ရှုပွားလိုက်ပါက မိမိတို့၏အတိတ်ကံ ပါရမီနှင့် ပစ္စုပ္ပန်လုံ့လ ပြည့်စုံပါလျှင် မချွတ်မုချ အရိယာစခန်းသို့ တက်လှမ်း ရောက်နိုင်ပေကုန်ရာ၏၊ ထို့ကြောင့် ကောဒသ အင်္ဂုတ္တိုရ် ပါဠိတော်ကြီး၌ ရဟန်းတို့ မေတ္တာတရားကို ပွားစေ အပ်သည်ရှိသော် အကြိမ်များစွာ ပြုအပ်သည်ရှိသော် ကောင်းစွာအားထုတ်အပ်သည် ရှိသော် တဆဲ့ တပါးသော အကျိုးအာနိသင်တို့သည် ကောင်းစွာမသွေ ဖြစ်ပေါ်၍ လာနိုင်ပေကုန်၏။

**မေတ္တာဘာဝနာအကျိုး တဆဲ့တပါး**

၁။ ချမ်းသာစွာ အိပ်ရခြင်း။
၂။ ချမ်းချမ်းသာသာ နိုးလာခြင်း။
၃။ မကောင်းသော အိပ်မက်မမြင်မက်ခြင်း။
၄။ လူတို့၏ ချစ်မြတ်နိုးခြင်း။
၅။ ဘီလူး,နတ်,တိရစ္ဆာန် တို့၏ ချစ်မြတ်နိုးခြင်း။
၆။ နတ်တို့က မေတ္တာပို့သူကို စောင့်ရှောက်ခြင်း။
၇။ မီးအဆိပ် လက်နက်တို့၏ ငြိမ်းခြင်း၊ အဆိပ်ပြယ်ခြင်း၊ မစူးမရှနိုင်ခြင်း။
၈။ စိတ်၏ငြိမ်သက်၍ သမာဓိရလွယ်ခြင်း။
၉။ မျက်နှာအဆင်း အထူးသဖြင့် ကြည်လင်ခြင်း။
၁၀။ မတွေမဝေ သေရခြင်း။
၁၁။ သေပြန်သောအခါ ဗြဟ္မာပြည်သို့ လားရခြင်း။

ဤသို့အားဖြင့် အကျိုးတဆဲ့တပါး တိုးပွား၍ လာပေကုန်တော့သည်။

## ဆောင်ပုဒ် လင်္ကာ

အိပ်နိုးချမ်းသာ၊ ယုတ်မာ့မမက်၊ နှစ်သက်လူနတ်၊
စောင်မနတ်များ၊ ဆိပ်ကားမနှံ့၊ စိတ်ပျံ့တည်ကြည်၊
ရွှင်သည်မျက်နှာ၊ သေခါမတွေ၊ လားလေဗြဟ္မာ၊
ဆဲ့တဖြာဟု၊ မေတ္တာနိသင်၊ ကျိုးဆက် ထင်သည်၊
ရှင်လူအများ ကျင့်ရာသော်။

ဟု ရှေးဆရာတော်ကြီး များ၏ လင်္ကာကို မှတ်သားရမည်၊ ဤဆိုခဲ့ပြီးသော အကျိုးတဆဲ့တပါးကို မှချအမှန်ရနိုင်ပါလားဟု ယုံကြည်သဒ္ဓါတရား ရှေ့ထား၍ အအေးတွင်မေတ္တာ၊ အပူတွင်ရာဂ၊ အမြင့်တွင်မာန၊ အမှန်တွင်သစ္စာ၊ အကြည်တွင်သဒ္ဓါ၊ ဆိုသော ရှေးပေါရာဏ စကားအရ အပူအန္တရာယ်တွေ ကင်းဝေး၍ အအေးတွေ လွှမ်းခြုံရစ်ပတ်ပြီးလျှင် ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ နေနိုင်ရန်မေတ္တာတရားထူးကြီးကို အထူးပွားများရာ၏။

ချွဲ၍ပြပါဦးအံ့ ကောင်းသောအိပ်မက်မြင်မက်ရ ဆိုတာ မေတ္တာပွားသော သူများ၌ ဆင်းရဲငြိုငြင် ပင်ပန်းကြီးစွာ ကိုယ်နှုတ်အမူအရာ ဖောက်ပြန်မှု ဖြစ်မသာဘဲ ငြိမ်သက်သော ကိုယ်နှုတ်စိတ်ရှိ၍ မလှုပ်မရှက်ပင် ချမ်းသာစွာအိပ်ရပေသည်၊ အချို့မှာ ခြေကားယား လက်ကားယား အမူအရာမျိုးစုံ ဖောက်ပြား၍ ကတောင် ချောက်ချား ပြောဆိုနေခြင်းများသည် စိတ်ဓာတ် ရန့်ရင်းကြမ်းတမ်း ခက်မာခြင်းလျှင် အကြောင်းရင်း ရှိပေကုန်၏၊ ချမ်းချမ်း သာသာ ငြိမ်ငြိမ်သက်သက် အိမ်ရာမှ နိုးလားဆိုတာ မေတ္တာပွား

များမှ အရှိန်အဝါကြောင့် တလွန့်လွန့် တဆန့်ဆန့် ဟိုကန့် ဒီကန်မပြုလုပ်ဘဲ ကောင်းစွာ ပွင့်လန်း လာသော ပဒုမ္မာ ကြာအလား ကြက်သရေ တိုးပွားကာ အိပ်ရာမှ နိုး၍ လာပေတော့၏။

မကောင်းသော အိပ်မက် မမြင်မက်နိုင် ဆိုတာ သူခိုး ဓားပြစသော လန့်ကြောက်စရာ အဝဝတို့ကို မမြင် မတွေး မကြား မသိရမူ၍ အလွန်ကြည်ညိုဘွယ်ဖြစ်တဲ့ စေတီ ပုထိုး စသော နှစ်သက်ကြည်နူးဘွယ်ရာများကိုသာ မြင်မက်ကြရ ပေကုန်၏။

လူတို့၏ ချစ်မြတ်နိုးခြင်းဆိုတာ မေတ္တာပွားသူ၌ မြင်သူ၊ ကြားသူ၊ မမုန်းမူ၍၊ ကြည်ဖြူနှစ်သက်၊ ဥက္ကောင်းထက်မှာ၊ ပန်ဆင်လာသော ပန်းပွင့်ကဲ့သို့ အမြတ်တနိုး လိုလား နှစ်သက် ချစ်ခင်လျက် နေပေသည်၊ လူနှင့် အလားတူပင် ဘီလူး, နတ်, တိရစ္ဆာန် တို့လည်း အထူးသဖြင့် ချစ်ခင် မြတ်နိုး၍ မေတ္တာပို့သူ၏ကောင်းကျိုးကို နှစ်ခြိုက်လိုလားကြ ပေကုန်သည်။

နတ်တို့၏ကူညီစောင့်ရှောက်ခြင်းဆိုတာ သီဟိုဠ်ကျွန်း၌ ရဟန်းတော်တပါးကဲ့သို့ မှတ်ရမည်၊ သီဟိုဠ်ကျွန်း စိတ္တလ တောင်၌ သီတင်းသုံးနေထိုင်သော ဝိသာခအမည်ရှိသော ရဟန်းတော် တပါးသည် မေတ္တာ ဘာဝနာကို နေ့ညဥ့် မပြတ် ပွားများသည် ဖြစ်၍ တောင်စောင့်နတ် များက ချစ်ခင်မြတ်နိုးလေသောကြောင့် အရပ်တပါးသို့ ကြွမသွား ရအောင် အကြိမ်ကြိမ် တောင်းပန်မှုဖြင့် ဤတောင်၌ပင် သေဆုံးသည်အထိ နေထိုင်ရပေတော့သည်။

နတ်တို့က စောင့်ရှောက်ခြင်းဆိုဒါ မေတ္တာသုတ်၌ ပါသော ငါးရာသော ရဟန်းတို့၏ အကြောင်းအရာကို ထုတ်နှုတ်၍သိရမည်၊ ရဟန်းတော် ငါးရာတို့သည် တော တွင်း၌ ရှိကြကုန်သော နတ်အပေါင်းတို့ကို ရည်ရွယ်၍ မေတ္တာ ပွားများကြမှုကြောင့် ရှေးက မုန်းတီးနေကြသော နတ်အများသည်ပင် မိတ်ဆွေပမာဖြစ်၍ လိုအပ်သော အကူအညီရရှိလာမှုကြောင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ တရားကိုအားထုတ်ပါလျှင် ဝါတွင်းကာလ၌ပင် အချို့မှာ ကိလေသာကုန်ခန်း၍ အရဟတ္တဖိုလ်တိုင်အောင် ဆိုက် ရောက်နိုင်ကြပေကုန်သည်။

မေတ္တာဘာဝနာကြောင့် မီးမလောင်နိုင်ဆိုဒါ သိရိမာ သည် သူဌေးသမီး ဥတ္တရာကို ထောပတ်ဆီပူဖြင့် လောင်း သော်လည်း မေတ္တာစိတ်၏ တန်ခိုး အာနုဘော်ကြောင့် ပူလောင်နေသော ထောပတ်ဆီသည် အေးမြသောရေကဲ့သို့ ဖြစ်သွားပေသည်။

(ထေရီအဋ္ဌကထာနှင့် ဓမ္မပဒအဋ္ဌကထာ)

မေတ္တာ ဘာဝနာကြောင့် အဆိပ် မသင့်နိုင် ဆိုဒါ သီဟိုဠ်ကျွန်း၌ ရဟန်းတော်တပါးမှာ ချက်ချင်းခဏသေစေ နိုင်သော အဆိပ်ကို စားဘွယ်မုန့်တွင်ထည့်ခတ်၍ အသုံး သတ်စီရင်ရာ ရဟန်းတော်၏ မေတ္တာ ဘာဝနာကြောင့် မုန့်ကို စားသော်လည်း အဆိပ်ပြယ်ခါ ချမ်းသာကိုရရှိ ပေသည်။

မေတ္တာ ဘာဝနာကြောင့် လက်နက် မစူးရှနိုင်ဆိုဒါ သူခိုး ငါးရာတို့သည် သံကိစ္စသာမဏေကို တခုသော

တောကြီးသို့ယူဆောင်၍ သန်လျက်ဓားဖြင့် အကြိမ်ကြိမ် ခုတ်ဖြတ်သော်လည်း သန်လျက်သည် ထန်းရွက်အလား ပျော့ခွေလို့သာ သွားပေတော့၏၊ သိဟဗာဟုအဘ ခြင်သေ့ ဝတ္ထုလည်း ထို့အတူပင် အထူးပင်လက်နက်မစူးရှကြောင်း သိသာထင်ရှား၏။

မေတ္တာဘာဝနာကြောင့် တည်ကြည်မှု သမာဓိရဆိုဒါ မေတ္တာ ဘာဝနာကို ပွားများလေ့လာသူသည် ဒေါသ အခိုက်အတန့်အားဖြင့် ကင်းကွာနေမှုကြောင့် စိတ်သည် လျင်မြန်စွာ တည်ကြည်လာနိုင်ပေကုန်သည်။

ဝိပဿနာမပွားများမီ ရှေးဦးစွာကြိုတင်၍ မေတ္တာပွား ကြခြင်းသည် လျင်စွာ သမာဓိဝင် ဉာဏ်မြင် ဖြစ်နိုင်ခြင်း ကောင်းကျိုး သက်ရောက် နိုင်ပေကုန်သည်၊ ထို့ကြောင့် အဋ္ဌကထာ ဆရာများက သဗ္ဗတ္ထက ကမ္မဋ္ဌာန်းတွင်း၌ ထည့်သွင်းထားခြင်းဖြစ်သည်။

မေတ္တာဘာဝနာကြောင့် မျက်နှာအဆင်း အထူးသဖြင့် ကြည်လင်ခြင်းဆိုဒါ မေတ္တာပွားများသူ၏ မျက်နှာအဆင်း သည် အထူးသဖြင့် ကြည်လင်သော အသွင်အပြင် ရှုချင် စဘွယ် လူသူလေးပါးအလယ်၌ တင့်တယ်ပေ၏။

မတွေ မဝေမကြောက်မရွံ့ သေရခြင်းဆိုဒါ မေတ္တာ တရား၏အရှိန်အဝါ စိတ်ငြိမ်သက် တည်ကြည်စွာကြောင့် အိပ်သောယောကျ်ား နိုးသော အလားကဲ့သို့ ကြောက် ရွံ့ခြင်းကင်း၍ ဘဝတပါးကူးသွားနိုင်ခြင်းပင်တည်း။

ဗြဟ္မာပြည်သို့ရောက်နိုင်ခြင်းအကျိုးဆိုဒါ မေတ္တာဈာန် ရရှိပေါက်ရောက်နေသောသူသည် ဤဘဝ၌ အကြောင်း

မသင့်၍ မဂ်ဖိုလ်မရသော်လည်း သေသည်၏ အခြားမဲ့မှာ ဗြဟ္မာပြည်သို့သာရောက်၍ အရိယာစခန်းကို ကူးပြောင်းသွားလာနိုင်ပေတော့၏။

## မေတ္တာပွားပုံဟန်မကျက တဏှာရာဂ ဖြစ်ပွားလာတတ်သည်ကိုပြခြင်း

မေတ္တာပွားသရခြင်း အကျိုးတရားကို ရရှိခံစားလိုသောသူသည် အထက်ပါ ညွှန်ပြထားသော အစီအစဉ်အတိုင်း နည်းလမ်းမှန်မှန်ပွားနိုင်ပါလျှင် အကျိုးကျေးဇူးအထူးပင်ဖြစ်ထွန်းပေလိမ့်မည်၊ မေတ္တာ အပွားခံရသူ များ၌လည်း မေတ္တာစူးဝင်၍ ချမ်းသာထူးတရားရရှိကြလိမ့်မည်။

မေတ္တာပွားပုံ နည်းလမ်းမကျက တဏှာရာဂ တိုးပွား၍ လာတတ် ပေသည်၊ သက်သေ ပုံစံတခု ထုတ်ပြရသော် ရှေးအခါက မိလ္လမျိုးဆိုသော တကာမ တယောက်သည် မိမိနှင့် စုံမက်ချစ်ခင် မေတ္တာဝင် နေသော မောင်စံဝင်း ဆိုသော တကာတယောက် ရှိပေသတဲ့၊ မိလ္လမျိုးဆိုသော တကာမသည် ပျင်းရိသော အချိန်အခါ ကာလများ၌ တအေးအေးနှင့် သီချင်းဆိုသောအခါများမှာ တေးသီချင်းများ၌လည်း မောင်စံဝင်းဆိုသောနာမည် သီချင်းသွားမှာ မပါရှိပါလျှင် သီချင်း၏ အပြီးအဆုံး သို့ပင် မရောက်နိုင်အောင် အလွန်တမ်းတအမှတ်ရခါ စွဲလန်းချစ်ခင်သတဲ့၊ မိလ္လမျိုး၏တိုးတိုးသက်သာ ဆိုရှာသော သီချင်းတပုဒ်မှာ ဆိုလျှင်–

သီချင်း။ ။တရွာလုံးရှင် တရပ်လုံးရှင် အားလုံးပ
သေလိုသေ၊ပျိုကြင်မဲ့ ကိုစံဝင်းရေ မင့်နောက်မှသေ။

ဤသို့လည်း တချိန်တခါမှာ ဆိုရှာသတဲ့ မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းတဲ့အခါ အထက်ပါ တေးသီချင်းသွား မေတ္တာတရားမျိုး မဖြစ်ကြစေဘဲ တဏှာရာဂ ချစ်ခင်မှုကို အထူးသတိပြု ရှောင်ရှားခါ စင်ကြယ်ဖြူစင်သော လောဘ ဒေါသကင်းကွာ အဒေါသမေတ္တာသာ ဖြစ်သင့်ပေသည်၊ အထက်ပါ အတိုင်း စည်းကမ်း စနစ် ကျနစွာ ပွားပါလျှင် မေတ္တာဘာဝနာ ပွားများသူနှင့် မေတ္တာအပို့ခံရသူ နှစ်မျိုး လုံးပင် အကျိုးဖြစ်ထွန်းနိုင်ပေကုန်သည်။

များသော အားဖြင့် သတ္တဝါတို့သည် တခါတရံ ချစ်ကျွမ်းဝင်သူများ၌ သမုဒယတဏှာ တိုးပွားပြီးလျှင် မိုးကွက်ကြားရှာသကဲ့သို့တဏှာကို မေတ္တာမှတ်ထင်ပြီးလျှင် အထပ်ထပ် အကြိမ်ကြိမ် မိလှမျိုး တေးသွားကဲ့သို့ မေတ္တာ ပို့သနေကြပါက ဘာဝအကျိုးပေး မကောင်းနိုင်ပေကုန်ရာ သည်ဖြစ်လေသောကြောင့် စည်းစနစ်မှန်ကန်သောမေတ္တာ ဘာဝနာကို စီးဖြန်းတတ်ကုန်ရာသည်။

## ဥပုသ်နေ့ဝိပဿနာတရားတော်ကြီး

(ဝါခေါင်လဆန်း ၈-ရက်ဆိုတော့) ဥပုသ်နေ့ဖြစ် ပေတယ်၊ ဥပုသ်နေ့ဆိုတော့ ဥပုသ်တရားဟောကြားရပေ လိမ့်မယ်၊ သဗ္ဗညုရှင်တော်မြတ်ဘုရားကိုယ်တိုင် ဟောကြား အပ်သော မဂ်ပေါက်ဖိုလ်ဝင် ဥပုသ်နေ့ တရားတော်ကို မိမိတို့အတွက်အထူး အကျိုးများနိုင်ပါလားဟု သဘော ထားပြီးလျှင် ဘုရားရှင်၏ တရားတော် ဖြစ်ပေသည်ဟု အောက်မေ့ မှတ်သား ထက်သန်သော သဒ္ဓါတရားဖြင့် ရိုရိုသေသေ မှတ်မှတ်သားသား နာကြားလိုက်ကုန်ရာ၏။

အခါတပါး ရှင်တော်မြတ်ဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတိုက်မှာ သီတင်းသုံး နေတော်မူစဉ် ဥပုသ်နေ့ရောက်သော အချိန်အခါကာလ၌ သာကီဝင်မင်းတို့သည် ရှင်တော်မြတ်ဘုရားထံ ဆည်းကပ် ခစားလာရောက်ကြကုန်၏။ ထိုအခါရှင်တော်မြတ်ဘုရားက သာကီဝင် မင်းသားတို့ကို မေးမြန်းတော် မူသည်မှာ သာကီဝင်မင်းသားအပေါင်းတို့ သင်တို့သည် ရှစ်ပါးသော ဥပုသ်သီလများကို အမြဲမပြတ် စောင့်ထိန်းနိုင်ကြ ပါကုန် ၏လော၊

ဤသို့အားဖြင့် မေးမြန်းတော် မူသောအခါ တပည့် များမှာ လူတို့၏ကိစ္စ များပြားလှသည်ဖြစ်၍ တခါတရံ စောင့်ထိန်းနိုင်ကြ၍ တခါတရံ မစောင့်ထိန်းနိုင်ကြပါကုန် ဘုရားဟု ရိုသေစွာ လျှောက်ထားကြပေကုန်၏။ ထိုအခါ ရှင်တော်မြတ်ဘုရားက အောက်ပါစကားကိုမိန့်ကြားတော် မူပေသည်။

> တေသံ ဝေါ သက္ကာ အလာဘာ တေသံ ဒုလ္လဒ္ဓံ
> ယေ တုမှေ ဧဝံ သောကသဘယေ ဇီဝိတေ မရဏ
> သဘယေ ဇီဝိတေ အပ္ပေကဒါ အဋ္ဌင်္ဂသမန္နာဂတံ
> ဥပေါသထံ ဥပဝသထ အပ္ပေကဒါ နဉပဝသထ။

ဟု-ဤသို့အစရှိသော စကားတော်မြတ်ကို မိန့်ကြား တော်မူပေသည်။

သက္ကာ၊ သာကီဝင်မင်းသားအပေါင်းတို့။ ယေတုမှေ၊ အကြင်သင်တို့သည်။ ဧဝံ၊ ဤဆိုလတံ့သော စကားအတိုင်း။ သောကသဘယေ၊ စိုးရိမ်ကြောက် မက်ဘွယ်သေးနှင့်တကွ

ဖြစ်သော။ ဇီဝိတေ၊ အသက်ရှင်ရခြင်းသည်။ သတိ၊ ဖြစ်ပါ လျက်။ မရဏာသဘာဝေ၊ အချိန်မကြန့်ကြာ လျင်မြန်စွာ သေနိုင်သောသဘောရှိသော။ဇီဝိတေ၊ အသက်ရှင်ရပါလျက်။ အပ္ပေကဒါ၊ တခါတရံ။ အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါး နှင့်ပြည့်စုံသော။ ဥပေါသထံ၊ ဥပုသ်သီလကို။ တုမှေ၊ သင်သာကီဝင် မင်းသားတို့သည်။ ဥပဝသထ၊ ကျင့်သုံး နေထိုင်ကြ ကုန်၏။ အပ္ပေကဒါ၊ တရံ တခါ တလေ။ နဥပဝသထ၊ မကျင့်သုံး မနေထိုင်ကြကုန်။ တေသံဝေါ၊ ထိုသာကီဝင်မင်းသားတို့အား။ ဝေါ၊ တို့သာကီဝင်မင်းသား တို့သည်။ ဒုလ္လဒ္ဓံ၊ မကောင်းသဖြင့် လူ၏အဖြစ်ကိုရအပ် ပေ၏။

အဓိပ္ပါယ်အနက် အနည်းငယ် ဖွင့်ဆိုပြရသော်–အသင် တို့၏ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ ပညတ်အခေါ်အဝေါ် အားဖြင့် အသက်သည် ကြောက်မက်ဘွယ် ကောင်းတဲ့ ဘေးရန်သူတွေ ထင်ရှားရှိနေပါလျက် ကြောက်မက်ဘွယ် ကောင်းတဲ့ သေခြင်းဘေးတွေရှိနေပါလျက် တခါတရံသာ ရှစ်ပါးသီလ ဥပုသ်ကို ဆောက်တည်ကြ၍ တခါတရံ မဆောက်တည်နိုင်ကြမှုကြောင့် သင်တို့သည်ကားဆိုလျှင် လူအဖြစ်ကိုအရမတော်လေစွ၊လူဖြစ်ပါသော်လည်း အနှစ် အသားမရှိသော လူအရိုးစုနှင့်သာတူပေ၏။ သင်တို့သည် လူအဖြစ်ကို ကောင်းကောင်းရပါလားဟု မမှတ်သားလိုက် ကြနှင့် လူအဖြစ်ကို ကောင်းကောင်းရတယ်လို့ဆိုနိုင်အောင် မပျက်မကွက်ရှစ်ပါးသော ဥပုသ်သီလကို သီတင်းနေ့တိုင်း စောင့်ထိန်းကြရမယ်။

ငါ့ဘုရား ဟောကြားလတ္တံ့သော အောက်ပါတရားတော်ကို ကောင်းစွာနှလုံးသွင်းမှတ်သား နာယူလိုက်ကြပေကုန်တော့ သင်တို့၏ လူဘောင်လောက၌ လူတို့၏ တတ်သင့် တတ်ထိုက် သိသင့်သိထိုက်သော အခြေခံပညာ အသိတရား အားလျော်စွာ စီးပွားဥစ္စာ ရှာမှီးကြရာ၌ နေ့စဉ်နေ့တိုင်း နစ်နာဆုံးရှုံးမှုမဖြစ်ဘဲ အရင်းနှင့် အမြတ် အစွန်းရရှိအောင် ကြိုးစားနိုင်သူကို လူမှုကိစ္စဆောင်ရွက်ရာမှာ လူတော် လူကောင်းဟု ဆိုသင့်သည် မဟုတ်ပါလော။

ဤသို့အားဖြင့် ရက်, လ, နှစ် အချိန်ကြာကြာ ရှာမှီးစုဆောင်းလိုက်ပါလျှင် တရက်လျှင် တဆယ်ဝင်ငွေရှိသူဆိုက ဆယ်ရက်ဆိုပါက တရာ၊ ရက်နှစ်ဆယ် ဆိုပါက နှစ်ရာ ရက်သုံးဆယ်ဆိုပါက သုံးရာတလလျှင် ငွေသုံးရာဝင်ပါက တနှစ်လျှင် သုံးထောင်ခြောက်ရာ စုမိပေသည်၊ တရက်လျှင် တထောင်ဝင်ငွေ တသောင်းဝင်ငွေ ရှိသူများဆိုလျှင် တနှစ်ဆိုပါက ဝင်ငွေတွေ အလွန်များပြား၍ ရတနာ ရွှေငွေတွေစုမိ၍ လောကအလိုက် ပစ္စည်းရှင် ဥစ္စာရှင်ဟု အထိုက်အလျောက် ခေါ်ရပေသည်၊ ဤကဲ့သို့ စုမိသော ပစ္စည်းဥစ္စာတွေကို မပြုမကွဲ မပျက်စီးအောင် မိမိတို့၏ စိတ်ဆန္ဒအတိုင်း ချမ်းချမ်း သာသာ ခံစားသုံးဆောင် နိုင်ပါ၏လားဟု ရှင်တော် မြတ်ဘုရားက စိစိစစ်စစ် မေးမြန်းသည် ရှိသော် သာကီဝင် မင်းသားအပေါင်းတို့က အောက်ပါ စကားကို လျှောက်ထားကြကုန်၏။

ကာမာ ဟိ ဘန္တေ အနိစ္စာ တုစ္ဆာ မုသာ
မောသဓမ္မာ။

ဘန္တေ၊ ဘုန်းတော်နေဝင်း ထိန်ထိန်လင်းတော်မူသော ရှင်တော် မြတ်ဘုရား။ ကာမာ၊ လူသားတို့သည် ချစ်ခင်လိုလား နေကြတဲ့ ရူပသဒ္ဒ ဂန္ဓရသ ဖောဋ္ဌဗ္ဗ မျိုးစုံ ငါးပါးသော ကာမဂုဏ်တို့သည်။ အနိစ္စာ၊ ဖြစ်လျှင်ပျက်မြဲ မတည်မြဲနိုင်ပါကုန်ဘုရား။ အနိစ္စာ အနိစ္စာယ၊ ဖြစ်လျှင် ပျက်မြဲ မတည်မြဲနိုင်သည်၏ အဖြစ်ကြောင့်။ တုစ္ဆာ၊ အနှစ်မပါ ဗလာ အချည်းအနှီးသာ ဖြစ်ပါ၏ဘုရား။ မုသာ၊ ချွတ်ယွင်းဖောက်ပြန် ပျက်စီးရမည် အမှန်ဖြစ်ပါ၏ဘုရား။ မောသဓမ္မာ၊ ပျောက်ပျက်ခြင်း သဘောတရားရှိပါကုန်၏ အရှင်ဘုရား။

ဘုရားတပည့်တော် များသည် နေ့စဉ် တိုးပွားအောင် ပြုလုပ်ဆောင်ရွက် နေရသော အာရုံငါးပါး ကာမဂုဏ် တရားများသည်ကားဆိုလျှင် ချွတ်ယွင်း ဖောက်ပြန်အမှန်ပင် ပျက်စီးတတ်သည်ဖြစ်၍ အခိုင်အမာ ပစ္စည်းဥစ္စာ ရတနာ များမဟုတ်ကုန် သုံးဆောင်ခံစားရန် အမြဲမတည်ရှိနိုင် ပါကုန်ဘုရား၊ ပစ္စည်းဥစ္စာ ရတနာတွေကလည်း ပစ်ခွါ သွားနိုင်ပါသည်ဘုရား၊ တပည့်တော်များကလည်း တနေ့ တချိန်မှာ ပစ္စည်းတွေကို စွန့်ခွါရပါလိမ့်မည်ဘုရား။

သို့ဖြစ်၍ အာရုံငါးပါးကာမဂုဏ်တရားတို့သည် မိမိတို့ လိုသလို မသုံးဆောင် မခံစားရပါကုန်ဘုရား အမှန်စင်စစ် လူဘို့ မက်မော နေသော ကာမဂုဏ် တရားများသည် သာယာမှုနည်းပါး၍ ဆင်းရဲခြင်း၏ အကြောင်းသာများပါ

ကုန်၏ဘုရား။ သာကီဝင် မင်းသားတို့ ကာမဂုဏ်တရား ဆိုဒါ အပြစ်အလွန်များပြားပေကုန်၏။

ကာမဂုဏ် တရားတို့ကို မီးကျီးတွင်း တို့၏ အပုံအစု ဥပမာရှိ၏ဟု မှတ်ရမည်။

ကာမဂုဏ်တို့ကို လေညာသို့ ရှေးရှု ယူဆောင် သွားသော မျက်မီးရှူး ဥပမာရှိ၏ဟု မှတ်ရမည်။

ကာမဂုဏ်တရားတို့ကို သူတပါးတို့၏ ပစ္စည်း ဥစ္စာကို တခဏမျှ ငှားရမ်းသုံးဆောင်ခြင်းနှင့်တူ၏ ဟူ၍ မှတ်ရမယ်။

ကာမဂုဏ် တရားတို့ကို အိပ်မက်သော ခဏဝယ် စားသောက်သုံးဆောင်ရသည်နှင့် တူ၏ဟု မှတ်ရမည်။

ကာမဂုဏ်တရားတို့ကို အသားမရှိ အသွေးမျှသာ လိမ်းကျံသော အရိုးစု၊ အရိုးစိုင်စု ဥပမာရှိ၏ဟု မှတ်သားရမည်။

ကာမဂုဏ်တရားတို့ကို တဏှာမကင်းသူ ဟူသမျှ လုယူအပ်သော အသားတစ်ဥပမာရှိကုန်၏ဟု မှတ်ရမည်။

ကာမဂုဏ်တရားတို့ကို လူတကာ ဆွတ်ယူ အပ်သော အသီးရှိသော သစ်ပင်ဥပမာရှိကုန်၏ဟု မှတ်ရမည်။

ကာမဂုဏ် တရားတို့ကို ထက်လှစွာသော လှံ-ဥပမာ ရှိကုန်၏။

ကာမဂုဏ်တရားတို့ကို ထိတ်လန့် ကြောက်ရွံ့စရာ ပြင်းထန်စွာ အဆိပ်ရှိသော မြွေဥကျွောင်းနှင့် တူကုန်၏ဟု မှတ်ရမည်။

ကာမဂုဏ်တရားတို့ကို များစွာဆင်းရဲ ပင်ပန်းကြောင်းဟု ရှင်တော်ဘုရား ဟောကြားတော်မူပေ၏။

သင်တို့၏ လောကီစည်းစိမ် ဥစ္စာတွေသည်ကားဆိုလျှင် ဘေးဒုက္ခတွေကလည်း များလှ၍ တခဏမျှသာ အကောင်း ထင်ကြရ၏၊ အမှန်စင်စစ် လောကီဥစ္စာ ရတနာတွေသည် ကားဆိုလျှင် ချမ်းသာ သုခလည်းမဟုတ် ချမ်းသာ သုခ ဟု ထင်မှတ်ရရုံသာ ရှိပေ၏။

ငါဘုရား၏ ဆုံးမ ဩဝါဒ သည်ကား ဆိုလျှင် ဤသို့ မဟုတ်ပါချေ၊ ငါဘုရား သာသနာတော်၌ ငါဘုရား၏ တပည့် သာဝကများသည် ဆယ်နှစ် သို့မဟုတ် ပါလျှင် ဆယ်လ သို့မဟုတ်ပါလျှင် ဆယ်ရက် သို့မဟုတ် ပါလျှင် အနည်းဆုံး တချိုသော ယောဂီမှာ တရက်နှင့် တညဉ့်မျှ လောက် အာရုံခြောက်ပါး၌ မမေ့မလျော့ မပေါ့ မဆ ကောင်းမြတ်သော သတိရှိလျက် ကိလေသာရန်သူ တွေကို အမြဲမပြတ် ပူပန်လှုပ်ရှား၍ ငြိမ်သက်စွာ မနေနိုင်လောက် အောင် ဇွဲလုံ့လအာတာပီ ဝီရိယ ရှိသည်ဖြစ်၍ ကိုယ်နှင့် အသက် မငဲ့ကွက်ပါဘဲ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ကို ထားပြီးလျှင် ငါဘုရားသည် ဆုံးမတော်မူသည့် အတိုင်း ကျင့်ကြံနေသည်ရှိသော် အနှစ်တရာ အနှစ်တထောင် အနှစ် တသောင်းပတ်လုံး ချမ်းသာစစ်ကို မုချကေန် ခံစားလျက် နေနိုင်ပါ၏။

ဒါကြောင့် ရှင်တော် မြတ်ဘုရား ဟောကြားတော် မူအပ်သော အင်္ဂုတ္တိုရ် နိကာယ်၊ ဒသက နိပါတ်၊ အတ္တောသဝဂ်၊ ဆဋ္ဌမူ စာမျက်နှာ နံပါတ် (၃၂၃) သတ္တ သုတ္တန်ပါဠိတော်ကြီးမှာ—

ဣဓ မမ သာသနေ ကောဋ္ဌာသော ဧကံ ရတ္တိံ-ဒိဝံ အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရန္တော ယထာ မယာ အနုသိဋ္ဌံ တထာ ပဋိပဇ္ဇမာနော သတ္တမ္ပိ ဝဿာနိ သတ္တမ္ပိ ဝဿသတာနိ သတ္တမ္ပိ ဝဿသဟဿာနိ ကေန္တုသုခပ္ပဋိသံဝေဒီ ဝိဟရေယျ၊ သော စ ခေါ ပန သကဒါဂါမိဖလံ အနာဂါမိဖလံ အရဟတ္တဖလံ ဝါ သော တာပန္နော။

ဟု ဟောကြားတော်မူပေ၏။

ဣဓ၊ ဘုရားရှင်အဆုံးအမတည်ရှိရာ ဤသာသနာတော်မြတ်၌။ မမ၊ ငါဘုရား၏။ သာသနေ၊ ငါဘုရား၏ ဆုံးမစကားကို လိုက်နာ နေထိုင်သော တပည့် သာဝကသည်။ ဧကံရတ္တိံ၊ တညဉ့်ပတ်လုံး။ ဧကံဒိဝံ၊ တနေ့ပတ်လုံး။(ဝါ)၊ တနေ့ဖြစ်စေ တညဉ့်ဖြစ်စေ။ အပ္ပမတ္တော၊ မမေ့ မလျော့သောသတိရှိသည်ဖြစ်၍။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိသည်ဖြစ်၍။ ပဟိတတ္တော၊ ကိုယ်နှင့် အသက်ကို မငဲ့ကွက် ပါဘဲ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ မယာ၊ ငါဘုရားသည်။ အနုသိဋ္ဌံ၊ ဆုံးမအပ်ပြီ။ တထာ၊ ထိုဆုံးမတော် မူသည့် အတိုင်း။ ပဋိပဇ္ဇမာနော၊ ကျင့်ကြံလျက်။ ဝိဟရန္တော၊ နေထိုင်သည် ရှိသော်။ သတ္တမ္ပိဝဿာနိ၊ အနှစ် တရာတို့ ပတ်လုံးငင်း။ သတ္တမ္ပိဝဿသတာနိ၊ အနှစ် တထောင်တို့ ပတ်လုံးငင်း။ သတ္တမ္ပိဝဿသဟဿာနိ၊ အနှစ်တသောင်းတို့ ပတ်လုံးငင်း။ ကေန္တုသုခပ္ပဋိသံဝေဒီ၊ စင်စစ်မုချချမ်းသာကို

ခံစားနိုင်သည်ဖြစ်၍။ ဝိဟရေယျ၊ နေနိုင်ရာ၏။ သော စ၊ သမ္မပဓာန် လုံ့လ ဝီရိယပြည့်စုံစွာ နိဗ္ဗာန်ကို စေလွှတ်သောစိတ်ကိုထား၍ မမေ့မလျော့ သတိပဋ္ဌာန် တရားကို အမြဲ နိစ္စပွားများနေသော ထိုယောဂီပုဂ္ဂိုလ် သည်လည်း။ သကဒါဂါမိဝါ၊ လူ့ပြည် လူ့ရပ်သို့ တကြိမ် တခါသာ လာရောက်လေ့ရှိသော အရိယာသကဒါဂါမ် ပုဂ္ဂိုလ်သည်လည်း။ အသော၊ ဖြစ်ရာ၏။ အနာဂါမိဝါ၊ လူ့ပြည်နတ်ရပ် ကာမဘုံခုနစ်ထပ်သို့ ဘယ်အခါမျှမလာသော အနာဂါမ် ပုဂ္ဂိုလ်ကြီးသည်လည်း။ အသော၊ ဖြစ်ရာ၏။ အပဏ္ဏကံဝါ၊ မချွတ်မယွင်း မချကောန္တ အားဖြင့် မှုလည်း။ သော တာပန္နော၊ အဦးဆုံးနိဗ္ဗာန်ကို ရရှိသောအရိယာ ပုဂ္ဂိုလ် အဦးအဖျား သောတာပန်သည်။ အသော၊ စင်စစ်မသွေ မုချ ဖြစ်နိုင်ပေ၏။

ငါဘုရား၏ အဆုံးအမ သာသနာတော်၌ ဆိုလျှင် အပါယ်လွတ်ချမ်းသာ ခံစားရရုံမျှမကဘဲ သုံးဆဲ့တဘုံလွတ် ချမ်းသာ သုခသည်ပင် ရရှိခံစားနိုင် ပေ၏၊ သာသနာ ပသောအခါနှင့် အခြားသောဘာသာ သာသနာများမှာ ဆိုလျှင် အပါယ်လွတ်ရန် အလွန်တရာမှ ခဲယဉ်း၍ အရိယာ ချမ်းသာ ခံစားစံစား၍ လူ့ဘဝ နတ်ဘဝများ၌ အနှစ်တရာ အနှစ် တထောင် အနှစ်တသောင်း အဘယ် မှာလျှင် ချမ်းသာ ခံစားနိုင်မည်နည်း၊ ဆင်းရဲဖြစ်ကြောင်း တရား တို့သာ အမြဲမပြတ် ဒလစပ်ပင် အာရုံခြောက်ပါး တိုက် ခိုက်တိုင်း တိုက်ခိုက်တိုင်း ဖြစ်ပေါ်၍ နေကြကုန်သည် သာတည်း။ ဆင်းရဲကင်းကွာ ချမ်းသာကို မရနိုင်ပေကုန်။

ငါဘုရား၏ ဆုံးမ ဩဝါဒခံယူသော သာသနာတော် မြတ်နှင့် ကြုံကြိုက်ခိုက်မှာ အရတော်လေစွ-ဟု ဉာဏ်ပညာ ရှေ့သွား စိတ်ထားဖြူစင် ကြပြီးလျှင် အရာ ခပ်သိမ်းမှာ ကြီးမားသော သတိဝီရိယ ရှေ့သွား၍ မြင့်မြတ်သောစိတ်ကို ထားနိုင်ကြရန် ရည်ရွယ်တော်မူ၍ အပ္ပမတ္တော အာတာပီ ပဟိတတ္တော-ဟူသော ယောဂီတို့၏ နိဗ္ဗာန်မဂ်ဖိုလ် ရနိုင် ကြောင်း ဝိပဿနာအားထုတ်ရာ၌ ပေါက်မြောက်လွယ်ကူ နိုင်သော အကြောင်း သုံးပါးကို ထင်ရှား ဖော်ပြ၍ ရှင်တော် ဘုရားက ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

အပ္ပမတ္တော-ဆိုသည်မှာ အာရုံ ဖြစ်ပေါ် လာတိုင်း သတိမကင်းစေရဘူးလို့ ဆိုလိုတယ်၊ အကယ်၍ အာရုံတို့၌ သတိကင်း ဖြစ်နေပါလျှင် အဆင်းရူပါရုံ မြင်လျှင်လည်း နှစ်သက်စရာဆိုပါက လောဘ ကိလေသာတွေ ဒလဟော ယိုစီးကျလာနိုင်ပေကုန်၏၊ မနှစ်သက်စရာ အဆင်း အာရုံ ဆိုပါက ဒေါသ ကိလေသာတွေ၊ မာန ကိလေသာတွေ၊ ဣဿာမစ္ဆေရ ကိလေသာတွေ ဒလဟော ယိုစီး ကျလာ နိုင်၏။

အသံသဒ္ဒါရုံ အနံ့ ဂန္ဓာရုံ အရသာ ဟူသော ရသာရုံ အတွေ့အထိဟူသောဖောဋ္ဌဗ္ဗာရုံစိတ်ကူးယဉ်အာရုံဟူသော ဓမ္မာရုံများ တွေ့ဆုံ ကြုံကြိုက်လာပါကလည်း အထက်ပါ ရူပါရုံအတိုင်းပင် ကိလေသာအကုသိုလ် မကောင်းစုတ်ခြာ အယုတ်တမာတွေ သည်ကားဆိုလျှင် မြစ်ရေအလျဉ် ပမာ တသွင်သွင် ယိုစီးနိုင်ပေကုန်၏၊ ဤသို့အားဖြင့် ကိလေသာ တွေသည် အာရုံခြောက်ပါး၌ မယိုမစီးနိုင်အောင် ဝိတ်ပင်

တားဆီးနိုင်ကြောင်း ဖြစ်သော ကောင်းမြတ်သော သတိ ရှိထားရပေမည်၊ ထို့ကြောင့် သတိသည် ရန်သူတွေကို အတွင်းသို့ မဝင်နိုင်အောင် တားမြစ် ဆီးတား ထားရာ တံတိုင်းကြီးသဘွယ်၊ တံခါးရွက်ကြီး သဘွယ် ဖြစ်ပေ၏။ သတိ၏ ကိလေသာ တားမြစ်မှုလုပ် ဆောင်ရွက်နိုင်ရန် အာတာပီဆိုတဲ့ ဝီရိယပြည့်စုံထားရမည်၊ အာတာပီဆိုတာ သာမည ဂုဏ်ပုဒ် မဟုတ်ပေ၊ တကယ်ပင် အားထုတ်နေ သော ယောဂီမျိုးကို အာတာပီဟူ၍ ချီးကျူး ပြောဆိုအပ် သောစကားမျိုး ဖြစ်သည်၊ အာတာပီ ဟူသော ပုဒ်ကို အနည်းငယ် ရှင်းချက်ထုတ်ရသော် အာဘုသော တပေါ် အဿ အတ္ထိတိ အာတာပီဟူ၍ တဒ္ဓိတ်ဝိဂ္ဂဟပြုလုပ် ကျင်းပ ရပေမည်။ အာတာပီပုဒ်၌ အာ-တခု၊ တပ-တခု၊ ဤပစ္စည်း တခု၊ သုံးခုပေါင်း၍ အနက်မှန် ဖော်ထုတ် လိုက်သော်— အာ-က လွန်စွာဟူသော အနက်ကိုဟော၍၊ တပ-ဟူသော ပုဒ်က ကိလေသာကို ချောက်ချားအောင် ပူလောင်စေခြင်း အနက်ကို ဟော၏၊ ဤ-ပစ္စည်းကားဆိုလျှင်—

ဗဟုတ္တေစ ပသံသာယံ၊
နိန္ဒာယဉ္စာ တိဿယနေ။
နိစ္စယောဂေစ သံသဂ္ဂေ၊
ဟောန္တိ မေ မန္တု အာဒယော။

ဖွင့်ဆိုသော ရူပသိဒ္ဓိ သဒ္ဒါကျမ်းလာ အနက်ခြောက်ဖြာ တွင် နိစ္စယောဂ အနက်ကို အာတာပီ၌ ဤပစ္စည်းက ဟောသည်ဟု ယူရမည်၊ ဤသို့ယူပါက ထိုထို သမာဓိအာရုံ ဝိပဿနာအာရုံတို့၌ သတိမကင်းကွာဘဲ သတိအမြဲယှဉ်ခါ

ပွားများ နေထိုင်လေ့ရှိသော ကလျာဏ ပုထုဇဉ် ယောဂီ သူတော်စင်မှစ၍ သေက္ခစာရင်းဝင် ပုဂ္ဂိုလ်အားလုံး တို့ပင် အာတာပီ ပုဒ်က ဟောပေသည်၊ အာတာပီ ပုဒ်သည် ယောဂီ ဟူသောပုဒ်နှင့် ထူးထွေကွဲပြား ခြားနားသော အနက်အဓိပ္ပါယ်မရှိ အတူပင်ဖြစ်သည်ဟု မှတ်သားရမည်၊ ယောဂီပုဒ်ကို ယုဉ္ဇတိ သီလေနာတိ ယောဂီ၊ ယောဂေါ အဿ အတ္ထီတိဝါ ယောဂီဟု ဝိဂ္ဂြိုဟ်ဝစနတ် ကျင်းအပ်၏။

ယောဂီ ပုဂ္ဂိုလ်သည် တရားအားထုတ်တော့ မည်ဟု ကြံစည်စိတ်ကူးမိသည့် အချိန်မှစ၍ တခြားကိုရည်ရွယ်ချက် မထားရဘဲ အရိယာ ပုဂ္ဂိုလ်တို့သည် မျက်မှောက် ပြု၍ သိမြင်အပ်သော နိဗ္ဗာန်သို့ ညွတ်ကိုင်း စိတ်ထား လိုလား သောသဘောတရား ရှိနေစေရန် ပဟိတတ္တဟူသောပုဒ်ဖြင့် ဘုရားရှင်က သိစေပေသည်၊ သို့ဖြစ်၍ တရား အားထုတ် သောယောဂီပုဂ္ဂိုလ်သည် အပ္ပမတ္တ အာတာပီ ပဟိတတ္တ ဟူကုန်သော သတိဝီရိယ ကောင်းမြတ်သော ရည်ရွယ်ချက် ပစ္စုပ္ပန် အကြောင်းတရားတို့ဖြင့် ပြည့်စုံလုံ လောက်ပါက အတိတ်အကြောင်းနှင့် ပေါင်းဆုံလိုက်သောအခါ ဤဘဝ ဤသာသနာ၌ အရိယာစခန်းသို့ တက်လှမ်းပေါက်ရောက် လာနိုင် ပေသည်၊ ဤပါဠိတော်ကြီး၌ နေယျ ပုဂ္ဂိုလ် ဝိပဿနာ ယာနိကကို ရည်ရွယ်၍ အကြောင်းသုံးပါးသာ ဟောပြ ညွှန်ကြားတော်မူပေသည်။

အခြား ပါဠိတော်ကြီးတို့၌ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော-ဟု အကြောင်း လေးပါး

ပြ၍ သမထယာနိက ပုဂ္ဂိုလ်ကို ရည်ရွယ်၍ ဟောကြားတော်မူဟန်ရှိပေသည်။

ဤသို့အားဖြင့် ဥပုသ်နေ့၌ သဗ္ဗညုဘုရား မင်္ဂပေါက်ဖိုလ်ဝင် ဟောကြားအပ်သော ဥပုသ်နေ့ တရားတော်ကြီးသည် အပြီးအဆုံးသို့ ရောက်ပေပြီ၊ ယနေ့သည်ကား ဆိုလျှင် ဥပုသ်နေ့ ဖြစ်သည့်အားလျော်စွာ ဥပုသ်သီလ ကျင့်သုံးဆောက်တည်ရခြင်း၏ ကောင်းကျိုးတရား ဖြစ်ပေါ်ပုံကို ထေရီ အပဒါန် ပါဠိတော်ကြီးမှ ထုတ်နုတ်၍ ဆက်လက်ဟောပြ ရပေလိမ့်မည်။

## ဥပုသ်သီလအကျိုးပြ

လွန်လေပြီးသော ကိုးဆဲ့ တကမ္ဘာထက်၌ ဗန္ဓုမတီပြည်ကြီးဝယ် ဗန္ဓုမာမင်းတရားကြီးစိုးအုပ်၍နေစဉ်လောကသုံးပါး၌ ဝိပဿီ ရှင်တော်မြတ်ဘုရား ထင်ရှားပွင့်တော်မူပေသည်။

တနေ့သော ဥပုသ်နေ့အခါမှာ ဗန္ဓုမာမင်းကြီးသည် ဝိပဿီရှင်တော် မြတ်ဘုရား၏ ကျောင်းတော်သို့ ခြွေရံပရိသတ်နှင့်တကွ သွားရောက်၍ ရှစ်ပါးသီလ ဥပုသ်ကို ရိုသေစွာ ဆောက်တည်ကြကုန်၏။ ထိုအခါ ဗန္ဓုမတီပြည်တွင်း၌ တယောက်သော သူဌေး၏ အိမ်မှာ အမှုကိစ္စကြီးငယ်ကို ရွက်ဆောင်နေရသော ကျွန်မတယောက်သည် ဗန္ဓုမာမင်းကြီး၏ ဥပုသ်စောင့်ဒါကို တွေ့မြင်တော့ ကြံစည်တွေးတော စိတ်ကူးပေါက်မိသတဲ့။

ဤဗန္ဓုမာ မင်းကြီးသည်မိမိမှာ ပြည့်စုံနေသော အာရုံခြောက်ပါး ကာမဂုဏ်ငါးပါးဆိုတဲ့ မင်းစည်းစိမ်တွေကို

ဤနေ့ဤရက်မှာစွန့်ခွါ၍ မြဲမြဲစွာကျင့်သုံးပြီးတော့ ဥပုသ်စောင့်တယ်ဆိုဒါ မင်းစည်းစိမ်ထက် အထက်တန်းကျပြီးတော့ မြတ်လှသော ရှစ်ပါးသီလကို စောင့်ခြင်းဖြစ်ပေလိမ့်မည်၊ အကယ်၍သော မင်းစည်းစိမ်အောက် အကျိုးဆုတ်ယုတ်လျော့နေမည်လိုပါလျှင် ဥပုသ်သီလကို ကျင့်သုံးဆောက်တည်မည်မဟုတ်ချေ။

ငါတို့သည်ကားဆိုလျှင် ဤဘဝ၌ ဆင်းရဲလှ ပေသည်အကျိုးပေး ကောင်းမွန်နိုင်တဲ့ ဥပုသ်သီလများကို တနေ့တရက် မျှလောက်ပင် မစောင့်ထိန်း နိုင်ပါက မိမိမှာအားထားစရာ မရှိသည်အတွက် ယခုလက်ရှိ ဘဝထက်နိမ့်ကျသော အပါယ်ဘဝသို့သော အကြိမ်များစွာကျရောက်ခံစား၍ ဒုက္ခဆင်းရဲ အမျိုးမျိုးနှင့် တွေ့ကြုံရင်ဆိုင်ဘွယ်ရာသာရှိပေသည်၊ယခုဘဝ၌လည်း ငါးဖြာအာရုံကာမဂုဏ်ကိုတင့်တယ်စွာ ခံစားနိုင်သော အခြေအနေ မရှိပါချေ၊ သို့ဖြစ်ပါ၍ ယနေ့တော့ဖြင့် ကျောင်းတော်သို့သွားပြီးလျှင် ဥပုသ်သီလခံယူ၍ အိမ်မှုကိစ္စတွေကို ပြုလုပ်ဆောင်ရွက်ရင်းပင် သီလမပျက်အောင် ထိန်းသိမ်း စောင့်ရှောက်၍ကောင်းစွာနေထိုင်ခဲ့ပေသည်။

ဤသို့အားဖြင့် တနေ့ တရက်မှာ စိတ်ပါ လက်ပါကောင်းမွန်စွာ ဆောက်တည်ခဲ့ဘူးတဲ့ ရှစ်ပါးသီလဥပုသ်ကံစေတနာကြောင့် လူ့ပြည် နတ်ပြည်မှာ ဆင်းရဲဟူသမျှမသိရလောက်အောင် မပြည့်စုံဒါဟူ၍မရှိဘဲ ချမ်းသာမှုမျိုးစုံစည်းစိမ်မျိုးစုံအဖုံဖုံနှင့် အမြဲပင်တွေ့ကြုံ၍ လူမိဖုယားနတ်မိဖုယား အဖြစ်နှင့်သာ ဘဝတိုင်း တွေ့ကြုံ ပြည့်စုံခဲ့

ပေသည်။ နောက်ဆုံးဖြစ်သော ဤလူ့ဘဝရောက်လာသော အခါ သူဌေးသမီးဖြစ်၍ ဘုရားရှင် သာသနာတော်မှာ အလွန်ထင်ရှားတဲ့ ကျေပေါ်သထေအမည်ရှိတဲ့ ဘိက္ခုနီမကြီး ဖြစ်ရလေပြီ၊ ထို့ကြောင့် ထေရီအပဒါန် ပါဠိတော်ကြီး၌—

ဇာတိယာ သတ္တဝဿာဟံ၊ ပဗ္ဗဇိံ အနာဂါရိယံ။
အခုမာသေ အသမ္ပတ္တေ၊ အရဟတ္တ မပါပုဏိံ။

ဟု-လာရှိပေသည်။

အဟံ၊ ကျေပေါ်သထေအမည်ရှိသောငါသည်။ ဇာတိယာ၊ မွေးဖွားပြီးသော အချိန် အခါ ကာလမှ။ သတ္တဝဿာ၊ ခုနစ်နှစ်အရွယ်ရှိသည်ရှိသော်။ အနာဂါရိယံ၊ ဘိက္ခုနီမတို့၏ နေရာကျောင်းတိုက်၌။ ပဗ္ဗဇိံ၊ ရှင်သာမဏေမ ပြုရလေပြီ။ အခုမာသေ၊ တလ၏ထက်ဝက် ဆဲ့ငါးရက်သည်။ အသမ္ပတ္တေ၊ မရောက်မီ။ အရဟတ္တံ၊ သတ္တဝါ တွေကို အယုတ်တမာ စုတ်ခြာအောင်ပြုလုပ်နိုင်တဲ့။ ဝါ၊ ပြုလုပ်နေတဲ့ ကိလေသာ အာသဝေါတရားတွေကို မြူမျှမကျန် တွန်းလှန်ဖျက်ဆီးရာဖြစ်သောအရဟတ္တဖိုလ်ကို။အပါပုဏိံ၊ တနေ့တရက်အတွင်း တကြိမ်တခါ ရှစ်ပါးသီလကို မကျိုးမပေါက်အောင် စောင့်ရှောက်လာခဲ့သော သီလကုသိုလ်စေတနာကြောင့် လောကီ လောကုတ္တရာ စည်းစိမ်မျိုးစုံ အဖုံဖုံကို ဘဝဘိုင်း ဘဝတိုင်း တွေ့ဆုံကြုံကြိုက် အရဟတ္တဖိုလ်ဘိုင်အောင် ဆိုက်ရောက်လာပေတော့သတည်း။

ဤပြဆိုခဲ့ပြီးသော ရှင်တော်မြတ်ဘုရား၏ စကားတော်မြတ်အတိုင်း အလွန်တရာမှ ဝမ်းမြောက်စွာဖြင့် ဥပုသ်

သီလများကို နေ့,ရက်,လ,မပျက်စေဘဲ စောင့်ရှောက်ဘို့ရန် အလွန်သင်ကောင်းပေတယ်၊ ဥပုသ်သီလ အကြောင်းခံ၍ မဂ်ဖိုလ်ဝင်စံနိုင်ပုံကိုလည်း အဋ္ဌကထာရပါဠိတော်ကိုမိတ္တိယ သုတ်၌ ရှင်တော်မြတ်ဘုရား ဟောကြားတော် မူတိုင်း ဆက်လက်ဟောပြရပေဦးမည်။

## ဥပုသ်သီလကြောင့် သမာဓိပညာ အစဉ်အတိုင်းဖြစ်လာပုံ

ဥပုသ်သည် များသည် မိမိတို့ခံယူ ဆောက်တည်ထား သော ဥပုသ်သီလကို ခံယူသည့် အချိန်အခါမှစ၍ မကျိုး မပေါက် မပျက်စီး ခဲ့သော သီလများကို အာရုံပြု၍ ဝမ်းမြောက်ကြည်နူး နှစ်သက် မြတ်နိုးသော စိတ်အထူး ဖြစ်ပေါ်နေရမယ်၊ ညနေပိုင်းညပိုင်း မိမိတို့သည် မြတ်နိုး နှစ်သက် အပ်သော တချိန်ချိန်မှာ လူသူ ပါးဆိတ်ငြိမ် စွာသောနေရာဌာနသို့ ချဉ်းကပ်ပြီးလျှင် ဥပုသ်သီလခံယူ ထားသောအချိန်အခါကစ၍ယခုဆင်ခြင်အောက်မေ့သော အချိန်အခါ တိုင်အောင် ငါတော့ဖြင့် ယခုအခါရောက် အောင်ပင် သီလကျိုးပျက် ပြောက်ကျားသည် ဟူ၍မရှိ ငါ၏စောင့်ရှောက်လာသော ဘုရားရှင်ဆုံးမ ထားသော ရှစ်ပါးဥပုသ်သီလသည် မပျက်စီးသည်အတွက် အထူးပင် ဝမ်းမြောက် ကြည်နူးစရာပါလားဟု သီလဂုဏ်ကို အာရုံ ပြု၍ စိတ်အထူးကြည်လင်ရပေမည်။

စိတ်ကြည်လင်ပါက ဝမ်းမြောက်ခြင်းဆိုတဲ့ ပါမောဇ္ဇ သဘောတရားတွေက တဖွားဖွား ဖြစ်ပေါ်လာတော့၏။ ဝမ်းသာ ဝမ်းမြောက်မှု အရှိန်အဝါ ကြီးမား လာပါက

အောက်ပါ နှစ်သက်မြတ်နိုးတတ်သော ပီတိသဘောတရားများသည် ဒီရေလှိုင်းပမာ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာပေနိုင်တော့၏။ ဘယ်ပုံ ဖြစ်ပေါ် လာသနည်း ဆိုပါလျှင် အနည်းငယ် နှစ်သက်ခြင်းဆိုတဲ့ ခုဒ္ဒကာပီတိ၊ ထိုထက် နှစ်သက်မှု အားကောင်းသောခဏိကာပီတိ၊ထိုထက် အားကောင်းလာသော ဩက္ကန္တိကာပီတိ၊ ထိုထက် အားပြည့်အားကောင်းစွာ ဖြစ်လာသော ဥဗ္ဗေဂါပီတိ၊ ထိုထက်ပင် အချိန်ကြာမြင့်စွာ ဖြစ်လာသော အာရုံအားလျော်စွာပင် အဆင့်ဆင့်အားရှိအားမဲ့ အနုအရင့်အားဖြင့် သတ္တဝါတို့၏ စိတ်အစဉ်မှာ အမှန်မုချပေါ်လာရပေသည်။

ထို့ကြောင့် အဘိဓမ္မာပိဋကတ်၌ ကျွမ်းကျင် လိမ်မာကြတဲ့ ရှေးဆရာတော်ဘုရားကြီးများက အောက်ပါလင်္ကာဆောင်ပုဒ်ကလေးများကို ဖွဲ့ဆိုထားကြပေကုန်၏။

၁။ မွေးညှင်းထခါ၊ ပီတိမှာ၊ ခုဒ္ဒကာဟုမှတ်။
၂။ လျှပ်စီးပြက်ခါ၊ ပီတိမှာ၊ ခဏိကာဟုမှတ်။
၃။ လှိုင်းတံပိုးရှိ၊ မြတ်ပီတိ၊ ဩက္ကန္တိဟုမှတ်။
၄။ ပျံတက်အာကာ၊ ပီတိမှာ၊ ဥဗ္ဗေဂါဟုမှတ်။
၅။ ဆီထိအိခါ၊ ပီတိမှာ၊ ဖရဏာဟုမှတ်။

မိမိတို့၏ မကျိုးမပေါက်အောင် ကောင်းစွာ ဆောက်တည်ထားတဲ့ ရှစ်ပါး သီလကို အောက်မေ့ ဆင်ခြင်လိုက်သောအခါမျိုးမှာ အလွန်အားရ ကျေနပ်နေတဲ့ စိတ်အစဉ်များသည် တဖွားဖွားဖြစ်ပေါ်၍သာနေပြီး နောက် ကိုယ်ငြိမ်းချမ်းခြင်း စိတ်ငြိမ်းချမ်းခြင်းဆိုတဲ့ ပဿဒ္ဓိသဘော တရားများ တဖွားဖွားဖြစ်ပြီးနောက်သီလအာရုံအကြောင်း

ခံ၍ ချမ်းသာခံစားတဲ့ သုခဝေဒနာ ဖြစ်ပေါ်လာပြီးလျှင် မိမိ၏ မကျိုး မပေါက်အောင် စောင့်ရှောက် နိုင်တဲ့ ဝမ်းမြောက်စရာ သီလဂုဏ်ပေါ်၌ တည်ကြည်စွာ ဖြစ်ပေါ် လာသော ကေဂ္ဂတာ သမာဓိဟူသော ခေတ်ထူး ခေတ် မြတ်သည် ကိန်းဝပ် ရပ်တည်နေမှုကြောင့် အသိအမြင် အထူးဟူသော ယထာဘူတ ဉာဏ်မှန်တက်၍ မဂ်သို့ပင် ဆိုက်ရောက်လာနိုင်ပေတော့သည်။

ဤနေရာ၌ သီလကိုအာရုံပြု၍ သမာဓိတရား ဖြစ်ပေါ် လာတယ်ဆိုဒါ ပရိကမ္မ သမာဓိလား ဥပစာရသမာဓိ လား အပ္ပနာသမာဓိလားဟုဆင်ခြင်ပေလိမ့်မည်၊အမှန်မှာ မဂ်ဝင်နိုင်တယ်ဆိုဒါ ဝိပဿနာယာနိက ယောဂီဖြစ်လျှင် ခဏိက သမာဓိကနေ၍ မဂ်ဝင် သွားသော်လည်း ဤ၌ ပါသော ခဏိကသမာဓိသည် ဥပစာရချာန် သမာဓိနှင့် ညီမျှသော ခဏိကသမာဓိဖြစ်ပေ၍ ဥပစာရချာန သမာဓိ ဟူပင် မှတ်ရပေမည်၊ ဥပစာရချာနသမာဓိ ပြည့်စုံရရှိမှ သာလျှင် ချာန်မဂ်ဖိုလ်ဟူသော လောကီ လောကုတ္တရာ ချမ်းသာ သမ္ပတ္တိအမျိုးမျိုး ပြည့်စုံ တိုးပွား လာနိုင်ပေပေါ် လားဟု သေချာစွာမှတ်သားရမည်။

ထို့ကြောင့် အဂ်ုတ္တိုရ်ငှိကာကြီး၌-

နဟိ နိဗ္ဗာနကာနံ သဗ္ဗပ္ပကာရသမ္ပတ္တိ ဇာဗ္ဗတီတိ ဝဒန္တိ။

ဟု-ဖွင့်ဆိုထားပေသည်။

နိဗ္ဗာနကာနံ၊ ဥပစာရသမာဓိချာန် အပ္ပနာသမာဓိ ချာန်ကင်းကုန်သော ယောဂီပုဂ္ဂိုလ်တို့အား။ သဗ္ဗပ္ပကာရ

သမ္ဗုတ္တိ၊ အလုံးစုံထူးထွေ ဆန်းပြား သမ္ဗုတ္တိဆိုတဲ့ လောကီလောကုတ္တရာ ပြည့်စုံရန်တရားများသည်။ နဇ္ဇုဇ္ဇုတိ၊ ပြည့်စုံမလာနိုင်ပေ။ ဝါ၊ တိုးတက် ကြီးပွား မလာနိုင်ပေကုန်။ ဇုတိ၊ ဤသို့အားဖြင့်။ ဝဒန္တိ၊ အယူမကွဲပြား တညီတညွတ်တည်း ဖွင့်ဆိုရေးသားကြကုန်၏။

အဲဒီလိုဖွင့်ဆိုရေးသားကြတဲ့ အဋ္ဌကထာဋီကာဆရာကြီးများ၏စကားအရ ခဏိကသမာဓိဖြစ်စေ အပ္ပနာသမာဓိဖြစ်စေ ရရှိပေါက်ရောက်အောင် ကြိုးစားအားထုတ်ပါကရှေးဦးစွာ နိဝရဏကင်းကွာ၍ ယထာဘူတဉာဏ်သို့ တက်ရောက်လာပြီးလျှင် တဒင်္ဂအားဖြင့် ကိလေသာ များကိုပယ်ရှားနိုင်၍ ရုပ်နာမ်ဖြစ်ပျက်ကို ငြီးငွေ့စက်ဆုပ်သောနိဗ္ဗိန္ဒဉာဏ် သက်ရောက်ပြီးလျှင် ဝိရာဂဆိုတဲ့ မဂ်ဉာဏ်ဝင်ရောက်၍ ဆိုင်ရာအနုသယ ကိလေသာများကို အကြွင်းမထား နောင်တဖန်ပေါ်မလာသောအားဖြင့် ပယ်ရှားနိုင်ကြပေကုန်၏။

ဤသို့လျှင်မိမိတို့ဆောက်တည်သောသီလကိုအကြောင်းခံ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုင်အောင် ဟောပြောပြသအပ်သော တရားဒေသနာတော်ကို ရှိသေစွာနာကြားရမှုမဂ္ဂသဝနကောင်းမှု အစုစုကြောင့် ဆင်းရဲမှုကင်းကွာရာနိဗ္ဗာန် ချမ်းသာသို့ လွယ်သော အကျင့် လျင်မြန်သောအသိဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်စေကုန်သတည်း။

## ဥပုသ်သီလတရားတော်

လောက၌ လူမှုရေးရာ ကိစ္စများကို ဆောင်ရွက်တဲ့နေရာမှာ ရည်ရွယ်ချက်ရှိရသလို ဘာသာရေးကိစ္စများကို

ဆောင်ရွက်ရာ၌လည်း လမ်းမှန်လမ်းဖြောင့် ရည်ရွယ်ချက် အထက်တန်းကျသော ရည်ရွယ်ချက် ရှိရပေတယ်၊ (ဝါ) ရည်ရွယ်ချက် ကောင်းကောင်းနှင့် ပြုလုပ် ဆောင်ရွက် ကျင့်ကြံအားထုတ်ရပေကုန်သည်။

ထင်ရှားစေပါဦးအံ့ ရည်ရွယ်ချက် မရှိသောသူသည် တုံးတိုက်တိုက် ကမ်းတိုက်တိုက် ဆိုသလို ဘယ်ရောက် ရောက် ကမောက်ကမ လျှော်ချင်ရာလျှော်ခတ် ရောက် ချင်ရာရောက်တော့ဆိုသော သဘောထားနှင့် မောင်းနှင် လာသောလှေသမား သဘော်မာလိန်မှူးများနှင့် တူပေ၏။ ဤကဲ့သို့ရည်ရွယ်ချက်မရှိသောသူသည် အကြောင်းကာရန် သင့်သော်သာ ဆိပ်ကမ်း တခုခုသို့ရောက်ချင်လျှင် ရောက် လာပေလိမ့်မည်၊ မရောက်ပါဘဲနှင့် ရေတွင် နစ်မြုပ် ပျက်စီးချင်လည်း ပျက်စီး သွားပေလိမ့်မည်၊ အကြောင်း ကတော့ရည်ရွယ်ချက်မရှိဘဲ ထင်ရာပြုလုပ်နေသောကြောင့် ဖြစ်ပေတယ်။

ထို့ကြောင့် ငါ့မြင်း ငါစိုင်း စစ်ကိုင်း ရောက်ရောက် ဆိုသလိုထင်ရာမပြုကြဘဲ လူမှုရေးကိစ္စများ၌ ရည်ရွယ်ချက် လည်းထားရတယ်။

စည်းကမ်းလည်းရှိရတယ်။
လုပ်နည်းလုပ်ဟန်လည်းကောင်းရတယ်။
ပေါင်းသင်းကူညီမှုလည်းရှိရတယ်။
အခြေခံပညာ အသိတရားလည်း ရှိရပေတယ်။

ဤသို့စသော အကြောင်းတရားတွေ ပြည့်စုံလုံလောက် နေပါက မိမိတို့၏ဆိုင်ရာ လူမှုရေးရာ လုပ်ငန်းများသည်

တနေ့တခြား တိုးပွား လာပြီးလျှင် စည်းစိမ် ချမ်းသာရှင် အတတ်ပညာရှင် ခြွေရံသင်းပင်း ဂုဏ်သရေများ တိုးပွား၍ ကိုယ်စိတ်နှစ်ပါးချမ်းသာလာနိုင်ပေကုန်သည်၊ ဤအတူပင် ဘာသာရေး၌လည်း တကယ်အားထား လောက်သော ပြောင်မြောက်လှသော ရည်ရွယ်ချက်ရှိ၍ ကြိုးစားအား ထုတ်ပါက မိမိတို့တောင့်တသည့်အတိုင်းသာ ပြည့်စုံလာ နိုင်ပေတယ်။

ဤသို့ တောင့်တမှု မျိုးသည် မှန်သော တောင့်တမှု၊ မှားသောတောင့်တမှု၊ အောက်တန်းကျသောတောင့်တမှု၊ အကက်တန်းကျသော တောင့်တမှုဟု လေးမျိုး လေးစား ရှိပေသည်။

၁။ ဤသာသနာတော် တွင်း၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို တောင့်တ ခြင်းသည် မှန်သော တောင့်တခြင်း မည်၏။

၂။ လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်, နဂါးပြည်, ဂဠုန် ပြည်ကိုတောင့်တ၍ ကုသိုလ်မျိုး ပြုလုပ်ခြင်းသည် မှားသော တောင့်တခြင်းမည်၏။

နဂါးပြည် ကောင်းကြောင်း ချီးမွမ်း ဟောကြားသော ရသေ့ဆရာ၏စကားကြောင့် အမှားချွတ်ချော် ဆုတောင်းပုံ ရည်ရွယ်ပုံ မလျော်တာကြောင့် နဂါးဖြစ်နေခြင်းကဲ့သို့ပင် ဖြစ်ပေ၏။

ဗုဒ္ဓသာသနာတော် ထင်ရှား ရှိနေတဲ့ အချိန် အခါ တွင်းမှာ ဤကဲ့သို့ မှားသော ရည်ရွယ်ချက်မျိုး မှားသော

တောင့်တမှုမျိုး၊ အောက်တန်းကျသော ရည်ရွယ်ချက်မျိုး၊ အောက်တန်းကျသော တောင့်တမှုမျိုး မဖြစ်စေ သင့်ပေ၊ အထက်တန်းကျသော တောင့်တမှုမျိုး၊ အထက်တန်းကျသောရည်ရွယ်မှု မျိုးဖြင့် ပြုလုပ် ဆောင်ရွက်သင့်ပေသည်၊ မှားသော ရည်ရွယ်ချက် တောင့်တချက်မျိုး မဖြစ်စေ သင့်ပေ၊ ရှင်တော် မြတ်ဘုရား၏ လက်ထက် တော်က သာဝတ္ထိပြည်ဝယ် ဥပုသ်နေ့၌ အမျိုးသမီး ကြီးငယ် ငါးရာတို့သည် ဇေတဝန် ကျောင်းတော်သို့ သွားကြပေ ကုန်၏၊ ဝိသာခါ ကျောင်းအမကြီးသည် အမျိုးသမီး ငါးရာတို့၏ အထံသို့ အသီးအသီး ချဉ်းကပ်၍ ရည်ရွယ်ချက်ကိုမေးမြန်း ပေသည်၊ အကြီး အငယ် အလတ် ဟူသော အိမ်ထောင်သည်အရွယ် အမျိုးသမီးကြီးသုံးစားနှင့် အပျိုအရွယ် အမျိုးသမီးငယ်များရှိရာတွင် အကြီးဆုံးအမျိုးသမီးထံ ချဉ်းကပ်၍ ဘယ်အတွက် ဥပုသ် စောင့်တယ်။ ဘယ် ရည် ရွယ် ၍ ဘာအကျိုးကိုမှန်းဆပြီးတော့ ဥပုသ်စောင့်တယ် ဆိုတာကို မေးမြန်းစုံစမ်းပေ၏။

၁။ ထိုအခါ ဝိသာခါ၏ အမိသဘွယ် အရွယ်ကြီးမား အမျိုး သမီးကြီးများက နတ်စည်းစိမ် ချမ်းသာ များကို လိုလားတောင့်တ၍ ဥပုသ် ဆောက်တည် နေကြောင်းကို ပြောင့်စင်းစွာ ပြောကြားပေ၏။

၂။ ထို့နောက်တဖန် အရွယ်အလတ်စား အိမ်ထောင်သည်အမျိုးသမီးများကို မေးပြန်သော် မိမိသဘောမတူတဲ့ ရန်သူမိန်းမမှ ကင်းဝေးရအောင် ဥပုသ်စောင့်ပါကြောင်း ပြောကြားပေတယ်။

၃။ အိုးအိမ် ထူထောင်ခါစ အရွယ် အမျိုးသမီးငယ်များကို ချဉ်းကပ် မေးမြန်းခဲ့သော် လိမ်မာသော သားယောကျ်ားကလေး ရစိမ့်သောငှာ ဥပုသ်စောင့်ကြောင်းကို မကွယ်မထောင့် ဖြောင့်ဖြောင့်ပင် ပြောဆိုပေတယ်။

၄။ ထို့နောက် တဖန် အပျိုအရွယ် သတို့ သမီးငယ်များကို မေးမြန်းခဲ့သော် အချိန်အရွယ် မကျော် လွန်တဲ့ ငယ်ရွယ်နုပျိုစဉ်သာလျှင် အိမ်ထောင်ကျ၍ အပျိုကြီးဘဝမှ ဝေးပါရစေသားဟု မှန်ရာကိုဖြေကြားကြပေ၏။

အထက်ပါ ရည်ရွယ်ချက်မျိုးသည် ဗုဒ္ဓဘုရား၏ တပည့်သာဝက ဖြစ်နေချိန်မှာ အောက်တန်းကျလှ၍ အမှန်ပင် မရည်ရွယ်ထိုက်ပါ ပေကုန်၊ အထက်တန်းကျ၍ မြင့်မြတ်သောရည်ရွယ်ချက်မျိုးသာ ဘုရားရှင်၏ အလိုတော်အတိုင်း ဖြစ်ပေသည်။

## မြင့်မြတ်မှန်ကန်သော ရည်ရွယ်ချက်

ဘုရားရှင် နှစ်သက်သော တောင့်တဘွယ်ရာ များမှာ ဆိုလျှင်–

၁။ သမ္မာသမ္ဗောဓိ ရည်ရွယ်ချက်။
၂။ ပစ္စေကဗုဒ္ဓါ ရည်ရွယ်ချက်။
၃။ အဂ္ဂသာဝက ရည်ရွယ်ချက်။
၄။ မဟာသာဝက ရည်ရွယ်ချက်။
၅။ ပကတိ သာဝက ရည်ရွယ်ချက်။

ဟု ငါးမျိုးငါးစား ရှိပေကုန်သည်၊ အမှန်မုချ အများအကျိုး သယ်ပိုး ရွက်ဆောင်လိုသော သူများသည် ငရဲ

ရောက်လည်း မကြော်ကြား နတ်ပြည် ရောက်လည်း ဝမ်းမမြောက်တဲ့ အများ၏အားကိုးရာဖြစ်တဲ့ မိမိတို့ဆိုင်ရာ အသိဉာဏ်များကိုသာ မိမိသန္တာန်မှာသာ ပြည့်စုံ လာရန်ကို အဓိကထား၍ ပါရမီအမျိုးမျိုးကို ဖြည့်ဆည်းကြပေသည်၊ သံသရာ ဝဋ်ဒုက္ခကြီးထဲမှာ သွားဝံ့ လာဝံ့သူများ ဖြစ်၍ အလွန်ပင် သတ္တိကောင်းသော သူများဟု ဆိုရပေလိမ့်မည်၊ တနေ့တရက် ဆင်းရဲမဟုတ်ပါဘဲ ကမ္ဘာချီ ခံရသော ဆင်းရဲများ ဖြစ်ပေသည်။

သမ္မာသမ္ဗောဓိ ဘုရားကြီး ဆိုပါက သင်္ချေ နှစ်ဆယ် ပါရမီကို ဖြည့်ရပေသည်၊ ပစ္စေကဗုဒ္ဓါဆိုပါက နှစ်သင်္ချေ ကမ္ဘာတသိန်း ဖြည့်ရပေတယ်၊ အဂ္ဂသာဝက ဆိုပါက တသင်္ချေ ကမ္ဘာတသိန်း ဖြည့်ရပေတယ်၊ မဟာသာဝက ဆိုပါက ကမ္ဘာတသိန်း ပါရမီကို ဖြည့်ကြရ ပေတယ်။ ဤမျှလောက် ကြာညောင်းစွာ ဒုက္ခ ခံစားရမှုမျိုးကို ရဲဝံ့သောသူရသတ္တိ ပြည့်စုံသူများသာ မပျက်မကွက် ကမ္ဘာ ဇေ့အောင် ပါရမီးဖြည့်ဝံ့ပေသည်။

အချိမှာ ခေတ္တ လောက်သာ တင့်တယ်မှု မျိုးစုံတဲ့ သာယာ မက်မောဘွယ် အဖုံဖုံကို တဏှာ လောဘဇောကြောင့် ဟိုဆု ဒီဆု ပန်ဆင်ကြသော်လဲ တကဲ့တိုက်ပွဲရောက်တော့ တပ်ပျက် လန့်ကျလာ ဆိုသလို တခဏ ပန်ဆင်မှုမျိုးသာရှိ၍ ရေရှည်ကျတော့ ဖောက်ပြန်ပျက်စီး ကုန်တာကများပေတယ်၊ ပြဘွယ်ကိစ္စအားလုံးကုန်မှ အဓိပတိတပ်၍ ကြိုးစားနိုင်သူများသာ အထက်ပါ ဆုကြီးများကို ဆောင်ရွက်နိုင်ပေသည်။ သာမည လုံ့လစိတ်သဘောထား

မျိုးနှင့် ဤမျှ ကြီးကျယ်သော ပြဿနာကြီးများကို မဆောင်ရွက်နိုင်ကြပေကုန်။

ယခုအခါမှာဆိုလျှင် ပကတိ သာဝကခေါ်တဲ့ ကြိုးရာလိုက်၊ ကြိုးရာစီးဆိုတဲ့ လျှင်လျှင်မြန်မြန် နိဗ္ဗာန် စံဝင်ရတဲ့ ပကတိ သာဝက တောင့်တမှုမျိုး ဖြစ်တဲ့ ဣဒံ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု ဣဒံ မေ သီလံ ပကတိသာဝက ဉာဏဿ ပစ္စယော ဟောတု-ဟု တောင့်တပန်ဆင်ကြသည့် အပြင် သြကာသ လက်ာ စသည့်များ မှာလည်း ပကတိ သာဝကရည်ရွယ်ချက်မျိုးသာ ဖြစ်ပေသည်။

ဆုကြီးများကို ပန်ဆင်တောင့်တကြသူ ဆိုလျှင်–

ဣဒံ မေ ပုညံ သမ္မာသမ္ဗောဓိ ဉာဏဿ ပစ္စယော ဟောတု။

ဣဒံ မေ ပုညံ အဂ္ဂသာဝက ဉာဏဿ ပစ္စယော ဟောတု။

ဣဒံ မေ ပုညံ မဟာသာဝက ဉာဏဿ ပစ္စယော ဟောတု။

ဤကဲ့သို့ မိမိတို့သည် လိုလား မြတ်နိုးသော ဆုများကို တောင့်တ ပန်ဆင်ကုန်၏။

အရှင်ဘုရား သိမြင်အပ်သော တရားများကို သိမြင်နိုင်ပါစေသား—ဟု တောင့်တခြင်း မျိုးသည် အားလုံးနှင့် သက်ဆိုင်နေ၍ ဘာရည်ရွယ်တယ်ဟု မကွဲပြားနိုင် ပါချေ၊ သို့ဖြစ်၍ ကွဲပြားအောင် ဆုတောင်းရမည်၊ ရည်ရွယ်ရမည်၊

ယခုလို သာသနာတွင်းမှာ ဘဝတိုတိုနှင့် နိဗ္ဗာန်ကိုသာ တ,ကယ် လိုချင်တယ်ဆိုပါက–

သီဝံ ပဗ္ဗတ္တထ ဘိက္ခဝေ သီဝံ ပဗ္ဗတ္တတွာန ဒါနံ
ဒါတဗ္ဗံ သီလံ ရက္ခိတဗ္ဗံ ဘာဝနာ ဘာဝေတဗ္ဗာ။

ရှင်တော် မြတ်ဘုရား၏ စကားတော်အတိုင်း နိဗ္ဗာန်ကိုသာ တောင့်တ ပန်ဆင်၍ နိဗ္ဗာန်ကိုသာ ရည်မှန်း၍ ဒါန, သီလ, ဘာဝနာကို နေ့ညဥ့်မပျက် ကြိုးစား ဆောင်ရွက်ရာ၏။

ဘိက္ခဝေ၊ တရားလိုလား ယောဂီများတို့။ သီဝံ၊ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို။ တုမှေ၊ တရားလိုလား ယောဂီအများ တို့သည် ချမ်းသာအမှန် လိုလားသူတော်ကောင်း တကာ-တကာမ,များတို့သည်။ ပဗ္ဗတ္တထ၊ လိုလား တောင့်တကြ ကုန်လော့။ ပဗ္ဗတ္တတွာန၊ လိုလိုချင်ချင်တောင့်တ ပန်ဆင်ပြီး၍။ ဒါနံ၊ ပေးလှူအပ် ဆွမ်းမျိုးစုံ အဖုံဖုံကို။ ဒါတဗ္ဗံ၊ ယုံကြည်သမှု အကြောင်း ပြု၍ ပေးလှူအပ်၏။ သီလံ၊ ဆောက်တည် အပ်ဘွယ် ငါးပါး, ရှစ်ပါး, ဆယ်ပါးဆိုတဲ့သီလ အသွယ်သွယ်ကို။ ရက္ခိတဗ္ဗံ၊ မကျိုးမပေါက် မပြောက် မကျားအောင် ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက် ရာ၏။ ဘာဝနာ၊ ပွားများမှု သမာဓိ ပညာ ဘာဝနာကို။ ဘာဝေတဗ္ဗာ၊ အကြိမ်ကြိမ် အထပ်ထပ် စိတ်ဖြင့် ပွားများအပ်၏။

ဤကဲ့သို့ နိဗ္ဗာန်ရောက်ရန် ရရန် ရည်မှန်းချက်၊ ရည်ရွယ်ချက်ထား၍ ပြုလုပ်မှုမျိုးသည် သာသနာ တွင်း၌ လိုရင်းဖြစ်သော ရှင်တော်မြတ် ဘုရား၏ အလိုတော် အတိုင်း အထက်တန်းကျသော ပြုလုပ်ဆောင်ရွက်ခြင်း ဖြစ်ပေသည်။

ယနေ့ ဆောက်တည်ကြသော ဥပုသ်သီလ များသည်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် အထောက်အပံ့၊ နိဗ္ဗာန် ရရှိရန် အထောက်အပံ့ ဖြစ်ကြရလေအောင် အရိယာ ဥပုသ်သီလကို ကျင့်သုံးဆောက်တည်ကြရာသတည်း။

# (၅) ဥပုသ် သီလ တရားတော်ကြီး

အခါတပါး ရှင်တော်မြတ် ဘုရားသည် သာဝတ္ထိပြည်ဝယ် မိဂါရမာတာ ဝိသာခါ၏ ဆောက်လုပ် အပ်သော ကျောင်းပြာသာဒ်၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ မိဂါရမာတာ ဝိသာခါသည် ဥပုသ်နေ့၌ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ဝိသာခါကို မြတ်စွာဘုရားသည် ဝိသာခါ-နေမွန်းတည့်သော အခါကြီး၌ အဘယ်အရပ်မှ လာသနည်းဟု၊ မိန့်တော်မူ၏၊ အရှင်ဘုရား ယနေ့သည် ဥပုသ်နေ့ ဖြစ်ပါသည်၊ တပည့်တော် ဥပုသ် စောင့်ထိန်းပါ၏ဟု လျှောက်လေသည်။

ဝိသာခါ-ဥပုသ်တို့သည် သုံးမျိုးရှိကုန်၏။ နွားကျောင်းသားနှင့်တူသော ဥပုသ်၊ တက္ကဒ္ဓန်းနိဂဏ္ဌတို့၏ စောင့်ထိန်းသောဥပုသ်၊ အရိယာဥပုသ်ဟု သုံးစားရှိပေသည်။

ဝိသာခါ-နွားကျောင်းသား ဥပုသ်ဆိုတာ နွားကျောင်းသားများသည် ညနေအခါ နွားရှင်တို့အား နွားတို့ကို အပ်၍ ယနေ့နွားတို့သည် ဤအရပ် ဤအရပ်၌ နွားစာစားကြကုန်၏။ ဤအရပ် ဤအရပ်၌ ရေသောက်ကြကုန်၏။ နက်ဖြန်ခါ အတွက် နွားတို့သည် ဤအရပ် ဤအရပ်၌ ကျက်စားကုန်လတ့်၊ ဤအရပ် ဤအရပ်၌ ရေသောက်ကြကုန်လတ့်ဟု ဆင်ခြင်ကြကုန်သကဲ့သို့ အချို့သောဥပုသ်သည် သည်ယနေ့ငါသည် ဤမည် ဤမည်သော ခဲဘွယ်စားဘွယ်

ကိုခံစား၏၊ နက်ဖြန်ငါသည် ဤမည် ဤမည်သော ခံဘွယ် စားဘွယ်ကို ခံစားရလတံ့ဟု ဆင်ခြင်၏။ ဤဥပုသ်သည် သည်မက်မောခြင်း အဘိဇ္ဈာနှင့်တကွ ဖြစ်သော စိတ်ဖြင့် နေ့ကို ကုန်လွန်စေ၏၊ ဤကဲ့သို့ ကုန်လွန်စေ ခြင်းသည် နွားကျောင်းသားနှင့် တူသော ဥပုသ်ကို ကျင့်သုံးသည် မည်၏။

ဝိသာခါ ဤနွားကျောင်းသားနှင့်တူသော ဥပုသ်သီလ မျိုးသည် ကြီးမြတ်သော အကျိုးမရှိနိုင်၊ ကြီးမြတ်သော အာနိသင်မရှိနိုင်၊ အကျိုးတရား များစွာ မဖြစ်ထွန်းနိုင်၊ အကျိုးတရား နည်းပါးခြင်းသာဖြစ်စေ၏။

တက္ကဒွန်းဥပုသ်ဆိုတာ တက္ကဒွန်းရဟန်းတို့ မည်သည် ရှိကုန်၏၊ တက္ကဒွန်းတို့သည် ဥပုသ် သီလကို အပိုင်းအခြား ပြု၍ ဆောက်တည်ကြကုန်၏၊ ဥပမာ အရှေ့အရပ် ယူဇနာ တရာအပြင်ဘက်၌ သတ်ဖြတ်ခြင်းကို မပြုကြကုန်၊ ယူဇနာ တရာအတွင်း၌ သတ်ဖြတ်ကြကုန်၏၊ ဤသို့အားဖြင့် အချို့ ကုန်သော သတ္တဝါတို့ကို သနား စောင့်ရှောက် ခြင်းငှာ ဆောက်တည်ကြ ကုန်၏၊ အချို့သော သတ္တဝါ တို့ကို မသနားခြင်း မစောင့်ရှောက် ခြင်းငှာ ဆောက်တည်စေ ကုန်၏၊ အဒိန္နာဒါနံစသည်၌လည်း အတူပင် အပိုင်းအခြား ပြု၍ ရှောင်ကြဉ်ပေသည်၊ ဤသို့ ကျင့်သုံး အပ်သော တက္က ဒွန်းဥပုသ်သီလမျိုးသည် အကျိုးမများနိုင်ချေ။

ဝိသာခါ အရိယာဥပုသ်တို့သည်—

၁။ ဗြဟ္မဥပုသ်။

၂။ ဓမ္မဥပုသ်။

၃။ သံဃာဥပုသ်။
၄။ သီလဥပုသ်။
၅။ ဒေဝတာဥပုသ်။
၆။ အရိယာဥပုသ်။
ဟု ခြောက်မျိုး ပြားပေကုန်သည်။

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ အာဂန္တုကေဟိ ဥပက္ကိလိဋ္ဌံ။

ဘိက္ခဝေ၊ တရားလိုလား ယောဂီအများတို့။ ဣဒံစိတ္တံ၊ ဤပကတိ သဘောအတိုင်း နေသော စိတ်တရားသည်။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက်ဖြူစင်လှ၏။ ပရိသုဒ္ဓံ၊ ထက်ဝန်းကျင်မှ စင်ကြယ်၏။ အာဂန္တုကေဟိ၊ အခိုက် အတန့်ဖြစ်ပေါ် လာသော အကြောင်း တရား တို့ကြောင့်။ ဥပက္ကိလိဋ္ဌံ၊ ညစ်နွမ်းရပေ၏။

ဆိုလိုရင်းကတော့ စိတ်ဆိုဒါ မိမိသဘာဝ အတိုင်း ဖြူစင်နေပေ၏။ မကောင်းသော အပေါင်းအသင်းမိတ်ဆွေ အလား၊ မကောင်းသောအာရုံ၊ မကောင်းတဲ့ လောဘ ဒေါသများနှင့်ပေါင်းမိပါက ညစ်နွမ်းစုတ်ပဲ့၏။ ဤသို့ချေး အညစ်အကြေးတင်နေသောစိတ်မျိုးကို ဖြူစင်ရလေအောင် လုံ့လပြုသဖြင့် ဖြူစင်စေရမယ်။

ဖြူစင်အောင်ပြုလုပ်နည်းကို ငါဘုရားဟောကြားတော်မူမယ်၊ စိတ်ဆိုဒါ အာရုံကောင်းနှင့်ထား၍ ပြုပြင်ဆုံးမ ပေးလျှင်သာ စိတ်ဓာတ်သန့်ရှင်း၍ စိတ်တန်ခိုးကြီးမား အကျိုးများနိုင်ပေတယ်။

ထို့ကြောင့်ဧကေဂုတ္တရပါဠိတော်၌—

စိတ္တံ ဘိက္ခဝေ ဒန္တံ ဂုတ္တံ ရက္ခိတံ သံဝုတံ မဟာဖော အတ္ထာယ သံဝတ္တတိ၊ စိတ္တံ ဘိက္ခဝေ အဒန္တံ အဂုတ္တံ အရက္ခိတံ အသံဝုတံ မဟာဖော အနတ္ထာယ သံဝတ္တတိ။

ဘိက္ခဝေ၊ စိတ်ခွာတ်ပြုပြင်စိတ်ကောင်းဝင်လိုတဲ့ယောဂီအရှင်တို့။ ဒန္တံ၊ ဆုံးမအပ်ပြီးဖြစ်၍ ယဉ်ကျေးသော တံခါးခြောက်ပေါက်၌ လုံခြုံနေသော။ ရက္ခိတံ၊ သီလဖြင့်စောင့်ရှောက်အပ်ပြီးသော။ သံဝုတံ၊ သမာဓိဖြင့်တားမြစ်အပ်သော။ စိတ္တံ၊ ငြိမ်ဝပ်ပိပြားနေသော စိတ်တရားသည်။ မဟာဖော၊ များပြားသော။ အတ္ထာယ၊ အကျိုးငှာ။ သံဝတ္တတိ၊ ကောင်းစွာမသွေဖြစ်ပေါ်နိုင်ပေ၏။

ဘိက္ခဝေ၊ တရားခင်မင် အိုယောဂီအရှင်တို့။ စိတ္တံ၊ တောမြောက်အလား ဟိုအာရုံ ဒီအာရုံ သွားလာတတ်သောစိတ် တရားသည်။ အဒန္တံ၊ မဆုံးမအပ် သေးသည်ရှိသော်။ အဂုတ္တံ၊ မလုံခြုံအပ်သေးသည်ရှိသော်။ အရက္ခိတံ၊ မစောင့်ရှောက် အပ်သေးသည် ရှိသော်။ အသံဝုတံ၊ သမာဓိဖြင့် မတားမြစ်အပ်သေးသည်ရှိသော်။ မဟာဖော၊ များစွာသော။ အနတ္ထာယ၊ အကျိုး မရှိစိမ့် သောငှာ။ သံဝတ္တတိ၊ ဖြစ်နိုင်ပေ၏။

အဓိပ္ပါယ်မှာ- အာရုံ ကောင်းပေါ်မှာတင်၍ ဆုံးမထားသော် သီလသမာဓိဖြင့် လုံခြုံအောင် စောင့်ရှောက်ထားနိုင်ပါလျှင် ကောင်းကျိုးတရား များပြားလာနိုင်ပေကုန်သည်။

## ဘုရားရှင်ဂုဏ်တော်ဖြင့်ပြဆိုခြင်း

ထို့ကြောင့် စိတ်ဓာတ်ကို စင်ကြယ်အောင် ပြုပြင်ပေးသောအနေဖြင့် မြတ်သောသတိပညာရှိကြသော ဥပုသ်သည်များသည် ဥပုသ်နေ့အခါ၌ ဘုရားရှင် ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ကြ၏။ မြတ်စွာ ဘုရားသည် ပူဇော်အထူးကို ခံတော် မူထိုက်သော အကြောင်းကြောင့် အရဟံ မည်တော်မူပါ၏။ ဆိတ်ကွယ်ရာ အရပ်မျိုး၌ မကောင်းမှု မပြုသောကြောင့် အရဟံ မည်တော်မူပါ၏။ ကိလေသာရန်သူတွေကို ဖြိုခွင်း ဖျက်ဆီးနိုင်သောကြောင့် အရဟံမည်တော်မူပါပေ၏။

အလုံးစုံသော တရားတို့ကို မဖောက် မပြန် မှန်မှန်ကန်ကန်သိတော်မူနိုင်သောကြောင့်သမ္မာသမ္ဗုဒ္ဓမည်တော်မူပါပေ၏။

အသိဉာဏ်ဝိဇ္ဇာ အကျင့် စရဏနှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏ သမ္ပန္နမည်တော်မူပါပေ၏။ မှန်ကန်ကျိုးရှိ ချစ်ဘွယ်သော စကား မျိုးကိုသာ ဆိုတော်မူသောကြောင့် သုဂတဂုဏ်နှင့် ပြည့်စုံတော် မူပါပေ၏။ လောကသုံးပါးကို သိတော်မူနိုင်သောကြောင့် လောကဝိဒူမည်တော်မူပါပေ၏။

ဆုံးမထိုက်သူကို အတုမရှိ ဆုံးမတော် မူတတ်သောကြောင့် အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

လောက၌ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာ ရိုင်းစိုင်း၍ သုံးဆဲ့တဘုံမှ မလွတ်ထွက်နိုင်သော သတ္တဝါ

တွေကို ယဉ်ကျေး လိမ်မာ၍ သုံးဆဲ့တဘုံ နှောင်အိမ်မှ ထုတ်နှုတ် ကယ်တင်ပြီးလျှင် နိဗ္ဗာန်သောင်ခွင်သို့ ရောက်အောင် ပို့သနိုင်သော ရှင်တော်မြတ်ဘုရားဖြစ်ပါပေတယ်။

ဗုဒ္ဓ၏ယဉ်ကျေးအောင်ဆုံးမပုံ

အခါတပါး ကေသီအမည်ရှိတဲ့ မြင်းထိန်းသည်သည် ရှင်တော် မြတ်ဘုရားထံ ရောက်လာရာ ကေသီမြင်းထိန်း အသင်သည် မြင်းတို့ကို ဘယ်ပုံဆုံးမသနည်း၊ အရှင်ဘုရား တပည့်တော်သည် မြင်းတို့ကို သုံးမျိုး သုံးစား ထား၍ ရိုက်တန် ရိုက်ပါသည်ဘုရား၊ ငေါက်တန်ငေါက်ပါသည် ဘုရား၊ သတ်ပစ်တန်လျှင် သတ်ပစ်ပါသည်ဘုရား။

ဤသို့အားဖြင့် လျှောက်ထား ပြီး၍ ရှင်တော်မြတ် ဘုရား၏ တပည့်သာဝကများကို ဘယ်ပုံဆုံးမပါသတုန်း ဘုရားဟု လျှောက်ထားသော် အသင်ကဲ့သို့ ငေါက်တန် ငေါက် ရိုက်တန်ရိုက်၍ သတ်ပစ်တန် သတ်ပစ်ရသည်။

အရှင်ဘုရား- အရိယာ သူတော်ကောင်း များသည် သူများအသက်ကို သတ်ကောင်းပါသလားဟု လျှောက် ထားသော် ငါတို့၏ သတ်မှုသည် အဘက်မလုပ် အစစ အရာရာမှာ လစ်လျူရှုခြင်းပင် ဖြစ်ပေသည်၊ ဤကဲ့သို့ လစ်လျူရှုလိုက်ပါက ဆုံးမမှုမရှိတော့၍ တဘဝတွင်သာ သေတော့သည် မဟုတ်ဘဲ ဘဝအဆက်ဆက် သေသည် မည်သော အပါယ် လေးပါး တိုင်အောင် ကျဆင်း၍ ဆင်းရဲတွင်းမှာနစ်မြုပ်ရပေတော့သည်။

ဤသို့အားဖြင့် လစ်လျူရှုခါသတ်ပစ်မှုမျိုးသည် အလွန် တရာမှ ကြောက်စရာကောင်း၏ တဘဝသာ တခဏသာ

နှစ်နာသည်မဟုတ် ဘဝ အဆက်ဆက် နှစ်နာချက်ရှိပေသည်၊ ယခုလောကမှာလည်း အလွန်ဆိုးတဲ့လူတယောက်ကို အစစအရာရာ ကောင်းဆိုးနှစ်ပါး မပြောကြားတော့ဘဲ ထင်ရာ ပစ်ထား၍ ဖြစ်ချင်ရာဖြစ်တော့ သဘောမျိုးဖြင့် ကြဉ်ရှောင် ထားရသော ရဟန်းရှင်လူများလည်း မနဲလှပေကုန်။

ရှင်တော်မြတ်ဘုရားသည်ကား ဆိုလျှင် ယဉ်ကျေးထိုက်သူဆိုပါက ယဉ်ကျေး လာအောင် နေ့မအား ညမအား ဆုံးမဩဝါဒ ပေးလျက်နေမှုကြောင့် အနုတ္တရ ပုရိသ ဒမ္မသာရထိဂုဏ်နှင့် ပြည့်စုံပါပေသည်။

နတ်,လူ တို့၏ အားထားထိုက် အားကိုး ထိုက်သော ဆရာစစ် ဆရာမှန်ဖြစ်နိုင်သော အကြောင်းကြောင့်လည်း သတ္ထာဒေဝ မနုဿာနဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။

ဖြစ်ချင်လိုဖြစ် မဖြစ်ချင်လိုမဖြစ်ဆိုတဲ့ သစ္စာတရားတော်မြတ်တို့ကို တခုမကျန် အမှန်ထိုးထွင်း သိတော် မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓဆိုတဲ့ဂုဏ်ထူးနှင့် ပြည့်စုံတော်မူပါပေ၏။

ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တ-ဟူသော ဘုန်းတော်ခြောက်စုံနှင့် ပြည့်စုံလုံလောက်သော ကြောင့်လည်း ဘဂဝါ မည်တော်မူပါပေ၏။

ဤသို့အားဖြင့် ဘုရားရှင်၏ ဂုဏ်တော်ကို မြတ်သော ဥပုသ်သည်သည် အဖန်တလဲလဲ အောက်မေ့ နေပေ၏၊ ဘုရားရှင် ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ နေသော ဥပုသ်သည်၏ စိတ်သည်အထူးသဖြင့်ကြည်လင်၏၊ နှစ်သက်

ဝမ်းမြောက် လာပေ၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏၊ ညစ်နွမ်းသော ဥကွေ့ာင်းကို လုံ့လပြုသဖြင့် ဖြူစင်စေသကဲ့သို့ပင်တည်း။

ဝိသာခါ ဤဥပုသ်သည်မျိုးကို မြတ်သော အာရုံနှင့် နေခြင်းကြောင့် ဗြဟ္မာဥပုသ်ကို ကျင့်သုံးသူဟု ဆိုအပ်၏၊ မြတ်ဘုရားနှင့် အတူနေသူ မြတ်စွာဘုရားကို အာရုံပြု၍ စိတ်ကြည်လင်သူ ဝမ်းမြောက်သူ စိတ်ညစ်ညူး ကြောင်း ပျောက်ကင်းအောင် နေသူဟု ဆိုအပ်ပေ၏။

ဝိသာခါ ညစ်ညူးသောစိတ်ကို လုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေအပ်၏။

### တရားတော်၏ဂုဏ်ကို ဆင်ခြင်ပွားများနေပုံ

ဝိသာခါ ညစ်နွမ်းနေသော စိတ်ကိလေသာ အညစ်အကြေး လိမ်းကျံကပ်နေသော စိတ်ယုတ်စိတ်ညံ့စိတ်မသန့်များကို တရားဂုဏ်ကို ဆင်ခြင်၍ တရားကို ပွားများသော လုံ့လဖြင့် ဖြူစင်စေရမည်။

ဝိသာခါ မြတ်သော အကျင့်ရှိသော ဥပုသ်သည်သည် ဥပုသ်နေ့ အခါထူးသမယ၌ ဘုရားရှင်ဆုံးမ ထားသော တရားတော်၏ဂုဏ်ကို အားထုတ် ပွားများသော အားဖြင့် အဖန်တလဲလဲ အောက်မေ့နေ၏၊ တရားတော်ဆိုတာ အစ, အလယ်,အဆုံး ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံ၍ သတ္တဝါတို့၏ ဆင်းရဲအားလုံးကို ငြိမ်းပျောက် စေနိုင်အောင် ဟောကြားအပ်သည် ဖြစ်၍ ကောင်းမြတ်သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံပေ၏။

ကိုယ်တိုင်ကျင့်ကြံ ပွားများက ကိုယ်ပိုင် ဉာဏ်ဖြင့် ကိုယ်တိုင်သိရ မြင်ရသော ဂုဏ်ထူး ဝိသေသရှိပေသည်၊ အကျိုးပေးရာ အချိန်မကြန့်ကြာဘဲအခါမလင့် တင့်တင့်တယ်တယ် ကောင်းကျိုးကို ပေးနိုင်ပေ၏။

မိမိတွေ့မြင် သိရှိပါက သူတပါး ကိုလည်း လာလှည့် ရှုလှည့်ဟု ပြောဆိုခြင်းငှာ ထိုက်ပါပေ၏၊ မိမိ၏ကိုယ်စိတ်၌ အမြဲမပြတ် ကပ်၍ဆောင်ထား ထိုက်သော တရားတော်လည်း ဖြစ်ပါပေ၏။

ကျင့်ကြံ အားထုတ်သူ မိမိ၏ကိုယ်စီ ကိုယ်ငှ ကောင်းကျိုးအဝဝကို ခံစားနိုင်သော ပစ္စတ္တံ ဝေဒိတဗ္ဗ ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ဤသို့အားဖြင့် တရားတော်၏ ဂုဏ်တော်ခြောက်ပါးကို အဖန်တလဲလဲ အောက်မေ့ နေထိုင်သူ၏ စိတ်သည် ကြည်လင်ဝမ်းမြောက်၏၊ ညစ်ညူးကြောင်း ကိလေသာတို့သည် ကင်းကွာ ပျောက်ကင်းနိုင်၏။

ဝိသာခါ ညစ်ညူးသောကိုယ်ကို လုံ့လပြုသဖြင့် ဖြူစင်စေသကဲ့သို့ဝိသာခါတရားတော်၏ ဂုဏ်ကိုအာရုံပြု၍တရားကိုပွားများအားထုတ်၍ စိတ်စင်ကြယ်အောင်နေထိုင်သော ဥပုသ်သည်မျိုးကို ဓမ္မဥပုသ်ကို ကျင့်သုံးသူ တရားတော်ကို ချစ်မြတ်နိုး၍ တရားတော်နှင့် အတူနေသူ တရားတော်ကို အာရုံပြု၍ စိတ်ကြည်လင်သူ ဝမ်းမြောက်သူ စိတ်ညစ်ညူးကြောင်း ကိလေသာ ပျောက်ကင်းအောင် နေသူဟုဆိုအပ်၏။ ဝိသာခါ ဤသို့အားဖြင့်စိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေအပ်၏။

## သံဃာတော်၏ဂုဏ်တော်ကိုဆင်ခြင်ပွားများနေပုံ

ဝိသာခါ သံဃာတော်၏ ဂုဏ်ကို အောက်မေ့သော လုံ့လဝီရိယဖြင့် ညစ်ညူးနေသောစိတ်ကို ဖြူစင်စေရမည်။

ဝိသာခါ အကျင့်သီလကောင်းမြတ်သော ဥပုသ်သည် သည် သံဃာတော်၏ ဂုဏ်ကိုအဖန်တလဲလဲအောက်မေ့၏၊ ဘုရားရှင်၏ တပည့်သားသံဃာတော်သည် ကောင်းမြတ်သောသီလ သမာဓိပညာ အကျင့်ရှိတော်မူကြပါပေ၏။

သီလသမာဓိပညာ၏ အခြေခံဖြစ်သော စာပေကျမ်းဂန် သင်ကြားပို့ချခြင်း အလေ့ရှိတော် မူပါပေ၏။ ကောက်ကျစ်မှု ကင်းကွာ ဖြောင့်မတ်စွာ ကျင့်တော်မူပါပေ၏။ မှန်ကန်သော အကျင့်ရှိတော်မူပါပေ၏။

ရိုသေထိုက်သော အကျင့်ရှိတော် မူပါပေ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အရေအတွက်အားဖြင့် ရှစ်ယောက်ရှိသော အရိယာသံဃာတော်သည် အရပ်ဝေးမှဆောင်၍ သော်လည်းပေးလှူပူဇော်ရန်ထိုက်ပါပေ၏။

ဧည့်သည်အလို့ငှာ စီမံထားသော ဝတ္ထုပစ္စည်းကိုခံယူခြင်းငှာ ထိုက်တန်ပါပေ၏၊ တမလွန်အတွက် ရည်မှန်း၍ လှူဒါန်းဘွယ်များကိုလည်း ခံတော်မူထိုက်ပါပေ၏။

သူတပါးတို့၏ လက်အုပ်ချီမိုး ရှိခိုးမှုကိုလည်း ခံတော်မူထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ အမြတ်ဆုံးသော ကောင်းမှုပြုရန် လယ်ယာမြေကောင်းသဘွယ် ဖြစ်ပါပေ၏။ ဤသို့အားဖြင့် သံဃာတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်နေသော မြတ်သောယောဂီ ဥပုသ်သည်၏စိတ်သည် ကြည်လင်ဝမ်းမြောက်ပေ၏။

စိတ်ညစ်ညူးကြောင်း ကိလေသာများသည် ကင်းကွာပေ၏။ ဝိသာခါညစ်နွမ်းသောအဝတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေသကဲ့သို့ပင်တည်း။

ဝိသာခါ သံဃာတော်၏ဂုဏ်ကို အာရုံပြု၍ နေသောမြတ်သောဥပုသ်သည်ကို သံဃဥပုသ်ကိုကျင့်သုံးသူ သံဃာတော်နှင့်အတူနေသူ သံဃာကိုအာရုံပြု၍ စိတ်ကြည်လင်သူဝမ်းမြောက်သူဟု ဆိုအပ်ပေသည်။ ဝိသာခါညစ်ညူးသောစိတ်ဓာတ်ကို သံဃာ့ဂုဏ်ကို အာရုံပြုခြင်း လုံ့လဖြင့် ဖြူစင်စေရမည်။

**မိမိ၏သီလဂုဏ်ကိုဆင်ခြင်ပွားများနေပုံ**

ဝိသာခါ ညစ်ညူးသော စိတ်ဓာတ်ကို မိမိသီလဂုဏ်ကို ဆင်ခြင်အောက်မေ့ခြင်းဟူသော လုံ့လပြုသဖြင့် ဖြူစင်စေနိုင်တယ်၊ ဝိသာခါအကျင့်သီလရှိသော ဥပုသ်သည်သည် မကျိုးမပေါက် မပြောက်မကျားမူ၍ တဏှာကျွန် အဖြစ်မှ လွတ်မြောက်လျက် ပညာရှိပုဂ္ဂိုလ်တို့သည်ချီးမွမ်းအပ်သော မှားသောအားဖြင့် မသုံးသပ်အပ်သော တည်ကြည်မှုကို ဖြစ်စေ တတ်သော မိမိ၏ သီလဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့နေသော မြတ်သော ဥပုသ်သည်၏ စိတ်ဓာတ်သည် ကြည်လင်ပေ၏။ ဝမ်းမြောက်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏၊ ဝိသာခါ ညစ်နွမ်းသော မှန်ပြင်ကို လုံ့လပြုသဖြင့် ဖြူ စင် စေ နိုင် သကဲ့သို့ပင်တည်း။

ဝိသာခါ မိမိ၏သီလဂုဏ်ကို ဆင်ခြင်နေသော ဤဥပုသ်သည်မျိုးကို သီလဥပုသ်ကို ကျင့်သုံးသူသီလနှင့် အတူနေသူ

သီလကို အာရုံပြု၍ စိတ်ကြည်လင်သူ ဝမ်းမြောက်သူ စိတ်ညစ်ညူးကြောင်း ကိလေသာကို ပျောက်ကင်းအောင် ပြုသူဟုဆိုအပ်၏။

## နတ်စည်းစိမ်ထောက်ဆ၍
## မိမိ၏သူတော်ကောင်းတရားများတည်ရှိပုံ

ဝိသာခါ ညစ်ညူးသောစိတ်ကို မိမိ၏သန္တာန်၌ရှိသော သူတော်ကောင်းတရား ဆင်ခြင်ပွားများခြင်း ဟူသော လုံ့လဖြင့် ဖြူစင်စေ နိုင်ပေတယ်၊ ဝိသာခါ နတ်တို့ကို သက်သေအရာထား၍ မိမိ၏သဒ္ဓါစသောသူတော်ကောင်း တရားများ ပြည့်စုံနေပုံကို အဖန်တလဲလဲ အောက်မေ့နေ ပေတယ်။

သဒ္ဓါတရားနှင့် ပြည့်စုံကြသော ပုဂ္ဂိုလ် များသည် ဤလူ့ဘုံမှစုတေ၍ စတုမဟာရာဇ် တာဝတိံသာစသော နတ်ပြည် ဗြဟ္မာပြည်များသို့ ရောက်ကြပေကုန်၏။ ငါ့အား လည်း နတ်ပြည်ဗြဟ္မာပြည် ရောက်နိုင်သော သဒ္ဓါမျိုးသည် ရှိပေ၏၊ သီလမျိုးသည်ရှိပေ၏၊ ငါ့အားလည်းအကြားအမြင် မျိုးသည်ရှိပေ၏၊ ငါ့အားလည်း စွန့်ကြဲခြင်းမျိုးသည်ရှိပေ၏။ ငါ့အားလည်း နတ်ဘုံသို့ရောက်နိုင်သော ပညာမျိုးသည် ရှိပေ၏ဟု မိမိ၏၎င်း နတ်ဗြဟ္မာတို့၏၎င်း သဒ္ဓါသီလ သုတ စာဂ ပညာ ငါးဖြာသော တရားတို့ကို ဆင်ခြင်ပွားများ နေသောဥပုသ်သည်၏ စိတ်သည် ကြည်လင်ဝမ်းမြောက်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်း ကုန်၏၊ ညစ်နွမ်းသော ရွှေငွေကိုလုံ့လပြုသဖြင့် ဖြူစင်စေ သကဲ့သို့ပင်ဖြစ်ပေ၏။

ဝိသာခါ ဤသို့အားဖြင့် မိမိသန္တာန်၌ရှိသော သဒ္ဒါစသောဂုဏ်ကို ဆင်ခြင်၍ ဥပုသ် စောင့်ထိန်း နေသော ဥပုသ်သည်မျိုးကို ဒေဝတာဥပုသ်ကိုကျင့်သုံးသူ နတ်တို့နှင့် အတူနေသူ နတ်တို့ကိုသက်သေထား၍ မိမိ၏သဒ္ဓါစသော ဂုဏ်ကိုအာရုံပြု၍ ကြည်လင်ဝမ်းမြောက်သူဟုဆိုအပ်၏။

## အရိယာဥပုသ် အရိယာပုဂ္ဂိုလ်တို့၏ ပြည့်စုံသော တရားတော်ကို ထောက်ဆ၍ ဆင်ခြင်နေပုံ

အရိယာတို့၌ အမြဲမပြတ် ပြည့်စုံ တည်ရှိနေသော သီလ အင်္ဂါသည် ဤဥပုသ်နေ့၌ ငါ့မှာ ပြည့်စုံ တည်ရှိ နေပါလားဟု ကြည်လင် ဝမ်းမြောက် ဖြူစင် မြင့်မြတ်သော စိတ်ထားရောက်ခါ မကျိုးမပေါက် မပြောက် မကျားအောင် နေခြင်းမျိုးသည် အရိယာဥပုသ်ပြည့်စုံနေပေတော့၏။

ဝိသာခါ မြင့်မြတ်သော ဥပုသ်သည်သည် ဥပုသ်နေ့အခါ၌ ဤသို့အားဖြင့် ဆင်ခြင်ပေ၏။

၁။ လောက၌ မြတ်သောပညာရှိ သူတော်ကောင်းကြီးများသည် အသက်ရှည်သမျှ ကာလပတ်လုံး သူ့အသက်သတ်ခြင်းကိုပယ်၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြကုန်၏၊ သနားတတ်ကြကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက် နေကုန်၏။

ယနေ့ ငါသည်လည်း ဤနေ့ညဉ့်ပတ်လုံး သူ့အသက်သတ်ခြင်းတို့ကိုပယ်၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်လျက် ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွားကို လိုလားလျက် နေပါအံ့၊ လိုလားလျက်နေပေ၏။

ဤပါဏာတိပါတ ရှောင်ကြဉ်သော အကြောင်း အင်္ဂါဖြင့်လည်း အရိယာပုဂ္ဂိုလ်တို့ကို အတု လိုက်၍ပြုအံ့၊ မြတ်သောပညာရှိတို့၏ အတုလိုက်၍ ဥပုသ်သီလ စောင့်ထိန်းခြင်းသည် ဖြစ်ပေ၏။

၂။ မြတ်သော ပညာရှိ ပုဂ္ဂိုလ် တို့သည် မြတ်သော အရိယာ ပုဂ္ဂိုလ်တို့သည် သူတပါးပစ္စည်း၌ မပေးသည်ကို ပယ်၍ မပေးသည်မှ ရှောင်ကြဉ်ကြကုန်၏၊ ပေးသည်ကိုသာ ယူကြကုန်၏၊ ပေးသည်ကိုသာလျှင် အလိုရှိကြ ကုန်၏၊ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေထိုင်ကြကုန်၏။

ယနေ့ ငါသည်လည်း အရိယာပညာရှိသူတော်ကောင်းကြီးများနှင့် အလားတူ၍ဤနေ့ဤည၌ပတ်လုံးမပေးသည်ကို ယူခြင်းကိုပယ်၍ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ် ကုန်၏၊ ပေးသည်ကိုသာ ယူလေ့ ရှိသည်ဖြစ်၍ ပေးသည် ကိုသာ အလိုရှိသည် ဖြစ်၍ မခိုး မဝှက် စင်ကြယ်သော ကိုယ်ဖြင့် နေပါအံ့၊ ဤအဒိန္နာဒါန် ရှောင်ကြဉ်သောအင်္ဂါဖြင့်လည်း မြတ်သော အရိယာတို့ကို အတုလိုက်၍ ပြုကျင့် ရပေအံ့၊ ငါအား ဥပုသ်ကျင့်သုံးခြင်းသည် ဖြစ်ပေ၏။

၃။ မြတ်သော အရိယာ ပညာရှိ သူတော်ကောင်းတို့သည် မမြတ်သောအကျင့်ကိုပယ်၍ မမြတ်သောအကျင့်မှ ရှောင်ကြဉ်ကြ ကုန်၏၊ ရွာနေ သူတို့၏ အလေ့ အကျင့်ဖြစ်သောမေထုန်မှ ရှောင်ကြဉ်ကြကုန်၏။

ဥပုသ်နေ့၌ ငါသည်လည်း ဤနေ့ ဤည၌ ပတ်လုံး မြင့်မြတ်သောစိတ်ကိုထား၍ မမြတ်သောအကျင့်ကို ပယ်၍ မမြတ်သော အကျင့်မှ ရှောင်ကြဉ်သည် ဖြစ်၍ ရွာသူတို့၏

အလေ့အကျင့်ဖြစ်သော မေထုန်မှ ဝေးစွာ ရှောင်ပါအံ့၊ ဤကာမဂုဏ်မှ ရှောင်ကြဉ်သော အကြောင်း ဖြင့်လည်း မြတ်သော အရိယာသူတော်သူမြတ်ကို အတုလိုက်၍ပြုကျင့်ခါနေပေအံ့၊ ဥပုသ်ကျင့်သုံးခြင်းသည် ဖြစ်၏။

၄။ လောက၌ မြတ်သော အရိယာ ပုဂ္ဂိုလ် တို့သည် မမှန်သောစကားကို ပယ်၍ မှန်သောစကားကိုသာပြောဆိုကြကုန်၏၊ မမှန်သော စကားမှ ရှောင်ကြဉ်ကြ ကုန်၏၊ အမှန်ကိုသာ ဆိုလေ့ရှိကြကုန်၏၊ ယုံကြည် ထိုက်သော စကားရှိ၍ လောကလူများကို မလှည့်စားကြကုန်။

ယနေ့ငါသည်လည်း ဤနေ့ ညဉ့်ပတ်လုံး မမှန်သည်ကို ပယ်၍ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်လျက် အမှန်ကိုသာပြောဆို၍ ယုံကြည် ထိုက်သော စကား ရှိလျက် လောကကို မလှည့်စားပေကုန်။

ဤမုသာဝါဒမှ ရှောင်ကြဉ်သော အကြောင်း အင်္ဂါဖြင့်လည်း မြတ်သော အရိယာတို့ကို အတု လိုက်၍ ပြုပေအံ့၊ ဥပုသ်ကျင့်သုံးခြင်းသည် ပြည့်စုံတော့၏။

၅။ မြတ်သော အရိယာ ပုဂ္ဂိုလ်တို့သည် ယစ်မူးမေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေရည် သေရက်သောက်စားခြင်းကိုပယ်၍ သေရည်သေရည် သောက်စားခြင်းမှ ရှောင်ကြဉ်ကြကုန်၏၊ ငါသည်လည်း ဥပုသ်နေ့အခါကာလ၌ ယစ်မူး မေ့လျော့ကြောင်း ဖြစ်သော သေရည်သောက်စားခြင်းကိုပယ်၍ သေရည် သောက်စား ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ဤ သုရာမေရယမှ ရှောင်ကြဉ်သော အကြောင်းအင်္ဂါဖြင့် မြင့်မြတ်သော အရိယာ ပုဂ္ဂိုလ်တို့ကို

အတုလိုက်၍ ပြုကျင့်ရ ပေတော့အံ့၊ ဥပုသ်ကျင့်သုံးခြင်း သည်လည်းဖြစ်ပေ၏။

၆။ မြတ်သော အရိယာပုဂ္ဂိုလ်တို့သည် အသက်ရှည် သမျှကာလပတ်လုံး တထပ်သာစားလေ့ရှိကုန်၏၊ ညစာ စားခြင်းမှ ရှောင်ကြဉ်ကုန်၏။

ယနေ့ ဥပုသ်နေ့၌ ငါသည်လည်း ဤနေ့ညဉ့် ပတ်လုံး တထပ်သာ စားပါအံ့၊ ညဉ့်စာ စားခြင်းမှ ရှောင်ကြဉ် ပါအံ့၊ နေ့လွဲစားခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤ ဝိကာလ ဘောဇနကို ရှောင်ခွါနိုင်သောအကြောင်းဖြင့်လည်း မြတ် သောအရိယာ ပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုကျင့် ရပေ တော့အံ့။

၇။ မြတ်သော အရိယာ ပုဂ္ဂိုလ်တို့သည် အသက်ရှည် သမျှ ကာလပတ်လုံးသီချင်းဆိုခြင်း တီးမှုတ်ခြင်း (သူတော် ကောင်းတရား၏) ဆူးငြောင့် သဘွယ်ဖြစ်သော ပွဲကြည့် ခြင်း၊ နားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာမှုန့် ခြယ်ခြင်း၊ နံ့သာပြောင်းလိမ်းကျံခြင်းမှ ရှောင်ကြဉ်ကုန်၏။

ယနေ့ ငါသည်လည်း ဤနေ့ ညဉ့်ပတ်လုံး က,ခြင်း၊ သီချင်း-ပ-လိမ်းကျံခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လည်း မြတ်သော အရိယာ ပုဂ္ဂိုလ်တို့ကို အတု လိုက်၍ ပြုကျင့်ရ ပေတော့အံ့၊ ဥပုသ်သီလ ကျင့်သုံးခြင်း သည်လည်း ပြည့်စုံတော့သည်။

၈။ မြတ်သော အရိယာပုဂ္ဂိုလ်တို့သည် အသက်ရှည် သမျှကာလပတ်လုံး မြင့်သောနေရာ မြတ်သောနေရာကို

ပယ်၍ မြင့်သောနေရာ မြတ်သောနေရာ၌ နေထိုင်ခြင်းမှ ရှောင်ကြဉ်အပ်ကုန်၏။

နိမ့်သောနေရာ ညောင်စောင်းငယ်၌ဖြစ်စေ မြက်အခင်း၌ဖြစ်စေ အိပ်ကုန်၏။ ယနေ့ငါသည်လည်း ဤဥပုသ်နေ့ ညဉ့်ပတ်လုံး မြင့်သောနေရာ မြတ်သောနေရာကို ပယ်၍ မြင့်သောနေရာ မြတ်သော နေရာမှ ရှောင်ကြဉ်လျက် နိမ့်သောနေရာ ညောင်စောင်းငယ်၌ဖြစ်စေ မြက်အခင်း၌ ဖြစ်စေအိပ်ပေအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း မြတ်သော အရိယာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့ ဥပုသ်ကျင့်သုံးမှုလည်းဖြစ်ပေ၏ဟုဆင်ခြင်၏။

## ရှစ်ပါးသီလဆောက်တည်ရခြင်း၏ လောကီကောင်းကျိုး

ဝိသာခါ-ဤဆိုအပ်ခဲ့ ပြီးသည်ကား အရိယာ ဥပုသ်သီလဖြစ်၏ ဤကျင့်သုံးအပ်သော အရိယာ ဥပုသ်သည် ကြီးမြတ်သော အကျိုးရှိ၏၊ ကြီးမြတ်သော အာနိသင်ရှိ၏၊ ကြီးမြတ်သော အရောင်အလင်းရှိ၏ ကြီးမြတ်သောပျံ့နှံ့ခြင်းရှိ၏။

ဝိသာခါ နှစ်သက်မြတ်နိုးဘွယ် ရတနာမျိုးစုံ တို့နှင့် ပြည့်စုံသော တိုင်းကြီးတဆဲ့ခြောက်တိုင်းတို့ကို စိုးအုပ်၍ မင်းလုပ် ရခြင်းသည် အင်္ဂါရှစ်ပါးရှိသော ဥပုသ်ကို ဆောက်တည်ရခြင်း၏ တဆဲ့ခြောက်စိတ်တစိတ်မျှလောက် မမှီနိုင်၊အကြောင်းမှာ လူမင်းစည်းစိမ်သည် နတ်ချမ်းသာ နတ်စည်းစိမ်ထောက်ဆပါကအနည်းငယ်မျှသာဖြစ်၏။

ဆက်လက်၍ ဟောကြားရသော် ဝိသာခါ-လူတို့၏ အနှစ်ငါးဆယ်သည် စတုမဟာရာဇ်နတ်တို့၏ တနေ့တည့် မျှသာဖြစ်ပေ၏၊ ထိုနတ်တို့၏ နေ့ညဥ့်ပေါင်းသုံးဆယ်သည် တလဖြစ်၏ ထိုနတ်တို့၏လဖြင့် တဆဲ့နှစ်လတို့သည် တနှစ်ဖြစ်၏၊ ထိုနတ်တို့၏ နှစ်ပေါင်းငါးရာသည် စတုမဟာရာဇ် နတ်တို့၏ အသက်အတိုင်းအရှည်ဖြစ်၏။

ဝိသာခါ-မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာပျက်၍ သေပြီးသည်မှ နောက်ကာလ၌ စတုမဟာရာဇ် နတ်ပြည်သို့ ရောက်နိုင်သော အကြောင်းတရားရှိ၏၊ ဝိသာခါ ဤအကြောင်းမျိုးကိုရည်ရွယ်၍ လူမင်းစည်းစိမ်သည် နတ်ချမ်းသာကို ထောက်၍ အနည်းငယ်မျှသာဖြစ်၏။

ဝိသာခါ လူတို့၏ အနှစ်တရာသည် တာဝတိံသာနတ်တို့၏ တနေ့တည့်သာဖြစ်၏။ ထိုနတ်တို့၏ နေ့ညဥ့်သုံးဆယ်သည် တလဖြစ်၏၊ ထိုနတ်တို့၏ တဆဲ့နှစ်လသည် တနှစ်ဖြစ်၏၊ ထိုနတ်တို့၏ နှစ်ပေါင်း တထောင်သည် တာဝတိံသာနတ်သက်ဖြစ်၏။

ဝိသာခါ-မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည်အင်္ဂါရှစ်ပါးနှင့်ပြည့်သော ဥပုသ်သီလကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ တာဝတိံသာနတ်ဘုံသို့ ရောက်နိုင်ပေ၏၊ ရောက်နိုင်သော အကြောင်းတရားရှိ၏၊ ဤအကြောင်းမျိုးကို ရည်ရွယ်၍ လူမင်း စည်းစိမ်သည် နတ် ချမ်းသာ နတ် စည်းစိမ်ကို

ထောက်ဆပါက မပြောပလောက် အနည်းငယ် မျှသာ ဖြစ်ပေ၏။

ဝိသာခါ-လူတို့၏အနှစ်နှစ်ရာတို့သည် ယာမာနတ်တို့၏ တနေ့တညဥ့်မျှသာဖြစ်၏၊ ထိုနေ့ညဥ့်ပေါင်းသုံးဆယ်သည် တလဖြစ်၏၊ ထိုလပေါင်း တဆဲ့နှစ်လသည် တနှစ်ဖြစ်၏၊ ထိုနှစ်ဖြင့် နတ်တို့၏ အနှစ်နှစ်ထောင်တို့သည် ယာမာ နတ်သက်ဖြစ်ပေကုန်၏။

ဝိသာခါ-ယောက်ျားဖြစ်စေ မိန်းမဖြစ်စေ အချို့သော သူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံး ဆောက်တည်ပြီး၍ ကိုယ်ခန္ဓာပျက်၍ သေသည်၏ နောက် ကာလ၌ ယာမာနတ်ဘုံသို့ ရောက်နိုင်သော အကြောင်း ရှိ၏၊ ဤအကြောင်းမျိုးကို ရည်ရွယ်၍ လူစည်းစိမ်သည် နတ်စည်းစိမ်ကိုထောက်ဆပါကဘာမျှမပြောပလောက်ချေ အနည်းငယ်မျှသာဖြစ်ပေ၏။

ဝိသာခါ-လူတို့၏ အနှစ်လေးရာသည် တုသိတာ နတ်တို့၏ တနေ့ တညဥ့်ဖြစ်၏ ထိုနတ်တို့၏ နေ့ညဥ့်ပေါင်း သုံးဆယ်သည် တလဖြစ်၏၊ ထိုနတ်တို့၏လပေါင်းဆဲ့နှစ်လ သည် တနှစ်ဖြစ်၏၊ ထိုနတ်တို့၏ နှစ်ဖြင့် နှစ်ပေါင်း လေးထောင်သည် တုသိတာနတ်တို့၏ အသက်ဖြစ်၏။

ဝိသာခါ-ယောက်ျားဖြစ်စေ မိန်းမဖြစ်စေ အချို့သော သူသည် ရှစ်ပါးသီလကို ကျင့်သုံး ဆောက်တည် ပြီးလျှင် ကိုယ်ခန္ဓာပျက်စီး၍သေပြီးသည်နောက်ကာလ၌ တုသိတာ နတ်ဘုံသို့ရောက်နိုင်သောအကြောင်းရှိ၏။

ဝိသာခါ ဤအကြောင်းတရားကိုရည်ရွယ်၍ လူစည်းစိမ်သည် နတ်စည်းစိမ်ကို ထောက်ဆက မပြောပလောက်ချေ အနည်းငယ်မျှသာဖြစ်ချေ၏။

ဝိသာခါ-လူတို့၏အနှစ်ရှစ်ရာသည်နိမ္မာနရတိနတ်တို့၏ တနေ့တည့်ဖြစ်၏၊ ထိုနတ်တို့၏ နေ့ညဉ့် သုံးဆယ်သည် တလဖြစ်၏၊ ထိုနတ်တို့၏ တဆဲ့နှစ်လသည် တနှစ်ဖြစ်၏၊ ထိုနတ်တို့၏ နှစ်ဖြင့်နှစ်ပေါင်းရှစ်ထောင်သည် နိမ္မာနရတိနတ်သက်ဖြစ်၏။

ဝိသာခါ-ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ အချို့သောသူသည် ရှစ်ပါးသီလကျင့်သုံးဆောက်တည်ပြီး၍ ကိုယ်ခန္ဓာပျက်၍ သေပြီးသည် နောက်ကာလ၌ နိမ္မာနရတိဘုံသို့ ရောက်နိုင်သော အကြောင်းရှိ၏၊ ဤအကြောင်းကို ရည်ရွယ်၍ လူစည်းစိမ်သည် နတ်စည်းစိမ် ထောက်ဆပါက မပြောပလောက်ချေ အနည်းငယ်မျှသာဖြစ်၏။

ဝိသာခါ-လူတို့၏ နှစ်ပေါင်း တထောင့်ခြောက်ရာတို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ တနေ့တည့်ဖြစ်၏၊ ထိုနတ်တို့၏ နေ့ညဉ့်ပေါင်း သုံးဆယ်သည် တလဖြစ်၏၊ ထိုနတ်တို့၏ လပေါင်းဆဲ့နှစ်လသည် တနှစ်ဖြစ်၏၊ ထိုနတ်တို့၏နှစ်ဖြင့်နှစ်ပေါင်း တသောင်းခြောက်ထောင် တို့သည် ပရနိမ္မိတဝသဝတ္တီ နတ်သက်ဖြစ်၏။

ဝိသာခါ-ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ အချို့သောသူသည် ရှစ်ပါးသီလကို ဆောက်တည်ပြီး၍ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည့်နောက်ကာလ၌ ပရနိမ္မိတဝသဝတ္တီဘုံသို့ရောက်နိုင်သော အကြောင်းရှိ၏ ဤအကြောင်းကို

ရည်ရွယ်၍ လူစည်းစိမ်သည် နတ်စည်းစိမ်ကို ထောက်ဆ ပါကဘာမျှ မပြောပလောက်ချေ အနည်းငယ် မျှသာ ဖြစ်ပေ၏။

ရှစ်ပါးသီလ ဥပုသ်ကျင့်သုံးသူသည် အသက်ကိုလည်း မသတ်ရာ မပေးသည်ကိုလည်းမယူရာ မဟုတ်မမှန်စကား ကိုလည်း မပြောဆိုရာ သေရည် သေရက် ကိုလည်း မသောက်ရာ မေထုန်မှီဝဲခြင်းဟူသော မမြတ်သောအကျင့် မှလည်းရှောင်ကြဉ်ရာ၏ နေလွဲ ညစာကိုလည်း မစားရာ ကခြင်း သီချင်းဆိုခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှု နား ထောင်ခြင်းမှရှောင်ကြဉ်ရာ၏။ ပန်းကိုလည်းမပန်ရာ နံ့သာ ကိုလည်းမခြယ်ရာ ညောင်စောင်း၌၎င်း၊ မြေကြီး၌၎င်း၊ မြက်အခင်း၌၎င်း အိပ်ရာ၏၊ ဤရှစ်ပါးသီလကို ဆင်းရဲ ကုန်ဆုံးခြင်းသို့ ရောက်တော်မူပြီးသော ရှင်တော်ဘုရား သည် ဟောပြတော်မူ၏။

ဤလောကဓာတ်ကြီးအတွင်း၌ မရေတွက်နိုင် များပြား ကုန်သော အဘိုးတန် ရတနာတို့သည် ပေါများလှပေ ကုန်၏၊ ဤရတနာတို့၏ကောင်းကျိုးပြုတရားသည် ရှစ်ပါး သီလနှင့် ပြည့်စုံသော ဥပုသ်သည်၏ တဆဲ့ခြောက်စိတ် စိတ်၍ တစိတ်မျှလည်းမမှီနိုင်ကုန် အလုံးစုံကြယ်တာရာ တို့၏အရောင်အလင်းသည် လရောင်ကို မမှီနိုင်သကဲ့သို့ပင် ဖြစ်ပေ၏။

ဝိသာခါ–ဤဆိုအပ်ပြီးသော တရားများသည် သီလ ကုသိုလ်စေတနာကြောင့် မြင့်မြတ်သောဘဝသို့ ရောက်နိုင်

ပြီးလျှင် လောကီချမ်းသာအမျိုးမျိုးကိုရရှိခံစားနိုင်ကြောင်း ကို ရှင်တော်ဘုရားဟောကြားခြင်းဖြစ်ပေသည်။

## လောကုတ္တရာအကျိုး

မိမိတို့၏ အကြောင်းကံပြည့်စုံ လုံလောက်နေသော ဥပုသ်သည်များဆိုလျှင် ဤဥပုသ်နေ့ အခါမျိုး၌ မိမိတို့၏ သန္တာန်၌ တဖွားဖွားဖြစ်ပေါ်နေသော နာမ်ဓာတ်တရား များ၏၊ ဖြစ်ပျက်ကို ရှုပွားဆင်ခြင်ပါလျှင် မဂ်ဝင်ဖိုလ်ရ ဟူသော လောကုတ္တရာ ကောင်းကျိုး ချမ်းသာသို့ ဆိုက် ရောက်နိုင်ပါကြောင်း။

ထင်ရှားစေပါဦးအံ့ သစ်ပင်ကြီး တပင်၌ အကိုင်း အခက်ပျက်စီးသော် အပွေးသည်လည်းပျက်စီးနိုင်၏၊ အခွံ အခေါက်သည်လည်း ပျက်စီးနိုင်၏၊ အကာသည်လည်း ပျက်စီးနိုင်၏၊ အနှစ်သည်လည်း ပျက်စီးနိုင်၏၊ ထို့အတူပင် သတ္တဝါတို့၏ လောကီလောကုတ္တရာ ကောင်းကျိုးဟူသမျှ သည် သီလလျှင် တည်ရာမှီရာရှိ၏၊ သို့ဖြစ်၍ သီလပျက်စီး ပါက သမာဓိပညာစသော အဆက်ဆက်သော ကောင်း ကျိုး တရားများသည် ဆင့်ကဲဆင့်ကဲ ပျက်စီး လာနိုင် ပေသည်။

ထို့ကြောင့်သီလကို မကျိုးမပေါက်အောင် ထိန်းသိမ်း စောင့်ရှောက်ပြီးလျှင် တနေ့လုံး စောင့်ထိန်း လာသော မိမိ၏သီလများကို ညနေအခါပြန်လှန်ဆင်ခြင်၍ စိတ်ကြည် လင်ခြင်း အဝိပ္ပဋိသာရဖြစ်ပေါ်လာရပေသည်၊ ဝမ်းမြောက် ခြင်းပါမောဇ္ဇနှင့် နှစ်သက်မြတ်နိုးခြင်း ပီတိတရားများသည် ဥပုသ်သည် ယောဂီ၌ အနည်းငယ်နှစ်သက်ခြင်း၊ ခုဒ္ဒကာ

ပီတိ၊ လျှပ်စီး ပျက်သည်ပမာ ခန္ဓာကိုယ်၌ စိမ့်ကနဲဖြစ်လာခြင်း ခဏိကာပီတိ၊လှိုင်းတံပိုးကြီးများပမာ ခန္ဓာကိုယ်၌ အိကနဲ အိကနဲ ဖြစ်ပေါ်ခြင်းသြက္ကန္တိကာပီတိ၊ အိအိဖြစ်ပေါ်သော သြက္ကန္တိကာပီတိ အားကောင်း မှုကြောင့် ကောင်းကင် လွင့်တက် သွားခြင်းဟူသော ဥဗ္ဗေဂါပီတိ၊ နှစ်သက်မှုတစိမ့်စိမ့် အချိန်ကြာကြာ ဖြစ်ပေါ်နေသော ဖရဏာပီတိငါးမျိုးတို့၏ အရသာကိုဥပုသ်သည်ယောဂီမှာ တွေ့ကြုံခံစားနေရပေသည်။

ထို့ကြောင့်—

မွေးညှင်းထခါ၊ ပီတိမှာ၊ ခုဒ္ဒကာဟုမှတ်။
လျှပ်စီးပြက်ခါ၊ ပီတိမှာ၊ ခဏိကာဟုမှတ်။
လှိုင်းတံပိုးရှိ၊ မြတ်ပီတိ၊ သြက္ကန္တိဟုမှတ်။
ပျံတက်အာကာ၊ ပီတိမှာ၊ ဥဗ္ဗေဂါဟုမှတ်။
ဆီထိအိခါ၊ ပီတိမှာ၊ ဖရဏာဟုမှတ်။

ဟု-မှတ်တမ်းပြုရပေသည် ဤပီတိသဘောသည် မိမိ၏ သီလအာရုံကို နှစ်သက်ခြင်း မြတ်နိုးခြင်း သဘောရှိပေ၏။ ကိုယ်စိတ်နှစ်ပါးကို ပြည့်ဖြိုးခြင်းကိစ္စရှိပေ၏၊ စိတ္တဇရုပ်ကို တိုးပွားခြင်းကိစ္စရှိပေ၏။

ကိုယ်စိတ်နှစ်ပါး၏ ဝမ်းမြောက်ကြည်နူးလာပါလားဟု တရားရှုပွားနေသောယောဂီဉာဏ်အားထင်ရှားဖြစ်ပေါ်၏။ ကြည်လင်လှသော စိတ်လျှင် နီးသော အကြောင်းရှိ၏။ ပီတိ၏ နှစ်သက်မှုကို အာရုံပေါ်၌ နစ်မြုပ် နေခြင်းကို ခွါပြီးလျှင် ဖြစ်ပျက်ရှုဆင်ခြင်ပါက ဥပုသ်သည်ယောဂီအား မဂ်ဖိုလ်ဟူသော ချမ်းသာထူးကြီးကို ခံစားနိုင်ပေသည်။

ပီတိမှတဆင့်တက်၍ ကိုယ်စိတ်နှစ်ပါးငြိမ်းခြင်းပဿဒ္ဓိ၊ ကိုယ်စိတ်နှစ်ပါးချမ်းသာကို ခံစားခြင်းသုခ၊ မိမိ၏စောင့် ထိန်းသီလပေါ်၌ တည်ကြည်ငြိမ်သက်ခြင်းသမာဓိ၊ တရား တို့သည် ဖြစ်ပေါ်ကြပြီးနောက် အမှန်မြင်အမှန်သိနိုင်သော ယထာဘူတဉာဏ်ဟူသော ဉာဏ်အဆင့်ဆင့် ပေါ်ပေါက်၍ ရုပ်နာမ်၌ ငြီးငွေ့ပြီးလျှင် အနုသယ ကိလေသာတွေကို ပယ်ဖျောက် ငြိမ်းအေးရာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာကို အမှန်ပင်ပိုဆောင်နိုင်ပေတယ်။

ထို့ကြောင့် မိမိတို့၏ စောင့်ထိန်းနေသော ရှစ်ပါးသီလ ဥပုသ်သည် လောကီ လောကုတ္တရာ ကောင်းကျိုးမှန်ကို ရွက်ဆောင်နိုင်သော အဘိုးတန်ဥပုသ်သီလ ဖြစ်ရအောင် ကျိုးစားအားထုတ် စောင့်ထိန်းနိုင်ကုန်ရာသည်၊ များသော အားဖြင့် စောင့်ရှောက်ကြသော ဥပုသ်သီလ များသည် ဘုရားလက်ထက်က၍ ယခုခေတ် အခါ တိုင်အောင် အဘိုးမတန်သောဥပုသ်သီလဖြစ်၍ နေတတ်ပေသည်။

အဘိုးတန် ဥပုသ်သီလဖြစ်ရအောင် တရားအားထုတ် ခြင်း၊ တရားနာခြင်း အထက်က ဟောပြော ပြပြီးသည့် အတိုင်း ဂုဏ်တော်တွေကို ဆင်ခြင်ပွားများ နေသူများ ဖြစ်ရပေမည်၊ သို့မှသာလျှင် အဘိုးမတန်သော ဥပုသ်မှ အဘိုးတန်သောဥပုသ်သို့ ဆိုက်ရောက်လာနိုင်ပေသည်။

ဘုရားရှင် လက်ထက်တော်က ကျောင်းတကာဖြစ်တဲ့ အနာထပိဏ်သူဌေးကြီး၌ ကာလဆိုသော သားတယောက် ရှိသည်၊ ကာလသည်ဘုရားကိုလည်းမကိုးကွယ်တရားတော် ကိုလည်း မနာယူ သံဃာတော်၏ အမှုကိစ္စကိုလည်း

မဆောင်ရွက်အိမ်သို့ကြွလာသောဘုရားနှင့် သံဃာတော်၏ အထံသို့လည်း မချဉ်းကပ်ပေ၊ အနာထပိဏ်သူဌေးကြီးသည် အမျိုးမျိုး သွန်သင် ဆုံးမသော စကားကိုလည်း မနာယူ ကိုးကွယ် အားထားမှီခိုရာမရှိတဲ့ ဘာသာမဲ့ တယောက်လို ဖြစ်နေ သောကြောင့် ဆင်းရဲ ဒုက္ခပွားရာ ငရဲသို့သာ လားရောက်ရပေသတည်း။

ငါကဲ့သို့ ကုသိုလ်ကောင်းမှု ပြုလုပ်နေသူ၏ သားဖြစ်လျက် အပါယ်လေးပါး ကျဆင်းရခြင်းသည် မသင့်လျော်ချေ၊ ဤလောက၌ ဥစ္စာကိုပေးသဖြင့် ဖြားယောင်း၍မရသောသူ မည်သည်မရှိ ငါ့သားကိုလည်း ဥစ္စာဖြင့် ဖြားယောင်း၍ရတနာသုံးပါးကိုကြည်ညိုစေတော့အံ့ဟုကြံစည်ပြီးလျှင် "ချစ်သား ဥပုသ်ကျင့်သုံးရန် ကျောင်းတော်သို့ သွားပြီးလျှင် တရားနာပြီးမှပြန်ခဲ့ပါလျှင် ငွေတရာသင့်အား ပေးအံ့ဟု" ပြောဆိုလေ၏။ ဘခင်-ငွေတရာ အမှန်ပင် ပေးမှာလားဟု သုံးကြိမ်တိုင်အောင် ပြန်လှန်မေးမြန်းပြီး၍ သုံးကြိမ်တိုင်အောင် ပဋိညာဉ်ဝန်ခံချက် ယူစေပြီးနောက် ဥပုသ်စောင့်ရန် ကျောင်းတော်သို့သွားပေ၏။

ကာလသတို့သားသည် ဥပုသ်တော့စောင့်ပေ၏ တရားကိုတော့ မနာယူဘဲ တချောင်တနေရာမှာ အိပ်ပြီးလျှင် စောစော စီးစီးပင် အိမ်သို့ ပြန်သွား လေ၏။ ကာလ သတို့သားအိမ်သို့ရောက်လာသည်ဆိုလျှင် ဘခင်သူဌေးကြီး သည်ဝမ်းမြောက်ဝမ်းသာလှ၍ ငါ့သားအတွက် စားဘွယ် သောက်ဘွယ်ကို ကျွေးမွေးစေ၏။ ကာလ သတို့သား သည်ကားဆိုလျှင် ငွေတရာမရသေး၍ ကျွေးမွေးသော

စားသောက် ဘွယ်များကို စိတ်မဝင်စားပေ ငွေတရာ ရပြီးမှသာလျှင် စားသောက်ပေ၏။

အနာထပိဏ် သူဌေးကြီးသည် မိမိလုပ်ဆောင်ချက် အောင်မြင်သည့်ကို ကောင်းစွာ ရိပ်မိသည်ဖြစ်၍ နောက် တဆင့်တက် ကြံစည်လာသည်မှာ ကာလ သတို့သားကို ငွေပို၍ပေးပြီးလျှင် တရားနာခိုင်းပါကအမှန်ပင် ယဉ်ကျေး သိမ်မွေ့လာပေလိမ့်မည်၊ ဤသို့အောက်မေ့ ဆင်ခြင်ပြီးလျှင် "ငါ့သားကျောင်းတော်သို့သွား၍ ဘုရားရှင်၏ ရှေ့တော် မှောက်မှာ နေထိုင်ပြီးလျှင် ရှိသေစွာ တရားကို နာယူ ပြီးတော့ တပုဒ်တလေမှတ်သား၍ လာနိုင်ပါက ကတော် သောဆုငွေကို ပေးမည်"ဟု အားပါးတရ ဝမ်းမြောက်စွာ ပြောကြားလေ၏၊ ကလျာဏမိတ္တ သူတော်ကောင်းကြီး၏ သားသမီးဖြစ်ရဒါ အဘယ်မျှလောက် အတိုးတန်တယ် ဆိုဒါဆင်ခြင်စဉ်းစားသာကြည့်ပေတော့ တန်ဘိုးမဖြတ်နိုင် လောက်အောင် အကျိုးများပေတော့မည်။

ကာလသတို့သားသည် မကြာမီပင် ကျောင်းတော်သို့ သွား၍ ရှင်တော်ဘုရား ရှေ့တော်မှောက်မှာ တည်နေ ပြီးလျှင် တခုသော တရားပုဒ်ကို မှတ်သား၍ အိမ်သို့ ပြန်အံ့ဟုသဘောထားခါတခုသောတရားပုဒ်ကို သင်ကြား နာယူနေပေတော့သည်။ ထိုအခါရှင်တော်မြတ်ဘုရားသည် ကာလ သတို့သားအား မမှတ်သား နိုင်သော အခြင်း အရာကို တန်ခိုးတော်ဖြင့် ပြုတော်မူပေ၏။ ကာလ သတို့ သားသည်လည်း ဤပုဒ်ကို မမှတ်မိနိုင်ပါက အထက် အထက်ဖြစ်သော တရားပုဒ်များကို မှတ်သားနိုင်လောက်

ရာ၏ဟု အောက်မေ့၍ တရားတော်ကို မှတ်မှတ်သားသား နာကြားနေသည်သာလျှင်တည်း။

တရားနာယူရာမှာဆိုလျှင် သင်ယူအံ့ဟု သဘောထား၍ နာကြားသော သူတို့သည်သာလျှင် ရိုသေစွာ မှတ်မှတ်သားသား နာကြားသည်မည်လေသောကြောင့် တရားကို နာစဉ်ပင် မဂ်ဝင်နိုင်ခြင်းဖြစ်ပေသည်။ ကာလ သတို့သားသည် သင်ယူအံ့ဟု သဘောထား၍ နာကြားနေပေတော့သည်သာလျှင်တည်း၊ ဘုရားရှင်ကလည်း မမှတ်မိနိုင်သော အခြင်းအရာကိုသာ တန်ခိုးတော်ဖြင့် ပြု၍ထားပေတော့၏။ ကာလသတို့သားသည် အထက်အပိုဒ် အထက်ပုဒ်များကို သင်ယူအံ့ အထက်အပိုဒ် အထက်ပုဒ်များကို သင်ယူအံ့ဟု သဘောထား၍သာ နာယူနေစဉ် သောတာပတ္တိဖိုလ်ဝင်၍ သွားပေတော့တယ်။

ကာလသတို့သားသည် အမှောင်ပျောက်၍ နောက်တနေ့ အလင်းရောက်တဲ့အခါ ကာလဦ့ဘုရားအမှူးရှိသော သံဃာတော်များနှင့်တကွ မြို့တွင်းသို့ ဝင်လေ၏၊ အနာထပိဏ်သူဌေးကြီး သည် ကာလသတို့သား၏ အမူအရာတွေ မြင်လိုက်ပါက အလွန်ပင်အားရ ကျေနပ် ပေတော့၏။ ကာလသတို့သားသည်လည်း ငါ၏ဘခင်သည်ဘုရားရှင်၏ ရှေ့မှောက်မှာ ငွေအသပြာတို့ကို မပေးလျှင် ကောင်းလေစွဟု စိတ်အကြံဖြစ်၍နေပေသည်။

ဘုရားရှင်ကလည်း ကာလသတို့သား၏ ဥပုသ်စောင့်ခြင်းသည် ငွေရလိုမှုအတွက် စောင့်ခြင်းဘဲဟု သိရှိထားပေသည်၊ သူဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာအား

ဆွမ်းခဲဘွယ် ဘောဇဉ်လှူဒါန်းပြီးလျှင် ကာလသတ္တိသား ကိုလည်းကျွေးမွေးစေ၏။ စားသောက်ပြီးကြသော နောက် ကာလမှာ သား၏ရှေ့၌ တထောင်သောငွေကို ထား၍စေ၍ ဤငွေသည် သင့်အလို့ငှာ သင့်အတွက် ငွေတထောင်ဟု ဆိုလျှင် ကာလသတ္တိသားသည် ဘုရားရှင်၏ရှေ့တော်၌ ငွေပေးသည်ကို တွေ့မြင်ရလျှင် ရှက်နိုး သောကြောင့် ကျွန်တော်သည် ငွေဖြင့် အလိုမရှိပါဟု ပြောဆိုလေ တော့သည်၊ ချစ်သားယူပါဟု ပြောဆိုသော်လည်း မယူ တော့ပေ။

## သောတာပတ္တိမဂ်ရခြင်း၏အကျိုး

ထိုအခါ အနာထပိဏ် သူဌေးကြီးသည် မြတ်စွာ ဘုရားကို အရှင်ဘုရား တပည့်တော်၏သားသည် အလွန် နှစ်သက်မြတ်နိုးစရာ ဖြစ်ပါ၏ဟု လျှောက်ထားလေ၏။ အဘယ်ပုံအားဖြင့် နှစ်သက်ဘွယ်ရာ အမူအရာရှိသနည်းဟု မေးခွဲသော် ရှေးရှေ နေ့ရက်များက ငွေရရှိမှ သာလျှင် စားဘွယ်များကို စားပါသည်၊ ယနေ့သည်ကား ဆိုလျှင် ငွေကိုပေးသော်လည်း အလိုမရှိပါ ဘုရားဟုလျှောက်ထား လေ၏။

သဗ္ဗညုရှင်တော်မြတ်ဘုရားသည် သူဌေးကြီးအလိုမရှိဒါ ဟုတ်မှန်ပေ၏။ သင်၏သားသန္တာန်၌ လူမင်း၊ စည်းစိမ် ထက်ဂုဏ်၊ နတ်ပြည် ဗြဟ္မာပြည် စည်းစိမ်ထက် ဂုဏ်၊ သောတာပတ္တိဖိုလ်သာလျှင် မြတ်လှပေ၏-ဟု မိန့်တော် မူ၍ အောက်ပါဂါထာကို ဟောကြားတော်မူပေသည်။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

ပထဗျာဧကရဇ္ဇေန၊ မြေပြင်အားလုံးကို အစိုးရသော လူမင်းထက်ရင်း။ သဂ္ဂဿ ဂမနေန ဝါ၊ နတ်ပြည်မြဲ့ဘွားပြည် ရောက်၍ နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်ကို ခံစားရခြင်း ထက်ရင်း။ သဗ္ဗလောကာဓိပစ္စေန၊ ကာမရူပ အရူပဟု ဘဝသုံးရပ် ဘုံသုံးထပ်ကို အုပ်ချုပ်ပိုင်သ အစိုးရနိုင်သော သုံးလောကရာဇာ မင်းမြတ်ကြီး ဖြစ်ရသည် ထက်ရင်း။ သောတာပတ္တိဖလံ၊ ရပ်နာမ် အပူဇာတ်ကင်းပြတ်၍ ငြိမ်း အေးရာခေတ်၌ ကိန်းဝပ်မနိုင်မသော မသောတာပတ္တိ မိုလ် ညာဏ်သည်။ ဝရံ၊ လောကီစည်းစိမ် လောကီဥစ္စာ လောကီ ရတနာအဖြာဖြာတို့ထက် ထူးချွန် ကဲမောက်အထွဋ်အထိပ် သို့ရောက်၍ မြတ်လှတော့သည်သာလျှင်တည်း။

မင်းအဖြစ် စသည်မှာဆိုလျှင် အပါယ်ဘေးမှ မကင်း လွတ် နိုင်သေး၍ အမြဲတမ်း ပူဆွေး နေရ ပေအုံးမည်၊ သောတာပန် ဖြစ်ရသည်ဆိုလျှင် အလွန်ဆုံး ရှစ်ဘဝသာ ရပ်နာမ်ဆင်းရဲရှိ၍ဘဝဇာတ်သိမ်းနိုင်ပေသည်၊ ထို့ကြောင့် အများတကာတို့ထက် အမြတ်ဆုံးဖြစ်တော့၏။

# (ည) မင်္ဂလာပေါက်ဖိုလ်ဝင်
# ဆွမ်းဒါနတရား

(၁၃၃၁-ခု သတင်းကျွတ် လပြည့်ကျော် (၁၁)ရက် ရေစကြိုမြို့နယ် ကျောမကြီးရွာ၌ ဟောကြားအပ်သည်)။

ပုညံ ဘိက္ခဝေ မာဘာယထ၊ ပုညံ ဘာယတော
သုခံ ဘာယတိနာမ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုညံ၊ ကုသိုလ်မျိုးစုံ အဖုံဖုံကို။ မာဘာယထ၊ မကြောက်ကြကုန်လေနှင့်။ ပုညံ၊ ကုသိုလ်မျိုးစုံ အဖုံဖုံကို။ ဘာယတော၊ ကြောက်သူအား။ သုခံ၊ ကိုယ်စိတ် ချမ်းသာခြင်းကို။ ဘာယတိနာမ၊ ကြောက်သည်မည်၏။

ကောင်းသော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတို့ကိုပြုခြင်းသည် ကုသိုလ်မည်၏။ ကုသိုလ်ကို အချိန်အခါမရွေး ပြုနိုင်သူဖြစ်ရမယ်၊ ကုသိုလ် ဟူသမျှသည် သတ္တဝါအပေါင်းတို့၏ မှီခိုအားထားရာဖြစ်၍ မြေ လေ ရေ မီး ဓာတ်ကြီးလေးပါး မဟာဘုတ်ကြီး လေးပါးနှင့် တူပေတယ်။

မြေဓာတ် ရေဓာတ် လေဓာတ် မီးဓာတ် ဟူကုန်သော ဓာတ်သဘာဝကြီးများကို မှီခို၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို ရရှိကြပေတယ်။ ဓာတ်ကြီးလေးဝနှင့်တူတဲ့ ကုသိုလ်မျိုးစုံကို အကြောင်းရင်းခံပြု၍ လူချမ်းသာ နတ်ချမ်းသာ ရယ်လို့ဖြစ်၍ နေကြပေတယ်၊ ထို့ကြောင့်လောကချမ်းသာ

မှုကို လိုလားသူများသည် မိမိတို့နှင့်သက်ဆိုင်ရာ မိမိတို့၏ ကျွမ်းကျင်ရာ လူမှုကိစ္စများကို မပျင်းမရိ ပြုလုပ်ဆောင်ရွက် ပါလျှင် ဤပစ္စုပ္ပန်လက်ငင်းဘဝ၌ ချမ်းသာခြင်းအထူးကို ရရှိသလိုပင် သံသရာချမ်းသာ နိဗ္ဗာန်မဂ်ဖိုလ် ချမ်းသာ လိုလားသူများသည် အမှန်မုချ ကုသိုလ်မျိုးစုံကို လုပ်နိုင်သူ ဖြစ်ကြရမယ်၊ သံသရာအတွက် စီးပွားဥစ္စာနှင့် နိဗ္ဗာန် မဂ်ဖိုလ်အတွက် ကုသိုလ်ကောင်းမှု စီးပွားဥစ္စာ များကို ရှာမှီးစုဆောင်းနိုင်သူဖြစ်ကြရမယ်။

ထိုကုသိုလ် ဥစ္စာများသည်ကားဆိုလျှင် တန်ဘိုးမဖြတ် နိုင်သော ကောင်းကျိုးချမ်းသာများကို အမှန်မုချ ဆောင် ရွက်နိုင်ပေတယ်၊ လောကီကောင်းကျိုးကိုလည်း လိုသလို ရနိုင်တယ်၊ လောကုတ္တရာ အကျိုးကိုလည်း မိမိတို့၏ ရည်မှန်းချက်အတိုင်း ပေါက်မြောက်အောင် ဆောင်ရွက် နိုင်တယ်။ ထို့ကြောင့် သာသနာတွင်း၌ ပြုလုပ်သမျှကုန် သောကုသိုလ်အလုံးစုံ၏တန်ဘိုးရှိပုံကိုရည်ရွယ်၍ အင်္ဂုတ္တိုရ် အဋ္ဌကထာဆရာကြီးက ဖွင့်ဆို ရေးသားထားသည်မှာ–

ယေသံ ပန ကုလာနံ တိဏ္ဏံ သရဏာနိ ပဉ္စသီလာနိ ဧကံ သလာကဘတ္တံ ဧကံ ပက္ခိကဘတ္တံ ဧကံ ဝဿဝါသိကံ ဧကော ပေါက္ခရဏီ ဧကော အာဝါသော ဝေဠုပါနိ နိဗဒ္ဓ ပုညာနိ အတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါ သောတာပန္နသဒိသာနေဝ တာနိ ကုလာနိ။

ဟု–သာသနာတွင်း ကုသိုလ် မျိုးစုံတို့၏ အကျိုးပေး မြနိုင်ပုံကို အရိယာ သောတာပန် ပုဂ္ဂိုလ်မြတ်နှင့် တန်းတူ ထားခါ ဖွင့်ဆိုတော်မူပေတယ်။

ပန၊ ဆက်၍ဆိုဦးအံ့။ တေသံကုလာနံ၊ အကြင်အမျိုးကောင်းသား အကြင်အမျိုးကောင်းသမီးတို့အား။ တီဏိသရဏာနိ၊ သရဏဂုံသုံးပါးတို့သည်ငှင်း။ ပဉ္စသီလာနိ၊ ငါးပါးကုန်သော သီလတို့သည်ငှင်း။ ကေံသလာကဘတ္တံ၊ တကြိမ်သော စာရေးတံဆွမ်းလှူဒါန်းခြင်းသည်ငှင်း။ ကေံပက္ခိကဘတ္တံ၊ လဆန်း ၈-ရက်ဖြစ်စေ လဆုတ် ၈-ရက်ဖြစ်စေ ဆွမ်းတကြိမ်တခါ လှူဒါန်းခြင်းသည်ငှင်း။ ကေံဝဿဝါသိကံ၊ ဝါဆိုသင်္ကန်းတထည် လှူဒါန်းခြင်းသည်ငှင်း။ကောပေါက္ခရဏီ၊ ရေတွင်းရေကန်တကြိမ်တခါတူး၍လှူဒါန်းခဲ့ဘူးခြင်းသည်ငှင်း။ကောအာဝါသော၊ကျောင်းတဆောင် ဇရပ်တဆောင်စသော အချမ်းအပူ ကာကွယ်ရန် အဆောက်အအုံ ပြုလုပ်ခြင်း သည်ငှင်း။ ဟောတိ၊ စေတနာအထူး ဖြစ်ပေါ်ဘူး၏။ ဝေရူပါနိ၊ ဤသို့သဘောရှိကုန်သော။ နိဗဒ္ဓပုညာနိ၊ အမြဲကုသိုလ်တို့သည်။ အတ္ထိ၊ ရှိကုန်၏။ တေသံကုလာနံ၊ ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးတို့အား။ ဂတိနိဗဒ္ဓါ၊ မြဲကုန်သော ဂတိရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိကုလာနိ၊ ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ သောတာပန္နသဒိသာနေဝ၊ သောတာပန်အရိယာ ပုဂ္ဂိုလ်နှင့် တူကုန်တော့သည်သာလျှင်တည်း။

အထက်ပါ အဋ္ဌကထာဆရာကြီး၏ ဆိုလိုရင်းစကားကိုအကျဉ်းချုပ်ခါ ပြဆိုရသော်- သာသနာတွင်း ကာလ၌ သာသနာတော်၏ အနှစ်အသားဖြစ်တဲ့ ဝဋ်ဆင်းရဲကင်းရာ

နိဗ္ဗာန်ချမ်းသာကို မြော်မှန်း၍ သီလသမာဓိပညာ အလုပ်စခန်းကြီးများကို ထူထောင်နိုင်ရန် အခြေခံဖြစ်တဲ့-

၁။ သရဏဂုံပြည့်စုံထားခြင်း။
၂။ အခြေခံသီလရှိထားခြင်း။
၃။ စာရေးတံ ဆွမ်းကျွေးခြင်း။
၄။ ပက္ခရက်များ၌ ဆွမ်းကျွေးခြင်း။
၅။ ဝါဆိုသင်္ကန်းကို ကပ်လှူခြင်း။
၆။ ရေတွင်း ရေကန်ကိုတူးဖော်ခြင်း။
၇။ ကျောင်းဇရပ်ဆောက်ခြင်း။

ဤသို့ အားဖြင့် သာသနာတော်နှင့် ကမ္ဘာ လောက အတွက်ပါ အထူးကျေးဇူးများတဲ့ ကုသိုလ်ကံများကို ပြုစုပြီးထောင်ခဲ့တယ်၊ ဤကုသိုလ်ကံများမှာဆိုလျှင် တခဏမျှ ပျောက်ပျက်နိုင်တဲ့ ကုသိုလ်မျိုး မဟုတ်ဘဲ အမြဲ တိုးပွားနေသော ကုသိုလ်မျိုးသာ ဖြစ်ပေတယ်၊ ယောနိသော မနသိကာရရှိတိုင်း တနေ့ တခြား၊ တလ တခြား၊ တနှစ် တခြား တိုးတက် များပြားနေ၍ ဓမ္မူပမာ အားဖြင့် သောတာပန် အသိဉာဏ်နှင့် တူပေတယ်၊ သောတာပန် ပုဂ္ဂိုလ်သည် ရုပ်နာမ်အပေါင်း၌ ငါကောင် ကိုယ်ကောင် အစွဲကင်းကွာပြီးလျှင် အကြောင်းမှန် အကျိုးမှန်ကို အမြဲပင် သိရှိနေ၍ ဥပါဒါန်အစွဲ ကင်းလွတ် မှုကြောင့် အပါယ် ဘေးမှ အချင်းခပ်သိမ်း ကင်းလွတ်နေသလိုပင် အထက်ပါ ကုသိုလ်မျိုးစုံတို့တွင် တမျိုးမျိုးနှင့်ပြည့်စုံနေပါက အမှန်မုချ အပါယ်ဘေးမှ ကင်းလွတ် နိုင်မှုကြောင့် အဋ္ဌကထာ ဆရာကြီးက သောတာပန္န သဒိသာနေဝ-ဟု ဖွင့်ဆိုတော်

မှူခြင်းဖြစ်တယ်၊ မပျက်မပြား အမြဲတိုးပွားနေသော ရေမြေတို့အလား လောကူပမာအားဖြင့်လည်း သိသာ ထင်ရှား ပေ၏။

မပျက်ပြား နိုင်သော ကုသိုလ်ဥစ္စာမျိုးဖြစ်၍ အနုဂါမိက ဥစ္စာလို့လဲ ခေါ်ဆိုရပေတယ်၊ အနုဂန္တွာ ဂစ္ဆန္တိ ပဝတ္တန္တိတိ အနုဂါမိကာ။ ယာစေတနာယော၊ အကြင်ကုသိုလ်စေတနာတို့သည်။ အနုဂန္တွာ၊ သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာသို့ အစဉ်လိုက်၍။ ဂစ္ဆန္တိ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ဖြစ်တတ်ကုန်သော သတ္တိကြောင့်။ တာစေတနာယော၊ ထိုစေတနာတို့သည်။ အနုဂါမိကာ၊ နုအဂါမိကတို့မည်ကုန်၏။

သုံးဆဲ့တဘုံ ကျင်လည်နေကြတဲ့ သတ္တဝါ တို့သည် တဘဝမှ တဘဝသို့ ရုပ်နာမ် အသစ်ပြောင်းလွဲ၍ ဖြစ်ပျက်သေဆုံးနေကြကုန်သော်လည်း ကံဆိုတဲ့ စေတနာ မျိုးစေ့ကလေးတို့သည် အစဉ်လိုက်ပါ၍ အကြောင်း သင့်တဲ့အခါ အကျိုးပေးရန် အခွင့်အလမ်းကိုသာ မြှော်လင့်၍ နေကြပေ တယ်၊ အခြားတပါး ကုန်သော ယောက်ိ ဥစ္စာတွေက ပျက်ပြားကုန်သော်လည်း အနုဂါမိက ကုသိုလ် ဥစ္စာတွေ ကတော့ အနုပါဒိသေသ ပရိနိဗ္ဗာန် မစံခင် အချိန်တိုင် အောင် ဘဝချမ်းသာအကျိုးပေးနိုင်ရန် ထင်ရှားရှိ၍ နေပေ တယ်။

ပျက်ပြားကောင်းသောဥစ္စာ၊ မပျက်ပြားကောင်းသော ဥစ္စာ နှစ်ချိုးတို့တွင် အနုဂါမိက ဥစ္စာသည် သုံးဆဲ့တဘုံ

ကျင်လည်ခိုက်မှာ မပျက်ပြားကောင်းသော ဥစ္စာတို့ ဖြစ်ကုန်၏၊ ဥစ္စာလေးမျိုး ရှိကြောင်းကိုလည်း ရှင်တော်ဘုရား ဟောကြားထားတော်မူခဲ့ပေ၏။

စတ္တာရိ မာနိ ဘိက္ခဝေ ဓနာနိ လောကသ္မိံ သန္တော သံဝိဇ္ဇမာနာနိ၊ ကတမာနိ စတ္တာရိ၊ ဇင်္ဂမောစ အင်္ဂမောစ နိဓာနောစ အနုဂါမိနိယောစ၊ ဣမာနိ ဘိက္ခဝေ စတ္တာရိ ဓနာနိ လောကသ္မိံ သန္တော သံဝိဇ္ဇမာနာနိ။

ဘိက္ခဝေ၊ ကုသိုလ်လိုလား အမျိုးကောင်းသား အမျိုးကောင်းသမီးတို့။ စတ္တာရိ၊ လေးမျိုးလေးစား ကုန်သော။ ဣမာနိ ဓနာနိ၊ လူသားတို့၏ အသုံးအဆောင် ဥစ္စာတို့သည်။ လောကသ္မိံ၊ သတ္တလောကကြီး၌။ သန္တော သံဝိဇ္ဇမာနာနိ၊ ထင်ရှားရှိကုန်၏။ စတ္တာရိ၊ လေးမျိုး ကုန်သော ဥစ္စာတို့သည်။ ကတမာနိ၊ အဘယ်သည် တို့နည်း။ ဇင်္ဂမောစ၊ လူတို့၏အသုံးအဆောင် ရွှေ့ပြောင်းရ ကောင်းသော ဇင်္ဂမဥစ္စာမျိုးသည်၎င်း။ အင်္ဂမောစ၊ လူတို့၏အခြေခံ ဖြစ်တဲ့ အတတ်ပညာ ဥစ္စာသည်၎င်း။ နိဓာနောစ၊ အခိုင်အမာ မြှုပ်နှံထားသော ဥစ္စာမျိုးသည်၎င်း။ အနုဂါမိနိယောစ၊ ရုပ်နာမ်သို့အစဉ်လိုက်တတ်သော ကုသိုလ် ဥစ္စာသည်၎င်း။ အတ္ထိ၊ မုချမသွေ ထင်ရှားရှိပေ၏။ ဘိက္ခဝေ၊ ကုသိုလ်လိုလား အမျိုးသား အမျိုးသမီးတို့။ စတ္တာရိ၊ လေးမျိုးကုန်သော။ ဣမာနိဓနာနိ၊ ဤဥစ္စာတို့သည်။ လောကသ္မိံ၊ လူ့ပြည်လောက၌။ သန္တော သံဝိဇ္ဇမာနာနိ၊ ထင်ရှားရှိကုန်၏။

အနုဂါမိက ခေါ်တဲ့ ကုသိုလ် ဥစ္စာသည် သာလျှင် လူ့နတ်ပြဟ္မာ့တို့၏ နောက်မှာ အစဉ်တစိုက်လိုက်လာနိုင်ကုန်တယ်၊ အခြားကုန်သော ရွှေ့ငွေ့တိုက်တာ့ ခြံဥယျာဉ်စသော ရပ်ဝတ္ထုပစ္စည်းတို့သည် ပျက်ပြား ဆုတ်ယုတ်၍ သတ္တဝါတို့၏ နောက်သို့ မပါနိုင်ပေကုန်၊ ပစ္စည်းကပင် ရှေးဦးစွာ စွန့်ခွါ သွားတတ် ပေကုန်၏၊ သတ္တဝါများ ကလည်း စွန့်ခွါသွားတတ် ပေကုန်၏၊ ကုသိုလ် စေတနာများသည်သာလျှင် သတ္တဝါ တို့၏ နောက်သို့ လိုက်နိုင်မှု ကြောင့် သတ္တဝါတို့၏ အားထား မှီခိုရာ ဖြစ်ပေတယ်။ ထို့ကြောင့် ဓမ္မပဒပါဠိတော်၌—

မနသာစေ ပဒုဋ္ဌေန၊ ဘာသတိဝါ ကရောတိဝါ။
တတောနံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။
မနသာစေ ပသန္နေန၊ ဘာသတိဝါ ကရောတိဝါ။
တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနုယာယိနီ။

ပဒုဋ္ဌေန၊ ပြစ်မှားသော။ မနသာ၊ စိတ်ဖြင့်။ စေဘာသတိဝါ၊ အကယ်၍မူလည်း ပြောဆိုငြားအံ့။ စေကရောတိဝါ၊ အကယ်၍မူလည်းပြုအံ့။ တတော၊ ထိုသို့ ပြောဆိုပြုလုပ် ခြင်းကြောင့်။ နံ၊ ထို လွန်ကျူး ပြစ်မှား သောပုဂ္ဂိုလ်ကို။ စက္ကံ၊ လှည်းဘီးစက်သည်။ ဝဟတော၊ လှည်းဝန်ထမ်းဆောင်နေသောနွား၏။ ပဒံ၊ ခြေရာသို့။ အန္ဝေတိဣဝ၊ အစဉ်လိုက်၍ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဒုက္ခံ၊ဆင်းရဲသည်။ အန္ဝေတိ၊ အစဉ်လိုက်၍ဖြစ်၏။

ပသန္နေန၊ ကြည်ညိုသော။ မနသာ၊ စိတ်ဖြင့်။ စေဘာသတိဝါ၊ အကယ်၍မူလည်း ပြောဆိုငြားအံ့။ စေကရော

တိ၀ါ၊ အကယ်၍မူလည်း ပြုငြားအံ့။ တတော၊ ထိုသို့ပြောဆိုပြုလုပ်ခြင်းကြောင့်။ ဆာယာ၊ အရိပ်သည်။ အနုယာယိနီဣ၀၊ အစဉ်လိုက်၍ ဖြစ်သကဲ့သို့။ နံ၊ ထိုသန့်ရှင်းကြည်လင်သောစိတ်ရှိ၍ ပြုလုပ် ပြောဆိုသူသို့။ သုခံ၊ ချမ်းသာသုံးပါးသည်။ အန္ဝေတိ၊ အစဉ်လိုက်၍ဖြစ်၏။

ကုသိုလ်ကံများသည် သတ္တ၀ါတို့၏ လူရိပ်ပမာကဲ့သို့ဌင်း၊ လှည်းဘီးသည် နွားနှစ်ကောင် ခြေရာနောက်သို့တကောက်ကောက်ပင် အစဉ်တစိုက် လိုက်နေဘိသကဲ့သို့ဌင်း၊ သတ္တ၀ါတို့၏ ကောင်းကျိုးဆိုးကျိုးကို သတ္တ၀ါတို့၏ပြုကြသည်အတိုင်း ကောင်းဆိုးနှစ်ပါး၏ အကျိုးကို ရွက်ဆောင် နေပေတယ်။ ကောင်းဒါ ပြုလုပ် ပြောဆိုလျှင်ကောင်းကျိုး ခံစားရ၍ မကောင်းဒါပြုလုပ် ပြောဆိုနေပါလျှင် မကောင်းကျိုးကို ခံစားရပေကုန်တယ်၊ ကောင်းဒါတွေပြုလုပ်ပါက ကောင်းကျိုးသုခတွေဆုံရ၍ စိတ်နှလုံးချမ်းမြတည်ကြည်ပြီးလျှင် ဈာန်မဂ်ဖိုလ် ဗောဓိဉာဏ် မဂ္ဂင်တရားများ၏ တိုးပွားလာပြီးလျှင် မဂ်ဉာဏ် ၀င်နိုင်သည်အထိအကျိုး သက်ရောက်နိုင်ကြောင်းကို အလွန်ထင်ရှားသောဝိနည်းမဟာ၀ါ ပါဠိတော်မှ ဝိသာခါ၀တ္ထုကို ထုတ်၍ဖော်ပြရပေဦးအံ့။

အခါတပါး ရှင်တော်မြတ်ဘုရားသည် သာ၀တ္ထိပြည်ဇေတ၀န်ကျောင်းတော်၌ သတင်းသုံး နေထိုင်တော်မူစဉ်ဝိသာခါ ကျောင်းအမကြီး၏ နက်ဖန်အတွက် ဆွမ်းစားပင့်ခြင်းကို လက်ခံတော်မူ၏။ ဆွမ်းစားသွားရန် နက်ဖန်အချိန်အခါ ကာလ၌ တိမ်တောင် တိမ်လိပ် တို့ဖြင့်

မဲမှောင်ကာ အရပ်လေးမျက်နှာ၌ မိုးသည်းထန်စွာ ရွာလေလျှင် ရဟန်းသံဃာတို့ကို မိုးရေချိုးရန် အမိန့်ရှိတော်မူတယ်။

ဝိသာခါ ကျောင်းအမကြီးသည် အိမ်၌ဆွမ်းပြင်မှု ကိစ္စပြီးဆုံးသောအခါ နိဋ္ဌိတံ ဘန္တေ ဘတ္တံ၊ ကာလော ဘန္တေ ဘဂဝါ-ဟု ဆွမ်းပြင်ခြင်းကိစ္စ ပြီးဆုံးပါပြီဘုရား ရှင်တော်မြတ်ဘုရား ဆွမ်းစားကြွရန် အချိန်တန်ပါပြီဘုရား၊ ဤသို့အားဖြင့် အခိုင်အစေမတယောက်ကို ကျောင်းသို့လွှတ်၍ လျှောက်ထားခိုင်းတယ်။

**တန်ခိုးတော်ဖြင့် ဆွမ်းစားကြွခြင်း**

ထိုအခါရှင်တော်ဘုရားသည် ရဟန်းသံဃာတော်တို့ကို သပိတ်သင်္ကန်း ယူဆောင်၍ ကွေးသောလက်ကို ဆန့်တန်း၊ ဘိသကဲ့သို့ ဆန့်တန်းသောလက်ကို ကွေးသကဲ့သို့ ရဟန်းသံဃာတော်နှင့်တကွ ရှင်တော်ဘုရားသည်ဝိသာခါအိမ်၏ တံခါးဝသို့ ပကတိအတိုင်းပင်မိုးသည်း အလွန်ကြီးမားစွာ ရွာသွန်း နေခိုက် ပုဆစ်လောက် ပေါင်လယ်လောက် ခါးလောက် အထိ မြို့တွင်းမှာ ရေတသွင်သွင် စီး၍ နေသော်လည်း မိုးရေတပေါက်မျှမထိမှန်ဘဲ ကြွလာတော်မူဒါကို အားလုံးပင်သိရှိ တွေ့မြင်တော် မူသောအခါ၌ အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ-ဟု အရှင်ဘုရား အလွန်အံ့ဩဘွယ် ဖြစ်ပါပေ၏၊ အရှင်ဘုရားမဖြစ်စဘူး အဖြစ်ထူးပါပေစွဟု ရဟန်းသံဃာတော်နှင့်တကွ ဝိသာခါ ကျောင်းအမကြီးတို့က အောက်မေ့မှတ်ထင်ကြကုန်တယ်၊ အလွန်လည်း အံ့ဩကြတယ်၊ အလွန်လည်း

ကြည်ညိုကြတယ်၊ သဒ္ဓါတရား မရှိသူလည်း သဒ္ဓါတရား ရှိလာကြတယ်။

ထင်ရှားစေပါဦးအံ့။ ဘုရားရှင်တို့မည်သည်မှာ တခါ တရံ ပကတိ သဘာဝအတိုင်း ကြွတော်မူ၍ တခါတရံ တန်ခိုး ဣဒ္ဓိပါဒ်ကို အသုံးပြု၍ ကြွတော်မူကြပေတယ်။

## တန်ခိုးဖြင့်ကြွပုံ

တန်ခိုးဖြင့် ကြွတော်မူမည်ဆိုလျှင် ဘုရားရှင်ကြွတော် မူရာ လမ်းခရီး၌ မညီညွတ်သော မြေအပြင်သည်ညီညွတ်၍ လာရပေတယ်၊ ကောင်းကင်မှ မိုဃ်းတိမ်တန်းကြီးသည် ထီးရိပ်ပမာမိုးကာ၍မကြွမီအချိန်အတွင်းကပင် တဖြောက် ဖြောက်ကြသော မိုဃ်းရေသည် လိုအပ် သလောက်ကို စိုစေ၍ ဖုံအခိုးတို့ကို မထအောင် ပြုလုပ် စီမံပေတယ်၊ ညှင်းညှင်း သာသာ လာသော လေပြေ လေအေးသည် အစဉ်တိုက်ခတ်လာ၍ အမှိုက်သရိုက်တို့ကို ရှင်းလင်းစေ ပြီးလျှင် ကောင်းသော အနံ့တို့ကို ယူဆောင် ပြီးလျှင် မကောင်းသော အနံ့တို့ကို ပယ်ဖျောက်၍ ကိုယ်ချမ်းသာ ခြင်း၊ စိတ်ချမ်းသာခြင်းတို့ကို ရွက်ဆောင်ပေတယ်။

ဘုရားရှင်၏ လိုသလို သုံးနိုင်သော ရောင်ခြည်တော် ခြောက်သွယ်တို့သည် ကြွရာလမ်းခရီး၌ ရောင်မျိုးစုံဟပ် ပြီးလျှင် မတုပနိုင်သော အလင်းရောင်တို့ဖြင့် ထွန်းလင်း တောက်ပြောင် နေမှုကြောင့် လူတို့၏ ဘယက်တန်ဆာ စိန်နားကပ် စိန်လယ်တုန် စိန်လက်စွပ် လက်ကောက် တန်ဆာစသော အသုံးအဆောင်တို့သည် ပကတိအရောင် ထက် ထွန်းလင်းတောက်ပြောင်နေမှုကြောင့် ငါတို့၏မြို့ရွာ

ငါတို့၏ရပ်ကွက် ငါတို့၏ လမ်းခရီး၌ ရှင်တော်ဘုရား ကြွတော် မူလိမ့်မည်ဆိုဒါကို ကြိုတင်သိရှိကြ၍ စိမံခန့်ခွဲ ပြီးလျှင် ဘုရားရှင်ဘက်သို့ မျက်နှာမူခါ ဘုရားရှင်ကိုသာ ဖူးမျှော်ရန် စောင့်လင့်၍ တမြော်မြော်ဖြင့် ဘုရားရှင် ကိုသာ အထူးသဖြင့် ကြည်ညို ပူဇော်ရအောင် အသီးသီး နေထိုင်ကြပေတယ်၊ တမြို့လုံး တရပ်ကွက်လုံး တအုံးအုံး ပေါ့လေ ပျော်တပြုံးပြုံးဖြင့် ရှင်လန်း နေကြပေသပေါ့ ယနေ့မှာဆိုလျှင် ဘယ်သူကို တရားရေအေး တိုက်ကျွေး၍ ချွတ်တော် မူလိမ့်မည်စသည်ဖြင့် တွေးတောမှု အဖုံဖုံဖြင့် ငါတို့တော့ ကျွတ်တမ်းဝင်တရား နာကြားရမည့် နေ့ထူး နေ့မြတ်ဘဲဟု အထူးကြည်နူး နေကြကုန်တယ်၊ သံသရာ တခွင်မှာ မရဘူး မဖြစ်ဘူးသေးတဲ့ ကုသိုလ်ကြီးများ ကိုလည်း ရရှိကြတော့မှာဘဲလို့ ဝမ်းမြောက်ဝမ်းသာ နေကြ ပေတယ်။

ဤနေ့လည်း ဝိသာခါ ကျောင်းအမအိမ်သို့ တန်ခိုးဖြင့် ကြွလာ၍ ဆွမ်းဘုန်းပေးပြီးသောအခါ ဝိသာခါ ကျောင်း အမကြီးသည် ရှစ်မျိုးကုန်သော ဆုတို့ကို ခွင့်ပြုတော် မူရန် ရှင်တော်ဘုရားအား လျှောက်ထားတယ်။

ဝိသာခါ လျှောက်ထား လိုကုန်သော ဆုများတို့သည် အပြစ်ကင်း၍ အပ်စပ်ပါကုန်၏ လောဟု မေးမြန်းတော် မူသောအခါ လျှောက်ထားကုန်သော ဆုတို့သည် အပ်စပ် ပါ၏၊ အပြစ်လည်း ကင်းလွတ် ပါကုန်၏ ဘုရား-ဟု လျှောက်ထားသောအခါ ရှင်တော်ဘုရားက အရှည်မျှော် ကိုး၍ ခွင့်ပြုတော်မူပေ၏။

## ဝိသာခါ လျှောက်ထားသော ဆုရှစ်မျိုး

၁။ တပည့်တော်မသည် အသက်ထက်ဆုံးသံဃာတော်အား မိုဃ်းရေခံသင်္ကန်း လှူခွင့်ပြုတော်မူပါဘုရား။
၂။ ဧည့်သည် သံဃာအား ဆွမ်းလှူခွင့် ပြုတော်မူပါဘုရား။
၃။ ခရီးသွား သံဃာအား ဆွမ်းလှူခွင့် ပြုတော်မူပါဘုရား။
၄။ နေထိုင် မကောင်းသော သံဃာအား ဆွမ်းလှူခွင့် ပြုတော်မူပါဘုရား။
၅။ သူနာပြု ရဟန်းသံဃာအား ဆွမ်းလှူခွင့်ပြုတော်မူပါဘုရား။
၆။ သူနာပြုရန် ဆေးလှူဒါန်းခွင့် ပြုတော်မူပါဘုရား။
၇။ အမြဲယာဂုဝတ်တည်ခြင်းကိုခွင့်ပြုတော်မူပါဘုရား။
၈။ ရေသနုပ်သင်္ကန်းကို လှူခွင့်ပြုတော်မူပါဘုရား။

### ဗုဒ္ဓအမေး

ဝိသာခါ-ဘယ်အကျိုးထူးကိုကောင်းစွာမြင်၍ငါဘုရားအား ဆုရှစ်မျိုး တို့ကို တောင်းပန် လျှောက်ထားဘိသနည်း။

### ဝိသာခါအဖြေ

၁။ ကျောင်းအမ ဝိသာခါ၏ မလျှောက်ထားမီ ရှေးအတိုကာလ၌ ရေသနုပ်သင်္ကန်း ခွင့်မပြုသေး မှုကြောင့် ကိုယ်ချည်းဗလာ ရေးချိုးနေကြ၍ ကိုယ်တုံးလုံး ရေချိုး

ခြင်သည် မတင့်မတယ် ရှုံ့ရှာဘွယ်ရှိ၍ ရေသနပ်သက်နိုး ခွင့်ပြုရန် လျှောက်ထားတောင်းပန်းခြင်း ဖြစ်ပါ၏ဘုရား။

၂။ အာဂန္တု ဧည့်သည်များသည် လမ်းခရီး၌ ဆွမ်းခံသွားရန် မကျွမ်းကျင်သေးပါ၍ မပင်မပန်း ဆွမ်းဘုန်းပေးနိုင်ရန် ဖြစ်ပါ၏ဘုရား။

၃။ ခရီးသွားရဟန်းသည် ဆွမ်းခံလှည့်လည် နေရပါက ခရီးကြန့်ကြာ၍ အခြားသူတို့မှ နောက်ကျနေ ပြီးလျှင် ခရီးသွားမှု ပျက်ပြားနိုင်ပါသောကြောင့် မပင်မပန်း ခရီးသွား လွယ်ကူစေရန်အသက်ထက်ဆုံးခရီးသွားဆွမ်းဝတ်ကို လှူခွင့်ပြုရန် တောင်းပန် လျှောက်ထားခြင်း ဖြစ်ပါသည်ဘုရား။

၄။ မကျန်းမမာသူ လူနာတို့အား လျောက်ပတ် ကုန်သော အစာအာဟာရ မရကြပါကုန်လျှင် အနာရောဂါ တိုးပွားနိုင်ခြင်းနှင့် သေဆုံးခြင်းဖြစ်နိုင်၍ အစာအာဟာရ ပြည့်စုံ၍ အနာရောဂါ မတိုးပွားနိုင်ရန် လူနာ ထမင်း, လူနာဆွမ်းကို လှူဒါန်ရန် လျှောက်ထားခြင်း ဖြစ်ပါသည် ဘုရား။

၅။ သူနာပြုများသည် မိမိအတွက် စားသောက် စရာ ရှာကြံနေရပါက လူနာတို့အား အချိန်မီ မလုပ်ကျွေးရမှုကြောင့် အစာအာဟာရပြတ်ကင်း၍ သေဆုံးခြင်း သို့ပင်ရောက်နိုင်၍ သူနာပြုအထောက်အပံ့ ထမင်းကို လှူဒါန်း ခွင့်ပြုရန် လျှောက်ထားခြင်းဖြစ်ပါသည် ဘုရား။

၆။ လူနာအား ဈေးကိုဆုံးခ်ိန်သော ဆေးပစ္စည်း မရ



၆။ လူနာအား လျောက်ပတ်သော ဆေးပစ္စည်း မရ ပါက အနာရောဂါ တိုးပွား၍ သေဆုံးနိုင် မှုကြောင့် လူနာ အထောက်အပံ့ ဆေးပစ္စည်းကို လှူဒါန်းခွင့်ပြုရန်လျှောက် ထားတောင်းပန်ခြင်း ဖြစ်ပါသည် ဘုရား။

၇။ ယာဂု လှူရခြင်း၏အကျိုး ဆယ်ပါးကို အန္ဓကဝိန္ဒ တောအုပ်၌ ရှင်တော်ဘုရား ဟောကြားထားသည်ကို သိရှိ နားလည်ပြီးဖြစ်၍ အမြဲ ယာဂုလှူခွင့် ပြုရန် တောင်းပန် လျှောက်ထားခြင်းဖြစ်ပါသည်ဘုရား။

၈။ အစိရာဝတီမြစ်အတွင်း၌ အဝတ်မပါ အချီး အနှီး ရေချိုးနေတာကို တွေ့မြင်ရ၍ လူသူလေးပါးပြောင်လှောင် ကဲ့ရဲ့ စရာ ဖြစ်၍ နေသောကြောင့် မတင့်မတယ် ရွံရှာ ဘွယ်ကို ကာကွယ်ရန်အကျိုးငှါ ရေသနုပ် သင်္ကန်း ရေလဲ ပိုင်းကိုခွင့်ပြုရန် တောင်းပန်ခြင်းဖြစ်ပါ၏ ဘုရား။

ဗုဒ္ဓအမေး

ဝိသာခါသည် ဘယ်အကျိုး တရား အဆက်ဆက်ကို မြော်မြင်၍ ငါဘုရားကို အထက်ပါဆုရှစ်မျိုးတို့ကို လျှောက် ထားတောင်းပန်ရ သနည်းဟု ရှင်တော်ဘုရားက နောက် ထပ်တဖန် မေးမြန်းတော်မူသည်။

မှတ်သားဘွယ်ရာ ဝိသာခါ အဖြေစကားရပ်

ဇမ္ဗူဒီပနိုင်ငံအတွင်း၌ အရပ် လေးမျက်နှာဝယ် နေထိုင် ကြကုန်သော ရဟန်းတော်တို့သည် ဘုရားရှင် သီတင်း သုံးရာ သာဝတ္ထိမြို့သို့ လာရောက်ကြကုန်၍ အရှင်ဘုရား- ဤအရပ် ဤဒေသ၌နေသော ဤအမည်ရှိသောရဟန်းသည် သေပါပြီဘုရား၊ ထိုရဟန်း၏ လားရောက်ရာ ဘဝသည်

အဘယ်ဘဝသို့ ရောက်ပါသနည်း၊ ထိုရဟန်းရရှိတဲ့ တရားထူး တရားမြတ်သည် အဘယ် တရား ဖြစ်ပါ သနည်း၊ သောတာပန် ဖြစ်ပါသလားဘုရား၊ သကဒါဂါမိ ဖြစ်ပါသလားဘုရား၊ အနာဂါမိ ဖြစ်ပါသလားဘုရား၊ ဘဝကင်းပြတ်သော ရဟန္တာ ဖြစ်ပါသလား ဘုရားဟု ရှင်တော်ဘုရား၏ အနီးအနားသို့ချဉ်းကပ်၍အကြောင်းအရာမျိုးစုံကို လျှောက်ထား တောင်းပန်ကြကုန်တယ်။

## ဗုဒ္ဓ၏ အဖြေ

ထိုအခါရှင်တော်ဘုရားသည် ဤသေလွန်သော ရဟန်းသည် လူ့ပြည်သို့ရောက်တယ်၊ နတ်ပြည်သို့ ရောက်တယ်၊ ဗြဟ္မာပြည်သို့ ရောက်တယ်၊ ဘဝကင်းပြတ် ရပ်နာမ်ဇာတ်သိမ်း ချုပ်ငြိမ်းတယ်၊ သောတာ ပတ္တိဖိုလ်၌ တည်တယ်၊ သကဒါဂါမိဖိုလ်၌ တည်တယ်၊ အနာဂါမိ ဖိုလ်၌ တည်တယ်၊ အရဟတ္တဖိုလ်၌ တည်တယ်၊ ဤသို့အားဖြင့် ဘဝဂတိနှင့်တကွ ရရှိကြသော မဂ်ဖိုလ် တရားများကို ကွဲကွဲပြားပြား ရှင်တော်ဘုရားက ရဟန်းတို့ကို ဖြေကြားတော်မူတယ်။

## ဝိသာခါ၏ တဆင့်အမေး

ထိုအခါ ဝိသာခါ ကျောင်းအမကြီးသည် ရဟန်းတို့ကို အရှင်ဘုရားတို့-ယခုပြန်တော် မူသွားကြတဲ့ သောတာပန် သကဒါဂါမိ အနာဂါမိ ရဟန္တာဆိုတဲ့ ပုဂ္ဂိုလ်ကြီးများသည် ရှေးအခါကာလက ဤသာဝတ္ထိမြို့သို့ ကြွလာဘူးပါကုန်သလား ဘုရား-ဟု ရဟန်းတော်တို့သို့ ကပ်ရောက်၍

သာသနာတော်ကို အလွန် ကြည်ညိုသော သဒ္ဓါတရား ရှိထား၍ နောက်တဖန် မေးမြန်းလျှောက်ထားတယ်။

ရဟန်းတော်များ၏အဖြေ

ကျောင်းအမကြီး ဝိသာခါ–နတ်ပြည်သွားတဲ့ ရဟန်း၊ ဗြဟ္မာပြည် သွားတဲ့ ရဟန်း၊ လူ့ပြည်ပြန်၍ လူဖြစ်တဲ့ ရဟန်း၊ သောတာပန်ဖြစ်တဲ့ ရဟန်း၊ သကဒါဂါမိ ဖြစ်တဲ့ ရဟန်း၊ အနာဂါမိဖြစ်တဲ့ရဟန်း၊ ရဟန္တာဖြစ်တဲ့ ရဟန်း များသည် ဤသာဝတ္ထိမြို့သို့ ဘယ်အချိန် ဘယ်ကာလ ဘယ် ရက်များက လာဘူးကြတယ်၊ ဘယ်လောက် ကြာအောင် နေဘူးကြတယ်ဟု ရဟန်းတော်များက ဖြေကြား ကြတယ်၊ ချီးမွမ်းစကား ပြောကြားကြတယ်၊ အနာဂတ် သာသနာ ရေး၌ အထောက်အပံ့ များစွာဖြစ်ပုံကို မြှော်မြင် စကား အားပေးကြတယ်။

ဝိသာခါဖြစ်ပေါ်လာသော တရားဘာဝနာ

ထို ပြန်လွန်တော် မူသွားတဲ့ အရိယာ သူတော်စင် သူတော်မြတ် များသည် ငါလှူဒါန်းထားတဲ့ မိုးရေခံ သင်္ကန်းများကိုဧဝင်း၊ ဧည့်သည်အာဂန္တု ဆွမ်းများကိုဧဝင်း၊ ခရီးသွားအား လှူဒါန်းထားသောဆွမ်းများကိုဧဝင်း၊ လူနာ အား လှူဒါန်းထားသော ဆွမ်းများကိုဧဝင်း၊ သူနာပြုအား လှူဒါန်းထားသော ဆွမ်းများကိုဧဝင်း၊ လူနာ ဆေးပစ္စည်းကို ဧဝင်း၊ အမြဲဝတ်တည်ထားသော ယာဂုကိုဧဝင်း ဧကံမုချ ဘုန်းပေး သုံးဆောင်ဘူးလေပြီဟု ဆုံးဖြတ်ချက် ချကာ ဝမ်းမြောက် ဝမ်းသာဖြင့် လှူဒါန်းထားရခြင်းကို အစဉ် အောက်မေ့၍ကြည်နူးနှစ်သက် နေပေတော့၏။

## မဂ်ဉာဏ်ပေါ်ပုံ

လှူဒါန်းထားသော ဒါနဝတ္ထုကို အစွဲပြု၍-

၁။ ပါမောဇ္ဇ ဖြစ်လာပေတယ်။
၂။ နှစ်သက်မှု ပီတိ ဖြစ်လာပေတယ်။
၃။ ကိုယ်ငြိမ်သက်ခြင်း ပဿဒ္ဓိ ဖြစ်လာပေတယ်။
၄။ ချမ်းသာခြင်း သုခဝေဒနာ ဖြစ်လာပေတယ်။
၅။ စိတ်တည်ကြည်ခြင်း သမာဓိ ဖြစ်လာပေတယ်။
၆။ စိတ် တည်ကြည် လာပြီဆိုက ဣန္ဒြေ ငါးပါးကို ပွားများနိုင်ခြင်းဟူသော ဣန္ဒြိယ ဘာဝနာ ဗိုလ် ငါးပါးကို ပွားများနိုင်ခြင်းဟူသော ဗလဘာဝနာ ဗောဇ္ဈင်္ဂ ခုနစ်ပါးကို ပွားများ နိုင်ခြင်း ဟူသော ဗောဇ္ဈင် ဘာဝနာတို့သည် အစဉ်အတိုင်း ဖြစ်လာပါ၏-ဘုရား။

အထက်ပါ အကျိုးတရားများကို မြော်မြင်၍ ရှင်တော်ဘုရားအား ရှစ်မျိုး ကုန်သော ဆုများကို တောင်းပန် လျှောက်ထားခြင်း ဖြစ်ပါသည်ဘုရားဟု ရှင်တော်ဘုရား၏ အမေးကို ဖြေကြားတော်မူ၏။

ရှင်တော်မြတ်ဘုရားသည် သာဓု-သာဓု-သာဓု-သုံးကြိမ် ခေါ်တော်မူ၍ ဝိသာခါ ကျောင်းအမကြီး၏ လျှောက် ထားခြင်းကို ခွင့်ပြုတော်မူတယ်။

ဝိသာခါ ကျောင်းအမကြီးသည် အနာဂတ် သာသနာ ထွန်းကားရေးနှင့် မိမိကုသိုလ်တရား အထူး တိုးပွားနိုင်ပုံ လျှောက်ဆိုပေတယ်၊ ဣန္ဒြေဗိုလ် ဗောဇ္ဈင်ဆိုတဲ့ တရားများ

သည့် မဂ်ဉာဏ်ကို ရင့်သန်စေတတ်တဲ့ ခေတ်ထူး ခေတ်မြတ် ဖြစ်ပေတယ်။

ရှင်ရာဟုလာအား ဟောကြားအပ်သော ဝိမုတ္တိပရိပါစိနိယ တရား တဆဲ့ငါးတွင် တပါးပါး မှီဝဲခြင်း ရှောင်ကြဉ်ခြင်း ဆင်ခြင်ခြင်းဟု သုံးမျိုးပြားပေတယ်၊ ဥပမာ သဒ္ဓိန္ဒြေဆိုပါက သဒ္ဓါတရားရှိသူကို ပေါင်းသင်းမှီဝဲ၍ သဒ္ဓါတရား မရှိသူကို ရှောင်ကြဉ်ရပေတယ်၊ သဒ္ဓါတရားနှင့် သက်ဆိုင်သော ဗုဒ္ဓါနုဿတိ စသော ဘာဝနာ တရားများ ကိုသာ ရွတ်ဘတ်သရဇ္ဈာယ် ပွားများ နေထိုင်ရမယ်၊ ဤသို့ ပြုလုပ်ပါက သဒ္ဓါတရားအားကောင်း၍ လာပေတယ်၊ ဝီရိယိန္ဒြေ စသည့်တို့၌လည်း အတူပင်တည်း။

ဆောင်ပုဒ်။ ။ဣန္ဒြေငါး၀၊ မြတ်ဓမ္မကဲ့၊ မှီဝဲ ရှောင်ကြဉ်၊ ဆင်ခြင်စဉ်းစား၊ ဆဲ့ငါးပါးသည်၊ တရား မဂ်ဖိုလ်၊ ရကြောင်းဆို၏။

ဝိသာခါ ကျောင်းအမကြီး သည်လည်း မိမိ ပြုသော ဒါနကုသိုလ်ဂုဏ်ကို အာရုံပြု၍ စာဂါနုဿတိ ပွားများမှုဖြင့် ဣန္ဒြေဗိုလ်တရားများ ရင့်ကျက်၍ လာနိုင်ပုံကို ရှင်တော်ဘုရားက ဝမ်းမြောက် ဝမ်းသာဖြင့် အောက်ပါ တရားဒေသနာကို ဟောကြားတော်မူတယ်။

ယာ အန္နပါနံ ဒဒါတိ မောဒိတာ သီလူပပန္နာ သုဂတဿသာဝိကာ ဒဒါတိ ဒါနံ အဘိဘုယျ မစ္ဆရံ သောဝဂ္ဂိကံ သောကနုဒံ သုခါဝဟံ ဒိဗ္ဗံ သာ လဘတေ အာယုံ အာဂမ္မ မဂ္ဂံ ဝိရဇံ အနင်္ဂဏံ သာ

ပုညကာမာ သုစိနီ အနာမယာ သဂ္ဂမှိကာယမ္ဟိ စိရံ ပမောဒတိ။

ဝိသာခေ၊ ဝိသာခါ။ သုဂတဿ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်ဘုရား၏။ သာဝိကာ၊ တပည့်မ ဖြစ်သော။ ယာဥပါသိကာ၊ • အကြင် ပေးလှူ တတ်သော ဒါယိကာမသည်။ အန္နပါနံ၊ ဆွမ်းအဖျော် ဟူသော အလှူတော်ကို။ ဒဒါ၊ ပေးလှူရ၍။ အတိပ္ပမော ဒိတာ၊ အလွန်ဝမ်းမြောက်ပေ၏။ သီလူပပန္နာ၊ ကိုယ်ကျင့် သီလနှင့် ပြည့်စုံပေ၏။ မစ္ဆရံ၊ ဝန်တို နှမြောခြင်းကို။ အတိဘုယျ၊ နှိပ်စက်လွှမ်းမိုး၍။ သောဝဂ္ဂိကံ၊ နတ်ပြည် ရောက်ကြောင်း ဖြစ်ထသော။ သောကနုဒံ၊ စိုးရိမ်ပူပန် ခြင်းကို ပယ်ဖျောက်တတ်ထသော။ သုခါဝဟံ၊ ချမ်းသာ သုံးတန်ကို ဆောင်ရွက်နိုင် ထသော။ ဒါနံ၊ လှူဒါန်း ပေးကမ်းခြင်းကို။ ဒဒါတိ၊ ပေးကမ်းလှူဒါန်း၏။ သာဥပါ သိကာ၊ ထိုပေးလှူတတ်သော ဒါယိကာမသည်။ ဝိရဇံ၊ တပ်နှစ်သက်ခြင်း ရာဂကင်းထသော။ အနင်္ဂဏံ၊ အပါယ် လားကြောင်းကိလေသာ မရှိထသော။ မဂ္ဂံ၊ မဂ်တရားကို။ အာဂမ္မ၊ ရောက်၍။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ အာယုံ၊ အသက် ရှည်ခြင်းကို။လဘတေ၊ရ၏။ ပုညကာမာ၊ကုသိုလ်ကောင်းမှု ကိုအလိုရှိသော။သုခိနီ၊ ချမ်းသာခြင်းနှင့်ပြည့်စုံသော။အနာ မယာ၊ နာဖျားခြင်း မရှိထသော။ သာဥပါသိကာ၊ ပေးလှူ တတ်သောတကာမသည်။ သဂ္ဂမှိကာယမှိ၊ နတ်ပြည်လော က၌။ စိရံ၊ကြာမြင့်စွာ။ ပမောဒတိ၊မွေ့လျော်ရ၏။ ။ဤသို့ အားဖြင့် အနုမောဒနာတရားစကားကို ဟောတော်မူ၏။

# (၃) သာသနာပြု ဒါနတရားတော်

(ကျောမကြီးရွာ ကထိန်ပွဲ၌ ဟောကြားသည် ၁၃၃၁ ခု သတင်းကျွတ်လ)

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော။
သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊
အနုတ္တရံ ပုညခေတ္တံ။

လောကေ၊ ကာမရူပ အရူပဟု ဆိုအပ်သော ဘဝ သုံးရပ် ဘုံသုံးထပ်၌။ ဗုဒ္ဓေါ၊ အမှန်တရားတွေကို ဝိပဿနာ ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်ဖြင့် မှန်သည် အတိုင်း သိတော်မူနိုင် မြင်တော်မူနိုင်သော ရှင်တော် ဘုရားသည်။ သမုပ္ပန္နော၊ ကောင်းစွာမသေ့ ပွင့်ထွန်း ပေါ်ပေါက်လာတော်မူပေသည် ရှိသော်။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါတို့၏။ ဟိတာယ၊ လောကီးစီပွား လောကုတ္တရာစီးပွား ဖြစ်ထွန်းခြင်းအကျိုးငှာ။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပါပေ၏။ လောကေ၊ ဖြစ်ပျက်မစဲ ဘုံသုံးပါး ဟူသော သံသရာရေယဉ်ဝဲ၌။ ဓမ္မော၊ အမှန်သိမြင် ဘုရားရှင်၏ အမှန်တရားတော်သည်။ သမုပ္ပန္နော၊ ချိုမြိန်လှစွာသော ပျားဝတ်ရည်ပမာ ကောင်းစွာ ဖြစ်ထွန်းလာသည်ရှိသော်။ သဗ္ဗပါဏိနံ၊ သတ္တဝါအဖုံဖုံ အလုံးစုံတို့၏။ သုခါယ၊ လူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာ အလို့ငှာ။ ဥပ္ပဇ္ဇတိ၊

ဖြစ်ပေါ်လာပေ၏။လောကေ၊ အပျက်ကြီးမားဘုံသုံးပါး၌။ သံဃော၊ ကလျာဏပုထုဇဉ်သံဃာ အရိယာသံဃာသည်။ သမုပ္ပန္နော၊ ကောင်းစွာ ပေါ်ပေါက်သည်ရှိသော်။ သဗ္ဗ ပါဏိနံ၊ သက်ရှိမျိုးစုံ သတ္တဝါအဖုံဖုံတို့၏။ အနုတ္တရံ၊နှိုင်းဆ ကင်းကွာအတုမရှိ မြင့်မြတ်စွာသော။ပုညခေတ္တံ၊ကုသိုလ်မျိုး စုံ အဖုံဖုံကို စိုက်ကုန် ကြဲချရာမြေကောင်းသဘွယ်ဖြစ်ပေ၏။

ဆိုလိုရင်း အဓိပ္ပါယ်မှာ။ ဘုရားပွင့်တော် မူလာတဲ့ အတွက်ကြောင့်သတ္တဝါတို့၌ စီးပွားမျိုးစုံဖြစ်ထွန်းနိုင်တယ်၊ ပြုလုပ်စရာ ကျင့်ကြံစရာ ပွားများစရာ ဒါနသီလ ဘာဝနာ တရားတွေသည် ဘုရားရှင်ညွှန်ပြလို့ ထင်ရှားဖြစ်ပေါ် နေသည့်အတွက်ကြောင့် သတ္တဝါတို့၌ လိုက်နာကျင့်ကြံ ပြုလုပ်သူဆိုပါက လူနတ်နိဗ္ဗာန် သုံးတန်သော အကျိုးကို ကောင်းကောင်းကြီး ရရှိနိုင်တယ်၊ အဘိုးထိုက်တန်သော အလှူခံ သံဃာဝတော်တွေ ပေါ်ပေါက် နေသည့်အတွက် ကြောင့် သတ္တဝါတို့၌ အလှန်အဆင့်အတန်း မြင့်သော သိက္ခာသုံးပါး ထွန်းကားရာ ဗုဒ္ဓုပ္ပါဒနဝမခေတ်ကာလ၌ အမြော်အမြင်အသိဉာဏ်ယှဉ်၍ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား အမျိုးကောင်း သမီး များသည် သာသနာတော်ကြီးတနေ့တခြားစည်ပင်လာရန်သာသနာ တော်သုံးရပ်ကိုချီးမြှောက်သောအနေအားဖြင့် ဥပါသကာ ဥပါသိကာမသီလ၌ တည်ရှိကြကုန်ပြီးလျှင် သာသနာတွင်း ဒါန သာသနာတွင်းသီလ သာသနာတွင်း ဘာဝနာ တရားထူးများကို မိမိတို့၏ ဇွဲလုံ့လ အသိဉာဏ် အား လျော်စွာ ပြုလုပ်ကြိုးစားကြရတယ်။

ချွဲ၍ပြပါဦးအံ့။ လောက၌ ဘုရားပွင့်တော်မူတယ်ဆိုဒါ ဘုန်းကံ ပါရမီရှိသူနှင့် ဇွဲလုံ့လ ပြည့်စုံသူတို့၌ အလွန် အဘိုးထိုက် တန်သော သာသန အဆီ အနှစ် ဖြစ်တဲ့ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသော အကျိုးထူးကို ယခုဘဝ၌ပင် ရရှိခံစားနိုင်သော အခွင့်အရေး ထူးကြီး များကို ကောင်းစွာပင်ရရှိနိုင်ကြပေတယ်၊ အဘယ့်ကြောင့် ဆိုသော် ဗုဒ္ဓုပ္ပါဒ နဝမခေတ်၌လူဖြစ်ကြရသောကြောင့်ပင် ဖြစ်ပေတယ်။

အပါယ်လေးပါးကျရောက်နေခြင်း မဂ်ဉာဏ်ဖိုလ်ဉာဏ် မဖြစ်ထွန်းနိုင်တဲ့ ပစ္စန္တရစ်မှာ လူဖြစ်ရခြင်း ရုပ်သာရှိ၍ နာမ်မရှိသော အသညသတ် ဗြဟ္မာဖြစ်ရခြင်း၊ နာမ်သာ ရှိ၍ ရုပ်မရှိသော အရူပဗြဟ္မာဖြစ်ရခြင်း၊ အသိဉာဏ် ခေါင်းပါးသော လူရိုင်း ဖြစ်ရခြင်း၊ ဤသို့သော ရုပ်ပစ် ရှစ်ပါးနှင့် ကြုံကြိုက်နေပါက အဘယ်မှာလျှင် သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာတို့ကို ဖြည့်ကျင့် ဆည်းပူးနိုင် တော့မှာလဲ၊ လူရိုင်း, လူအ,လူဖြစ်ရကျိုးမနပ်လှဘဲ စားခါ သောက်ခါ ကာမဂုဏ် ပျော်ရွှင်စွာဖြင့် အချိန်တွေကို ကုန်လွန်စေပြီးတော့ အဘိုးထိုက်တန်သော ကံမျိုးစေ့ ဉာဏ်မျိုးစေ့ တွေကို သာသနာတော်ဟူသော မြေကောင်း မြေမြတ်ကြီး၌ မကြဲချတတ်မှု မကြဲချနိုင်မှုကြောင့် အလွန် ဆင်းရဲတဲ့ အပါယ်သို့ပင်သက်ဆင်းနိုင်ပေတယ်၊အထက်ပါ သာသနာတွင်း မျိုးစေ့တွေဆိုဒါ အလွန် ထူးချွန်သော အသိဉာဏ်ရှင် ကလျာဏမိတ္တ ဆရာကောင်း မိဘကောင်း အဆွေခင်ပွန်း ကောင်းကြီးများနှင့် ဆုံစည်း သူများသာ

ရရှိနိုင်သော အခွင့် အရေး ထူးကြီးများ ဖြစ်ပေကုန်သည်။

အချို့သူများမှာဆိုလျှင် သာသနာတော် တည်းဟူသော နေ့ရောင် လရောင် ကြီးများသည် လောကခေတ်ကြီး အတွင်း၌ ထွန်းလင်း တောက်ပြောင်နေပါလျက် ပါရမီ မျိုးစေ့ ကံ ဥစ္စလုံ့လ အတန်တန်တို့၏ ချို့တဲ့နေမှုကြောင့် မိဘဆရာဟူသော ကလျာဏမိတ္တနှင့် မကြုံကြရ၍ သာသန အခွင့်အရေးထူးကြီးများကိုမခံစားကြရပေကုန်၊ ထို့ကြောင့် သာသနာတော်တွင်း၌ သတိသမ္ပဇဉ် ဉာဏ်ရှင်၍ ဘာသာ ရေးကိစ္စများကို အသိဉာဏ်မှန်ရှိသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ် မြတ်ကြီးများကို လေးလေးစားစား တိုင်ပင် ပြောကြား၍ အကျိုးများမြတ်အောင် ပြုလုပ်ဆောင် ရွက်သင့်ပေတယ်။

ဤသို့မဟုတ်ပါဘဲ အသိဉာဏ်မှာ ရှေ့ဆောင်၍ ပြုလုပ် ပြောဆိုကြစည်စိတ်ကူး စိတ်ရူး စိတ်နောက်ဖြင့်ရောက်တတ် ရာရာ ငါ့မြင်းငါစိုင်း ညောင်ကိုင်းထိထိဆိုသလို ထင်ရာ လုပ်ကိုင်ပါက အကျိုးများသင့်သလောက် မများရုံသာမက ကောင်းသောအလုပ်ကို လုပ်ကိုင်ပါလျက် ကောင်းကျိုးပင် ဆုတ်ယုတ် ပျက်ပြား နည်းပါးနိုင်၍ သုဂတိ အဟိတ် အကျိုးကို ပေးနိုင်ပေတယ်၊ ကောင်းမှုကံပြုကြဆိုဒါ အကျိုး ရှိရန် လုပ်ဆောင်ခြင်းဖြစ်၍ မိမိလည်း ကောင်းကျိုးရှိ၍ သူတပါးကိုလည်း ကောင်းကျိုးရှိအောင် လုပ်ဆောင်ပါက ဘုရားစသော သူတော်ကောင်းပညာရှိကြီးများ၏ ချီးမွမ်း စရာဖြစ်ပေကုန်သည်။

ကုသိုလ်ပြုတယ်ဆိုဒါ မိမိကိုယ်တိုင်လည်း ဒါန သီလ ဘာဝနာကို ကြိုးစားအားထုတ်ရတယ်၊ သူတပါးကိုလည်း မိမိလိုပင် ကုသိုလ်တရား တိုးပွားလာအောင် သာသနာပြု လိုသော မြင့်မြတ်သော စိတ်ထားဖြင့် လှူဒါန်းချင် လာအောင် သီလ ဆောက်တည် ဖြစ်အောင် တရား အားထုတ် ဖြစ်အောင် တိုက်တွန်း နှိုးဆော်ရ ပေတယ်၊ သဒ္ဓါတရားမရှိသူ သဒ္ဓါတရားနည်းပါးသူများကို သဒ္ဓါ တရားရှိလာအောင် သဒ္ဓါတရားများလာအောင် ဇွဲလုံ့လ မရှိသူကို ဇွဲလုံ့လရှိလာအောင်တိုက်တွန်း နှိုးဆော်ရတယ်၊ အသိပညာနည်းပါးသူကို အသိပညာ ပြည့်စုံလာအောင် နည်းလမ်းမှန်ညွှန်ပြရပေပြရတယ်။

ဤကဲ့သို့ ပြုလုပ်ပါလျှင် မိမိလည်း ပစ္စုပ္ပန် သံသရာ ကျေးဇူးများတယ် သူတပါးလည်း ပစ္စုပ္ပန်သံသရာကျေးဇူး များတယ်၊ သာသနာပြုခြင်း ကိစ္စမျိုးဖြစ်၍ သသနာတော် လည်း စည်ပင်ပြန့်ပွားတယ်၊ သာသနာပြုကုသိုလ်လုပ်ကိုင် နိုင်တယ်ဆိုဒါ ဖြည့်ဆည်းပူးသော အတိတ် ကုသိုလ်ကံ ရှိသူများသာ သာသနာတော် မြတ်ကြီးနှင့် တွေ့ဆုံ၍ သာသနာတော်ကြီးကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟတို့ဖြင့် ချီးမြှောက်နိုင်ပေကုန်သည်၊ ကုသိုလ်ကံ ပါးရှားသူများမှာ ဆိုလျှင်သာသနာနှင့် ပတ်သက်သောအသိပညာဆိတ်သုဉ်း ဖနမှုကြောင့် သာသနာတော်ကို မချီးမြှောက် နိုင်ကြ ပေကုန်၊ သာသနာတော်၌ ရသင့်ရထိုက်သော သီလ သမာဓိပညာ အခွင့်အရေးကြီးများမှလည်း ဆုတ်ယုတ် ကြရပေကုန်သည်။ ထို့ကြောင့်–

သာသနံ ပုညဝန္တသာ၊ ပုညဝန္တာဝ, လာဘိနော။
အပ္ပပုညာ ကရဟစိ၊ ပဋ္ဋကျိတုမဝိသယာ။

ပုညဝန္တသာ၊ ဘုန်းကံရှိသော ပုဂ္ဂိုလ်၏။ သာသနံ၊ သာသနာထုံးပါးကို။ ပုညဝန္တာဝ၊ ဘုန်းကံကြီးမားသူများတို့သည်သာလျှင်။ လာဘိနော၊ ကောင်းစွာပိုင်ပိုင်ရနိုင်ကြပေကုန်၏။ အပ္ပပုညာ၊ ဘုန်းကံနည်းသူတို့သည်။ ကရဟစိ၊ တရံတခါမျှ။ ပဋ္ဋကျိတုံ၊ ချီးမြှောက်ခြင်းငှာ။ အဝိသယာ၊ အရာမဟုတ်နိုင်ပါကုန်။

ဤသို့အားဖြင့် သာသနာတော်မြတ်ကြီးကို ချီးမြှောက်နိုင်ရန်ခဲယဉ်းပုံကို မှတ်သားကြရမယ်၊ မိမိသူတပါးအကျိုးများတဲ့ သာသနာပြုဒါန ကုသိုလ်မျိုးကို ပြုလုပ်သူဆိုပါလျှင် လောကဥ္စလည်း လူချစ်ခင်များပြား၍ စည်းစိမ်ဥစ္စာ အခြံအရံ ပေါများတယ်၊ ဤသို့စသော အားဖြင့် လောကီ လောကုတ္တရာ အကျိုးများသည် တနေ့တခြား တိုးပွား၍ လာနိုင်ပေကုန်သည်။

အခါတပါး ရှင်တော်ဘုရားသည် သာဝတ္ထိပြည်ဝယ် ယခုကုသိုလ်ပြုသော အခမ်းအနားလိုပင် မြို့သူမြို့သားများ စုပေါင်း၍ ကောင်းမှု ကုသိုလ်မင်္ဂလာပွဲကြီး၌ မှတ်သားဘွယ်ရာဖြစ်တဲ့ အောက်ပါ တရားဒေသနာတော်ကြီးကို ဟောကြားတော်မူပေတယ်။

ဧကစ္စော အတ္တနာဝ ဒါနံ ဒေတိ ပရံ နသမာဒပေတိ၊ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ဘောဂသမ္ပဒံ လဘတိနော၊ ပရိဝါရသမ္ပဒံ။ ဧကစ္စော အတ္တနာ ဒါနံ နဒေတိ၊ ပရံ သမာဒပေတိ၊ သော နိဗ္ဗတ္တ

> နိဗ္ဗတ္တဋ္ဌာနေ ပရိဝါရသမ္ပဒံ လဘတိ နော ဘောဂ သမ္ပဒံ။ ဧကစ္စော အတ္တနာစ ဒါနံ နဒေတိ ပရေစ နသမာဒပေတိ၊ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ဘောဂ သမ္ပဒံ နော လဘတိ ပရိဝါရသမ္ပဒံ နော လဘတိ ဝိဃာသာဒေါ ဟုတွာ ဝိစရတိ။ ဧကစ္စော အတ္တ နာစ ဒါနံ ဒေတိ ပရေစ သမာဒပေတိ၊ သော နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ ဘောဂသမ္ပဒဉ္စ လဘတိ ပရိဝါရ သမ္ပဒဉ္စာတိ။

ဣဓ၊ ဤသိက္ခာသုံးပါး ဟောပြရာ သာသနာတော်မြတ်၌။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ အတ္တနာဝ၊ မိမိကိုယ်တိုင်သာလျှင်။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ ပရံ၊ သူတပါးကို။ နသမာဒပေတိ၊ မတိုက်တွန်းမနှိုးဆော်။ သော၊ ထိုမိမိလှူဒါန်း၍ သူတပါးကို မတိုက်တွန်းသူသည်။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်ရာဖြစ်ရာဘုံဘဝ၌။ ဘောဂသမ္ပဒံ၊ စည်းစိမ်၏ ပြည့်စုံခြင်းကို။ လဘတိ၊ ရ၏။ ပရိဝါရသမ္ပဒံ၊ အခြံအရံ၏ပြည့်စုံခြင်းကို။ နောလဘတိ၊ မရနိုင်။

ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ အတ္တနာ၊ မိမိကိုယ်တိုင်။ ဒါနံ၊ အလှူကို။ နဒေတိ၊ မပေးလှူ။ ပရံ၊ သူတပါးကို။ သမာဒပေတိ၊ တိုက်တွန်းနှိုးဆော်၏။ သော၊ ထိုမိမိမလှူဒါန်းမူ၍ သူတပါးကိုလှူရန် တိုက်တွန်း နှိုးဆော်သောသူသည်။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်ရာဖြစ်ရာဘုံဘဝ၌။ ပရိဝါရသမ္ပဒံ၊ အခြံအရံ၏ ပြည့်စုံခြင်းကို။ လဘတိ၊ ရနိုင်၏။ ဘောဂသမ္ပဒံ၊ စည်းစိမ်၏ ပြည့်စုံခြင်းကို။ နော လဘတိ၊ မရနိုင်။

ကေစ္စွာ၊ အချို့သောပုဂ္ဂိုလ်သည်။ အတ္တနာစ၊ ကိုယ်တိုင်လည်း။ ဒါနံ၊ အလှူကို။ နဒေတိ၊ မပေးလှူ။ ပရဥ္စ၊ သူတပါး ကိုလည်း။ နသမာဒပေတိ၊ မတိုက်တွန်း မနှိုးဆော်။ သော၊ ထိုမိမိလည်းမလှူဒါန်းသူတပါးကိုလည်း လှူဒါန်းရန် မတိုက်တွန်းသူသည်။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ဖြစ်ရာဖြစ်ရာဘုံဘဝ၌။ ဘောဂသမ္ပဒံ၊ စည်းစိမ်ပြည့်စုံခြင်းကို။ နေဝလဘတိ၊ မရနိုင်။ ပရိဝါဒသမ္ပဒံ၊ အခြံအရံ ပြည့်စုံခြင်းကို။ နေဝလဘတိ၊ မရနိုင်။ ဝိဃာသာဒေါ၊ စားကြွင်းစားသည်။ ဟုတွာ၊ ဖြစ်၍။ ဝိစရတိ၊ လှည့်လည်၏။

ကေစ္စွာ၊ အချို့သောပုဂ္ဂိုလ်သည်။ အတ္တနာစ၊ ကိုယ်တိုင်လည်း။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ ပရဥ္စ၊ သူတပါးကိုလည်း။ သမာဒပေတိ၊ တိုက်တွန်းနှိုးဆော်၏။ သော၊ ထိုမိမိလည်းပေးလှူ သူတပါးကိုလည်း တိုက်တွန်းနှိုးဆော်သူသည်။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်ရာ ဖြစ်ရာဘုံဘဝ၌။ ဘောဂသမ္ပဒဥ္စ၊ စည်းစိမ်ပြည့်စုံခြင်းကိုလည်း။ လဘတိ၊ ရနိုင်၏။ ပရိဝါရသမ္ပဒဥ္စ၊ အခြံအရံပြည့်စုံခြင်းကိုလည်း။လဘတိ၊ ရနိုင်၏။ဣတိ၊ ဤသို့အားဖြင့်။အဝေါစ၊ ဟောကြားတော်မူ၏။

ဤဒေသနာတော်မြတ်ကြီး၏ ဆိုလိုရင်း ဟောတော်မူလိုရင်း အဓိပ္ပါယ်မှာဆိုလျှင်–

၁။ အချို့သော ပုဂ္ဂိုလ်သည် ငါဘုရား၏ သာသနာတော်၌ မိမိသာလျှင် ပေးကမ်းလှူဒါန်း၍ သူတပါးတို့ကို ပေးလှူဖြစ်အောင် တိုက်တွန်း နှိုးဆော်ခြင်းကို မပြုပေ၊ မိမိသာပြု၍ သူတပါးကို ကုသိုလ်ပြုရန် မတိုက်တွန်းသော

ပုဂ္ဂိုလ်သည် ဖြစ်လေရာဘဝတို့၌ စည်းစိမ်ဥစ္စာပေါများ၍ အခြံအရံနည်းပါးခြင်း ဟူသောအကျိုးကို ပေးတတ်သည်။

၂။ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် ဒါနမပြုလုပ်ပါဘဲ သူတပါးကိုတော့ လှူဒါန်းရန် တိုက်တွန်း နှိုးဆော်တတ်သော ပုဂ္ဂိုလ်မျိုးသည် သားသမီး တပည့် အခြွေအရံသာ ပေါများ၍ ဥစ္စာပါးရှားဆင်းရဲ နွမ်းပါးတတ်ပေသည်။

၃။ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် ကလည်း မပေးလှူ သူတပါးကိုလည်း ပေးလှူဒါန်းအောင် မတိုက်တွန်း မနှိုးဆော်သောသူသည် ဖြစ်လေရာဘဝ၌ စည်းစိမ်ဥစ္စာပါးရှား ဆင်းရဲနွမ်းပါး၍ သားသမီး တပည့်တပန်းနည်းပါးတတ်သောကြောင့် စားကြွင်းစားဖြစ်၍ ကံသစ်မဆက် ကံဟောင်း သက်သက်ဖြင့် လှည့်လည်သွားလာနေထိုင်သူမည်ပေသည်။

၄။ အချို့သော ပုဂ္ဂိုလ်သည် မိမိ ကိုယ်တိုင်လည်း ပေးလှူ၍ သူတပါးကိုလည်းလှူရန် တိုက်တွန်းနှိုးဆော်ပေးသောသူသည် ဖြစ်လေရာဘုံဘဝများ၌ စည်းစိမ်လည်း ပေါများ သားသမီးစသော အခြွေအရံကလည်း ထွန်းကား၍ တင့်တင့်တယ်တယ် ပြည့်စုံလှပေကုန်သည်။

ယခုအခါ တရားနာယူကြကုန်သော ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းများ သည်လည်း (၄) နံပါတ်ပုဂ္ဂိုလ်မျိုး ဖြစ်ရန် အထူးသတိထား၍ ကြိုးစားကြရမယ်၊ ယခုလို သာသနာရောင်ဝါ ထွန်းလင်းချိန်အခါမှာ မိမိသူတပါး အကျိုးများနိုင်သော သာသနာပြု ဒါန သီလ ဘာဝနာ

ကုသိုလ်ထူးကြီးများကို အားရပါရ ဖြည့်ဆည်းသင့်ပေ ကုန်သည်၊ ဤသို့စသောအားဖြင့် ဘုရားရှင် တရားဟော ကြားတော်မူသောအခါ တရားပွဲအတွင်း၌ ရှေ့နောက် မြော်မြင် လိမ်မာသော တကာတယောက်၏ ကြီးစည် စိတ်ကူးပေါက်လာသည်မှာ ငါသည်ဘုရားရှင် ဆုံးမသည့် အတိုင်း အကျိုးနှစ်ပါးကို ရနိုင်သော ကောင်းမှုကုသိုလ် မျိုးကို ပြုရပေတော့အံ့ဟု ဝမ်းမြောက်နှစ်မြိုက်၍ သဗ္ဗညု ဘုရားထံသွားပြီးလျှင် ဘုရားရှင်နှင့်တကွ နောက်ပါသံဃာ တော်တို့ကို နက်ဖန်အတွက် ဆွမ်းစားကြွရန် လျှောက်ထား ပါလျှင် ဘုရားရှင်သည် သည်းခံ သာယာစွာ [illegible]မူလေ၏။ ဘုရားရှင်နှင့်တကွ သံဃာတော်များကို ဆွမ်းစားပင့်သော နိမန္တန်ဆော်တကာသည်လည်း မြို့တွင်းသို့ဝင်၍ တအိမ် မကျန် လှည့်လည် နှိုးဆော်သောအခါ နှမြောတတ်သော ဗိဠာလပဒက သူဌေး၏ နေရာအိမ်သို့ ရောက်ရှိသွား ပေသည်။

ဗိဠာလပဒက သူဌေးသည် အနည်းငယ်အနည်းငယ် စီသော လက်သုံးချောင်းဖြင့် ကော်ယူ၍ ဆန်ကိုထည့်လှူ၏ အာလူး ကြက်သွန် ငြုတ်စသော ချက်ပြုတ်စရာပစ္စည်း တို့ကို ပေးလှူဒါန်း၏။ နှမြောတတ်သော ဗိဠာလပဒက သူဌေး၏ တွေးဆကြံစည်ပုံမှာ ဤသူငယ်သည် ကိုယ်တတ် နိုင်သလောက် လှူဒါန်းလျှင် ပြီးစီးနိုင်ပါဘဲဟု နှမြော တတ်သော ပုဂ္ဂိုလ်တို့၏ သဘောထားအတိုင်းတွေးတော၍ အလှူခံနိမန္တန်ဆော် တကာအပေါ်၌ မကြည်မသာဖြစ်၍ အနည်းငယ်စီလှူသူကိုနှိမ်၍ များများစားစား လှူဒါန်းသူကို

ပရိသတ်အလယ်၌ ချီးမြှောက် ပြောဆို နေမည်လားဟု မကြေမချမ်းသော စိတ်အရင်းခံဖြင့် နိဗ္ဗာန်ဆော်တကာ၏ အပေါ် အထင်လွဲမှားနေပေသည်။

နိဗ္ဗာန်ဆော် တကာသည် သူထင်တိုင်း မဟုတ်ပါချေ နက်ဖြန်ခါ နောက်တနေ့၌ ဘုရားအမှူးရှိသော သံဃာကို ဆွမ်းကျွေးပြီးလျှင် အရှင်မြတ်ဘုရား ဤကုသိုလ်ပြုခြင်းသည် တပည့်တော်တဦးတယောက် မဟုတ်ပါကုန်ဘုရား အများ စုပေါင်း၍ တတ်နိုင် သလောက် ပါဝင် လှူဒါန်းကြ ကုန်သော ကုသိုလ်မျိုးဖြစ်၍အားလုံးအများပင်ကောင်းကျိုး ရှိပါစေ ဘုရားဟု လျှောက်သောအခါ ဗိဠာလပဒက သူဌေးသည် စိတ်လယ်၍ ဤနိဗ္ဗာန်ဆော် အမျိုးသားသည် အမှန်စင်စစ် ငါထင်သလို မဟုတ်ပါပေကုန် ညီမျှသော သဘော ထားရှိ၍ အများ ကောင်းကျိုး ဆောင် ဖြစ် ပေသည်။

ငါသည်မနောကံအားဖြင့် မဟုတ်တာတွေကို ကြံစည် စိတ်ကူး၍ ဤနိဗ္ဗာန်ဆော်အမျိုးသားကို ပြစ်မှား လွန်ကျူး မိပေ၏၊ ငါသည်အပြစ်ရှိလျှင် အပြစ်ရှိသည်အလျောက် တောင်းပန် ဝန်ချ ကန်တော့မှ သင့်လျော် ချေမည်ဟု သဘောမှန်နားလည်၍ နိဗ္ဗာန်ဆော် အမျိုးသားကိုသည်းခံ ကျေနပ်ရန် တောင်းပန်သောအခါ အကြောင်းခြင်းရာ မျိုးစုံကို ပြန်လှန်၍ မေးမြန်းလေလျှင် ဗိဠာလပဒကသည် အစမှစ၍ မိမိသဘောထား ရိုင်းစိုင်းပုံ ဖြစ်ကြောင်းကုန် စင်ကို နိဗ္ဗာန်ဆော် အမျိုးသားအား အမှန်အတိုင်း တောင်းပန်၏။

နိဗ္ဗာန်ဆော် တကာနှင့် ဗိဋ္ဌာလပဒက သူဌေးတို့၏ အချင်းချင်း ပြောကြားနေသောစကားကို ရှင်တော်ဘုရား ကြားသိ၍ ခေါ်ဝေါ်မေးမြန်းပြီးလျှင် အောက်ပါတရား စကားကို မိန့်ကြားတော်မူပေသည်။

လှူဒါန်းအပ်သော ဝတ္ထုပစ္စည်း၏ နည်းခြင်း များခြင်း သည်လိုရင်းမဟုတ်လှဘဲ မိမိတို့၏ သန္တာန်၌ ဖြစ်နေသော အသိဉာဏ်မှန် ထက်သန်၍ ဖြူစင် မြင့်မြတ်သော စိတ် စေတနာသာ လိုရင်းဖြစ်ပေသည် စိတ်စေတနာ မြင့်မြတ် ဖြူစင်ပါက အကျိုးတရားလည်း ဖြစ်ရာဘုံဘဝ၌ မြင့်မြတ် ဖြူစင်သော ကောင်းကျိုးရှိပေကုန်၏။

မှတ်ချက်။ ၊ ဤပါဠိတော်၌ စိတ်စေတနာ ထက်သန် ခြင်းကို လိုရင်းဟောပေသည် အချို့သော ပါဠိတော်၌ အလှူခံပုဂ္ဂိုလ်ကို လိုရင်းထား၍ ဟောကြား ပေသည်၊ အချို့သောပါဠိတော်၌ အလှူပေး ဒါယကာကိုလိုရင်းပြု၍ ဟောကြားပေသည်၊ စိတ်စေတနာဖြူစင်စွာဖြင့် အသိဉာဏ် ယှဉ်ခါ အနည်းငယ်သော ပစ္စည်းကိုပင် လှူဒါန်းသော် လည်း အကျိုးများနိုင်ပုံကို ဟောကြားတော်မူသည်မှာ—

မာဝ မညေထ ပုညဿ၊
နမန္တံ အာဂမိဿတိ။
ဥဒဗိန္ဒု နိပါတေန၊
ဥဒကုမ္ဘောပိ ပူရတိ။
ပူရတိဓီရော ပုညဿ၊
ထောကံထောကံပိအာစိနံ။

မန္ဒံ၊ အနည်းငယ်ပြုသော ကုသိုလ်သည်။ နအာဂမိ သတိ၊ ကောင်းကျိုးချမ်းသာ မလာရောက်နိုင်လတံ့။ ဣတိ၊ ဤသို့အားဖြင့် နှလုံးသွင်း၍။ ပုညဿ၊ အနည်းငယ်ပြုသော ကုသိုလ် ကောင်းမှုကို။ မာဝမညေထ၊ မထေမဲ့မြင် မပြု ကုန်ရာ။ ဥဒဗိန္ဒုနိပါတေန၊ ရေတပေါက်ပေါက်ကျရောက် နေခြင်းဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးငယ် ရေအိုးကြီး အသွယ်သွယ်သည်လည်း။ ပူရတိ၊ တဖြေးဖြေးတိုးခါပြည့်၍ လာပေ၏။ ဧဝံ၊ ဤတဖြေးဖြေးကျရောက်သော ရေပေါက် အလား။ဓီရော၊ ကြောင်းကျိုးမြင်သိ ပညာရှိသည်။ပုညဿ၊ ကုသိုလ်မျိုးစုံ အဖုံဖုံကို။ ထောကံ ထောကံ၊ အနည်းငယ် အနည်းငယ်။ အာစိနံ၊ ဆည်းပူးသည်ရှိသော်။ ပူရတိ၊ တိုးပွားကာ အကျိုးရင့်သန်ထွားကြိုင်အောင်ပြည့်စုံလာ၏။

ထင်ရှားစေပါဦးအံ့။ ဤလူလောက၌ဖြစ်စေ သာသနာတော်တွင်း၌ဖြစ်စေ ထင်ရှားရှိ၍ နေကြကုန်သော ရဟန်းရှင်လူ ခပ်သိမ်းသူတို့သည် ကောင်းမှုကုသိုလ် ပြုကြတဲ့ အခါကာလများ၌ ငါပြုတဲ့ ကုသိုလ်သည် နည်းပါးတယ်၊ ငါပြုတဲ့ ကုသိုလ်သည် များပြားတယ်ဟု မအောက်မေ့ကြရဘူး၊ အနည်းငယ်ပြုသော ကုသိုလ်ပင် ဖြစ်သော်လည်း စေတနာဖြူစင်၍အလှူခံ အလှူပေး မွန်မြတ်ပါက အောင်မြင်သော ကောင်းကျိုး တရားများသည် ဒီရေအလား တိုးပွား၍ လာနိုင်ပေကုန်တယ်။

ဥပမာအားဖြင့် ရေကို ကိုယ်ချမ်းသာ စိတ်ချမ်းသာမှု အတွက် အသုံးပြုလို၍ ကြီးမားသော သံပုံးကြီးတခုဖြင့် ရေကျရာအရပ်မှ ရေခံလိုသူသည်—

၁။ ကျဆင်းနေသော ရေလည်းရှိရပေသည်။
၂။ ကောင်းမွန်သော ရေခံအိုးခွက် စည်ပိုင်းလည်း ရှိရပေသည်။
၃။ သုံးဖြစ်ရန် ရေစင်ကြယ်မှုလည်းရှိရပေသည်။

ဤအတူပင် ကိလေသာ ခေါင်းပါးရန် ကျင့်ကြံနေဆဲ ကျင့်ကြံနေပြီးဖြစ်သော သေက္ခ အသေက္ခ အလှူခံပုဂ္ဂိုလ်လည်း ထင်ရှားရှိရပေသည်၊ ဓမ္မိယလဒ္ဓပစ္စည်းဝတ္ထုလည်း ဖြစ်ရပေသည်၊ တရားသောနည်းလမ်းနှင့်ယှဉ်၍ရအပ်သော ပစ္စည်းလေးပါးသည် ဓမ္မိယ လဒ္ဓပစ္စည်းဟု ခေါ်ဆိုအပ်ပေ၏။

ခွဲ၍ဖွင့်ပြပါအံ့ လှူဘွယ်ဝတ္ထုသည် လှူဒါန်းသင့်သော အလှူမျိုး မလှူဒါန်းသင့်သော အလှူမျိုးဟု နှစ်စားပင်ရှိပေကုန်သည်၊ လှူဒါန်းသင့်သောအလှူမျိုးဆိုဒါ ဆွမ်း,သင်္ကန်းကျောင်း,ဆေးဟု ဝိနည်းပိဋကတ်လာ ပစ္စည်းလေးပါးဖြစ်ပေတယ်၊ သုတ္တန် ပိဋကတ်မှာတော့ ဆွမ်း,အဖျော်,အဝတ် သင်္ကန်း,ယာဉ်,ပန်း,နံ့သာ, နံ့သာပျောင်း, အိပ်ရာ, နေရာ, ကျောင်း,ဆီမီးဤသို့အားဖြင့် လှူဘွယ်ဆယ်မျိုးလာပေတယ် အဘိဓမ္မာပိဋကတ်မှာတော့ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဆိုတဲ့ အာရုံခြောက်ပါးအလှူ ဖြစ်ပေတယ်၊ဤဆိုအပ်ခဲ့ပြီးသောပိဋကတ်သုံးပုံ၌ လာရှိ ကုန်သော အလှူဒါနများသည် လှူသင့်လှူကောင်းသော အလှူဝတ္ထုပစ္စည်းများဖြစ်၍ ဓမ္မိယလဒ္ဓပစ္စည်းဟု ခေါ်အပ်ကုန်၏။

မလှူကောင်းတဲ့ဒါန ဤလောက၌ အလှူခံ အလှူပေးတို့၏ အကျင့်သိက္ခာကို ဆုတ်ယုတ် ပျက်ပြားနိုင်သော

ပေးလှူပုံမျိုးဆိုဒါ ဘိန်းဘင်း ကဇော် လျှော်စာအရက် အစရှိသော မူးယစ်စေတတ် ကုန်သော ဝတ္ထုမျိုး၊ အတီး အမှုတ် အကအခုန် အစရှိသော ပွဲလမ်းသဘင်ဝတ္ထုမျိုး၊ ကာမဂုဏ်ကိစ္စဖြစ်တဲ့ မာတုဂါမ ဝိသဘာဂဝတ္ထုမျိုး၊နွားမတို့၏အတွင်းသို့နွားထီးကိုသွင်းခြင်းအစရှိသောဥသဘဒါန ဝတ္ထုမျိုး၊ အာရုံ၌ ယစ်မူး၍ မြူးထူးကြရလေအောင် ကြံဖန် ဆောင်၍ ရေးသား ထုလုပ်ထားသော ယောက်ျားရုပ် မိန်းမရုပ်စသော ပန်းချီးဆေးရေး ရုပ်ဝတ္ထုမျိုး၊ ဤဆိုအပ်ခဲ့ ပြီးကုန်သော ပစ္စည်းငါးမျိုးကို မလှူအပ်ပေကုန် လှူပေ တယ်လို့ ကုသိုလ်ရတယ်တော့ မဟုတ်ပေဘူး၊ ထို့ကြောင့် ရှင်တော်ဘုရား ဟောကြားသည်မှာ-

ပဉ္စ ဒါနာနိ ဘိက္ခဝေ အပုညာနိ ပုညသမ္မတာနိ
လောကသ္မိံ၊ ကတမာနိပဉ္စ မဇ္ဇဒါနံ သမဇ္ဇဒါနံ
ဣတ္ထိဒါနံ ဥသဘဒါနံ စိတ္တကမ္မဒါနန္တိ။

ဘိက္ခဝေ၊ လှူသင့်မလှူသင့်ကို နိုင်းချင့်တွေးဆ၍ အမှန် တရားကို သိရှိနားလည်လိုကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့။ လောကသ္မိံ၊ လူ့ပြည် လူ့ရွာ၌။ အပုညာနိ၊ ကောင်းမှုမဟုတ်ပါကုန်လျက်။ ပုညသမ္မတာနိ၊ ကောင်းမှုဟု ခေါ်ဝေါ် သမုတ်အပ်ကုန်သော။ ဒါနာနိ၊ အလှူဝတ္ထုတို့သည်။ပဉ္စ၊ငါးပါးတို့ပင်တည်း။ ကတမာနိပဉ္စ၊ အဘယ်ငါးပါး တို့နည်း။ မဇ္ဇဒါနံ၊ အရက် ဘိန်းဘင်း မူးယစ်ခြင်းရှိသော ဒါနမျိုးငှင်း။ သမဇ္ဇဒါနံ၊ ကခုန် သီးဆို ခြင်း ပျော်မြူးခြင်း ဒါနမျိုးငှင်း။ ဣတ္ထိဒါနံ၊ ရွာသူတို့၏ အကျင့် မသင့်ကာမ ရာဂလွှမ်းမိုး ဝိသဘာဂဒါနမျိုးငှင်း။

ဥသဘဒါနံ၊ နွားများအပေါင်း ယစ်ကြောင်း ဆော်နိုး ဥသဘဒါနမျိုးဝင်း။ စိတ္တကမ္မဒါနံ၊ အာရုံစွဲချစ် ခွဲမဖြစ် အောင် ယစ်အုံအကျိုး ဆန်းကြယ်သော ပန်းချီးဆေးရေး ရုပ်ဒါနမျိုးဝင်း။ ဇာတိဇာမာနိပဉ္စ၊ ဤငါးပါးတို့ပင်တည်း။

## အကျဉ်းဆောင်ပုဒ်

ပွဲလမ်းသဘင်၊ ဆန်းထွင်ပြုလုပ်၊ ပန်းချီရုပ်နှင့်။
မိန်းမနွားလား၊ သေအရက်များ၊ ရှောင်ရှားမလှူအပ်။

ဤသို့အားဖြင့် လှူကောင်းသောဒါန မလှူကောင်းသော ဒါနများကို ခွဲခြမ်းဝေဘန်သိရှိကြကုန်၍မလှူသင့်ကုန်သော အဓမ္မိယ လဒ္ဓပစ္စည်းတို့ကို မလှူမူ၍ လှူသင့် ကုန်သော ဓမ္မိယလဒ္ဓ ပစ္စည်းတို့ကိုသာ လှူကုန်ရာ၏၊ ကောင်းမှုရှင်၌ အမြင်မှန်ရှိ၍ သန့်ရှင်း စင်ကြယ်သော စိတ်စေတနာ ဖြစ်ပေါ်ရပေကုန်သည်။

အကျယ်ဖွင့်ပြပါအံ့။ သန့်ရှင်းစင်ကြယ်သော ရေသည် အပြစ်အနာ ကင်းသော ခိုင်ခိုင်ခန့်ခန့် ရေကန် ရေအိုး ရေသံစည်ကြီးတို့၌သာ အမြဲတည်ရှိနိုင် သကဲ့သို့ အောင် မြင်သော လူချမ်းသာ နတ်ချမ်းသာ မဂ်ဖိုလ်ချမ်းသာမျိုးစေ့ များသည် သဒ္ဓါ သီလ သုတ ဇာဂ ပညာဟူကုန်သော တရားငါးပါး၌ တည်ရှိကြပေကုန်သည်။ အထက်ပါတရား ငါးပါးနှင့် ပြည့်စုံနေသူဖြစ်ပါလျှင် သုံးဆဲ့တဘုံ တွင်း၌ သာယာမက်မောစရာ ချမ်းသာသုခမျိုးစုံကို လိုချင်တယ် ဆိုလျှင် သုံးဆဲ့တဘုံရှိကြကုန်သော ချမ်းသာသုခကို အမှန် ရနိုင်ပေကုန်တယ်၊ သုံးဆဲ့တဘုံမှ လွတ်မြောက်ရာ နိဗ္ဗာန်

ချမ်းသာကို လိုချင်တယ်ဆိုလျှင် သုံးဆဲ့တဘုံ လွတ်မြောက်သော ချမ်းသာသုခကို အမှန်ရနိုင်ပေကုန်တယ်။

ထို့ကြောင့် ရှင်တော်ဘုရား ကိုယ်တိုင် ဟောကြားထားသော စေတနာ သဒ္ဒါရ တရားကြောင့် ပဋ္ဌာနသန္ဓေ အကျိုးအမျိုးမျိုးပေးပုံနှင့် ပဋ္ဌာနသန္ဓေနေမှုကင်းလွတ်ပုံအထိ အကျိုးသက်ရောက်ပုံကို ဟောကြား ထားသော မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ပါဠိတော် သင်္ခါရုပပတ္တိသုတ်ကြီးကို ပြည့်ပြည့်စုံစုံ မြန်မာဘာသာပြန်၍ ဟောကြားရပေဦးတော့အံ့။

## သင်္ခါရုပ ပတ္တိသုတ်တော်ကြီး

ရဟန်းတို့ သိက္ခာ သုံးပါးတို့ကို ဟောကြားရာ ဤသာသနာတော်မြတ်၌ ဘုံဘဝ ချမ်းသာနှင့် ဘုံဘဝမှ လွတ်မြောက်ခြင်းငှာ အလိုရှိကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်–

၁။ အသိဉာဏ်ယှဉ်သော သြကပ္ပနိယသဒ္ဓါနှင့် ပြည့်စုံရတယ်။

၂။ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံရတယ်။

၃။ ဘုရားရှင်စကား၌ ကြားဘူးနားဝများရတယ်။

၄။ ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်းနှင့် ပြည့်စုံရတယ်။

၅။ ကံကံ၏ အကျိုးကို သိရှိနားလည်ရတယ်။

အထက်ပါတရားငါးပါးကို အကျယ်ချဲ့ထွင်၍ နားလည်နိုင်ရ ပေကုန်သည်၊ နားမလည်ပါက နားလည်အောင်ကြိုးစားရမယ်။

## ပေးကမ်းမှုဒါနကြောင့် လူနတ်ချမ်းသာ လောကီသ်ဒ္ဒိပေါက်ပုံဟောကြားခြင်း

အထက်ပါ ငါးပါးသောတရားနှင့် ပြည့်စုံ နေသူဖြစ်ပါက သုံးဆဲ့တဘုံတွင်းဝယ် မိမိသွားလိုသော ဘုံဘဝတို့၌ လိုလား တောင်းတတိုင်း ဖြစ်နိုင်ပေတယ်၊ ဘုံဘဝမှ လွတ်မြောက်မှုကို လိုလျှင်လည်း အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင် လောကုတ္တရာ ကောင်းကျိုးတို့ကို အမှန်မုချ ပို့ဆောင်နိုင်ပေတယ်။

ထို့ကြောင့် ပါဠိတော်၌ အဟောဝတာဟံ ခတ္တိယမဟာသာလာနံ ဗြာဟ္မဏမဟာသာလာနံ ဂဟပတိမဟာသာလာနံ သဟဗျတံ ဥပပဇ္ဇေယျန္တိ ဟူ၍ရှင်း။

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု သဒ္ဓါယ သမန္နာဂတော ဟောတိ၊ သီလေန သုတေန စာဂေန ပညာယ သမန္နာဂတော ဟောတိ၊ တဿ ဧဝံ ဟောတိ အဟောဝတာဟံ အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရေယျန္တိ။ သော အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ အယံ ဘိက္ခဝေ ဘိက္ခု နကတ္ထစိ ဥပပဇ္ဇတီတိ။ ဣမေ မေဝါစ ဘဂဝါ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

သန္တိရပပဋ္ဌိသုဋ္ဌံ နိဋ္ဌိတံ ဒသမံ၊
အနုပဒဝဂ္ဂေါ နိဋ္ဌိတော ဒုတိယော။
ဥပရိပဏ္ဏာသ ပါဠိတော် စာမျက်နှာ-၁၄၆။

ဆုတောင်းပုံပါဠိတော်နည်း

အဟံ၊ ငါသည်။ ကာယဿ၊ ရုပ်နာမ် အစုအဝေး ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးသည်မှ။ ပရံမရဏာ၊ သေပြီး သည်၏နောက်ကာလ၌။ ခတ္တိယမဟာသာလာနံ၊ ဥစ္စာ ပေါများသောမင်းတို့၏။ ဂဟပတိမဟာသာလာနံ၊ ဥစ္စာ ပေါများကုန်သော သူဌေးမျိုးတို့၏။ သဟဗျတံ၊ အပေါင်း အဖော်၏အဖြစ်သို့။ ဥပပဇ္ဇေယျံ၊ ကပ်ရောက်၍ဖြစ်ရပါ မူကား။ အဟော၀တ၊ ကောင်းလေစွ။ ဣတိ၊ ဤသို့သော တောင်းတမျှော်လင့်ခြင်းသည်။ ဟောတိ၊ ဖြစ်ပေါ်လာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ တပါးလည်း။ ဘိက္ခု၊ ကိလေသာ အညစ်အကြေးကို ဖြိုခွဲဖျက်စီး တတ်သော ရဟန်းကောင်း ရဟန်းမြတ်သည်။ သဒ္ဓါယ၊ ဩကပ္ပနိယ သဒ္ဓါနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ သီလေန၊ စတုပါရိသုဒ္ဓိသီလနှင့်။ သမန္နာဂတော၊ ပြည့်စုံ သည်။ ဟောတိ၊ ဖြစ်၏။ သုတေန၊ ဘုရားစကားတော်ကို များစွာကြားနာခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ စာဂေန၊ ပစ္စည်းလေးပါးစွန့်ကြဲခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ပညာယ၊ ကမ္မဿကတာဉာဏ်ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုရဟန်းအား။ အဟံ၊ ငါသည်။

အသာဝါနံ၊ အာသဝေါလေးပါးတို့၏။ ခယာ၊ ကုန်ခန်းခြင်းကြောင့်။ အနာသဝံ၊ အာသဝေါမရှိသော။ စေတောဝိမုတ္တိံ၊ အရဟတ္တဖိုလ်စိတ်နှင့်ယှဉ်သော ရာဂမှလွတ်သောသမာဓိကို။ ပညာဝိမုတ္တိံ၊ အရဟတ္တဖိုလ်ပညာနှင့်ယှဉ်သော အဝိဇ္ဇာမှ လွတ်သောပညာကို။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ကာလ မျက်မှောက်ဘဝ၌ ပင်လျှင်။ သယံ၊ ကိုယ်တိုင်း။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံ၍။ ဝိဟာရေယျံ၊ နေရမူကား။ အဟောဝတာတိ၊ ကောင်းလေစွဟူ၍။ ဇေံ၊ ဤအကြံသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုရဟန်းသည်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။အနာသဝံ၊ အာသဝေါမရှိသော။စေတောဝိမုတ္တိံ၊ အရဟတ္တဖိုလ်စိတ်နှင့်ယှဉ်သောရာဂလွတ်သောသမာဓိကို။ ပညာဝိမုတ္တိံ၊ အရဟတ္တဖိုလ်ပညာနှင့် ယှဉ်သော အဝိဇ္ဇာမှ လွတ်သောပညာကို။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက် ဘဝ၌ပင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံ၍။ ဝိဟာရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံဘိက္ခု၊ ဤရဟန်းသည်။ကတ္တစိ၊ တစုံတခုသောဘဝ၌။ နဥပပဇ္ဇတီတိ၊ မဖြစ်ဟူသော။ ဇေံ၊ ဤစကားကို။ အဝေါစ၊ ဟောတော်မူပြီ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဇုဒံ၊ ဤစေတနာ သင်္ခါရကြောင့် ဖြစ်နိုင်ပုံကို။ အဝေါစ၊ ဟောတော်မူပြီ။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ အတ္တမနာ၊ နှစ်သက်သော စိတ်ရှိကုန်သည် ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။

ဘာသိတံ၊ တရားစကားကို။ အဘိန္ဒနှု၊ အလွန်နှစ်သက်ကုန်ပြီ။

ဘုရားရှင် ဟောကြားတော်မူသော တရားတော်ကြီးများကို ယုံကြည်ခြင်း၊ သဒ္ဓါတရားရှေ့သွား၍ သဒ္ဓါ သီလ သုတ စာဂ ပညာ ပဋ္ဌာနာ ဟူသော တရားများနှင့် ပြည့်စုံပါလျှင် လောကီ လောကုတ္တရာအကျိုး ပြည့်စုံ နိုင်ပေကုန်သည်၊ ပါဠိတော်ကြီး၌ အဟောဝတာဟံ ဥပပဇ္ဇေယျန္တိ ဟူသော စကားဖြင့် ဆုတောင်းရမည်ကို ညွှန်ပြထားသောကြောင့် ဆုတောင်းရှိပုံကို သိရှိ နားလည် ရမည်၊ အဋ္ဌကထာ ဆရာကလည်း ပါဠိတော် သွားကြည့်၍ ပဋ္ဌာနာနှင့်တကွ ငါးပါးသော တရားပြည့်စုံထားရန်ကို ဖွင့်ဆိုပေကုန်သည်။

**ဆောင်ပုဒ်အကျဉ်း**

> သဒ္ဓါ သီလ၊ သုတ စာဂ ပညာ၊ ငါးဖြာယာဉ်ကြီး၊
> တက်ရောက်စီးက၊ ပြည့်ကြီးနိဗ္ဗူ၊ ရောက်ကြောင်း
> ဟူ၏၊ တမူထူးခြား၊ ဘုံဘဝများဝယ်၊ ချမ်းသာ
> ကြွယ်၍၊ ရွယ်တိုင်းတောင်းတ၊ ပန်တိုင်းရသည်၊
> ငါးဝတရားစွမ်းရည်တည်း။

သဒ္ဓါ သီလ သုတ စာဂ ပညာဆိုတဲ့တရားငါးပါးသည် စည်းစိမ်ဥစ္စာ ပေါများရုံမကဘဲ နိဗ္ဗာန်မဂ်ဖိုလ်ကိုလည်း ရနိုင်တဲ့ အကြောင်းတရားများ ဖြစ်ကြောင်းကို ဘုရားရှင် ဟောကြားထားခြင်း ဖြစ်ပေကုန်သည်၊ သုံးဆဲ့တဘုံတွင်း၌ ချမ်းသာဖြစ်နိုင်ပုံကို ဥပမာအားဖြင့် သိစေရသော် သတ္တဝါ တဦးသည် သေပြီးနောက်ကာလ၌ လူ့ပြည် လူ့ရွာ၌

မင်းစိုးရာဇာ ဖြစ်လိုသည် ဆိုပါက ငါသည် လူ့ပြည် လောကဌပင် မင်းစိုးရာဇာဖြစ်ရလျှင် ကောင်းမှာဘဲဟု ဤသို့သောတောင်းတလိုလားခြင်းဖြစ်၏။ တောင်းတသော စိတ်ကို ထားတယ်၊ မိမိဖြစ်လိုသောဘဝသို့ ညွတ်ကိုင်း၍ စိတ်ဆောက်တည်တယ် စိတ်ကိုဖြစ်စေတယ် စိတ်ကိုပွား များတယ်၊ ဤသို့ပွားများကုန်သော ဆုတောင်းနှင့်တကွ သဒ္ဓါစသောတရားငါးပါး သင်္ခါရတို့သည်ဝင်း၊ ဘဝသစ် ဘဝထူးကို ရွက်ဆောင်နိုင်ကုန်သော ငါးပါးသောတရား တို့သည် မိမိသွားလိုဖြစ်လိုကုန်သော ဘုံဘဝဌာနများ၌ ပဋိသန္ဓေနေခြင်းငှာ ဖြစ်ပေကုန်၏။

ရဟန်းတို့ ဆုတောင်းနှင့်တကွ ဖြစ်ကုန်သော ဤလမ်းစဉ် ငါးပါး အကျင့်တရားတို့သည် မိမိသွားလိုရာ ဘုံဘဝ၌ ရောက်ကြောင်း လမ်းစဉ်ပင် ဖြစ်ပေ၏၊ ဘဝချမ်းသာကို ရှာမှီးတတ်သော တရားငါးပါးမျိုးဖြစ်၏။

### ပေးကမ်းလှူဒါန်းမှုဒါနကြောင့်

### မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာသိဒ္ဓိပေါက်နိုင်ပုံ

အကယ်၍ တစုံတခုသောဘုံဘဝသို့ မဖြစ်လို မရောက် လိုသည်ဖြစ်အံ့ ရဟန်းတို့ ဘဝမှထွက်မြောက် လိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် ပဏ္ဍနာနှင့် တကွသော သဒ္ဓါ သီလ သုတ စာဂ ပညာ ငါးဖြာသော တရား၌ တည်ပြီးလျှင် ငါသည် အာသဝေါတရားကုန် ခြင်းကြောင့် အာသဝမရှိသော အရဟတ္တ ဖိုလ်စိတ်နှင့် ယှဉ်၍ ရာဂမှလွတ်သောသမာဓိ အရဟတ္တဖိုလ်ပညာနှင့် ယှဉ်၍အဝိဇ္ဇာမှ လွတ်သောပညာကို မျက်မှောက်ဘဝ၌ပင်

ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြု၍ နေရပါလျှင် ကောင်းမှာဘဲဟု ဤသို့သော တောင်းတညွတ်ကိုင်းသော စိတ်ဖြစ်၏၊ တောင်းတသည့်အတိုင်းပင် တစုံတခုသော ဘုံဘဝ၌ မဖြစ်နိုင်ဟူသော ဤစကားကို ဥပရိပဏ္ဏာသ ပါဠိတော်၌ ရှင်တော်ဘုရား ကိုယ်တော်တိုင်အားဖြင့် ဟောကြားတော်မူပြီ။

သင်္ခါရုပပတ္တိသုတ်မြန်မာပြန်ပြီးဆုံးပြီ။

ဤသို့အားဖြင့် ငါးပါးကုန်သော တရားတို့နှင့် ပြည့်စုံနေသော အမျိုးကောင်းသား အမျိုးကောင်း သမီးဖြစ်ပါလျှင် သုံးဆဲ့တဘုံမှ လွတ်ခြင်းငှာ အလိုရှိတယ်ဆိုလျှင်လည်း သုံးဆဲ့တဘုံမှ လွတ်မြောက်နိုင်ပါတယ်။

အပါယ်လေးဘုံမှ လွတ်မြောက် လိုတယ်ဆိုလျှင်လည်း အပါယ်လေးဘုံမှ လွတ်မြောက်အောင်ဆုတောင်းနှင့်တကွ ငါးပါးကုန်သောတရား ပြည့်စုံထားရ ပေတယ်၊ သုံးဆဲ့ဘဘုံကျင်လည်တဲ့ အခါမှာ သုံးဆဲ့တဘုံတွင်း၌ နှစ်သက်မြတ်နိုးစရာအာရုံ အဖုံဖုံကိုမိမိ၏စိတ်ဆန္ဒအတိုင်း ပြည့်စုံရန်ဆုတောင်းနှင့်တကွ ငါးပါးသောတရား ပြည့်စုံထားရပေတယ်။ ။ဆုတောင်းနှင့်တကွသော သဒ္ဓါ သီလ သုတ စာဂ ပညာ ဤငါးဖြာကုန်သော တရားမြတ်တို့သည် ရည်ရွယ်တောင်းတတိုင်း ပြည့်စုံနိုင်မှုကြောင့် ဇမ္ဗူသယ လိုတိုင်းရနိုင်သော မနောမယပတ္တမြားရတနာကြီးနှင့်တူပါပေကုန်သည်။ သို့ဖြစ်၍ အထက်ပါတရားငါးပါး ပြည့်စုံသူဖြစ်ရန် အထူးပင်ကြိုးစား အားထုတ်နိုင်သူ ဖြစ်ကြစေကုန်သတည်း။

# နိဂမကထာ

ဧတ္တာဝတာစ သကရာဇေ ကောဓိကေ တိသတ သဟဿေ သမ္ပတ္တေ မာဃမာသဿ ဇုဏှပက္ခဒိဝသေ (ဧတ္ထ သမ္မာကတာတိပဒေသမ္ဗန္ဓောကာတဗ္ဗော)ရေစကြို နဂရေ သလ္လဝတီနဒိယံဝါ ဥပတိဋ္ဌေ (သမိပတ္တေစေတံ ဘုမ္မဝစနံ ဂင်္ဂါယံ ဃောသောတိဋ္ဌတိ တျာဒီသုဝိယ) ရေစကြိုနဂရဿစေဝ သလ္လာဝတိယာနာမ နဒိယာစ သမီပေ ဘူမိဘာဂေ တိဋ္ဌမာနေ ကြောမကြားဂါမေတိ ဝုတ္တံ ဟောတိ၊ တသ္မိံဂါမေ ဇာတေန ပဝတ္တိယံ ပန နာနာကုလ သမာကိဏ္ဏေ မနောရမ္မေ ရန်ကုန်နဂရေ ဂမနာဂမနသမ္ပန္နေ ပုညဝန္တာနံ နိဝါသဘူတေ မဟာ ဘောဂမနုဿေဟိ အာကိဏ္ဏေ ရတနတ္တယမာမကာနံ နိဝါသဘူတေ ဌာနေ ပရိယတ္တိ သာသန ဥဇ္ဇလိတေ ကျားကူးဝိဟာရေ ဝိသေသတော ဓမ္မယောဂီနံ ဓမ္မေသနေ ကျားကူးမဟာ ဓမ္မဝိမာနေ ဝသန္တေန အာယသ္မတာ စက္ကိန္ဒာစရိယေန အယံ သမထဝိပဿနာယုဂနဒ္ဓကထာ သမန္တပါသာဒိကေန သမ္မာကတာ။ တတ္ထ ပန သီဃတရမေဝ မဂ္ဂဖလသံဝတ္တနိကံ သမထယာနိက ဝိပဿနာယာနိကသုဒ္ဓနယေဟိ သီဃံ နိဗ္ဗာနသမ္ပာပကံ သာဓဝေါ ဉာဏစက္ခုနာ ဇာနေယျုံ ပဋိပဇ္ဇေယျုံ အမတရသံ အနုဘဝေယျုန္တိ။

ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ် အားဖြင့် မြန်မာ သကရာဇ် ၁၃၀၁-ခုနှစ်တပို့တွဲလဆန်းရက်မှာ သာသနာ ပြုနာမည်ကျော် ဆရာတော်ဘုရားကြီးများ ဖြစ်ထွန်း ပေါ်ပေါက်ခဲ့ဘူးရာ ရေစကြိုမြို့၏၎င်း၊ သလ္လာဝတီ အမည်ရှိသော ချင်းတွင်း မြစ်ကြီး၏၎င်း မဝေးကွာလွန်းသော မြေအရပ်၌တည်သော ကြောမကြား အမည်ရှိသောရွာ၌ ပေါက်ဖွား၍ လာသော ပဝတ္တိ အချိန်အခါမှာ ဆိုရင် လူမျိုးစုံ နေထိုင်ရာဖြစ်သော ပျော်ပွဲရွှင်ပွဲကို လိုက်စားလိုသူတို့အတွက် ပျော်ပွဲ ရွှင်ပွဲပေါင်း မျိုးစုံ တို့နှင့် ၎င်း၊ ဝိပဿနာ ဘာဝနာ တရားကို ပွားများလိုသူတို့ အတွက် ဝိပဿနာ ရိပ်သာ မျိုးစုံ တို့နှင့်၎င်း ပျော်မွေ့ဘွယ်ရာ ကောင်းသော သွားသူလာသူတို့နှင့် ပြည့်စုံသော ရန်ကုန်မြို့ကြီး၌ ဘုန်းကံရှိသူတို့၏ နေရာဖြစ်သော စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာ သူတို့ဖြင့် ပြွမ်းသော ရတနာသုံးပါးကို လေးစား ယုံကြည်သူတို့၏ နေရာဖြစ်သော ပရိယတ္တိ သာသနာ ထွန်းလင်း တောက်ပရာဖြစ်သော ကျားကူး ကျောင်းတိုက်၌ အထူးအားဖြင့် ဝိပဿနာအလုပ်စခန်းသို့ ဝင်ရောက်ကြသော ဓမ္မယောဂီသူတော်စင်တို့၏ တရားရှာမှီးရာဖြစ်သော ကျားကူး ဓမ္မဗိမာန်ကြီး၌ လေးပါး ဣရိယာမျှတကာဖြင့်သီတင်းသုံးနေထိုင်ပေသောအရှင်စက္ကိန္ဒ အမည်ရှိသော ဆရာတော်သည် သမထဝိပဿနာနှစ်ဖြာ အစုံ ယှက်ရုံပြုရာဖြစ်သောသမထဝိပဿနာ ယုဂနဒ္ဓကထာ ဟူသော ဤကျားကူး ဓမ္မဒေသနာကို ကောင်းစွာ ပြုစုအပ်ပေသည်။

မဂ်ကိုဒင်း ဖိုလ်ကိုဒင်း လျင်မြန်စွာဖြစ်စေခြင်းငှာ စွမ်းနိုင်သော သမထယာနိကနည်း ဝိပဿနာယာနိကနည်း သုဒ္ဓနည်းတို့ဖြင့် လျင်မြန်စွာ နိဗ္ဗာန်သို့ရောက်စေတတ်သော ထိုပဋိပတ္တိရတနာ ကျားကူးစမ္မဒေသနာကို သူတော်စင်တို့သည် ဉာဏ်မျက်စိဖြင့် ရှုစားတော်မူပါကုန်၊ ကျင့်ကြံတော်မူပါကုန်၊ အမြိုက်အရသာကို ခံစားတော်မူပါကုန်၊ ဤသည်ကား ဤကျမ်း၏နိဂုံးစကားရပ်ပေတည်း။

# ပဋိပတ္တိရတနာကျမ်းစာပြီးမြောက်ရေးအတွက်

## အကျိုးတော်ဆောင်ပုဂ္ဂိုလ်များ

| | | |
|---|---|---|
| ၁။ | ဦးပဏ္ဍဝ | ကြောမကြားရွာ ရေစကြိုပခုက္ကူ။ |
| ၂။ | ဦးမေဓိယ | အောင်တိုးရွာ ကျုံးမငေးမြို့။ |
| ၃။ | ဦးသာသန | ကျားကူးတိုက်သီရိမင်္ဂလာကျောင်း။ |
| ၄။ | ဦးဇနိတ | ။ ။ ။ |
| ၅။ | ဦးဥတ္တမာစာရ | ။ ။ ။ |
| ၆။ | ရှင်တေဇိန္ဒ | ကျားကူးတိုက်ဓမ္မာရုံကျောင်း။ |
| ၇။ | ရှင်အရိယ | ကျားကူးတိုက် ကျားကူးဓမ္မဗိမာန်။ |
| ၈။ | ရှင်ရေဝတ | ။ ။ ။ |
| ၉။ | ဦးထွန်းရွှေ | သိမ်ကြီးဈေးဘီရုံ။ |
| ၁၀။ | ဦးကြင်ပိုင် | သိမ်ကြီးဈေးဒီရုံ။ |
| ၁၁။ | ဦးလှအောင် | တောင်ဥက္ကလာပ ၇-ရပ်ကွက်။ |
| ၁၂။ | ဦးထွန်းကျော် | ရွှေတိဂုံဘုရားလမ်း။ |
| ၁၃။ | ဦးတင်လှိုင် | ကုန်သွယ်ရေးရုံး ဒဂုံဒေသစိတ်။ |
| ၁၄။ | မောင်ကျော်ညွန့် (ကျောင်းသား) | ကျားကူးတိုက်ဓမ္မဗိမာန်။ |
| ၁၅။ | မောင်တင်ငွေ | (စီးပွားရေးတက္ကသိုလ်)။ |
| ၁၆။ | ဦးချစ်ဖုံး | ရေစကြို ကြောမကြား။ |
| ၁၇။ | ဦးမောင်မောင် | ကုန်သွယ်ရေးရုံး ဒဂုံဒေသစိတ်။ |
| ၁၈။ | ဦးထွန်းစိန် | လှိုက်လမ်း ရန်ကုန်။ |

# စမ္ပဒါနကုသိုလ်ရှင်များ

| အလှူရှင်အမည် | နေရပ် | စာအုပ်ရေ |
|---|---|---|
| ဆရာတော်ဦးဝိမလညာဏ | ညောင်သုံးခွကျောင်း ပေါ်မြို့နယ် | ၂၆ |
| ဆရာတော်ဦးရေဝတ | အိမ်တော်ရာကျောင်း ရန်ကုန် | ၂၁ |
| ဆရာတော်ဦးမာလာ | ဇေယျဝတီမှန်ကျောင်း ကျုံမငေးမြို့ | ၁၀ |
| ဦးမေဓိယ | အောင်တိုးကျောင်း ကျုံမငေးမြို့ | ၆ |
| ဦးသူရိယ | ״ ״ ״ | ၅ |
| ဒေါ်သိန်း | ၂၉၇–ရွှေတိဂုံဘုရားလမ်းရန်ကုန် | ၂၃၈ |
| ဦးလှပို–ဒေါ်သန်းသန်း | ဗိုလ်ချုပ်ဈေးရန်ကုန် | ၁၀ |
| ဒေါ်ကြင် | ခလုပ်ရွာ တွံတေးမြို့ | ၁၀ |
| ဒေါ်ခင်နု | ״ ״ | ၂ |
| ဦးမောင်လှ–ဒေါ်သိန်းရွှေ | သုံးဆယ်မြို့ | ၁၀ |
| ဒေါ်ကြင်လွှမ်းဒေါ်ရင်မေ | ״ ״ | ၁၀ |
| ဒေါ်စိန်လှ | တွံတေးမြို့ | ၁ |
| ဦးထွန်းဝ | ״ ״ | ၁ |
| ဒေါ်သင်း | ״ ״ | ၁ |
| ဒေါ်ခင်ခင် | ၃၀၇၊ရွှေတိဂုံဘုရားလမ်းရန်ကုန် | ၁၄ |
| ဒေါ်ပု | ״ ״ ״ ״ | ၉ |
| ဒေါ်မေသီ၊ဒေါ်သိန်းမိ | ၁၁၅၊ ဆင်းဒဝစ်လမ်း ရန်ကုန် | ၅ |

| အလှူရှင်အမည် | နေရပ် | စာအုပ်ရေ |
|---|---|---|
| ဦးသန်းအောင်-ဒေါ်ညွန့်ညွန့် | ၆၇၊ ဆင်းဒဝစ်လမ်း ရန်ကုန် | ၁၀ |
| ဦးကျင်ပိုင်-ဒေါ်ကျင်မေ | ၂၅၊လန်ကစ္စတာလမ်း ရန်ကုန် | ၄၇ |
| ဦးလှအောင်-ဒေါ်သန်းရွှေ | ၅၆၆၊ ရှင်သိခလမ်း ၇-ရပ်ကွက်တောင်ဥက္ကလာပ | ၄၇ |
| ကိုဘသစ် | ကြော့မကြားရွာ ရေစကြိုမြို့ | ၉၄ |
| ကိုလာဘ | ။ ။ | ၂၃ |
| ဒေါ်အေးခိုင် | ။ ။ | ၂၃ |
| ကိုအောင်ခင် | ။ ။ | ၄ |
| ကိုတင်ဆွေ | ။ ။ | ၄ |
| ဦးလှအေး | ။ ။ | ၄ |
| ဦးချစ်ဖုန်း | ။ ။ | ၄ |
| ဦးညို | ။ ။ | ၂ |
| ဦးဘရှမ်း | ။ ။ | ၂ |
| ဦးဘပိုင် | ။ ။ | ၂ |
| ဦးဂျင်ခွေး | ။ ။ | ၂ |
| ဦးဘအေး | ။ ။ | ၂ |
| ဦးအောင်ခိုင် | ။ ။ | ၂ |
| ဦးကျော်ညွန့် | ။ ။ | ၂ |
| ဦးမြင့်စိန် | ။ ။ | ၂ |

| အလှူရှင်အမည် | နေရပ် | | စာအုပ်ရေ |
|---|---|---|---|
| ဦးဖိုးမယ် | ကြော့မကြားရွာ | ရေစကြိုမြို့ | ၂ |
| ဒေါ်အေးစံ | ״ | ״ | ၂ |
| ဒေါ်သိန်းလှ | ״ | ״ | ၂ |
| ကိုစိန်မောင် | ״ | ״ | ၁ |
| ကိုအောင်ရင် | ״ | ״ | ၁ |
| ကိုဗိုထင် | ״ | ״ | ၁ |
| ကိုဘသောင်း | ״ | ״ | ၁ |
| ကိုလှမြိုင် | ״ | ״ | ၁ |
| ဒေါ်အေးမြိုင် | ״ | ״ | ၁ |
| ဒေါ်လှမယ် | ״ | ״ | ၁ |
| ဦးသန်းဆိုင် | ကြော့မကြားရွာ | ရေစကြိုမြို့ | ၁ |
| ဦးလှမောင် | ״ | ״ | ၁ |
| ״ အုံးဖေ | ״ | ״ | ၁ |
| ״ ဘကြိုင် | ״ | ״ | ၁ |
| ״ မောင် | ״ | ״ | ၉ |
| ״ လူသွင် | ״ | ״ | ၁ |
| ဒေါ်လှညွန့် | ״ | ״ | ၁ |
| ဦးဘမင်း | ״ | ״ | ၂ |
| ဦးဘညိမ် | ״ | ״ | ၂ |
| ဒေါ်တင်ကြည် ၂၉၃–ဘုရားလမ်း ရန်ကုန် | | | ၂ |
| ဦးလှဖေ–ဒေါ်ရင်လှ ဂ၉ (အေ) ဆင်းဒဝစ် ရန်ကုန် | | | ၁ |
| ״ တင် ၅၂ ״ ״ ״ | | | ၁ |

| | |
|---|---|
| ဦးတင်မောင်-ဒေါ်သိန်းသိန်း ၅၀၊ ။ ။ | ၂ |
| ။ အုန်း-ဒေါ်စန်း ၂၆၊ လန်ကစ္စတာလမ်း ရန်ကုန် | ၂ |
| ။ ကျော်-ဒေါ်မြစိန် ၂၄၊ ယောက်လမ်း | ၁၂ |
| ။ သိန်းမောင် အခန်းနံပါတ် ၂၅-ခြံအမှတ် ၁၉၊ ယောက်လမ်း ရန်ကုန် | ၁ |
| ။ ချစ်-ဒေါ်ခင်ခင် ၃၄၊ ။ ။ ။ | ၃ |
| ဦးကြာပွင့် အမှတ် ၂၂၂၊ ၂၉-ရန်ကုန် | ၂၃ |
| ဦးဇင်ရင်-ဒေါ်ညွန့်ခင် ၃၉-ဆင်းဒဝစ်ရန်ကုန် | ၅ |
| ဦးဘရင်-ဒေါ်မမလေး ။ ။ ။ | ၃ |
| ဒေါ်တင့် တိုက်နံပါတ် ၂၉၆၊ ဘုရားလမ်းရန်ကုန် | ၁ |
| ဒေါ်ကျင်ယုံ ၆၁(ခ) ဆင်းဒဝစ်လမ်းရန်ကုန် | ၂၃ |
| ဦးဘရှိန်း-ဒေါ်ရီ တောင်ဥက္ကလာပရန်ကုန် | ၁ |
| ဒေါ်အေးကျင်မိသားစု တိုက်နံပါတ် ၂၉၆၊ ဘုရားလမ်းရန်ကုန် | ၁ |
| မတင်မြ-မသန်းသန်း ဆိုင်အမှတ် ၄၆၊ ဒီရုံသိမ်ကြီးဈေးရန်ကုန် | ၅ |
| ဦးမြင့်လွင်-ဒေါ်သန်းမြင့် ၈၁၊ ဆင်းဒဝစ်လမ်းရန်ကုန် | ၁ |
| ဦးကံဆင့်-ဒေါ်ဝင်းမြင့် ဆင်းဒဝစ်လမ်းရန်ကုန် | ၁၄ |
| ဦးရွှေကျေးဆေးတိုက် ဘုန်းကြီးလမ်းရန်ကုန် | ၄၇ |
| မောင်အောင်ကျော်ဦး-မယဉ်ယဉ်မြင့် ရန်ကုန် | ၂ |
| ကျားကူးမဏ္ဍာရုံကော်မီတီအဖွဲ့ ယောက်လမ်းရန်ကုန် | ၁၉ |
| ဒဂုံဒေသစိတ်အရာထမ်းအမှုထမ်းများ ရန်ကုန် | ၂၀၀ |

| အလှူရှင်အမည် | နေရပ် | | | စာအုပ်ရေ |
|---|---|---|---|---|
| ဦးဝင်းထိန်နှင့်ဇနီး | ဘိုတထောင်ရန်ကုန် | | | ၁ |
| ” မင်းသွင်နှင့်ဇနီး | ” | ” | | ၁ |
| ဦးတင်အောင်မြင့်-ဒေါ်ရီရီ | ၂၅၊ လှိုင်ကလမ်း ရန်ကုန် | | | ၅ |
| ” ဘိုးအောင်မြင့်နှင့်ဇနီး | ” | ” | ” | ၅ |
| ” သိန်းဖေနှင့်ဇနီး | ၁၄ | ” | ” | ၁ |
| ဒေါ်သန်း | ၁၀ | ” | ” | ၁ |
| ဦးတင်အေးနှင့်ဇနီး | ၁၄ | ” | ” | ၁ |
| ” တင်မြိုင်နှင့်ဇနီး | ၂ | ” | ” | ၁ |
| ” မောင်မောင်နှင့်ဇနီး | | ” | ” | ၁ |
| ” ကျော်သန်းနှင့်ဇနီး | | ” | ” | ၁ |
| ” သက်ထွန်းနှင့်ဇနီး | | ” | ” | ၁ |
| ” စန်းမောင်နှင့်ဇနီး | | ” | ” | ၂ |
| ” သောင်းစိန်-ဒေါ်ကြည် | ဆင်းဒဝစ်လမ်းရန်ကုန် | | | ၁၀ |
| ဒေါ်ခင်ညွန့်နှင့်သားသမီး | သိမ်ကြီးဈေးဘီရုံ | | ၂၃၀ | ၅ |
| ဦးထွန်းအေးနှင့်ဇနီး | ” | ” | ၂၃၁ | ၅ |
| ” ထွန်း ဦးလှမြင့်မိသားစု | ” | ” | ၂၂၀ | ၅ |
| ” သိန်းဖေနှင့်ဇနီး | ” | ” | ၂၂၁ | ၅ |
| ” မြသောင်းနှင့်ဇနီး | ” | ” | ၂၅၀ | ၅ |
| ” ဝင်းရှိန်နှင့်မိသားစု | ” | ” | ၂၄၉ | ၅ |
| ” တင်မောင်နှင့်ညီမများ | ” | ” | ၂၅၁ | ၅ |
| ဒေါ်သန်းရီဒေါ်သန်းနုညီမများ | | ” | ၂၅၄ | ၅ |
| ဦးတင်လတ်နှင့်ဇနီးမိသားစု | ” | ” | ၁၂၀ | ၅ |

| အလှူရှင်အမည် | နေရပ် | | | စာအုပ်ရေ |
|---|---|---|---|---|
| ဒေါ်လှလှနှင့်ညီမများ | သိမ်ကြီးဈေးဘိရုံ | | ၁၁၀ | ၅ |
| ဒေါ်သန်းညွန့်မောင်ညီမများ | ။ | ။ | ၁၁၅ | ၅ |
| ဒေါ်ခင်ခင်မောင်နှမညီမတစု | ။ | ။ | ၅၆ | ၅ |
| ဒေါ်ရင်ရွှေမောင်နှမညီမများ | ။ | ။ | ၆၀ | ၅ |
| ဦးလွင်နှင့်ဇနီးမိသားစု | ။ | ။ | ၅၈ | ၁၀ |
| ။ ညွန့်တင်နှင့်ဇနီး | ။ | ။ | ၇၅ | ၅ |
| ။ သာရှင်နှင့်ဇနီး | ။ | ။ | ၇၄ | ၅ |
| ။ ကျော်ညွန့်နှင့်ဇနီး | ။ | ။ | ၇၆ | ၅ |
| ။ ထွေးမောင်နှင့်ဇနီး | ။ | ။ | ၈၈ | ၁၀ |
| ဒေါ်ရင်မေမောင်နှမညီမတစု | ။ | ။ | ၈၇ | ၅ |
| ဦးရွှေအန်နှင့်ဇနီးမိသားစု | ။ | ။ | ၆၄ | ၅ |
| ဒေါ်ရင်ရင် | ယောက်လမ်းရန်ကုန် | | | ၂၃ |
| ဦးမြဟန်နှင့်ဇနီး | တိုက်နံပါတ် ၂၃၊ ဦးဝိစာရလမ်း | | | ၂၃ |
| ဦးမောင်မောင်ကြည် | တိုက်နံပါတ် ၂၂-အောင်ဇေယျ-ရန်ကုန် | | | ၁ |
| ။ အေး-ဒေါ်မြညွန့် | ၃၅၃-အ, ထ, က, ၂-ဒဂုံ ရန်ကုန် | | | ၅ |
| ။ မြင့်ကိုနှင့် ဇနီး | ၈၃-ဆင်းဒဝစ်လမ်း | ။ | ။ | ၁၀ |
| ။ မောင်မောင်-ဒေါ်ဒေါ်သန်း | ၆၈- | ။ | ။ | ၅ |
| ။ ထွန်းကျင်-ဒေါ်တင်လှ | ၂၉၂-ဘုရားလမ်း | ။ | ။ | ၁၀ |
| ။ အောင်လှ-ဒေါ်စိန်ခင် | ကညွှတ်ကွင်းမြို့ | | | ၅ |
| ဒေါ်အေးတင် | အင်းယားမြို့ | | | ၄ |

| အလှူရှင်အမည် | နေရပ် | စာအုပ် |
|---|---|---|
| ဦးကျော်စိန် | အင်ယားမြို့ | ၂ |
| အတာ | ။ ။ | ၂ |
| ဦးသိန်း မိသားစု | ၂၆–လန်ကစ္စတာလမ်း ရန်ကုန် | ၂ |
| ။ မောင်ညို–မတင်တင်၊ သား–မောင်ရဲလွင် | သုံးဆယ်မြို့ | ၁၀ |
| ။ တင်အေး–ဒေါ်လှခင် | ၂၉၉–ဘုရားလမ်း ရန်ကုန် | ၂၃ |
| ။ ထွန်းကျော်–ဒေါ်တင်မြ | ၂၉၆ ။ ။ | ၂၃ |
| ဗိုလ်မှူးသန်းတင်–ဒေါ်သန်းကြည် | ၄၇–ဆင်းဒဝစ်လမ်း | ၄၇ |
| ဦးသီဟနှင့် ဇနီး မိသားစု | အောင်ချမ်းသာရပ် ကျုံမငေး | ၅ |
| ကွယ်လွန်သူ ဦးအောင်သိန်း–ဒေါ်သိန်း | ပုလဲငွေရောင်ရပ် ။ ။ | ၅ |
| ကွယ်လွန်သူ ဒေါ်ထွေးအမှူးထား၍ သားသမီးများ | အောင်ချမ်းသာရပ် ။ ။ | ၅ |
| ဦးဘနှင့် ဇနီး မိသားစု | ။ ။ | ၅ |
| မောင်ဝင်းရှိန်နှင့် ဇနီး–မိသားစု | မြို့မလမ်း ။ ။ | ၅ |
| ဦးထွန်းငွေ–ဒေါ်ကြည်ကြည် မိသားစု | ပုလဲငွေရောင်ရပ် ။ ။ | ၅ |
| ဦးသန်းမောင်–ဒေါ်သန်းတင် | အောင်ချမ်းသာရပ် | ၁ |
| ဦးဘိုးဖေ–ဒေါ်သန်းညွန့် | ။ | ၁ |
| မလှမြင့်နှင့် သား–မောင်နေဝင်း | ဈေးအတွင်း | ၁ |

| အလှူရှင်အမည် | နေရ | စာအုပ် |
|---|---|---|
| ဦးထွန်းစိန်–ဒေါ်မြနှစ် | ဈေးအတွင်း | ၁ |
| ,, အောင်ဇင်နှင့် ဇနီး–မိသားစု ဆင်းဒဝစ်လမ်း | ရန်ကုန် | ၂၅ |
| ,, ဆင်နှင့် ဇနီး–မိသားစု ၁၀၅–ရွှေဘုံသာလမ်း | ,, ,, | ၂၆ |
| ,, သန်းဝင်းနှင့် ဇနီး–မိသားစု | ,, ,, | ၂၀ |
| ဒေါ်ခင်ယုံနှင့် မိသားစု | ,, ,, | ၅ |
| ဒေါ်အေးတင်နှင့် မိသားစု | ,, ,, | ၁၀ |
| ဒေါ်ညွန့်ညွန့်နှင့် မိသားစု ၂၉–လမ်း | ရန်ကုန် | ၁၀ |
| ဦးထွန်းသိန်း–ဇနီးနှင့် မိသားစု ၉၀–လမ်း ကန်တော်ကလေး | ,, ,, | ၅ |
| ,, မောင်မောင်အေးနှင့် ဇနီး လှိုက်လမ်း | | ၅ |
| ,, ကိုကိုကြီးနှင့် ဇနီး အောင်ဇေယျတိုက်တန်း | သာကေတ | ၅ |
| ,, သိန်းမောင် သာကေတ (၆)ရပ်ကွက် | | ၅ |
| ,, မောင်မောင်နှင့် ဇနီး အမှတ် ၅၃၊ ၅၃–လမ်း | ရန်ကုန် | ၅ |
| ,, စံရင်နှင့် ဇနီး သိပ္ပံလမ်း အလုံ | | ၁၀ |
| ,, အောင်သန်းနှင့် ဇနီး ရွှေတိဂုံဘုရားလမ်း | ရန်ကုန် | ၅ |
| ,, တင်မြင့်နှင့် ဇနီး နု–မုန့်တိုက် ဦးဝိစာရလမ်း | | ၅ |
| ,, သာဟန်နှင့် ဇနီး | တောင်ဥက္ကလာပမြို့ | ၁၀ |
| ,, စိန်ကြီး သား–ဦးမောင်တိုး | ,, ,, | ၁၀ |
| ,, ဘစိန်နှင့် ဇနီး | ,, ,, | ၁၀ |

| အလှူရှင်အမည် | နေရပ် | စာအုပ်ရေ |
|---|---|---|
| ။ ကျော်သိန်းနှင့် ဇနီး | တောင်ဥက္ကလာပမြို့ | ၁၀ |
| ။ အုန်းစိန်နှင့် ဇနီး | ။ ။ | ၁၀ |
| ။ ထွန်းရွှေနှင့် ဇနီး-မိသားစု | သိမ်ကြီးဈေးဘိရုံ(၂၄၂) | ၉၄ |
| ။ တင်မောင်နှင့် ဇနီး | ။ ။ ၂၃၄ | ၅ |
| ။ ခင်ညွန့်နှင့် ဇနီး | ။ ။ ၂၄၁ | ၅ |
| ။ ထိုင်စိန်နှင့် ဇနီး | ။ ။ ၂၄၅ | ၅ |
| ။ ထွန်းနှင့် ဇနီး | ။ ။ ၂၄၀ | ၅ |
| ။ တင်ကြူနှင့် ဇနီး | ။ ။ ၂၃၉ | ၅ |
| ။ အုံးဖေနှင့် ဇနီး | ။ ။ ၂၃၇ | ၅ |
| ။ မြစိုးနှင့် ဇနီး | ။ ။ ၂၃၅ | ၅ |
| ။ သိန်းနှင့် ဇနီး | ။ ။ ၂၃၆ | ၂ |
| ဦးသုနန္ဒ ဆင်ပေါင်ဝဲ အလယ်ရွာကျောင်း | | ၂ |

# ကျွန်းကူးဆရာတော် ရေးသားသော

## ကျမ်းစာများ

---

| ပရိယတ္တိဆိုင်ရာ | ပဋိပတ္တိဆိုင်ရာ |
|---|---|
| ၁။ သံဝဏ္ဏနတ္ထရတနာ | ၁။ ယောဂီရတနာ |
| ၂။ ဝါကျတ္ထရတနာ | ၂။ ပဋိပတ္တိရတနာ |
| ၃။ ဓမ္မရတနာ | ၃။ အရိယဝိဇ္ဇာရတနာ |
| | ၄။ အာနာပါနရတနာ |

အထက်ပါ ရတနာကျမ်းစာများသည် သာသနာ သုံးရပ်နှင့်သက်ဆိုင်၍ လူရှင်ရဟန်း ဘတ်ယူ လိုက်နာကျင့်ကြံအားထုတ် သင့်ပေသည်၊ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ဟူသော မဟာသမုဒ္ဒရာကြီးကို အသိတရားဖြင့်ကူးခတ် သွားလာလိုပါက ပုဒ်အနက် သိမှုဖြင့် ကြည့်ရှုလှေလှော်ပြောနေပါကသမုဒ္ဒရာတွင်းဝယ် ယုန်သူငယ်ခြေဆင်းရုံမျှသာ ဖြစ်ပေလိမ့်မည်၊ မှန်ကန်သော အနက်အဓိပ္ပါယ် သဘာဝ တရားများ မပေါ်ဘဲ အယူအဆချွတ်ချော်တိမ်းပါး၍ မဂ်ဖိုလ်အထိ အကျင့်ပျက်ပြားနိုင်သောကြောင့် အယူအဆမှန်ရန် သံဝဏ္ဏနာ ဝါကျတို့ကိုတတ်သိအောင် သင်ကြားမှတ်ယူပြီး၍ ကျင့်ကြံထိုးထွင်းသိဆိုင်ရာ ပဋိပတ္တိကျမ်းစာများကို ဆက်လက် ရှုစားစေရန်တိုက်တွန်းအပ်ပါသည်။

အထူးအားဖြင့် ယောဂီရတနာသည် သာသနာ သုံးရပ်နှင့် သက်ဆိုင်အောင် ရေးသားထားသော ကျမ်းစာဖြစ်ပါကြောင်း။